http://www.dhammadownload.com

၄၂၀၀

သကျသီဟနှင့်စအဓမ္မာစရိယ
ဦးကောဝိဒါဘိဝံသ၏

# မစိုးရိမ်

# သီလက္ခန်အဖြေ

“မူပိုင်”
COPYRIGHT ALL RIGHTS RESERVED

ဓမ္မဒါန

ပဌမအကြိမ် ၁၃၆၂၊ သာသနာ-၂၅၄၄၊ ၂၀၀၀

ဦးကောဝိဒါဘိဝံသ
၏
မစိုးရိမ်
သီလက္ခန်
အဖြေ

http://www.dhammadownload.com

သကျသီဟနှင့်စအအဓမ္မာစရိယ
ဦးကောဝိဒါဘိဝံသ၏

## မစိုး-ရိမ်

# သီလက္ခန်အဖွင့်

"မူပိုင်"
COPYRIGHT ALL RIGHTS RESERVED

ဓမ္မဒါန

ပဌမအကြိမ်
၁၃၆၂၊ သာသနာ-၂၅၄၄၊ ၂၀၀၀

http://www.dhammadownload.com



မစိုးရိမ်

# သီလက္ခန်အဖြေ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

မန္တလေးမြို့
မစိုးရိမ်ကျောင်းတိုက်
ပိဋကနယူပဒေသကျောင်းနာယက
သာကျသီဟ, စေတိယင်္ဂဏနှင့်အစိုးရဂုဏ်ထူးဆောင်ဓမ္မာစရိယ
တိပိဋက-ပါဠိ မြန်မာ အဘိဓာန်ကျမ်းပြု
ဦး ကေ ာ ဝိ ဒ ါ ဘိ ဝံ သ
ရေးသားအပ်သော

# မစိုးရိမ်
# သီလက္ခန်အဖြေ

"အဂ္ဂမဟာပဏ္ဍိတ" စိဝတီဆရာတော်
တည်းဖြတ် ပြင်ဆင်သည်

"မူပိုင်"

COPYRIGHT ALL RIGHTS RESERVED

ပဌမအကြိမ်

၁၃၆၂၊ သာသနာ – ၂၅၄၄၊ ၂၀၀၀

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် ...... ၇၈၅/၂၀၀၀ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် ...... ၄/၂၀၀၁ (၁)

အကြိမ် ...... ပဉ္စမအကြိမ်
အုပ်ရေ ...... ၂၀၀၀
တန်ဖိုး ...... ဓမ္မဒါန၊
ပန်းချီ ...... ဦးစိုးလှိုင်
ခုနှစ် ...... ၂၀၀၁–ခု၊ ဇန်နဝါရီလ

ထုတ်ဝေသူ ......
ဦးပညာသေဋ္ဌ၊ ကင်းလွတ်ခွင့် (၁၀).
ပိဋကနယ္ယုပဒေသကျောင်း
မစိုးရိမ်တိုက်၊ မန္တလေး။

အတွင်းစာသားနှင့် မျက်နှာဖုံးပုံနှိပ်သူ ......
ဦးနိုင်ဦး (၀၆၃၀၃)
ငွေပြည်တော် အော့ဖ်ဆက်
၄၄၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

---

http://www.dhammadownload.com

ရန်ကုန်မြို့
ကြည့်မြင်တိုင်ဥယျာဉ်တိုက် စံဝေတီတိုက်ကျောင်း
"အဂ္ဂမဟာပဏ္ဍိတ" စံဝတီဆရာတော်၏

# ပဋိဘာဏကထာ

ဤ ကျမ်းစာအုပ်ကား ဓမ္မာစရိယပါဠိ အမျိုးမျိုးနှင့် အထူးအားဖြင့် အစိုးရဓမ္မာစရိယတန်း စာမေးပွဲကို ပဓာနထား၍ ရေးသားအပ်သော ကျမ်းစာအုပ်တစ်အုပ်ဖြစ်ပေသည်။ အစိုးရဓမ္မာစရိယတန်း၌ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေအရ အချက်အလက်များ အဓိကအားဖြင့်ပါဝင်၍ အခြားစာချတန်းဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါဝင်လျက်ရှိပေသည်။

ဥပမာ-ယောဇနာလင်္ကာရ ပကတိ၊ ဝိကတိ၊ အနိယတ်၊ နိယတ်စသည် အနက်ပေးနည်း။ လီနတ္ထဇောတနာ၊ ဦနဇောတနာ၊ အဓိကဇောတနာ အညစေ့ဒနာစသော ကျမ်းတက်နည်း။ သဒ္ဒါ၊ ပညတ်၊ ပရမတ်၊ အဘိယာစက ထွက်ဆက်နည်း။ ဇောဒကာသောဂ ါဒိစတုက္ကထုတ်နည်း။ ဝစနာဒိဆက္က ထုတ်နည်း။ ဟိတ်၊ သမ္ဗန်ရှာဖွေနည်း။ စာစပ်နည်း။ အာဘောဝဏ္ဏနာ ဖော်၍ အမည်ပေးနည်း။ နိရုတ္တိ၊ ဝိပလ္လာသနည်းတို့ဖြင့် ပုဒ်ပြီးပုံ။ အဋ္ဌကထာ၊ ဋီကာလာ အဓိပ္ပါယ်အဆုံးအဖြတ်။ ဆန်းစစ်၍ ဂါထာအမည်ပေးနည်း။ အလင်္ကာ-ဌာယီဘာဝစသည် ထုတ်နည်းတို့ဖြင့် တန်ဆာဆင်ထားရကား အစိုးရစာချတန်းဝင်ပုဂ္ဂိုလ်များ သီလက္ခန်အဋ္ဌကထာကျမ်းအတွက် နည်းယူအားထားလောက်ပေသည်။

ဓာတ်၊ ပစ္စည်း၊ ဝိဘတ်၊ နိပါတ်၊ ဥပသာရ၊ ဝိဂ္ဂြိုဟ်၊ ဝစနတ်ပုဒ်ပြီးရုပ်ပြီးများမှာ သမန်ကာ-လျံကာ နှောမတိမျှသာ မဟုတ်ပဲ သဘာဝအာဂမနှင့်လျော်စွာ သက်ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ မောဂ္ဂလာန်၊ အဘိဓာန်ဋီကာစသော ကျမ်းများနှင့် ညှိ၍ စိစစ်တိုက်ဆိုင်ရေးသားထားရကား စာချ၊ စာသင် အရှင်များအတွက်လည်း အမှန်ကိုးစား အရေးထားလောက်ပေသည်။

http://www.dhammadownload.com



ကောင်းနိုးရာရာ အဋ္ဌကထာဝါကျများ အတော်စုံလင်စွာပါရှိ၍ ကျက်မှတ်စရာ နိယံ, ကဗျာ, ဂါထာ, စုဏ္ဏိယ, ဝိဂ္ဂဟမှတ်ဖွယ်များ အပြင်-မရှင်းမလင်းသောအချက်အလက် ခက်နိုးရာရာအကွက်တို့၌လည်း အဓိပ္ပါယ်အကျယ် ရှင်းလင်းချက်- မှတ်ချက်တို့ဖြင့် ဖြည့်စွက်ထည့်သွင်း ထားပြန်သဖြင့် ဤတကျမ်းတည်းဖြင့်ပင် စာချတန်း-စာမေးပွဲ ဆိုင်ရာ ဘာသာအတွက် အခက်ကြုံစရာမလိုတော့ပဲ အားမလိုအားမရ သံသယ ဖြစ်စရာဌာနတို့၌ ကွဲကွဲပြားပြား ခြားနားစွာ လိုအင်ဆန္ဒ ဟူသမျှတို့ အမှန်ပြည့်ဝကြပေလိမ့်မည်။

ထို့ကြောင့် ဤကျမ်းပါ နည်းလမ်း အချက်အလက်တွေကို တကွက်စီ-တသန့်စီ အဖန်ဖန် လေ့ကျင့်သွားခြင်းဖြင့် အထုံပရိစယ များလာသောအခါ စာချဉာဏ်အလိုလိုရင့်သန်လာပြီး ''စာချလမ်းထွင်- စာသင်နောက်လိုက်'' ဆိုသည့်အတိုင်း နောက်လိုက် စာသင်သား အပေါင်းတို့၏ ''လမ်းပြ'' ကြီးသဖွယ် ဖြစ်လာလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိပါသတည်း။

---

http://www.dhammadownload.com

# ဂန္ထုပ္ပတ္တိနိဒါန်း

အာဒိတော တဿ နိဒါနံ၊ ဝတ္တဗ္ဗံ တပ္ပယောဇနံ၊
ပိဏ္ဍတ္ထော စေဝ ပဒတ္ထော၊ သမ္ဗန္ဓော အဓိပ္ပါယကော၊
စောဒနာ သောဓနာစေတိ၊ အဋ္ဌဓာ ဝဏ္ဏနံ ဘဝေ။
(သာဓုဝိလာသိနီ)

ပထမကြီးတန်း သို့မဟုတ် စာသင်တန်း အောင်မြင်ပြီး ကြံ့စည်မိပုံ နောက် စာချတန်းသို့ ရောက်သစ်စဖြစ်သော စာသင်သားတို့ကား "ဂနိုင်ရစ်ဆီး တောအုပ်ကြီးအတွင်းဝယ် သယ်ဆီတောင်မြောက် လမ်းစပျောက်သကဲ့သို့"ဆောက်တည်ရာ မရမူ၍ စာချအောင်ပန်းကို ဆွတ်လှမ်းယူရန် မမှန်းနိုင်-မဆနိုင် တဝိုင်ဝိုင်ဖြစ်နေတတ်ပေသည်။ မှန်၏....ငယ်, လတ်, ကြီး-စာသင် အဆင့်အတန်းတို့၌ ဘာသာရပ်တို့ကား အလွယ်အခက်,အနည်းအများသာ ကွာခြား၍ မိမိတို့ ကြိုးစားရမှုလမ်းမှာ ဖြောင့်တန်းလျက်သာရှိ၏။စာချတန်းမှာမူ ပြဋ္ဌာန်းသော ကျမ်းစာနှင့် သင်ကြားရမှု အဆင့်အတန်းမှာ ငယ်, လတ်, ကြီး-စာသင်နှင့်မတူ တမူထူးကာ အတန်ပင်ကွာလှမ်းလျက်ရှိရာ မိမိကိုယ်တိုင် ကြိုတင်ကြိုးစားထားရန် မဆိုထားပဲ ဆရာ့ထံပါး၌စာသွား-စာလာ စုဒ်စောဒနာကို နားထောင်ရသည်မှာပင် တမျိုးတဘာသာ ယောင်ချာချာ ဖြစ်နေတတ်ပေသည်။

ထို့ကြောင့် ဓမ္မာစရိယတန်းဝင် ရဟန်းရှင်သစ်တို့နှင့် အထူးပင် သင့်လျော်၍ စာချတန်းနည်းကို အထိုက်အလျောက် တီးခေါက်မိသူ-စာချလိုသူများလည်း လေးစားလောက်သော အဋ္ဌကထာဝါကျကောင်း မှန်သမျှတို့ကို ငုံမိ-ခြုံမိသော ကျမ်းစာတစောင် ရေးသားလိုစိတ်သည် အကြိကာလ စာချစကပင် ယိုဖိတ်လျက် ရှိခဲ့ပေသည်။

သို့သော် ကျမ်းစာ တစောင်တဖွဲ့ ဖြစ်ပေါ်လာရန် အရေးမှာ ရှေးပေစာခေတ်ကကဲ့သို့ ကျောင်းစာရေးကို လက္ခဏာကျေး အသင့်အတော်ပေးကာမျှဖြင့် စာတစောင်, ပေတထုပ် ကျမ်းစာအုပ်ဖြစ်လာနိုင်သည်မဟုတ်ပေ၊လောကရေးရာတို့ဖြင့် ရှုပ်ထွေးလျက်သာရှိရကား မိမိ ရေးသားပြီး စာမူအချို့နှင့်အတူ ကြံ့စည်မှုစိတ်ခတ်တို့သည်လည်း အာရုံ တပါးသို့ လွင့်ပါးအုံ့မှုံးမှုံးပျောက်ကွယ်ချိန်သို့မင် ဦးတည်လျက်ရှိချေပြီ။

http://www.dhammadownload.com



ယင်းသို့လျှင် ပျောက်ကွယ်လုလု တခုသော အားအဆင့်ကို-ရပုံ သိတင်းကျွတ် ချိန်ဝယ် မစိုးရိမ်တိုက် စဉ်လာ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင်မစိုးရိမ်ဆရာတော် ဘုရားကြီးအား ရိုကျိုးမာန်လျော့ ကန်တော့ရန် ထံတော်မျက်မှောက်သို့ ရောက်သွားခဲ့ရာ ဆရာတော်ဘုရားကြီးက မိမိချုပ်ဆို ကျမ်းစာများကို မေးတော်မူပြီးနောက်—

"အေး စာလဲချုပ်ကွဲ့၊ ချုတ်စာလဲ ပျောက်မသွားရအောင် မှတ်တမ်းရေးထားရတယ်၊ စာအုပ်ရိုက်ဖြစ်ထား-မရိုက်ဖြစ်ထား ထား ကိုယ့်အတွက်လဲပိုပြီးမှတ်မိတယ် နောက်ကြည့်ချင်တဲ့သူ အတွက်လဲ အကျိုးရှိတယ်ကွဲ့" ဟု မိန့်တော်မူသော ဩဝါဒစကားကို နာကြားရသည်နှင့် တပြိုင်နက် ရှစ်ခွင်ပိတ်ဆီး မိုးမှောင်ကြီးကျရာ အကာလအခါမဲ့၌ လျှပ်စစ်ရောင်ပြက်သကဲ့သို့ မိမိကြိုးစားထားရမည့် အစီအစဉ် အချက်အလက်တို့သည် ကွက်ကွက်ထင်ထင် ဉာဏ်သို့သက်ဝင်လာခဲ့ပေတော့၏။

ထို့ပြင် မိမိ၏ကျေးဇူးရှင်ဖြစ်တော်မူကြသောမန္တလေးမြို့မစိုးရိမ်တိုက် ဝိနည်းယကျောင်းဆရာတော် ရန်ကုန်မြို့ ဥယျာဉ်တိုက် စံဝတီတိုက်ကျောင်း "အဂ္ဂမဟာပဏ္ဍိတ စံဝတီဆရာတော်ဘုရား" တို့အားလည်း မိမိသည်ရွယ်ရင်း အကြောင်းအချင်းအရာတို့ကို ဖွင့်ဟလျှောက်ထားကာ ယင်းဆရာဘုရားတို့ထံမှ အနုမောဒနာ-အားအဆင့်ကို ရသဖြင့်သာလျှင် လည်းကောင်း၊ စာအုပ်ဖြစ်ပေါ်လာရေး လေးစွာသောဝန်ကို မငြိုမငြင် ဆောင်ရွက်ကြပေသော ပုသိမ်မြို့ သာသနရံသီပါဠိတက္ကသိုလ် တိုက်အုပ်ဘုန်းတော်ကြီး ဦးပဏ္ဍိဝ (ဓမ္မာစရိယ) နှင့် ခေတ်စာပြင်မှူး ဦးတင့်လွင် (ဦးသင်အောင်) တို့၏ ကူညီမှုတို့ကြောင့်လည်းကောင်း၊ ကျမ်းစာတခု အသွင်အပြင်ဖြင့်ရဟန်းရှင်တို့၏လက်တွင်းသို့အပ်နှင်းနိုင်ခဲ့ပေပြီတကား။

စီစဉ်ပုံ — ရေးသားစီစဉ်ပုံကား အဋ္ဌကထာလာ-ဝါကျတို့ကို အဆစ်အပိုင်းကျကျ-ထုတ်ပြ၍ ပကတိ၊ ဝိကတိ၊ အနိယတ်၊ နိယတ် စသည် အတ္ထယောဇနာနည်း၊ လီနတ္ထရစသည် ကျမ်းစာက်နည်း ဋီကာ၊ ဂဏ္ဌိ၊ နိဿယလာကျမ်းတက်ပုံ၊ စာထွက်နည်း၊ ကိဋ္ဌာပိ၊ ကာမဋ္ဌာဒိပိ ဝါကျ၊ လက္ခဏာရစ်ဝါကျ၊ အနုသန္ဓေဝါကျ၊ ယသ္မာ၊ တသ္မာ-ဝါကျတို့၌စောဒကာသောဂါဒိ စတုက္ကထုတ်နည်းနှင့်စတုက္ကရသင့်သော

http://www.dhammadownload.com



ဝါကျတိုင်း ပါဠိဘာသာဖြင့်လည်းကောင်း, ရခါမြန်မာ ဘာသာဖြင့်လည်းကောင်း, ရေးသားပုံ၊ ဋီကာ, ဂဏ္ဌိ, နေ့ာမတိနှင့် အဘိဓာန်ဋီကာ, မော္ဂလ္လာန်စသော ကျမ်းအဖြာဖြာမှ ဝိဂ္ဂဟ-တိုက်ထုတ်၍ ဝစနာဒိဆက္ကထုတ်နည်းကို ပြည့်စုံစွာဖော်ပြထားခြင်း၊ ဟိတ်သမ္ဗန်ရှာဖွေနည်း၊ စာစပ်နည်း၊ အာဘော်ဖော်နည်း၊ သံဝဏ္ဏနာအမည်ပေးနည်း၊ နိရုတ်နည်း၊ ဝိပလ္လာသနည်း၊ အဋ္ဌကထာ, ဋီကာလာ, အမိပ္ပါယ်အဲ့သုံးအဖြတ်၊ ဆန်းစစ်နည်း၊ ဘာဝဝိဘာဝစသည် အလင်္ကာထုတ်နည်းတို့ကို ပြည့်ပြည့်စုံစုံ ကုံကုံငင ဖော်ပြထားသည့်ပြင် ကျက်မှတ်ဖွယ်ရာ ဂါထာ, စုဏ္ဏိယ, နိယံစသည်တို့ဖြင့် အမှန်းတင်၍ အဋ္ဌကထာစဆုံး ဝါကျကောင်းအလုံးစုံတို့ကို သိမ်းကျုံးကာ ရေးသားထားရကား စာချ-စာသင် ရဟန်းရှင်တို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်သော ကျမ်းစာ-ဟုတ်မဟုတ်မှာကား- စာရေးသားသူ၌ တာဝန်မရှိမူ၍ ကြည့်ရှုသူ ပရိသတ်ကသာလျှင် ဆုံးဖြတ်သင့်ပေသည်။

ဤကျမ်းစာပါ အဋ္ဌကထာ ဝါကျတို့ကို နိဿယနက်ထင် ကြည့်ရှုနည်း စေ၍ ရသင့်သမျှသော ပုစ္ဆာ၏အဖြေတို့ကို လွယ်ကူစွာ ကြည့်ရှုသွားနိုင် ပေသည်။ သို့သော်- ဤကျမ်းစာ၌ အဓိက-ကား အကျယ်ရှင်းလင်းချက်နှင့်- မှတ်ချက်- တို့ဖြစ်ရာ ၎င်းတို့ကို ကျော်လွှားကြည့်ရှုသော် စာရေးသူ၏ အာဘော်နှလုံးသွင်းနှင့် မကိုက်ညီသည့်ပြင် အဆီအနှစ်ကို ပစ်ပယ်ရာရောက်ပေလိမ့်မည်။

ထို့ကြောင့်....ပုစ္ဆာ အဖြေ, အကျယ်ရှင်းချက်, မှတ်ချက်, အာသိတ စသော ကျက်မှတ်ဖွယ်ရာ အပြာဖြာတို့ကို သေချာစေ့ငုဖန်ဖန်ရှုကာ အကွရပဒ အတ္ထကောသလ ဉာဏ်ရင့်သန်၍ ကိုးတန်လောကုတ္တရာ မြိုက်ရသာကို ဆောလျင်စွာ သုံးဆောင်နိုင်ကြပါစေဟု တောင့်တမျှော်မှန်းမိပါသတည်း။

မန္တလေးမြို့။ ဦးကောဝိဒါဘိဝံသ။

၁၃၂၄-ခုနှစ်၊ နတ္တော်လ။

http://www.dhammadownload.com

# ညွှန်ကြားမှာထားချက်

ဤကျမ်း၌ လွယ်ကူစွာကြည့်ရှုနိုင်ရန် ခေါင်းစီး၌ သုတ်အားဖြင့်လည်းကောင်း၊ သုတ်အားလျော်စွာ ဟောကြားတော်မူအပ်သော အစိတ်အပိုင်းကဏ္ဍ အမည်အားဖြင့်လည်းကောင်း အသီးသီး စီစဉ်ထားပါသည်။ ထိုပါ၌ "မာတိကာ" ထည့်ဖွယ်မလိုတော့သဖြင့် ခြွင်းချန်ခဲ့ပေသည်။ နောက်ဆက်တွဲ ဆန္ဒာလင်္ကာရ ဝိစိတိကဏ္ဍ၌လည်း ဆင့်မူ အင်္ဂကထာလာ စာမျက်နှာ နံပါတ်များကို ဂါထာတိုင်း ဂါထာတိုင်း၏ နောက်၌- အသီးသီးညွှန်ပြထားပါသည်။ ဤမျှလောက် ရေးသားသဖြင့် နည်းနာနယ ရလောက်ပြီဖြစ်၍လည်းကောင်း၊ ငါးသိုင်းများလျှင် ဟင်းဟုန်- ဆိုသကဲ့သို့ ဖြစ်ရမည်စိုး၍ လည်းကောင်း စာဖောင်များ ရည်မှန်းသည်ထက် ပိုလွန်သွားသည်ဖြစ်၍ လည်းကောင်း ကျန် ၄-သုတ်ကို မရေးတော့ပဲ ချန်လှပ်ထားခဲ့ရပါကြောင်း။

---

**သင်္ကေတများ**

| | |
|---|---|
| † | ကျက်မှတ်စရာ ဂါထာပါဠိများ။ |
| * | ကျက်မှတ်စရာ နိဿယကဗျာများ။ |
| ( ) | ဖွေပါလွင်စေမှုနှင့် အမှာများ။ |
| (သီ-ဋီ-သစ်) | သီလက္ခန်ဋီကာသစ်။ |
| (ဂဏ္ဌိ) | သီလက္ခန်ဂဏ္ဌိ။ |
| (ဘိ-ဋီ) | အဘိဓာန်ဋီကာ။ |
| (သူစိ) | အဘိဓာနပ္ပဒီပိကာသူစိ။ |
| (နီတိ) | သဒ္ဒနီတိ။ |
| (ရွှေ) | ရွှေရေးဆောင်နိဿယ။ |
| (သစ်) | ဤကျမ်းဆရာ၏ နိဿယသစ်။ |

---

http://www.dhammadownload.com

# ယစိုးရိမိ
# သီလကျွန်အဖြေ

## ပဏာမနှင့်ပဋိညာဉ်

●

(၁) ကော ဝါဒါကာရလီလန္တံ၊
ဝိ ဒါက ဝိဒဘာကရံ။
ဒါ ယာဒ ဒါယပဒါတံ၊
ဘိဝံသ ဝံသပါလကံ။ ။

(၂) နမိတွာဟံ ကရိဿာမိ၊
အနုတ္တာနိက ဝဏ္ဏနံ။
သညာဝိတော သောတာရေဟိ၊
နယကာမေဟိ ဘိက္ခုဏံ။ ။

ကောဝါဒါကာရလီလန္တံ၊ မဟာကာရုဏ် လွန်ပြည့်စုံသဖြင့် လူ့ဘုံ နတ်မှာ မရှိပါသည့် ချမ်းသာစစ်မှန် မြတ်နိဗ္ဗာန်ကို ကေန်ရောက်ဖွယ် နည်းညွှန်ချယ်၍ စမွယ်စွာနေတော်မူထသော။ ဝိဒါက-ဝိဒဘာကရံ၊ သယမ္ဘူဉာဏ်ရှိ ကဝိတဆူ ဖြစ်တော်မူသဖြင့်သူသူငါငါ များသတ္တဝါတို့၏ အမှားကိုခွင်းကာပညာဉာဏ်အလင်းကိုလည်းပြုတော်မူတတ်ထသော။ ဒါယာဒ-ဒါယပဒါတံ၊မွေခံထိုက်ငြား တပည့်သားတို့အတွက် နဂ္ဂမျိုးမွန် အဘိုးတန်သော ကိုးတန်လောကုတ်ဥစ္စာထုပ်ကိုလည်းပေးတော်မူတတ်ထသော။ အဘိဝံသ ဝံသပါလကံ၊ သကျနွယ်ဝင် ဘုရားရှင်၏ ဇာတ်တွင်မြင့်ထက် ဖြစ်တုံလျက်လည်း တိုက်ဖျက်မှုမြဲဇာတိစွဲကို ဆင်းရဲမဟူချမ်းသာသူ မရှု ကုလအသွယ်သွယ်ကို အပါယ်သို့မရောက်အောင် စောင့်ရှောက်တော်မူပေသော။ ဗုဒ္ဓံ၊ သုံးလောကထွတ်တင် ဘုရားရှင်ကို။ နမာမိ၊ ဂါရဝရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။

http://www.dhammadownload.com



နမိတွာ၊ ဂါရဝရိုကျိုး ရှိခိုးဦး၍။ နယကာမေဟိ၊ ပါဠိ အဋ္ဌကထာ၊ ဋီကာစသား ကျမ်းဂန်များ၌ သွားမှုလွယ်ကူ ကြည့်မှုမပန်း ဝါဒစုံ ပြိုးပြွမ်းသည့် နည်းလမ်းကို အဲလိုရှိကြပေကုန်သော။ သောတာရေဟိ၊ သာသနကိုရ ဓမ္မာစရိယလောင်း များစွာသောတပည့်သံဃာအပေါင်းတို့ က။ အဘိက္ကဏ္တံသညာစိတော၊ စာနှင့်တပုံ လူကြုံတဆင့် တွေ့လင့်ခါတိုင်း ဝိုင်း၍မပြတ် တိုက်တွန်းအပ်ပါသောကြောင့်။ ဝါ၊ တိုက်တွန်းအပ်သည် ဖြစ်၍။ ဝါ၊ တိုက်တွန်းအပ်သော။ အဟံ၊ မစိုးရိမ်စာချ နာယကသမုတ် အကျွန်ုပ်သည်။ အနုတ္တာနိကဝဏ္ဏနံ၊ ယခုခေတ်တွင် ခေတ်အမြင်ဖြင့် မပေါ်လွင်ငြား အဋ္ဌကထာစသားကို ထင်ရှားဆင့်ဆင့် ပေါ်အောင်ဖွင့် ပေ သီလက္ခန်ကျမ်းအဖြေကို။ အနုတ္တာနိကဝဏ္ဏနံ၊ ဋ္ဌကထာစဆုံး သိမ်းကျုံးမိမိ ကျမ်းကုန်ညှိ၍ ပြည့်ပြည့်စုံစုံ ကုံကုံငငဖော်ပြပါသော မြန်မာ့ဝေါဟာ သီလက္ခန်ကျမ်းအဖြေစာကို၊ ကရိဿာမိ၊ ဂန္ထကာရ အမည်ရ ရန် မရည်သန်လည်း ရှုပြန်လွယ်သော အာရုံစော၍ သဘောမိသမျှ တို့အကျကို မိရထင်ထင် ရေးစီရင်အံ့သတည်း။

(ကောဝဒါကာရလီလန္တံ၌ ကာ-သဒ္ဒါ သုခအနက်ဟော။ နပုံသက လိင်ဂိကသုဒ္ဓနာမဘူတော က သဒ္ဒေါ၊သုခ-ဇာလသီသေသု။ (ကေက္ခရ ကောသဋီကာ၊) ဩဒနိ္တဇတေနဥာယေနာတိဩဝါဒေါ။ကဿနိဗ္ဗာန် သုခဿ ဩဝါဒေါ ကောဝါဒေါ။ နိဗ္ဗာန်ချမ်းသာကို ခံစားရပါခြင်း အကျိုးငှါ မြတ်စွာဘုရားဟောတော်မူအပ်သောနည်းရ၏။ ကောဝါဒံ အာကရောတိ ဒေသေတီတိ ကောဝါဒါကာရော၊ လလတိ ဓမ္မဒေသနာ ဝိလာသေနဝိဟရတီတိလီလန္တော။ လီလာ, ကြိယာ, ဝိလာသေသု။ (အဘိဓာန်) ကောဝါဒါကာရော ဟုတွာ လီလန္တော ကောဝါဒါ ကာရလီလန္တော။တံ ကောဝါဒါကာရလီလန္တံဟု ဝိဘတျန်ခံ။

ဝိဒါကော-ကားပညာရှိပရိယာယ်တည်း၊ အတ္တပကာရဏာကိုထောက်၍ ဝိဒတိဇာနာတိ သဃန္တျဉာဏေနာတိ ဝိဒါကောဟု ဝစနတ္ထပြု၊ ဝိဒ ဓာတ်,သာမာကာဒယော ဟူသော မောဂ္ဂလာန်သုတ်ဖြင့်အာကပစ္စည်း သက်။အနုတ္တာနိကဝဏ္ဏနံ၌ နု-ပဋိသေကြိုခိုက် အနုတ္တာနိကနှင့် ဝဏ္ဏ နံကို ဆင့်တွဲ။အနုသဒ္ဒါဘူသတ္တ၊ဝါ-အတိရေကတ္တကြံခိုက် အနုတ္တာနိက ပုဒ်ကို ဝဏ္ဏနံနှင့် ကမ္မဓာရယ်တွဲ။)

E 1 B

http://www.dhammadownload.com

## မစိုးရိမ်

# သီလက္ခန်အဖြေ

“နမော ဒီဃာဂမဝရဒေသကဿ သတ္ထုနော”

☆

## နိဒါန်းအဖွင့်

●

(က) ကရုဏာ သီတလ ဟဒယံ၊ ပညာပဇ္ဇောတဝိဟတမောဟတမံ,
သ, နရာမရ လောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
(ခ) ဗြဟ္မဇာလသုတ္တာဒိ ဇဝံ မေ သုတန္တိအာဒိကံ အာယသ္မတာ
အာနန္ဒေန ပဌမ မဟာသင်္ဂီတိကာလေ ဝုတ္တံ နိဒါနမာဒိ။
(ဂ) ပဌမ မဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိ
မာရုဠှာ။
(ဃ)- နိဒါန ကောသလ္လတ္ထံ ပန ဣဓာပိ ဇဝံ ဝေဒိတဗ္ဗာ။

● (၁) က-ဝါကျကို ဥပမာ,ဟိတ်တို့ဖြင့် တန်ဆာဆင်၍အနက်
မှန်မှန် သမွန်ပါ။

ဖြေ။ ။စတုဒ္ဒီပိက မနုဿာ၊ လေးကျွန်းနေသူ လူအပေါင်းတို့
သည်။ ဓမ္မိကံ၊ တရားကိုစောင့်ပေသော။ စက္ကဝတ္တိရာဇာနံ၊ စကြာမင်း
မင်းကို။ ဝန္ဒန္တိယထာ၊ ရှိခိုးကြကုန်၏သို့။ (ဥပမာ)တထာ၊ ထို့အတူ။
အန္တရာယ ဝိသောဓနေ ပကရဏနိပ္ဖတ္တိကာမတ္တာ၊ အန္တရာယ်ကိုပယ်ရှင်း
ကျမ်းပြီးမြောက်ခြင်းကို အလိုရှိသည်၏ အဖြစ်ကြောင့်။ (ဟိတ်) အဟံ၊
ငါသည်။ ကရုဏာသီတလဟဒယံ “လ” ဝန္ဒေ၊ ရှိခိုးပါ၏။

http://www.dhammadownload.com



## မစိုးရိမ်သီလကွန်အဖြေ

† ပါဌာနုသာရီ သမ္ဗန္ဓော၊
သမ္ဗန္ဓော ဥပမာယ စ။
ဟေတုနာပိစ သမ္ဗန္ဓော၊
ဥပမာဟေတုနာပိ စ။
သမ္ဗန္ဓတော ဒါ ဝိညေယျာ၊
စတ္တာရောတိ ဝိဘာဝိနာ။ ။

(ဇာလိနီ)

မှတ်ချက်။ ။ဥပမာဟိတ်တို့မပါ ပါဠ်လျှောက် အနက်ပေးသည်ကား ပါဌာနုသာရီ, ဥပမာဖြင့် တန်ဆာဆင်၍ အနက်ပေးသည်ကား ဥပမာလက်ာရ, ဟိတ်ဖြင့် တန်ဆာဆင်၍အနက်ပေးသည်ကား ဟေတာလက်ာရ, ဥပမာ ဟိတ်နှစ်ပါးဖြင့် တန်ဆာဆင်၍ အနက်ပေးသည်ကား ဥပမာ ဟေတာလက်ာရ,ဝါ-တဒုဘယာလက်ာရအနက်ပေးနည်းမည်၏။

---

● (၂) ကရုဏာသီတလဟဒယံ ပုဒ်သို့ သုဒ္ဓသဒ္ဓအနုသန္ဓေထွက်စာထွက်၍ ခ-ဝါကျ၌ ဖြဟ္မဇာလသာပုဒ်ကို သဒ္ဒနယ စာစပ်ပြီးလျှင် ဂ-ဃ-ဝါကျကို ထပနာ, အာဘောဂ, ပုစ္ဆာတို့ဖြင့် ကျမ်းတက်ခဲ့ပါ။

### သုဒ္ဓသဒ္ဓအနုသန္ဓေထွက်ပုံ

ဖြေ။ ။ဤသို့ သုဂတံ ဟူသော ပါဠ်ဖြင့် အာသယာသယိဘာ့ဝ တုလျာဓိကရဏဝိသေသျကို ပြဆိုတော်မူပြီး၍(ပုဗ္ဗာနုသန္ဓေ)ယခုအခါ၌ ယင်းသုဂတံဟူသော အာသယာသယိဘာဝ တုလျာဓိကရဏဝိမဲ့သေသျ၏ အာသယာသယိဘာဝ တုလျာဓိကရဏ ဝိသေသနကို ပြခြင်းငှါ၊ ဝါ-ပြလိုသည်ဖြစ်၍၊ ဝါ-ပြလိုသော့ကြောင့်၊ ဝါ-ပြလိုသော အဋ္ဌကထာဆရာသည် (အပရာနုသန္ဓေ) ကရုဏာသီတလဟဒယံ ဟူသောပါဠ်ကို မိန့်။

- ● နိဒဿန၊ ကရုဏာ၊ ကမ္မဝိသေသနေ၊
- * အင်္ဂါလေးဖြာ၊ ပြည့်စုံပါ၊ ပုဗ္ဗာနုသန္ဓေ။
- * ၌, ဩကာသ၊ သမ္ဗန္ဓ၊ ကမ္မသမ္ပဒါနေ၊
- * ၍၊ ကြောင့်, လိုသော၊ ဆဋ္ဌုန္နာပါ၊
  ယင်းအင်္ဂါ၊ အပရာနုသန္ဓေ။

(သစ်)

http://www.dhammadownload.com



## အကျယ်ရှင်းထင်းချက်

အနုသန္ဓေစာထွက်ရာ၌ "ဤသို့" ထား နိဒဿန, သုဂတ် ဟူသော ပါဌ်ဖြင့် ကရဏ, အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသျကို ကမ္မ, ပြဆိုတော်မူပြီး၍ ပုဗ္ဗကာလကြိယာဝိသေသန ဟူ၍ ပုဗ္ဗာနုသန္ဓေ (ပုဗ္ဗ+အနုသန္ဓေ ရှေးစကားစပ်)၌ အင်္ဂါလေးပါးရှိသည်။

ယခုအခါ၌ကား ဩကာသ, ယင်းသုဂတ် "လ" ဝိသေသျ၏ သမ္ဗန္ဓ, အာသယာသယီဘာဝလျာဓိကရဏဝိသေသနကို ကမ္မ,ပြခြင်းငှာ သမ္ပဒါန, ဟူ၍ အပရာနုသန္ဓေ (အပရ+အနုသန္ဓေ နောက်စကားစပ်)၌ အင်္ဂါလေးပါးရှိသည်။

ပြခြင်းငှာဟူသော သမ္ပဒါန်နေရာ၌ ပြလိုသည်ဖြစ်၍, ပြလိုသောကြောင့်, ပြလိုသောအဋ္ဌကထာဆရာသည်, ဟူသောစကားတို့ကို လဲလှယ်၍ အပရာနုသန္ဓေအတွက် အသုံးပြုနိုင်သည်။

အနုသန္ဓေစာထွက်ရာ၌ဖြစ်စေ, အနုသန္ဓေကျမ်းတက်ရာ၌ ဖြစ်စေ, ဤပုံစံကို ကျနစွာလေ့လာထားပါက လွယ်ကူစွာ နားလည်လာပါလိမ့်မည်။ စာထွက်နည်းအကျယ်ကို ဤစာအုပ်နောက်ပိုင်း ပဒနိက္ခေပါဒိ ဝိဝိတီကဏ္ဍကို ကျော်၍ရှုပါလေ။

## သဒ္ဒနယ စာစပ်ပုံ

ဗြဟ္မဇာလသုတ်-ကား ၏-ဟူ၍ အနက်ပေးသောကြောင့် အာဒိ (နိဒါနာဒိ)၌ သမ္ဗန်၊ အာဒိကား သမ္ဗန္ဓီတည်း။

## ဿ—ဝါကျကျမ်းတက်ပုံ

အရှင် အဋ္ဌကထာဆရာ (အာလုပ်)။ အဋ္ဌကထာ ဆရာသည် (ကတ္တား) ခ-ဝါကျဖြင့် ဝေ မေ သုတံ အစရှိသော ရှင်အာနန္ဒာမထေရ် ပထမ မဟာသင်္ဂါယနာ တင်ရာအခါ၌ ရွတ်ဆိုအပ်သော နိဒါန်းသည် ဗြဟ္မဇာလသုတ်၏လည်း နိဒါန်းဖြစ်သောဟု ဆိုတော်မူ၏။ (ပထနာ)။

ဤပထမ မဟာသင်္ဂါယနာမည်သည်ကို စိနည်းပိဋကတ်၌ ပါဠိတော်သို့ တင်အပ်ပြီးသည်မဟုတ်တုံလော။ (အာဘောဂ)

အဘယ်အကျိုးငှာ ဤသုမင်္ဂလဝိလာသိနီမည်သော ဒီဃနိကာယ် အဋ္ဌကထာ၌ သိအပ်ပါသနည်း။ (ပုစ္ဆာ)

http://www.dhammadownload.com



ဤသို့ သူမေးဖွယ်ရှိသောကြောင့် ထိုအမေးကို စောဒကာဘောဂ စသည်ပြု၍ မိမိကိုယ်တိုင် ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် ဂ-ဃ နှစ်ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဂ-ဃ-ဝါကျတို့ဖြင့် ဤပဌမ မဟာသင်္ဂါယနာမည်သည်ကို ဝိနည်းပိဋကတ်၌ပါဠိတော်သို့ကင့်အပ်ပြီးသော်လည်း နိဒါန်း၌ လိမ္မာစေခြင်းအကျိုးငှာ၊ ဤသုမင်္ဂလဝိလာသိနီမည်သော ဒီဃနိကာယ် အဋ္ဌကထာ၌လည်း ဤဖွင့်ဆိုလတ္တံ့သောနည်းဖြင့်၊ ဝါ-ဤသို့ သိအပ်၏ဟု ငါပြဆို၏ ဟူလိုသော်။

* ထပနာ-၏၊ လော-ဘောသိ၊ နည်းတည့် ပုစ္ဆာ၊ ဤသုံးဖြာ၊ ထပနာတိကခေါ်။ (တစ်)

အကျယ်ရှင်းလင်းချက်

ကျမ်းတက်ရာ၌ အရှင်အဋ္ဌကထာဆရာ, ဟူသော ခေါ်ဝေါ်သော အာလုပ်စကားကို အဘယ့်ကြောင့် ထုတ်အပ်သနည်းဟူမူ သတိဇနနတ္ထံ ဟူသော အင်္ဂုတ္တရအဋ္ဌကထာအရ သတိတရားဖြစ်ပေါ်စေခြင်းငှာ အာလုပ်စကားကို ထုတ်အပ်၏။ အဋ္ဌကထာဆရာသည်ဟူသော ကတ္တားပုဒ်ကို ကား ဒေသေတဗ္ဗမမ္မတို့မည်သည် ဒေသက ကတ္တားနှင့် မကင်းကောင်း သောကြောင့်လည်းကောင်း။ "ကတ္တုသုညာ ကြိယာနာမနတ္ထိ" ဟူသော ပရိဘာသာနှင့်အညီ ကတ္တားမှကင်းဆိတ်သော ကြိယာမည်သည် မရှိသောကြောင့်လည်းကောင်း ကတ္တားပုဒ်ကို ထုတ်အပ်၏။

တစုံတယောက်က အပြစ်တင်လို စောဒနာလိုက ထိုသူ၏စကားကို ကိုင်ထား, တည်ထားရန်လိုသည်။ ဤသို့ အပြစ်ကင်ရန် စောဒနာရန် ကိုင်ထား,တည်ထားကာမျှသော စကားမျိုးကို ထပနာဟုဆိုသည်။ ထို့ကြောင့် ပဥ္စပကြိုဏ် အဋ္ဌကထာ၌ "ယသ္မာ ပနေတ္ထ ထပနာနာမ ပရဝါဒီ ပက္ခဿ ထပနတော အယံ တဝ ဒေါသောတိ ဒဿေတုံ ထပနမတ္တမေဝ ဟောတိ။ န နိဂ္ဂဟာဿ ဝါ ပဋိကမ္မဿ ဝါ ပါကဋဘာဝ ကရဏံ"ဟု ဖွင့်သတည်း။

"ပဌမံ ဝိတက္ကေတွာ ဝိစာရေတွာ ဝါစာဘိန္ဒတိ"ဟူသည်နှင့်အညီ မေးခြင်း, စောဒနာခြင်းမည်သည် စောဒကပုဂ္ဂိုလ်၏ နှလုံးသွင်း အာဘောဂ

http://www.dhammadownload.com



နှင့် မကင်းကောင်းသောကြောင့် "ဤပထမ မဟာသင်္ဂါယနာ- "လ" တို့လော, 'တိုင်အောင်သော အာဘောဂကို ထုတ်အပ်၏။

"ပုစ္ဆာနုပုဗ္ဗိကံ ဟိ ဝိသဇ္ဇနံ" ဟူသော ပရိဘာသာနှင့်အညီ အဖြေစကားသည် အမေးလျှင် ရှေ့သွားရှိသောကြောင့် "အဘယ်အကျိုးငှါ "လ"သိအပ်ပါသနည်း"တိုင်အောင်သော ပုစ္ဆာကို ထုတ်အပ်၏။

ဆိုခဲ့ပြီးသော အတက်ကို ထပနာ, အာဘော်, ပုစ္ဆာ သုံးမျိုးဖြင့် တက်သောကြောင့် ထပနာတိကအတက်ဟုခေါ်သည်။ အာဘော်, ပုစ္ဆာ နှစ်မျိုးတို့တွင် ထပနာနောက်၌ အာဘော်၊ ထိုနောက် ပုစ္ဆာထားသော ကြောင့် သာဘောဂါယုတ္တ (သ+အာဘောဂ+အယုတ္တ) ပုစ္ဆာတက်ဟု ခေါ်နိုင်သေးသည်။

အကယ်၍ ဤအတက်ကိုပင် ထပနာ, ပုစ္ဆာ, အာဘော်ဟု အစဉ်တစ်မျိုးပြောင်း၍ တက်လျှင် အယုတ္တာဘောဂ (အယုတ္တ+အာဘောဂ) ပုစ္ဆာတက်ဟု သုံးနိုင်ပြန်သည်။

---

● (၃) မဟာသင်္ဂီတိကာလေ၌ မဟာသဒ္ဒါ၏ အတ္ထုဒ္ဒါရနှင့် အတ္ထုဒ္ဒေသတို့ကို ဖော်ပြပြီးလျှင် ဂ ဃ-ဝါကျတို့၌ ရသင့်သော စောဒကာဘောဂ, စောဒနာ, ပရိဟာရာဘောဂ, ပရိဟာရတို့ကို ဖော်ပြပါ။

ဖြေ။ ။မဟာသဒ္ဒါ၏ အတ္ထုဒ္ဒါရကား မဟာသဒ္ဒါသည် ပူဇာအနက်, ဥတ္တမအနက်, ပစုရအနက်, သမ္ပတ္တိအနက်, ဂ္ဂုဏာရိယအနက်, ဝုဒ္ဓအနက်တို့၌ ဖြစ်ပါသည်။

မဟာသဒ္ဒါ၏ အတ္ထုဒ္ဒေသကား ဤ၌ မဟာသဒ္ဒါသည် ပူဇာအနက်, ပစုရအနက်တို့ကို ဟောပါသည်။

**စောဒကာဘောဂ စသည်ထုတ်ပုံ**

နနု ပထမ မဟာသင်္ဂီတိနာမ သော ဝိနယပိဋကေ တန္တိမာရုဠှာ။ (စောဒကာဘောဂ)
အထ ကိမတ္ထံ (ကသ္မာ ဝါ) ဣဓာပိ ဧဝံ ဝေဒိတဗ္ဗာ။ (စောဒနာ)
နနု နိဒါနကောသလ္လတ္ထံ ဟောတိ။ (ပရိဟာရာဘောဂ)
(တသ္မာ) ဣဓာပိ ဧဝံ ဝေဒိတဗ္ဗာ။ (ပရိဟာရ)

http://www.dhammadownload.com



† ပူဇုတ္တမ ပစုရေသုံ၊
သမ္ပတ္တိသာရိယေသုစ။
ဝုဒ္ဓေစေဝါတိ အတ္ထေသု၊
မဟာန္တော ဆသု ဝတ္တတိ။

(နီတိ)

† မဟာဝိသယတ္တာ ပူဇနီယတ္တာစ မဟာတိ။ (သာရတ္ထ)

မှတ်ချက်။ ။ဤနံပါတ်သုံး၌ အတ္ထုဒ္ဓါရ အတ္ထုဒ္ဓေသ ကို မေးခြင်း, စောဒကာဘောဂါဒိစတုက္ကကိုမေးခြင်း (အထက်ပါ လေးပါးကို မေးခြင်း) ပါဝင်သည်။ ပုစ္ဆာ၌ ပါဠိဘာသာ-မြန်မာဘာသာဟု အထူး သုံးသပ်၍ မမေးပဲ စောဒကာဘောဂါဒိစတုက္က ထုတ်ခဲ့ပါဟု သာမည မေးလျှင် ပါဠိ-မြန်မာ နှစ်မျိုးတို့တွင် နှစ်သက်ရာတစ်မျိုးမျိုးဖြင့် ဖြေဆို နိုင်သည်။ ဤစတုက္ကထုတ်နည်းနှင့် ပက်သက်သော ထုတ်နည်းမျိုးစုံ ပုံစံ များကို စောဒကာဘောဂါဒိဝိစိတိကဏ္ဍသို့ကျော်၍ ကြည့်ရှုပါ။

---

● (၄) နိဒါနကောသလ္လတ္ထံ၌ နိဒါနပုဒ်ကို ဝစနတ္ထပြုပြီးလျှင် ဝစနာဒိဆက္ကထုတ်ခဲ့ပါ။

ဖြေ။ ။ဝစနတ္ထ။ ။နိဒ္ဒါတိ ဒေသနံ ဒေသကာလာဒိ ဝသေန အဝိဒိတံ ဝိဒိတံ ကတွာ နိဒဿေတိတိ နိဒါနံ။ (ဒေသနံ၊ ဒေသနာ တော်ကို။ ဒေသကာလာဒိဝသေန၊ ဒေသ ကာလစသည်တို့၏အစွမ်းဖြင့်။ အဝိဒိတံ၊ မသိအပ်သေးသည်ကို။ ဝိဒိတံကတွာ၊ သိအပ်သည်ကိုပြု၍။ နိဒ္ဒါတိ၊ နိဒဿေတိ၊ ပြတတ်၏။ ဣတိ၊ ကြောင့်။ နိဒါနံ၊ နိဒါန်းမည်၏။ နိပုဗ္ဗ-ဒါဓာတ်,ယုပစ္စည်း။ ဤဝိဂ္ဂဟအနက်နှင့် ဓာတ်ပစ္စည်းတို့ကို ဖြေ ဆိုရာ၌ မထည့်ရ။ ဝစနဟေတု သကတ်ထုတ်ရာ၌ လွယ်ကူစေရန် ဖော်ပြ လိုက်သည်။)

ဝစနာဒိဆက္က။ ။နိဒါန်ဟူသောပုဒ်ပြီး နိပုဗ္ဗသည် ဝစန မည်၏။ "နိဒ္ဒါတိ "လ" နိဒဿေတိ"ဟူသော ဝိဂ္ဂြိုဟ်ဝါကျ ဝစနတ္ထ မည်၏။ ဒေသနာတော်ကို ဒေသကာလစသည်တို့၏အစွမ်းဖြင့် မသိအပ်သေးသည် ကို သိအပ်သည်ကိုပြု၍ ပြခြင်းကြိယာသကတ်သည် ဝစနဟေတုမည်၏။ ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။ ပထမသင်္ဂါယနာတင်

http://www.dhammadownload.com



သောအခါ၌ ရှင်အာနန္ဒာမထေရ် ရွတ်ဆိုအပ်သော "ဧဝံ မေ သုတံ" စသော သဝိညတ္တိကဝစီဘေဒ သဒ္ဒပဗန္ဓ-နိဒါန်းဒြဗ်သည် ဝစနီယမည်၏။ ကာရဏံ, ဟေတု စသောပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

† ဝစနံ ဝစနတ္ထဉ္စ၊
တံ ဟေတု တဿ ဇောတကံ။
ဝစနီယံ ဝစနျတ္ထံ၊
ဆဗ္ဗာ ဝါကျေ နယညူတော။

* ဝစန-နိပ္ဖန်၊ ဝစနတ္ထံမှာ၊ ဝါကျသာတည်း။ သတ္တိ-ဟေတု၊ ဉာတိရှုရ၊ ဇောတကသိ၊ ဝစနီယဒြဗ်၊ ဝစနီယတ်ဝယ်၊ ပရိယာယ်၊ ကြွင်းဝယ်ပုဒ်တို့မှာ။ (ရွှေရေးဆောင်)

သမာသ်၌ ဝစနာဒိဆက္ကထုတ်ပုံ

နဂရဿ သမီပေ ပဝတ္တတိ ကထာ ဉာတိ ဥပနဂရံ။ (အဗျယီဘော)

ဆက္က။ ။ဥပနဂရံဟူသော နိပ္ဖန္နသည် ဝစနမည်၏။ နဂရဿ သမီပေ ပဝတ္တတိ ကထာ-ဟူသော ဝိဂ္ဂဟ်ဝါကျသည် ဝစနတ္ထမည်၏။ မြို့ဒြဗ်၏ အနီးဖြစ်သော စကားဒြဗ်နှင့် သမီပ-သမီပအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။ မြို့၏အနီး၌ဖြစ်သော စကားဒြဗ်သည် ဝစနီယမည်၏။ ဥပပူရံစသော ပရိယာယ်သည် ဝစနီယတ္ထမည်၏။

မှတ်ချက်။ ။သမာသ်,တဒ္ဓိတ်ဂစနတ္ထတို့၌ သမ္ဗန်ကို ဝစနဟေတု ထုတ်ရသည်။ ကြွင်းသမာသ် ငါးမျိုးတို့၌-ဝစနစသည် မခက်ခဲသဖြင့် သမ္ဗန်ကို ဝစနဟေတု ထုတ်ပုံမျှကိုသာ ဖော်ပြပါမည်။ သမာသ်တိုင်း၌ ဝစနဟေတု ဇောတက ဉာတိသဒ္ဒါထည့်၍ ဝိဂ္ဂဟပြုထားသည် သတိပြုပါ။

တယော လောကာတိ တိလောကံ။ (ဒိဂုသမာသ်)

တိ-အရ သုံးခုအရေအတွက်သချာ၏ လောကနှင့် သချာ-သချေယျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။

သင်္ခါစ ပဏ္ဍဝါစာတိ သခ်ပဏ္ဍဝံ။ (ဒွန်သမာသ်)

http://www.dhammadownload.com



သခ်အရ ခရုသင်းဖြစ်၏ ပဏၰဝအရ ထက်စည်ဖြစ်နှင့် တစ်စုံတစ်ခု သောကြိယာကိုမှီ၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဝစနဟောတုမည်၏။

သင်္ခဟေတွာ ဂါယန္တိ ဂါထန္တိ သင်္ဂီတိ၊ မဟတီ သင်္ဂီတိတိ မဟာသင်္ဂီတိ။ (ကမ္မဓာရယ်)

မဟတီအရ မဟာဝိသယ၊ ဝါ·ပူဇနီယဖြစ်သော၏ သင်္ဂါယနာဖြစ်နှင့် ဂုဏ် ဂုဏအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတုမည်၏။

ရညော ပုတ္တောတိ ရာဇပုတ္တော။ (တပ္ပုရိသ်)

ရညောအရ မင်းဖြစ်၏ ပုတ္တောအရ သားဖြစ်နှင့်ဇနက-ဇညအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတုမည်၏။

ဒိန္နော သုင်္ကော ယဿ သောယန္တိ ဒိန္နသုင်္ကော။ (ဗဟုဗ္ဗီဟိ)

ဒိန္နသုင်္ကအရ ပေးအပ်သော အခွန်ဖြစ်၏ ယဿအရ မင်းဖြစ်နှင့် ဘံ သာမိအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတုမည်၏။

### တဒ္ဓိတ်၌ ဝစနာဒိဆက္ကထုတ်ပုံ

ဝသိဋ္ဌဿ အပစ္စန္တိ ဝါသိဋ္ဌော။ (အပစ္စတဒ္ဓိတ်)

ဆက္က။ ။ဝါသိဋ္ဌောဟူသော ပုဒ်ပြီး နိပ္ဖန္နသည် ဝစန မည်၏။ ဝသိဋ္ဌဿ အပစ္စံ ဟူသော ဝိဂ္ဂဟ်ဝါကျသည် ဝစနတ္ထမည်၏။ ဝသိဋ္ဌအရ ဝသိဋ္ဌမည်သောသူဖြစ်၏ အပစ္စအရ-သားဖြစ်နှင့် ဇနက-ဇညအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတု မည်၏။ ဏတိသဒ္ဒါသည် ဝစနဟောတု ဇောတက မည်၏။ ဝသိဋ္ဌမည်သောသူ၏ သားဖြစ်သည် ဝစနီယမည်၏။ ဝသိဋ္ဌပုတ္တော စသော ပရိယာယ်သည် ဝစနီယတ္ထမည်၏။

မှတ်ချက်။ ။ဤပြယုဂ်တို့ကို မူတခုအနေဖြင့် ကျက်မှတ်ထားပါ။ ထူးခြားရာတို့ကို ဆိုလတ္တံ့သော ပုစ္ဆာ၏အဖြေတို့၌ တွေ့ရပေလိမ့်မည်။

---

● (၅) ဂ-ဝါကျ၌ အာရုဋ္ဌာပုဒ်ကို အာရုဋ္ဌတ္တာဟု ဟိတ်ပြင်လျှင် ရနိုင်သောသမ္ဗန်ပုဒ်ကို ဖော်ထုတ်ပြီး ဘာဝဃောဂပုဒ်၏ ပဋိယတ္တကိုရေးသား၍ အတ္တာနုရူပ(အနက်အားလျော်စွာ)စာစပ်ခဲ့ပါ၊

http://www.dhammadownload.com



ဖြေ။ ။ဂ-ဝါကျ၌ အာရုဠှာပုဒ်ကို အာရုဠှတ္တာဟု ဟိတ်ပြင်လျှင် ရနိုင်သော သမ္ဗန်ပုဒ်ကား တေသယ ပထမ မဟာသင်္ဂီတိယာနာမတည်း။ (ပထမ မဟာသင်္ဂီတိနာမ သော်ကို သမ္ဗန်ခံသည်။)

ဘာဝယော်ဂပုဒ်၏ ပစ္စယတ္တကား ကမ္မတ္တတည်း။

အတ္တာနုရှုပစပ်ပုံ။ တေသယ ပထမ မဟာသင်္ဂီတိယာနာမ ကား-၏ဟု အနက်ပေးသောကြောင့် အာရုဠှတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန်။ တ္တ ပစ္စည်းကား သမ္ဗန္ဓီတည်း။

ကေသယ ပထမ မဟာသင်္ဂီတိယာနာမ ကား ကို-ဟု အနက်ပေး သောကြောင့် အာရုဠှတ္တာဝယ် အာရုဠှဟူသော ဘာဝယောဂပုဒ်၌ကမ္မ။ အာရုဠှဟူသော ဘာဝယောဂ-ပုဒ်ကား ကမ္မီ တည်း။

## ဟိတ်သမ္ဗန်ခံရာ၌ မှတ်သားဖွယ်

ဟိတ်သမ္ဗန်ခံရာ၌၊ ဝါ-ဟိတ်၏ သမ္ဗန်ကိုဖော်ထုတ်ရာ၌ ဖော်ပြပါ အချက်တို့ကို စည်းသေမှတ်သားပါ။

* (က) ဟိတ်ဆိုက်လေရာ၊ ကြိယာ၏၊ ပကတိမှန်၊ ကတ္တားကံ၊ ဟိတ်၏ သမ္ဗန်ခံမြဲတည်း။ (ရွှေရေးဆောင်)
* (ခ) ကတ္တားဟောက၊ ကတ္တားပဲ၊ ကမ္မ- ကံကိုသာ။ (သစ်)
* (ဂ) ဘာဝရှေ့ပုဒ်၊ လာသည့်ပုဒ်၊ မယုတ် အရတူ။
(အာချာတ်သာမိ)

(က) နိယံဖြင့် ဟိတ်ဆိုက်ရာ စပ်ရာကြိယာကို ရှေးဦးစွာ ရှာဖွေပါ။ ၎င်းဟိတ်ဆိုက်ရာ စပ်ရာကြိယာ၏ ပကတိကတ္တား ဝိကတိကတ္တား-ဟု ကတ္တားနှစ်ခုရှိနေလျှင် ပကတိကတ္တားကိုသာ သမ္ဗန်ခံပါ။ ပကတိကံ ဝိက တိကံဟု ကံနှစ်ခုရှိနေလျှင် ပကတိကံကိုသာ သမ္ဗန်ခံပါဟု ပြသည်။ ဤ ကား ဟိတ်သမ္ဗန်ရှာဖွေရာ၌ ပထမစဉ်းစားရမည့် စည်းကမ်းတည်း။

(ခ) နိယံဖြင့် ဟိတ်စပ်ရာကြိယာသည် ကတ္တားဟောကြိယာဖြစ်မူ ကတ္တားကို သမ္ဗန်ခံပါ။ ကံဟောကြိယာဖြစ်မူ ကံကိုသမ္ဗန်ခံပါဟုပြသည်။ ဤကား ဟိတ်သမ္ဗန်ရှာဖွေရာ၌ ဒုတိယစဉ်းစားရမည့် စည်းကမ်းတည်း။

http://www.dhammadownload.com



(ဂ) နိယံဖြင့်ကား ဤသို့ ပြ၏။ က-ခ-စည်းကမ်းတို့အရ သမ္ဗန်ပုဒ်ကိုရှာဖွေပြီးလျှင် ၎င်းသမ္ဗန်ပုဒ်နှင့် ဘာဝယောဂပုဒ်တို့ အရ တူ-မတူသည် အရေးအကြီးဆုံးအချက်ဖြစ်ပေသည်။ အရမတူလျှင် ၎င်းသမ္ဗန်သည် မမှန်ကန်သေး။ အရတူမှသာလျှင် မိမိခံသောသမ္ဗန်သည် မှန်ကန်ပြီဟု ဂ-နိယံကပြပေသည်။ ဤတတိယစည်းကမ်းသည် နောက်ဆုံးစဉ်းစားရမည့်အသားတင်စည်းကမ်းဟုမှတ်လေ။ ဆိုလိုရင်းကား ဘာဝယောဂပုဒ်နှင့် အရတူသောပုဒ်ကိုသာ လာသမ္ဗန်ပုဒ် ပြုလုပ်ရမည်ဟု ဆိုလိုပေသည်။

## ဘာဝယောဂပုဒ်

ဘာဝယောဂပုဒ်ဟူသည် ဘာဝသဒ္ဒါနှင့် ယှဉ်သော ပုဒ်မျိုးတည်း။ အာရုဠှတ္တာပုဒ်ကို ဝစနတ္ထပြုလျှင် "အာရုဠှာယ ဘာဝေါ အာရုဠှတ္တံ၊ တဿာ အာရုဠှတ္တာ" ဟုပြုရမည်။ ၎င်းဝစနတ္ထအခိုက်၌ ဘာဝနှင့် အတယ်ပုဒ်သည် ယှဉ်သနည်းဟု သတိပြုပါ။ အာရုဠှာပုဒ်သည် ဘာဝသဒ္ဒါနှင့် ယှဉ်နေသည်ကိုတွေ့ရပေမည်။ ထို့ကြောင့် အာရုဠှာပုဒ်ကို ဘာဝယောဂ (ဘာဝနှင့်ယှဉ်သော) ပုဒ်ဟုခေါ်ပေသည်။ ၎င်းအာရုဠှာဟူသော ဘာဝယောဂပုဒ်ကို ဘာဝရှေ့ပုဒ် ဟူ၍ လည်းကောင်း ဘာဝသမ္ဗန်ပုဒ်ဟူ၍ လည်းကောင်း ခေါ်သေးသည်။ "အာရုဠှာယဘာဝေါ" ဝစနတ္ထအခိုက်၌ ဘာဝသဒ္ဒါ၏ရှေ့၌ တည်သောကြောင့် ဘာဝရှေ့ပုဒ်။ အာရုဠှာယကို ၏-ဟု အနက်ပေးရသဖြင့် ဘာဝသမ္ဗန်ပုဒ်၊ ဝါ-အာရုဠှာယကို ဘာဝေါ၌ သမ္ဗန်စပ်ရသဖြင့် ဘာဝသမ္ဗန်ပုဒ်-ဟု ခေါ်ပေသည်။

## ဘာဝယောဂ၏ ပစ္စယတ္ထ

နံပါတ် ၅-၌ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို မေးခြင်းပါဝင်သည်။ ဘာဝယောဂ၏ပစ္စယတ္ထသည် ကတ္တုတ္ထ၊ ကမ္မတ္ထ နှစ်မျိုးသာ ရှိသင့်သည်ဟု ဤစာရေးသူက ယူဆပေသည်။ ရှင်းပါဦးအံ့။ လာသမ္ဗန်ပုဒ်ကိုဘာဝယောဂပုဒ်၌ စာစပ်လျှင် ကတ္တား၊ ကံနှစ်မျိုးတွင် ကတ္တား၊ သို့မဟုတ်-ကံတမျိုးမျိုးသာလျှင် စပ်နိုင်ပေသည်။ ယင်းသို့စပ်နိုင်ခြင်းသည် ဘာဝယောဂပုဒ်၌ ပါဝင်နေသော ပစ္စည်းက ဝါစက မတပ်လျှင် စပ်နိုင်မည် မဟုတ်ပေ။

http://www.dhammadownload.com



ထို့ကြောင့် ပစ္စယတ္တသည် ကတ္တုထ္ထ,ကမ္မတ္ထ နှစ်မျိုးသာ ရှိသင့်သည်ဟု ယူဆခြင်းဖြစ်သည်။

## ဟိတ်၏သမ္ဗန်ကို စာစပ်ပုံ

သမ္ဗန်ပုဒ်ကိုစာစပ်ရာ၌ ကတ္တား, ကံ, သမ္ဗန်စပ်ခြင်း သုံးမျိုးကိုသာ စဉ်းစားရမည်။ ဘာဝယောဂပုဒ်သည် ကတ္တားဟောဖြစ်အံ့၊ ကတ္တား၊ သမ္ဗန်နှစ်ချက်သာစပ်ရမည်။ ကံဟောဖြစ်မူ၊ ကံ-သမ္ဗန်-နှစ်ချက်သာ စပ်ရမည်။ စာစပ်ပုံအကျယ်ကို အောက်ပါနိယံတို့နှင့် အကျယ်ရှင်းလင်းချက်တို့ကို ရှု၍သိပါလေ။

* တ္တ တာ-သမ္ဗန်၊ ဤနှစ်တန်ကို၊ ကံနှင့်ကတ္တား၊ နက်ပြန်ငြား က၊ ဘာဝရှေ့ပုဒ်၊ ဘာဝယုဂ်မှာ၊ အန္တတ္တာတွင်၊ စပ်ရာမြဲ မှတ်၊ ၏ပြန်လတ်က၊ ဗာဟုလ္လတ္တမှာစပ်ရမြဲ။ (ဘုရားကြီး)
* တ္တ တာ-သမ္ဗန်၊ ဤနှစ်တန်ကို၊ ကံနှင့်ကတ္တား၊ နက်ပြန်ငြား က၊ တုလျ-လိင်၊ သဘာဝကြောင့်၊ ဘာဝယောဂ၊ သမ္ဗန္ဓ၊ စပ်ရဝစ်-ဝါပေ။ (ရွှေရေးဆောင်)
* ၏-ပေးဘိက၊သတ္တိမန္တ၊ စွန့်ပစ်ချ၍၊ အရသတ္တိ၊ ဇာတိပဥ္စာ၊ ထိုက်စွာယူရ၊ သဘာဝကြောင့်၊ တ္တ တာ-ဋ္ဌသာ၊ စပ်ရပါ၊ မြဲစွာမှတ်ကြလေ။ (ရွှေရေးဆောင်)

## အကျယ်ရှင်းလင်းချက်

အာရုဠ္ဟတ္တာ ဟူသော ဟိတ်၏သမ္ဗန်ကို ဘာဝတဒ္ဓိတ် တ္တပစ္စည်း၏ သမ္ဗန်ဖြစ်သောကြောင့် တ္တ သမ္ဗန်ဟုခေါ်သည်။ အကယ်၍ ဟိတ်ပုဒ်ကို တာ-ပစ္စည်းဖြင့် အာရုဠ္ဟတာယဟု ရေးသော် ၎င်း၏သမ္ဗန်ကို ဘာဝ တဒ္ဓိတ် တာ ပစ္စည်း၏ သမ္ဗန်ဖြစ်သောကြောင့် တာ သမ္ဗန်ဟု ခေါ်နိုင် ပြန်သည်။ နိယံ၌ "တ္တ တာ သမ္ဗန်၊ ဤနှစ်တန်ကို" ဟူသည် တ္တပစ္စည်း တာ ပစ္စည်း၏ သမ္ဗန် နှစ်မျိုးဟု ဆိုလိုပေသည်။ အမြွက်ဖြင့် အာရုဠ္ဟတ္တာဟိတ်၏ သမ္ဗန်ဖော်ထုတ်ပုံကို ပြန်ရှုပါ။

"ပကတျတ္ထေတ္တ အန္တတ္တော၊ ဗာဟုလ္လတော ဒုတိယာဒျတ္ထော" ဟူသော ဘောဓိစိန္တာနှင့်အညီ ပကတိဖြစ်သော လိင်ဓာတ်၏ အနက်သည်

http://www.dhammadownload.com



အန္တတ်၊ ဝါ-အန္တတ္တမည်၏။ ဒုတိယာစသောဝိဘတ် တ္တ, တာစသော ပစ္စည်း၏အနက်သည် ဗဟျတ်၊ ဝါ-ဗာဟျတ္တမည်၏။

ဟိတ်၏သမ္ဗန်ပုဒ်ကို ကံ၊ သို့မဟုတ် ကတ္တားအနက်ပေးမှု ဘာဝ ယောဂဟူသော ရှေ့ပုဒ်အန္တတ်၌စပ်ပါ။ ၏-ဟု အနက်ပေးမှု တ္တ-ပစ္စည်း သို့မဟုတ် တာပစ္စည်းဟူသော ဗာဟျတ်မှာစပ်ပါဟု "ကံနှင့် ကတ္တား "လ" ဗာဟျတ္တမှာစပ်ရမြဲ" ဟူသော နိယံက ပြပေသည်။

ရှေးရေးဆောင် နိယံနှစ်ပုဒ်တို့တွင် ပထမပုဒ်ဖြင့် ကံ-ကတ္တားအနက် ပြန်ခိုက် သမ္ဗန်ပုဒ်နှင့် ဘာဝယောဂပုဒ်တို့ အရတူသော တုလျ-လိင်္ဂတ် သဘောရှိနေသည်။ (ရှိ မရှိ ရေးပြီး ဟိတ် သမ္ဗန်ခန်းကိုရှုပါ) ထိုသို့ အရတူနေသောကြောင့် ဝစ္စ-ဝါစကစပ်ပါ။

ဝစ္စဝါစကစပ်ဆိုသည် ကတ္တားဖြစ်လျှင် သမ္ဗန်ပုဒ်က ကတ္တား, ဘာဝ ယောဂပုဒ်က ကတ္တိ၊ ကံဖြစ်လျှင် သမ္ဗန်ပုဒ်က ကမ္မ, ဘာဝယောဂပုဒ်က ကမ္မိ စပ်ပါဟု စာစပ်ပုံကို အတိအကျ ဖော်ပြပေသည်။ အချို့ဆရာတို့၏ သမ္ဗန်ကိုဝစ္စ, ဘာဝယောဂကို ဝါစက သာမန်မျှ စပ်ကြသည်ကား "စပ်ရဝစ်-ဝါပေ" ဟူသော နိယံအတိုင်းကျသည်ဟု ယူဆရန်ရှိသော် လည်း ကတ္တုဝစ္စလော, ကမ္မဝစ္စလော, ကတ္တုဝါစကလော, ကမ္မ ဝါစက လောဟု ပေါ်လွင်မှုမရှိသဖြင့်လည်းကောင်း၊ စာစပ်ရိုး ထုံးတမ်းနှင့် မညီသောကြောင့်လည်းကောင်း သင့်အံ့မထင်ပေ။

ဒုတိယပုဒ်ဖြင့် ၏-ပေးသောအခိုက်၌ သမ္ဗန်ပုဒ်ဝယ် သတ္တိမန္တ၊ ဝါ-ဒြဗ်သဘောမရှိ၊ သတ္တိ, ဂုဏ်, သကတ်သဘောမျှသာ ရှိတော့သဖြင့် ဘာဝယောဂ၌ ကတ္တားဟူ၍လည်းကောင်း၊ ကံဟူ၍လည်းကောင်း မစပ် နိုင်တော့ပဲ သမ္ဗန်နှင့်ဆိုင်သော တ္တ-ပစ္စည်း, သို့မဟုတ် တာ-ပစ္စည်း တခုခု၌သာ သမ္ဗန်, သမ္ဗန္ဓီအဖြစ်ဖြင့် စပ်လေဟု ပြပေသည်။

အချို့က နိယံ၌လာသော အကြောင်းပြစကားအတိုင်း သတ္တိမန္တ သတ္တိဟုသာ စပ်ကြသည်ကိုကား သဘောမကျပေ။

ဟိတ်သမ္ဗန်နှင့်စပ်သော ဟေတုမန္တ ဝိသေသနဟိတ် စသည်တို့ကို သက်ဆိုင်ရာ အဖြေတို့၌ ထည့်သွင်းမည်ဖြစ်၍ ဤအရာ၌ ဤမျှကိုသာ သဘောကျအောင် ရှုပါလေ။

http://www.dhammadownload.com



● (၇) ကရုဏာသီတလဟဒယံ၌ ကရုဏာသဒ္ဒါ၊ ဟဒယသဒ္ဒါ တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။ကရုဏာသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ကိရတိ တိကရုဏာ၊ ဒုက္ခိတေသုဝ ါ ကိရိယတိ ပသာရိယတီတိ ကရုဏာဟူသော ဝစနတ္ထအရသော် ကိရဓာတ်,ဥနပစ္စည်း ကိရုနာဟူလိုလျက် ကိ၌ ဣ-သရကို အ-ပြုခြင်း ဝဏ္ဏဝိကာရ,ဒန္တဇ-နကိုမုဒ္ဓဇ-ဏပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိ နည်းဖြင့် ကရုဏာဟု ပြီးပါသည်။

ကိနာတီတိ ကရုဏာ ဟူသော ဝစနတ္ထအရသော် ကိဓာတ်, ဥန ပစ္စည်း။ ကိ ဥနဟူလိုလျက် ကိ-၌ ဣ-ကို အ-ပြုခြင်းဝဏ္ဏဝိကာရ, ဥ-သရ ရှေ၌ ရ-လာခြင်းဝဏ္ဏာဂမ,ဒန္တဇ-န-ကို မုဒ္ဓဇဏပြုခြင်းဝဏ္ဏဝိကာရနိရုတ္တိ နည်းဖြင့် ကရုဏာဟု ပြီးပါသည်။

ကံ သုခံ ရုန္ဓတီတိ ကရုဏာ ဟူသော ဝစနတ္ထအရသော် က- သဒ္ဒူပပဒ ရုဓိဓာတ်, ယုပစ္စည်း၊ ဓ-ကိုချေခြင်း ဝဏ္ဏလောပ, ဝါ-ဝဏ္ဏ နာသ၊ ယုပစ္စည်းအနပြု၍ န-ကို ဏပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ကရုဏာဟု ပြီးပါသည်။

ပရဒုက္ခေ သတိ သာဓူနံ ကမ္ပနံ ဟဒယခေဒံ ကရောတီတိ ကရုဏာ ဟူသော ဝစနတ္ထအရသော် ကရဓာတ်, ဥနပစ္စည်း ကရုနာ ဟူလိုလျက် န-ကို ဏပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ကရုဏာဟု ပြီးပါသည်။

ဟဒယသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ဟရဓာတ်, ယပစ္စည်း၊ ဟရယဟူလိုလျက် ရ-ကို ဒ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဟဒယံ ဟု ပြီးပါသည်။

မှတ်ချက်။ ။ဝဏ္ဏရ-ကရတျာဒိ မောဂ္ဂလာနသုတ္တေန ကုနော ဟူသော ပါဠိဇီကဏ်ယောဇနာ။ ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တီတိ သုတ္တေနဥနပစ္စယောဟူသော အဋ္ဌသာလိနီယောဇနာတို့အလိုကုနပစ္စည်း, ဥနပစ္စည်းဟုဆိုသည်။ ဤအလိုအတိုင်းဖြေဆိုထားပေသည်။ သူစိဉ္စကား ဥဏပစ္စည်းဟု မုဒ္ဓဇဏနှင့် လာသေးသည်။

နိရုတ္တိနည်းအဓိပ္ပါယ်မှာ အကျယ်ရေးဖွယ်မလို၊ ပုဒ်စစ်၌ အပြည့် အစုံ ပုံစံနှင့်တကွပါပြီးဖြစ်၍ ကျက်မှန်ရန် ပါဠိဂါထာမျှ ဖော်ပြလိုက်

http://www.dhammadownload.com



ပေးသည်။ နိရုတ္တိနည်းဖြေဆိုရာ၌ ဝိဂ္ဂဟထည့်၍ ဖြေစရာမလို ဝိဂ္ဂဟညာဏ် ရင့်သန်စေရန် ထည့်လိုက်ပေးသည်။

† ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော၊
ဒွေစာပရေ ဝဏ္ဏဝိကာရနာသာ၊
ဓာတူနမတ္ထာတိသယေန ယောဂေါ၊
တဒုစ္စတေ ပဉ္စဝိဓာ နိရုတ္တိ။

† အတ္တနော သဘာဝံ ဟရတီတိ ဟာဒယံ၊ ရကာရဿ ဒကာ ရံ ကတ္ဝာတိ နေရုတ္တိကာ။ (ဋီသစ်)

---

● (ဂ) ပါရာဇိကဏ် အဋ္ဌကထာ၌ ကရုဏာကို အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပညာကို ပဓာနထား၍ ပဏာမပြုသကဲ့သို့ မပြုမူ၍ ဤအဋ္ဌကထာ၏ပဏာမ၌ အဘယ့်ကြောင့် ကရုဏာသီတလဟဒ ယံ ပညာပဇ္ဇောတဝိဟတမောဟတမံဟု ကရုဏာပညာနှစ်ပါးလုံး ကို ပဓာနထား၍ ပဏာမပြုပါသနည်း။

ဖြေ။ ။သုတ္တန်ဒေသနာသည် ကရုဏာပညာနှစ်ပါးစုံ ပြဋ္ဌာန်း၏။ ဝိနည်းဒေသနာကဲ့သို့ ကရုဏာသာပြဋ္ဌာန်းသည်မဟုတ်။ အဘိဓမ္မာ ဒေသနာကဲ့သို့လည်း ပညာသာပြဋ္ဌာန်းသည်မဟုတ်။ ထို့ကြောင့် သုတ္တန် ဒေသနာ၏အဖွင့် ဤအဋ္ဌကထာပဏာမ၌ မိမိရေးသား ဖွင့်ဆိုလတ့်သော ကျမ်းအားလျော်စွာ ကရုဏာပညာနှစ်ပါးကို ပဓာနထား၍ ပဏာမပြု ပါသည်။ ဤသို့ပဏာမပြုခြင်းကား ကျမ်းပြုဆရာတို့၏ သဘောတိထွာ ဓမ္မတာပင်တည်း။

† သော ဟိ အာစရိယာ ပကတိ ယဒိဒံ အာရမ္ဘာနုရူပ ထောမနာ။ (ဋီသစ်)

---

● (ဂ) ဗုဒ္ဓပဏာမ၌ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံဟူ၍ လည်း ကောင်း, ဓမ္မပဏာမ၌ ဝန္ဒေ တမနုတ္တရံ ဓမ္မံ ဟူ၍လည်းကောင်း သိရသာဟူသော ကရိုဏ်းဖြင့် မဆိုမူ၍ သံဃပဏာမ၌ အဘယ့် ကြောင့် သိရသာ ဝန္ဒေ အရိယသံဃံဟု သိရသာဒဟူသောကရိုဏ်း ဖြင့် အထူးပြု၍ ပဏာမပြုရပါသနည်း။

http://www.dhammadownload.com



ဖြေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ဘုရားရတနာ တရားရတနာတို့ကို သိရခြင်းသည် သံဃာရတနာနှင့် စပ်သည်ဖြစ်၍ အရိယာသံဃာ၏ ကျေးဇူးများသည်၏အဖြစ်ကိုပြလိုသောကြောင့် သံဃပဏာမဥ္စသာ သိရသာဟူသော ကရိုဏ်းဖြင့် အထူးပြု၍ ပဏာမပြုရပါသည်။

† ဘဂဝမတာ အပရာဘာဂေ ဗုဒ္ဓမမ္မရတနာနမ္ပိ သမဓိဂမော သံဃရတနာဓိနောတိ အရိယသံဃဿ ဗဟူပကာရတံ ဒဿေတုံ ဣဓေဝ သိရသာ ဝန္ဒေတိ ဝုတ္တံ။ (သီဋီသစ်)

---

● (၉) က-ဝါကျဂါထာကိုဆန်းစစ်၍ ဂါထာ အမည်ကို မှန်ကန်စွာ ရေးသားခဲ့ပါ။

ဖြေ။ ။ဂါထာဆန်းစစ်ပုံနှင့် ဂါထာအမည်။

| | | | |
|---|---|---|---|
| ကရုဏာ | သီတလ | ဟဒယံ၊ | |
| ၁၁၂ | ၂၁၁ | ၁၁၂ | |
| သ | သ | သ | |
| ပညာ | ပဇ္ဇောတ | ဝိဟတ | မောဟတမံ၊ |
| ၂၂, | ၂၂,၁ | ၁၁၁, | ၂၁၁,၂ |
| မ | မ | န | ဘ ဂ |
| သနရာ | မရလော | ကဂရုံ၊ | |
| ၁၁၂, | ၁၁၂, | ၁၁၂, | |
| သ | သ | သ | |
| ဝန္ဒေ | သုဂတံ | ဂတိ ဝိမုတ္တံ၊ | |
| ၂၂, | ၁၁၂, | ၁,၁၁၂,၂ | |
| မ | သ | လ သ ဂ | |

ပဗ္ဗာ၀ယ် ဆဋ္ဌဂိုဏ်းအရာ၌ န, ဂိုဏ်းရှိခြင်း။ ဆဋ္ဌဂိုဏ်းမှ တပါး ခြောက်ဂိုဏ်း ရှိခြင်း။

http://www.dhammadownload.com



အပရစုဝယ် ဆဋ္ဌဂိုဏ်းအရာ၌ လဟုရှိခြင်း။ ဆဋ္ဌလဟုမှ တပါး ခြောက်ဂိုဏ်း ရှိခြင်း။

ပုဗ္ဗစုအပရစု နှစ်ပါးလုံး၌ ဝိသမဌာနတို့၌ ဇ,ဂိုဏ်းမရှိခြင်း။ ဆဋ္ဌ အဋ္ဌမ ဌာနတို့မှတစ်ပါးသော သမဌာနတို့၌ မ,သ,ဇ,ဘ,န-ငါးဂိုဏ်းတို့ တွင် တစ်ဂိုဏ်းဂိုဏ်းရှိခြင်း။ ပါဒန္တဂရုရှိခြင်း။ ပုဗ္ဗစု၌ မတြာသုံးဆယ်၊ အပရစု၌မတြာနှစ်ဆယ့်ခုနစ်,ပေါင်းငါးဆယ့်ခုနစ် တြောရှိခြင်းဟူသော လက္ခဏာတို့နှင့် ပြည့်စုံရကား "အရိယာသာမညဂါထာ" မည်ပါသည်။

မှတ်ချက်။ ။အဋ္ဌကထာလာ ဂါထာတို့၏ ဂါထာအမည် ဆန်း အမည်တို့ကို နောက်ပိုင်း ဆန္ဒာလင်္ကာရ ဝိမိတိကလ္လာသို့ကျော်၍ရှုပါလေ။ အပြည့်အစုံ တွေ့ရပေလိမ့်မည်။

---

● (၉) ကရုဏာသီတလဟဒယံစသောဂါထာ၌ ဘာဝဝိဘာဝ, အနုဘာဝတို့ကို ဖော်ပြပါ။

ဖြေ။ ။ဝန္ဒေ ကြိယာအရ ရှင်မဟာ ဗုဒ္ဓဃောသ မထေရ်၏ ပဏာမ စေတနာသည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂ်ါရရသ မည်၏။

သုဂတံအရ မြတ်စွာဘုရားဒြဗ်သည် အာရမ္မဏဝိဘာဝ မည်၏။

ကရုဏာကြောင့် ချမ်းမြေ့သော နှလုံးရှိတော်မူခြင်းဂုဏ်, အရဟတ္တ မဂ်ပညာ တည်းဟူသော ဆီမီးရောင်ဖြင့် ဖျောက်အပ်ပြီးသော အဝိဇ္ဇာ တည်းဟူသော အမိုက်ရှိတော်မူခြင်းဂုဏ်, လူနတ်တို့နှင့် တကွ ဖြစ်သော သတ္တလောက၏ ဆရာဖြစ်တော်မူခြင်းဂုဏ်,ဂတိငါးပါးမှလွတ်တော်မူပြီး ခြင်းဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။

အန္တရာယဝိသောဓနေ, ဂန္ထသိဒ္ဓိ အကျိုးအစ နိဗ္ဗာန်တိုင်အောင်သော အဆက်ဆက်သော အကျိုးတို့သည် အနုဘာဝမည်၏။

မှတ်ချက်။ ။တုလျာဓိကရဏ ဝိသေသန ပုဒ်မျိုးကို ဥဒ္ဒီပန ဝိဘာဝ, တုလျာဓိကရဏ ဝိသေသျပုဒ်မျိုးကို အာရမ္မဏဝိဘာဝ ထုတ်ရ သည်။ ဤဂါထာကဲ့သို့သော ဝိသေသန ဝိသေသျစုံလင်သောအရာမျိုး၌ အခြားအရဟံစသောဂုဏ်တော်သည်ဥဒ္ဒီပနမည်၏ဟုထုတ်ရန်မလို။ ဂါထာ တခုလုံးကိုဖြစ်စေ,ဝါကျတခုလုံးကိုဖြစ်စေ အစိတ်ကြိယာတစ်ခုခုကိုမသုံး

http://www.dhammadownload.com



သတ်ပုံမေးလျှင် တစ်ဂါထာလုံး တစ်ဝါကျလုံး၏ ပဓာနကြိယာကိုရှာ၊ ၎င်းကြိယာအရ ဖြစ်သင့်သောတရားကို ဌာယီဘာဝထုတ်ရပေသည်။ ပုံစံတို့ကို ဆန္ဒာလင်္ကာရဝိစိတ်ကဏ္ဍသို့ ကျော်၍ ရှုပါလေ။

---

(က) ကိဿ ပန ထေရော ဧကေနူန မကာသီတိ။
(ခ) အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏတ္ထံ။
(ဂ) တေန ဟာယသ္မတာ သဟာပိ ဝိနာဂိ န သက္ကာ ဓမ္မ သင်္ဂီတိံ ကာတုံ။
(ဃ) သောဟာယသ္မာ သေက္ခော သကရဏီယော၊ တသ္မာ သဟာပိ နသက္ကာ။
(င) ယသ္မာ ပနဿ ယံကိဉ္စိ ဒသဗလေန ဒေသိတံ သုတ္တ ဂေယျာဒိကံ အပစ္စက္ခံနာမ နတ္ထိ။ ။
ယထာဟ—

ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊
ဒွေ သဟဿာနိ ဘိက္ခုတော။
စတုရာသီတိသဟဿာနိ၊
ယေ မေ ဓမ္မာ ပဝတ္တိနောတိ။

တသ္မာ ဝိနာပိ န သက္ကာ။ ။

● (၁) က-ဝါကျကို ကိဿ၌ သ ဝိဘတ်ဖြစ်သင့်သော အနက်ကိုရှု၍ ကျနစွာ အနက်သမ္ဗန်ခဲ့ပါ။

ဖြေ။ ။ပန၊ စောဒနာ သောဓနာကိုဆိုဦးအံ့။ ကိဿ၊ အဘယ့်ကြောင့်။ ထေရော၊ ရှင်မဟာကဿပမထေရ်သည်။ ဧကေန၊ တစ်ယောက်ဖြင့်။ ဦနံ၊ ယုတ်သည်ကို အကာသိ၊ ပြုသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ (ဤအနက်ကား ကိဿ၌ သ, ဝိဘတ်သည်, ကာရဏတ္ထ၊ ဝါ-ဟေတွတ္ထတည်း။)

ပန၊ စောဒနာ သောဓနာကိုဆိုဦးအံ့။ ကိဿ၊ အဘယ်သူ၏။ ဝါ၊ အဘယ်သူအား။ ဩကာသကရဏတ္ထံ၊ အခွင့်ကိုပြုခြင်းငှာ။ ထေရော၊ သည်။ ဧကေန၊ ဖြင့်။ ဦနံ၊ ကို။ အာကာသိ၊ ပြုသနည်း။

(ဤအနက်ကား ခ-ဝါကျ၌ အာနန္ဒတ္ထေရဿဟူသော ဝိသဇ္ဇနာ ကို မြော်၍ပေးသော သ ဝိဘတ်၏ သာမျတ္ထ,ဝါ သမ္ပဒါနတ္ထတည်း။)

## ဩကာသကရဏတ္ထံ၌ မှတ်ဖွယ်

ဩကာသကရဏတ္ထံ၊ အခွင့်ကိုပြုပြင်းငှာဟု အနက်ပေးမှု အာယ စတုတ္ထေကစနဿတု သုတ်၌ တု သဒ္ဒါဖြင့် သ,ပိဘတ်ကို အတ္ထံပြု။ ဩကာ သကရဏတ္ထံ၊ အခွင့်ကိုပြုခြင်းအကျိုးငှာဟု ပေးမှု ဩကာသကရဏတ္ထံ၌ အတ္ထသဒ္ဒါ အကျိုးဟော၊ သ,ဝိဘတ်ကို အံ-ပြု၊ ဩကာသကရဏတ္ထံ၊ အခွင့်ကို ပြုလိုခြင်းဟူသော အကြောင်းကြောင့်ဟု အနက်ပေးမှု အတ္ထ သဒ္ဒါအကြောင်းဟော, ဟိတ်အနက်၌ ပထမာသက်၍ပြီးသည်။

† ဩကာသကရဏတ္ထန္တိ ဩကာသကရဏနိမိတ္တံ ဩကာသ ကရဏဟေတု၊ အတ္ထသဒ္ဒေါ ဟိ ဆဏတ္ထာယ နိက္ခမိတွာ မိဿ ကပဗ္ဗတံ အဘိရူဟတူတိ အာဒီသုဝိယ ကာရဏဝစနော။ ကိဿဟေတူတိ အာဒီသုဝိယ စ ဟေတွတ္ထေ ပစ္စတ္တဝစနံ။ (သီ-ဋီ-သစ်)

---

● (၂) ခ-ဝါကျကို အနုသန္ဓေ, ဂ-ဝါကျကို သာဘောဂါ ယုတ္တပုစ္ဆာ, ဃ-ဝါကျကို စောဒနာတက်ခဲ့ပါ။

ဖြေ။ ။ခ-ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ က-ဝါကျဖြင့် အဘယ့်ကြောင့် ရှင်မဟာကဿပ မထေရ် သည် တစ်ယောက်ဖြင့်ယုတ်သည်ကို ပြုသနည်းဟု အမေးပုစ္ဆာကိုပြတော် မူပြီး၍ ယခုအခါ၌ ယင်းအမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကို ပြခြင်းငှာ (ခ) ဝါကျကိုမိန့်။

## ဂ-ဝါကျ သာဘောဂါ ယုတ္တပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် အရှင်အာနန္ဒာ မထေရ်အား အခွင့်ကိုပြုခြင်းငှာ ရှင်မဟာကဿပမထေရ်သည် တစ်ယောက်ဖြင့် ယုတ် သည်ကိုပြုသောဟု ဆိုတော်မူ၏။ (ထပနာ)

http://www.dhammadownload.com



ထိုအရှင် အာနန္ဒာမထေရ်နှင့် တကွလည်း သင်္ဂါယနာတင်ကောင်း, ကင်း၍လည်း သင်္ဂါယနာတင်ကောင်းသည် မဟုတ်ပါလော။ (ဂ-ဝ ါကျ ဌ် န-ကိုပယ်၍ အာဘောာ်ထားသည်။)

ထို အရှင်အာနန္ဒာမထေရ်ကို သွင်းလိုလည်း သွင်းသင့်။ (ဝိနာပိကို ရှောင်သည်) ကြဉ်လိုလည်းကြဉ်သင့် (သဟာပိကိုရှောင်သည်) သည် မဟုတ်ပါလော။ (ပါရာဇိကဏ်ဂဏ္ဌိသစ်အာဘော်)

ယင်းသို့ဖြစ်ပါလျက် သွင်းသော်လည်း မသွင်း, ကြဉ်သော်လည်း မကြဉ်ပဲ အဘယ့်ကြောင့် အရှင်အာနန္ဒာမထေရ်အား အခွင့်ကိုပြုခြင်းငှါ ရှင်မဟာကဿပမထေရ်သည် တစ်ယောက်ဖြင့် ယုတ်သည်ကို ပြုပါသနည်း။ (ပုစ္ဆာ)ဤသို့သူမေးဖွယ်ရှိသောကြောင့်ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) ဝ ါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဂ-ဝ ါကျဖြင့် ထိုအရှင်အာနန္ဒာမထေရ်နှင့် တကွ လည်းကောင်း, ကင်း၍လည်းကောင်း ဓမ္မသင်္ဂါယနာကိုပြုခြင်းငှါ မတတ်ကောင်းသောကြောင့် ရှင်အာနန္ဒာမထေရ်အား အခွင့်ကို ပြုခြင်းငှါ တစ်ယောက်ဖြင့် ယုတ်သည်ကို ပြု၏ဟု ငါပြဆို၏ ဟူလိုသော်။

**အဓိပ္ပါယ်ပြန်သင့် မပြန်သင့်သောအတက်များ**

အနုသန္ဓေတက်, ပုစ္ဆာတက်, စောဒနာတက် အဘိယာစကတက်ဟု အတက်လေးမျိုးတို့တွင် အနုသန္ဓေတက်, အဘိယာစကတက် နှစ်မျိုး၌ အဓိပ္ပါယ်မပြန်ရ။ ''အဓိပ္ပါယ်ကား'' ဟု ရေးသားခြင်းသည် ဝိသဇ္ဇနာ အဖြေသဘောပင်ဖြစ်၍ ပုစ္ဆာတက်,စောဒနာတက်ဟူသော အမေးပုစ္ဆာ သဘောသက်ရောက်သော အတက်မျိုး၌သာ အဖြေ ဝိသဇ္ဇနာသဘောရှိ သော''အဓိပ္ပါယ်ကား''ဟုအဓိပ္ပါယ်ပြန်ခြင်းမျိုးကိုလိုအပ်ပေသည်။ အနု သန္ဓေတက်သည် ရှေ့စကား နောက်စကား စပ်ခြင်းမျှသာ ဖြစ်၍လည်း ကောင်း, အဘိယာစကတက်သည်လည်း လျှောက်ထား တောင်းပန်ကာ မျှသာဖြစ်၍ လည်းကောင်း အမေးပုစ္ဆာသဘော မသက်ရောက်သဖြင့် အဖြေဝိသဇ္ဇနာကို မလိုအပ်ရကား အဓိပ္ပါယ်ပြန်ရန်မလိုပေ။

* ဘိယာစကေ၊ နုသန္ဓေဟု၊ နှစ်ထွေကျမ်းတက်၊ မေးမဖက်၍၊
ရေးချက်ပိုမို၊ ဖြေ·မလိုကြောင့်၊ စာကိုချယ်၊ လှယ်အဓိပ္ပါယ်၊
ပြန်ဖွယ်မရှိပြီ။ (သစ်)

http://www.dhammadownload.com



## ဃ-ဝါကျ စောဒနာတက်ပုံ

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် ရှင်အာနန္ဒာမထေရ်နှင့် တကွ လည်းကောင်း, ကင်း၍လည်းကောင်း ဓမ္မသင်္ဂါယနာကို ပြုခြင်းငှါ မတတ်ကောင်းဟု ဆိုတော်မူ၏။ (ဂ-ဝါကျဘာသာပြန်၍ ထပနာထား)

အဘယ့်ကြောင့် ရှင်အာနန္ဒာမထေရ်နှင့် တကွ ဓမ္မသင်္ဂါယနာကို ပြုခြင်းငှါ မတတ်ကောင်းပါသနည်း။ (ပုစ္ဆာ)

ရှင်အာနန္ဒာမထေရ်နှင့်တကွ ဓမ္မသင်္ဂါယနာကို ပြုခြင်းငှါ မတတ်ကောင်းခြင်း၏အကြောင်းကို မပြဆိုလော။ (အာဘောဂ)

အကယ်၍ မတတ်ကောင်းဟူသော အကျိုးကိုသာပြ၍ မတတ်ကောင်းခြင်း၏ အကြောင်းကို မပြဆိုချေသော် ဆရာ့အား ဖလ-ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသရောက်ခဲ့ရာ၏။ (ဒေါသာရောပန-ဒေါသတင်)ဟု သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသောဆရာသည် (ဃ) ဝါကျကိုမိန့်၏။

အဓိပ္ပါယ်ကား။ ထိုအရှင်အာနန္ဒာမထေရ်၏ ကျင့်ဆဲ သေက္ခသာဖြစ်၍ အထက်မဂ်သုံးပါး အလို့ငှါ ပြုဖွယ်ကိစ္စ ရှိသေးသည်၏ အဖြစ်ကြောင့် ရှင်အာနန္ဒာမထေရ်နှင့်တကွလည်း ဓမ္မသင်္ဂါယနာကို ပြုခြင်းငှါ မတတ်ကောင်းဟု အကြောင်းကိုငါပြဆိုသည်ဖြစ်ရကား သင် တင်တိုင်းသောဖလကာရဏဆန့်သော ဝိရောဓိဒေါသ ငါ့အား မရောက် ဆိုသင့် ဆိုဟန်၏ ဟူလိုသော်။

## စောဒနာတက် ဝါဒစုံ

စောဒနာတက်ရာ၌ ထပနာ, ပုစ္ဆာ, အာဘောဂ်၊ သို့မဟုတ် ထပနာ, အာဘောဂ်,ပုစ္ဆာ ဟူသော ထပနာတိကပုစ္ဆာတက်၌ "အကယ်၍ "လ" ရောက်ခဲ့ရာ၏"တိုင်အောင်သော ဒေါသာရောပန=ဒေါသတင်စကားကို ထည့်သွင်းပြီး အဓိပ္ပါယ်ပြန်ရာ၌ "သင်တင်တိုင်းသော "လ" ဒေါသ ငါ့အားမရောက်"စသော ဒေါသပဟာန=ဒေါသပယ် ဒေါသချ-စကားကိုထည့်သွင်းဖြည့်စွက်၍တင်လျှင် စောဒနာတက်ဟုခေါ်သည်။ ဤကား ဤစာရေးသူတို့၏ ဆရာများ ချရိုးပြုသော ဝါဒတည်း။

http://www.dhammadownload.com



အချို့ဆရာတို့ကား "အာဘောဝ်မပါ၊ မေးခွဲရာ၊ ပုစ္ဆာဟူ၍မှတ်။ အာဘောဝ်နှင့်သာ၊ မေးခွဲရာ၊ စောဒနာဟူ၍မှတ်" ဟူ၍ ထပနာ,ပုစ္ဆာနှင့် တက်လျှင် ပုစ္ဆာတက်။ ထပနာ,ပုစ္ဆာ, အာဘောဝ်နှင့်တက်လျှင် စောဒနာ တက်ဟု ဆိုကြသည်။ ကျမ်းတက်ရာ၌ ဝါဒန္တရတမျိုးဟု မှတ်ယူရသည်။ ဤစာရေးသူကား မိမိဆရာတို့၏ ဝါဒအတိုင်းသာ ရေးသားပါမည်။

မှတ်ချက်။ ။ယထာဟ ချီသောဝါကျသည် အာဂမဒဋ္ဌိကရဏ ဝါကျမျိုးတည်း။ ယင်းဝါကျမျိုး၌ တက်ပုံနည်းမျိုးစုံကို နောက်၌ထင် စွာ တွေ့ရလတ္တံ့။

---

● (၃) က-ဝါကျဖြင့် စောဒနာကိုလည်းကောင်း, ခ-ဝါ ကျဖြင့် ပရိဟာရဘောဂကိုလည်းကောင်း ပြသည်ဖြစ်ရာ လို အပ်သော စောဒကာဘောဂနှင့် ပရိဟာရတို့ကို ဖြည့်စွက်၍ စောဒကာဘောဂ ဒီဝတုက္ကထုတ်ခဲ့ပါ။

ဖြေ။ ။စောဒကာဘောဒီဝတုက္ကထုတ်ပုံ

နနု သကလနဝင် သတ္ထုသာသန ပရိယတ္တိဓရော ခီဏာသဝေါ,အနေ ကသတာ အနေကသဟဿာစ ဟောန္တိ။ (စော+ဘော)

ကိဿ ထေရော ဧကေနူနမကာသိ။ (စော)

နနု အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသာကရဏံ ဟောတိ။

(ပရိ+ဘော)

(တသ္မာ) ထေရော ဧကေနူနမကာသိ။ (ပရိ)

မှတ်ချက်။ ။အဋ္ဌကထာ၌လာသော ထေရော ပန သကလ နဝင်သတ္ထုသာသန ပရိယတ္တိဓရေ စသောဆိုခဲ့ပြီးစကားကိုမှီ၍ ရေးသား အပ်သော ဋီကာသစ်ကြံဆပုံတည်း။

---

● (၄) ဃ-ဝါကျ၌ သေက္ခောပုဒ်ကို ရသင့်သမျှဝစနတ္ထပြု ၍ အသီးသီး ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ သိက္ခတီတိ သေက္ခော။ (ကတ္တုသာနေ သိက္ခခါတ်, ဏပစ္စည်း၊ သိက္ခ ဝိဇ္ဇောပါဒါနေ။) (နီတိ)

http://www.dhammadownload.com



ဝစနာဒိဆက္က။ ။သေက္ခောဟူသော ပုဒ်ပြီးနိုပ္ပန္နသည် ဝစန မည်၏။သိက္ခတိဟူသော ဝိဂ္ဂိုဟ်ဝါကျသည် ဝစနတ္ထမည်၏။ရှင်အာနန္ဒာ မထေရ်၏ ကျင့်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ ဣတိ သဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။ ရှင်အာနန္ဒာဖြစ်သည် ဝစနီယ မည်၏။ သောတာပန္နော သကရဏီယော စသောပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ဝစနတ္ထ။ ။သိက္ခာသု ဇာတော ဘဝေါတိ ဝါ သေက္ခော။ (သိက္ခာသု၊ သိက္ခာသုံးပါးတို့၌။ ဇာတော-ဘဝေါ၊ ဖြစ်သည်တည်း။ သိက္ခပုဒ်+ဏပစ္စည်း,ဇာတတဒ္ဓိတ်၊ ဝါ-ဘဝတဒ္ဓိတ်တည်း။)

ဝစနာဒိဆက္က။ ။သီလ, သမာဓိ, ပညာ၊ ဝါ-အဓိသီလ, အဓိ စိတ္တ, အဓိပညာဟု ဆိုအပ်သော သိက္ခာသုံးပါး၏ ရှင်အာနန္ဒာဖြစ်နှင့် ဂုဏ်, ဂုဏော၊ အာရုံ, အာရမ္မဏိကအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဝစန ဟေတု မည်၏။

ဝစနတ္ထ။ ။ဣက္ခတိ တေယာတိ ဣက္ခာ။ (မဂ္ဂ, ဖလ, သမ္မာ ဒိဋ္ဌိရ၏)သဟ ဣက္ခာယာတိ သေက္ခော။ ဣက္ခာယ၊ မဂ္ဂ,ဖလ,သမ္မာဒိဋ္ဌိ နှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သေက္ခော၊ သေက္ခမည်၏။ (သဟ ပုဗ္ဗပဒ-ဗဟုဗ္ဗိဟိ)

ဝစနာဒိဆက္က။ ။မဂ္ဂဖလ သမ္မာဒိဋ္ဌိနှင့်တကွဖြစ်ခြင်း သဟဝတ္တာ န-ဘောဂုဏ်၏ ရှင်အာနန္ဒာဖြစ်နှင့် ဂုဏ်,ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဝစနဟေတု မည်၏။

မှတ်ချက်။ ။ဤဝစနာဒိဆက္ကထုတ်ရာ၌ ဝစန, ဝစနတ္ထ, ဝစနဟေ တုဇောတက သုံးပါးကား ဝိဂ္ဂိုဟ်ရလျှင် ထုတ်ရန်မခက်ခဲ၊ထို့ကြောင့် နောက်၌ ခက်ခဲသော ဝစနဟေတု, ဝစနီယ, ဝစနီယတ္ထသုံးပါးကိုသာ အဓိကထား၍ ဖော်ပြပါမည်။

---

● (၅) ဃ-ဝါကျ၌ တသ္မာနောက်ဝယ် ဖြစ်သင့်သော ဟိတ် ပုဒ်တို့ကို ဖော်ပြ၍ သမ္ဗန်ကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ။ဃ-ဝါကျ၌ တသ္မာနောက်ဝယ်ဖြစ်သင့်သော ဟိတ်ပုဒ် တို့ကား သေက္ခတ္တာ, သကရဏီယတ္တာ တည်း။ ယင်းဟိတ်ပုဒ်တို့၏ သမ္ဗန်ကား တဿ အာယသ္မတော တည်း။

http://www.dhammadownload.com



## အကျယ်ရှင်းလင်းချက်

တသ္မာ နောက်၌ ဖြစ်သင့်သော ဟိတ်ပုဒ်ကို ဖော်ထုတ်လိုလျှင် ကသ္မာ၌ တ သဗ္ဗနာမ်ပုဒ်အစွဲအတိုင်း ဟိတ်ပုဒ်ပြင်၍ ဖော်ထုတ်ရသည်။ က သဗ္ဗနာမ်ပုဒ်နှင့်အရတူကို ဟိတ်ပြင်ရသည်ဟု ဆိုလိုသည်။ ဖော်ပြပါ ဝါကျ၌ တသ္မာပုဒ်ကိုကျနစွာစွဲ၍ အနက်ပေးလိုလျှင် "သောဟာယသ္မာ သေက္ခော သကရဏီယော" ဟူသော အကြောင်းပြ ကာရကဝါကျ၌ ဟိတ်ဖြစ်ထိုက်သော သေက္ခော သကရဏီယောပုဒ်ကို တသ္မာ သေက္ခတ္တာ သကရဏီယတ္တာ ဟု တသ္မာနှင့် အရတူ ဟိတ်ပုဒ်များကို တွေ့ရပေမည်။ ၎င်းနောက် ယင်းဟိတ်ပုဒ်များ၏ သမ္ဗန်ကိုပါထည့်၍ ရေးသားလိုက်လျှင် "ကသ္မာ တဿ အာယသ္မတော သေက္ခတ္တာ သကရဏီယတ္တာ" ဟု ဖြစ်လာပေလိမ့်မည်။ ထိုကိုရှု၍ တသ္မာပုဒ်ကို တသ္မာ၊ ထိုသို့ ထိုအရှင် အာနန္ဒာမထေရ်၏ သေက္ခအဖြစ် အထက်မဂ်သုံးပါးအလို့ငှာ ပြုဖွယ်ကိစ္စ ရှိသေးသည်၏အဖြစ်ကြောင့် ဟု အနက်ကို ကျနစွာယောဇနာပါ။ ဤ နည်းကိုမှီ၍ ဟိတ်, သမ္ဗန်နှင့် အနက်ယောဇနာနည်းကို တသ္မာတွေ့တိုင်း နှလုံးသွင်းထားရပေမည်။

* တသ္မာနောင်၊ ဟိတ်ကိုဆောင်၊ တူအောင်အနက်ကြံ။
* တသ္မာရှေ့၊ ဟိတ်ဖိုလ်တွေ့၊ ပြား၍ရှိမှုခံ။

(အာချာတ်သာမိ)

---

● (၇) သေက္ခော,သကရဏီယော,ပစ္စက္ခံ ပုဒ်တို့၏ နိရုတ္တိနယ ပဒသိဒ္ဓိကို ဖော်ပြပါ။

ဖြေ။ ။သေက္ခောပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား သဟ+ ဣက္ခ ဟူလိုလျက် သဟနိပါတ်ပုဒ်ကို သ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်း ဖြင့် ပြီးပါသည်။ သ ကရဏီယောပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား သဟ+ကရနီယော ဟူလိုလျက် သဟ-ကို သပြုခြင်း ဝဏ္ဏဝိကာရ, န-ကို ဏ-ပြုခြင်းဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့်ပြီးပါသည်။ ပစ္စက္ခံပုဒ်၏နိရုတ္တိနည်း ဖြင့် ရုပ်ပြီးပုံကား ပတိ+အက္ခံ ဟူလိုလျက် တိ-ကို စပြုခြင်းဝဏ္ဏဝိကာရ စ,ဒွေဘော်လာခြင်းဝဏ္ဏာဂမ နိရုတ္တိနည်းဖြင့် ပစ္စက္ခံ ဟု ပြီးပါသည်။

http://www.dhammadownload.com



† ဠက္ခတိ ဇောဂယာတိ ဠက္ခာ။မဂ္ဂဖလသမ္ပာဒိဠိ။သဟ ဠက္ခာယာတိ သေက္ခော။သဟကရဏီယေနာတိ သကရဏီယော။
(သာရတ္ထ)

● (၇) "အပစ္စက္ခနာမ နတ္ထိ" ဟူသော ရှေ့စကားနှင့် ဒွေသဟဿာနိ ဘိက္ခုတောဟူသောနောက်စကားတို့ မဆန့်ကျင်အောင် နှီးနှောရှိပြပါ။

ဖြေ။ ။ဒွေသဟဿာနိ ဘိက္ခုတော-ရှင်သာရိပုတ္တရာထံမှ ဓမ္မက္ခန္ဓာ နှစ်ထောင်သင်ယူသည်ဟုဆိုသော်လည်း မြတ်စွာဘုရား၏ အထံတော်၌ သင်သည်ပင် မည်ကောင်းသောကြောင့် အပစ္စက္ခနာမ နတ္ထိ (မျက်ကွယ်သင်ယူသည်မည်သည်မရှိ) ယူသော ရှေ့စကားနှင့်မဆန့်ကျင်ပါ။ မှန်၏။ သာဝကဘာသိတသုတ်ကိုလည်း (ယင်းသာဝက ကိုယ်တိုင်ပင် မြတ်စွာဘုရားထံ သင်ယူသည်ဖြစ်ရကား) ဗုဒ္ဓဘာသိတသုတ်ဟု သိအပ်သည်မဟုတ်လော။

† ဒွေ သဟဿာနိ ဘိက္ခုတောတိ ဝုတ္တမ္ပိ ဘဂဝတော သန္တိကေ ပဋိဂ္ဂဟိတမေဝ ါတိ ကတွာ ဝုတ္တံ။ တထာ ဟိ သာဝကဘာသိတသုတ္တမ္ပိ ဗုဒ္ဓဘာသိတန္တိ ဝုစ္စတိ။ (သိဋ္ဌိသစ်)

● (၁၀) 'ဒွါသီတိ ဗုဒ္ဓတော''ချီသောဂါထာ၌ ဂဏ္ဍိ ပဝတ္တိနေသာ ကြိယာတို့ကိုရှု၍ ဘာဝစသည် ပြည့်စုံစွာထုတ်ပါ။

ဖြေ။ ။ရှင်အာနန္ဒာ မထေရ်၏ မြတ်စွာဘုရားထံမှ ဓမ္မက္ခန္ဓာရှစ်သောင်းနှစ်ထောင်, ရှင်သာရိပုတ္တရာ ထံမှ ဓမ္မက္ခန္ဓာ နှစ်ထောင် တို့ကို သင်ယူခြင်းဟုဆိုအပ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဉဿာဟဋ္ဌာယီဘာဝ, ဝီရိယသမည်၏။ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့သည် အာရမ္မဏဝိဘာဝ မည်၏။ မြတ်စွာဘုရားနှင့် ရှင်သာရိပုတ္တရာတို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ ထိုဓမ္မက္ခန္ဓာတို့ကို သိရခြင်း ဓမ္မဘဏ္ဍာဂါရိက ယာအပဲ၌ အကြီးအမှူးပုဂ္ဂိုလ်ဖြစ်ရခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနုံဘာဝ မည်၏။

E. 4 B

http://www.dhammadownload.com



(က) ယဒိ ဧဝံ သေက္ခော ပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟု ကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော။

(ခ) အထ ကသ္မာ နု ဥစ္စိနိတော်ာတိ။

(ဂ) ပဋ္ဌပဝါဒ ဝိဂဇ္ဇနတော။

(ဃ) ထေရော ဟိ အာယသ္မတော အာနန္ဒေ အတ်ဝိယဝိဿတ္တော အဟောသိ။

(င) ကဏာ ဟိ နံ သိရသ္မိံ ပလိတေသု ဇာတေသုပိ နဝါယံ ကုမာရော မတ္တမညာသီတိ ကုမာရကဝါဒေန ဩဝဒတိ။

● (၁) "ယဒိ ဧဝံ သေက္ခော ပိ သမာနော"ချီသော ကဝါကျကို နည်းထုံးကျကျ အနက်သမ္ဗန်ခဲ့ပါ။

ဖြေ။ ။တေန အာယသ္မတာ အာနန္ဒတ္ထေရေန၊ ထိုရှင်အာနန္ဒာမထေရ်နှင့်။ ဝိနာပိ၊ ကင်း၍လည်း။ ဓမ္မသင်္ဂီတိ၊ ဓမ္မသင်္ဂါယနာကို။ ကာတုံ၊ ပြုခြင်းငှါ။ ယဒိ န သက္ကာ၊ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့။ ဧဝံ အသက္ကုဏေယျတ္တေ၊ ဤသို့မစွမ်းနိုင်သည်၏အဖြစ်သည်။ သတိ၊ ရှိသော်။ ဂါ ဖြစ်သော်။ အာယသ္မာ အာနန္ဒတ္ထေရော၊ သည်။ ဝါ ကို။ သေက္ခော၊ သေက္ခသည်။ သမာနောပိ၊ ဖြစ်ပင်ဖြစ်ပါသော်လည်း။ (ကြွင်း နိဿယ အတိုင်း)

## ယဒိ ဧဝံ ချီသော ဝါကျ အနက်ပေးနည်း

ယဒိ ဧဝံ ချီသော ဝါကျ၌ ယဒိနိပါတ်ကို ဆိုခဲ့ပြီး ဝါကျနှင့်ယှဉ်စပ်၍ အနက်ယောဇနာရမည်။ ဧဝံ နောက်၌ ကေဝုစ်ဖြစ်မူ သတိဟူသော ကြိယာ၊ ဗဟုဝုစ်ဖြစ်မူ သန္တေသု ထည့်၍ ယောဇနာရမည်၊ ပြဆိုခဲ့ပြီးသော ပုံစံဝါကျ၌ ယဒိသဒ္ဒါကို ဝိနာပိ နသက္ကာ ဟူသော နောက်ဝါကျနှင့် စပ်၍ "တေန အာယသ္မတာ အာနန္ဒတ္ထေရေန ဝိနာပိ ဓမ္မသင်္ဂီတိ ကာတုံ ယဒိ နသက္ကာ"ဟု ယောဇနာသည်။ ဧဝံ နောက်၌မူ ကေဝုစ်ဖြစ်၍ ဧဝံ အသက္ကုဏေယျတ္တေ၊ (သို့မဟုတ်) ဧဝံ အသက္ကောန္တေ သတိ ဟု ယောဇနာသည်။ ဤနည်းကို မှီ၍ "ယဒိ ဧဝံ" တွေ့တိုင်း အနက် ယောဇနာပါ။

http://www.dhammadownload.com



* ယဒိ ဝေံ၊ နှစ်ပါးပြွမ်းလျက်၊တတ်စွမ်းသောလျှောက်၊ အပြစ်ကောက်မှု၊ နောက်စကားကို၊ မှတ်သားကိုင်လျက်၊ ယဒိထက်ဝယ်၊ စွက်သည့်ကြိယာ၊အသစ်ရှာ၊ဝေံ နောက်မှာ၊သတိလာ၊ သန္တေသုလည်း ရှိတခါ။ ။(ဟိစပန နိယံ)

---

● (၂) ဃ-ဝါကျကို အနုသန္ဓေတက် င-ဝါကျကိုအနာဘောဂ ပုစ္ဆာတက်ပြီးလျှင် "နံ"ဟူသော ပုဒ်သို့ သဒ္ဒဥပမာ လင်္ကာရ စောဒနာထွက် ထွက်ခဲ့ပါ။

ဖြေ။ ။ဃ-ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ ဂ-ဝါကျဖြင့် သူတပါးတို့၏ စွပ်စွဲအံ့သည်မှ ကြဉ်တော်မူလိုသောကြောင့် ရှင်အာနန္ဒာမထေရ်ကို မရွေးကောက်ဟု ပြတော်မူပြီး၍ ယခုအခါ၌ ထိုဆိုအပ်ပြီးသောစကားကိုပင် အကျယ်ချဲ့၍ ဖွင့်ပြတော်မူခြင်းငှါ၊ ဝါ-ပြလိုသော အဋ္ဌကထာဆရာသည် ထေရောဟိ စသော ဃ-ဝါကျကိုမိန့်။

## င-ဝါကျ အနာဘောဂ ပုစ္ဆာတက်

ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် ရှင်မဟာကဿပမထေရ်သည် ရှင်အာနန္ဒာမထေရ်၌ အလွန်လျှင် အကျွမ်းဝင်သောဟု ဆိုတော်မူ၏။ (ထပနာ) ရှင်မဟာကဿပမထေရ်၏ ရှင်အာနန္ဒာမထေရ်၌ အလွန်အကျွမ်းဝင်သည်၏အဖြစ်ကို အဘယ်သို့သော အကြောင်းဖြင့်သိအပ်ပါသနည်း....(ပုစ္ဆာ)ဟု သူမေးဖွယ်ရှိသောကြောင့် တထာဟိ စသော င-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။င-ဝါကျဖြင့် ထိုရှင်အာနန္ဒာမထေရ်ကိုဦးခေါင်း၌ ဆံပင်ဖြူတို့ပေါက်ကုန်ပြီးသော်လည်း ဤသတို့သားငယ်သည်အတိုင်းအရှည်ကို မသိဟု သတို့သားငယ် ဟူသော စကားဖြင့် ဆုံးမတတ်သောကြောင့် အကျွမ်းဝင်သည်၏ အဖြစ်ကို သိအပ်၏ ဟူလိုသော်။

(အာဘောဂ်မပါမူ၍ ပုစ္ဆာချည်းသာ တက်သောကြောင့် အနာဘောဂဟု ခေါ်သည်။)

http://www.dhammadownload.com



## သဒ္ဒဥပမာလင်္ကာရ အနုသန္ဓေထွက်

ဤသို့ သြဝဒတိဟူသောပါဠိဖြင့် သကမ္မကကြိယာ၊ ဝါ-ကမ္မိကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ "ဓမ္မံ ဒေသေတိ"၌ ဒေသေတိဟူသော သကမ္မကကြိယာ၊ ဝါ-ကမ္မိ၏ကံကို "ဓမ္မံ"ဟု ပြဘိသကဲ့သို့(ဥပမာ)သြဝ ဒတိဟူသော သကမ္မကကြိယာ၊ ဝါ-ကမ္မိ၏ ကံကိုပြခြင်းငှါ၊ဝါ ပြတော်မူလိုသောဆရာသည် "နံ"ဟူသော ပါဠိကိုမိန့်။

† တံ ဝိဝရတိ ထေရော ဟိတိ တာဒိနာ။ (ဋီသစ်)

* ဟောတုနောင်မှ၊ ဟိနှင့်ပြမူ၊ ချဲ့မှုသင့်မည်၊ ဝိတ္ထာပြီ။

† ကေန ဝိညာယတီတိ အာဟ တထာဟိတိ အာဒိ၊ ဒဋ္ဌိကာရဏံ ဝါ ဧတံ ဝစနံ။ (ဋီသစ်)

* အာဘော်မစွက်၊ ပုစ္ဆာတက်၊ မှတ်ချက်အနာဘောဂ။(သစ်)

‡ နတ္ထိ အာနန္ဒတ္ထေရံ။ သြဝဒတိတိ ဣမိနာ သမ္ဗန္ဓော။(ဋီသစ်)

---

● (၃) က-ခ-ဂ-ဝါကျတို့ကို ရှုမြော်၍ လည်းကောင်း, က -ဝါကျ၌ သေက္ခောပိ-ကိုရှုမြော်၍လည်းကောင်း, င-ဝါကျ၌ ဇာတေသုပိကို ထောက်ဆ၍လည်းကောင်း အသီးသီးရသင့်သော စောဒကာသောဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။က-ခ-ဂ-ဝါကျတို့ကို ရှုမြော်၍ စတုက္ကထုတ်ပုံ။

နနု သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော။ (စော+ဘော)

အထ ကသ္မာ န ဥစ္စိနိတော။ (စော)

နနု ပဋ္ဌပဝါဒဝိဝဇ္ဇနကာမော ဟောတိ။ (ပရိ+ဘော)
(ထသ္မာ) န ဥစ္စိနိတော။ (ပရိ)

http://www.dhammadownload.com



### သေက္ခောပိကိုရှု၍ စတုက္ကထုတ်ပုံ

နနု သေက္ခော သမာနော။ (စော+ဘော)

အထ ကသ္မာ ထေရေန ဥစ္စိနိတဗ္ဗော။ (စော)

နနု ဓမ္မသင်္ဂီတိယာ ဗဟုကာရော ဟောတိ။ (ပရိ+မဘာ၁၈)

(တသ္မာ) ထေရေန ဥစ္စိနိတဗ္ဗော။ (ပရိ)

### ဇာတေသုပိကိုထောက်ဆ၍ စတုက္ကထုတ်ပုံ

နနု သိရသ္မိံ ပလိတာ ဇာတာ။ (စော+ဘော)

အထ ကသ္မာ "န ဝါယံ ကုမာရကော မတ္တမညာသီ"တိ ကုမာရကဝါဒေန နံ ဩဝဒတိ။ (စော)

နနု ထေရော အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ။ (ပရိ+ဘော)

(တသ္မာ) "န ဝါယံ ကုမာရကော မတ္တမညာသီ"တိ ကုမာရကဝါဒေန နံ ဩဝဒတိ။ (ပရိ)

### လက္ခဏာရစ္စ အပိသဒ္ဒါ၌ မှတ်ဖွယ်

သော်လည်းဟု မြန်မာပြန်လျှင် လက္ခဏာရစ္စ (လက္ခဏ+အရစ္စ) ဟုခေါ်သည်။ မှန်၏။ သော်-ဟူသော အနက်မှာ-လက္ခဏာအနက် ဖြစ်၍ "လည်း"ဟူသောအနက်မှာ တစုံတခုကို မနှစ်သက်သောအရစ္စကိုထွန်းပြပေသည်။ ဤသို့သော လက္ခဏာရစ္စစကားမျိုးက စောဒကပုဂ္ဂိုလ်၏နှလုံးသွင်း စောဒကာဘောဂကို ရည်ညွှန်းလျက် ရှိသည်။ ပုံစံ၌ သေက္ခောပိ သမာနော=သေက္ခော၊ သေက္ခသည်။ သမာနောပိ၊ ဖြစ်သော်လည်း ဟု အနက်ပေးရာဝယ် အပိသဒ္ဒါကအရစ္စအနက်ကို၊ ပထမာဝိဘတ်ကလက္ခဏာအနက်ကိုပြသည်။ ဤသေက္ခောပိသမာနော တိုင်အောင်သော စကားရပ်သည် လက္ခဏာရစ္စဖြင့်ရေးသားထားရကား စောဒကာဘောဂ, စောဒကပုဂ္ဂိုလ်၏ နှလုံးသွင်းကိုပြသည်ဟုမှတ်သား၍ စောဒကာဘောဂ ဒိစတုက္ကထုတ်ရာ၌ အထူးအသုံးဝင်ပါလိမ့်မည်။ ထို့ကြောင့် နိယံဆရာတို့ကသော်လည်းဟု လက္ခဏာရစ္စနှင့် ရေးသားထားမှု စောဒကပုဂ္ဂိုလ်၏ နှလုံးသွင်း

http://www.dhammadownload.com



(သို့မဟုတ်) စောဒကပုဂ္ဂိုလ်၏ အကြောင်းပြချက် ပြင်ဆင်ရမည်ဟု ဆိုသတည်း။ဗျာဒိကာဘောဂနှင့် စောဒကာဘောဂဟိတ်တို့သည် သဘောအတူတူပင်၊ အရှဋ္ဌာနလိုက်၍ ရေးပုံသာ ထူးခြားသည်၊ ဟိတ်ပြင်ပုံကို ဆိုင်ရာ၌ ရေးသားမည်။

* လက္ခဏကို၊ ပိန္နင့်ဆိုမူ၊ ထိုလက္ခဏ၊ စောဒကာ၏၊ ပြင်ရဟေတု အာဘော်တည်း။ (သမ္ဗန္ဓစိန္တာဂဏ္ဌိ)

---

● (၃) ဃ-ဝါကျ၌ ထေရောပုဒ်ကို ကိတ်ဝစနတ္ထ,တဒ္ဓိတ်ဝစနတ္ထ-နှစ်မျိုးကြံ၍ အသီးသီး ဝစနာဒိဆက္ကထုတ်ခဲ့ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ထိရတိ သီလက္ခန္ဓာဒိဂုဏေဟီတိ ထေရော (သီလက္ခန္ဓာဒိဂုဏေဟိ၊ သီလက္ခန္ဓ အစရှိသော ဂုဏ်တို့ဖြင့်။ ထိရတိ၊ မြဲမြံခိုင်ခံ့ တည်တံ့တော်မူတတ်၏။ ဣတိ၊ ကြောင့်။ ထေရော၊ ထေရ မည်၏။ ထိရဓာတ်, ဏ ပစ္စည်း။ ဤကား ဓာတွတ္ထသင်္ဂြိုဟ်အလိုတည်း။)

ဝစနာဒိဆက္က။ ။သီလက္ခန္ဓ အစရှိသော ဂုဏ်တို့ဖြင့် မြဲမြံခိုင်ခံ့ တည်တံ့တော်မူခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ ရှင်မဟာကဿပဒြဗ်သည် ဝစနီယမည်၏။ မဟာလ္လကော,ဝုဒ္ဓေါ၊ ဇိဏ္ဏော,ဇိဏ္ဏကော စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ဝစနတ္ထ။ ။ဌာတိ ပဝတ္တတီတိ ထေရော (သီလက္ခန္ဓာဒိဂုဏေဟိ၊ တို့ဖြင့်။ ဌာတိပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ထေရော၊ ထေရ မည်၏။ ဌာဓာတ်, ဣရပစ္စည်း။) (သူစိ)

ဝစနာဒိဆက္က။ ။သီလက္ခန္ဓ အစရှိသော ဂုဏ်တို့ဖြင့် ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းနည်းတူ)

ဝစနတ္ထ။ ။ထိရာ သီလက္ခန္ဓာဒိဂုဏာ အဿ အတ္ထီတိ ထေရော (အဿ အာယသ္မတော ကဿပဿ၊ ထိုရှင်မဟာကဿပအား။ ထိရာ၊ မြဲမြံခိုင်ခံ့ကုန်သော။ သီလက္ခန္ဓာဒိဂုဏာ၊ သီလက္ခန္ဓ အစရှိကုန်သော ဂုဏ်တော်တို့သည်။ အတ္ထိသန္တိ-ရှိကုန်၏။ဣတိ၊ ကြောင့်။ ထေရော၊ ထေရ မည်၏။ အဿတ္ထိတဒ္ဓိတ်)

ဝစနာဒိဆက္က။ ။မြဲမြံခိုင်ခံ့ကုန်သော သီလက္ခန္ဓ အစရှိကုန်သော ဂုဏ်တော်တို့၏ ရှင်မဟာကဿပ မထေရ်နှင့် ဂုဏ်, ဂုဏအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (ကြွင်းနည်းတူ ထုတ်လေ။)

http://www.dhammadownload.com



ဝစနတ္ထ။ ။ထိရေဟိ ဂုဏေဟိ သမန္နာဂတောတိ ထေရော၊ (သမန္နာဂတတဒ္ဓိတ်, ထိရပုဒ်, ဏ ပစ္စည်း၊ အနက်လွယ်၏။ ဝစနဟောတုလည်း အဿတ္ထိတဒ္ဓိတ်နှင့်တူ၏။)

မှတ်ချက်။ ။ထေရောပုဒ်၏ တဒ္ဓိတ် ဝိဂ္ဂဟ နှစ်မျိုးတို့တွင် အဿတ္ထိ ကြံစည်ကား "ထိရေဟိ သီလက္ခန္ဓာဒီဟိ သမန္နာဂတတ္တာ ထေရော"ဟု ဋီကာသစ်အဖွင့်ကို ထောက်၍ ထေရော ဟူသော သံဝဏ္ဏေတဗ္ဗကို သမန္နာဂတနှင့် ဖွင့်သဖြင့် အောက်ပါနိယံနှင့်အညီ ကြံသည်။ ဒုတိယ သမန္နာဂတတဒ္ဓိတ်ဝိဂ္ဂဟကား သူစိဆရာ၏ အလိုတည်း။

* သံဝဏ္ဏေတဗ္ဗ၊ ပုဒ်ကေကို၊ သမန္နာဂတ၊ သမ္ပန္နနှင့်၊ ထိုမှတလီ၊
သမင်္ဂီတည့်၊ ပရိပုဏ္ဏ၊ သံပုဏ္ဏက၊ စသည်တို့နှင့်၊ ဖွင့်ပြလေရာ၊
မှတ်ပါမယုတ်၊ ဖွင့်နည်းထုတ်၊ တဒ္ဓိတ်အဿတ္ထိ၊ ကြံနည်းသိ။
(သံဝဏ္ဏနာနိယံ)

---

● (၅) က-ဝါကျ၌ ဗဟုကာရတ္တာဟိတ်ပုဒ်၏ သမ္ဗန်ကို ဖော်ပြ၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို ရေးသားခဲ့ပါ။

ဖြေ။ ။က-ဝါကျ၌ ဗဟုကာရတ္တာဟိတ်ပုဒ်၏ သမ္ဗန်ကား အာနန္ဒသတည်း။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကတ္တုတ္ထတည်း။

## ပစ္စယတ္ထယူဆပုံ ရှင်းလင်းချက်

ဗဟုကာရတ္တာ၌ ဗဟုကာရပုဒ်သည် ဘာဝယောဂပုဒ် ဖြစ်ကြောင်း အထူးရှင်းလင်းပြဖွယ်မလို။ အာရှင္ဗတ္တာဟိတ်၌ရှင်းပြပြီးဖြစ်သည်။ ဗဟုကာရ ဟူသော ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ဝါဒအမျိုးမျိုးရှိနေပေသည်။ မိမိတို့၏အယူအဆမှာ ဗဟုကာရပုဒ်သည် "ဗဟုကာရော ဥပကာရော ယဿာတိ ဗဟုကာရော ဟူသော ဝစနတ္ထအရ ဗဟုဗ္ဗီဟိပုဒ်တည်း။ ဗဟုဗ္ဗီဟိပုဒ်၌ ပစ္စည်း ကင်းသဖြင့် ပစ္စယတ္ထမရှိနိုင်။ သို့သော် သဒ္ဒိသူပစာ ပစ္စယတ္ထကိုကား ရနိုင်သည်။ လာသမ္ဗန်ပုဒ်က ကတ္တာ, ကတ္တိ, တုလျတ်, လိင်္ဂတ် စပ်နိုင်သည်ကိုထောက်။ ထို့ပြင် ရှေးရေးဆောင် နိယံ၌လည်း "ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ တူဘိကတ္တုနေ"ဟု ဘာဝယောဂ-ဗဟုဗ္ဗီဟိပုဒ်, အဿတ္ထိပုဒ်တို့သည် ကတ္တုသာဓနနှင့်တူသည်ဟုဆိုသည်။ ထို့ကြောင့်

http://www.dhammadownload.com



ဘာဝယောဂပုဒ်သည် ဗဟုဗ္ဗီဟိနှင့် အသင်္ကတ်တမျိုးမျိုးဖြစ်မှု ပစ္စယတ္ထကို ကတ္တုတ္ထသာဟု မိမိတို့ယူဆပေသည်။

အချို့ကား ဗဟုကာရပုဒ်သည် စတုတ္ထီဗဟုဗ္ဗီဟိပုဒ်ဖြစ်၍ ကြေသော ယဿပုဒ်၏ အနက်ကို အမွေခံဟောသည်။ ထို့ကြောင့် ဘာဝယောဂ ပုဒ်၏ ပစ္စယတ္ထကား သမ္ပဒါနတ္ထတည်းဟု ဆို၏။

အချို့ကမူ ဘာဝယောဂပုဒ်သည် ဗဟုဗ္ဗီဟိဖြစ်မှု ပစ္စည်းကင်းသဖြင့် ပစ္စယတ္ထကို လုံးဝမရနိုင်။ကိတ်ပုဒ်ဖြစ်မှု သာဓနခုနစ်ပါးတွင်တပါးပါးဟု ဆို၏။

ဖော်ပြပါ ဝါဒနှစ်မျိုးသည် ဘာဝယောဂ၏ ပစ္စယတ္ထဟုဆိုလျှင် သင့်တန်လိမ့်မည်။ ဤသမ္ဗန်ခန်းအရာ၌ကားလာသမ္ဗန်ပုဒ်ကိုဘာဝယောဂ ၌ကတ္တား ကံ နှစ်မျိုးသာရနိုင်သည်ကို ထောက်၍ ဤစာရေးသူသဘော မမိပေ။ ဘာဝယောဂ၏ ပစ္စယတ္ထသည် ကတ္တုတ္ထ, ကမ္မတ္ထနှစ်မျိုးသာ ရှိသင့် သည်ဟု ယူဆပေသည်။

---

● (၃) ထေရ, ပလိတ, သဒ္ဒါတို့သည် ဝဏ္ဏာဂမစသောနိရုတ္တိ နည်းတို့တွင် အဘယ်နိရုတ္တိနည်းတို့ဖြင့် ပြီးပါသနည်း။

ဖြေ။ ။ထေရသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ဌာဓာတ် ဏ္ဍရပစ္စည်း၊ ဋ္ဌိရ ဟူလိုလျက် ဌ-ကို ထ ပြုခြင်း ဝဏ္ဏဝိကာရ, ဣ-ကို ဧ-ပြု ခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် ထေရ-ဟု ပြီးပါသည်။

ပလိတသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ပစဓာတ်, ဏ္ဍတ ပစ္စည်း ပစိတ ဟူလိုလျက် စ-ကို လ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ပလိတ-ဟု ပြီးပါသည်။

† ဌာ ဂတိနိဝတ္တိယံ၊ ဏ္ဍရော ဌာဿ ထတ္တံ၊ ဏ္ဍဿ ဧတ္တံ။ (သူစိ)

† ပစ ပါကေ၊ ဏ္ဍတော၊ စဿ လတ္တဉ္စ။ (ဘိ-ဋီ)

http://www.dhammadownload.com



● (ဂ) ရှင်မဟာကဿပမထေရ်သည် ရှင်အာနန္ဒာမထေရ်ကို အဘယ့်ကြောင့်“ဤသတို့သားငယ်သည် အတိုင်းအရှည်ကိုမသိ” ဟု မြည်တွန် ကြိမ်းမောင်းပါသနည်း။

ဖြေ။ ။ရှင်အာနန္ဒာမထေရ်၏ ယေဘုယျအားဖြင့် ပရိသတ်ငယ်များ လူထွက်ခြင်းကြောင့် “ဤသတို့သားငယ်သည် အတိုင်းအရှည်ကို မသိ”ဟု မြည်တွန် ကြိမ်းမောင်းပါသည်။ (အကျယ်ဋီကာသစ်၌ရှုပါ)

† အာနန္ဒတ္ထေရဿ ယေဘုယျေန နဝကာယ ပရိသာယ ဝိဗ္ဘမနေ မဟာကဿပတ္ထေရော နဝါယံ ကုမာရကော မတ္တံ မညာသီတိ အာဟ။ (သီ-ဋီ-သစ်)

---

(က) ဝိဝိဓ ဝိသေသနယတ္တာ၊ဝိနယနတောစေဝကာယဝါစာနံ။ ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော။

(ခ) ဝိဝိဓာ ဟိ တ္တေ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသ,ပါရာဇိကာဒိ သတ္တအာပတ္တိက္ခန္ဓ, မာတိကာဝိဘင်္ဂါဒိပ္ပဘေဒါ နယာ။ ဝိသေသဘူတာစ “လ” ဝိနယနတောစေဝ ဝိနယောတိ အက္ခာတော။

(ဂ) တေနေ တမေတာသာ ဝစနတ္ထ^ကာသလ္လတ္တံ ဝုတ္တံ ဝိဝိဓ ဝိသေသနယတ္တာ၊ “လ” ဝိနယော ဝိနယောတိ အက္ခာ၊ တောတိ။

● (၁) ဝိနယော သဒ္ဒါကို က-ဝါကျသံဝဏ္ဏနာတို့နှင့်အညီ သ,ဂုဏဒဗ္ဗာပေက္ခအနက် ကေဝလဒဗ္ဗာပေက္ခအနက်ပေးခဲ့ပါ။

ဖြေ။ ။ဝိနယော၊ အထူးထူး အပြားပြားသော နည်းရှိသော ဝိနည်း။ (ဝိဝိဓနယတ္တာ သံဝဏ္ဏနာနှင့်အညီ သ, ဂုဏဒဗ္ဗာပေက္ခအနက်)။ ဝိနယော၊ ထူးသောနည်းရှိသောဝိနည်း။ (ဝိသေသနယတ္တာ သံဝဏ္ဏနာနှင့်အညီ သ,ဂုဏဒဗ္ဗာပေက္ခအနက်)။ ဝိနယော၊ ကိုယ်,နှုတ်တို့ကို ဆုံးမတတ်သောဝိနည်း။(ဝိနယနတော စေဝ ကာယဝါစာနံ သံဝဏ္ဏနာနှင့်

http://www.dhammadownload.com



အညီ သ,ဂုဏ ဒဗ္ဗာပေက္ခ အနက်) ဝိနယော၊ ဝိနည်း။ (ကေဝလဒဗ္ဗာပေက္ခအနက်)

### အကျယ်ရှင်းလင်းချက်

သ,ဂုဏဒဗ္ဗာပေက္ခ=သဟ + ဂုဏ, ဒဗ္ဗ + အပေက္ခ = ဂုဏ်နှင့် တကွ ဒြဗ်ကိုငဲ့၍ ပေးသောအနက်မျိုး။ ဤအရာ၌ ဂုဏ်ဟူသည် သကတ်ကို ဆိုလိုသည်။ ဥပမာ၊ ဗုဒ္ဓေါ၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်သော မြတ်စွာဘုရား။ ဤပုံစံ၌ သိမြင်ဟူသည် ဗုဓဓာတ်၏အနက်။ တတ်ဟူသည် တ-ပစ္စည်း၏အနက်။ ဘုရားဟူသည် ဒြဗ်အနက်။ သိမြင်တတ် ဟူသော ဂုဏ်သကတ်နှင့်တကွ ဘုရားဒြဗ်ကို ငဲ့၍ အနက်ပေးသဖြင့် "သ ဂုဏဒဗ္ဗာပေက္ခအနက်" ဟူလို။

ကေဝလဒဗ္ဗာပေက္ခ=ကေဝလ+ဒဗ္ဗ+အပေက္ခ = ဂုဏ်သကတ်ကို မငဲ့ကွက် သက်သက်ဒြဗ်ကိုသာငဲ့၍ ပေးသော အနက်မျိုး။ ဥပမာ၊ ဗုဒ္ဓေါ၊ မြတ်စွာဘုရား။ ဤပုံစံ၌ ဗုဓဓာတ် တပစ္စည်းတို့၏ သိမြင်တတ်ဟူသော ဂုဏ်သကတ်ကိုမငဲ့ကွက် သက်သက်ဘုရားဒြဗ်ကိုသာငဲ့၍ အနက်ပေးသဖြင့် "ကေဝလဒဗ္ဗာပေက္ခ" ဟူလို။

ဝိနယောကို အနက်ပေးရာ၌ "ဝိဝိဓနယတ္တာ ဝိသေသနယတ္တာ" ဟူသော ဝိနယသဒ္ဒါ၏ ဗဟုဗ္ဗီဟိသမာသ် ဂုဏ်သကတ်ပြ သံဝဏ္ဏနာ၊ ဝိနယနတော စေဝ ကာယဝါစာနံ ဟူသော ကတ္တုသာဓ် ဂုဏ်သကတ်ပြ သံဝဏ္ဏနာတို့နှင့်အညီပေးမှု သဂုဏဒဗ္ဗာပေက္ခ၊ တစုံတခုသောဂုဏ်သကတ်ကိုမငဲ့ ဝိနည်းဒြဗ်ကိုသာငဲ့၍ အနက်ပေးမှု ကေဝလဒဗ္ဗာပေက္ခအနက်ဖြစ်၏။ တပါးသောပုဒ်တို့၌လည်း ဤနည်းကိုမှီ၍ သိတန်လောက်ပေပြီ။

---

● (၂) က-ဝါကျ၌ ဝိနယောဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို လျှဉ်းပါး၍ သဲဘောဂါယုတ္တပုစ္ဆာတက်, ခ-ဝါကျကို အနုသန္ဓေတက်, ဂ-ဝါကျကို ထပနာတိက ပုစ္ဆာတက်တက်ပါ။

ဖြေ။ ။လျှဉ်းပါး၍တက်ပုံ—

ဆရာ၊ ဆရာသည် ဝိနယော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဆိုတော်မူ၏။ (ထပနာ) (၁) ဝိနယောပုဒ်ကို ဝိဝိဓော နယော ဝိနယော ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်လော။ (၂) ဝိသေသော နယော

http://www.dhammadownload.com



ဝိနဝယာ ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်လော။ (၃)ကာယ ဝါစာ ဝိနေတာဗ္ဗာတိ ဝိနယော ဟု ကမ္မသာဓနဝစနတ္ထ ပြုရမည်လော။ ဝိနယောပုဒ်ကို အဘယ်သို့သော ဝစနတ္ထပြုရပါမည်နည်း။ ဤသို့ သူမေး ဖွယ်ရှိသောကြောင့် "ဝိဝိဓ "လ" ကာယဝါစာနံ" ဟူသော ဝိဂ္ဂဟ်ပြ သံဝဏ္ဏနာကို မိန့်သတည်း။

အဓိပ္ပါယ်ကား။ ။ဝိဝိဓဝိသေသနယတ္တာ စသော သံဝဏ္ဏနာပါဌ်ဖြင့် ဝိနယောပုဒ်ကို ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော။ ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း, ကာယံ ဝါစဉ္စ ဝိနေတီတိ ဝိနယောဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း ပြဆိုအပ် ဟူလိုသော်။

အကျယ်ရှင်းလင်းချက်

လျှဉ်းပါး၍တက်ရာ၌ ပသင်္ဂရှိ၍ လျှဉ်းပါးထိုက်မှသာ လျှဉ်းပါး ရာ၏။ ပသင်္ဂ မရှိမူ မလျှဉ်းပါးရချေ။ ပသင်္ဂဟူသည် ကပ်ငြိခြင်း(ဝါ) နီးစပ်ခြင်းကို ဆိုလိုသည်။ ဝိနယောပုဒ်သည် ဝိ+နယ ဟု နှစ်ပုဒ်ရှိသဖြင့် ကမ္မဓာရယ်လျှဉ်းပါးနိုင်သည်။ ထို့ပြင် ဝိဥပသာရဂ္ဂရှိသဖြင့် အဗျယီ ဘောလျှဉ်းပါးနိုင်သည်။ သင်္ချာရှေ့ရှိခြင်း (သင်္ချာပုဗ္ဗက)လက္ခဏာမရှိ သဖြင့် ဒိဂုသမာသ်မလျှဉ်းပါးနိုင်။ ဒွန်လက္ခဏာမရှိသဖြင့် ဝိသေသော စ နယော စ ဟု ဒွန်ဝစနတ္ထပြုရမည်လောဟု ဒွန် သမာသ် မလျှဉ်းပါးနိုင်။ တပ္ပုရိသ်လက္ခဏာမရှိသဖြင့် ဝိသေသဿ နယော ဟု တပ္ပုရိသ်ဝစနတ္ထ ပြုရမည်လော ဟု မလျှဉ်းပါးနိုင်ချေ။ တပါးသော သမာသ်, တဒ္ဓိတ်, ကိတ်ပုဒ်တို့ကို လျှဉ်းပါး၍ တက်ရာ၌လည်း ပသင်္ဂ(ကပ်ငြိခြင်း(ဝါ)နီး စပ်ခြင်း) ရှိမှသာ လျှဉ်းပါးရာသည်။ ငရုတ်သီးကို ဤငရုတ်သီးသည် အလွန်စပ်သလော, အစပ်နည်းသလော ဟုသာ လျှဉ်းပါးရာ၏။ ဤ ငရုတ်သီး ချိုသလောဟု ပသင်္ဂ(ကပ်ငြိခြင်း (ဝါ) နီးစပ်ခြင်း) မရှိရာ၌ မလျှဉ်းပါးသင့်သကဲ့သို့တည်း။

မှတ်ချက်။ ။၁-၂-၃ ဟု လျှဉ်းပါးချက်သုံးမျိုးတို့တွင် ၁-ဖြင့် ဝိဝိဓနယတ္တာကို၊ ၂-ဖြင့် ဝိသေသနယတ္တာကို၊ ၃-ဖြင့် ဝိနယနတော စေဝ ကာယဝါစာနံကို လျှဉ်းပါးသည်။

http://www.dhammadownload.com



## ခ-ဝါကျအနုသန္ဓေတက်ပုံ

ဤသို့ ဝိဝိဓဝိသေသနယတ္တာစသော က-ဝါကျဖြင့် ဝိနယသဒ္ဒါ၏ ဝစနတ္ထကိုပြတော်မူပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထပြဂါထာ၏အနက်ကို ထင်စွာပြခြင်းငှာ (ဝါ) ပြတော်မူလိုသော ဆရာသည် ဝိဝိဓာဟိစသော ခ-ဝါကျကိုမိန့်။

## ဂ-ဝါကျ ထပနာတိကပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် ဝိဝိဓာဟိစသော ခ-ဝါကျဖြင့် ဝိဝိဓဝိသေသနယတ္တာ ဂါထာ၏အနက်ကိုအကျယ်အားဖြင့်ဖွင့်ဆိုတော်မူ၏။ (ထပနာ)။ အကျဉ်းချုံး၍ နိဂုံးကိုမပြဆိုပြီလော(အာဘောဂ)။နိဂုံးကား အဘယ်နည်း (ပုစ္ဆာ)။ ဤသို့သူမေးဖွယ်ရှိသော့ကြောင့် ဂ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဂ-ဝါကျဖြင့် ဝိဝိဓာဟိစသော အကျယ်ကို အကျဉ်းချုံး၍ နိဂုံးကိုငါပြဆို၏ ဟူလိုသော်။

မှတ်ချက်။ ။ယင်း ဂ-ဝါကျကို နိဂုံး, လဒ္ဓဂုဏ် စသည်အမျိုးမျိုးယူဆကြသည်။ နိဂုံးကိုပို၍နှစ်သက်သဖြင့် နိဂုံးတက်,တက်လိုက်ပေသည်။ဤသိလက္ခနံအဖြေ၌ ဝါကျအဆုံးအဖြတ်ကို စည်းမျဉ်း၌မပါဝင်သဖြင့် မရေးလိုက်ပေ။ ပါရာဇိကဏ်အရာဖြစ်၍ ယင်းအဋ္ဌကထာအဖြေ၌တွေ့ရပေလတ္တံ့။နိဂမနိယ၊ (ဝါ)စုဏ္ဏိယဝါကျမှ နိဂမန(နိဂုံး)ဝါကျသို့ ကျမ်းတက်လိုလျှင် ဖရေးပြီးသောအတက်၌ ပါဝင်သော အာဘောဂ, ပုစ္ဆာတို့ထက်ပိုလွန်၍ ကက်ရှိးမရှိ။ ဤအတက်ကို သေချာစွာ လေ့လာပါ။ နိဂမန (နိဂုံး)ဝါကျသို့နိဂုံးဝါကျမှ (မိမိဝါကျကို မိမိဝါကျမှ) တက်နည်းကား ယခုခေတ်အသုံးမပြုကြချေ။ နည်းရစေရန် "ဝိတ္ထာသံခိပ်၊ ဥဒ် နိဒ်.နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်" ဟူသောနိယံနှင့်အညီ ဒေါသတင်၍ စောဒနာတက်ပြပါမည်၊ ရှုလော့။

## နိဂုံးဝါကျမှ နိဂုံးဝါကျသို့ စောဒနာတက်ပုံ

ဆရာ၊ဆရာသည် ဂ-ဝါကျ၌ ဝိဝိဓဝိသေသနယတ္တာစသောဂါထာကို ဆိုတော်မူ၏(တက်လတ္တံ့ဂါကျကိုပင် ထပနာထား) ရှေး၌ ယင်းဂါထာကိုဆိုခဲ့ပြီးသည်မဟုတ်တုံလော။(အာဘောဂ)။အဘယ်ကိုပြခြင်း

http://www.dhammadownload.com



ငှာ ဝိဝိဓဝိသေသနယတ္တာစသော ဂါထာကို တဖန်ထပ်၍ဆိုပြန်ပါသနည်း (ပုစ္ဆာ)။ အကယ်၍ ဆိုခဲ့ပြီးလျက် တဖန်ထပ်၍ဆိုပြန်သော် ဆရာ့အား ပုနရုတ္တိနိရုတ္တကဒေါသရောက်ခဲ့ရာ၏ (ဒေါသတင်)။ ဤသို့ သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော ဆရာသည် ၈-ဝ ါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။၈-၈ ါကျဖြင့် ရှေး၌ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ကို အကျဉ်းချုံး၍ နိဂုံးအုပ်ခြင်းငှာ တဖန်ထပ်၍ ဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော ပုနရုတ္တိနိရုတ္တကဒေါသ ငါ့အား မရောက် ဆိုသင့်ဆိုတန်၏ ဆိုလိုသော်။

† ဣဒါနိ ဣမိဿာ ဂါထာယ အတ္ထံ ဝိဘာဝေန္တော အာဟ ဝိဝိဓာဟီတိအာဒိ။ (ဋီသစ်)

* ချုပ်ပါးခြင်းငှာ၊ ထိုက်မှုသာ၊ ဖွေရှာလျှောပါးမြဲ။ (ပေါရာဏ)

---

● (၃) အောက်ဖော်ပြပါဝါကျ၌ ရသင့်ရထိုက်သော စောဒကာဘောဂ, စောဒကာဘောဂဖလ, ပရိဟာရဘောဂ, ပရိဟာရဘောဂဖလတို့ကို မြန်မာဘာသာဖြင့် ဖော်ပြပါ။

(က) ကသ္မာ ပန နေသံ တေဒဟောသိ။

(ခ) ဣဒံ ပန အမှာကံ ထာဝရကမ္မံ ကောစိ ဝိသဘာဂပုဂ္ဂလော သံဃမဇ္ဈေ ပဝိသိတွာ ဥက္ကောဋေယျာတိ။

ဖြေ။ ။စောဒကာဘောဂ ဒိဗ္ဗ စတုက္ကထုတ်ပုံ

ထိုငါးရာသောမထေရ်တို့သည် အာဝါသမစ္ဆရိယ, ကုလမစ္ဆရိယတို့ကို ပယ်အပ်ကုန်ပြီးသည်မဟုတ်တုံလော။ (စော+ဘော)

ယင်းသို့ပယ်အပ်ကုန်ပြီးပါလျက် အဘယ့်ကြောင့် ထိုငါးရာသော မထေရ်တို့အား "ရာဇဂဟံ ခေါ" စသော အကြံအစည်သည် ဖြစ်ပါသနည်း။ (စောဒကာဘောဂဖလ)

http://www.dhammadownload.com



ငါတို့၏ ဤသင်္ကါယနာတင်မှုသည် ထာဝရ အမှုတည်း။ တစ်စုံတစ်ယောက်သော ဝိသဘာဂပုဂ္ဂိုလ်သည် သံဃာ၏အလယ်သို့ဝင်၍ လှုပ်ချောက်ချားရာ၏၊ တားမြစ်ရာ၏ဟု နှလုံးသွင်းသည် မဟုတ်လော။ (ပရိ+ဘော)

(ထို့ကြောင့်) ထိုငါးရာသော မထေရ်တို့အား "ရာဇဂဟံ ခေါ" စသော အကြံအစည်သည် ဖြစ်ပါသတည်း။ (ပရိဟာရဘောဂဖလ)

မှတ်ချက်။ ။စောဒနာနှင့် စောဒကာဘောဂဖလ။ ပရိဟာရနှင့် ပရိဟာရဘောဂဖလသည် အတူတူပင်။ အမည်မျှသာ ထူးသည်။ ဖော်ပြပါ ဝါကျတို့တွင် က-ဝါကျဖြင့် စောဒနာ၊ ဝါ-စောဒကာဘောဂဖလ-ကို ပြသည်။ ခ-ဝါကျဖြင့်ပရိဟာရဘောဂကိုပြသည်။ ကျန်သောစောဒကာဘောဂကို ဤသို့ ကြံဆ၍ ထည့်သံည်။ "ရာဇဂဟံ ခေါမဟာဂေါစရံ "လ" ဥပဂစ္ဆေယျုံ" ဟူသော မထေရ်တို့၏ ကြံစည်ပုံပြ စိန္တနာကာရဝါကျ၌ ရာဇဂြိုဟ်ပြည်သည် ဆွမ်းခံရွာကျယ်၏၊ ကျောင်းများ၏၊ ငါတို့က ရာဇဂြိုဟ်၌ ဝါဆိုကြမည်။ အခြားရဟန်းများ ရာဇဂြိုဟ်၌ ဝါမဆိုကြမူ ကောင်းမည်ဆိုလိုသဖြင့် ထိုမထေရ်တို့အား အာဝါသ မစ္ဆရိယ, ကုလမစ္ဆရိယ ရှိသကဲ့သို့ဖြစ်ရာ ၎င်းအပြစ်ကို ပယ်လိုသဖြင့် ကသ္မာ ပန စသော စောဒနာကို အဋ္ဌကထာကို ထုတ်၍ ဣဒံ ပနဖြင့် ပရိဟာရဘောဂကိုပြ၍ စောဒကာဘောဂကိုမူ "ထိုမထေရ်တို့အား ယင်း မစ္ဆရိယတို့ကို ပယ်ပြီးမဟုတ်လော" ဟု ကြံဆ၍ ထုတ်လိုက်ပေသတည်း။

† ဣတိသဒ္ဒေါ ဣဒမဇ္ဈတ္တ ဣမိနာ မနသိကာရေန ဟေတုဘူတေန တေဒဟောသီတိ အတ္ထော။ (ဋီသစ်)

---

● (၄) ကာယိက ဝါစသိက အဇ္ဈာစာရနိသေမနတော၌ အဇ္ဈာစာရပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကထုတ်ခဲ့ပါ။

ဖြေ။ ။ဝစနတ္ထ။ ။သညမဝေလံ အတိဘဝိတ္ဝာ ပဝတ္တော အာစာရောတိ အဇ္ဈာစာရော။ (သညမဝေလံ၊ စောင့်စည်းအပ်သော သိက္ခာပုဒ်တည်းဟူသော ကမ်းအပိုင်းအခြားကို။ အတိဘဝိတ္ဝာ၊ လွှမ်းမိုး၍။ ပဝတ္တော၊ ဖြစ်သော။ အာစာရော၊ အကျင့်တည်း။ ဣတိ၊ ကြောင့်။ အဇ္ဈာစာရော၊ အဇ္ဈာစာရမည်၏။)

http://www.dhammadownload.com



**ဝစနာဒိဆက္က**။ ။စောင့်စည်းအပ်သော သိက္ခာပုဒ် တည်းဟူသော ကမ်း အပိုင်းအခြားကိုလွှမ်းမိုးနှိပ်စက်ခြင်း အဘိဘဝနဘော၏ဖြစ်သော အကျင့်နှင့် ဂုဏ် ဂုဏ, ဝိသေသနဝိသေသျအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် သည် ဝစနဟေတု မည်၏။ လွန်ကျူးခြင်း ကာယပ္ပယောဂ, ဝစီပယောဂ ဖြစ်သည် ဂစနီယမည်၏။ ဝိတိက္ကမော စသော ပရိယာယ် သဒ္ဒါသည် **ဝစနီယတ္ထ** မည်၏။

**မှတ်ချက်**။ ။ဖော်ပြပြီး ဝိဂ္ဂဟ်သည် ဋီကာသစ်, သာရတ္ထတို့၌ လာသော ဝိဂ္ဂဟတည်း။ ဝိဝိဓနယတ္တာ ပုဒ်ကို ဝိဝိဓာနယာ ဧတ္တော်တိ ဝိဝိဓ နယော။ ဝိဝိဓနယဿ ဘာဝေါ ဝိဝိဓနယတ္တံ။ တသ္မာ ဝိဝိဓနယတ္တာ ဟု ဝဇနတ္ထပြု။ ဝိသေသနယတ္တာလည်းနည်းတူပင်။ ဝိနယော၏ ဝစနတ္ထ တို့ကို နံပါတ်-၆ အာဘော်ကို ဖြေဆိုရာ၌ ရှုလေ။

---

● (၅) ဝိဝိဓဝိသေသနယတ္တာ ဟူသော ဟိတ်ပုဒ်၏သမ္ဗန္ဓပဒ ကို ဖော်ပြ၍ အနက်အားလျော်စွာ(အတ္ထာနုရူပ) စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ရေးသားပါ။

ဖြေ။ ။ဝိဝိဓ ဝိသေသနယတ္တာဟူသော ဟိတ်ပုဒ်၏ သမ္ဗန္ဓပဒကား ဣမဿ ဝိနယဿတည်း။ (အယံ ဝိနယောကို ပြင်သည်။)

**အတ္ထာနုရူပစာစပ်ပုံ**

**ဣမဿ** ဝိနယဿကား ၏ ဟု အနက်ပေးသောကြောင့် ဝိဝိဓ ဝိသေသနယတ္တာဝယ် တ္တ ပစ္စည်း၌ သမ္ဗန်။ တ္တ ပစ္စည်းကား သမ္ဗန္ဓီတည်း။

ဣမဿ ဝိနယဿကား သည်ဟု အနက်ပေးသောကြောင့် ဝိဝိဓ ဝိသေသနယတ္တာဝယ် ဝိဝိဓဝိသေသနယ ဟူသော ဘာဝယောဂ ပုဒ်၌ ကတ္တား။ ဝိဝိဓဝိသေသနယဟူသော ဘာဝယောဂပုဒ်ကား ကတ္တိတည်း။

ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကတ္တုတ္ထသာတည်း။ (ဗဟု ကာရတ္တာဟိတ်၌ ပစ္စယတ္ထအကြောင်း အကျယ်ရေးခဲ့ပြီ။

**ဘာဝပ္ပဓာန် ဘာဝလောပပုဒ်နှင့်သမ္ဗန်**

ဝိဝိဓဝိသေသနယတ္တာ ဂါထာ၌ ဝိနယနတော ပုဒ်သည် ဘာဝပ္ပ ဓာန်, ဘာဝလောပပုဒ်တည်း။ ဘာဝဟောပစ္စည်းမရှိသော်လည်း ဘာ

http://www.dhammadownload.com



အနက်ကိုရသင့်သောပုဒ်မျိုးကို ဘာဝပ္ပဓာန်ပုဒ်, ဘာဝလောပပုဒ်ဟု မှတ်ရသည်။ ဘာဝပ္ပဓာန် ဘာဝလောပ ပုဒ်မျိုးသည် ခက်ခဲသော ပုဒ်မျိုးဖြစ်သည်။

အရတူသဖြင့် အရကွဲစေရန်လည်း ဘာဝပ္ပဓာန် ကြံရသည်။ အရကွဲသဖြင့် အရတူစေရန်လည်း ဘာဝပ္ပဓာန်ကြံရသည်။ ထိုနှစ်မျိုးတို့တွင် အရတူသဖြင့် အရကွဲစေရန် ဘာဝပ္ပဓာန်ကြံရာ၌ အောက်ပါ ပုံစံတို့ဖြင့် ရှင်းပြပါအံ့။

(က) ဠဒမ္ဗိ သံဃေ ရတနံ ပဏီတံ။

ဤပြယုဂ်၌ သံဃေ အရလည်း သံဃာဒြပ် ရ၍ ရတနံ အရလည်း သံဃေဟူသော သဒ္ဒန္တရိက်ကိုထောက်၍ သံဃာရတနာဒြပ်ပင်ရနေရကား အရကွဲစေရန် ရတနံဟူသော ကတ္တားပုဒ်ကို ဘာဝပ္ပဓာန်ကြံရသည်။ ဝါ-ရတနံဟူသော ကတ္တားပုဒ်သည် ဘာဝပ္ပဓာန် ပုဒ်တည်း။ ထို့ကြောင့် သံဃေ-သံဃာ၊သံဃာတော်၏။ ဠဒမ္ဗိရတနံ-အယမ္ပိ ရတနဘာဝေါ၊ ဤသံဃာရတနာ၏ အဖြစ်ကြောင့် ဂုဏ်တော်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏ ဟု အနက်ပေးပါ။ ဤပြယုဂ်ကား ကတ္တုဘာဝပ္ပဓာန် ပြယုဂ်တည်း။

(ခ) တတြိမေ စတ္တာရော ပါရာဇိကာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

ဤပြယုဂ်၌ ဥဒ္ဒေသံပုဒ်ကို "ဥဒ္ဒိသိယတေတိ ဥဒ္ဒေသော" ဟု ဝိဂြဟပြု၍ ဥဒ္ဒေသအရ အကျဉ်းအားဖြင့် ပြအပ်သော ပါရာဇိကလေးပါးပင် ရသည်။ စတ္တာရော ပါရာဇိကာ ဓမ္မာ အရလည်း ယင်း ပါရာဇိကလေးပါးပင်ရ၍ အရကွဲစေရန် ဥဒ္ဒေသံဟူသော ကံပုဒ်ကို ဘာဝပ္ပဓာန် ကြံရသည်။ ဝါ-ဥဒ္ဒေသံဟူသောကံပုဒ်သည်ဘာဝပ္ပဓာန်ပုဒ်တည်း။ ထို့ကြောင့် ဥဒ္ဒေသံ၊ သရုပ်အားဖြင့် အကျဉ်းပြအပ်သည်၏အဖြစ်သို့ဟုအနက်ပေးပါ။ ဤပြယုဂ်ကား ကမ္မဘာဝပ္ပဓာန်ပြယုဂ်တည်း။ ဤသို့သောဘာဝပ္ပဓာန၏ အဖြစ်ကိုပြလို၍ ကင်္ခါ၌ "ဥဒ္ဒေသံ အာဂစ္ဆန္တီတိ သရူပေန ဥဒ္ဒိသိတဗ္ဗတံ အာဂစ္ဆန္တိ" ဟု ဘာဝပ္ပဓာန ပစ္စည်းဖြင့် ဖွင့်ပေးသတည်း။

http://www.dhammadownload.com



အရကွဲသဖြင့် အရတူစေရန် ဘာဝပ္ပစ္စယ ကြံရာ၌ အောက်ပါ ပုံစံဖြင့် ရှင်းပြပါအံ့။

အနိစ္စလက္ခဏံ။ (သင်္ဂဟ)
အနိစ္စတာယေဝ လက္ခဏံ။ (ဋီကာကျော်)

အနိစ္စလက္ခဏံ၌ အနိစ္စအရကား အနိစ္စန္တိ ပဉ္စက္ခန္ဓာ ဟု ဆိုသောကြောင့် ခန္ဓာငါးပါးရသည်။ လက္ခဏံအရကား လက္ခိတဗ္ဗံ လက္ခိယတိ အနေနာတိ လက္ခဏံ ဟု ဆိုသဖြင့် မှတ်အပ်,မှတ်ကြောင်းဖြစ်သော ဘင်ခဏ ရသည်။ ဤသို့အရကွဲနေသဖြင့်အရတူစေရန်အနိစ္စပုဒ်ကိုဘာဝပ္ပစ္စယ ကြံရသည်။ဆက်ဦးအံ့။ အနိစ္စသဒ္ဒါသည်အမြဲမရှိခြင်းဘင်-ကိုအကြောင်း ပဝတ္တိနိမိတ်ပြု၍ ခန္ဓာငါးပါးကို ဟောသည်။ ထိုခန္ဓာငါးပါးကို ဟောသော အနိစ္စသဒ္ဒါ၌ ဘာဆင့်လိုက်သော်၊ ဝါ-ဘောဆင့်မှ သာလျှင် အကြောင်း ပဝတ္တိနိမိတ်ဖြစ်သော အမြဲမရှိခြင်း ဘင်ကို ရနိုင်သည်။ ထိုသို့ ဘင်ခဏကို ရမှသာလျှင် လက္ခဏအရနှင့်တူ၍ ကမ္မဓာရယ်တွဲနိုင်ပေမည်။ ထို့ကြောင့် မဏိမဉ္ဇူ၌ "အနိစ္စသဒ္ဒေါ ဘာဝပ္ပစ္စယနောတိ အနိစ္စတာယေဝါတိ အာဟ" ဟု ဋီကာကျော်၏ အနိစ္စတာ-ပုဒ်ကိုဖွင့်ပြပေသည်။ ဤသို့လျှင် အရကွဲသဖြင့် အရတူစေရန်လည်း ဘာဝပ္ပစ္စယ ကြံရပေသည်။

## ဝိနယနတော ဟိတ်၌ ရှင်းလင်းချက်

ဝိနယန ပုဒ်ကို"ဝိနေတီတိ ဝိနယန်" ဝစနတ္ထပြုသဖြင့် ဆုံးမတတ်သော ဝိနည်းဒြဗ်ရသည်။ ဝိနယနတော ဟိတ်ပုဒ်ကို အက္ခာတော၌ ဟိတ်ဖိုလ်စပ်၍ အက္ခာတော-အရ ဟောအပ်သော ဝိနည်းဒြဗ်ပင်ရသည်။ ဤသို့ ဟိတ်အရလည်းဒြဗ်၊ဟိတ်ဖိုလ်အရလည်း ဒြဗ်ဖြစ်၍ ဟိတ်နှင့်ဟိတ်ဖိုလ်တူနေပေသည်။ "ဟိတ်ကားသတ္တိ၊ ဖိုလ်ရှိဒြဗ်၊ သာမန်မှတ်" ဟု နိယံဆိုရကား ဟိတ်အရ သတ္တိ-ဂုဏ်သာလျှင်ပြဋ္ဌာန်း၍ဒြဗ်မပြဋ္ဌာန်းသင့်ချေ။ ထို့ကြောင့် အရကွဲစေရန် ဝိနယနတောပုဒ်ကို ဘာဝပ္ပစ္စယ, ဘာဝလောပ ကြံရသည်။ယင်းသို့ ကြံမှသာ ဝိနယနတော-ဟိတ်သည်ဆုံးမတတ်သည်၏ အဖြစ်ဟူသောဂုဏ်ကိုရမည်,ဟိတ်နှင့် ဟိတ်ဖိုလ်အရကွဲမည်။ ထို့ကြောင့် ဋီကာသစ်၌"ဝိနယနတောတိ ဝိနယနဘာဝတော၊ဘာဝပ္ပစ္စယနိဒ္ဒေသော ယံ ဘာဝလောပေါဝါ" ဟု မိန့်သတည်း။

http://www.dhammadownload.com



## သမ္ဗန်ခံပုံ

ဘာဝပ္ပဓာန, ဘာဂလောပပုဒ်၏ သမ္ဗန်ကို ဖော် ထုတ် လိုသော် ဘာဝပ္ပဓာန် မကြံမီက ရသောဒြပ်ကိုပင် သမ္ဗန်ခံပါ။ ဝါ ဘာဝယောဂ ပုဒ်အရကို သမ္ဗန်ခံပါ။ ဝိနယန်တော အရ ဝိနယနဘာဝတော ဟု ဘာဝပ္ပဓာန် ဘာဝလော၊ မကြံမီက ရသော ဝိနည်းဒြပ်, ဝါ၊ ဝိနယန် ဘာဝတော ဟု ကြံခိုက် ဝိနယနဟူသော ဘာဝယောဂပုဒ်အရ ဖြစ်သော ဝိနည်းဒြပ်ကို သမ္ဗန်ခံရသည်။ ထို့ကြောင့် ဝိနယနတော ၏ သမ္ဗန်ကား **ဣမဿ** ဝိနယဿ ပင်တည်း။

ဣမဿဝိနယဿ၊ ဤဝိနည်း၏။ ဝိနယနတော- ဝိနယနဘာဝတော၊ ဆုံးမတတ်သည်၏ အဖြစ်ကြောင့်။ အယံဝိနယော၊ ကို။ ဝိနယောတိ၊ ဝိနည်းမည်၏ဟူ၍။ အက္ခာတော၊ ဆိုအပ်၏ဟု ဖြောင့်၍ သမ္ဗန်လေ။

* အရတူပြန်၊ ကွဲပြားရန်၊ ဘာဝပ္ပဓာန် ကြံသတည်း။
* အရကွဲပြန်၊ တူစေရန်၊ ဘာဝပ္ပဓာန် ကြံသတည်း။
* ဘာဝပ္ပဓာန်၊မကြံမီက၊ယင်းဒဗ္ဗ၊မုချသမ္ဗန်ခံမြဲတည်း။ (သစ်)

---

● (၆) က ဂါကျဉ်ဝိဝိဓဝိသေသနယတ္တာစသော ဟိတ်တို့ဖြင့် သိစေအပ်သော အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာ အမည်တို့ကို ဖော်ပြပါ။

ဖြေ။ ။က ဂါကျဉ် ဝိဝိဓနယတ္တာ ဟူသော သံဝဏ္ဏနာပါဋ်ဖြင့် ဝိနယော၌ ဝိ-သဒ္ဒါသည် အတိသယ, အဘာဝ စသော အနက်တို့ကို မဟော (ဗျတိရေက)။ ဝိဝိဓ အထူးထူးအပြားပြားအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ (အနွယ)။ ဝိနယောပုဒ်ကို "ဝိဝိဓောနယောဝိန ယော" ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ မပြုရ (ဗျတိရေက)။ "ဝိဝိဓာ နယာဧတ္ထာတိ ဝိနယော" ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည် ၏ အဖြစ်ကိုလည်းကောင်း၊ (အနွယ) သိစေပါသည်။

http://www.dhammadownload.com



### သံဝဏ္ဏနာ အမည်များ

(၁) ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ (၂) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ, ဝိဂ္ဂြိုဟ်ပြ အဘိဓာနတ္ထ သံဝဏ္ဏနာ။

**ဝိသေသနယတ္တာ**- ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝိနယော၌ ဝိသဒ္ဒါသည် အတိသယ, အဘာဝ စသော အနက်တို့ကိုမဟော (ဗျတိရေက)။ ဝိသေသ-အထူးအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁](အန္ဝယ) ဝိနယောပုဒ်ကို "ဝိသေသော နယော ဝိနယော"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထမပြုရ (ဗျတိရေက)။ "ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော"ဟု ဘတ္တမီ ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂](အန္ဝယ) သိစေပါသည်။

### သံဝဏ္ဏနာ အမည်များ

(၁) ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ (၂) သမာသလိင်္ဂပဒ သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ, ဝိဂ္ဂြိုဟ်ပြ အဘိဓာနတ္ထ သံဝဏ္ဏနာ။

ဝိနယနတော ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝိနယော၌ အပစ္စည်းသည် ကမ္မသာဓန၌ မသက်(ဗျတိရေက)။ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၁] (အန္ဝယ)။ ဝိနယောပုဒ်ကို "ဝိနေတဗ္ဗောတိ ဝိနယော"ဟု ကမ္မသာဓန ဝစနတ္ထမပြုရ (ဗျတိရေက)။ ဝိနေတီတိ ဝိနယော-ဟု ကတ္တုသာဓနပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂](အန္ဝယ) သိစေပါသည်။

### သံဝဏ္ဏနာ အမည်များ

(၁) ဒုတိယပစ္စယတ္ထ (၂) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။

### အကျယ်ရှင်းလင်းချက်

အာဘော် ဖော်ရာ၌ သံဝဏ္ဏေတဗ္ဗနှင့် သံဝဏ္ဏနာ ညှိနှိုင်းမှုသည် အရေးကြီးပေသည်။ ဖော်ပြပါဂါထာ၌ ဝိနယော (ဝိ+နယ) သံဝဏ္ဏေတဗ္ဗပုဒ်ကို ဝိဝိဓနယတ္တာ, ဝိသေသနယတ္တာ, (ဝိဝိဓဝိသေသ

http://www.dhammadownload.com



နယတ္တာကို နှစ်ချက်ခွဲသည်) ဝိနယနတော ဟူသော ဟိတ်သုံးချက်ဖြင့် ဖွင့်သည်၊ သံဝဏ္ဏနာ မှုသည်။ ထိုဟိတ်သုံးချက်တို့တွင် ပထမ, ဒုတိယ ဟိတ်တို့ဖြင့် ဝိ + နယောဟူသော သံဝဏ္ဏေတဗ္ဗ နှစ်ပုဒ်ကို ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုဟုပြသည်။ "သံဝဏ္ဏေတဗ္ဗ၊ ဒွိပဒ၊ ကြံကြနည်းသိ၊ ဗဟုဗ္ဗီဟိ" ဟူသော နိယံနှင့်အညီ ဖွင့်သတည်း။

ဝိနယော=ဝိပုဗ္ဗနီဓာတ် အ-ပစ္စည်းကို ဝိနယန = ဝိပုဗ္ဗ နီ ဓာတ် ယု-ပစ္စည်း (ဝိနယနတော)ဖြင့် ဖွင့်ရာပယ် သံဝဏ္ဏေတဗ္ဗ ဝိနယောနှင့် သံဝဏ္ဏနာ ဝိနယနတောကို နှိုင်းယှဉ်ကြည့်လျှင် ဝိဉပသာရကို ဝိဉပသာရဖြင့်၊ နီ-ဓာတ်ကို နီ-ဓာတ်ဖြင့် ဖွင့်သည်ကို တွေ့ရပေမည်။ သံဝဏ္ဏေတဗ္ဗနှင့် သံဝဏ္ဏနာတို့ ထူးခြားမှုမရှိသဖြင့် အာဘော် သံဝဏ္ဏနာ အထူးမရပေ။ အ ပစ္စည်းကို ယု ပစ္စည်းဖြင့် ဖွင့်ရာ၌ ပစ္စည်းလဲလှယ်၍ ဖွင့်သည်မည်၏။ ယင်းကဲ့သို့ ပစ္စည်းလဲလှယ်၍ ဖွင့်လျှင် ဒုတိယပစ္စယတ္ထ, ဝိဂ္ဂဟပြ အဘိဓာနတ္ထ သံဝဏ္ဏနာ အမြဲရပေသည်။ အာဘော် သံဝဏ္ဏနာ ကြံဆရာ၌ သံဝဏ္ဏေတဗ္ဗ, သံဝဏ္ဏနာ တိုက်ဆိုင်ညှိနှိုင်းမှုသည် အဲလွန်ပင် အရေးကြီးရကား ယင်းသို့ တိုက်ဆိုင်မှုကို အထူး ဂရုပြုရသည်။

အာဘော်ဖော်ရာ၌ ဗျတိရေကာဘောဂ (ဆန့်ကျင်ဘက် အာဘော်)အနွယာဘောဂ (အလျော်အဲဘော်)ဟု နှစ်မျိုးရှိရာ နှစ်မျိုးလုံး ရေးသားနိုင်သော် အာဘော်ကောင်း အဆင့်အတန်းမြင့်သော အာဘော်ဖြစ်သည်။ ဤကျမ်း၌ သိသာလွယ်ကူ၍ ရေးသားပြီး အာဘော်နှင့်တူညီရာတို့၌ သာမည အနွယတချက်သာ ဖော်ပြ၍ ထူးခြားရာတို့၌ ဗျတိရေက, အနွယ စုံလင်စွာ ဖော်ထားပေသည်။ ဤနည်းကိုမှီ၍ ဗျတိရေက, အနွယ စုံလင်စွာ ဖော်ပြပါလေ။

ထို့ပြင် ရေးသားနည်း အပြည့်အစုံကို ဤပုစ္ဆာအဖြေ၌ ဖော်ပြထားပေသည်။ နောက်၌ အကျဉ်းရေးသားနည်းဖြင့် ရေးသားမည်ဖြစ်၍ အကျယ်ကို ဤပုစ္ဆာ၏ အဖြေအတိုင်း သိလောက်ပေသည်။ ဤ၌ သံဝဏ္ဏနာ အမည်မျှသာမေး၍ အမည်မျှကိုသာဖြေသည်။ "အကြောင်းပြ၍ အမည်ပေးခဲ့ပါ" ဟုမေးလျှင်ပုဒ်စစ်လာသောအကြောင်းပြနှင့်တကွ

http://www.dhammadownload.com



အမည်ပေးရသည်။ အကြောင်းပြု အမည်ပေးပုံကို နောက် အဖြေတို့၌ တွေ့ရလတ္တံ့။

---

● (၇) ဒဠှီကမ္မ သိထိလကရဏပ္ပယောဇနာ၌ သိထိလသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။သိထိလ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား သဟ ခာတ် ကိလ ပစ္စည်း၊ ဝါ-က အနုဗန္ဓရှိသော ဣလ ပစ္စည်း၊ သဟိလ ဟူလိုလျက် သဟ သဒ္ဒါကို သိထပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် သိထိလဟု ပြီးပါသည်။

† သိထိလာဒယော။ ။သိထိလအာဒယော ကိလန္တာ နိပစ္စန္တေ။ သဟိဿ သိတတ္တံ၊ သဟ ခမာယံ၊ သဟိတုမလန္တိ သိထိလံ။ အဒဠှံ။ (မောဂ္ဂလာန်)

---

● (၈) က-ဝါကျ၌ အယံ ဝိနယောဝယ် ဝိနယနှင့် ဝိနယော တိ အက္ခာတော၌ ဝိနယ သဒ္ဒါ နှစ်ပါးတို့၏ မတူ ထူးခြားချက်ကို ရေးသားပါ။

ဖြေ။ အယံ ဝိနယောဝယ် ဝိနယသဒ္ဒါကား အတ္ထပညတ်, သညီပါဠိ ဖြစ်ဟောတည်း။ ဝိနယောတိအက္ခာတော၌ ဝိနယ သဒ္ဒါကား သဒ္ဒပညတ် သညာဂုဏ်ဟောတည်း။ ဤသို့ မတူ ထူးခြားပါသည်။

† အယံ ဝိနယောတိ အတ္ထပညတ္တိဘူတော သညီသင်္ခါတော အယံ တန္တိ ဝိနယော။ ဝိနယောတိ အက္ခာတောတိ သဒ္ဒပညတ္တိဘူတော သညာသင်္ခါတော ဝိနယော နာမာတိ ကထိတော။ (ဋီကာသစ်)

---

● (၁၀) ဂ-ဝါကျဝယ် ဝုတ္တံ ကြိယာ၏ အန္တတ္ထ တရားကို ဖော်ပြ၍ ဘာဝ,ဝိဘာဝ,အနုဘာဝတို့ကို ဖော်ပြပါ။

ဖြေ။ ။ဝုတ္တံကြိယာ၏ အန္တတ္ထကား ဝိဝိစ ဝိသေသနယတ္တာ ဂါထာကို ဟောသော ရှင်မဟာဗုဒ္ဓဃောသမထေရ်၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တည်း။

http://www.dhammadownload.com



ထို ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယိဘာဝ, ဝီရိယသမည်၏။ ဝိဝိဓဝိသေသနယတ္တာ ဂါထာစကားသည် အာရမ္မဏ ဝိဘာဝမည်၏။ ရှင်မဟာဗုဒ္ဓဃောသမထေရ်၏ ပေါ်နိသော မနသိကာ ရသည် ဥဒ္ဒိပနဝိဘာဝမည်၏။ ဝိနယသဒ္ဒါ၏ ဝစနတ္ထ၌ လိမ္မာခြင်း အကျိုးသည် အနုဘာဝတ္ထမည်၏။

မှတ်ချက်။ ။ဝုတ္တံ၌ ဝစဓာတ်ကား အတ္ထ, ယင်းဓာတ်၏ ဟော ခြင်းဟူသောအနက်၊ (ဝါ)ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် အတ္တတ္ထ တည်း။ ဝစနတ္ထကောသလ္လတ္ထံ ဟုဝါကျ၌ အကျိုးအနုဘာဝတ္ထတိုက်ရိုက် ပါသဖြင့် ၎င်းကိုသာထုတ်သည်။ "ကံ အာကာရ၊ကရဏတို့၊အရမပြား၊ ဤသုံးပါး၊ မမှားတူလေမြဲ" ဟူတောနိယံနှင့်အညီ အက္ခာတော၌ ဣတိ သဒ္ဒါကို ဣတိတော် ဂါထာဝစနံ ဟု ကံပုဒ်ပြင်၍ ၎င်းကံပုဒ်ကို အာရမ္မဏဝိဘာဝထုတ်သည်။ ဝါကျကိုထုတ်၍ ဘာဝစသည်မေးလျှင် ၎င်းဝါကျတွင်း၌ ရသင့်သောဘာဝစသည်ကို အဓိကထား၍ထုတ်ပါ။

---

အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။ သုတ္တာဏာ သုတ္တသဘာ, ဂတောစ သုတ္တန္တိ အက္ခာတံ။

● သုတ္တံ ဟူသောပုဒ်ကို အတ္ထာနံ သူစနတော စသော အဖွင့် သံဝဏ္ဏနာတို့နှင့်အညီ အနက်ပြန်ဆိုပါ။

ဖြေ။ ။သုတ္တံ၊ အကျိုးတို့ကို၊ (ဝါ)အကျိုးအနက်တို့ကို ပြတတ် သောသုတ်။

တနည်း။ သုတ္တံ၊ ကောင်းစွာဟောအပ်ကုန်သော အကျိုး၊ (ဝါ) အကျိုးအနက်တို့ရှိသောသုတ်။ (ဗဟုဗ္ဗီဟိ)အကျိုး (ဝါ) အကျိုးအနက် တို့ကို ကောင်းစွာဟောအပ်ကုန်ရာသုတ်။ (အဓိကရဏသာဓ်)

တနည်း။ သုတ္တံ၊ အကျိုးတို့ကို။ (ဝါ) အကျိုးအနက်တို့ကို သီ တတ်၊ (ဝါ) ဖြစ်စေတတ်၊ (ဝါ) ပွားစေတတ်သောသုတ်။

တနည်း။ သုတ္တံ၊ အကျိုးတို့ကို။ (ဝါ) အကျိုးအနက်တို့ကို သွန်း လောင်းတတ်၊ (ဝါ) ယိုစေတတ်သောသုတ်။

http://www.dhammadownload.com



တနည်း။ သုတ္တံ၊ အကျို့တို့ကို။ (ဝါ)အကျိုးအနက်တို့ကို ကောင်းစွာ စောင့်ရှောက်တတ်သောသုတ်။

တနည်း။ သုတ္တံ၊ တမျဉ်းချည် ပန်းသီတန်ချည်ကဲ့သို့သောသုတ်။

မှတ်ချက်။ ။ဂါထာ၌ သံဝဏ္ဏနာ ဟိတ်ခြောက်ပါးနှင့် အညီ အနက်ပေးသည်။ သုတ္တတော်ဟူသော ဒုတိယဟိတ်အရ ဗဟုဗ္ဗီဟိ အဝိ ကရဏသာဓ် နှစ်မျိုးကြ၍ နှစ်မျိုးသမ္ဗန်သည်။ "တဋ္ဌိအတ္တတ္ထပရတ္ထာဒိဘေ ဒေ" စသော အကျယ်ဝါကျကိုရှု၍ အကျယ်ပေးနိုင်သေးသည်။ ဤ၌ ဂါထာသံဝဏ္ဏနာကိုထောက်ဆ၍မေးပြီးလျှင် ယင်းနှင့်လျော်ကာမျှ ဖြေ လိုက်ပေသည်။ တဋ္ဌိ ချီသော အကျယ်ဝါကျသည် သီလက္ခန်စည်းမျဉ်း တက် ပါရာဇိကဏ်စည်းမျဉ်းနှင့် ပို၍သက်ဆိုင်သဖြင့် ယင်း အဋ္ဌကထာ အဖြေ၌ တွေ့ရလတ္တံ့။

---

● (၄) သုတ္တံပုဒ်ကို ပဋ္ဌမဟိတ်နှင့်အညီ ဝစနတ္ထပြု၍ ဝစန စသည်တို့ကို ဖော်ပြပါ။

ဖြေ။ ။ဝစနတ္ထ။ ။အတ္ထေ သုဋ္ဌု တာယတိ ရက္ခတီတိ သုတ္တံ။ (အတ္ထေ၊ အကျိုးတို့ကို။ (ဝါ)အကျိုးအနက်တို့ကို။ သုဋ္ဌု၊ကောင်းစွာ။ တာယတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိ၊ ကြောင့်။ သုတ္တံ၊ သုတ် မည်၏။)

ဝစနာဒိဆက္က။ ။အကျိုးတို့ကို၊ (ဝါ) အကျိုး အနက် တို့ကို ကောင်းစွာစောင့်ရှောက်ခြင်းကြိယာသကတ်သည် ဝစနပေ့တု မည်၏။ သုတ္တန်ပိဋကတ်ဒြဗ်သည် ဝစနီယမည်၏။ သုတ္တန္တပါဝစနံ၊သုတ္တန္တပိဋကံ စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။

မှတ်ချက်။ ။ကျန်ဟိတ်ပါဠိတို့ဖြင့် ပြအပ်သော ဝိဂ္ဂဟအသီးသီး ကို နံပါတ် ၆-၌ရှုပါလေ။

---

● (၅) သူစနတော ဟိတ်ပုဒ်၏ လာသမ္ဗန်ပုဒ်ကို ဖော်ပြ၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ရေးသားခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။သုစနတော ဟိတ်ပုဒ်၏ လာသမ္ဘန်ပုဒ်ကား ဣတဲရဿ သုတ္တဿတည်း။ (ဣတရပုဒ်ကို အစွဲနှင့်တကွ သမ္ဗန်ခံသည်။)

သုစနတော၌ သုစနတုသော ဘာဝဂယောဂပုဒ်၏ ပစ္စယတ္ထကား ကတ္တုတ္ထတည်း။

မှတ်ချက်။ ။သုစနတော အစ သုတ္တဘာဘာဂတော အဆုံး ခြောက်ပါးကုန်သော ဟိတ်ပုဒ်တို့သည် ဘာဝပဓာန်, ဘာဝလောပ ဟိတ်တို့သာတည်း။ ဝိနယနတောနှင့် တူ၏။

---

● (၆) ဂါထာ၌ အတ္ထာနံသူစနတောစသော သံဝဏ္ဏနာဖြင့် သိစေအပ်သော နှလုံးသွင်း အာဘောဂကို ဖော်ပြပြီးလျှင် အကြောင်းပြ၍ သံဝဏ္ဏနာအမည်တို့ကို ဒရေးသားခဲ့ပါ။

ဖြေ။ ။သူစနတော ဖြင့် သုတ္တံ၌ သူစတတ်၏ အဖြစ်ကို လည်းကောင်း, သုတ္တံ၌ တပစ္စည်းသည် ကမ္မသာဓနေ၌မသက်, ကတ္တုသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း, သုတ္တံပုဒ်ကို "သုစိတဗ္ဗန္တိ သုတ္တံ" ဟု ကမ္မသာဓနေ ဝစနတ္ထ မပြုရ။ သူစေတီတိ သုတ္တံ"ဟု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း, သိစေပါသည်။(အာဘော်)

အကြောင်းပြ၍ သံဝဏ္ဏနာ အမည်ပေးပုံများ

(၁) ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယ ဓာတုပဒ သံဝဏ္ဏနာ။

(၂) ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယ ပစ္စယတ္ထ သံဝဏ္ဏနာ။

(၃) ဝိဂ္ဂိုဟ်အနက်ကို ဖွင့်ပြသောကြောင့် ဝိဂ္ဂိုဟ်ပြ အဘိဓာနတ္ထ သံဝဏ္ဏနာ။

သုဝုတ္တတောဖြင့် သုတ္တံပုဒ်ကို "သုဋ္ဌု ဝုတ္တာ အတ္ထာ ဧတ္ထာတိ သုတ္တံ"ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

http://www.dhammadownload.com



သမာသ်ဖြစ်သော လိင်ပုဒ်ဟူ၍လည်းကောင်း, သမာသ်ဖြစ်သော လိင်ပုဒ်၏ အနက်ကိုလည်းကောင်း ဖွင့်ပြသောကြောင့် သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ (ဝါ) သမာသလိင်္ဂပဒတ္ထ သံဝဏ္ဏနာ၊ ဝိဂ္ဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် ဝိဂ္ဂြိုဟ်ပြ အဘိဓာနတ္ထ သံဝဏ္ဏနာ မည်၏။

တနည်း။ ။သုဝုတ္တာတော ဖြင့် သုတ္တံ၌ တ ပစ္စည်းသည် ကမ္မသာဓန၌ မသက်, အဓိကရဏသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း [1], သုတ္တံပုဒ်ကို "သုဋ္ဌု ဝုစ္စန္တိ တွောတိ သုတ္တံ" ဟု အဓိကရဏသာဓ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (အာဘော်)

(၁) ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယ ပစ္စယတ္ထ သံဝဏ္ဏနာ။

(၂) ဝိဂ္ဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့်ဝိဂ္ဂြိုဟ်ပြ အဘိဓာနတ္ထ သံဝဏ္ဏနာ။

သဝနတော ဖြင့် သုတ္တံ၌ သု-ဓာတ်၏ အဖြစ်ကိုလည်းကောင်း [1], သုတ္တံ၌တ, ပစ္စည်းသည် ကမ္မသာဓန၌ မသက်, သုဒ္ဓကတ္တုသာဓန (ဝါ) ဟေတုကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကို လည်းကောင်း၊ သုတ္တံပုဒ်ကို "အတ္ထေ သဝတိ ပသဝတီတိ သုတ္တံ" ဟု သုဒ္ဓကတ္တုသာဓန၊ (ဝါ) ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်းသိစေပါသည်။ (အာဘော်)

(၁) ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယ ဓာတုပဒ သံဝဏ္ဏနာ။

(၂) ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ။

(၃) ဝိဂ္ဂြိုဟ်အနက်ကိုဖွင့်ပြသောကြောင့် ဝိဂ္ဂြိုဟ်ပြ အဘိဓာနတ္ထ သံဝဏ္ဏနာ။

သူဒနတောဖြင့် သုတ္တံ၌ သူဒဓာတ်၏အဖြစ်ကိုလည်းကောင်း [1], သုတ္တံ၌တ, ပစ္စည်း၏ ကမ္မသာဓန၌မသက်၊ သုဒ္ဓကတ္တုသာဓန၊ (ဝါ) ဟေတုကတ္တုသာဓနသက်သည်၏အဖြစ်ကိုလည်းကောင်း [2], သုတ္တံပုဒ်ကို "သူဒတိ ပဂ္ဃရာပေတီတိ သုတ္တံ" ဟု သုဒ္ဓကတ္တု၊ (ဝါ) ဟေတုကတ္တုသာဓန် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း [3] သိစေပါသည်။ (အာဘော်)

http://www.dhammadownload.com



(၁) ကိတ်ခါတ်ကို ဖွင့်ပြသောကြောင့် ဒုတိယ ခါတုပဒ သံဝဏ္ဏနာ။
(၂) ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယ ပစ္စယတ္ထ သံဝဏ္ဏနာ။
(၃) ဝိဂ္ဂိုဟ်အနက်ကိုဖွင့်ပြသောကြောင့် ဝိဂ္ဂိုဟ်ပြ အဘိဓာနတ္ထ သံဝဏ္ဏနာ။

သုတ္တာဏာဖြင့် သုတ္တံ၌ သုပုဗ္ဗတာခါတ်၏ အဖြစ်ကိုလည်းကောင်း၊ သုတ္တံ၌ ဟ,ပစ္စည်းသည် ကမ္မသာခနေ၌မသက်၊ ကတ္တုသာခနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ သုတ္တံပုဒ်ကို "အတ္ထေ သုဋ္ဌု တာယတိ ရက္ခတီတိ သုတ္တံ" ဟု ကတ္တုသာခန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (အာဘော်)

(၁) ကိတ်ခါတ်ကို ဖွင့်ပြသောကြောင့် ဒုတိယ ခါတုပဒ သံဝဏ္ဏနာ။
(၂) ကိတ်ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယ ပစ္စယတ္ထ သံဝဏ္ဏနာ။
(၃) ဝိဂ္ဂိုဟ်အနက်ကို ဖွင့်ပြသောကြောင့် ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ သံဝဏ္ဏနာ။

သုတ္တသဘာဂတော ဖြင့် သုတ္တံ၌ ဏ ပစ္စည်းသည် အပစ္စတဒ္ဓိတ်၌ မသက်,ဥပမာတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ သုတ္တံပုဒ်ကို "သုတ္တံ ဝိယာတိ သုတ္တံ" ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (အာဘော်)

(၁) တဒ္ဓိတ် ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ပစ္စယတ္ထ သံဝဏ္ဏနာ။
(၂) ဝိဂ္ဂိုဟ်အနက်ကို ဖွင့်ပြသောကြောင့် ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ သံဝဏ္ဏနာ။

---

● (၇) သုတ္တံသဒ္ဒါ၏ ရုပ်ပြီးပုံ အကျဉ်းမျှကို ဖော်ပြ၍ သဘာဂသဒ္ဒါ၏ နိရုတ္တိနယပဒသိဒ္ဓိကို ရေးသားပါ။

http://www.dhammadownload.com



ဖြေ။ သုတ္တံ ဟာ သူ့စနတော ဟိတ်အလို သူ့စ ခေတ် တပစ္စည်း ခေတ္တန်စ့ကိုချေ၊ တ ကို ဒွေဘော်ပြု၊ သူ-၌ ဦကို ဥရုဿပြုခြင်း စသည် ဖြင့် သုတ္တံဟု ပြီးသည်။

သုဝုတ္တတော ဟိတ်အလို သုပုဗ္ဗ ဥစခေတ်၊ ဝါ-ဝစခေတ်တပစ္စည်း ခေတ္တန်ချေခြင်း့တ-ကို ဒွေဘော်ပြုခြင်း စသည်ဖြင့်သုတ္တံဟုပြီးပါသည်။

သဝနတော ဟိတ်အလို သုခေတ့်တပစ္စည်း ဒွေဘော် လာခြင်းစသည် ဖြင့် သုတ္တံဟု ပြီးပါသည်။

သူဒနတော ဟိတ်အလို သူဒခေတ့်တပစ္စည်း ခေတ္တန် ဒကို ချေခြင်း၊ တပစ္စည်းကို ဒွေဘော်ပြုခြင်း့သူ ၌ဦကိုဥ ရဿပြုခြင်းစသည်ဖြင့်သုတ္တံဟု ပြီးပါသည်။

သုတ္တာဏာ ဟိတ်အလို သု ပုဗ္ဗ တာခေတ်၊ တ ပစ္စည်း တာ၌ အာသရ ကိုချေ၍ တသို့ ကပ်ခြင်း စသည်ဖြင့် သုတ္တံဟု ပြီးပါသည်။

သုတ္တသဘာဂတော ဟိတ်အလို သုတ္တပုဒ်-ဥပမာတဒ္ဓိတ်၌ ဏ-ပစ္စည်း သက်ခြင်း စသည်ဖြင့် သုတ္တံဟု ပြီးပါသည်။

သဘာဂ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား သမာနဘာဂ ဟူလို လျက် သမာန သဒ္ဒါကို သ့ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် သဘာဂ- ဟု ပြီးပါသည်။

မှတ်ချက်။ ။သုတ္တံ ရုပ်ပြီးကို နိရုတ္တိမေးက ရနိုင်သည်။ ဤ၌ ခေတ်ပစ္စည်းနှင့် ရုပ်အကျဉ်းပြီးဟန်ကိုသာ ဖော်ပြလိုက်ပေသည်။

---

● (ဂ) သဿမိဝ ဖလံ ပသဝတိ့ မေနေဝိယ ခီရံ ပဂ္ဃရာပေတိ- ၌ သုတ္တန်၏ကောက်ပင့် နွားမနှင့် တူပုံကို ပမာ ပမေ နှီးနှော၍ ဖြေဆိုပါ။

ဖြေ။ ။ကောက်ပင်မည်သည် စိုက်ပျိုးဆဲ စသော ခဏ၌ အသီး မသီးသေး။ အစဉ်အတိုင်း သုတ်သင်ခြင်း စသည်တို့၏ အစွမ်းဖြင့် နှစ်လ သုံးလ စသည် ကာလခြားမှသာလျှင် အသီး့ သီးသကဲ့သို့ ဤသုတ်သည် လည်း နာဆဲ သင်ဆဲ စသော ခဏ၌ အကျိုးမပြီးသေး။ အစဉ်အတိုင်း

http://www.dhammadownload.com



ကျင့်ခြင်း အစရှိသည်၏ အစွမ်းဖြင့် ကာလခြားမှသာလျှင် အကျိုးပြီး၏။ ဤကား သဘာမိ၀ စသည်၌ ပမာ ပမေ နှီးနှောပုံတည်း။

နွားမသည် သင့်လျော်သောအခါ၌ နွားငယ်ကို နို့စို့စေပြီး နို့ညှစ်ကုန်သော အကြောင်းပြည့်စုံကုန်သော သူတို့အားသာလျှင် နို့ရည်ကို ယိုစေ၏။ အခါမဟုတ်ရာ၌၊ ဝါ-သားငယ်မမွေးသောအခါ၌လည်း၊ ဦးချိုစသည်တို့ကို ကိုင်၍ညှစ်ကုန်သောအကြောင်းမပြည့်စုံကုန်သောသူတို့အား နို့ရည်ကိုမယိုစေသကဲ့သို့ ဤသုတ္တန်သည်လည်း သံသရာမှလွတ်မြောက်လိုခြင်း နိဿရဏစသည်ဖြင့် နာခြင်း ဆောင်ခြင်း အစရှိသည်တို့ကို ပြုကုန်သော အကြောင်းဥပါယ်နှင့် ပြည့်စုံကုန်သောသူတို့အားသာ သီလ စသော အကျိုးကို ပြီးစေ ယိုစေတတ်၏ ဟူလို။ ဤကား ဓေနုဝိယစသည်၌ ပမာ ပမေ နှီးနှောပုံတည်း။

† အနုပုဗ္ဗသိက္ခာဒိ ဝသေန ကာလန္တရေန အတ္တာဘိနိပ္ဖတ္တိ ဒဿေတုံ သဘာမိဝ ဖလန္တိ ဝုတ္တံ။ (ဋီသစ်)

† ဥပါယသမင်္ဂိနညေ၀ အတ္တာဘိနိပ္ဖတ္တိ ဒဿေန္တော ဓေနုဝိယ ခီရန္တိအာဟ။ (ဋီသစ်)

---

ဣကရော ပန....

ယံ ဧတ္ထ ဝုဍ္ဎိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။
ဝုတ္တာဓိကာစ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတော။

● (၁) အဘိဓမ္မာပုဒ်ကိုအထက်ဖော်ပြပါ ဂါထာနှင့်အညီ အနက် မှန် မှန် သမွန်ပါ။

ဖြေ။ ။အဘိဓမ္မော၊ ကြီးပွားခြင်း ရှိကုန်သော တရားတို့ရှိကုန်သော အဘိဓမ္မာ။ ဝါ၊ ကြီးပွားခြင်းရှိကုန်သော တရားတို့ကို ဟောအပ်ကုန်ရာ အဘိဓမ္မာ။ (ဝုဍ္ဎိမန္တော စသည်ထောက်)

အဘိဓမ္မော၊ မှတ်ကြောင်းနှင့် တကွ ဖြစ်ကုန်သော တရားရှိကုန်သော အဘိဓမ္မာ။ ဝါ၊မှတ်ကြောင်းနှင့်တကွဖြစ်ကုန် မှတ်ကြောင်းရှိကုန်သော တရားတို့ကို ဟောအပ်ကုန်ရာ အဘိဓမ္မာ။ (သလက္ခဏာစသည် ထောက်)

http://www.dhammadownload.com



အဘိဓမ္မော၊ ပူဇော်အပ်ကုန် ပူဇော်ထိုက်ကုန်သော တရားတို့ ရှိကုန်သော အဘိဓမ္မာ။ ဝါ၊ပူဇော်အပ်ကုန် ပူဇော်ထိုက်ကုန်သောတရားတို့ကို ဟောအပ်ကုန်ရာ အဘိဓမ္မာ။ (ပူဇိတာ စသည်ထောက်)

အဘိဓမ္မော၊ ပိုင်းခြားအပ်ကုန်သော တရားတို့ ရှိကုန်သော အဘိဓမ္မာ။ ဝါ၊ ပိုင်းခြားအပ်ကုန်သော တရားတို့ကို ဟောအပ်ကုန်ရာ အဘိဓမ္မာ။ (ပရိစ္ဆိန္နာ စသည်ထောက်)

အဘိဓမ္မော၊ လွန်ကဲကုန်သော တရားတို့ရှိကုန်သော အဘိဓမ္မာ။ ဝါ၊ လွန်ကဲကုန်သောတရားတို့ကို ဟောအပ်ကုန်ရာ အဘိဓမ္မာ။(အဓိကာ စသည်ထောက်)

---

● (၃) ယံ ဧတ္ထ ဝုဍ္ဎိမန္တော စသောဂါထာ၌ တေန ဟူသော အကြောင်းပြ စကားကိုထောက်၍ စောဒကာသောဂါဒိ စတုက္ကထုတ်ပါ။

ဖြေ။ ။စောဒကာသောဂါဒိ စတုက္ကထုတ်ပုံ။

နနု ယံ ဝါတံ ဝါ ကာရဏေန အဘိဓမ္မောတိ အက္ခာတော။ (စော+သော)

ကေန ကာရဏေန အဘိဓမ္မောတိ အက္ခာတော။ (စော)

နနု ယံ ဧတ္ထ ဝုဍ္ဎိမန္တော သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ၊ ဝုတ္တာဓိကာစ ဓမ္မာ။ (ပရိ+သော)

တေန ကာရဏေန အဘိဓမ္မောတိ အက္ခာတော။ (ပရိ)

မှတ်ချက်။ ။စောဒကာသောဂ, ဋီကာ စသည်၌ မလာသော်လည်း တေန ဟူသော အကြောင်းပြ စကားကိုထောက်၍ ထုတ်လိုက်ပေသည်။ တစ်ပါးသော အရာတို့၌လည်း စောဒကာသောဂ စသည်ကို ကြံပါလေ။

---

● (၄) ဝုဍ္ဎိမန္တောပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ဝုဍ္ဎိ ဧတေသံ အတ္ထီတိ ဝုဍ္ဎိမန္တော။

http://www.dhammadownload.com



(တေသံ ဓမ္မာနံ၊ ထိုတရားတို့အား။ ဝုဒ္ဓိ၊ ကြီးပွားခြင်းသည်။ အတ္ထိ၊ ရှိ၏။)

ဝစနာဒိဆက္က။ ။ကြီးပွားခြင်း ဝုဒ္ဓိဟာ၀၏ တရားတို့ဖြစ်နှင့် ဂုဏ်, ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဝစနဟောတုံမည်၏။ ကြီးပွားခြင်းရှိသော ဓမ္မတို့ဒြဗိသည် ဝစနီယမည်၏။ ဝုဒ္ဓိဝန္တော, ဖာတိမန္တော စသောပရိယာယ်သည် ဝစနီယတ္ထမည်၏။

မှတ်ချက်။ ။ဆက္ကထုတ်ရာ၌ ခက်ခဲရာသုံးပါးကိုသာထုတ်သည်။ နောက်ဆက္ကထုတ်ရာတို့၌လည်း ခက်ရာကိုသာထုတ်ပြပါမည်။ ကြွင်းသုံးပါးလွယ်ပြီ။ အဘိဓမ္မသဒ္ဒါ၏ ဝိဂ္ဂဟကို နံပါတ် ၆-၌ရှုပါလေ။

---

● (၅) ဂါထာ၌ အက္ခာတောကြိယာကို တ္တ ပစ္စယယောဂ ဟိတ်ပုဒ်ပြင်၍ သမ္မန်ပုဒ်ကိုဖော်ပြပါ။

ဖြေ။ ။အက္ခာတောကြိယာကို အက္ခာတတ္တာဟု ဟိတ်ပြင်ရပါမည်။ အက္ခာတတ္တာ ဟူသော ဟိတ်ပုဒ်၏သမ္မန်ကား ဣတရဿ အဘိဓမ္မဿထည်း။ (ပစ္စယတ္ထ ကမ္မတ္ထ ကံ သမ္မန်စပ်)

မှတ်ချက်။ ။ကြိယာပုဒ်ကို ဟိတ်ပြင်လျှင် မူလကြိယာက ကတ္တားဟောဖြစ်လျှင် ကတ္တားကို သမ္မန်ခံ။ မူလကြိယာက ကံဟောဖြစ်လျှင် ကံကို သမ္မန်ခံပါ။ ဘာဝယောဂပုဒ်နှင့်လည်း တူညီသည်ကို တွေ့ရမါလိမ့်မည်။

ဥပမာ။ ။ဓနံ အတ္ထိ ဝါကျ၌ အတ္ထိကို အတ္ထိတာယဟု ဟိတ်ပြင်လျှင် ဓနံဟူသော ကတ္တားကို ဓနဿဟု သမ္မန်ခံ။ ကံဟောကြိယာ၌လည်း ဤနည်းတူပင်။

* ကြိယာပုဒ်ပင် ၊ဟိတ်ပြင်ဆင်မူ၊ ယခင်ဟောရာ။ကတ်,ကံသာ၊ ခံပါသမ္မန္။ (သစ်)

---

● (၆) ယံ ဧတ္ထ စသောဂါထာ၌ အဘယ်ပါဌ်ဖြင့် အဘယ်သို့ အာဘောဂကိုပြသည်ဟု ရေးသား၍ အသီးသီး သံဝဏ္ဏနာတို့၏ အမည်ကို ဖော်ပြပါ။

ဖြေ။ ။ဂါထာ၌ ယံ ဧတ္ထ ဝုဒ္ဓိမန္တော ဝုတ္တာ ဓမ္မာ တေနဖြင့် အဘိဓမ္မော အဘိဥပသာရသည် အဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဒကမ္မ စသော

http://www.dhammadownload.com



အနက်တို့ကိုမဟော၊ ဝုဇ္ဇိမန္တအနက်ကို ဟောသည်၏ အဖြစ်ကိုလည်း ကောင်း, အဘိဓမ္မောပုဒ်ကို အဘိဝိသေသော ဓမ္မော အဘိဓမ္မောဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထမပြုရ၊ ဝုဇ္ဇိမန္တော ဓမ္မာ တွောတိ အဘိဓမ္မောဟု သတ္တမိဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ (၂) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ၊ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထသံဝဏ္ဏနာ။

ဂါထာ၌ ယံ ဇတ္တ သလက္ခဏာဝုတ္တာ ဓမ္မာ တေနဖြင့် အဘိဓမ္မော ၌ အဘိ ဥပသာရသည် အာဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဓကမ္မစသော အနက်တို့ကို မဟော၊ သလက္ခဏအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း¹, အဘိဓမ္မောပုဒ်ကို သလက္ခဏဓမ္မော အဘိဓမ္မောဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထမပြုရ၊သလက္ခဏာ ဓမ္မာ တွောတိ အဘိဓမ္မောဟု သတ္တမိဗဟုဗ္ဗိဟိ သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း² သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ (၂) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ၊ ဝိဂ္ဂိုဟ်ပြ အဘိဓာနတ္ထ။

ဂါထာ၌ ယံ တွေ့ ပူဇိတာ ဝုတ္တာ တေနဖြင့် အဘိဓမ္မော၌ အဘိ ဥပသာရသည် အာဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဓကမ္မစသော အနက်တို့ကိုမဟော၊ ပူဇိတအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း¹,အဘိဓမ္မောပုဒ်ကို ပူဇိတာနံဓမ္မော အဘိဓမ္မောဟု တပ္ပုရိသ်တမာသ်ဝစနတ္ထမပြုရ၊ပူဇိတာ ဓမ္မာ တွောတိ အဘိဓမ္မောဟု သတ္တမီဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း² သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ (၂) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။

ဂါထာ၌ ယံ တွေ့ ပရိစ္ဆိန္နာ ဝုတ္တာ ဓမ္မာ တေနဖြင့် အဘိဓမ္မော၌ အဘိဥပသာရ "လ" မဟော၊ ပရိစ္ဆိန္နအနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း¹, အဘိဓမ္မောပုဒ်ကို ဓမ္မသာ ပရိစ္ဆိန္နော အဘိဓမ္မောဟု အဗျယီဘောသမာသ်ဝစနတ္ထမပြုရ၊ ပရိစ္ဆိန္နာ ဓမ္မာ တွောတိ အဘိဓမ္မော ဟု သတ္တမီ "လ" ကိုလည်းကောင်း² သိစေပါသည်။

E 7A

http://www.dhammadownload.com



(၁) ဥပသဂ္ဂလိင်္ဂတ္ထ (၂) သမာသလိင်္ဂပဒ သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။

ဂါထာ၌ ယံ တွေ အမိကာ ဝုတ္တာ ဓမ္မာ တေန ဖြင့် အဘိဓမ္မော၌ အဘိဥပသာရ "လ" မဟော၊ အဓိကအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ အဓိကော ဓမ္မော အဘိဓမ္မောဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ မပြုရ၊ အဓိကာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မောဟု သတ္တမီ "လ"ကိုလည်းကောင်း၊ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ (၂) သမာသလိင်္ဂပဒ သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထ ဝိဂ္ဂြိုဟ်ပြ အဘိဓာနတ္ထ။

မှတ်ချက်။ ။သံဂဏ္ဌနာ၌ တွေ၊ တတ္ထ စသည်ဖြင့် ဖွင့်လျှင် သတ္တမီ ဗဟုဗ္ဗီဟိသော်လည်းကောင်း၊ အဘာတ္တိသော်လည်းကောင်း၊ အဓိကရဏ သာဓ်သော်လည်းကောင်း ကမျိုးမျိုးကိုပြုသည်။ ဤဂါထာ၌ သတ္တမီ ဗဟုဗ္ဗီဟိကို ပြသည်။ ဖော်ပြပါ အာဘော်၌ ကမ္မဓာရယ်၊ တပ္ပုရိသ်၊ အဗျယီဘော သုံးမျိုးလုံး လျဉ်းပါးနိုင်သည်။ ဗျတိရေကအာဘော် ဖော်နိုင်သည်။ ကျယ်မည်စိုး၍ တနေရာစီသာ ဗျတိရေကအာဘော်ဖြစ် ရေးသားလိုက်ပေသည်။

---

(က) ဒေသနာ သာသန ကထာ၊ "လ"တမ္ပိ သဗ္ဗံ ဝိဘာဝယေ။

(ခ) တတြာယံ ပရိဒီပနာ ဝိဘာဝနာစ။

(ဂ) တေသနိ ဟိ တီဏိ ပိဋကာနိ ယထာက္ကမံ အာဏာ၊ ဝေါဟာရ၊ ပရမတ္ထဒေသနာ၊ "လ" နာမရူပပရိစ္ဆေဒ ကထာတိ စ ဝုစ္စန္တိ။

(ဃ) တွေ ဟိ ဝိနယပိဋကံ အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ အာဏာဒေသနာ။

● (၁) ခ-ဝါကျကို ဝဒန္တိဝါဒ၊ သမာနဝါဒအားလျော်စွာ အနက်သမ္ဗန်ပါ။

ဖြေ။ ။တတြ တာသု ဂါထာသု၊ ထိုဂါထာတို့၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ပရိဒီပနာစ၊ ထက်ဝန်းကျင်မှပြခြင်းသည်လည်းကောင်း။

http://www.dhammadownload.com



(ဝဒန္တိ) ဝါ၊ ပထမဂါထာ၏ အနက်ကို ပြခြင်းသည် လည်းကောင်း။ (သမာန) ဝိဘာဝနာစ၊ ထင်စွာပြခြင်းသည် လည်းကောင်း။ (ဝဒန္တိ) ဝါ၊ဒုတိယဂါထာ၏အနက်ကို ပြခြင်းသည် လည်းကောင်း။ (သမာန) ဟောတိ၊ ဖြစ်၏။ ဝါ၊ ဖြစ်လတ္တံ့။

မှတ်ချက်။ ။ဤအနက်ကို ထောက်၍ ဝဒန္တိအလို ပရိဒီပနာနှင့် ဝိဘာဝနာထူးပုံ၊ သမာနအလို အထူးမရှိပုံကို သိပါလေ။

† အပိစ တေံ ပဒဒ္ဓယံ ဟေဋ္ဌာ ဝုတ္တာနုရူပတော ကထိတံ၊ အတ္ထတော ပန ဧကမေဝ။ (သီ-ဋီသစ်)

---

● (၂) ခ-ဝါကျကို အနုသန္ဓေတက်၊ ဂ-ဝါကျ၌ ကံပုဒ်သို့ သုဒ္ဓပဉ္စတ္တိ ပုစ္ဆာထွက် စာထွက်ခဲ့ပါ။

ဖြေ။ ။**အနုသန္ဓေ တက်ပုံ။**

ဤသို့ က-ဝါကျဖြင့် ဒေသနာ, သာသနာ, ကထာ စသည်တို့ကို အကျဉ်းအားဖြင့် ပြတော်မူပြီး၍ ယခုအခါ၌ ထိုဒေသနာ စသည်တို့၏ အကျယ်ကို ပြခြင်းငှါ မပြမီ ရှေးဦးစွာ စကားပျိုးကို ပြတော်မူလိုသည် ဖြစ်၍၊ ဝါ-ပြလိုသောဆရာသည် တတြာယံ စသော ခ-ဝါကျကို မိန့်။

မှတ်ချက်။ ။တတြာယံ စသော ခ-ဝါကျသည် ဂါထာတို့၏ အကျယ်ကို မှုချမပြ။ မှုချပိတ္ထာရဝါကျမျိုးမဟုတ်၊ စကားမျိုး, စကား ကိုး, စကားရိုး ဤသုံးမျိုးတို့တွင် စကားပျိုး ဝါကျမျှသာ ဖြစ်သည်။ တောနိ ဟိ စသော ဂ-အမှတ်ပြ ဝိတ္ထာရဝါကျအခြေခံမျှသာဖြစ်သည်။ ထို့ကြောင့် ပါဒကဝါကျဟုလည်း ခေါ်သေးသည်။ ၎င်းဝါကျမျိုးကို သမီပူပစာအားဖြင့် ဝိတ္ထာရဝါကျ၌ သွင်းရာ၏။

သုဒ္ဓပဉ္စတ္တိပုစ္ဆာထွက်

ဆရာ၊ ဆရာသည် ဝုစ္စန္တိ ဟူသော ပါဌ်ဖြင့် ဆိုအပ်ကုန်သောဟု ဆို တော်မူ၏။ အဘယ်မွတို့ကို အာဏာ "လ" နာမရူပပရိစ္ဆေဒကထာ ဟု ဆိုအပ်ကုန်သနည်း။ ပိဋကတ်တစ်ပုံပုံကိုသာ အာဏာ "လ" နာမရူပ ပရိစ္ဆေဒကထာဟု ဆိုအပ်ကုန်ပါသလောဟု သူမေးဘွယ် ရှိသောကြောင့် တောနိ တီဏိ ပိဋကာနိ ဟူသော ကံပုဒ်ကို မိန့်သတည်း။

http://www.dhammadownload.com



အစိပ္ပါယ်ကား။ ။ဧတာနိ တီဏိ ပိဋကာနိ ဟူသောကံပုဒ်ဖြင့် ထိုပိဋကတ်သုံးပုံတို့ကို (အစဉ်အတိုင်း) အာဏာ''လ''နာမရူပ ပရိစ္ဆေဒ ကထာဟု ဆိုအပ်ကုန်၏ဟု ငါပြဆို၏ဟူလိုသော်။

မှတ်ချက်။ ။သဒ္ဒါနည်း ပရမတ်၊ ဝါ-ပဌာန်းနည်းတို့ကို ကြည့်၍၊ ဝါ-အသုံးမပြုပဲ မြန်မာဘာသာပြန် ဝေါဟာရဖြင့် စာထွက်သည်ကို ပညတ်ထွက်ဟု ခေါ်သည်။

* ပရမတ်သဒ္ဒါ၊ ယင်းနှစ်ဖြာကို၊ ကြည့်ကာမြန်မာ၊ ဝေါဟာရဖြင့်၊ ပဒဆိုက်ရာ၊ ထွက်သည့်စာ၊ မှတ်ပါ ပညတ္တိ။ (သစ်)

---

● (၃) တွေ့ ဟိချီသော ဃ-ဝါကျ၌ အဖြေရှောင်သော နည်းဖြင့် ရသင့်သော စောဒကာဘောဂါဒိစတုက္က၏ မြန်မာဘာသာဖြင့် ထုတ်ပါ။

ဖြေ။ ။စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ

ဝိနည်းပိဋကတ်၌ ဝေါဟာရဓမ္မ, ပရမတ္ထဓမ္မတို့ကိုလည်း ဟောတော်မူအပ်သည်မဟုတ်လော။ (စော+ဘော)

ယင်းသို့ ဟောအပ်ပါလျက် အဘယ့်ကြောင့် ဝိနည်းပိဋကတ်ကို အာဏာဒေသနာဟု ဆိုအပ်ပါသနည်း။ (စော)

ဝိနည်းပိဋကတ်၌ အာဏာထားခြင်းငှာ ထိုက်တော်မူသော မြတ်စွာဘုရားသည် အာဏာများသောအားဖြင့် ဟောတော်မူအပ်သည် မဟုတ်လော။ (ပရိ+ဘော)

(ထို့ကြောင့်) ဝိနည်းပိဋကတ်ကို အာဏာဒေသနာဟု ဆိုအပ်ပါသတည်း။ (ပရိ)

မှတ်ချက်။ ။ဃ ဝါကျ၌ အာဏာဗာဟုလ္လတော ဒေသိတတ္တာ ဟူသောအဖြေကိုရှောင်၍ စောဒကာဘောဂပြုသည်။ ယင်း ဃ-ဝါကျကို တက်လျှင်လည်း စောဒကာဘောဂကိုပင် အာဘော်ပြု၍ တက်ပါလေ။ ဤနည်းကိုမှီ၍ စောဒကာဘောဂသည် ကျမ်းတက်ရာ၌ အာဘော်ဖြစ်၍ အချို့သောအာဘော်သည် စောဒကာဘောဂ ဖြစ်နိုင်သည်ဟု မှတ်ပါလေ။

http://www.dhammadownload.com



† ဝေါဟာရပရမတ္ထမ္မောနိမ္မိ တတ္ထ သမ္ဘဝတော အာဏာ ဗာဟုလ္လတောတိ ဝုတ္တံ (သီ-ဋီ-သစ်)

---

● (၄) ဝေါဟာရသဒ္ဒါကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ခဲ့ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ဝိသေသေန သတ္တာနံ နေ့ အဝဟရတီတိ ဝေါဟာရော။ (ဝိသေသေန၊ အထူးအားဖြင့်၊ သတ္တာနံ၊ တို့၏။ မနံ၊ စိတ်ကို။ အဝဟရတိ၊ ဆောင်တတ်၏။ ဣတိ၊ ကြောင့်။ ဝေါဟာရော၊ ဝေါဟာရမည်၏။ ဝိအဝ ပုဗ္ဗ ဟရဓာတ် ဏ ပစ္စည်း။

ဝစနာဒိဆက္က။ ။အထူးအားဖြင့် သတ္တဝါတို့၏ စိတ်ကို ဆောင်ခြင်း ကြိယာသကတ်သည် ဝစနဟေတုမည်၏။ ပုဂ္ဂိုလ်သတ္တဝါစသော ပညတ်တရားဒြပ်သည် ဝစနီယ မည်၏။ ပဏ္ဏတ္တိ, ပညတ္တိစသောပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

## ဝိဂ္ဂဟ မှတ်ဖွယ်များ

အာဏာရဟေန အာဏံ ယပေတုံ အရဟတီတိအာဏာရဟော။ (အာဏံ၊ အာဏာကို။ ထပေတုံ၊ တားခြင်းငှာ။ အရဟတိ၊ ထိုက်၏။)

အာဏာဗာဟုလ္လတော ဗဟုလာ အာဏာ တေသာတိ အာဏာ ဗဟုလော။ အာဏာ ဗဟုလဿ ဘာဝေါ အာဏာဗာဟုလ္လံ။ (အာဏာ ဗာဟုလ္လတော၊ များသောအာဏာရှိသည်၏ အဖြစ်ဖြင့်။ (သဒ္ဒတ္ထ) ဝါ-အာဏာများ၏ အဖြစ်ဖြင့် (အဓိပ္ပါယတ္ထ)

(ပါရာဇိကဏ်ဂဏ္ဌိသစ်)

---

● (၅) ဃ-ဝါကျ၌ ဒေသိတတ္တာဟူသော ဟိတ်၏သမ္ဗန်ကို ဖော်ပြ၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို ရေးသားပြီးလျှင် စာစပ်ခဲ့ပါ။

ဖြေ။ ။ဒေသိတတ္တာဟူသော ဟိတ်၏သမ္ဗန်ကား ဝိနယပိဋကဿ တည်း။ (ဝိနယပိဋကံကို သမ္ဗန်ခံ) ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကမ္မတ္ထသာတည်း။

http://www.dhammadownload.com



စာစပ်ပုံ။ ။ဝိနယပိဋကဿ ကား ၏ ဟု အနက်ပေးသောကြောင့် ဒေသိတတ္တာ၀ယ် တ္တ ပစ္စည်း၌ သမ္ဗန္ဓိ၊ တတ္တ ပစ္စည်းကား သမ္ဗန္ဓိ တည်း။

တနည်း။ ဝိနယပိဋကဿ ကား ကို ဟု အနက်ပေးသောကြောင့် ဒေသိတတ္တာ၀ယ် ဒေသိတဟူသော ဘာ၀ယောဂပုဒ်၌ ကမ္မ၊ ဒေသိတဟူသော ဘာ၀ယောဂပုဒ်ကား ကမ္မ တည်း။

---

● (၆) ဃ-ဝါကျနှင့် တထာ ပဌမံ ယေတေ ပစ္စယာ ပရာဓ သတ္တာ၊ တေ ယထာ ပရ.စ် တွေ သာသိတာတိ ယထာပရာဓ သာသနံ'တို့၌ အာဘော၁၊ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။ဃ-ဝါကျ၌ အာဏာ ဗာဟုလ္လတော ဒေသိတတ္တာဖြင့် ဒေသနာကို ဒေသိယတေသိဒေသနာ ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁], ယု ပစ္စည်းသည် ဘာ၀သာဓန၌မသက်၊ ကမ္မ သာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂], အာဏာနှင့် ဒေသနာ ကို အာဏာ၀ယ ဒေသနာ အာဏာဒေသနာ ဟု တတိယတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃], အာဏာပင်များသော်လည်း အပွကဆာဖြင့် ဝေါဟာရ, ပရမတ္ထဓမ္မတို့ကို ယင်းဝိနည်းပိဋကတ်၌ ဟောသေးသည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေပါသည်။

(၁) ဝိဂ္ဂြိုဟ်ပြု အဘိဓာနတ္ထ (၂)ဒုတိယပစ္စယတ္ထ (၃)သမာ သလိင်္ဂပဒသမာသလိင်္ဂတ္ထ၊ဝါ သမာသလိင်္ဂပဒတ္ထ ဝိဂ္ဂြိုဟ် ပြု အဘိဓာနတ္ထ (၄) ဘာ၀တ္ထသံဝဏ္ဏနာ။

ဃ-ဝါကျ၌ ဘဂ၀တာဖြင့် ဟောအပ်၏ဟူသည် မြတ်စွာဘုရား သည် ဟောအပ်သတည်းဟု သိစေပါသည်။ (ဘာ၀တ္ထ)

အာဏာရဟေနဖြင့် မြတ်စွာဘုရားအား အာဏာ ထားခြင်းငှာ ထိုက်တော်မူသော ဂုဏ်ရှိသတည်းဟု သိစေပါသည်။ (ဘာ၀တ္ထ)

ဝိနယ ပိဋကံဖြင့် အာဏာဒေသနာအရ ဝိနည်း ပိဋကတ်ကို ယူရ မည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

http://www.dhammadownload.com



မှတ်ချက်။ အာဏာဒေသနာပုဒ်ကို အာဏာဗာဟုလ္လတော ဒေသိတတ္တာဖြင့် ယခင် ဝစနတ္ထကိုပြသည်။ လိုရင်းအဖွင့်တည်း။ ရေးသားပြီး အာဘော်ကိုရှုလျှင် အစ–ဝိနယ ပိဋကမှ ဖော်မှု၍ နောက်မှ ပြန်၍ ဖော်ထားသည်ကို တွေ့ရပေမည်။ လွယ်ကူစေရန် လိုရင်းမှစ၍ဖော်သည်။ အစဝိနယပိဋကမှစ၍ ဖော်လိုက ဖော်နိုင်သည်။ ဘာဝတ္ထအာဘော်ဖော်ရာ၌ စာစပ်၍ စာထွက်နည်းအတိုင်း ဖော်ရသည်။

ဥပမာ။ ။ဘဂဝတာ-ကို ဖော်လိုလျှင် ၎င်းပုဒ်၏စပ်ရာ ဒေသိတတ္တာဝယ် ဒေသိတမှစ၍ "ဟောအပ်၏ဟူသည် (ဘဂဝတာ)မြတ်စွာဘုရားသည် ဟောအပ်သတည်း"ဟု ဖော်ရသည်။ အာဏာရဟောနကို ဖော်လိုလျှင် ၎င်းပုဒ်၏ စပ်ရာ ဘဂဝတာကို ရှု၍ မြတ်စွာဘုရားအားယင်းဂုဏ်ရှိသတည်းဟု ဖော်ရသည်။

တတ္ထ ပဌမံ ယေ တေ စသော ဝါကျ၌ ယထာ ပရာဓံ တွေ့သာသိတာဖြင့် သာသနံ ပုဒ်ဝယ် ယု ပစ္စည်းသည် ဘာဝသာဓန၌မသက်၊ အဓိကရဏသာဓန၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၁], သာသနံပုဒ်ကို သာသိယန္တိ တွေ့ာတိ သာသနံ ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂], ယထာပရာဓနှင့် သာသနံကို ယထာပရာဓံ သာသနံ ယထာပရာဓ သာသနံဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။

(၁) ဒုတိယပစ္စယတ္ထ။ (၂) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။
(၃) သမာသလိင်္ဂပဒ သမာသလိင်္ဂတ္ထ, ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။

မှတ်ချက်။ ။ယထာပရာဓံ ၌ အံ သဒ္ဒါကား အံဝိဘတ္တိနမကာရန္တာအဗျယီဘာဝါဖြင့် တတိယာ-နာဝိဘတ်ကို အံပြုထားသတည်း။

ယထာပရာဓံ တွေ့ သာသိတာတိ ၌ ဣတိသဒ္ဒါဖြင့် သကတ်ကို ထွန်းပြသော ဝစနဟောတုဇောတကပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ဝိဂ္ဂြိုဟ်ပြ ဣတိသဒ္ဒါ တွေ့မူ ဤအတိုင်းဖော်ပြပါ။ သံပဏ္ဏနာအမည်ကား ဘာဝတ္ထ သာ၊ နိပါတ်ပုဒ်ဖြစ်၍ နိပါတလိင်္ဂတ္ထဟု မဖော်ရပေ။ လွယ်သဖြင့် နောက်၌ ဣတိသဒ္ဒါအတွက် မဖော်ပဲ ချန်လှပ်ပါမည်။

http://www.dhammadownload.com



ယေ တေ ပစုရာ ပရာဓာ သတ္တာ တေ ဖြင့် ဆုံးမအပ်ကုန်၏။ (သာသိတာ)ဟူသည် များသော အပြစ်ရှိကုန်သော သတ္တဝါတို့ကိုဆုံးမအပ်ကုန်သတည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

ပထမံဖြင့် ယထာပရာဓ သာသနအရ ရှေးဦးစွာသော ဝိနည်းပိဋကတ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

---

● (ဂ) ဂါထာ၌ ဒေသနာ, သာသနာ, ကထာ သုံးမျိုးတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ ။ဒေသနာ....ဒေသကနှင့် စပ်သော အာဏာ, ဝေါဟာရ, ပရမတ်ဖြင့်ပြခြင်း သိစေခြင်းသည် ဒေသနာမည်၏။

သာသနာ....သာသိတဗ္ဗ ပုဂ္ဂိုလ်နှင့်စပ်သော ယထာပရာဓ, ယထာနုလောမ,ယထာဓမ္မ အပြစ်ဖြင့် ဆုံးမခြင်းသည် သာသနာမည်၏။

ကထာ....ကထေတဗ္ဗဖြစ်သော သံဝရာသံဝရ ဒိဋ္ဌိဝိနိဝေဌန နာမရူပ ပရိစ္ဆေဒအနက်ကို ဟောခြင်းသည် ကထာမည်၏။

အကျဉ်းအားဖြင့်ကား ဒေသကပုဂ္ဂိုလ်၏အစွမ်းဖြင့်၊ ဝါ-ဒေသက ပုဂ္ဂိုလ်ကို၍ ပိဋကတ်သုံးပုံသည် ဒေသနာ မည်၏။

သာသိတဗ္ဗ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် သာသနာ မည်၏။
ကထေတဗ္ဗ အတ္ထ၏ အစွမ်းဖြင့် ကထာ မည်၏။

† ဒေသကဿ ဝသေနေတ္ထ၊
ဒေသနာ ပိဋကတ္တယံ၊
သာသိတဗ္ဗ ဝသေနေတံ၊
သာသနန္တိ ပဝုစ္စတိ။ ။

† ကထေတဗ္ဗဿ အတ္ထဿ၊
ဝသေနာပိ ကထာတိစ၊
ဒေသနာ သာသနကထာ၊
ဘေဒမေ့ဝံ ပကာသယေ။ ။

(သီ-ဋီသစ်, ဝဇီရ,သာရတ္ထ)

---

http://www.dhammadownload.com



(က) ဓမ္မောတိ ဟေတု။
(ခ) ဝုတ္တဋ္ဌေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" တိ။
(ဂ) အတ္ထောတိ ဟေတုဖလံ။
(ဃ) ဝုတ္တဋ္ဌေတံ "ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ"တိ။
(င) ဒေသနာတိ ပညတ္တိ။
(စ) ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော။
(ဆ) ပဋိဝေဓောတိ အဘိသမယော။
(ဇ) သောစ လောကိယ လောကုတ္တရော ဝိသယတော အသမ္မောဟတော စ အတ္ထာနုရူပံ ဓမ္မေသု ဓမ္မာနုရူပံ အတ္ထေသု ပညတ္တိ ပထာနုရူပံ ပညတ္တိသု အဝဗောဓော။

● (၁) က-ဝါကျကို တုလျတ်, လိင်္ဂတ်, ပကတိ,ဝိကတိ,အနိယတ်, နိယတ် အားဖြင့် အနက်ယောဇနာပါ။

ဖြေ။ ။ဟေတု၊အကြောင်းသည်။ ဓမ္မောတိ ဓမ္မေ နာမ၊ မွေ မည်၏။(တုလျတ်,လိင်္ဂတ်)ဟေတု၊ အကြောင်းသည်။ ဓမ္မောတိ ဓမ္မောနာမ၊ ဓမ္မမည်သည်။ ဟောတိ၊ ဖြစ်၏။ (ပကတိ,ဝိကတိ)

ယော ဟေတု၊ အကြင် အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ သော ဟေတု၊ထိုအကြောင်းသည်။ ဓမ္မောတိ၊ ဓမ္မောနာမ၊ ဓမ္မ မည်သည်။ ဟောတိ၊ ဖြစ်၏။ (အနိယတ်,နိယတ်)

* တုလျတ်,လိင်္ဂတ်၊ သတ်မှတ်လေဘိ၊ပကတိ, ဝိကတိရရာ၊ နိယမာ, နိယမ၊ နက်လည်းရ၊ ဌာနခပ်သိမ်းမှာ။
* ကြိယာမသတ်၊ ကတ္တားချင်းသာ၊ စပ်တုံပါ၊ မှတ်ရာတုလျတ်လိင်္ဂတ်တည်း။ (သစ်)

---

● (၂) က-ဝါကျ၌ သံဝဏ္ဏနာကိုရှု၍ ပုစ္ဆာတက်,ခ-ဝါကျကို စောဒနာတက်,ဇ-ဝါကျကို အနုသန္ဓေတက်မျှ တက်ခဲ့ပါ။

ဖြေ။ ။သံဝဏ္ဏနာရှု၍ တက်ပုံ။

ဆရာ၊ ဆရာသည် ဓမ္မောဟုဆိုတော်မူ၏။ (သံဝဏ္ဏေတဗ္ဗကို ထပနာထား၊သံဝဏ္ဏေတဗ္ဗကို ဟောသောပုဂ္ဂိုလ်ကို ကတ္တားထား) ဓမ္မသဒ္ဒါသည်

E.8 A

http://www.dhammadownload.com



သဘာဝ, ဉာယ စသော သဒ္ဒါတို့၏ ပရိယာယ် ဖြစ်လေသလော။ ဓမ္မသဒ္ဒါသည် အဘယ်သဒ္ဒါ၏ ပရိယာယ် ဖြစ်ပါသနည်းဟု သူမေးဖွယ်ရှိသောကြောင့် ဖေဟတုဟူသော သံဝဏ္ဏနာကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဟေတုဟူသော သံဝဏ္ဏနာဖြင့် ဓမ္မသဒ္ဒါသည် သဘာဝ, ဉာယစသော သဒ္ဒါတို့၏ ပရိယာယ်မဟုတ်၊ ဟေတုသဒ္ဒါ၏ ပရိယာယ်တည်းဟု ငါပြဆို၏ ဟူလိုသော်။

## အကျယ်ရှင်းလင်းချက်

လီနတ္ထရတက်, လျှဉ်းပါးတက်, အဖြေရှာတက်, သံဝဏ္ဏနာရှာတက် ဟူသော အထက်တို့သည် အမည်ကွဲပြားသော်လည်း တက်နည်းအတူတူပင်။ သံဝဏ္ဏေတဗ္ဗကို ထပနာထား၍ ၎င်းသံဝဏ္ဏေတဗ္ဗကို ဟောသော ပုဂ္ဂိုလ်ကို''ဆရာသည်, မြတ်စွာဘုရားသည်''ဟု သင့်လျော်သလို ကတ္တားထားပြီး သံဝဏ္ဏနာအဖြေကိုရှောင်၍ တက်ရသည်။ စောဒနာတက်လိုက ပြဆိုပြီးသော နည်းတို့အတိုင်း ပြင်ဆင်၍တက်ပါ။

ပြဆိုပြီးအတက်သည် ဋီကာသစ်အလိုတည်း။ ဓမ္မသဒ္ဒါ ဟောနိုင်သော အနက်ထိုကိုရှောင်၍''ဓမ္မသဒ္ဒါသည် သဘာဝ,ဉာယစသောအနက်တို့ကို ဟောပါသလော၊ ဓမ္မသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း''ဟု အာဘော် ပုစ္ဆာထုတ်၍ တက်နိုင်သေးသည်။

## ၁-ဝါကျစောဒနာတက်ပုံ

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ဟေတုပရိယာယ်တည်းဟု ဆိုတော်မူ၏။ ဓမ္မသဒ္ဒါ၏ ဟေတုပရိယာယ်၏အဖြစ်ကို အဘယ်သို့လျှင် သိအပ်ပါသနည်း။ အကိုးသာဓကမရှိက မသိအပ်သည်မဟုတ်ပါလော။ အကယ်၍ အကိုးသာဓကကို မပြဆိုချေသော် ဆရာ့အား ဒဠှီယ, ဒဠှီကရဏဆန့်သော ဝိရောဓိဒေါသ ရောက်ခဲ့ရာ၏ ဟု သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော ဆရာသည် ခ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဝါကျဖြင့် ဓမ္မသဒ္ဒါ၏ ဟေတုပရိယာယ်၏ အဖြစ်ကို ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါဟူသော အကိုးသာဓကဖြင့်

http://www.dhammadownload.com



သိအပ်, သိနိုင်ရကား သင်တင်တိုင်းသော ဒဋ္ဌိယ, ဒဋ္ဌိကရဏဆန့်သော ဝိရောဓိဒေါသ ငါ့အားမရောက် ဆိုသင့်ဆိုတန်၏ ဟူလိုသော်။

မှတ်ချက်။ ။ပြဆိုခဲ့ပြီးသော အတက်သည် ဋီကာ တက်နည်းတည်း။ ယင်း ခ-ဝါကျသည်''ဝုတ္တဒွေတ၊ အာဂမ၊ ယုတ္တိဒဋ္ဌိရင်း''ဟူသည်နှင့်အညီ အာဂမ ဒဋ္ဌိဝါကျတည်း။ ယင်းအာဂမဒဋ္ဌိဝါကျမျိုးကို တွေ့တိုင်း တက်နိုင်ရန် ထပနာဖြစ်သော ဒဋ္ဌိယဝါကျကို သာဓျ,ဉာပျ, သကာဝစနဟုမှတ်။ တက်လတ္တံ့ဖြစ်သော ဒဋ္ဌိကရဏဝါကျကို သာဓက, ဉာပက, ပရဝစန ဟုမှတ်၍ အောက်ပါအတိုင်းတက်ပါ။

## တနည်းစောဒနာ တက်ပုံ

ဆရာ၊ ဆရာသည် ဓမ္မသဒ္ဒါသည် ဟေတုပရိယာယ်တည်းဟု သာဓျ, ဉာပျ, သကာဝစနကို ဆိုတော်မူ၏။ ယင်း သာဓျ, ဉာပျ, သကာဝစန၏ သာဓက,ဉာပက,ပရဝစနကား အဘယ်နည်း၊သာဓျ,ဉာပျ,သကာဝစန၏ သာဓက, ဉာပက, ပရဝစနကို မပြပြီလော။ အကယ်၍ သာဓျ, ဉာပျ, သကာဝစနကိုသာပြ၍ သာဓက,ဉာပက,ပရဝစနကိုမပြဆိုချေသော် ဆရာ့အား ဒဋ္ဌိယ, ဒဋ္ဌိကရဏဆန့်သော ဝိရောဓိဒေါသရောက်ရာ၏ဟု သူစောဒနာဖွယ် ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် သာဓက, ဉာပက, ပရဝစနကို ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော ဒဋ္ဌိယ, ဒဋ္ဌိကရဏဆန့်သော ဝိရောဓိဒေါသ ငါ့အားမရောက်, ဆိုတန်၏ ဟူလိုသော်။

တနည်း။ ။ထပနာစသည် အတူထား၍ ''ဓမ္မသဒ္ဒါသည် ဟေတုပရိယာယ်တည်းဟု ဆိုရာ၌ အကိုးသာဓကရှိသော်သာလျှင် ဆရာ့စကား သင့်တန်ရာ၏(ပရိကပ္ပ)အကိုးသာဓကမရှိက အဘယ်သို့လျှင် သင့်တန်ပါမည်နည်း။ မသင့်ရာသည်သာ မဟုတ်ပါလော''ဟု တက်နိုင်သည်။ဤ၌ နည်းစုံအောင် ပြလိုက်ပေသည်၊ နောက်၌ အလျဉ်းသင့်သလို တက်သွားပေမည်။

## ခ-ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ ခ-ဝါကျဖြင့် ပဋိဝေဓ ဟူသည် အဘိသမယတည်း။ ဝါ၊ ထိုးထွင်း၍ သိတတ်သောဉာဏ်သည် ပဋိဝေဓ မည်၏ဟု ပြဆိုတော်မူပြီး

E9 B

http://www.dhammadownload.com



၍ ယခုအခါ၌ ယင်းပဋိဝေကို အဘိသမယ အပြားအားဖြင့် လည်းကောင်း, အခြင်းအရာအားဖြင့် လည်းကောင်း, အာရုံအားဖြင့် လည်းကောင်း, သဘာဝအားဖြင့် လည်းကောင်း ထင်စွာပြခြင်းငှါ၊ ဝါ- ထင်ရှားပြုခြင်းငှါ သောစ အစရှိသော ၉ ဝါကျကိုမိန့်။

† ဓမ္မသဒ္ဒေါ စေတ္ထ ဟေတုပရိယာယတာ ကထံ ဝိညာယတီတိ အာဟ ဝုတ္တဉှေတန္တိ အာဒိ။ (သီ-ဋီသစ်)

† ဣဒါနိ တံ ပဋိဝေဓံ အဘိသမယပ္ပဘေဒတော အဘိသမယာကာရတော အာရမ္မဏတော သဘာဝတော စ ပါကဋံ ကာတုံ သောစာတိ အာဒိ ဝုတ္တံ။ (သီ-ဋီသစ်)

---

❁ (၄) က-ဝါကျ ဓမ္မောသဒ္ဒါကို သံဝဏ္ဏနာနှင့် အညီ ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။အတ္တနော ဖလံ ဒဟတိ ဝိဒဟတီတိ ဓမ္မော (ယောပစ္စယော၊ အကြင်အကြောင်းသည်။ အတ္တနော၊ မိမိ၏။ ဖလံ၊ အကျိုးကို။ ဒဟတိ-ဝိဒဟတိ၊ ဆောင်တတ်၏။ ဝါ၊ စီရင်တတ်၏။ ဣတိ၊ ကြောင့်။ သောပစ္စယော၊ သည်။ ဓမ္မော၊ ၏။)

ဝစနာဒိဆက္က။ ။မိမိအကျိုးကို ဆောင်ခြင်း စီရင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ မိမိအကျိုးကိုဆောင်တတ် စီရင်တတ်သော အကြောင်းတရားဖြစ်သည် ဝစနီယ မည်၏။ ဟေတု, ပစ္စယော, ကာရဏံ စသော ပရိယာယ်သည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ဓမ္မောကား-ဋီကာသစ်အလို ဒဟ-ဓာတ်, ရမ္မပစ္စည်း၊ ဒဟ-ဒါဟဓာရဏေသု ဟု ဓာတ်ကျမ်း၌လာသောကြောင့် ဆောင်တတ်၏ဟု အနက်ပေးသည်။ ပါရာဇိကဏ် ဂဏ္ဌိသစ်၌ကား ဒဟဓာတ် ကြံသည်ကိုပယ်၍ ဓာ ဓာတ်ပင် ဆုံးဖြတ်သည်။ ဤအလို ဓာ-ဝိဓာနေ ဟု ဓာတ်ကျမ်း၌လာရကား စီရင်တတ်၏ ဟု အနက်ပေးခဲ့သည်။ ဤ က-စသော ဝါကျတို့၌ ဋီကာသစ်လာ ဝိဂ္ဂြိုဟ်များကို ကျက်မှတ်ရန် ဖော်ပြလိုက်ပေသည်။ ဆက္ကထုတ်ပုံကိုမူ ရှေးနည်းမှီ၍ သိလောက်ပေပြီ။

http://www.dhammadownload.com



ဝိဂ္ဂဟမှတ်ဖွယ်များ

**အတ္ထော**။ ။ဟေတာနုသာရေန အရိယတိ ဂမိယတိ သမ္ပာပုဏိယ တီတိ အတ္ထော။ အရဓာတ် ထ ပစ္စည်း။

**ဒေသနာ**။ ။ဒေသိယတိ အတ္ထော တာယာတိ ဒေသနာ။ (သဒ္ဒဝါဒီ)

**ပညတ္တိ**။ ။ပကာရေန ဉာပိယတိ အတ္ထော တာယာတိ ပညတ္တိ။ ပကာရတော ဝါ ဉာပေတီတိ ပညတ္တိ။(သဒ္ဒဝါဒီ) (ယင်းသဒ္ဒဝါဒီအလို ဒေသနာနှင့်ပညတ္တိအရ ဝစီဘေ ဖြစ်သော ကောကကွဲရ ဖရမတ္ထသဒ္ဒါ ရစေ။ ပညတ္တိ ဝါဒီအလို အက္ခရာဝဠိဖြစ်သော နာမပညတ်ရစေ။)

**ဓမ္မာဘိလာပေါ**။ ။အဘိလပ္ပတိ ဉစ္စာရိယတီတိ အဘိလာပေါ၊ ဓမ္မော အဝိပရီတော သဘာဝဘူတော အဘိလာပေါ ဓမ္မာဘိလာပေါ။

**ပဋိဝေဓော**။ ။ပဋိဝိဇ္ဈတီတိ ပဋိဝေဓော၊ ပဋိဝိဇ္ဈန္တိ တေနာတိ ဝါ ပဋိဝေဓော၊ ပဋိဝိဇ္ဈနံ ဝါ ပဋိဝေဓော။

**အဘိသမယော**။ ။အဘိသမေတီတိ အဘိသမယော၊ အဘိသမေန္တိ တေနာတိ ဝါ အဘိသမယော၊ အဘိသမယနံ ဝါ အဘိသမယော။ အဘိ သံ ပုဗ္ဗ အယဓာတ်။

---

● (၅) ဇ-ဝါကျဝယ် အဝဗောဓော ပုဒ်ကို အဝဗောဓတ္ထော ဟု ဟိတ်ပြင်လျှင် ရနိုင်သော သမ္ဗန်ကို ဖော်ပြပါ။

ဖြေ။ ။အဝဗောဓတ္ထော ဟု ဟိတ်ပြင်လျှင် ရနိုင်သော သမ္ဗန်ကား တဿ အဘိသမယဿ တည်း။ (ကတ္တား သမ္ဗန်စပ်, သျှာကို သမ္ဗန်ခံ)

မှတ်ချက်။ ။ဇ-ဝါကျ၌သော ပုဒ်ကို အဝဗောဓော၌ ဟုလျှတ်, လိင်္ဂတ်စပ်။ လောကိယ လောကုတ္တရာရေးအား အဝဗောဓော၌ ဝိသေသန, ဝိသေသျစပ်။ တုလျှတ်, လိင်္ဂတ်နှစ်မျိုးတို့တွင် လိင်္ဂတ်ကို ဟိတ်ပြင်လျှင် တုလျှတ်ပုဒ်ကို သမ္ဗန်ခံပါ။ ဤအရာ၌ ဝိသေသန ဖြစ်သော လောကိယ လောကုတ္တရာရေးကို သမ္ဗန်မခံရ မှားတတ်သည်။

http://www.dhammadownload.com



* လိင်္ဂတ်ပုဒ်မှန်၊ ဟိတ်ထုတ်ပြန်၊ သမ္ဗန်တုလျတ်၊ ဖြစ်မြဲမှတ်။ (သစ်)

---

● (၆) က-ဂ-င-စ-ဆ-ဝ ါကျတို့၌ ရသင့်သော အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဓမ္မောပုဒ်ကို ဟေတုဟု ဖွင့်သဖြင့် ဓမ္မသဒ္ဒါသည် သဘာဝ ဉာယ စသော သဒ္ဒါတို့၏ ပရိယာယ်မဟုတ်။ ဟေတုသဒ္ဒါ၏ ပရိယာယ်တည်း ဟု သိစေပါသည်။

တနည်း။ ။ဓမ္မသဒ္ဒါသည် သဘာဝ, ဉာယစသော အနက်တို့ကို မဟော၊ အကြောင်းဟူသော ဟေတုအနက်ကို ဟောသတည်း ဟုသိစေပါသည်။

(၁) ပရိယာယ်ပြ အဘိဓေယျတ္ထ၊ (၂)နာမလိင်္ဂတ္ထ သံဝဏ္ဏနာ။

ဂ-ဝါကျ၌ ဟေတုဖလံဖြင့် အတ္ထောသဒ္ဒါသည် သဒ္ဒါဘိဓေယျ ဝုဓိစသော သဒ္ဒါတို့၏ ပရိယာယ်မဟုတ်၊ဖလ၏ပရိယာယ်တည်း ဟုသိစေပါသည်။ တနည်း၊ .ဓမ္မသဒ္ဒါသည် သဒ္ဒါဘိဓေယျ, ဝုဓိစသော အနက်တို့ကိုမဟော၊ ပယောဇန (အကျိုး)အနက်ကို ဟောသတည်း ဟုသိစေပါသည်။

(၁) ပရိယာယ်ပြ အဘိဓေယျတ္ထ၊ (၂)နာမလိင်္ဂတ္ထ သံဝဏ္ဏနာ။

င-ဝါကျ၌ ပညတ္တိဖြင့် ဒေသနာပုဒ်ကို ဒေသိယတိ အတ္ထော ဧတာယာတိ ဒေသနာဟု ဝစနတ္ထပြု၍ ဒေသနာအရ သဒ္ဒပညတ္တိက ဝစီဘေဒ ပရမတ္ထသဒ္ဒါကိုယူရမည်ဟု သိစေပါသည်။ (ဤကား သဒ္ဒဝါဒီအလို)

တနည်း။ ။ပညတ္တိဖြင့် ဒေသနာအရ အက္ခရာဝဋ္ဋိဖြစ်သော နာမပညတ်ကို ယူရမည်ဟု သိစေပါသည်။ (ဤကား ပညတ္တိဝါဒီအလို)

သရုပ်ကြား အဘိဓေယျတ္ထ၊ တနည်း သရုပ်ကြားအဘိဓေယျတ္ထ။

စ-ဝါကျ တဝါကျလုံးဖြင့် ဒေသနာဟူသည် သဘောတရားတို့ အားလျော်စွာ မဖောက်မပြန်သော သဘောဟု ဆိုအပ်သော ရှုတ်ဆိုအပ်

http://www.dhammadownload.com



သော ပရမတ္ထသဒ္ဒါတည်း။ ပညတ်မဟုတ်ဟု သိစေပါသည်။ (ဤကား သဒ္ဒဝါဒီအလို)

တနည်း။ ဒေသနာဟူသည် ထိုပရမတ္ထ သဒ္ဒါ အားလျော်သော အက္ခရာဝဋ္ဋီဟုဆိုအပ်သော နာမပညတ်တည်းဟုသိစေပါသည်။ (ဤကား ပညတ္တိဝါဒီအလို)

ဘာဝတ္ထသံဝဏ္ဏနာ၊ တနည်း ဘာဝတ္ထ သံဝဏ္ဏနာ။

ဆ ဝါကျ၌ အဘိသမယောဖြင့် ပဋိဝေဓသဒ္ဒါသည် (အဘိသမယ) ထိုးထွင်း၍ သိခြင်းအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမ လိင်္ဂတ္ထသံဝဏ္ဏနာ)

တနည်း။ ပဋိဝေဓော၌ ပဋိပုဗ္ဗ ဝိဓဓာတ်ကို အဘိသမယော၌ အဘိပုဗ္ဗ အယ ဣဓာတ် (ဓာတ်လည်းဟူ) ဓာတ်ဖြင့်လဲ၍ ဖွင့်ရကား ဝိဓဓာတ်သည် ဝိဇ္ဈန ထိုးကျင့်ခြင်း အနက်ကို မဟော။ ဉာဏ် သိခြင်း အနက်ကိုဟောသတည်း ဟု သိစေပါသည်။ (ဓာတွတ္ထ သံဝဏ္ဏနာ)

---

● (၇) ဓမ္မောတိဟောတု၌ ဓမ္မသဒ္ဒါ၏ နိရုတ္တိနည်းဖြင့်ရုပ်ပြီး ပုံကို ဖော်ပြပါ။

ဖြေ။ ။ဓမ္မသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ဓဟဓာတ်, ရမ္မ ပစ္စည်း, တတိယက္ခရာ ဒကို စတုတ္ထက္ခရာ ဓပြုခြင်း ဝဏ္ဏဝိကာရ၊ နောက် ရ အနုဗန်ပစ္စည်းကြောင့် ဓာတ္တန် ဟ ကိုချေ, ရအနုဗန်ကိုလည်းချေ ခြင်း ဝဏ္ဏလောပနိရုတ္တိနည်းတို့ဖြင့် ဓမ္မ ဟု ပြီးပါသည်။ (ဤကား ဋီကာသစ်အလိုတည်း။ ဂဏ္ဌိသစ်အလို ဓာ ဓာတ်, ရမ္မ-ပစ္စည်း။သဒ္ဒါကြီး အလို ဓရ ဓာတ်, ရမ္မပစ္စည်းတည်း၊ ရုပ်ပြီး လွယ်၏။)

† အတ္တနော ဖလံ ဒဟာတိ ဝိဒဟာတီတိ ဓမ္မော၊ ဒကာရဿ ဓကာရံ ကတွာ။ (သီ-ဋီ-သစ်)

---

● (၈) စ-ဝါကျဝယ် ယထာဓမ္မံ၌ ဓမ္မသဒ္ဒါသည် သဘာဝ ဝါစကလော၊ ပရိယတ္တိဓမ္မဝါစကလော၊ ယင်းဓမ္မသဒ္ဒါဖြင့်သိမ်း ယူအပ်သော ဓမ္မကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ယထာဓမ္မံ၌ ဓမ္မသဒ္ဒါကား သဘာဝ ဝါစကတည်း။ ပရိယတ္တိဓမ္မဝါစကမဟုတ်။ ယင်းဓမ္မသဒ္ဒါဖြင့် အကြောင်း(ဟေတု)အကျိုး (ဟေတုဖလ) အလုံးစုံကို သိမ်းယူအပ်ပါသည်။

† ယထာဓမ္မန္တိ ဧတ္ထ ပန ဓမ္မသဒ္ဒေါ ဟေတုံ ဟေတုဖလဉ္စ သဗ္ဗံ သင်္ဂဏှာတိ၊ သဘာဝဝါစကော ဟေတုဓမ္မသဒ္ဒေါ၊ န ပရိယတ္တိ ဟေတုအာဒိဝါစကော။ (သီ-ဋီသစ်)

---

(က) ကသ္မာ ပနေသ ဗီဇနိကာယောတိ ဝုစ္စတိ။
(ခ) ဗီဇပ္ပမာဏာနံ သတ္တာနံ သမူဟဘာဝေါ နိဝါသတော စ။
(ဂ) သမူဟနိဝါသော ဟိ နိကာယောတိ ဝုစ္စတိ။
(ဃ) နာဟံ ဘိက္ခဝေ "လ" သာကော်နိ သာသနတော စ လောကတော စ။
(င) ဝဲ သေဿနမ္ပိ နိကာယဘာဝေ ဝစနတ္တော ဝေဒိ တဗ္ဗော။

● (၂) ဂ-ဝါကျကို အနုသန္ဓေ ပုစ္ဆာတက်ပြီးလျှင် င-ဝါကျကို အယုတ္တပုစ္ဆာတက် တက်ခဲ့ပါ။

ဖြေ။ ။အနုသန္ဓေတက်ပုံ

ဤသို့ ခ-ဝါကျဖြင့် ရှည်သော ပမာဏရှိကုန်သော သတ်တို့၏ အပေါင်း၏ အဖြစ်ကြောင့် လည်းကောင်း, နေရာတည်ရာ၏ အဖြစ်ကြောင့်လည်းကောင်း ဗီဇနိကာယမည်၏ဟု ပြဆိုတော်မူပြီး၍ (ခ-ဝါကျကို-ဘာသာပြန်၍ ပုဗ္ဗာနုသန္ဓေပြု) ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် အသင့် ယုတ္တိဖြင့် ပြီးစေလိုရကား၊ ဝါ-ပြီးစေတော်မူလိုသော ဆရာသည် ဂ-ဝါကျကိုမိန့်။

## ပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ရှည်သော ပမာဏ ရှိကုန်သော သတ်တို့၏ အပေါင်း၏အဖြစ်ကြောင့် လည်းကောင်း, နေရာတည်ရာ၏ အဖြစ်ကြောင့်လည်းကောင်း ဗီဇနိကာယမည်သောဟု ပြဆိုတော်မူ၏။

http://www.dhammadownload.com



နိကာယသဒ္ဒါသည် သမူဟနိဝါသအနက်တို့၌ ဖြစ်သော်သာလျှင် ဆရာ့စကား သင့်တန်ရာ၏။ ယင်းသို့မဟုတ်က အဘယ်သို့လျှင် သင့်တန်ပါမည်နည်း။ မသင့်တန်ရာသည်သာမဟုတ်ပါလော။ ဝါ၊ အသင့်ယုတ္တိကို မပြပြီလောဟု သူမေးဖွယ်ရှိသောကြောင့် ၈-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။၈-ဝါကျဖြင့် သမူဟ နိဝါသ အနက်တို့ကို နိကာယ်ဟုဆိုအပ်ကုန်၏။ ဝါ၊ သမူဟနိဝါသအနက်တို့၌ နိကာယသဒ္ဒါ ဖြစ်စေသတည်းဟု အသင့်ယုတ္တိကို ငါပြဆို၏ ဟူလိုသည်။

**မှတ်ချက်။** ။ယုတ္တိဒင်္ဂဝါကျကို အနုသန္ဓေ တက်ရာ၌ တဒေဝတ္ထံ ယုတ္တိယာ သမတ္ထေတုံ သမတ္ထေန္တော၊သာဓေတုံ သာဓေန္တောဟု ဋီကာတို့ တက်ရိုးအတိုင်း တက်လိုက်ပေသည်။ ယုတ္တိဒင်္ဂဝါကျမှတ္တိုင်း ဤနည်း တက်ပါ။ ပုစ္ဆာတက်၌ အကောင်းဆုံးအတက်ကို တက်ထားပေသည်။ လွယ်လွယ်တက်လိုမူ "အသင့်ယုတ္တိကို မပြပြီလော။ အသင့်ယုတ္တိကား အဘယ်နည်းဟု တက်ပါ။ အယုတ္တပုစ္ဆာတက် ဟူသည် အာဘော်မပါပဲ ပုစ္ဆာသက်သက်မျှသာ တက်သော အတက်မျိုးတည်း။ ငှ-ဝါကျတက်ပုံကို ရှုပါ။

အယုတ္တပုစ္ဆာတက်

ဆရာ၊ ဆရာသည် ခ-စသော ဝါကျဖြင့် ဒီဃနိကာယောပုဒ်ကို ဒီဃပ္ပမာဏာနံ သုတ္တာနံ နိကာယော ဒီဃနိကာယောဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟုဆိုတော်မူ၏၊ (ခ-ဝါကျအာဘော်ကို ထပ်နာ ထားသည်။)

ကြွင်းကုန်သော မဇ္ဈိမနိကာယ်အစရှိကုန်သော နိကာယ်တို့၏ ဝစ် နတ္ထကို အဘယ်သို့လျှင် သိအပ်ပါသနည်းဟု သူမေးဖွယ်ရှိသောကြောင့် ငှ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ငှ-ဝါကျဖြင့် ဒီဃနိကာယ်၏ နိကာယ်မည် သည်၏အဖြစ်၌ ဝစနတ္ထကိုသိအပ်သကဲ့သို့ ဤအတူ(ဝေ)ကြွင်းကုန်သော နိကာယ်တို့၏ နိကာယ်မည်သည်၏ အဖြစ်၌ ဝစနတ္ထကို သိအပ်၏ ဟူလို သော်-

---

● (၄) ဒီဃနိကာယောပုဒ်ကို အဖွင့်သံဝဏ္ဏနာတို့နှင့်အညီ ဝစနတ္ထပြု၍ ဝစနာဓိဆက္ကထုတ်ပါ။

E.9 A

http://www.dhammadownload.com



ဖြေ။ ။ဝစနတ္ထ။ ။ဒီဃာနံ ဒီဃပ္ပမာဏာနံ သုတ္တာနံ နိကာယော သမူဟော နိဝါသောတိ ဒီဃနိကာယော။ (ဒီဃာနံ ဒီဃပ္ပမာဏာနံ သုတ္တာနံ၊ ရှည်သော ပမာဏရှိကုန်သော သုတ်တို့၏။ နိကာယော သမူဟော၊ အပေါင်းတည်း။ နိဝါသော၊ တည်ရာနေရာတည်း။ ဣတိ၊ ကြောင့်။ ဒီဃနိကာယော၊ မည်၏။)

ဝစနာဒိဆက္က။ ။ရှည်သော ပမာဏ ရှိကုန်သော သုတ်တို့၏ အပေါင်းဖြစ်သောနိကာယ်နှင့် အစိတ် အပေါင်း။ ရှည်သောပမာဏရှိကုန်သောသုတ်တို့၏ တည်ရာနေရာဖြစ်သော နိကာယ်နှင့် ဌာနီ ဌာန်, အဘေဒ ဘေဒအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သူည် ဝစနဟောတုမည်၏။ ဒီဃနိကာယ်ဒြဗ်သည် ဝစနီယမည်၏။ ဒီဃပ္ပမာဏသုတ္တ နိကာယော၊ ဒီဃပ္ပမာဏသုတ္တသမူဟော၊ ဒီဃပ္ပမာဏသုတ္တနိဝါသော စသောပရိယာယ်သည် ဝစနီယတ္ထမည်၏။

---

● (၅) ခ-ဝါကျ၌ သမူဟတော နိဝါသတော ဟိတ်ပုဒ်တို့၏ လာသမ္ဗန်ကိုဖော်ပြ၍ သုတ္တာနံဟူသောသမ္ဗန်သည် အဘယ်သမ္ဗန်မျိုးဖြစ်ပါသနည်း။ ၎င်းသမ္ဗန်၏စပ်ရာကို ဖော်ပြပါ။

ဖြေ။ ။သမူဟတော နိဝါသတောဟိတ်ပုဒ်တို့၏ လာသမ္ဗန်ကား တေသာ နိကာယဿတည်း။ (က-ဝါကျမှ လိုက်လာသော နေဿ ပုဒ်ကို သမ္ဗန်ခံသည်။ သမူဟတော နိဝါသတောတို့ကား ဘာဝပ္ပဓာန် ဘာဝ လောပပုဒ်တို့တည်း။ ကတ္တားသမ္ဗန် နှစ်ချက်စပ်ပါ။)

သုတ္တာနံဟူသောသမ္ဗန်သည် အလွတ်သမ္ဗန်မျိုးဖြစ်ပါသည်။ ၎င်းအလွတ်သမ္ဗန်ကို သမူဟတော၌ သမူဟ၊ နိဝါသတော၌ နိဝါသဟူသော, အန္တတ်၌ သမ္ဗန်, သမ္ဗန္ဓီအဖြစ်ဖြင့် စပ်ရပါသည်။

## အကျယ်ရှင်းလင်းချက်

ဘာဝသမ္ဗန် တ္တ တာသမ္ဗန်တို့၏အဓိပ္ပါယ်တို့ကို ရေးသားခဲ့ပြီ။ ဤ၌ အလွတ်သမ္ဗန်ကို ရေးသားရပေမည်။ အလွတ်သမ္ဗန်ဟူသည် ဘာဝ သမ္ဗန်ကဲ့သို့ ဘာဝပုဒ်နှင့် သမ္ဗန်, သမ္ဗန္ဓီအဖြစ်ဖြင့်လည်းမစပ်ရ။ တ္တ တာ သမ္ဗန်ကဲ့သို့ တ္တ တာ၌လည်း မစပ်ရ။ ဘာဝယောဂဟူသော အန္တတ်၌သာ

http://www.dhammadownload.com



စပ်ရသောသမ္ဗန်မျိုးတည်း၊ ဘာဝသမ္ဗန် တ္တ တာသမ္ဗန်မှ တသီးတခြား တမျိုးဖြစ်၍ အလွတ်သမ္ဗန်ဟု ခေါ်သည်။

ယင်းအလွတ်သမ္ဗန်သည် သမ္ဗန်ငဲ့သော ပုဒ်နောက်၌ ဘာဝနှင့်သော်လည်းကောင်း, တ္တ တာ နှင့် သော်လည်းကောင်း ရေးသားလိုက်လျှင် ဘာဝသမ္ဗန်, တ္တ တာသမ္ဗန်တို့ကိုထောက်၍ အလွတ်သမ္ဗန်ဟူသောအမည်ကို ရလာပေသည်။ ဥပမာ သမ္ဗုဟာတော သည် "အဘယ်တရားတို့၏ အပေါင်း သမ္ဗုဟာနည်း" ဟု သမ္ဗန်ကိုငဲ့နေသည်။ ၎င်းသမ္ဗုဟာတော၏ သမ္ဗန်ကိုရှာလျှင် သုတ္တန်တရား၏ (အပေါင်း)ဟူသောသမ္ဗန်ကို တွေ့ရပေသည်။ သမ္ဗုဟာတောကို သမ္ဗုဟ်ဘာဝတောဟု ဘာဝပစ္စည်း, ဘာဝ လောပကြံသော် ဘာဝသမ္ဗန်သည် တော ဿ နိကာယဿဟုဖြစ်ရကား ယင်းဘာဝသမ္ဗန်၊ ဝါ လာသမ္ဗန်ကိုထောက်၍ သုတ္တာန်ပုဒ်ကို အလွတ် သမ္ဗန်ဟု ခေါ်ပေသတည်း။

* သမ္ဗန်ငဲ့ထ၊ ပဒနောက်တွင်၊ဘာဝ၀င်သော်၊ထို့ပြင်အလွတ်၊ မချွတ်သမ္ဗန်တခု ရှိရမြဲ။

* အလွတ်သမ္ဗန်၊ စပ်ရန်မုချ၊ ရှာဖွေကြမူ၊ ဘာဝယောဂ-သမ္ဗန္ဓ၏၊ အန္တိတ္တတွင် စပ်ရမြဲ။ (ဘုရားကြီး)

---

● (၆) ခ-ဝါကျ င-ဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာ ဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။ခ-ဝါကျ၌ ဒီဃပ္ပမာဏာနံ သုတ္တာနံ ဖြင့် ဒီဃနိကာယောဝယ် ဒီဃအံရ ရှည်သောဂုဏ်ကိုမယူရ၊ အရှည်ဂုဏ် အနက်ကိုလွန်သော ရှည်သောပမာဏရှိသော သုတ္တန်ဒြပ်ကို ဂုဏူပစာအားဖြင့် ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္တ)

။တနည်း။ ။ဒီဃပ္ပမာဏာနံဖြင့် ဒီဃသဒ္ဒါကို ဒီဃပ္ပမာဏာနီတိ ဒီဃာနိ ဟု ပမာဏတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁], ဏ-ပစ္စည်း၏ ပမာဏတဒ္ဓိတ်အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။

ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ (၂) ပစ္စယတ္ထ။

တနည်း။ ။ဒီဃပ္ပမာဏာနံဖြင့် ဒီဃသဒ္ဒါကို ဒီဃံ တေသံအတ္ထီတိ ဒီဃာနီဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁],

E.10 B

http://www.dhammadownload.com



ဏ-ပစ္စည်း၏ အဆတ္ထိတဒ္ဓိတ်အနက်၌ သက်သည်၏ အဖြစ်ကို လည်းကောင်း² သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြ အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ခ-ဝါကျ၌ သုတ္တာန်ဖြင့် ဒီဃနိကာယော၌ ဒီဃအရ သုတ်တရားကို ယူရမည်ဟု သိစေပါသည်။

(သရုပ်ကြား အဘိဓေယျတ္ထ)

မှတ်ချက်။ ။ပထမအာဘော်ကား ဂုဏောပစာရေန ဟူသော ဋီကာသစ်နှင့်အညီ ဂုဏူပစာဖော်သည်။ တနည်းဖြင့်- ဒီဃပုဒ်ကို ဒီဃပ္ပမာဏာနိဟု ပမာဏသဒ္ဒါပိုလွန်၍ဖွင့်၏။ သံဝဏ္ဏေတဗ္ဗ၌ မရှိသောသဒ္ဒါ ပိုဖြင့်ဖွင့်လျှင် တဒ္ဓိတ်သော်လည်းကောင်း ကြံရာသည်။ ကျေနေသော လောပသမာသ်မျိုးသော်လည်းကောင်း ကြံရာသည်ဟူသော အာဘော် ဖော်နည်းအရလည်းကောင်း, တဒ္ဓိတဝသေနဝါ ဟူသော ဋီကာသစ်အရ လည်းကောင်း ပမာဏတဒ္ဓိတ်ကြံ၍ ဖော်သည်။ "သံဝဏ္ဏေတဗ္ဗ၊ ရှိတာမပြ၊ အနတ္ထ။ မရှိတာပြက၊ တဒ္ဓိတ၊ လောပကြံစရာ" ဟူသော ပရိဘာသာနှင့် အညီ ဖော်သတည်း။ ၎င်းပရိဘာသာသည် အာဘော်ဖော်ရာ၌ အလွန် အသုံးဝင်သည်။ သတိပြုပါလေ။

နောက်တနည်းဖြင့်။ ။ဒီဃ ဟူသော တဒ္ဓိတ်ပုဒ်ကို ဒီဃပ္ပမာဏ ဟူသော ဗဟုဗ္ဗီဟိဖြင့် ဖွင့်ရကား "သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဗဟုဗ္ဗီဟိနှင့် ဖွင့်၍ပြ၊ အဆတ္ထိဟု ကြံစရာ" ဟူသော သံဝဏ္ဏနာနိယံနှင့်အညီ လည်းကောင်း, တဒ္ဓိတဝသေနဝါ ဟူသော ဋီကာသစ်အရ လည်းကောင်း အဆတ္ထိတဒ္ဓိတ် အာဘော်ဖော်သတည်း။

ခ-ဝါကျ၌ သမူဟတော နိဝါသတောစဖြင့် ဒီဃနိကာယောဝယ် နိကာယသဒ္ဒါသည် သမူဟ, နိဝါသအနက်ကို ဟောသတည်းဟု သိစေပါသည်။

(နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ)

ခ-ဝါကျ တဝါကျလုံးဖြင့် ဒီဃနှင့်နိကာယကို ဒီဃောစ သော နိကာယောစာတိ ဒီဃနိကာယောဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထမပြုရ၊

http://www.dhammadownload.com



ဒီဃာနံ နိကာယော ဒီဃနိကာယော ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။

(သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ ဝိဂ္ဂဟ်ပြ အဘိဓာနတ္ထ)

မှတ်ချက်။ ။ဒီဃပုဒ်ကို ဒီဃာနံ ဟု ဆဋ္ဌီဝိဘတ်, နိကာယော ကို ပထမာနှင့်ဖွင့်ရကား ဝိဘတ်ချင်းမတူပဲ ဖွင့်သည်။ ဤသို့ ဝိဘတ်ကွဲ (နာနာဝိဘတ္တိက)ဖြင့်ဖွင့်လျှင် တပ္ပုရိသ်ဖော်ရသည်။ "နာနာဝိဘတ္တိက ဖွင့်၍ပြ၊ တပ္ပုရိသကြံစရာ" ဟူသော နိယံနှင့်အညီတည်း။ ဤ၌ အစိတ် စိတ်ခွဲ၍ သိသာစေရန် အာဘော်ပေါ်သည်။တပေါင်းတည်း ပြု၍လည်း ဖော်နိုင်သည်။

• ၄-ဝါကျတဝါကျလုံးဖြင့် ဒီဃနိကာယောပုဒ်ကို ဒီဃာနံ နိကာယော ဒီဃနိကာယောဟု တပ္ပုရိသ်ပြုရသကဲ့သို့လည်းကောင်း, နိကာယ သဒ္ဒါသည် သမူဟ,နိဝါသအနက်ကို ဟောသကဲ့သို့လည်းကောင်း,ကြွင်း ကျန်ကုန်သော မဇ္ဈိမနိကာယစသည်ကိုလည်း မဇ္ဈိမာနံ နိကာယောမဇ္ဈိမ နိကာယော ဟု တပ္ပုရိဟ်ပြု၊ ယင်းတို့၌ နိကာယသည် သမူဟ, နိဝါသ အနက်တို့ကို ဟောသတည်းဟု သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)

မှတ်ချက်။ ဤ ၄-ဝါကျသည် အတိဒေသ သံဝဏ္ဏနာဝါကျ၊ ဝါ-လက်ညိုးထိုးဝါကျမျိုးဖြစ်၍ အဓိပ္ပါယ်ပြ-ဘာဝတ္ထသံဝဏ္ဏနာအမည်ပေး ရသည်။ အတိဒေသဝါကျတိုင်း ဤနည်းတူမှတ်ပါ။

† ဂုဏောပစာရေန, တဒ္ဓိတဝစသေနဝါ ဒီဃသဒ္ဒေန ဒီဃပ္ပမာဏာနိ သုတ္တာနိယေဝ ဂဟိတာနိ။ နိကာယသဒ္ဒေါစ ရုဠ္ဟီဝသေန သမူဟနိဝါသတ္ထေသု ဝတ္တတီတိ ဒဿေတိတိဒီဃပ္ပမာဏာနံ သုတ္တာနန္တိ အာဒိနာ။ (သီ-ဋီ-သစ်)

---

● (၇) ဒီဃနိကာယော၌ နိကာယသဒ္ဒါ၏ သမူဟ,နိဝါသ အနက်တို့အားလျော်စွာ ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။နိကာယသဒ္ဒါ သမူဟတ္ထဖြစ်အံ့။ နိ ပုဗ္ဗ စိ-ဓာတ်, ဏ ပစ္စည်း။ နိ+စိ+ဏ=စိ၌ ဣကို ဧပြု၊ ဧကို အယပြု၊ အယ၌ အကိုအာပြု၊ ဏအနုဗန်ချေခြင်းစသည်ဖြင့် နိစာယဖြစ်၊ စကိုကပြု၍ နိကာယဟုပြီး ပါသည်။ (သူစိအလို)

http://www.dhammadownload.com



တနည်း။ ။နိပုဗ္ဗ ကိဓာတ်, ကိဥ္စ ဣကို ပြေ၊ ဧကို အယပြု၊ အယဥ္စ အကို အာပြုခြင်းစသည်ဖြင့် နိကာယဟု ပြီးပါသည်။ (အဋ္ဌသာလိနီယောဇနာအလို)

နိကာယသဒ္ဒါ နိဝါသတ္ထ ဖြစ်အံ့။ နိပုဗ္ဗ စိ ဓာတ်,ဏျ ပစ္စည်း[နိ+စိ+ဏျ ပစ္စည်း] ဏအနုဗန်ချေ၊ ယ ကြွင်းစေ။ ယ နှောင်းသောကြောင့် စိ-ကို. ကာ-ပြု၍ နိကာယဟု ပြီးပါသည်။ (သူစိအလို)

† နိဝ္ဝိသေသေန စိနောတိ အဝယဝေတိ နိကာယော။ (သမူဟတ္ထဉ္စ သူစိဝိဂ္ဂဟ်)

† နိဗ္ဗိသေသေန ကိယာတိ စယတိ အဝယဝေတိ နိကာယော။ (သမူဟတ္ထဉ္စ အဋ္ဌသာလိနီယောဇနာဝိဂ္ဂဟ်)

† နိဂိယျတေ ဆာဒီယတေတိ နိကာယော၊ ယမှိ စိယာ ကာဒေသော နိပါတနာ။ (နိဝါသတ္ထဉ္စ သူစိဝိဂ္ဂဟ်)

---

● (၇)ဆ-ဝါကျဉ္စ အဘယ့်ကြောင့် အဘယ်တို့ကို သာဓကာနိ ဟု ဆိုသနည်း။ ယင်းဝါကျဉ္စ သာသနတော သာဓက, လောကတော သာဓကတို့ကို ဖော်ပြပါ။

ဖြေ။ ။အလိုရှိအပ်သော အနက်ကို ပြီးစေတတ်သောကြောင့် ပြယုဂ်,ဥဒါဟရဏ်တို့ကို သာဓကဟု ဆိုအပ်ပါသည်။

နာဟံ ဘိက္ခဝေ "လ" တိရစ္ဆာနဂတာ တိုင်အောင်ကား သာသနတော သာဓကတည်း။ ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော ကား လောကတော သာဓကတည်း။

† သာဓကာနီတိ အဓိပ္ပေတတ္ထဿ သာဓနတော ဥဒါဟရဏာနိ ဝုစ္စန္တိ။ သမာနီတာနီ"တိ ပါဠိသေသေန စေတဿ သမ္ဗန္ဓော။ (သီ-ဋီသစ်)

နိဒါန်းအဖွင့် ပြီး၏။

---

http://www.dhammadownload.com

# ဗြဟ္မဇာလသုတ်အဖွင့်

(က) မေ သဒ္ဒေါ တိသု အတ္ထေသု ဒိဿတိ။

(ခ) တထာဟိဿ "ဂါထာဘိဂီတံ မေ အဘောဇနေယျံ"န္တိ အာဒီသု မယာတိ အတ္ထော။

(ဂ) "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"တိ အာဒီသု မယှန္တိ အတ္ထော။

(ဃ) "ဓမ္မ ဒါယာဒါ မေ ဘိက္ခဝေ ဘဝထာ"တိ အာဒီသု မမာတိ အတ္ထော။

(င) ဣဓ ပန မယာ သုတန္တိစ မမ သုတန္တိစ အတ္ထဒ္ဒယေ ယုဇ္ဇတိ။

● (၁) ခ-ဝါကျ၌ တထာဟိ နိပါတ်ပုဒ်နောက်ဝယ် ဝိဘတ် ခုနစ်သွယ်အကျေကြံ၍ အနက်သမ္ဗန်ပါ။

ဖြေ။ ။ယံ မေသဒ္ဒေါ "လ" ဒိဿတီတိ ဝစနံ၊ အကြင်မေသဒ္ဒေါ "လ"ဒိဿဟူသော စကားကို။ မယာ ဝုတ္တံ။ တထာ တံ ဝစနံ၊ သည်။ ဟိသစ္စံ၊ မှန်၏။ ဝါ၊ ဟိယုတ္တံ၊ သင့်၏။ (ပဌမာကျေ)

ယံ မေ သဒ္ဒေါ "လ" ဒိဿတီတိဝစနံ မယာ ဝုတ္တံ။ တထာ တံ ဝစနံ၊ ထိုငါဆိုအပ်သော စကားကို။ဣမိနာ၊ ဤဆိုလတ္တံ့သော ပရဝစန ဖြင့်။ ဟိယုတ္တံ၊ သင့်စေအံ့။ (ဒုတိယာကျေ)

ယထာ ယေန ကာရဏေန၊ အကြင် အကြောင်းဖြင့်။ မေသဒ္ဒေါ "လ"ဒိဿတီတိ ဟူ၍။ မယာဝုတ္တံ။ တထာ ဟိ တေန ကာရဏေနဝ၊ ထိုအကြောင်းဖြင့်သာလျှင်။ အဿ၊ ထိုမေသဒ္ဒါ၏ "လ" အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (တတိယာကျေ)

တထာ တဿ "မေ သဒ္ဒေါ တိသု အတ္ထေသု ဒိဿတီတိ ဝစနဿ"အား။ ဟိအနွယံ၊ ဖလျော်ကို။ မယာဝုစ္စတေ၊ (စတုတ္ထီကျေ)

http://www.dhammadownload.com



တထာဂတိ-တတော၀ေါထို့ကြောင့်သာလျှင်။အထ "လ" အတ္တော ဝေဒိတဗ္ဗော။ (ပဉ္စမီကျေ)

တထာ တဿ ဝစနဿ၊ ထိုစကား၏။ ဟိ ကာရဏ် မယာ ဝုတ္တတော။ (ဆဋ္ဌီကျေ)

တထာ တသ္မိံ ဝစနေ၊ ထိုစကား၌။ ဟိ အနုရှုပ်၊ အလျော်ကို။ မယာ ဝုတ္တတော။ (သတ္တမီကျေ)

မှတ်ချက်။ ။ဤကား အာချာတ်သာမိ နိယံ အပြေ ဆရာ၏နည်းတည်း။ ဝါကျပရိဝတ္တန (ဝါကျအပြန်အလှန်) ယောဇနာနည်းကို နိဿယသစ်၌ ရှုပါလေ။

*တထာဂတိဟု၊ ရှိသည်ပုဒ်ဆုံး၊ ခုနစ်လုံး၊ ကျေသုဉ်းဝိဘတ္တိ။ (အာချာတ်သာမိ)

---

● (၂) ခ-ဝါကျကို အဘိယာစကတက် တက်၍ လည်းကောင်း- ဝါကျ၌ ဇဿ သဒ္ဒါကို သဒ္ဒနယစာပေပြီး သုဒ္ဓပညတ္တိ ပုစ္ဆာထွက် စာထွက်ခဲ့ပါ။

ဖြေ။ ။အဘိယာစက ကျမ်းတက်ပုံ။

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် မေ-သဒ္ဒါသည်၊ ဝါ-ကို သုံးပါးသောအနက်တို့၌ထင်၏။ ဝါ၊ ရှုအပ်၏ဟု ဆိုတော်မူ၏။ (ထပနာ)

ယင်းမေ သဒ္ဒါ၏ သုံးပါးသော အနက်ကို အကျယ်ဖွင့်၍ မပြက သောတုဇနတို့မသိနိုင်ပါ။ (အဘိယာစက၏နှလုံးသွင်း ဝိတ္ထာရဝါကျကို ရည်သည်။)

မေသဒ္ဒါ၏ သုံးပါးသော အနက်ဟောပုံကို ဥဒါဟရဏ် ပုံစံဖြင့် အကျယ်ပြတော်မူပါဦးလော (တောင်းပန်ချက်) ဟု သောတုဇနတို့ လျှောက်ထားတောင်းပန်ဖွယ်ရာရှိသောကြောင့် ခ-စသော ဝါကျကိုမိန့်။ (အဓိပ္ပါယ်မပြန်ရကြောင်း နိဒါန်းအဖွင့်၌ ရေးခဲ့ပြီ။)

မှတ်ချက်။ ။အဘိယာစက ကျမ်းတက်ရာ၌ "ဓေါ်လပနာ၊ ထပနာ၏၊ ပါ-ဘော-သိ၊ လော-ဘိယာစနာ" ဟူသော နိယံနှင့်အညီဆို

http://www.dhammadownload.com



တော်မူ၏ တိုင်အောင် ထပနာ။ မသိနိုင်ပါတိုင်အောင် အဘိယာစကာ ဘောဂ ,(တောင်းပန်သူ၏နှလုံးသွင်း)။ဦးလော တိုင်အောင် အဘိယာ စနာ(တောင်းပန်ချက်) ဤသုံးမျိုးဖြင့် တက်ခဲ့ပေသည်။ ဤပုံစံကိုကျက် ပါလေ။ ဤတထာဟိ ချီသော ဝါကျမျိုးနှင့် အတ္ထုဒ္ဓါရ,အတ္ထုဒ္ဒေသဝါ ကျမျိုးတို့၌ ကျမ်းတက်ပုံစသည်တို့ကို အန္တရာစ ရာဇဂဟ် အဖွင့်၌ ရေး သားတားပါသည်။ တထာဟိ ချီသော ၁-ဝါကျကို စိတ္တာရသာကျမ်း တက်ဟားသော်လည်း ဒင္ဓိလည်း တက်နိုင်ကြောင်း ရှင်းအဖွင့်၌ အကျယ် ကိုရှုပါလေ။ နိဒါန်းအဖွင့်၌ ကျမ်းတက်ပုံတို့ကို တပိုဒ် ပြ ပြီး ရကား နောက်၌ ထပနာ,အာဘော်,ပုစ္ဆာ စသည် သီးခြားမရေးပဲဆက်၍လည်း ကောင်း,အကျဉ်းချုံး၍ လည်းကောင်း ရေးသားမည်ဖြစ်ရာ ရေးသား ပြီးတို့ကို ရမ်လာပါက နားမလည်ဖွယ်မရှိဟု ထင်မိပေသည်။

## သဒ္ဒနယစာစပ်ပုံ

အဿကား ၏ဟု အနက်ပေးသောကြောင့် အတ္တော၌ သမ္ဗန်၊အတ္တော အား သမ္ဗန်တည်း။

## သဒ္ဒပညတ္တိ ပုစ္ဆာတွက်ပုံ

ဆရာ၊ ဆရာသည် အတ္တော ဟူသော ပါဌ်ဖြင့် အနက်ကိုသိအပ်သော ဟု ဆိုတော်မူ၏။ (ဝေဒိတဗ္ဗောစပ်၍,ထပနာထား) အဘယ်သဒ္ဒါ၏ အနက်ကို သိအပ်ပါသနည်း။ တုယုံ တဝ စသောသဒ္ဒါတို့၏ အနက်ကို သိအပ်ပါသလော ဟု သူမေးဖွယ် ရှိသောကြောင့် အဿ ဟူသော ပါဌ်ကိုမိန့်။

**အဓိပ္ပါယ်ကား**။ ။အဿ ဟူသော ပါဌ်ဖြင့် ထို မေ သဒ္ဒါ၏ အနက်ကို သိအပ်၏ ဟု ပါပြဆို၏ ဟူလိုသော်။ (စပ်၍ အဓိပ္ပါယ်ပြန်)

---

● (၃) က-င-ပါကျတို့ကိုရှု၍စောဒကာဘောဂ,စောဒကာ ဘောဂဖလ,ပရိဟာရ, ပရိဟာရဘောဂဖလတို့ကို ဖော်ပြပါ။

ဖြေ။ ။**စောဒကာ ဘောဂါဒိ စတုက္ကထုတ်ပုံ**။

နနု မေသဒ္ဒေါ ဣတိ အတ္တေသု ဒိဿတိ။ (စော+ဘော)

http://www.dhammadownload.com



အထ ကသ္မာ ဣဓ မယာ သုတန္တိစ မမ သုတန္တိစ အတ္ထဒွယေ ယုဇ္ဇတီတိ ဝုတ္တံ။ (စောဒကာဘောဂဖလ)
နနု တဒညတ္တော န သမ္ဘဝတိ။ (ပရိ+ဘော)
(တသ္မာ ဣဓ မယာ သုတန္တိစ မမ သုတန္တိစ အတ္ထဒွယေ ယုဇ္ဇတီတိ ဝုတ္တံ။ (ပရိဟာရဘောဂဖလ)

### အတ္ထုဒ္ဓါရ-အတ္ထုဒ္ဒေသမှတ်ဖွယ်

သမ္ဘဝန္တာနံ အတ္ထာနံ အတ္ထုဒ္ဓါရော ဥဒ္ဓါရောနှင့် အညီ ပုဒ်တစ်ခု၏ ဖြစ်သင့်ဖြစ်ထိုက်သော အနက်တို့ကို ထုတ်၍ပြခြင်းသည် အတ္ထုဒ္ဓါရမည်၏။ ပုံစံ က-ဝါကျတည်း။

သမ္ဘဝန္တေ အတ္တေ ဝတွာ အဓိပ္ပေတတ္ထဿ ဥဒ္ဒေသော အတ္ထုဒ္ဒေသော ဟူသည်နှင့်အညီ ဖြစ်သင့်ဖြစ်ထိုက်သော အနက်တို့ကို ထုတ်ပြပြီး နောက် ဤ၌သာ အလိုရှိအပ်သောအနက်ကိုညွှန်းပြကောက်ယူခြင်းသည် အတ္ထုဒ္ဒေသမည်၏။ ပုံစံ င-ဝါကျတည်း။

### စတုက္ကထုတ်လိုသော်

ယင်းအတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသ ဝါကျတို့၌ စတုက္က ထုတ်လိုသော် အတ္ထုဒ္ဓါရ ဝါကျသည် စောဒကာဘောဂ ဖြစ်မြဲ။ အတ္ထုဒ္ဒေသဝါကျ သည် ပရိဟာရ ဖြစ်မြဲ။ တဖန် ထိုအတ္ထုဒ္ဒေသဝါကျ၌ ဝါကျဇောတက ပန စသော နိပါတ်ကို ပယ်၍ အထ ကသ္မာ ထပ်ဆင့်ဖြည့်စွက်ရေးသား သော် စောဒနာ ဖြစ်၏။

ပရိဟာရဘောဂကိုကား တဒညေသ မသမ္ဘဝတော။ (ဗဟုဝုစ် အတွက်)တဒညတ္ထဿ မသမ္ဘဝတော (ဧကဝုစ်အတွက်) ဋီကာလာဟိတ် ပါဌ်တို့ကို မူရင်း ဟိတ်ပါဌ်အတိုင်း လည်းကောင်း, နနုဝါကျပြင်၍ "နနု တဒညတ္တာ နသမ္ဘဝန္တိ (ဗဟုဝုစ်) နနု တဒညတ္တော နသမ္ဘဝတိ" (ဧကဝုစ်)ဟူ၍လည်းကောင်း ဝုစ်အားလျော်စွာ ထုတ်ပါ။ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသ ဝါကျတိုင်း၌ ဤပရိဟာရဘောဂကို မုချအသုံးပြုနိုင်သည် ဖြစ်ရကား ဤစတုက္ကထုတ်နည်းကို သေချာစွာ မှတ်သားပါလေ။ နောက်၌ ယင်းဝါကျမျိုးအဖြေများကို တွေ့ရပေလတ္တံ့။ ထို့ပြင် စတုက္က ထုတ်ရာ၌ စောဒကာဘောဂဖလနှင့် စောဒနာသည်လည်းကောင်း,

http://www.dhammadownload.com



ပရိဟာရာတောဂဖလနှင့် ပရိဟာရသည်လည်းကောင်း အမည်မျှသာကွဲ၍ သဘောသွားအတူတူပင်။

---

● (၄) ဓမ္မဒါယာဒါ၌ ဒါယာဒါပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ဒါယံ အာဒဒန္တီတိ ဒါယာဒါ။ (ဒါယံ၊ ပေးအပ်သော အမွေဥစ္စာကို။အာဒဒန္တိ၊ယူတတ်ကုန်၏။ဣတိ၊ကြောင့်။)

ဝစနာဒိဆက္က။ ။ဒါယအရ အမွေဥစ္စာ၏ ယူခြင်းကြိယာ၊ ဝါ-ယူကုန်သောသူတို့နှင့် အာရုံ အာရမ္မဏိက, ကမ္မ ကမ္မီအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်လည်းကောင်း, ယူခြင်းကြိယာသကတ်သည် လည်းကောင်း ဝစနဟေတု မည်၏။ အမွေခံပုဂ္ဂိုလ်တို့ဖြစ်သည် ဝစနီယ မည်၏။ ပုတ္တာ အတြဇာ စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ဒါယာဒါ ဟု ဗဟုဝုစ်နှင့်ရှိသဖြင့် ဒါယံ အာဒဒန္တီဟု ဗဟုဝုစ်နှင့် ဝိဂ္ဂဟပြုသည်။ ဒါယာဒေါဟု ဧကဝုစ်နှင့်ရှိမူ ဒါယံ အာဒဒါတိ ဟု ဧကဝုစ်နှင့် ဝိဂ္ဂဟပြုရမည်။ ဝိဂ္ဂိုဟ်ပြုရာ၌ လိင်,ဝုစ်,ဂိုဏ်းစသည်တို့ကို သတိရှိပါလေ။ သတိပြုခဲ့သည်။ ဓမ္မဒါယာဒပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထကို ဒါတဗ္ဗန္တိ ဒါယံ၊ ဒါဓာတ် ဏျပစ္စည်း။ဓမ္မသင်္ခါတံ ဒါယံ ဓမ္မဒါယံ၊ ဓမ္မဒါယံ အာဒဒန္တီတိ ဓမ္မဒါယာဒါ ဟု ဤသို့ ပြုလေ။

---

● (၆) က-င-ဝ ါကျတို့ဖြင့် သိစေအပ်သော အာဘော်ကို ဖော်၍ သံဝဏ္ဏနာအမည်တို့ကို အကြောင်းပြ၍ ရေးသားပါ။

ဖြေ။ ။က-ဝါကျဖြင့် သဒ္ဒါအထူးကို မငဲ့သော် ,မေသဒ္ဒါသည်၊ ဝါ-အမှသဒ္ဒါနှင့်ယှဉ်သော နာ-ဝိဘတ် သ-ဝိဘတ်သည် ကရိုဏ်းအနက်, သမ္ပဒါန်အနက်,သာမိအနက်ကို ဟောသတည်းဟု သိစေပါသည်။

နာမ်ဝိဘတ်၏အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာ။

င-ဝါကျဖြင့် မေသဒ္ဒါသည်၊ ဝါ အမှသဒ္ဒါနှင့် ယှဉ်သော နာ-ဝိဘတ် သ-ဝိဘတ်သည် သဒ္ဒါအထူးကိုမငဲ့သော် ကရိုဏ်းအနက်,သမ္ပဒါန်

http://www.dhammadownload.com



အနက်, သာမိအနက်ကို ဟောနိုင်သော်လည်း ဤအရာ၌ သုတံ ဟူသော သဒ္ဒါအထူးကိုငဲ့ရကား ကရိုဏ်း(အဝုတ္တကတ္တား)အနက်,သာမိ အနက်ကို ဟောသတည်းဟု သိစေပါသည်။

နာမ်ဝိဘတ်၏ အနက်ကိုဖွင့်ပြသောကြောင့် ဝိဘတျတ္ထ သံဝဏ္ဏနာ။

တနည်း။ ။မေသဒ္ဒါသည်၊ ဝါ-အမှုသဒ္ဒါနှင့်ယှဉ်သော နာ-ဝိဘတ် သ-ဝိဘတ်သည် ကရိုဏ်းအနက်,သမ္ပဒါန်အနက်, သာမိအနက်ကို ဟော နိုင်သော်လည်း ကရိုဏ်း (အဝုတ္တကတ္တား) အနက် သာမိအနက် နှစ်ပါး ကိုသာ လိုအပ်သတည်း ဟု သိစေပါသည်။

ဤ၌ အလိုရှိအပ်သော အနက်ကို ဖွင့်ပြသောကြောင့် အဓိပ္ပေတတ္ထ သံဝဏ္ဏနာ။

* ထင်ရန်တစ်ပါး၊ အနက်များထ၊ ဖွင့်တုံက၊အဓိပ္ပေတသာ။

(မောင်းထောင်)

---

● (၇) ဝ-ဝါကျဝယ် အဘောဇနေယျံ၌ ဘောဇနေယျံပုဒ် ၏ ရုပ်ပြီးပုံကို အကျဉ်းမျှ ဖော်ပြပါ။

ဖြေ။ ။ဘောဇနေယျံပုဒ်၏ ရုပ်ပြီးပုံကား ဘုဇဓာတ် အနီယ ပစ္စည်း, ဘောဇနီယဟူလိုလျက် နီ၌ ဤကို ဧပြု၊ ယ ဒွေဘော် လာ၍ ဘောဇနေယျံဟု ပြီးပါသည်။

† အဘောဇနေယျန္တိ ဘောဇနံ ကာတုမနရဟရူပံ။ (ဋီသစ်)

---

● (၈) နိယကဇ္ဈတ္တ အစဉ်၏အစွမ်းဖြင့်တခုသောအနက်၌သာ လျှင် မေသဒ္ဒါထင်ပါလျက် အဘယ်ကို ရည်၍ သုံးပါးသော အနက်တို့၌ထင်၏။ (တီသု အတ္ထေသု ဒိဿတိ)ဟု ဆိုပါသနည်း။

ဖြေ။ ။နိယကဇ္ဈတ္တအစဉ်၏ အစွမ်းဖြင့်တခုသော အနက်၌သာ လျှင် မေသဒ္ဒါထင်ပါသော်လည်း ကရိုဏ်း, သမ္ပဒါန်, သာမိအနက်ကို ညွှန်းပြခြင်းဖြင့်ထင်ရှားရှိသော ဝိဘတ်ကိုရည်၍သုံးပါးသော အနက်တို့၌ ထင်၏။ (တီသု အတ္ထေသု ဒိဿတိ)ဟု ဆိုပါသည်။ (ဋီသစ်)

---

http://www.dhammadownload.com



(က) သုတန္တိဝစနေန အဝိကမ္ပံ ဒီပေတိ။

(ခ) ဝိက္ခိတ္တစိတ္တဿ သဝနာဘာဝတော။

(ဂ) တထာဟိ ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော သဗ္ဗသမ္ပတ္တိယာ ဝုစ္စမာနောပိ "န မယာ သုတံ ပုန ဘဏထာ"တိ ဘဏတိ။

(ဃ) ယောနိသောမနသိကာရေန စေတ္ထ အတ္တသမ္မာပဏိဓိံ ပုဗ္ဗေစ ကတပုညတံ သာဓေတိ။

(င) သမ္မာအပ္ပဏိဟိတတ္တဿ ဟိ ပုဗ္ဗေ အကတပုညဿ ဝါ တဒဘာဝတော။

---

● (၁) က ခ-ဝါကျတို့ကို ဟိတ်အသွင်းအထုတ်ပြ၍ အနက်ယောဇနာခဲ့ပါ။

ဖြေ။ ။ဝိက္ခိတ္တစိတ္တဿ၊ ပျံ့လွင့်သော စိတ်ရှိသော ပုဂ္ဂိုလ်အား။ သဝနာဘာဝတော၊ ကြားနာခြင်း၏မရှိခြင်းကြောင့်။ သုတန္တိဝစနေန၊ သုတံဟူသောသဒ္ဒါဖြင့်။ အဝိကမ္ပံ၊ မပျံ့လွင့်ခြင်းကို။ အာယသ္မာ အာနန္ဒတ္ထေရော၊ သည်။ ဒီပေတိ၊ ပြတော်မူ၏။ (ဟေတုအန္တောဂဓကရဏဟိတ်သွင်း)

သုတန္တိဝစနေန၊ ဖြင့်။ အဝိကမ္ပံ၊ ကို။ အာယသ္မာအာနန္ဒော၊ သည်။ ဒီပေတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ သုတန္တိဝစနေန (လ) ဒီပေတိ၊ပြသနည်း။ (ပြန်စပ်)ဝိက္ခိတ္တစိတ္တဿ၊ အား။ သဝနာဘာဝတော၊ ကြောင့်။သုတန္တိဝစနေန၊ ဖြင့်။ အဝိကမ္ပံ၊ ကို။ အာယသ္မာအာနန္ဒော၊ သည်။ ဒီပေတိ၊ ပြလတ်သတည်း။ (ဟေတုဗဟိကရဏ ဟိတ်ထုတ်)

● (၂) ဂ-ဝါကျကို အနုသန္ဓေတက်, ဃ- ဝါကျကိုထပနာ တီကပုစ္ဆာတက် တက်ပါ။

ဖြေ။ ။အနုသန္ဓေတက်ပုံ။

ဤသို့ခ-ဝါကျဖြင့် ဗျတိရေကအကြောင်းအားဖြင့် ဉာပကဟိတ်ကို ပြတော်မူပြီး၍ ယခုအခါ၌ ထိုဉာပကဟိတ်ကိုပင်လျှင် ပြီးစေတော်မူလိုသော ဆရာသည် တထာဟိစသော ဂ-ဝါကျကိုမိန့်။

http://www.dhammadownload.com



† ဝိက္ခိတ္တစိတ္တဿာတိအာဒိနာ ဗျတိရေကကာရဏေန ဉာပက ဟေတုံ 'ဒဿေတွာ တဒေဝ သမတ္ထေတိ တထာဟီတိ အာဒိနာ။ (ဋီသစ်)

**ထပနာထိက ပုစ္ဆာတက်**

ဆရာ၊ ဆရာသည် ဝေန္တိဝစနေန, သုတန္တိဝစနေန စသော ပါဠိတို့ဖြင့် ဒိပနတ္ထကိုပြဆိုတော်မူ၏။ ပကာသနတ္ထကိုမပြပြီလော။ ပကာသနတ္ထကား အဘယ်နည်း "လ" ကြောင့် ဿ-ဝါကျကိုမိန့်။

**အမိပ္ပါယ်ကား။** ။ဿ-ဝါကျဖြင့် ယောနိသော မနသိကာရ, အဝိက္ခေပနှစ်ပါးတို့တွင်, ယောနိသောမနသိကာရဖြင့် အတ္တသမ္မာပဏိဓိကိုလည်းကောင်း, ပုဗ္ဗေစ ကတပုညတာကိုလည်းကောင်း ပြီးစေ၏ဟု ပကာသနတ္ထကို ငါပြဆို၏ ဟုလိုသော်။

**မှတ်ချက်။** ။အဝိက္ခေပေန သဒ္ဓမ္မဿဝနံ စသော ဝါကျသည် ပကာသနတ္ထပြဝါကျပင်ဖြစ်၏။ သို့သော် အမေးအဖြေပုစ္ဆာ၌ မပါဝင်သဖြင့် အမိပ္ပါယ်ပြန်ရာ၌ မထည့်လိုက်ပေ။

---

● (၄) ဂ-ဝါကျ၌ ပုဂ္ဂလောသဒ္ဒါ ဝစနတ္ထပြု၍ ဝစနာဒိ ဆက္ကာထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ။** ။ပုတိသခါတံ အာဟာရံ ဂလတိ အဒတီတိ ပုဂ္ဂလော။ (ပုတိသခါတံ၊ ပုပ်သည်ဟုဆိုအပ်သော။ အာဟာရံ၊ အာဟာရကို။ ဂလတိ အဒတိ၊ စားတတ်၏။ ပုတိ သဒ္ဒူပပဒ ဂလဓာတ်, အ-ပစ္စည်း၊ ပုတိဂလဟူလိုလျက် တိကိုချေ။ ဂ-ဒွေ့တော်ပြု။) (ဘိဋီ)

**ဝစနာဒိဆက္ကာ။** ။ပုပ်သည်ဟု ဆိုအပ်သော အာဟာရကို စားခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ ပုပ်သည်ဟု ဆိုအပ်သော အာဟာရကို စားတတ်သောပုဂ္ဂိုလ်ဒြဗ်သည် ဝစနီယ မည်၏။ ပါဏော, သရီရီ,ဘူတံ,သတ္တော,ဒေဟီ,ဇီဝေါ,ပါဏီ, ပဇာ, ဇန္တု, ဇနော, လောကော, တထာဂတော စသောပရိယာယ်သည် ဝစနီယတ္ထ မည်၏။

http://www.dhammadownload.com



### ပုဂ္ဂလသဒ္ဒါ၏ ဝိဂ္ဂဟ အမျိုးမျိုး

ပုံ နိရယံ ဂလတိ ဂစ္ဆတီတိ ပုဂ္ဂလော။ (နန်းကျောင်းဆရာတော်)

သတ္တာနံ အာယုံ ပူရေန္တော ဂစ္ဆတီတိ ပူဂေါ။ တံ လာတိ ဘက္ခတီတိ ပုဂ္ဂလော။ (သူစိ)

---

● (၅) ထ-ဝါကျဝယ် ကတပုညတာ၌ တာပစ္စည်း၏သမ္ဗန်ကို ဖော်ပြ၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်းရေးသားပါ။

ဖြေ။ ။ကတပုညတာ၌ တာပစ္စည်း၏ သမ္ဗန်ကား အာနန္ဒသ တည်း၊ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ထတွတ္ထတည်း။

(သမ္ဗန်ပုဒ်လို ဘာဝယောဂနှင့် တာပစ္စည်း၌ အစဉ်အတိုင်း ကတ္တား သမ္ဗန်စပ်ပါ။)

---

● (၆) ဥစ္ဆေဒန္တိ ဥပစ္ဆေဒံ- ဝိနာသန္တိ အဒဿနံ- ဝိဘဝန္တိ ဘဝဝိဂမံ ဟူသော အဋ္ဌကထာပါဌ်၌ အာဘောဂနှင့် သံဝဏ္ဏနာ တို့ကို ဖော်ပြပါ။

ဖြေ။ ။ဥပစ္ဆေဒံဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဥစ္ဆေဒံ၌ ဥ-သဒ္ဒါ သည် ဥပသက်မနအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဥပသဂ္ဂ လိင်္ဂတ္ထ သံဝဏ္ဏနာ)

အဒဿနံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝိနာသ ပျက်စီးခြင်းဟူ သည် ပညာစက္ခု၊ မံသစက္ခုတို့၏ ဒဿနပထကို လွန်ခြင်းကြောင့် မမြင် ရခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ သံဝဏ္ဏနာ)

ဝိဘဝန္တိ ဘဝဝိဂမံ၌ ဘဝဝိဂမံ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝိဘဝံ ၌ ဝိသဒ္ဒါသည် ဝိသေသ စသောတပါးသောအနက်ကို မဟော၊ ဝိဂမ အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဘဝသဒ္ဒါသည် ကာမဘဝ၊ ရူပဘဝ စသည်တို့ကိုမဟော၊ သဘာဝအနက်ကို ဟောသည် ၏ အဖြစ်ကိုလည်းကောင်း၊[၂] ဝိဘဝံပုဒ်ကို "ဘဝတော၊ ဝိဂတော၊ ဝိဘ ဝေါ" ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း ကောင်း၊[၃] သိစေပါတည်း။

http://www.dhammadownload.com



(၁) ဥပသဂ္ဂလိင်္ဂတ္တ (၂) နာမလိင်္ဂတ္တ-သဒ္ဒတ္တ (၃) ဝိဂ္ဂြိဟ်ပြု အဘိဓာနတ္တ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္တ။

---

● (၇) သမ္မာဒဿနပ္ပဏီဟိတတ္တာဿဌ် ပဏီဟိတ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုလည်းကောင်း,ကတပုညတံ၌ ပုညသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံအမျိုးမျိုးကိုလည်းကောင်း ဖော်ပြပါ။

ဖြေ။ ။ပဏီဟိတသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ပ+နိ+ဓာ ဓာတ်,တပစ္စည်း၊နိ ၌ ဒန္တဇ န ကို မုဒ္ဓဇ ဏ ပြုန်ခြင်း ဝဏ္ဏဝိကာရ၊ ဓာဓာတ်၌ ဓ-ကို ဟ ပြုခြင်း ဝဏ္ဏဝိကာရ၊ ဓာဓာတ်၌ အာ-ကို ဣ ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် ပဏီဟိတ ဟု ပြီးပါသည်။

ပုညသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား "ပုဇ္ဇဘဝဖလနိဗ္ဗတ္တနတောပုညံ နိရုတ္တိနယေနဟူသော ဋီကာသစ်အလို ပုဇ္ဇဘဝ+ဇန+ဏျ= ပုဇ္ဇ၌ ဇ္ဇကိုချေ၊ ဘဝကိုချေ၊ ဇန-၌ ဇ-ကိုချေ၊ ဝါ-ဇနကို န-ပြု၍ ပုန+ဏျဟုဖြစ်သည်။ ဏအနုဗန်ချေ၊ န-ကို ယသို့ကပ်၍ ပုနျဖြစ်သည်။ ယာတံသုတ်ဖြင့် ချကို-ဥ-ပြု ဥ ဒွေဘော်လာ၍ ပုညဟု ပြီးပါသည်။ (ပုဇ္ဇဘဝံ ဇနေတီတိ ပုညံဟု ဂစနင်္ဂပြု)

(၁) ဂဏ္ဏလောပ (၂) ဝဏ္ဏလောပ (၃) ဝဏ္ဏလောပ။ ဝါ-ဝဏ္ဏဝိကာရ (၄) ဝဏ္ဏဝိကာရ (၅) ဝဏ္ဏာဂမ။

တနည်း။ ။အတ္တနော ကာရကံ သန္တာနံ ဝါ ပုနာတိ သောဓေတီတိ ပုညံဟူသော သဒ္ဒါ ဆရာအလိုအားဖြင့် ပု+ဏျ=ပု နောင် နံ-အက္ခရာလာ၍ ပုန-ဏျ ဖြစ်၊ ဏ-အနုပန်ကိုချေ။ န-ကို ယ-သို့ကပ် ပုနျဖြစ်။ ယဝတံဖြင့် ချကို ဥ ပြု၊ ဥ ဒွေဘော်လာ၍ ပုညပြီးသည်။

(၁) ဝဏ္ဏာဂမ (၂) ဝဏ္ဏဝိကာရ (၃) ဝဏ္ဏာဂမ။

---

● (၈) သဗ္ဗသမ္ပတ္တိယာ ဝုတ္တမာနော၌ သဗ္ဗသမ္ပတ္တိ သရုပ်ကို ကျနစုံလင်စွာ ဖော်ပြပါ။

ဖြေ။ ။သဗ္ဗသမ္ပတ္တိ သရုပ်ကား အတ္တသမ္ပတ္တိ, ဗျဉ္ဇနသမ္ပတ္တိ, ဒေသကသမ္ပတ္တိ, ပယောဇနသမ္ပတ္တိ စသည်တို့တည်း။

http://www.dhammadownload.com



† သဗ္ဗသမ္ပတ္တိယာတိ သဗ္ဗေန အတ္ထဗျဉ္ဇန,ဒေသက ပယောဇနာဒိနာ သမ္ပတ္တိယာ။ (ဋီသစ်)

● (၁၀) ဂ-ဝါကျ၌ ပဓာနကြိယာအရ ခါတွတ္ထတရားကို မြွက်၍ ဘာဝစသည် ပြည့်စုံစွာထုတ်ပါ။

ဖြေ။ ။ပဓာနကြိယာအရ ခါတွတ္ထတရားကား ပျံ့လွင့်သော စိတ်ရှိသောပုဂ္ဂိုလ်၏ဆိုခြင်းတည်းဟူသော ဝီရိယပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်တည်း။ ထိုဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် "ဥဿာဟဋ္ဌာယီဘာဝ, ဝီရိယရသ"တည်း။ န မယာသုတံ၊ပုနဘဏထ ဟူသော မနသာဝဝတ္ထာပိတသဒ္ဒသည် "အာရမ္ဘဏဝိဘာဝ"တည်း။ စိတ်၏ပျံ့လွင့်ခြင်း၊ ဝါ-မောဟသည် "ဥဒ္ဒီပနဝိဘာဝ"တည်း။ ဝဒန္တပုဂ္ဂိုလ်၊ ဝါ-ဒေသကပုဂ္ဂိုလ်၏ ထပ်၍ဟောဆိုရခြင်း၊ ထိုသို့ ဟောဆိုမှသာ သိရခြင်းစသော အကျိုးတို့သည် "အနုဘာဝ"တည်း။

(က) ကိဉ္စာပိ တေသု သံဝဏ္ဏနာဒီသု သမယေသု ယံ ယံ သုတ္တံ ယသ္မိံ ယသ္မိံ သံဝဏ္ဏရေ ဥတုမှိ မာသေ ပက္ခေ ရတ္တိဘာဂေဝါ ဒိဝသဘာဂေ ဝါ ဝုတ္တံ။ သဗ္ဗန္တံ ထေရဿ သုဝိဒိတံ သုဝဝတ္ထာပိတံ ပညာယ။

(ခ) ယသ္မာ ပန ဧဝံ မေ သုတံ အသုကသံဝစ္ဆရေ အသုက ဥတုမှိ အသုကမာသေ အသုကပက္ခေ အသုကရတ္တိဘာဂေ အသုက ဒိဝသဘာဂေတိ ဧဝံ ဝုတ္တေ န သက္ကာ သုခေန ဓာရေတုံဝါ ဥဒ္ဒိသိတုံဝါ ဥဒ္ဒိသာပေတုံ ဝါ ဗဟုစ ဝတ္တဗ္ဗံ ဟောတိ။

(ဂ) တသ္မာ ဧကေနေဝ ပဒေန တမတ္ထံ သမောဓာနေတွာ "ဧကံ သမယန္တိ"အာဟ။

● (၂) က-ခ-ဂ ဝါကျ အားလုံးတို့ကို ရှုမြွက်၍ ထပနာ, အာဘော်, အန္ဝယပုစ္ဆာ, ဗျတိရေကပုစ္ဆာတို့ဖြင့် တန်ဆာဆင်၍ ကျမ်းတက်ပြီးလျှင် ကိဉ္စာပိ တေသုစသော ဝါကျတို့၌ ပဓာနကြိယာကို ဖော်ပြပြီး ကတ္တားပုဒ်သို့ သဒ္ဒတဒုဘယာ လက်ာရနှုန်းနည်းဖြင့် စာထွက်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။က-ခ-ဂ-ဝါကျတို့ကို ရှု၍ ကျမ်းတက်ပုံကား၊ ဆရာ၊ အရှင်အာနန္ဒာမထေရ်သည် "ဧကံသမယံ" ဟု ဟောတော်မူ၏။ (ထပနာ) သံဝဏ္ဏရစသော သမယတို့တွင်ထိုထိုသံဝဏ္ဏရ,ဥတု,မာသ,ပက္ခ,ရတ္တိဘာဂ, ဒိဝသဘာဂ၌ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော အလုံးစုံသော သုတ်ကို အရှင်အာနန္ဒာမထေရ်သည်၊ ဝါ-အား ပညာဖြင့် ကောင်းစွာ သိအပ် ကောင်းစွာမှတ်သားပိုင်းခြားအပ်သည်မဟုတ်ပါလော။ (က-ဝါကျ၌ အနိယတ်,နိယတ် ၂-ဝါကျကိုတပေါင်းတည်းပြု၍ အာဘော်ဆင်သည်။) ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် မမှတ်သားအပ်သည်၏ အစွမ်းဖြင့် "ဧကံ သမယံ" ဟု ကာလကိုညွှန်ပြအပ်ပါသနည်း။ (အန္ဒယပုစ္ဆာ) ဥတု,သံဝဏ္ဏရစသည်မှတ်သားအပ်သည်၏ အစွမ်းဖြင့် မညွှန်ပြပါသနည်း။ (ဗျတိရေကပုစ္ဆာ)ဟု မေးဖွယ်ရှိသောကြောင့် က-စသော ဝါကျကိုမိန့်၏။

**အဓိပ္ပါယ်ကား။** ။က-ခ-ဂ-ဝါကျတို့ဖြင့် သံဝဏ္ဏရ 'စသည်တို့တွင် ထိုထို သံဝဏ္ဏရ,ဥတု,မာသ,ပက္ခ,ရတ္တိဘာဂ,ဒိဝသဘာဂ၌ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော အလုံးစုံသော သုတ်ကို အရှင်အာနန္ဒာမထေရ်သည် ပညာဖြင့် ကောင်းစွာသိအပ် ကောင်းစွာမှတ်သားပိုင်းခြားအပ်ပါသော်လည်း (ကိဉ္စာပိ ဝါကျကို လက္ခဏာအရစိပ်ပြင်) ဤမည်သော နှစ်၌ "လ" ဤမည်သောနေ့အဖို့၌ ငါသည် ဤသို့ ကြားလိုက်ရ၏ဟု ဆိုသော် ချမ်းသာစွာဆောင်ခြင်းငှါ လည်းကောင်း, သင်ခြင်းငှါ လည်းကောင်း,သင်ယူစေခြင်းငှါလည်းကောင်းမတတ်ကောင်း။မျှားစွာလည်း ဆိုဖွယ်ဖြစ်သောကြောင့် တခုသောပုဒ်ဖြင့်သာလျှင် ဆိုအပ်ပြီးသော သံဝဏ္ဏရစသော အနက်ကိုပေါင်းစု၍ "ဧကံ သမယံ"ဟု အထူး မမှတ်သားအပ်သော အနိယမိတကာလ၏ အစွမ်းဖြင့် ဟောတော်မူ၏ ဟူလိုသော်။

**ပဓာနကြိယာ ကောက်ပုံကား**

ကိဉ္စာပိ ဓောသု စသောဝါကျ၌ ပဓာနကား "အာဟ" ဟူသည်တည်း။အဓိပ္ပါယ်ကား ဆိုတော်မူပြီ၊ ဝါ-ဟောတော်မူပြီ ဟူလိုသော်။

**သဒ္ဒတဒုဘယာလင်္ကာရနုသန္ဓေထွက်**

ဤသို့"အာဟ"ဟူသောပါဠိဖြင့် ကတ္တိကို၊ ဝါ-ကြိယာကို ပြတော်မူပြီး၍ ယခုအခါ၌ ပုရိသော မဂ္ဂဂဏ္ဌတိ၌ ဂဏ္ဌတိဟူသောကတ္တိ၊ ဝါ-ကြိ

http://www.dhammadownload.com



ယာ၏ ကတ္တားကို ပုရိသောဟု ပြဘိသကဲ့သို့(ဥပမာ)ကတ္တိ၊ ဝါ· ကြိယာ မည်သည် ကတ္တားနှင့် မကင်းကောင်းသောကြောင့် (ဟိတ်) အာဟ ဟူသော ကတ္တိ၊ ဝါ·ကြိယာ၏ ကတ္တားကိုပြခြင်းငှါ၊ ပြတော်မူလိုသော ဆရာသည် အာယသ္မာ အာနန္ဒော ဟူသော ပါဠိသေသကိုမိန့်။

**မှတ်ချက်။** ။သဒ္ဒ ဟဒုဘယာ လက်ာရာနုသန္ဓေ=သဒ္ဒ+တဒုဘယာလက်ာရ+အနုသန္ဓေ=သဒ္ဒနည်း+ဥပမာဟိတ်နှစ်ပါးဖြင့်တန်ဆာဆင်၍ အနုသန္ဓေတက်ခြင်း။

**ကိဋ္ဌာပိဝါကျ ပဓာနကောက်ရာ၌ မှတ်ဘွယ်**

ကိဋ္ဌာပိ, ကာမဥ္စ, ယဒိပိစသည်ချိ၍ ရေးသားအပ်သော ဝါကျမျိုးသည် ပဓာန,အပဓာန ဟု နှစ်မျိုးရှိသည်။ကိဥ္စာပိ ဝုတ္တံ, ကာမဥ္စ အာဟ, ယဒိပိ ဝုစ္စတိ, စသည် ကိဥ္စာပိ, ကာမဥ္စ, ယဒိပိကိုစပ်၍ အနက်ပေးရာ တဝါကျလုံးသည် အပဓာန မပြဋ္ဌာန်းသော ဝါကျမျိုးတည်း။

ပန, တထာပိ, အထခေါ,စသောနိပါတ်တို့စပ်ရာ စပ်၍အနက်ပေးရာ တဝါကျလုံးသည် ပဓာနပြဋ္ဌာန်းသော ဝါကျမျိုးတည်း။ ဤသို့ပဓာန, အပဓာန နှစ်မျိုးရှိရာတွင် ပဓာနဝါကျ၌သာ ပဓာနကြိယာကိုကောက်ယူရသည်။ဆိုအပ်ပြီးအဋ္ဌကထာဝါကျ၌“ကိဥ္စာပိတေသု“လ”သု ဝစနာပိတံ ပညာယ”တိုင်အောင်ကား ကိဥ္စာပိ ဝုတ္တံ ဟု စပ်၍ပေးရသော အပဓာန ဝါကျ၊ ဤဝါကျ၌ ပါဝင်သော ဝုတ္တံ ကို ပဓာန ကြိယာအဖြစ် မကောက်ယူရ။ “ယသ္မာ ပန “လ” ဇေကိ သမယန္တိအာဟ”တိုင်အောင် ကား ပန စပ်ရာပဓာနဝါကျ၊ ဤဝါကျ၌ပါဝင်သော“အာဟ”ကြိယာကိုသာ ပဓာနကောက်ပါ။ ကိဥ္စာပိ တေသု စသောဝါကျ၌ ပဓာန ကောက်ပါဟုမေးလျှင် စောဒကာဘောဂ ပြသော ကိဥ္စာပိဘက်က ဝုတ္တံ· ကြိယာကိုမကောက်ပဲ ပန စပ်ရာ ယသ္မာပန ချီသော ပရိဟာရဘောဂ ပြသော ဝါကျဘက်က အာဟ ကြိယာကိုသာကောက်ဟု ဆိုလိုပေသည်။

* ကိဥ္စာပိစပ်ရာ၊ ကြိယာ၊ မှတ်ပါ အ,ပဓာန်။
* တသာ ပန၊ စပ်ထိက၊ မှတ်ကြ ပဓာန်။ (သတိ)

---

● (၃) က·ခ·ဝါကျတို့၌ ရသင့်သော စောဒကာ ဘောဂါဒိ စတုက္ကကို ဖော်ပြပါ။

F.12 B

http://www.dhammadownload.com



ဖြေ။ ။စောဒကာဘောဂါဒိ စတုက္ကထုတ်ပုံ။

နနု စေတေသု သံဝဏ္ဏေတဗ္ဗေသု သမယေသု ယံ ယံ သုတ္တံ ယသ္မိံ ယသ္မိံ သံဝဏ္ဏေရေ ဥတုမှိ "လ" သံဝဏ္ဏေတဗ္ဗာပိတံ ပညာယ။ (စော+ဘော)

အထ ကသ္မာ ကေ်သမယန္တိဧဝ မာဟ။ (အနွယစောဒနာ)

န စေတေ သံဝဏ္ဏေတဗ္ဗယော သမယေ။ (ဗျတိရေက+စော)

နနု ဇေ်မေ သုတံ အသုကသံဝဏ္ဏေရေ အသုကဥတုမှိ အသုကမာသေ အသုကပက္ခေ အသုကရတ္တိဘာဂေ "လ" ဗဟုဓဝတ္တဗ္ဗံ ဟောတိ။ (ပရိ+ဘော)

(တသ္မာ) ကေ် သမယန္တိ ဧဝမာဟ (အနွယပရိဟာရ)

န စေတေ သံဝဏ္ဏေတဗ္ဗယော သမယေတိ။ (ဗျတိရေကပရိဟာရ)

---

(၄) ဒိဝသဘာဂေ၌ ဒိဝသပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိ ဆက္က ထုတ်ခဲ့ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ဒိဗ္ဗန္တိ ကီဠန္တိ အသ္မိန္တိ ဒိဝသော။ (ဒိဝု-ကီဠာယံ သော)

ဝစနာဒိဆက္က။ ။ကစားမြူးတူးခြင်း ကြိယာသကတ်သည် ဝစန ဟေတု မည်၏။ ကစားမြူးတူးရာ နေ့ဒြပ်သည် ဝစနီယ မည်၏။ အဟော, ဒိနေ ဘာဝစသော ပရိယာယ်သည် ဝစနီယတ္ထ မည်၏။

---

(၅) သုဝိဒိတံ,သုံဝဏ္ဏေတဗ္ဗာပိတံ ပုဒ်တို့ကို တ္တ ပစ္စယယောဂ ဟိတ်ပုဒ်ပြင်၍ သမ္မန်ပုဒ်ကို ရေးသားပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

ဖြေ။ ။သုဝိဒိတံ, သုဝဏ္ဏေတဗ္ဗာပိတံပုဒ်တို့ကို သုဝိဒိတတ္တာ, သုဝဏ္ဏေတဗ္ဗာပိတတ္တာ ဟု ဟိတ်ပုဒ်ပြင်ရပါမည်။ ယင်းဟိတ်ပုဒ်တို့၏ သမ္မန်ကား သမ္ဗဿ တဿတည်း။ (သမ္ဗန္ဓံကို ပြင်သည်) သုဝိဒိတတ္တာဝယ် သုဝိဒိတ, သုဝဏ္ဏေတဗ္ဗာပိတတ္တာဝယ် သုဝဏ္ဏေတဗ္ဗာပိတဟူသော ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကမ္မတ္ထသာတည်း။ (စာစပ်လျှင် ကံ,သမ္မန် နှစ်ချက် စပ်ပါ။)

http://www.dhammadownload.com



● (၇) သံဝစ္ဆရ,ဥတု,ပက္ခ,သဒ္ဒါတို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို အသီးသီး ဖော်ပြပါ။

ဖြေ။ ။သံဝစ္ဆရ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား သံပုဗ္ဗဝသ ဓာတ်,ဆရပစ္စည်း၊ ဝသဓာတ်၏ သ ကို စ ပြုခြင်း ဝဏ္ဏဝိကာရဖြင့် သံဝစ္ဆရဟု ပြီးပါသည်။ ဥတု သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ဣ-ဓာတ်, တု ပစ္စည်း၊ ဣ ကို ဥပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဥတု ဟု ပြီးပါသည်။ပက္ခ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ပတဓာတ် ခ-ပစ္စည်း ဓာတ္ဝန် တ ကို က ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ပက္ခဟု ပြီးပါသည်။

မှတ်ချက်။ ။ဣဓာတ်ဖြင့် ပြီးသောဥတုကား ဟေမန္တ စသော ဥတုတည်း။ဥတုသွေးဟော ဥတုကား အရဓာတ်,တုပစ္စည်းဖြင့်ပြီးသည်။

† သံဝသန္တိ ဧတ္ထာတိ သံဝစ္ဆရော။ (ဘိ·ဋီ)

† ပုနပ္ပုနံ ဧန္တီတိ ဥတုယော၊ တု, ဣဿ, ဥ။ (သူစိ)

† ပတ ဂမနေ ခေါ တဿ ကော။ (ဘိ·ဋီ)

---

● (၈) န သက္ကာ၏ အကြောင်း,ဗဟုစဝတ္တာဗ္ဗံ၏အကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ ။န သက္ကာ၏ အကြောင်းကား နာနပ္ပကာရဘာဝတည်း။ ဗဟုစဝတ္တဗ္ဗံ၏အကြောင်းကား ကာလရှိသမျှ ဆိုဖွယ်ရာ၏အဖြစ်ဟူသော အကြောင်းတည်း။

† န သက္ကာ နာနပ္ပကာရဘာဝတော။

† ဗဟုံစဝတ္တဗ္ဗံ ဟောံတိ ယာဝ ကာလပ္ပဘေဒေ၊ တာဝ ဝတ္တဗ္ဗတ္တာ။

---

(က) ကဿ ပနေတ္ထ (၁)ယထာ အဘိဓမ္မေ"ယသ္မိံ သမယေ ကာမာဝစရ"န္တိစ ဧတော အညေသုစ သုတ္တပဒေသု "ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ"တိစ ဘုမ္မဝစန

http://www.dhammadownload.com



နိဒ္ဒေသော ကတော။ ဝိနယေစ "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ"တိ ကရဏဝစနေန (၂) တထာ အကတွာ "ဧကံ သမယန္တိ" ဥပယောဂဝစနနိဒ္ဒေသော ကတောတိ။

(ခ) တတ္ထ တထာ ဣဓစ အညထာ အတ္ထသမ္ဘဝတော။

● (၂) က-ဝါကျ၌ ကသ္မာပုဒ် တွေ့ပုဒ်တို့ကို သဒ္ဒါနည်း စာစပ်၍ ၎င်းဝါကျ၌ ပဓာနကောက်ပြီးလျှင် ထပနာမှန်ကန်စွာ ထားပြီး က-ခ-ဝါကျတို့ကို ထပနာ, အာဘောဂ, ပုစ္ဆာတို့ဖြင့် တန်ဆာဆင်၍ ကျမ်းတက်ခဲ့ပါ။

ဖြေ။ ။က-ဝါကျ၌ စာစပ်ပုံ

ကသ္မာကား ကြောင့်ဟု အနက်ပေးသောကြောင့် (၂) မှတ်ပြု ဥပမေယျဝါကျဝယ် ကတော၌ဟိတ်၊ ကတောကား ဟိတ်၏ဖိုလ်တည်း။ တွေကား၌ဟုအနက်ပေးသောကြောင့် (၂)မှတ်ပြု ဥပမေယျဝါကျဝယ် ကတော၌ အာဓာရ၊ ကတောကား အာဓာရ၏ ကြိယာတည်း။

† ဥပမာနေ‌ာပမေယျေသု၊
ဝါကျေသု ယံ ပဓာနကံ။
တံ ပစ္ဆိမေ‌ာပမေယေဝ၊
ဂဟေတဗ္ဗံ နယညုနာ။ (သမ္ဗန္ဓစိန္တာဂဏ္ဌိ)

* ပမာ, ပမေယျ၊ ဤနှစ်ဝ၊ ပမေယျပဓာန်။ (သစ်)

မှန်ကန်စွာ ကျမ်းတက်ပုံ

ဆရာ၊ အရှင်အာနန္ဒာမထေရ်သည် "ဧကံသမယံ"ဟု ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုတော်မူ၏။ (ထပနာမှန်) အဘိဓမ္မာ၌ "ယသ္မိံ သမယေ ကာမာဝစရံ"ဟူ၍ လည်းကောင်း၊ ဤသုတ်မှတပါးသော သုတ်တို့၌လည်း "ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ"ဟူ၍လည်းကောင်း သတ္တမီဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုသည်မဟုတ်ပါလော။ ဝိနည်း၌လည်း "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ"ဟု ကရိုဏ်း ဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုသည် မဟုတ်ပါလော။ (၁-အမှတ်ပြု

http://www.dhammadownload.com



ဝါကျ၌ ယထာဟူသော ဥပမာနဇောတကကိုယ်၍ အာဘော်နှစ်ချက်ထုတ်သည်။)

ယင်းသို့ဖြစ်ပါလျက် အဘိဓမ္မာ၌ "ယသ္မိံ သမယေ ကာမာဝစရံ" ဟူ၍လည်းကောင်း, ဤသုတ်မှတပါးသော သုတ်တို့၌လည်း "ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ" ဟူ၍ လည်းကောင်း သတ္တမီဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုသကဲ့သို့ ဝိနည်း၌လည်း "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ" ဟု ကရိုဏ်းဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်သကဲ့သို့၊ ထို့အတူ သတ္တမီဝိဘတ်ဖြင့် ညွှန်ပြခြင်းကိုသော်လည်းကောင်း, ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြခြင်းကို သော်လည်းကောင်း မပြုပဲ မပြုမူ၍ အဘယ့်ကြောင့် ဤဗြဟ္မဇာလသုတ်၌ "ဧကံ သမယံ" ဟု ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုပါသနည်းဟု ပရမ္မုခအာဒနဲအားဖြင့် သူတပါး မေးဖွယ်ရှိသောကြောင့် ထိုအမေးကို မိမိကိုယ်ကိုင်မေး၍ ဖြေတော်မူလိုသော ဆရာသည် က-ခ-ဝါကျတို့ကိုမိန့်။

အဓိပ္ပါယ်ကား။ ။ထိုအဘိဓမ္မာ, တပါးသောသုတ်ပုဒ်, ဝိနည်းတို့၌ သတ္တမီဝိဘတ်, ကရိုဏ်းဝိဘတ်တို့ဖြင့် အဓိကရဏအနက်, ဘာဝေန ဘာဝလက္ခဏအနက်, ဟိတ်အနက်, ကရိုဏ်းအနက်တို့၏ ဖြစ်သင့်သောကြောင့်လည်းကောင်း။ (တတ္ထ တထာ ဒဿာသမ္ဘဝတော) ဤသုတ်၌ သတ္တမီဝိဘတ်, ကရိုဏ်းဝိဘတ်မှ တပါးသော ဒုတိယာ ဝိဘတ်ဖြင့် အစ္စန္တသံယောဂ အနက်၏ ဖြစ်သင့်သောကြောင့်လည်းကောင်း, (ဣဓ အညထာ အတ္ထသမ္ဘဝတော) အဘိဓမ္မာ, တပါးသောသုတ်ပုဒ်, ဝိနည်းတို့ကဲ့သို့ သတ္တမီဝိဘတ်, ကရိုဏ်းဝိဘတ်တို့ဖြင့် ညွှန်ပြခြင်းကို မပြုမူ၍ "ဧကံသမယံ" ဟု ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်၏ ဟူလိုသော်။

| အညတ္ထ ဝိယ ဘုမ္မဝစနေန ကရဏဝစနေန ဝ နိဒ္ဒေသ မကတွာ ဣဓ ဥပယောဂဝစနေန နိဒ္ဒေသပယောဇနံ နိဒ္ဒါရေတု ကာမော ပရမ္မုခေန စောဒနံ သမုဋ္ဌာပေတိ၊ "ကသ္မာ ပနေတ္ထာ" တိ အာဒိနာ။ (သီ-ဋီ-သစ်)

---

● (၃) က-ခ-ဝါကျတို့၌ ပါဝင်သော စောဒကာ ဘောဂါဒိစတုက္ကကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။စောဒကာဘောဂ ဒါဝီစတုက္ကထုတ်ပုံ။

နနု အဘိဓမ္မေ "ယသ္မိံ သမယေ ကာမာဝစရ" န္တိစ ဣတော အညေသုစ သုတ္တပဒေသေသု 'ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခုဝိဝိစ္စေဝ ကာမေဟိ'တိစ ဘုမ္မဝစနနိဒ္ဒေသော ကတော။ ဝိနယေစ "တေနသမယေန ဗုဒ္ဓေါ ဘဂဝါ"တိ ကရဏဝစနေန။ (စော+ဘော)

အထ ကသ္မာ တထာ အကတွာ "ဧကံ သမယ"န္တိ ဥပယောဂ ဝစနနိဒ္ဒေသော ကတော။ (စော)

နနု တတ္ထ တထာ ဣဓ အညထာ အတ္ထော သမ္ဘဝတိ။

(ပရိ+ဘော)

(တသ္မာ) တထာ အကတွာ "ဧကံ သမယ"န္တိ ဥပယောဂဝစန နိဒ္ဒေသော ကတော။ (ပရိ)

● (၄)ဘုမ္မဝစန နိဒ္ဒေသော၌ ဘုမ္မဝစနပုဒ်ကိုအစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကို ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ဘာဝန္တိ တ္ထောတိ ဘုမ္မံ။ (သြကာသော) အပေါင်း ဝစနတ္ထ....ဘုမ္မေ ပဝတ္တံ ဝစနံ ဝိဘတ္တိတိ ဘုမ္မဝစနံ။

ဝစနာဒိဆက္က။ ။ဘုမ္မအရ သြကာသ၏ဝိဘတ်နှင့် ဝိသယ, ဝိသယီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓသည် ဝစနေဟောတု မည်၏။ သို့ဝိဘတ်ဖြစ်သည် ဝစနီယ မည်၏။

သတ္တမီဝိဘတ္တိစသော ပရိယာယ်သည် ဝစနီယတ္ထ မည်၏။

## ဝိဂ္ဂဟမှတ်ဖွယ်များ

ကရဏဝစနံ=ကရောတိ ကြိယမဘိနိပ္ဖါဒေတိ တေနာတိ ကရဏံ၊ ကရဏေ ပဝတ္တံ ဝစနံ ကရဏဝစနံ။

ဥပယောဂဝစနံ = ဥပယုဇ္ဇိတဗ္ဗော ကြိယာယာတိ ဥပယောဂေါ၊ ဥပယောဂေ ပဝတ္တံ ဝစနံ ဥပယောဂဝစနံ။

http://www.dhammadownload.com



(က) ဘဂဝါတိ ဂရု။
(ခ) ဂရုံ ဟိ လောကေ ဘဂဝါတိ ဝဒန္တိ။
(ဂ) အယဉ္စ သဗ္ဗဂုဏ ဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု၊ တသ္မာ ဘဂဝါတိ ဝေဒိတဗ္ဗော။
(ဃ) ပေါရာဏေဟိ ပိ ဝုတ္တံ။

"ဘဂဝါတိ ဝစနံ သေဋ္ဌံ၊
ဘဂဝါတိဝစနမုတ္တမံ
ဂရုဂါရဝယုတ္တော သော၊
ဘဂဝါ တေန ဝုစ္စတိ"တိ။

● (၂) ခ-ဝါကျကို သာဘောဂါယုတ္တ ပုစ္ဆာတက်, ဂ-ဝါကျကို အယုတ္တာဘောဂပုစ္ဆာတက်ပြီးလျှင် ဃ ဝါကျကို အနုသန္ဓေမျှ တက်ခဲ့ပါ။

ဖြေ။ ။ခ-ဝါကျသာဘောဂါယုတ္တပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဘဂဝါ ဟူသည်ကား ဆရာ (ဂရု)တည်းဟု ဖွင့်ဆိုတော်မူ၏။ (ထပနာ) ဘဂဝါ ဟူသော ပုဒ်သည် ဘုရားကို ဟောသည်မဟုတ်တုံလော။ (အာဘောဂ) ထိုသို့ ဟောလျက် ဂရုဟု ဆရာဖွင့်ခြင်းသည် ယုတ္တိအသို့ရှိပါအံ့နည်း(ပုစ္ဆာ)ဟု သူမေးဘွယ်ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

အစီပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် ဆရာကို လောက၌ ဘဂဝါဟု ဆိုကုန်ကြသော အသင့်ယုတ္တိရှိသောကြောင့် ဘဂဝါဟူသည် ဆရာ (ဂရု) တည်းဟု ငါဖွင့်ဆိုခဲ့၏ ဟူလိုသော်။

† တဒေဝတ္ထံ သင်္ကေတတော သမတ္ထေတိ "ဂရုံဟိ" တိ အာဒိနာ။ (ဋီသစ်)

မှတ်ချက်။ ။ဤအတက်ကား နိဿယဟောင်း ဆရာတော်၏ အတက်တည်း။ နယဂ္ဂါဟ ပြုရန်ကျက်မှတ်ပါ။ တနည်း၊ ထပနာ၊ ရှေးအတိုင်းထား၍ ဆရာကို လောက၌ ဘဂဝါဟု ဆိုရိုးပြုကြ ကုန်သော်သာလျှင် ဆရာ့စကားသင့်တန်ရာ၏။ ယင်းသို့မဟုတ်က ဆရာ့စကား မသင့်

http://www.dhammadownload.com



ရာသည်သာ မဟုတ်လော။ (အာဘောဂ) အဘယ်သို့လျှင် သင့်ပါမည် နည်း။ (ပုစ္ဆာ) ဤသို့သည်းတက်နိုင်သည်။ ဤအတက်ကား ယုတ္တိဒွိ ဝါကျတိုင်း အသုံးပြုနိုင်သော တက်လတ့်ဝါကျကို ရှု၍ အာဘောဂ်ပုစ္ဆာ ထုတ်၍ တက်နည်းတည်း။

## အယုတ္တာဘောဂပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဆရာကိုလောကဌ် ဘဂဝါဟုဆို ကုန်၏ဟုဆိုတော်မူ၏။ အဘယ့်ကြောင့် ဘုရားသည် ဂရုမည်ပါသနည်း။ ဤအရာ၌ ဆရာသာမညကိုမလိုအပ်၊ ဘုရားကိုသာ လိုအပ်သည်မဟုတ် လော "လ" ကြောင့် ဂ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဂ-ဝါကျဖြင့် ဤမြတ်စွာဘုရားသည်လည်း အလုံးစုံသောဂုဏ်တို့ဖြင့် ထူးမြတ်သည်၏အဖြစ်ကြောင့် အလုံးစုံသော သတ္တဝါတို့၏ ဆရာဖြစ်တော်မူသည်၏အဖြစ်ကြောင့် ဘုရားသည်ဂရုမည်၏ ဟု ငါပြဆို၏ဟူလိုသောဝ်။

**မှတ်ချက်။** ။ဤအတက်လည်း နိသျှဟောင်း ဆရာတော်၏ အတက်ပင်တည်း။ ယင်းဆရာကား တသွာကို လှမ်းမြော်၍တက်သည်။ အယဋ္ဌ၌ စသဒ္ဒါကို ဝါကျာရမ္ဘဟုယူသော နိသျှသစ်, ဋီကာသစ်တို့အလို "မြတ်စွာဘုရားကို ဂရုဟုဆိုရာ၌ အကြောင်းကိုဆက်၍ မပြပြီလော" ဟု အာဘောဂ်ဆင်သင့်၏။ ထပနာ,ပုစ္ဆာတို့ကား ရှေးနည်းအတူပင်။

## အနုသန္ဓေတက်ပုံ

ဤသို့ ခ-ဂ-ဝါကျတို့ဖြင့် လောကဌ် မြတ်စွာဘုရားကို ဂရုဟု သုံးနှုန်းခေါ်ဆိုကြသတည်းဟု ပြတော်မူပြီး၍ ယခုအခါ၌ လောကဌ် သာလျှင် ယင်းသို့ ခေါ်ဝေါ် သုံးနှုန်းကြသည် မဟုတ်သေး၊ သာသနာ် တော်၌လည်း မြတ်စွာဘုရားကို ဂရုဟု ခေါ်ဝေါ် သုံးနှုန်းကြသတည်းဟု ပြခြင်းငှါ ဃ-ဝါကျကိုမိန့်။

† န ကေဝလံ လောကေယေဝ၊ အထ ခေါ သာသနေ ပီတိ ဒဿေတိ'ပေါရာဏေဟိ'တိ အာဒိနာ။ (သီ–ဋီသစ်)

http://www.dhammadownload.com



● (၃) အောက်ပါ ဝါကျတို့၌ ရသင့်သော စောဒကာ ဘောဂါဒိစတုက္ကကို ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် ရေးသားခဲ့ပါ။

(က) "တသ္မိံ သမယေ" တိဝါ "တေန သမယေနာ" တိဝါ "တံသမယ" န္တိဝါ အဘိလာပမတ္တဘေဒေါ သေ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော၁တိ။

(ခ) တသ္မာ ကေံသမယန္တိ ဝုတ္တေပိ

(ဂ) ကေသ္မိံ သမယေတိ အတ္ထော ဝေဒိတဗ္ဗော။

ဖြေ။ ။ပါဠိဘာသာဖြင့် စတုက္ကဆုတ်ပုံ။

နနု ပါဠိယံ "ကေံသမယ" န္တိ ဥပယောဂဝစနေန ဝုတ္တံ။

(ခစာ+ဘော)

အထ ကသ္မာ "ကေသ္မိံ သမယေ" တိ အတ္ထော ဝေဒိတဗ္ဗော။

(စော)

နနု "တသ္မိံ သမယေ" တိ ဝါ "တေန သမယေနာ" တိဝါ "တံ သမယ" န္တိဝါ အဘိလာပ မတ္တဘေဒေါ သေ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော။

(ပရိ+ဘော)

(တသ္မာ) "ကေသ္မိံသမယေ" တိ အတ္ထော ဝေဒိတဗ္ဗော။ (ပရိ)

## မြန်မာဘာသာဖြင့် စတုက္ကထုတ်ပုံ

ပါဠိတော်၌ ကေံသမယံဟု ဒုတိယာဝိဘတ်ဖြင့် ဟောတော်မူအပ်သည် မဟုတ်လော။ (စော+ဘော)

ယင်းသို့ ဟောအပ်ပါလျက် အဘယ့်ကြောင့် ကေသ္မိံသမယေဟူသော သတ္တမီအနက်ကို သိအပ်ပါသနည်း။ (စော)

တသ္မိံ သမယေ,တေန သမယေန, တံ သမယံဟူသော ဤသဒ္ဒါသည် သဒ္ဒါမျှသာလျှင်ထူးခြား၏ အလုံးစုံသော သဒ္ဒါတို့၌ သတ္တမီသာလျှင် ဖြစ်သောအနက်သည် ဖြစ်သည်မဟုတ်လော။ (ပရိ+ဘော)

(ထို့ကြောင့်) ကေသ္မိံ သမယေ ဟူသော သတ္တမီအနက်ကို သိအပ်၏။

F.13 B

http://www.dhammadownload.com



မှတ်ချက်။ ။ပါဠိယံ ပုဒ်, ဥပယောဂဝစနေန ပုဒ်တို့ကို စကား ပြည့်စုံစေရန် ထည့်လိုက်သည်။ အဋ္ဌကထာ၌ မပါချေ။

---

● (၄) ဘဂဝါတိဂရုဉ္စ ဂရုပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ဂရုတိ သိဋ္ဌတိ ဂိရတိဝါ ဝမတိ သိဿောသု သိနေဟန္တိ ဂရု။ (ဂရု ဓာတ်၊ တနည်း ဂိရဓာတ် ဥပစ္စည်း)
(မောဂ္ဂလာန်)

ဝစနာဒိဆက္က။ ။တပည့်တို့၌ ချစ်ခြင်းကို သွန်းလောင်းခြင်း၊ ဝါ- ပျို့အန်ခြင်း ကြိယာသကတ်သည် ဝစနံဟောတု မည်၏။ ဆရာဖြစ်သည် ဝစနီယ မည်၏။ အာစရိယော စသော ပရိယာယ်သည် ဝစနီယတ္ထ မည်၏။

## ဂရုသဒ္ဒါဝိဂ္ဂဟာတမျိုး

ဘာရိယဋ္ဌေန ဂရု၊ ဂရုန္တိ ဂရုကာတဗ္ဗံ ဇနံ ဟူသော ဋီကာသစ် အလို "ဂရုကာတဗ္ဗောတိ ဂရု"ဟု တဒ္ဓိတ် ဝိဂ္ဂဟပြုသင့်၏။ ကေသေဿ တဒ္ဓိတ်ကဲ့သို့ ပစ္စည်းကင်းသော တဒ္ဓိတ်မျိုးတည်း။ ဖော်ပြပါ သူစိကို ထောက်ပါ။

† အပိစ ပါသာဏဆတ္တံ ဝိယ ဘာရိယဋ္ဌေန ဂရု၊ တဒ္ဓိတ ဝိဂ္ဂဟော၊ ပစ္စယော နတ္ထိ ကေသေဿဝိယ။ (သူစိ)

---

● (၅) သဗ္ဗဂုဏဝိသိဋ္ဌတာယ ဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ကို ဖော်ပြ၍ အတ္ထာနုရူပစာစပ်ပြီးလျှင် ဘာဝယောဂ ပုဒ်၏ ပစ္စယတ္ထကို ရေးသားခဲ့ပါ။

ဖြေ။ ။သဗ္ဗဂုဏ ဝိသိဋ္ဌတာယ ဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ကား ဝုမဿ ဗုဒ္ဓဿတည်း။ (အယံပုဒ်ကို အစွဲနှင့်တကွပြင်သည်။ (နိသျဟောင်း အလို)အယံ ဘဂဝါဟု စွဲသောကြောင့် ဗုမဿ ဘဂဝတောဟု သမ္ဗန်ခံ ပါ၊ အတူဟူပင်။)

http://www.dhammadownload.com



**အတ္ထာနုရူပစာစပ်ပုံ**

ဣမသ္မာ ဗုဒ္ဓဿကား ၏ ဟု အနက်ပေးသောကြောင့် သမ္ဗဂ္ဂုဏ ဝိသိဋ္ဌတာယဝယ် တာပစ္စည်း၌ သမ္ဗန်၊ တာပစ္စည်းကား သမ္ဗန္ဓိတည်း။ (သမ္ဗန်စပ်)

ဣမသ္မာ ဗုဒ္ဓဿကား သည် ဟု အနက်ပေးသောကြောင့် သမ္ဗဂ္ဂုဏ ဝိသိဋ္ဌတာယဝယ် သမ္ဗဂ္ဂုဏဝိသိဋ္ဌ ဟူသော ဘာဝယောဂ ပုဒ်၌ ကတ္တား။ သမ္ဗဂ္ဂုဏဝိသိဋ္ဌဟူသော ဘာဝယောဂပုဒ်ကားကတ္တိတည်း။ (ကတ္တားစပ်)

---

● (၇) ဂရုသဒ္ဒါ၏ နိရုတ္တိ နည်းဖြင့် ရုပ်ပြီးပုံကို ရေးသား၍ အောက်ဖော်ပြပါ ဂါထာအရ ဖြစ်သင့်သော ဘဂဝါ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုလည်း ရေးသားခဲ့ပါ။

ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊
ဘဂေဟိ စ ဝိဘတ္တဝါ။
သတ္တဝါ ဝန္တဂမနော၊
ဘဝေသု ဘဂဝါ တတော။

ဖြေ။ ။ဂရုသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ဂိရဓာတ် ဥ-ပစ္စည်း၊ ဂိရုဟူလိုလျက် ဂိ-၌ ဣသရကို အ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဂရုဟုပြီးပါသည်။

**ဘဂဝါသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ**

**ဘာဂျဝါ။** ။ဘာဂျံ အဿ အတ္ထီတိ ဘာဂျဝါ။ (ဝိဂ္ဂဟ)

ဘာဂျဝါဟု ဆိုအပ်လျက် ဘာ-၌ အာ-ကို အ-ပြုခြင်း ဝဏ္ဏဝိကာရ, ဂျ-မှ ယ-ကို ချေခြင်း ဝဏ္ဏလောပ နိရုတ္တိနည်းဖြင့် ဘဂဝါဟု ပြီးပါသည်။

**ဘဂ္ဂဝါ။** ။အနေကဘေဒဘိန္န ကိလေသ သတ သဟဿာနိ သခေ်ပတောဝါ ပဉ္စမာရေ အဘဉ္ဇီတိ ဘဂ္ဂဝါ။ (ဝိဂ္ဂဟ)

ဘဂ္ဂဝါဟု ဆိုလိုလျက် ဂ္ဂ-၌ ဂ-သံယုတ်ကိုချေခြင်း ဝဏ္ဏလောပ နိရုတ္တိနည်းဖြင့် ဘဂဝါဟု ပြီးပါသည်။

http://www.dhammadownload.com



**ဝိဘတ္တဝါ**။ ။ကုသလာဒီဟိ အနေကပဘေဒေတိ သဗ္ဗဓမ္မေ ဝိဘဇိ၊ ဝိဘဇိတွာ ဝိဝရိတွာ ဒေသေတီတိ ဝိဘတ္တဝါ။ (ဝိဂ္ဂဟ)

ဝိဘတ္တဝါဟုဆိုလိုလျက် ဝိ-ကို ချေခြင်း ဝဏ္ဏလောပ,တ္တကို ဂ-ပြုခြင်းဝဏ္ဏဝိကာရဖြင့် ဘဂဝါဟု ပြီးပါသည်။

**ဘတ္တဝါ**။ ။ဒိဗ္ဗဗြဟ္မအရိယဝိဟာရေ ကာယစိတ္တဥပဓိဝိဝေကေ၊ သုညတာနိမိတ္တာပ္ပဏိဟိတဝိမောက္ခေ အညေစ လောကိယ လောကုတ္တရေ ဥတ္တရိမနုဿဓမ္မေ ဘဇိ သေဝိ ဗဟုလ မကာသီတိ ဘတ္တဝါ။ (ဝိဂ္ဂဟ)

ဘတ္တဝါဟုလိုလျက် တ္တ ကို ဂ-ပြုခြင်းဝဏ္ဏဝိကာရဖြင့် ဘဂဝါဟု ပြီးပါသည်။

**ဝန္တဂမနော ဘဝေသု**။ ။ဘဝေသု ဝန္တဂမနော ဟူလိုလျက် ဘဝေသုဌ် ဘ, အက္ခရာကိုယူ၍ ကြွင်းသောသဒ္ဒါ, သု-သဒ္ဒါတို့ကိုချေခြင်း ဝဏ္ဏလောပ, ဝန္တဌ် ဝ အက္ခရာကိုယူ၍ န္တ-ကိုချေခြင်း ဝဏ္ဏလောပ, ဝ-ဌ် အ-သရကို အာပြုခြင်းဝဏ္ဏဝိကာရ, ဂမနောဌ် ဂ-ကိုယူ၍ ကြွင်း မ-သဒ္ဒါ နောသဒ္ဒါတို့ကို ချေခြင်းဝဏ္ဏလောပ, ဘဝါဂ ဟူလိုလျက် ဝါ-သဒ္ဒါနှင့် ဂ-သဒ္ဒါတို့ကို ရှေ့နောက်ပြန်ခြင်း ဝဏ္ဏဝိပရိယာယ နိရုတ္တိ နည်းတို့ဖြင့် ဘဂဝါဟု ပြီးပါသည်။

**မှတ်ချက်**။ ။ဂါထာဌ် ယုတ္တော ဘဂေဟိအရ ဘဂါ သန္တိတိ ဘဂဝါဟု ဝိဂ္ဂဟပြု၊ နိရုတ္တိနည်းမရ၊ အဿတ္ထိရိုးရိုးသာ။ ဘာဂျံ အဿ အတ္ထီတိ ဘာဂျဝါ ဟု ဝိဂ္ဂဟပြုရသကဲ့သို့ ဘဂဝါကိုလည်း ဘာဂျံ အဿ အတ္ထီတိ ဘဂဝါဟု ဝစနတ္ထပြု၊ နိရုတ္တိနည်းဖြင့် ဘဂဝါဟုပြီးစေ။

† ယတော ဘာဂျဝါ၊ တတော ဘဂဝါတိအာဒိနာ ပစ္စေကံ ယောဇေတဗ္ဗံ။ (သီ-ဋီ-သစ်)

---

● (ဂ) ခ-ဝါကျဌ် လောကေသဒ္ဒါဖြင့် ပြအပ်သောဒဿနတ္ထကို ဖော်ပြပါ။

ဖြေ။ ။ခ-ဝါကျဌ် လောကေသဒ္ဒါဖြင့် သက်သက်သာသနာတော်ဌ်သာလျှင် ဆရာကို ဘဂဝါဟု ဆိုကြကုန်သည် မဟုတ်တုံသေး၊ လောကဌ်လည်း ဆရာကို ကျောက်ထီးတန်၊ အလေးပြုအပ်သောအနက်ကြောင့် ဘဂဝါဟု ဆိုကြကုန်သတည်းဟူသော သင်္ကေတသိဒ္ဓိကို ပြပါသည်။

http://www.dhammadownload.com



† "လောကေ"တိ ဣမိနာ န ကေဝလံ သာသနေယေဝ၊ လောကေပိ ဂရုကာတဗ္ဗတ္တေန ဘာဂဝါတိ သင်္ကေတသိဒ္ဓိတိ ဒဿေတိ။ (သီ-ဋီ-သစ်)

---

(က) အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒန္တိ အန္တရာသဒ္ဒေါ ကာရဏ ခဏ စိတ္တ ဝေမဇ္ဈ ဝိဝရာဒီသု ဒိဿတိ။

(ခ) "တဒန္တရံ ကော ဇာနေယျ အညတြ တထာဂတာ"တိစ၊ "လ" အပိစာယံ တပေါဒါ ဒွိန္နံ မဟာနိရယာနံ အန္တရိကာယာ ဂစ္ဆတီ"တိ အာဒီသု ဝိဝရေ။

(ဂ) သွာယမိဓ ဝိဝရေ ဝတ္တတိ။

(ဃ) တသ္မာ ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေတိဧဝ မေတ္ထတ္ထော ဝေဒိတဗ္ဗော။

(င) အန္တရာသဒ္ဒေန ပန ယုတ္တတ္တာ ဥပယောဂဝစနံ ကတံ။

---

● (၂) ခ-ဝါကျကို အနုသန္ဓေ, ဂ-ဝါကျကို ထပနာတိက ပုစ္ဆာ, ဃ-ဝါကျကို အယုတ္တာဘောဂစောဒနာ, င-ဝါကျကို သာဘောဂါယုတ္တ ပုစ္ဆာတက် တက်ခဲ့ပါ။

ဖြေ။ ။အနုသန္ဓေတက်ပုံ

ဤသို့ က-ဝါကျဖြင့် အန္တရာသဒ္ဒါသည် ကာရဏ, ခဏ, စိတ္တ, ဝေမဇ္ဈ, ဝိဝရအစရှိသော အနက်၌ ထင်၏ ဟု အတ္ထုဒ္ဓါရကို ပြတော်မူပြီး၍ ယခုအခါ၌ယင်းအနက်ကိုပြီးလိုစေရကား၊ ဝါ-မြဲစေလိုရကား၊ ဝါ-ယင်းအနက်ကို ချဲ့ပြခြင်းငှာ၊ ဝါ-ချဲ့ပြလိုသောဆရာသည် ခ-ဝါကျကိုမိန့်။

မှတ်ချက်။ ။အတ္ထုဒ္ဓါရကို ပြပြီးနောက် ဟိနိပါတ်, တထာဟိ နိပါတ်စသည်တို့ဖြင့် တက်လာသောဝါကျမျိုးသည် "တထာဟိမွာ၊ ဉာပကာ၊ ရံခါချဲ့မြစ်" ဟူသော နိယံနှင့်အညီ ဒဠှီ,ဝိတ္ထာရ နှစ်မျိုးအံသင့်ချည်းသာ။ ထို့ကြောင့် ဒဠှီတက်လိုမူ "တဒေဝတ္ထံ သာဓေန္တော သာဓေတုံ၊ တဒေဝတ္ထံ သမတ္ထေန္တော သမတ္ထေတုံ သမတ္ထေတီ"စသော ထိုထိုဋီကာနည်းကို မှီ၍တက်။ ဝိတ္ထာရတက်လိုမူ "တဒေဝတ္ထံ ဝိဘာဝေန္တော"စသော ထိုထိုဋီကာနည်းကိုမှီ၍ တက်ပါလေ။

http://www.dhammadownload.com



## ထပနာတိကပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အန္တရာသဒ္ဒါသည် ကာရဏ, ခဏ, စိတ္တ, ဝေမဇ္ဈ, ဝိဝရစသော အနက်တို့၌ ထင်၏ ဟု အန္တရာသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုဆိုတော်မူ၏။ ယင်းအတ္ထုဒ္ဓါရ၏အတ္ထုဒ္ဒေသကား အဘယ်နည်း၊ ယင်းအတ္ထုဒ္ဓါရ၏ အတ္ထုဒ္ဒေသကို မပြပြီလော ဟု သူမေးဖွယ်ရှိသောကြောင့်ထိုအမေးကိုဖြေတော်မူလိုသောဆရာသည် ဂ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဂ-ဝါကျဖြင့် ထိုအန္တရာသဒ္ဒါသည် ဤအရာ၌ ဝိဝရအနက်၌ ဖြစ်၏ ဟု ငါပြဆို၏ ဟူလိုသော်။

**မှတ်ချက်။** ။ဤအတက်ကား က-ဝါကျသည် အတ္ထုဒ္ဓါရဝါကျ, ခ-ဝါကျသည် ဒဋ္ဌိ၊ ဝါ-ဝိတ္ထာရ, ဂ-ဝါကျသည် အတ္ထုဒ္ဒေသဝါကျ၊ ဝါ-ဝိသေသဝါကျ၊ ထိုတွင် က-ဝါကျကို ပထနာထား။ ခ-ဝါကျကို ကျော်၍ ဂ-ဝါကျသို့ ဝါကျအမည်မျှကိုသာ သုံးသပ်၍ တက်သည်။ အတ္ထုဒ္ဓါရမှ အတ္ထုဒ္ဒေသသို့ အတက်ဝယ် အကြားရှိ ဝါကျသည် လိုရင်းမဟုတ်ဟု မှတ်ပါလေ။ အဓိပ္ပါယ် သုံးသပ်၍ တက်လိုမူ အောက်ဖော်ပြလတ္တံ့နည်းအတိုင်းတက်ပါ။ဤအရာ၌ အညစောဒနာ, အဓိကစောဒနာ, ဦနစောဒနာသုံးမျိုးတက်နိုင်သေးသည်။ရှည်လတ္တံ့ဖြစ်၍“သမ္ဗဟုလာနန္တိ ဗဟုကာနံ” အဖွင့်ရောက်သော် ရေးပါအံ့။

## တနည်းထပနာတိကပုစ္ဆာ

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အန္တရာသဒ္ဒါသည် “လ”ထင်၏ ဟု ဆိုတော်မူ၏။ ဤအန္တရာစ ရာဇဂဟံ စသော ပါဠိ၌ အန္တရာသဒ္ဒါသည် ကာရဏ, ခဏ, စိတ္တ, ဝေမဇ္ဈ စသော အလုံးစုံသော အနက်တို့၌ ဖြစ်သည် ဟု မှတ်ရမည်လော။ ဤ၌ အန္တရာသဒ္ဒါသည် အဘယ်အနက်၌ ဖြစ်ပါသနည်း ဟု မေးဘွယ်ရှိသောကြောင့် ဂ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဂ-ဝါကျဖြင့် ဤ၌ အန္တရာသဒ္ဒါသည် ဝိဝရ အနက်၌ ဖြစ်၏ ဟု ငါပြဆို၏ ဟူလိုသော်။

* အတ္ထုဒ္ဓါရ၊ ရှိလတ်က၊ အဓိပ္ပေတတ္ထ ကောက်မြဲ။
* ဋ္ဌဝ နောက်မှ၊ နောက် ပန၊ ဝိသေသဟုစွဲ။

http://www.dhammadownload.com



## အယုတ္တာဘောဂ စောဒနာတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် ဤအန္တရာစ ရာဇဂဟံ စသော ပါဠ်၌ အန္တရာသဒ္ဒါအည် ဝိဝရအနက်၌ဖြစ်၏ ဟု ဆိုတော်မူ၏။ ထိုသို့ ဆိုသဖြင့် ဆရာ့အား အဘယ်ဂုဏ်ရှိပါသနည်း ဝါ--အဘယ်အကျိုးရှိပါသနည်း။ ရအပ်သောအကျိုးကို မပြပြီလော။ အကယ်၍ ရအပ်သော အကျိုးကို မပြဆိုချေသော် ဆရာ့အား အကျိုးမရှိခြင်း နိရတ္ထကဒေါသ ရောက်ခဲ့ရာ၏ (ဒေါသတင်) ဟု သူ စောဒနာဘွယ် ရှိသောကြောင့် ထို စောဒနာကို သောဓနာတော်မူလိုသော ဆရာသည် ဃ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဃ-ဝါကျဖြင့် ရာဇဂြိုဟ်ပြည်၏လည်းကောင်း, နာဠန္ဒမြို့၏လည်းကောင်း အကြား၌ ဟူသော ဤအရာ၌ အန္တရာသဒ္ဒါ၏ အနက်ကိုသိရခြင်းအကျိုးကို ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော နိရတ္ထကဒေါသ ငါ့အားမရောက်(ဒါသချ)ဆို●န်၏ဟူလိုသော်။

မှတ်ချက်။ ။တသ္မာ အတ္တော ဒ္ဒမ္ဗော (ဝေဒိတဗ္ဗော) ဟု ဤ သဒ္ဒါသုံးမျိုး ပါဝင်သော •ဝါကျသည် လဒ္ဓဂုဏ စင်စစ်တည်း။ လဒ္ဓဂုဏ ဝါကျဘက်နည်းရရန် ပြခဲ့ပြီးသောပုံစံကို မှုသေကျက်ထားပါလေ။ ဋီကာ သစ်၌ကား ဤလဒ္ဓဂုဏ ဝါကျမျိုးကို အဘယ်အကျိုးငှာ အနက်ထူးဖြင့် မှတ်သားခြင်းကို ပြုအပ်ပါသနည်း ဟု ပုစ္ဆာထုတ်၍တက်သည်။

† ကိမတ္ထံ အတ္ထ ဝိသေသနိယမော ကတောတိ အာဟ "တသ္မာ" တိ အာဒိ။ (ဋီသစ်)

* လဒ္ဓဂုဏ၊ ဟူလက၊ နိရတ္ထကတင်။
* တသ္မာထဒ္ဓ၊ ဂုဏ်ထုတ်ပြ၊ ရှေမှုအရကောက်။
* တသ္မာ,အတ္တော၊ ဒဋ္ဌဗ္ဗော၊ မှတ်လော လဒ္ဓဂုဏ။ (သစ်)

## ၄ ဝါကျ သာဘောဂဲ ါယုတ္တာပုစ္ဆာတက်

ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် ရာဇဂြိုဟ်ပြည်၏လည်းကောင်း, နာဠန္ဒမြို့၏ လည်းကောင်း အကြား၌မှာဟူသော အနက်ကို သိအပ်သောဟု ဆိုတော်မူ၏။ ဤအန္တရာစ-စသော ပါဠ်၌ ဒုတိယာဝိဘတ် မဟုတ်လော ယင်းသို့ ဒုတိယာဝိဘတ်သာဖြစ်လျက် အဘယ့်ကြောင့် ရာဇဂြိုဟ်

http://www.dhammadownload.com



ပြည်၏လည်းကောင်း, နာဠန္ဒမြို့၏လည်းကောင်း ဟူသော သမ္ဗန္ဓိအနက်ကို ဆိုအပ်ပါသနည်း။ ဝါ-သမ္ဗန္ဓိအနက်၌ အဘယ့်ကြောင့် ဒုတိယာဝိဘတ်ကို သက်အပ်ပါသနည်းဟု သူမေးဖွယ်ရှိသောကြောင့် င-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။င-ဝါကျဖြင့် အန္တရာသဒ္ဒါနှင့်ယှဉ်သည်၏အဖြစ်ကြောင့် ဒုတိယာဝိဘတ်ကို သက်အပ်ပါ၏ဟူလိုသော်။

မှတ်ချက်။ ။ဤအတက်ကား ဋီကာသစ်အတက်တည်း။ ဋီကာသစ်၌ အပြည့်အစုံ တက်ပြ၍ အားကိုးလောက်ရကား နိသျဟောင်းတက်ပုံကို မရေးသားပဲ ချန်လှပ်ထားခဲ့ပေသည်။

---

● (၃) က-ဂ-ဝါကျတို့ကိုရှု၍လည်းကောင်း, ဃ-င-ဝါကျတို့ကို ရှု၍လည်းကောင်း ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် အသီးသီး စောဒကာ ဘောဂါဒိ စတုက္ကထုတ်ပါ။

ဖြေ။ ။က-ဂ-ဝါကျတို့ကိုရှု၍ စတုက္ကထုတ်ပုံ

ပါဠိ။ ။နနု အန္တရာသဒ္ဒေါ ကာရဏစိတ္တဝေမဇ္ဈဝိဝရေစာဒီသု ဒိဿတိ။ (စော+ဘော)

မြန်မာ။ ။အန္တရာသဒ္ဒါသည် ဝါ-ကို ကာရဏ, ခဏ, စိတ္တ, ဝေမဇ္ဈ ဝိဝရ စသော အနက်တို့၌ ထင်သည်။ ဝါ-ရှုအပ်သည်မဟုတ်ပါလော။ (စော+ဘော)

ပါဠိ။ ။အထ ကသ္မာ သွာယမိဓ ဝိဝရေဝတ္တတိ။ (စော)

မြန်မာ။ ။ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဤအန္တရာစ ရာဇဂဟံ စသော ပါဠ်၌ ထိုအန္တရာ သဒ္ဒါသည် အကြား ဟူသော အနက်၌ ဖြစ်ပါသနည်း။ (စော)

ပါဠိ။ ။တဒညေသ မသမ္ဘဝတော။ (ပရိ+ဘော)

မြန်မာ။ ။ထိုဝိဝရအနက်မှ တပါးကုန်သော ကာရဏ အစရှိကုန်သော အနက်တို့၏ မဖြစ်သင့်သောကြောင့်။ (ပရိ+ဘော)

ပါဠိ။ ။သွာယမိဓ ဝိဝရေ ဝတ္တတိ။ (ပရိ)

http://www.dhammadownload.com



မြန်မာ။ ။ဤအန္တရာစ ရာဇဂဟံ စသော ပါဠိ၌ ထိုအန္တရာသဒ္ဒါသည် အကြားဟူသော အနက်၌ ဖြစ်၏။ (ပရိ)

မှတ်ချက်။ ။ပရိဟာရဘောဂကို ဋီကာတို့၌လာသော ပါဠိရှိသည့် အတိုင်း ရေးလိုက်သည်။ နနု ဝါကျရေးလိုမူ "နနု တဒညတ္ထာ န သမ္ဘဝတိ"ဟု ပြင်။ ပရိဟာရ၌ တသ္မာ ဖြည့်၍ တသ္မာ သဒ္ဒါယမိဓ ဝိဝရေ ဝတ္တတိဟု ရေးလေ။

သ-င-ဝါကျတို့ကိုရှု၍ စတုက္ကထုတ်ပုံ

ပါဠိ။ ။နနု ရာဇဂဟဉ္စ နာဠန္ဒာယစ ဝိဝရေတိ ဝေမေတ္ထာတ္တော ဝေဒိတဗ္ဗော။ (စော+ဘော)

မြန်မာ။ ။ဤအန္တရာစ ရာဇဂဟံ စသောပါဠိ၌ ရာဇဂြိုဟ်ပြည်၏ လည်းကောင်း,နာဠန္ဒမြို့၏လည်းကောင်း အကြား၌ဟူသော သမ္ဗန္ဓိ အနက်ကို သိအပ်သည် မဟုတ်ယော။ (စော+ဘော)

ပါဠိ။ ။အထ ကသ္မာ ဥပယောဂဝစနံ ကတံ။ (စော)

မြန်မာ။ ။ယင်းသို့ သမ္ဗန္ဓိ အနက်ကို သိအပ်ပါလျက် အဘယ့်ကြောင့် ဒုတိယာဝိဘတ်ကို ပြုအပ်ပါသနည်း။ (စော)

ပါဠိ။ ။အန္တရာသဒ္ဒေန ယုတ္တတ္တာ။ (ပရိ+ဘော)

မြန်မာ။ ။အန္တရာသဒ္ဒါနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်။ (ပရိ+ဘော)

ပါဠိ။ ။ဥပယောဂဝစနံ ကတံ။ (ပရိ)

မြန်မာ။ ။ဒုတိယာဝိဘတ်ကို ပြုအပ်ပါ၏။ (ပရိ)

မှတ်မှက်။ ။ပရိဟာရဘောဂကို နနုနှင့်ရေးလိုမူ နနု အန္တရာ သဒ္ဒေန ယုတ္တော ပြင်၍ ပရိဟာရကို တသ္မာ ဥပယောဂဝစနံ ကတံဟု ရေးလေ။

---

● (၄) မဟာနိရယာန် ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။ဝစနတ္ထ။ ။မဟန္တာစ တေ နိရယာစေတိ မဟာနိရယာ။ (တေသံ မဟာနိရယာနံဟု ဝိဘတ်ချန်ခံ၊ အနက်လွှယ်၏။)

ဝစန္တာဒိဆက္က။ ။မဟန္တအရ မဟန္တဘာဝ၏ နိရယအရ-ငရဲ ဖြစ်နှင့်အတူ ဂုဏအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဗေဒတု မည်၏။ လောဟကုမ္ဘီ ငရဲဖြစ်သည် ဝစနီယမည်၏။ မဟာနရကာစသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

**ဝိဂ္ဂဟမှတ်ဖွယ်**

မဟာပုဒ်ကို မဟန္တိ ဝုဒ္ဓိံ ပါပုဏန္တီတိ မဟန္တာ။ နိရယာပုဒ်ကို နတ္ထိ အယာ အဿာဒါ တြောတိ နိရယာဟု အသီးသီးဝစနတ္ထပြု။ ဝိဝရေပုဒ်ကို ဝိဂတော ဝရော ဝါရဏံ အဿာတိ ဝိဝရံ။တသ္မိံ ဝိဝရေဟုပြု။ အဿ ဆိဒ္ဒဿ၊ ထိုအပေါက်အကြားအား။ဝိဂတော၊ကင်းသော၊ ဝရော ဝါရဏံ၊ တားမြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏-ဟု အနက်ပေး။

---

● (၇) အပိစာယံ တပေါဒါ၌ တပေါဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။တပေါဒါသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား တပ+ဥဒက ဟူလိုလျက် အမည်သညာကိုဟောရာ၌ ဥဒကသဒ္ဒါကို ဥဒပြုခြင်း ဝဏ္ဏဝိကာရ, ဥကို ဩပြုခြင်း ၇ဏ္ဏဝိကာရ စသည်တို့ဖြင့် တပေါဒါဟု ပြီးပါသည်။

† တပံ ဥဒကံ ဧတ္ထာတိ တပေါဒါ၊ သညာယံ ဥဒကဿ ဥဒါဒေသော။ (ပါရာဇိကဏ်ပါဠိတော်နိဿယသစ်)

† သညာယ မုဒေါဒကဿ။ (မောဂ္ဂလာန်)

---

● (၈)အန္တရာသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုပြရာ၌ အန္တရိကာယာဂစ္ဆတိ စသည်ဖြင့် အန္တရိကသဒ္ဒါကို အဘယ့်ကြောင့် ဆိုပါသနည်း။

ဖြေ။ ။အန္တရိကသဒ္ဒါ၏ အန္တရာသဒ္ဒါနှင့် အနက်တူသောကြောင့်လည်းကောင်း,အန္တရိက၌ ဣကပစ္စည်းသုတ္တအနက်၌ သက်သောကြောင့်လည်းကောင်း အန္တရသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုပြရာ၌ အန္တရိကသဒ္ဒါကို ဆိုပါသည်။　　(ဋီကာသစ်အဓိပ္ပါယ်)

---

http://www.dhammadownload.com



(က) ဤဒိသေသုစ ဌာနေသု အက္ခရစိန္တကာ''အန္တရာဂါမဋ္ဌ နဒိဋ္ဌ ယာတိတိ'' ဝေ ကေမေဝ အန္တရာသဒ္ဒံ ပယုဉ္ဇန္တိ။
(ခ) သော ဒုတိယပဒေန ပိ ယောဇေတဗ္ဗော ဟောတိ။
(ဂ) အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ။
(ဃ) ဣမ ပန ယောဇေတွာ ဝေ ဝုတ္တောတိ။ (၄-၃၅)

● (၂) ခ-ဝါကျကို သာဘောဂါယုတ္တ ပုစ္ဆာတက်, ဂ-ဝါကျကို အနာဘောဂ ပုစ္ဆာတက် တက်ခဲ့ပါ။

ဖြေ။ ။သာဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဤသို့သောအရာတို့၌ အက္ခရစိန္တကသဒ္ဒဝိဒူဆရာတို့သည် အန္တရာဂါမဋ္ဌနဒိဋ္ဌ ယာတိ''ဟူ၍ တခုသော အန္တရာသဒ္ဒါကို ယှဉ်ကုန်၏ဟု ဆိုတော်မူ၏။

ထိုအန္တရာသဒ္ဒါကို ဂါမဋ္ဌဟူသော ပထမပုဒ်နှင့်သာ ယှဉ်အပ်ပါသလော။ (ဝေအာဘော်ဆင်) အဘယ်ပုဒ်နှင့်လည်း ယှဉ်အပ်ပါသေးသနည်းဟု သူမေးဖွယ်ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဝါကျဖြင့် ထိုအန္တရာသဒ္ဒါကို နဒိဋ္ဌဟူသော ဒုတိယပုဒ်နှင့်လည်း ယှဉ်အပ်၏ဟု ငါပြဆို၏ ဟူလိုသော်။

သမုစ္စယကျမ်းတက်နည်း

က-ဝါကျမှ ခ-ဝါကျသို့တက်ရာဝယ် ဒုတိယပဒေနပိ၌ သမုစ္စည်းအပိသဒ္ဒါကို မြှော်ထောက်၍ သမုစ္စည်းအဖြေ မြင်သောကြောင့်''ပထမပုဒ်နှင့်သာ ယှဉ်အပ်ပါသလော''ဟုဝေအာဘော်ဆင်သည်။ဤနည်းကို မှီး၍ တက်လတ္တံ့ဝါကျ၌ သမုစ္စည်း အပိ စသောသဒ္ဒါကိုမြင်လျှင် ဝေအာဘော်ဆင်၍တက်ပါ။ မှတ်ရန်ဂါထာနိယံတို့ကို ဤပုစ္ဆာအဖြေအဆုံး၌ ဖော်ပြထားပေသည်။

အနာဘောဂပုစ္ဆာတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ထိုအန္တရာသဒ္ဒါကို ဒုတိယပုဒ်နှင့်လည်း ယှဉ်အပ်သော ဟု ဆိုတော်မူ၏။ ထိုအန္တရာသဒ္ဒါကို ဒုတိယပုဒ်

http://www.dhammadownload.com



နှင့်မယှဉ်အပ်သော် အဘယ်အပြစ်ရှိပါသနည်း ဟု သူမေးဖွယ်ရှိသော ကြောင့် ဂ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဂ-ဝါကျဖြင့် ထိုအန္တရာသဒ္ဒါကို ဒုတိယပုဒ်နှင့် မယှဉ်သော် ဒုတိယာဝိဘတ် မသက်ရောက်နိုင်ခြင်း အပြစ်ရှိ၏-ဟု ငါပြဆို၏ ဟူလိုသော်။

† ပစ္စိမေ သမုစ္စယတ္ထံ၊
သဒ္ဒံ ဒိသွာ ဝ သဗ္ဗထာ။
ဝေတ္ထံ အာရောပေတွာန၊
ယုဇ္ဇတော စောဒနံ ကရေ။ (သမ္မန္ဓစိန္တာဂဏ္ဌိ)

† ကော ပန ဒေါသော အယောဇိတေတိ အာဟ "အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတီ"တိ။(ဋီသစ်)

* သမုစ္စယတ္ထ၊ နောက်၌ပြမူ၊ ဝေအနက်၊ တဖက်လွတ်ဟန်၊ ကျန်ခဲ့နိုးနိုး၊ ကြိုး၍ဖြေ၊ စုဒ်လေဝေတ္ထ။ (ဟိ စု ပ န)

---

● (၃) က-ခ-ဂ-ဝါကျတို့ကိုရှု၍ မြန်မာဘာသာဖြင့် စောဒကာဘောဂါဒိ စတုက္ကထုတ်ပါ။

ဖြေ။ ။**စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ**

ဤသို့သောအရာတို့၌ အက္ခရစိန္တကသဒ္ဒဝိဒူဆရာတို့သည် "အန္တရာ ဂါမဉ္စ နဒိဉ္စယာတိ" ဟု တခုသာဖြစ်သော အန္တရာသဒ္ဒါကို ယှဉ်ကုန်သည် မဟုတ်လော။ (စော+ဘော)

ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် ဒုတိယပုဒ်နှင့်လည်း ယှဉ်အပ်ပါသနည်း။ (စော)

ဒုတိယပုဒ်နှင့် အန္တရာသဒ္ဒါကို မယှဉ်သော် ဒုတိယာဝိဘတ် မသက်ရောက်နိုင်သည် မဟုတ်လော။ (ပရိ+ဘော)

ထိုကြောင့် ဒုတိယာပုဒ်နှင့်လည်း ယှဉ်အပ်၏။ (ပရိ)

**မှတ်ချက်**။ ။ဤစတုက္ကကား ဋီကာ, နိသျတို့၌မလာ၊ ဖြစ်သင့်၍ ထုတ်ပြလိုက်သည်။

http://www.dhammadownload.com



● (၄)က-ဝါကျဒွိ အက္ခရစိန္တကာပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။အက္ခရံ စိန္တေန္တိ လိင်္ဂဝိဘတ္တိယာဒိတိတိ အက္ခရစိန္တကာ။ (လိင်္ဂဝိဘတ္တိယာဒီဟိ၊ လိင်, ဝိဘတ် အစရှိသည်တို့ဖြင့်။ အက္ခရံ၊ ကို။ စိန္တေန္တိ၊ ကြံစည်တတ်ကုန်၏။)

ဝစနာဒိဆက္က။ ။လိင်, ဝိဘတ်အစရှိသည်တို့ဖြင့် အက္ခရာ, ပုဒ်, ဝါကျ အစရှိသည်တို့ကို ကြံစည်တတ်ကုန်သော သဒ္ဒါဆရာတို့၏ကြံစည်ခြင်းကြိယာသည်လည်းကောင်း, အက္ခရာ,ပုဒ်,ဝါကျစသည်တို့၏ ကြံစည်ခြင်းကြိယာနှင့် အာရုံ,အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်လည်းကောင်း ဝစနဟေတု မည်၏။ သဒ္ဒါဆရာတို့ဖြစ်သည် ငစနီယ မည်၏။ သဒ္ဒဝိဒူ ၈သော ပရိယာယ်သည် ဝစနီယတ္ထမည်၏။

မှတ်ချက်။ ။စိန္တဓာတ်အရ ကြိယာ, သကတ်ကိုလည်းကောင်း, အက္ခရံအရနှင့် စိန္တဓာတ်အရတို့၏ စပ်ခြင်း သမ္ဗန္ဓဘော သကတ်ကိုလည်းကောင်း ဝစနဟေတုထုတ်သည်။ ကိတန္တသမာသ်ပုဒ်မျိုး၌ ဤကဲ့သို့ ဝစနဟေတုအရ သကတ်နှစ်မျိုးကိုထုတ်ပါ။

---

(က) အဒ္ဓါန မဂ္ဂပဋိပန္နော ဟောတီတိ အဒ္ဓါန သင်္ခါတံ မဂ္ဂံ ပဋိပန္နော ဟောတိ။

(ခ) ဒီဃမဂ္ဂန္တိအတ္ထော။

(ဂ) အဒ္ဓါန ဂမန သမယဿ ဟိ ဝိဘင်္ဂေ "အဒ္ဓယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗ" န္တိ အာဒိဝစနတော အဒ္ဓယောဇနမ္ပိ အဒ္ဓါနမဂ္ဂေါ ဟောတိ။

(ဃ) ရာဇဂဟတော ပန နာဠန္ဒာ ယောဇနမေဝ။ (၄-၃၆)

● (၂) ခ-ဝါကျကို သာဘောဂါယုတ္တ ပုစ္ဆာ, ဂ-ဝါကျကို အယုတ္တာဘောဂပုစ္ဆာတက် တက်ခဲ့ပါ။

ဖြေ။ ။သာဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊ ဆရာသည် အဒ္ဓါနပုဒ်ကို အဒ္ဓါနသင်္ခါတံ ဟု ဖွင့်ဆိုတော်မူ၏။ မဂ္ဂသဒ္ဒါ၏ ခရီးဟောသည်၏အဖြစ်ကိုသာ သိစေလို၍ ထိုစကား

http://www.dhammadownload.com



ကို ဆိုပါသလော။ အဘယ်ကို သိစေလို၍ ဆိုပါသနည်းဟု သူ မေးဘွယ် ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဝါကျဖြင့် အဒ္ဓါနုသဒ္ဒါသည် ဒီဃသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေလို၍ ဆို၏ ဟူလိုသော်။

**မှတ်ချက်။** ဤအတက်သည် နိဿယဟောင်းအတက်ကို အနည်းငယ် ပြင်ဆင်၍ တက်လိုက်သည်၊ အခြားနည်းလည်း တက်နိုင်သေးသည်။

**အယုတ္တာဘောဂပုစ္ဆာတက်**

ဆရာ၊ ဆရာသည် က-ခ-ဝါကျတို့ဖြင့် အဒ္ဓါနမဂ္ဂဟူသည် ရှည်စွာ သောခရီးဟု ဖွင့်ဆိုတော်မူ၏။ အဘယ်မျှလောက်သော ခရီးသည် ဒီဃ မဂ္ဂဟုဆိုအပ်သော အဒ္ဓါနမဂ္ဂမည်ပါသနည်း။ ယူဇနာများစွာဝေးသော ခရီးသည်သာ ဒီဃမဂ္ဂဟု ဆိုအပ်သော အဒ္ဓါနမဂ္ဂ မည်ပါသလောဟု သူမေးဖွယ်ရှိသောကြောင့် ဂ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဂ-ဝါကျဖြင့် အဒ္ဓါနဂမနသမယ၏ ဝိဘင်း၌ "အဍ္ဎယောဇနံ ဂစ္ဆိဿာမီတိဘုဉ္စိတဗ္ဗံ" ဟုဘုရားဟောတော်မူသောကြောင့် ယူဇနာခွဲသည်လည်း ဒီဃမဂ္ဂမည်၏ဟု ငါပြဆို၏ ဟူလိုသော်။

**မှတ်ချက်။** ။အဍ္ဎယောဇနမ္ပိ၌ အပိသဒ္ဒါကိုမြော်၍ ဧဝ အာဘော် ဆင်သည်။ နောက်၌ ရေးသားခဲ့ပြီ။

---

● (၄) အဍ္ဎယောဇနမ္ပိ၌ အဍ္ဎယောဇနံပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ခွဲဝေခဲ့ပါ။

ဖြေ။ ။**ဝစနတ္ထ။** ။အဍ္ဎမေဝ ယောဇနဿာတိ အဍ္ဎယော ဇနံ။ တနည်း—ယောဇနဿ အဍ္ဎံ အဍ္ဎယောဇနံ။

**ဝစနာဒိဆက္က။** ။ယူဇနာ၏ ထက်ဝက်နှင့် အပေါင်း အစိတ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓဘောသည် ဝစနဟေတု မည်၏။ ယူဇနာခွဲခရီး ဖြစ်သည် ဝစနီယ မည်၏။ ဒွိဂါဝုတမတ္တံ စသော ပရိယာယ်သည် ဝစနီ ယတ္ထ မည်၏။

---

http://www.dhammadownload.com



● (၆) က-ခ-ဝ ါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာ ဆရာ၏ နှလုံးသွင်းအာဘောဂကို ဖော်ပြ၍ အကြောင်းနှင့်တကွ သံဝဏ္ဏနာအမည်တို့ကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ။က-ဝ ါကျ၌ အဒ္ဒါနံ သခ်ါတံ မဂ္ဂံဖြင့် အဒ္ဒါနနှင့်မဂ္ဂကို အဒ္ဒါနသင်္ခါတံ မဂ္ဂံ အဒ္ဒါနမဂ္ဂံဟု တပ္ပုရိသ်သမာသ် ဝစနတ္ထမပြုရ။ အဒ္ဒါန. သင်္ခါတံ မဂ္ဂံ အဒ္ဒါနမဂ္ဂံဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟုသိစေပါသည်။ (ဝိဘတ်တူဖွင့်ရကား ကမ္မဓာရယ်ဖော်သည်။)

ဝိဂ္ဂဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထ။ သမာသ်ဖြစ်သော လိင်ပုဒ်ကိုလည်းကောင်း, သမာသ်ဖြစ်သော လိင်ပုဒ်၏အနက်ကို လည်းကောင်း ဖွင့်ပြသောကြောင့် သမာသလိင်ပဒ, သမာသလိင်တ္ထ၊ ဝါ သမာသလိင်ပဒတ္ထ သံဝဏ္ဏနာမည်၏။

က-ဝ ါကျ၌ မဂ္ဂံ ပဋိပန္နောဖြင့် အဒ္ဒါနမဂ္ဂသည် မဂ္ဂံပန္နောကို အဒ္ဒါန မဂ္ဂေန ပဋိပန္နော အဒ္ဒါနမဂ္ဂပဋိပန္နောဟု ဝစနတ္ထမပြုရ။ အဒ္ဒါနမဂ္ဂံ ပဋိပန္နော အဒ္ဒါမဂ္ဂပဋိပန္နောဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

ဝိဂ္ဂဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထ၊ သမာသ် ဖြစ်သော လိင်ပုဒ်ကိုလည်းကောင်း, သမာသ်ဖြစ်သော လိင်ပုဒ်၏အနက်ကို လည်းကောင်း ဖွင့်ပြသောကြောင့် သမာသလိင်ပဒ, သမာသလိင်တ္ထ၊ ဝါ-သမာသလိင်ပဒတ္ထ သံဝဏ္ဏနာမည်၏။

ခ-ဝ ါကျ၌ ဒီဃမဂ္ဂံဖြင့် အဒ္ဒါနမဂ္ဂ၌ အဒ္ဒါနသဒ္ဒါသည် ဒီဃသဒ္ဒါ ၏ ပရိယာယ်တည်းဟု သိစေပါသည်။

ပရိယာယ်အနက်ကို ဖွင့်ပြသောကြောင့် ပရိယာယ်ပြ အဘိဓေယျတ္ထ သံဝဏ္ဏနာ မည်၏။

● (၇) အဒ္ဒါနသင်္ခါတံ၌ အဒ္ဒါနသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။အဒ္ဒါပုဒ်၊ အယနပုဒ်၊ အဒ္ဒါယနဟူလိုလျက် ယ-ကိုချေ ခြင်း ဝဏ္ဏလောပနိရုတ္တိနည်းနှင့် အဒ္ဒါနဟု ပြီးပါသည်။

http://www.dhammadownload.com



† အဒ္ဓါနံ အယနံ အဒ္ဓါနံ၊ အဒ္ဓါယနော မဂ္ဂေါ။ ယ ထာ ပဒ္ဒဋ္ဌာနန္တိ၊ ယလောပေါ။ (သူစိ)

---

မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ....

(က) မဟတာတိ ဂုဏမဟတ္တေနာပိ မဟတာ၊ သင်္ချာမဟတ္တေ နာပိ မဟတာ။

(ခ) သောဟိ ဘိက္ခုသံဃော ဂုဏေဟိ ပိ မဟာ အဟောသိ အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ။

(ဂ) သင်္ချာယ ပိ မဟာ ပဉ္စသတသင်္ချတ္တာ။

(ဃ) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော။

(င) တေန ဘိက္ခုသံဃေန။

(စ) ဒိဋ္ဌိသီလသာမည သင်္ဃာတ သင်္ဃါတေန သမဏဂဏေနာ တိ အတ္ထော။ (ဋ္ဌ-၃၆)

● (၂) ခ-ဝါကျကို အနုသန္ဓေ, င ဝါကျကို နည်းထုံးကျကျ စောဒနာ, စ-ဝါကျကို ပုစ္ဆာတက် တက်ခဲ့ပါ။

ဖြေ။ ။အနုသန္ဓေတက်ပုံ

ဤသို့ က-ဝါကျဖြင့် မဟတာဟူသည် ဂုဏ်တို့ဖြင့် မြတ်သည်၏ အဖြစ်ကြောင့်လည်း မဟတာမည်၏။ အရေအတွက်အားဖြင့် များသည် ၏အဖြစ်ကြောင့်လည်း မဟတာမည်၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသောအနက်ကိုပင် ပြီးစေလိုရကား၊ ဝါ-ပြီးစေတော်မူလို သော ဆရာသည် သောဟိ စသော ခ-ဝါကျကိုမိန့်။

† တဒေဝတ္ထံ သမတ္ထေတိ "သောဟိ" တိ အာဒိနာ။(သိ·ဋီသစ်)

* သမတ္ထေတိ၊ ဖွင့်ပြဘိ၊ မှတ်သိ ဒဋ္ဌီသာ။

မှတ်ချက်။ ။နိသျဟောင်း ဆရာတော်ကား ဤ ခ-ဝါကျကို ဤသို့တက်၏။ "ဆရာဂုဏ်ဖြင့် မြင့်သောကြောင့်လည်း မဟတာမည်၏။ အရေအတွက် များသောကြောင့်လည်း မဟတာမည်၏ ဟု ဆရာဆို၏။

http://www.dhammadownload.com



အဘယ်သို့သော ဂုဏ်နှင့် ပြည့်စုံသောကြောင့် ဂုဏ်ဖြင့် မြတ်သနည်း။ အဘယ်မျှ အရေအတွက်ရှိသောကြောင့် အရေအတွက် များသနည်း ဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှါ သောဟိ ဘိက္ခုသံဃော စသော ပါဌ်ကို မိန့်သတည်း'' ဤနိဿယဆရာ၏ အထက်ကို အာဘော်မပါသဖြင့် အနုသဗောဂပုစ္ဆာတက်ဟု မှတ်ပါ။

## ၎-ဝါကျ စောဒနာတက်ပုံ

ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် ဘိက္ခုသံဃောပုဒ်ကို ပဌမန္တ အားဖြင့် ဖွင့်ဆိုတော်မူ၏။ ပါဠိတော်၌ ဆရာ ဖွင့်ဆိုသကဲ့သို့ ပဌမန္တ အားဖြင့် ဘုရားဟောတော်မူပါသလော။ ပါဠိတော်၌ အဘယ်ဝိဘတ်ျန္တ အားဖြင့် ဘုရားဟောတော်မူပါသနည်း။ အကယ်၍ ပဌမန္တအားဖြင့် ဘုရားမဟောချေသော် ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ပဌမန္တ အားဖြင့် ဖွင့်သော ဆရာ့အား သံဝဏ္ဏေတဗ္ဗ,သံဝဏ္ဏနာဆန့်သော ဝိရောမိဒေါသ ရောက်ခဲ့ရာ၏ဟု သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာ ကို သောခနာတော်မူလိုသောဆရာသည် တေနဘိက္ခုသံဃေန ဟူသော ဝိဘတ်ျန္တ ၎-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ပဌမန္တ အားဖြင့် ဖွင့်ပြခဲ့သော်လည်း ၎-ဝါကျဖြင့် သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ ဘိက္ခုသံဃေနဟု တတိယန္တနှင့် ဘုရားဟောတော်မူသတည်းဟု ငါ ပြဆိုရကား သင်တင်ဟိုင်းသော သံဝဏ္ဏေတဗ္ဗ, သံဝဏ္ဏနာ ဆန့်သော ဝိရောမိ ဒေါသ ငါ့အားမရောက်ဆိုသင့် ဆိုတန်၏ဟူလိုသော်။

## ပဒါဝဓိကန္တ ဝါကျာဝဓိကန္တပုတ်ဖွယ်

သံဝဏ္ဏေတဗ္ဗပုဒ်၌ မည်သည့်ဝိဘတ်နှင့် မှိုင်စေကာမူ ပဌမန္တကေ ဝုစ်, ဗဟုဝုစ်နှင့်ဖွင့်ပြသော ဝိဂ္ဂဟအဖွင့်မျိုးကို ပဒါဝဓိကန္တ အဖွင့်ဟုခေါ် သည်။ ဉပမာ.... သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ဘိက္ခုသံဃေနဟု တတိယန္တ နှင့် ရှိသည်ကို ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ပဌမန္တနှင့် ဖွင့် ခြင်းမျိုးတည်း။

E.15 B

http://www.dhammadownload.com



ဝါကျ၌ရှိသော ဝိဘတ်အတိုင်း ဖွင့်ပြသော ဝိဂ္ဂဟအဖွင့်မျိုးကို ဝါကျာဝဓိကန္တအဖွင့်ဟုခေါ်သည်။ ဥပမာ သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ဘိက္ခုသံဃေန ဟု တတိယန္တနှင့်ရှိသည်ကို ဘိက္ခူနံ သံဃေန ဘိက္ခု သံဃေန ဟု တတိယန္တနှင့် ဖွင့်ခြင်းမျိုးတည်း။

အဋ္ဌကထာ ဋီကာတို့၌ ပဒါဝဓိကန္တ (ဒန္တစ္ဆေဒန)အားဖြင့် ဖွင့်ပြ ပြီးလျှင် ဝါကျာဝဓိကန္တ(ဝိဘတျန္တ)ဝါကျကို ဒန္တသောဓနနည်းဖြင့် ဖွင့် ပြ၍ ရှိးထုံးစံတည်း။ ဥပမာ....ဘိက္ခူနံ သံဃော ဘိက္ခုသံဃော ဟု ပဒါဝ ဓိကန္တအားဖြင့် ဖွင့်ပြပြီးနောက် တေန ဘိက္ခုသံဃေန ဟု ဖွင့်ပြခြင်းမျိုး တည်း။ ယင်း ဝါကျာဝဓိကန္တ (ဝိဘတျန္တ) ဝါကျမျိုးကို - ဝိတ္ထာရ စသော ဝါကျအမျိုးအစားတို့တွင် ဝါကျာရမ္ဘဝါကျဟု မှတ်ပါ။ ဂါထာ ၌ ဒုတိယန္တေနဝယ် အာဒိကျေသည်။

† ပဌမန္တေန ဝိဂ္ဂဟော၊ ပဒါဝဓိက မီရိတော၊
ဒုတိယန္တေန ဝိဂ္ဂဟော၊ ဝါကျာဝဓိက မီရိတော။

* ပဌမန္တ၊ ဝိဂ္ဂဟ၊ ပဒါဝဓိကန္တာ၊
ဒုတိယာဒျန္တ၊ ဝိဂ္ဂဟ၊ ဝါကျာဝဓိကန္တာ။

(မဟာဝိသယနိယံ)

စ-ဝါကျပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် ဘိက္ခုသံဃောပုဒ်ကို ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု"လ"ဆိုတော်မူ၏။ တသိမ်တည်း၌ တပေါင်း တည်းနေသော ရဟန်းသံဃာ သည်သာလျှင် ဘိက္ခုသံဃာ မည်ရာ သလော။ အဘယ်သို့သော ရဟန်းသည် ဘိက္ခုသံဃာမည်ရပါသနည်း ဟု သူမေးဖွယ်ရှိသောကြောင့် စ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**။ ။စ-ဝါကျဖြင့် အယူသီလ တူကုန်သည်တို့၏ အဖြစ်ဖြင့် ပေါင်းအပ်သည်ဟုဆိုအပ်သော ရဟန်းအပေါင်းသည် ဘိက္ခု သံဃာမည်၏ဟု ငါပြဆို၏ ဟူလိုသော်။

**မှတ်ချက်**။ ။ဤအတက်ကား နိဿယဟောင်းဆရာတော်အလို အဓိပ္ပါယ်ကို မြော်၍တက်သော အတက်ပေတည်း။

http://www.dhammadownload.com



## စ-ဝါကျသဒ္ဒါနည်းပုစ္ဆာတက်

ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် ဘိက္ခုသံဃောပုဒ်ကို ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် ဟု ဆိုတော်မူ၏။ သံဃောပုဒ်ကိုကား သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ သံဃော ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်လော။ အဘယ်လို ဝစနတ္ထပြုရမည် နည်းဟု သူမေးဖွယ်ရှိသောကြောင့် စ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**။ ။စ-ဝါကျဖြင့် သံဃောပုဒ်ကို ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံဃော ဟု ကမ္မသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကို ငါပြဆို၏ ဟူလိုသော်။

**မှတ်ချက်**။ ။ဤအတက်ကား သံဃာတသဒ်ါတေနကို မြော်၍ တက်သော သဒ္ဒါနည်းအတက်တည်း။ ဋီကာသစ်၌ကား ဝိဂ္ဂဟနှင့် ဝိတ္ထာ ရပြသော အနုသန္ဓေမျှသာ တက်၍ပြသည်။

† ဒိဋ္ဌိသီလသာမညေန သံဟတတ္တာ သံဃောတိ ဣမမတ္ထံဝိဘာဝေန္တော အာဟ "ဒိဋ္ဌိသီလ သာမည သံဃာတသင်္ခါတေန သမဏဂဏေနာ"တိ (သီ-ဋီသစ်).

---

● (၄) ဘိက္ခုသံဃော၌ သံဃောပုဒ်ကို အဖွင့်နှင့်အညီ သ-ပဒဝိဂ္ဂဟ, အ သပဒဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ခွဲဝေခဲ့ပါ။

ဖြေ။ ။သပဒဝိဂ္ဂဟ။ ။ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံဃော။ ။အသပဒဝိဂ္ဂဟ။ ။ဒိဋ္ဌိသီလသာမညေန သံဟနိယတေတိ သံဃော။

ဝစနာဒိဆက္က။ ။အယူသီလတို့၏ တူကုန်သည်တို့၏ အဖြစ်ဖြင့် ပေါင်းခြင်းကြိယာကကတ်သည် ဝစနဟေတု မည်၏။ အယူသီလတို့၏ တူကုန်သည်တို့၏ အဖြစ်ဖြင့် ပေါင်းအပ်သော ရဟန်းဒြဗ်သည် ဝစနီယ မည်၏။ သမဏဂဏောစသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထမည်၏။

## ဝိဂ္ဂဟမှတ်ဖွယ်

ဒိဋ္ဌိစ သီလာနိစ ဒိဋ္ဌိသီလာနိ။ သမာနာနံ ဘာဝေါ သာမညံ၊ သံဟနိယတေ သံဃရိယတေတိ သံဃာတော။ ဒိဋ္ဌိသီလာနံ သာမညံ ဒိဋ္ဌိ

http://www.dhammadownload.com



သီလသာမည်။ ဒိဋ္ဌိသီလသာမညေန သံဃာတောတိ ဒိဋ္ဌိသီလသာမည သံဃာတော။ (အစိတ်အပေါင်းဝိဂ္ဂိုဟ်။)

---

(၅) အပ္ပိစ္ဆတာဒိ ဂုဏ သမန္နာဂတတ္တာ, ပဋ္ဌသတသံ့ျတ္တာ ဟိတ် ပုဒ်တို့၏ သမ္ဗန္ဓပဒတို့ကို ဖော်ပြ၍ ဘာဝယောဂ ပုဒ်၏ ပစ္စယတ္ထကိုလည်း ညွှန်ခဲ့ပါ။

ဖြေ။ ။ဟိတ်ပုဒ်နှစ်ပါးတို့၏ သမ္ဗန္ဓပဒကား တဿ ဘိက္ခု သံဃဿတည်း။ (သောဟိ ဘိက္ခု သံဃော-စသော ဖလဝါကျ၌ သောဘိက္ခု ဟူသော ပကတိကတ္တားကို သမ္ဗန်ခံ၊ မဟာ ဟူသော ဝိကတိကတ္တားကို သမ္ဗန် မခံရ၊ အကျယ်ရေးပြီး။) ဘာဝယောဂ၏ ပစ္စယတ္ထကား ကတ္တုတ္ထသာတည်း။

---

(၆) က ဃ-င-စ-ဝ ါကျတို့၌ ရသင့်သော အာဘောဂကို ရေးသား၍ သံဝဏ္ဏနာ အဆည့်မျှကိုသာ ဖော်ပြပါ။

ဖြေ။ ။က-ဝ ါကျ၌ ဂုဏမဟတ္တေန ဖြင့် မဟတာ (မဟန္တ) သဒ္ဒါသည် သမ္ဘတ္တိ,ဥဿရ စသောအနက်တို့ကို မဟော။ ဥတ္တမအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၁ မြွတ်၏။ (မဟတာ) ဟူသည် အပ္ပိစ္ဆတာစသော ဂုဏ်တို့ဖြင့် မြတ်သည်၏ အဖြစ်ကိုလည်းကောင်း၂, မဟတာပုဒ်သည် ဝိသေသျဒြဗ်ပုဒ်မဟုတ်၊ ဝိသေသန ဂုဏ်ပုဒ်၏အဖြစ်ကိုလည်းကောင်း၃, မဟတာ၌ တာ သဒ္ဒါသည် ဒေဝတာ စသည်တို့၌ ကဲ့သို့ သော်တ္ထ တဒ္ဓိတ်၌ သက်သော တာ ပစ္စည်းမဟုတ်။ နာ,ဝိဘတ်၏ ကာရိယ တာ,၏ အဖြစ်ကိုလည်းကောင်း၄ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ၊
(၂) ဘာဝတ္ထ (၃) ဘာဝတ္ထ (၄) ဝိဘတ္တိပဒ။

မှတ်ချက်။ ။၃-အမှတ်ပြ အာဘောဂ်ကား မဟတာဟူသော ကိတ်နာမ်ပုဒ်ကို ဂုဏမဟတ္တေန ဟု ဘာဝတဒ္ဓိတ်ပုဒ်ဖြင့် ဖွင့်ပြခြင်းသည် မဟတာပုဒ်၏ ဝိသေသန သဘောပေါ်အောင် ဖွင့်ခြင်းမျိုးဟုကြံသည်။ ဤကား ဂဏ္ဌိ,ဋီကာတို့၌ မလာသော်လည်း ဖြစ်သင့်၍ကြံသော နော မတိ အာဘောဂ်မျှသာတည်း။

http://www.dhammadownload.com



က-ဝါကျ၀ယ် ဂုဏမဟာတ္တေနာပိ၌ အပ္ပိသဒ္ဒါဖြင့် အပ္ပိစ္ဆတာ စသော ဂုဏ်တို့ဖြင့် မြတ်သည်မဟုတ်သေး၊ အရေအတွက်အားဖြင့် လည်း များသေး၏ဟု သမုစ္စည်း အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာ၀တ္ထ)

က-ဝါကျ၌ သင်္ချာမဟတ္တေနဖြင့် မဟတာ၌ မဟန္တသဒ္ဒါသည် သမ္ပတ္တိ,ဂ္ဂဏရ စသောအနက်တို့ကို မဟော၊ပစုရ(အများ) အနက်ဟော သည်၏ အဖြစ်ကိုလည်းကောင်း[၁], များ၏ (မဟတာ)ဟူသည် အရေ အတွက်အားဖြင့် များသည်၏ အဖြစ်ကို လည်းကောင်း[၂],မဟတာသဒ္ဒါ သည် ဝိသေသျဒြဗ်ပုဒ်မဟုတ်၊ ဝိသေသန ဂုဏ်ပုဒ်၏ အဖြစ်ကို လည်း ကောင်း[၃],မဟတာ၌ တာသဒ္ဒါသည် ဒေ၀တာစသည်တို့၌ကဲ့သို့ သောတ္ထ တဒ္ဓိတ်၌သက်သော တာ ပစ္စည်းမဟုတ်၊ နာ၀ဘတ်၏ ကာရိယ ဖြစ်သော တာ သဒ္ဒါ၏အဖြစ်ကိုလည်းကောင်း[၄] သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ သဒ္ဒတ္ထ အဘိဓေယျတ္ထ၊
(၂) ဘာ၀တ္ထ (၃) ဘာ၀တ္ထ (၄) ဝိဘတ္တျာပဒ။

က-ဝါကျ၀ယ် သင်္ချာမဟတ္တေနာပိ၌ အပိသဒ္ဒါဖြင့် အရေအတွက် အားဖြင့်သာ များသည်မဟုတ်သေး။ အပ္ပိစ္ဆတာစသော ဂုဏ်တို့ဖြင့် လည်း မြတ်သေး၏ဟု သမုစ္စည်းအဓိပ္ပါယ်ကို သိစေပါသည်။ (ဘာ၀တ္ထ)

ဃ-ဝါကျဖြင့် ဘိက္ခုသံဃောပုဒ်ကို ဘိက္ခု စသော သံဃော စာတိ ဘိက္ခုသံဃောဟု ကမ္မဓာရယ် သမာသ် ၀စနတ္ထမပြုရ၊ ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ၀စနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒ သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂ ပဒတ္ထ ဝိဂ္ဂိုဟ်ပြု အဘိဓာနတ္ထ)

င-ဝါကျဖြင့် ဘိက္ခုသံဃောဟု ပထမန္တနှင့် ငါဖွင့်ဆိုသော်လည်း သံ၀ဏ္ဏေတဗ္ဗပါဠိတော်၌ကား ဘိက္ခုသံဃေနဟု တတိယန္တနှင့်ရှိသတည်း ဟု သိစေပါသည်။ (ဘာ၀တ္ထ)

စ-ဝါကျ၌ ဒိဋ္ဌိသီလ သာမညဖြင့် ပေါင်းအပ်၏။ (သဃာတ) ဟူသည် အယူသီလတို့၏တူကုန်သည်တို့၏ အဖြစ်ဟု ဆိုအပ်သော သဒိ သဘောဂုဏ်ဖြင့်၊ ဝါ-ကြောင့် ပေါင်းအပ်သတည်းဟု သိစေပါသည်။ (ဘာ၀တ္ထ)

http://www.dhammadownload.com



စ-ဝ ါကျ၌ သံဃာတေနဖြင့် သံဃေန၌ (သံ+ဟန+ရ)ရပစ္စည်းသည် ကတ္တုသာဓနေ၌ မသက်၊ ကမ္မသာဓနေ၌သက်သည်၏ အဖြစ်ကိုလည်းကောင်း ,သံဃပုဒ်၏ကျြဲအရာ၌သမဂ္ဂကမ္မံဥပဂစ္ဆတီတိသံဃော ဟု ကတ္တုသာဓန ဝစနတ္ထမပြုရ၊ ဒိဋ္ဌိသီလသာမညေနသံဟတောဝ(သံဟနိယတေ)တိ သံဃောဟု ကမ္မသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။

(၁) ဒုတိယပစ္စယတ္ထ (၂) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ။

စ-ဝ ါကျ၌သမဏဂဏေနဖြင့်ဘိက္ခုသံဃေန၌ဘိက္ခုပုဒ်ကို ဂံသာရေ ဘယံ ဣက္ခတီတိဘိက္ခုဟု ပြု၍ ဘိက္ခုသဒ္ဒါသည် ပရိသတ်လေးပါးနှင့် ဆက်ဆံသော်လည်း ယဝိးပရိသတ်လေးပါးလုံးကိုမယူရ၊ သမဏဂဏ (ရဟန်းအပေါင်း)ကိုသာယူရမည်ဟု သိစေပါသည်။(သရုပ်ကြား,အဘိဓေယျတ္ထ)

---

● (၇) အပ္ပိစ္ဆတာ၌ အပ္ပသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။　။အပ္ပကား အလံဓာတ်,ပ ပစ္စည်း၊အလ+ပ ဟူလိုလျက် လ,ကို ပ,ပြုခြင်းဝဏ္ဏဝိကာရ၊ပ,ကိုနောက်ပသို့ကပ်၍အပ္ပဟုပြီးပါသည်။

† အလ ဘူသနပရိယတ္တိ နိဝါရဏေသု ပေါ၊ လဏာပေါ။ အပပါပုဏနေဝါ ပေါ၊ အပေသိ ဤသကတ္တမာဂမာသီတိ အပ္ပံ။ (သူစိ)

---

● (၈) ဘိက္ခုသံဃေန၌ ဘိက္ခုသံဃ အရ အရိယ,အနရိယ သံဃာတို့တွင် အဘယ်သံဃာကို ယူသင့်သည်ဟု အကြောင်းပြဖြေဂါ။

ဖြေ။　။ဘိက္ခုသံဃအရ အရိယ, အနရိယ သံဃာ တို့တွင် အရိယာ သံဃာကိုသာ ယူရပါမည်။အကြောင်းကား အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ ဟု အဋ္ဌကထာဆိုသောကြောင့်လည်းကောင်း,ဋီကာ သစ်၌လည်း အပ္ပိစ္ဆတာကို နိလ္လောဘတာ (လောဘမရှိ) ဟု ဖွင့်သော ကြောင့်လည်းကောင်း, အပ္ပိစ္ဆတာ၊ နည်းသောအလိုရှိ၏ဟု သဒ္ဒါကား

http://www.dhammadownload.com



ဖြစ်သော်လည်း အနက်ကား အပ္ပိစ္ဆ၊လောဘမရှိဟု နိရဝသေသဖြစ်သော ကြောင့်ရင်း, အာစရိယမ္မပါလမထေရ်၏ အလိုအားဖြင့် အပ္ပသဒ္ဒါ၏ အပ္ပါဗာဓတဥ္စ သညာနာမိဥ္ဇကဲ့သို့ အဘာဝအနက်ဟော၏ အဖြစ်ကြောင့် ရင်း,နိလ္လောဘဖြစ်သော အရိယာသံဃာကိုသာ ယူရပါမည်။

---

(က) သဒ္ဒိန္တိ ကေတော။

(ခ) ပဥ္စမတ္တေဟိ ဘိက္ခုသတေဟီတိ ပဥ္စ မတ္တာ ယေသန္တိ ပဥ္စ မတ္တာ။

(ဂ) မတ္တာတိ ပမာဏံ ဝုစ္စတိ။

(ဃ) ဘိက္ခူနံ သတာနိ ဘိက္ခုသတာနိ။ တေဟိ ပဥ္စမတ္တေဟိ ဘိက္ခုသတေဟိ။ (၄၅-၃၆)

● (၆) အထက်ဖော်ပြပါ ဝါကျတို့၌ အာဘောဂ သံဝဏ္ဏနာကို ရေးပါ။-

ဖြေ။ ။က—ဝါကျ၌ ကေတောဖြင့် သဒ္ဒိံ နိပါတ်ပုဒ်သည် ကြိယာ သမဝါယ၌၊ ဝါ-ကေတော အနက်၌ နိပါတ်တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ)

ခ-ဝါကျ၌ ပဥ္စမတ္တာ ယေသံဖြင့် ပဥ္စမတ္တာပုဒ်ကို ပဥ္စ မတ္တာ ပဥ္စမတ္တံဟု ဒိဂုသမာသ်ဝစနတ္ထ မပြုရ။ ပဥ္စမတ္တာ ယေသန္တိ ပဥ္စမတ္တာ ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။ (သမာ သလိင်္ဂပဒ သမာသလိင်္ဂတ္ထ။ ဝါ-သမာသလိင်္ဂပဒတ္ထ။ ဝိဂ္ဂြိုဟ်ပြ အဘိ ဓာနတ္ထ)

ဂ-ဝါကျဖြင့် ပဥ္စမတ္တာ၌ မတ္တာသဒ္ဒါသည် ဣဿရိယ, အက္ခရာ ဝယဝ,အပ္ပကအနက်တို့ကို မဟော။ ပမာဏအနက်ကိုဟောသတည်းဟု သိ စေပါသည်။ (နာမလိင်္ဂတ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ဘိက္ခူနံ သတာနိဖြင့် ဘိက္ခုနှင့်သတပုဒ်ကို ဘိက္ခူနံ သတာနိ ဘိက္ခုသတာနိ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ ဖြစ်ကိုရင်း¹,ဘိက္ခုသတေဟိ ၌ သတ ကား သင်္ချာပဓာန နပုလ္လိင် ရာသိ ဘေဒ(ဝဂ္ဂဘေဒ)ဖြစ်၍ ဗဟုဝုစ်၏အဖြစ်ကိုရင်း² သိစေပါသည်။

http://www.dhammadownload.com



(၁) သမာသလိင်္ဂပဒ သမာသလိင်္ဂတ္တ။ ဝါ၊ သမာသလိင်္ဂပဒတ္တ၊
(၂) လိင်္ဂပဒသံဝဏ္ဏနာ ဝိဘတ္တိပဒသံဝဏ္ဏနာ။

ဃ-ဝါကျ၌ တေဟိပဥ္စမတ္တေဟိ ဘိက္ခု သတေဟိဖြင့် ဘိက္ခုသတာနီဟု ပထမန္တအားဖြင့် ငါဖွင့်ဆိုသော်လည်း သံဝဏ္ဏေတဗ္ဗပါဠိ၌ တတိယန္တနှင့် ဟောသတည်းဟု သိစေပါသည်။

† သဒ္ဒိံ သဒ္ဒေါ ကေတောတိ အတ္ထေ နိပါတော။
(သီ-ဋီသစ်)

† ပမာဏိသာရိယေမတ္တာ၊ အက္ခရာဝယဝပ္ပကေ။
(အဘိဓာန်)

† သတံ နပုံသကဲ့မေကဝစနန္တဉ္စ၊ တထာသဟဿံ၊ ဝဂ္ဂဘေဒေ သဗ္ဗံ ဗဟုဝစနမ္ပိ ဘဝတိ။ (ရူပသိဒ္ဓိ)

---

(က) သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကောတိ သုပ္ပိယောတိ တဿ နာမံ။
(ခ) ပိကာရော မဂ္ဂပ္ပဋိပန္နသဘာဂတာယ ပုဂ္ဂလသမ္ပိဏ္ဍနတ္ထော။ ခေါကာရော ပဒသန္ဓိကရော ဗျဥ္ဇန သိလိဋ္ဌတာဝသေန ဝုတ္တော။
(ဂ) ပရိဗ္ဗာဇကော တိ သဉ္စယဿ အန္တေဝါသီ ဆန္နပရိဗ္ဗာဇကော။
(ဃ) ဣဒံ ဝုတ္တံ ဟောတိ "ယဒါ ဘဂဝါ တံ အဒ္ဓါနမဂ္ဂံ ပဋိပန္နော၊ တဒါ သုပ္ပိယောပိ ပရိဗ္ဗာဇကော အဒ္ဓါနမဂ္ဂပ္ပဋိပန္နော အဟောသိ" တိ။
(င) အတီတကာလတ္ထော ဟောတ္တ ဟောတိသဒ္ဒေါ။ (ဋ္ဌ-၃၆)

● (၂) ဃ-ဝါကျကို အနာဂတပုစ္ဆာတက်, င-ဝါကျကို သာဘောဂါယုတ္တပုစ္ဆာတက် တက်ခဲ့ပါ။

ဖြေ။ ။ အနာဂတပုစ္ဆာတက်

ဆရာ၊ ဆရာသည် ပိကာရောစသောပါဠိဖြင့် ပိသဒ္ဒါသည် ခရီးသွားခြင်း သဘောတူသည်၏အဖြစ်ကြောင့် ပုဂ္ဂိုလ်ကိုပေါင်းခြင်းအနက်

http://www.dhammadownload.com



အနက်ရှိ၏ဟု ဆိုပြီ။ သို့ပေါင်းခြင်းအနက်ရှိသောကြောင့် အဘယ်သို့သော အဓိပ္ပာယ်ကိုဆိုလိုပါသနည်းဟု သူမေးဖွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ဣဒံ ဝုတ္တံ ဟောတိစသော ဃ-ဝါကျကိုမိန့်။

**အဓိပ္ပာယ်ကား။** ။ဃ-ဝါကျဖြင့်မြတ်စွာဘုရားသည်ထိုအဓွန့်ရှည်သော ခရီးသွားသောအခါ၌ သုပ္ပိယမည်သော ပရိဗိုဇ်သည်လည်း အဓွန့်ရှည်သော ခရီးသို့သွားပြီဟု အဓိပ္ပာယ်ကို ငါပြဆို၏ ဟူလိုသောဝ်။

**မှတ်ချက်။** ။အဓိပ္ပာယ် ပြန်သော စကားကိုသာ မိမိရေး၍ ကြွင်းထပနာသည်ကား နိဿယ ဟောင်း ၏ ကျမ်းတက်ပေတည်း။ ဤနိဿယ ဆရာတော်၏ ကျမ်းတက်ကိုထောက်၍ တက်လတ္တံ့ ဝါကျနှင့် နီးကပ်တိုင်း ထပနာ မထားရ ပုစ္ဆာစသည်နှင့် သင့်လျော်မှသာ ထပနာထားရမည်မှတ်ပါ။

**သာဓောဂယုတ္တပုစ္ဆာတက်**

ဆရာ၊ဆရာသည် ဃ-ဝါကျ၌ အဟောသိဟု အတိတ်ကြိယာဖြင့် ဆိုတော်မူ၏။ သံဝဏ္ဏေတဗ္ဗဖြစ်သော ပါဠိတော်၌ ဟောတိဟု ပစ္စုပ္ပန်ကြိယာနှင့် ရှိသည်မဟုတ်လော။ ယင်းသို့ဖြစ်သောကြောင့် ဆရာ့စကားသည် အသို့သင့်ပါအံ့နည်း။ ဝါ—ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် အဟောသိဟူသော အတိတ်ကြိယာကိုဆရာဆိုပါသနည်းဟု သူမေးဖွယ် ရှိသောကြောင့် င-ဝါကျကိုမိန့်။

**အဓိပ္ပာယ်ကား။** ။င-ဝါကျဖြင့် ဤအဒ္ဓါန မဂ္ဂပ္ပဋိပန္နော ဟောတိ၌ ဟောတိသဒ္ဒါသည် အတိတ်ကာလ အနက်ရှိရကား၊ ဝါ- ရှိသောကြောင့် အဟောသိဟု ငါဆိုသောစကားသင့်၏ ဟူလိုသောဝ်။

**မှတ်ချက်။** ။ဤအတက်ကိုရှု၍ နံပါတ်(၃)၌ စောဒကာဘောဂါဒိစတုက္ကထုတ်မည်။ ကျမ်းတက်နှင့် စောဒကာဘောဂါဒိ စတုက္ကသည် ဆက်သွယ်လျက်ရှိရကား စောဒကာဘောဂ စသည်ရသော ဝါကျတိုင်း ကျမ်းတက်နှင့် စတုက္ကကို ညှိနှိုင်းပါလေ။

---

● (၃) ဃ-င-ဝါကျ တို့ကိုရှု၍ စောဒကာ ဘောဂါဒိ စတုက္ကထုတ်ပါ။

http://www.dhammadownload.com



ဖြေ။ ။စတုက္ကထုတ်ပုံ

နနု ပါဠိယံ ဟောတီတိ ပစ္စုပ္ပန္နဝစနံ ဝုတ္တံ၊ (ဇော+ဘော)
အထ ကသ္မာ အဟောသီတိ အတီတဝစနံ တယာ ဝုတ္တံ။ (ဇော)
နနု အတီတကာလတ္တော တ္တေ ဟောတိ သဒ္ဒေါ။ (ပရိ+ဘော)
(တသ္မာ)အဟောသီတိ အတီတဝစနံ မယာ ဝုတ္တံ။ (ပုရိ)

● (၄) မဂ္ဂပ္ပဋိပန္နသဘာဂတာယပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။အစိတ်ဝစနတ္ထ။ ။မဂ္ဂံ ပဋိပန္နာ မဂ္ဂပဋိပန္နာ။ သဘာဂါနံ ဘာဝေါ သဘာဂတာ။

အပေါင်းဝစနတ္ထ။ ။မဂ္ဂပ္ပဋိပန္နာနံ သဘာဂတာတိ မဂ္ဂပ္ပဋိပန္နသဘာဂတာ(မဂ္ဂပဋိပန္နာနံ၊ ခရီးသို့သွားကုန်သော ဘုရား, သုပ္ပိယ ပရိဗိုဇ်တို့၏။ သဘာဂတာ၊ တူသော သဘောရှိကုန်သည်၏ အဖြစ်တည်း။ ဣတိ၊ ကြောင့်။ မဂ္ဂပ္ပဋိပန္နသဘာဂတာ၊ မည်၏။ တာယဟု ဝိဘတ်ချန်ခံ)

ဝစနာဒိဆက္က။ ။ခရီးသို့ သွားကုန်သော ဘုရား, သုပ္ပိယပရိဗိုဇ် တို့၏ခရီးသွားချင်းတူသော သဘောရှိကုန်သည်တို့၏အဖြစ်ဟူသော သဒိသဘောဂုဏ်နှင့် ဂုဏ္ဍ, ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ ယင်းသဒိသဘောဂုဏ်ဒြဗ်သည် ဝစနီယ မည်၏။ မဂ္ဂပ္ပဋိပန္နသဒိသတာယ စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ဤဟိတ်ပုဒ်၏ သမ္ဗန်ကို ပိကာရေကို မခံလင့်။ ဝိဂ္ဂဟ၌ပါသော မဂ္ဂပ္ပဋိပန္နာနံသည်ပင် တာပစ္စည်း၏ သမ္ဗန်တည်း။ ဆက္က ထုတ်ရာ၌ ဂုဏ်ဒြဗ်ကို ဝစနီယထုတ်ရာဝယ် ဒြဗ်သည် ဒဗ္ဗဒြဗ်သာရှိသည် မဟုတ်၊ ဂုဏဒြဗ်, ကြိယာဒြဗ်, ဇာတိဒြဗ်လည်း ရှိ၍ ထုတ်လိုက်ပေသည်။ သာကေဂါထာကို ဝဏ္ဏောအဖွင့်၌ တွေ့ရလတ္တံ့။ ဗျဉ္ဇနသိလိဋ္ဌတာပုဒ် သည်လည်း ဤပုဒ်နှင့် တူရကား တာသမ္ဗန်ကို မရှာလင့်။ ယင်းသမ္ဗန်တို့ ကား သမာသ်အတွင်း ဝင်၏ဟူလို။ ထို့ကြောင့် သိလိဋ္ဌာနံ ဘာဝေါ သိလိဋ္ဌတာ။ ဗျဉ္ဇနာနံ သိလိဋ္ဌတာ ဗျဉ္ဇနသိလိဋ္ဌတာဟု ဝစနတ္ထပြုပါ။

http://www.dhammadownload.com



● (၆) က-ခ-ဂ-ဃ-ဝါကျတို့ဖြင့် သိစေအပ်သော ကျမ်းဆရာ၏ နှလုံးသွင်းအာဘောဂကို ဖော်ပြ၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

ဖြေ။ ။က-ဝါကျ၌ သုပ္ပိယော ပိ ခေါ ပရိဗ္ဗာဇကောတိဝယ် ဣတိသဒ္ဒါဖြင့် သုပ္ပိယော ပိ ခေါ ပရိဗ္ဗာဇကောပုဒ်တို့သည် အတ္ထပဒတ္ထကပုဒ်များ မဟုတ်၊ သဒ္ဒပဒတ္ထက ပဒုဒ္ဓါရသံဝဏ္ဏေတဗ္ဗ ပုဒ်တို့တည်းဟု သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)

မှတ်ချက်။ ။သံဝဏ္ဏေတဗ္ဗပြ တိဣ သဒ္ဒါကို ဤနည်းအတိုင်းဖော်ပါ။ လွယ်သဖြင့် နောက်အာဘော် ဖော်ရာဝယ် ထည့်သွင်းရေးသားမည် မဟုတ်သော်လည်း ဤနည်းကိုမှီ၍ သိတန်လောက်ပေသည်။

က-ဝါကျ၌ တဿ နာမံဖြင့် သုပ္ပိယောသဒ္ဒါသည် ဂုဏနာမ်မဟုတ်၊ နာမနာမ်တည်းဟု သိစေပါသည်။ (နာမလိင်္ဂပဒသံဝဏ္ဏနာ)

တနည်း၊ တဿနာမံနှင့် သုပ္ပိယောကား အမည်မျှသာ။ ဂုဏ်စသည်မဟုတ်ဟု သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)

ခ-ဝါကျ၌ ပိကာရော ပုဂ္ဂလသမ္ပိဏ္ဍနတ္ထောဖြင့် သုပ္ပိယောပိ၌ ပိသဒ္ဒါသည် သမ္ဘာဝနာစသော အနက်ကိုမဟော။ သမ္ပိဏ္ဍန အနက်ဟောတည်းဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ)

ခ-ဝါကျ၌ မဂ္ဂပ္ပဋိပန္နသဘာဂတာယဖြင့် ခရီးသွားခြင်းသဘောတူသည်၏ အဖြစ်ကြောင့် ပုဂ္ဂိုလ်ကို ပေါင်းသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ခေါကာရော ပဒသန္ဓိကရောဖြင့် ခေါသဒ္ဒါသည် သုပ္ပိယောဟူသော ရှေ့ပုဒ်၊ ပရိဗ္ဗာဇကောဟူသော နောက်ပုဒ်တို့ကို စပ်ခြင်းမျှကိုသာပြု၏။ သရသန္ဓိ၊ ဗျဉ္ဇနသန္ဓိ၏အဖြစ်ကို မပြုဟု သိစေပါသည်။ (ဘာဂတ္ထ)

ခ-ဝါကျ၌ ဗျဉ္ဇနသိလိဋ္ဌတာဝသေနဖြင့် ခေါသဒ္ဒါကား ပဒပူရဏ မတ္တ၌ နိပါတ်ပုဒ်တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

ဂ-ဝါကျ၌ ဆန္နပရိဗ္ဗာဇကောဖြင့် ပရိဗ္ဗာဇကအရ အစေလကပရိဗိုဇ်ကို မယူရ၊ အဝတ်ဝတ်သော ဆန္နပရိဗိုဇ်ကိုယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

http://www.dhammadownload.com



ဂ-ဝါကျ၌ သဥ္စယသာ အန္တေဝါသီဖြင့် အန္တေဝါသိက တပည့်ဟူသည် ပုရဏကဿပ၏ တပည့်မဟုတ် သဥ္စယ (သိဥ္စည်း)၏ အန္တေဝါသိကတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ တစ်ဝါကျလုံးဖြင့် မြတ်စွာဘုရား ထိုအစွန့်ရှည်သော ခရီးသို့ သွားတော်မူသောအခါ၌ သုပ္ပိယပရိဗိုဇ်လည်း အစွန့်ရှည်သော ခရီးသို့ သွားလေပြီဟု တူမျှသော ကာလ၌သာလျှင် အစွန့်ရှည်သော ခရီးသို့ သွားကြသည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ အယောသိဖြင့် အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိဝယ် ဂိဝိဘတ်သည် ပစ္စုပ္ပန်ကာလ၌မသက်, ဝတ္တမာနာပစ္စုပ္ပန္နေသုတ်၌ ဝတ္တမာနာဟူသော ယောဂဝိဘာဂဖြင့် အတိတ်ကာလ၌ သက်သတည်းဟု သိစေပါသည်။ ဝါ—တံ ကာလာပေက္ခဝတ္တမာန်ဟု သိစေပါသည်။ (ဒုတိယ ဝိဘာတျတ္ထ သံဝဏ္ဏနာ)

† သုပ္ပိယောတိ တဿ နာမမေဝ၊ န ဂုဏာဒိ။ (သီ-ဋီ-သစ်)
† အတီတကာလတ္ထော ပါဠိယံ ဟောတိသဒ္ဒေါ ယောဒ ဝိဘာဂေန၊ တံ ကာလာပေက္ခာယ ဝါ ဝေ ဝုတ္တံ။ (သီ-ဋီ-သစ်)

---

● (၇) ဂ-ဝါကျ၌ ပရိဗ္ဗာဇကောသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။ပရိဗ္ဗာဇကောကား ပရိပုဗ္ဗ ဝဇဓာတ်, ဏွုပစ္စည်း၊ ပရိ+ဝဇ+ဏွု=ဝ ဒွေဘော်ဆောင်ခြင်း ဝဏ္ဏာဂမ, ဗ—နှစ်လုံးကို ဗ္ဗနှစ်လုံးပြုခြင်း ဝဏ္ဏဝိကာရ, အဝုဒ္ဓိပြုခြင်း, ဏွုပစ္စည်းကို အကပြုခြင်း စသည်ဖြင့် ပရိဗ္ဗာဇကာဟု ပြီးပါသည်။

---

● (၈) ပုဂ္ဂလသမ္ဗန္ဓနအနက်ရှိသော ဗိသဒ္ဒါ၏ သမ္ဗန္ဓနာကာရကို ဖော်ပြ၍ ခေါသဒ္ဒါကို အဝဓာရဏတ္ထ ကြံသော် ဖြစ်သင့်သော အဓိပ္ပာယ်ကိုလည်း ရေးသားပါ။

http://www.dhammadownload.com



ဖြေ။ ။ပိသဒ္ဒါ၏ သမ္ဘိဏ္ဍနာကာရ ကား သက်သက် မြတ်စွာဘုရားသည်သာ ရဟန်းအပေါင်းနှင့်တကွ အဓွန့်ရှည်သောခရီးသို့ ကြွသွားသည်မဟုတ်သေး။ စင်စစ် သုပ္ပိယ ပရိဗိုဇ်သည်လည်း ဗြဟ္မဒတ်လုလင်နှင့်တကွ အဓွန့်ရှည်သော ခရီးသို့ သွားသတည်း ဟု ပုဂ္ဂိုလ်ကို ပေါင်းပါသည်။

ခေါသဒ္ဒါကို အဝဓာရဏတ္ထကြံသော် သုပ္ပိယပရိဗိုဇ်သည်လည်း အဓွန့်ရှည်သော ခရီးသို့သွားသည်သာလျှင်တည်း။ ယင်းသုပ္ပိယပရိဗိုဇ်၏ ခရီးသွားခြင်း၌ တစ်စုံတစ်ခုသော အန္တရာယ်သည်မဖြစ်။ ဤသို့သော အဓိပ္ပာယ်ဖြစ်သင့်ပါသည်။

† အပိ စ အဝဓာရဏတ္ထော ပိ ခေါ သဒ္ဒါ ယုတ္တာ။

(သီ-ဋီ-သစ်)

---

သဒ္ဒိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေနာတိတ္ထ

(က) အန္တေ ဝသတီတိ အန္တေဝါသီ၊

(ခ) သမီပစာရေ သန္တိကာဝစရေ သိဿောတိ အတ္ထော။

(ဂ) ဗြဟ္မဒတ္တောတိ တဿ နာမံ၊

(ဃ) မာဏဝေါတိ သတ္တောပိ စောရောပိ တရုဏောပိ ဝုစ္စတိ။

(ဌ-၃၆)

● (၂) ခ-ဝါကျကိုသာ သာဘောဂါယုတ္တ ပုစ္ဆာတက် တက်ခဲ့ပါ။

ဖြေ။ ။သာဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊ဆရာသည် က-ဝါကျဖြင့် အန္တေဝါသီပုဒ်၏ အန္တေ ဝသတီတိ အန္တေဝါသီဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကို ဆိုတော်မူ၏။ အဆုံးစွန်၌နေသောသူသည် အန္တေဝါသီမည်သလော။အဘယ်၌ နေသောသူသည် အန္တေဝါသီမည်ပါသနည်းဟုသူမေးဖွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ခ-ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား။ ။ခ-ဝါကျဖြင့် ဆ[illegible]၌ ကျင်လည်ကျက်စားသွားလာတတ်သောတပည့်သည် အန္တေဝါသီမည်၏ဟု ငါပြဆို၏ ဟူလိုသောဝ်။

http://www.dhammadownload.com



မှတ်ချက်။ ။ကျွဲအတက်ကား နိဿယဟောင်း ဆရာ၏အတက်ကို အနည်းငယ်ပြင်ဆင်၍တက်သော အတက်တည်း။

---

● (၃) အန္တေဝါသိ၌ အန္တသဒ္ဒါ၏ အတ္ထုဒ္ဒါရ, ဣဓာဓိပ္ပေတတ္ထတို့ကို ဖော်ပြပါ။

ဖြေ။ ။အန္တသဒ္ဒါ၏ အတ္ထုဒ္ဓါရကား သမီပ,အဝသာန,ပဒပူရဏ,ဒေဟ, အဝယဝ, ကောဋ္ဌာသ, နာသ, သီမာ, လာမကအနက်တို့ပေတည်း။

ဣဓာဓိပ္ပေတတ္ထကား သမီပအနက်သာတည်း။

မှတ်ချက်။ ။နံပါတ် (၃)၌ အတ္ထုဒ္ဒါရ,အတ္ထုဒ္ဓေသ (အဓိပ္ပေတတ္ထ) မေးခြင်းလည်း ပါဝင်သည်။

† အန္တော နတ္ထိ သမီပေစာ၊
ဝသာနေ ပဒပူရဏေ။
ဒေဟာဝယဝ ကောဋ္ဌာသေ၊
နာသ သီမာသု လာမကေ။ (အဘိဓာန်)

---

● (၄) သမီပစာရေပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။သမီပေ စရတိ အဝစရတီတိ သမီပစာရော။ (သမီပေ၊ ဆရာ၏အနီး၌။ စရတိ-အဝစရတိ၊ ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းစသည်၏အစွမ်းဖြင့် ကျင်လည်ကျက်စားသွားလာတတ်၏။)

ဝစနာဒိဆက္က။ ။ဆရာ၏အနီး၌ ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းစသည်၏ အစွမ်းဖြင့် ကျင်လည်ကျက်စား သွားလာခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ အန္တေဝါသိက တပည့်ဖြစ်သည် ဝစနီယမည်၏။ သန္တိကာဝစာရေ စသောပရိယာယ်သည် ဝစနီယတ္ထ မည်၏။

ဝိဂ္ဂဟမှတ်ဖွယ်

သုဏာတီတိ သိဿော။ (သုဓာတ်,ဏ္ဏပစ္စည်း)အထဝါ သာဟိ အာစရိယေဟိ သာသိတဗ္ဗောတိ သိဿော။ အာစရိယဝါစက သာ သဒ္ဒူပပဒ, သာသ အနုသိဋ္ဌိယံ၊ ကွိ။ (သူစိ)

---

http://www.dhammadownload.com



● (၆) က-ခ-ဃ-ဝါကျတို့၌ အာဘောဂ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-အန္တေဝသတိဖြင့် အန္တေဝါသိပုဒ်၏ အန္တေသဒ္ဒူပပဒ ဝသဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ တိ ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ အန္တေဝါသိပုဒ်ကို အန္တေဝသ တီတိ အန္တေဝါသီဟု ကတ္တုသာဓနဝိဂ္ဂဟ ပြုရမည်၏ အဖြစ်ကိုလည်း ကောင်း သိစေပါသည်။

(၁) ဒုတိယဓာတုပဒ (၂) ဒုတိယပစ္စယတ္ထ၊
(၃) ဝိဂ္ဂိုဟ်ပြ အဘိဓေနတ္ထ သံဝဏ္ဏနာ။

ခ-ဝါကျ၌ သမီပစာရေဖြင့် အန္တေဝသတိဝယ် အန္တသဒ္ဒါသည် အဝသာနစသောအနက်ကိုမဟော၊ သမီပအနက်ကိုဟောသည်၏အဖြစ် ကိုလည်းကောင်း၊ ဝသဓာတ်သည် ဤ"နေခါမျှ" (ဝသနမတ္တ) ကို မဟော၊ အလုံးစုံသော ဗြဟ္မစရိယာပုထ်လေးပါး(သဗ္ဗဳရိယာပထ)ကို ဟော သည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ သဒ္ဒတ္ထ အဘိဓေယျတ္ထ၊
(၂) ဓာတွတ္ထ (အာချာတ်ဓာတ်ဖွင့်) သံဝဏ္ဏနာ။

မှတ်ချက်။ ။သမီပစာရေကား အန္တေဝါသီဟူသော နိပ္ဖန္နကို မဖွင့်၊ အန္တေဝသတိဟူသော ဝါကျကိုဖွင့်သည်။ (ဋီသစ် +နိဿယသစ်)

ခ-ဝါကျ၌ သန္တိကာဝစာရေဖြင့် သမီပစာရေသဒ္ဒါသည် သန္တိကာဝစာရ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

ခ-ဝါကျ၌ သိသောဖြင့် အနီးအပါး၌ကျင်လည်ကျက်စားသွားလာတတ်သောသူဟူသည် တပည့်ပင်တည်းဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

ဃ-ဝါကျဖြင့် မာဏဝသဒ္ဒါသည် သတ္တအနက်, စောရအနက်, တရုဏအနက်တို့ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ သဒ္ဒတ္ထ အဘိဓေယျတ္ထ)

http://www.dhammadownload.com



မှတ်ချက်။ ။မာဏာသဒ္ဒါ၏ အတ္ထုဒ္ဒါရကိုပြရာ၌ သတ္တောပိ ဟူသော အတ္ထုဒ္ဓါရကား အမျှားနှင့် ဆက်ဆံသဖြင့် သာမညအတ္ထုဒ္ဓါရ၊ စေဝရောပိ, တရုဏောပိ ကား ဝိသေသအတ္ထုဒ္ဓါရတည်း။ ဂ-ဝါကျ အာဘော်ကား သုပ္ပိယောတိ တဿနာမံနှင့်တူ၍ မရေးပြီ။

† သာမညဝသေန စေတ္ထ သတ္တော "မာဏဝေါ"တိ ဝုတ္တော။ ဣတရေ ပန ဝိသေသဝသေန။ (သီ-ဋီ သစ်)

---

● (၇) ဂ-ဝါကျ၌ ဗြဟ္မဒတ္တပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ဗြဟ္မဒိန္နဟူလိုလျက် သမာသ်အရာ၌ ဒိန္နသဒ္ဒါကို ဒတ္တပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ဗြဟ္မဒတ္တဟုပြီးပါသည်။ (ဗြဟ္မေန ဒိန္နော ဗြဟ္မဒတ္တောဟု ဝစနတ္ထပြု)

† ဒိန္နသဒ္ဒဿ ဒတ္တော သမာသေ။ (နီတိ)

---

● (၈) စေဝဒိတာ ဒေဝဒူတတဟိ စသော ဂါထာ၌ ဒေဝဒူတ မည်ခြင်း၏အကြောင်းကိုဖော်ပြ၍ ဒေဝဒူတသရုပ်ကိုလည်း ဖော် ပြပါ။

ဖြေ။ ။ဒေဝဒူတမည်ခြင်း၏ အကြောင်းကား ဒေဝဿ ဒူတာ ဟူသော ဝစနတ္ထနှင့်အညီ သေမင်း၏ တမန် ဖြစ်သောကြောင့်လည်း ကောင်း, (နိဿယအလို)ဒေဝါဝိယ ဒူတာ ဒေဝဒူတာ·ဟူသော ဝစနတ္ထ နှင့်အညီ ဝိသုဒ္ဓိနတ်နှင့်တူသော တမန်ဖြစ်သောကြောင့်လည်းကောင်း, ဒေဝါနံ ဝိသုဒ္ဓိဒေဝါနံ ဒူတာဟူသော ဝစနတ္ထနှင့်အညီ ဝိသုဒ္ဓိနတ်တို့၏ တမန် ဖြစ်သောကြောင့်လည်းကောင်း(ဋီကာသစ်အလို) ဒေဝဒူတမည် ပါသည်။

ဒေဝဒူတသရုပ်ကား....(၁) ဒဟရကုမာရ (သူငယ်)၊ (၂)ဇရာ ဇိဏ္ဏသတ္တ (သူအို)၊ (၃) ဂိလာန(သူနာ)၊ (၄) ကမ္မကာရဏာ (ဝါ) ကမ္မကရဏိကာ (အမှုလုပ်)၊ မတသတ္တ·(သူသေ) ဤငါးပါးတည်း။

† စေဝဒိတာ ဒေဝဒူတေဟီတိ ဒဟရကုမာရေ ဇရာဇိဏ္ဏ သတ္တေ, ဂိလာနေ, ကမ္မကာရဏာ ကမ္မကရဏိကာဝါ, မတသတ္တောတိ ဣမေဟိ ပဉ္စဟိ ဒေဝဒူတေဟိ။ (သီ·ဋီ-သစ်)

http://www.dhammadownload.com



(က) တတြာတိ တသ္မိံ အဒ္ဓါနမဂ္ဂေ၊ တေသုဝါ ဒွိသု ဇနေသု။
(ခ) သုဒန္တံ နိပါတမတ္တံ၊
(ဂ) အနေကပရိယာယေနာတိ ပရိယာယသဒ္ဒေါ တာဝ ဝါရ ဒေသနာ ကာရဏေသု ဝတ္တတိ။
(ဃ) သွာယမိဓာပိ ကာရဏေ ဝတ္တတိ။
(င) တသ္မာ အယမေတ္ထ အတ္ထော အနေကဝိဓေန ကာရဏေ နာတိ၊ ဗဟူဟိ ကာရဏေဟီတိ ဝုတ္တံ ဟောတိ။

● (၃) က-ဃ ဝါကျတို့ကိုရှု၍ စောဒကာဘောဂ စသည်တို့ ကို ဖော်ပြပါ။

ဖြေ။ ။စတုက္ကထုတ်ပုံ

နနု ပရိယာယသဒ္ဒေါ ဝါရဒေသနာကာရဏေသု ဝတ္တတိ။ (စော+ဘော)

အထ ကသ္မာ သွာယမိဓာပိ ကာရဏေ ဝတ္တတီတိ ဝုတ္တံ။ (စော)

နနု တဒညတ္ထာ နသမ္ဘဝန္တိ။ (ပရိ+ဘော)

(တသ္မာ) သွာယ မိဓာပိ ကာရဏေ ဝတ္တတီတိ ဝုတ္တံ။ (ပရိ)

---

● (၄) ပရိယာယ သဒ္ဒါကို အတ္ထာနုရူပဝစနတ္ထပြု၍ အသီး သီး ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ပရိယာယတိ ပရိ ဝတ္တ တီတိ ပရိယာ ယော။ (ယောဝါရော၊ အကြင်အလှည့် အကြိမ်သည်။ ပရိယာယတိ ပရိ ဝတ္တတိ၊ အဖန်ဖန်အထပ်ထပ် ဖြစ်တတ်၏။ ဣတိ သောဝါရော ပရိယာ ယော။ ဤကား ဝါရတ္ထအားလျော်သော ဝိဂ္ဂဟတည်း။)

ဝစနာဒိဆက္က။ ။အဖန်ဖန်အထပ်ထပ်ဖြစ်ခြင်း ကြိယာသကတ် သည် ဝစနဟေဟု မည်၏။ အလှည့်အကြိမ်ဒြဗ်သည် ဝစနီယ မည်၏။ ဝါရောစသောပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ဝစနတ္ထ။ ။ပရိယာယေတိ ဒေသေတဗ္ဗမတ္ထံ ပဋိပါဒေတီတိ ပရိယာယော။ (ယာဒေသနာ၊ သည်။ ဒေသေတဗ္ဗမတ္ထံ၊ ဟောအပ်သော

http://www.dhammadownload.com



အနက်ကို။ ပရိယာယေတိ ပဋိပါဒေတိ၊ ထင်စေတတ်, သိစေတတ်၏။ ဣတိ သာဒေသနာ ပရိယာယော၊ ဤကား ဒေသနတ္ထ အားလျော်သော ဝိဂ္ဂဟတည်း။)

ဝစနာဒိဆက္က။ ။ဟောအပ်သောအနက်ကိုထင်စေခြင်း,သိစေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ ဟောအပ်သော ဓမ္မဒြဗ်သည် ဝစနီယ မည်၏။ ဒေသနာစသောပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ဝစနတ္ထ။ ။ပရိယာယတိ အတ္တနော ဖလံ ပဋိဂ္ဂဟေတွာ ပဝတ္တတီတိ ပရိယာယော။ (ယံ ကာရဏံ၊အကြင်အကြောင်းသည်။ အတ္တနော၊ ၏။ ဖလံ၊ကို ။ပဋိဂ္ဂဟေတွာ၊ယူ၍။ပရိယာယတိ-ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတံ ကာရဏံ၊ ပရိယာယော။ ဤကား ကရဏတ္ထအားလျော်သော ဝိဂ္ဂဟတည်း။

ဝစနာဒိဆက္က။ မိမိအကျိုးကိုယူ၍ ဖြစ်ခြင်း ကြိယာ သကတ်သည် ဝစနဟေတု မည်၏။ အကြောင်းဒြဗ်သည် ဝစနီယ မည်၏။ ကာရဏစသောပရိယာယ်သည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ဤသည်တို့ကား အဋ္ဌကထာလာ ပရိယာယ သဒ္ဒါ၏ အနက်အားလျော်စွာ (အတ္ထ+အနုရူပ) ဝစနတ္ထပြု၍ အသီးသီး ဆက္ကထုတ်ပုံတည်း။ အဘိဓာန်၌လာသော ပရိယာယသဒ္ဒါ အတ္ထုဒ္ဓါရကို ဖော်ပြပါ ဂါထာဖြင့် သိပါလေ။

† ကာရဏေ ဒေသနာယဉ္စ၊
ဝါရေ ဝေဝစနေပိစ၊
ပကာရသ္မိံ အဝသရေ၊
ပရိယာယော ကထိယတိ။

---

(၆) က-မှ င-တိုင်အောင်သော ဝါကျတို့ဖြင့် သိစေအပ်သော အာဒေါဂ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ တသ္မိံ အဒ္ဓါနမဂ္ဂေဖြင့် တတြဝယ် တသဗ္ဗနာမ်ပုဒ်၏ အခွင့်ရှည်သောခရီး (အဒ္ဓါနမဂ္ဂ) ကို စွဲသည်၏ အဖြစ်ကို

http://www.dhammadownload.com



လည်းကောင်း, တြပစ္စည်းသည် အတြာဂစ္ဆန္တြ၌ကဲ့သို့ ကမ္မတ္ထ၌မသက်၊ သတ္တမျတ္ထ၌ သက်သည်၏ကိုလည်းကောင်း၊ သိစေအပ်ပါသည်။

(၁) သမ္ဗန္ဓမလိင်္ဂတ္ထ (၂) ဝိဘတျတ္ထသံဝဏ္ဏနာ။

က-ဝါကျ၌ ဝါသဒ္ဒါဖြင့်တတြသဒ္ဒါ၏အတ္ထတစ်မျိုး (အတ္ထန္တရ) ကို သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)

က-ဝါကျ၌ တေသုဒ္ဒိသုဇနေသုဖြင့် တတြဝယ် တ သမ္ဗန္ဓမ်ပုဒ်၏ သုပ္ပိယပရိပိုဇ် ဖြဟ္မဒတ်လုလင် (ဒွိဇန)တို့ကို စွဲသည်၏ အဖြစ်ကိုလည်းကောင်း၊ တြပစ္စည်း၏ နိဒ္ဒါရဏတ္ထကို ဟောသည်၏ အဖြစ်ကို လည်းကောင်း၊ သိစေပါသည်။

(၁) သမ္ဗန္ဓမလိင်္ဂတ္ထ (၂) ဝိဘတျတ္ထသံဝဏ္ဏနာ။

ခ-ဝါကျ၌ နိပါတမတ္တံဖြင့် သုဒ္ဓနိပါတ်ကား အနက် အထူးမရှိသောကြောင့် ပဒပူရဏတ္ထကို ဟောသတည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ)

ဂ ဝါကျဖြင့် ပရိယာယသဒ္ဒါသည် သဒ္ဒန္တရိုက်ကိုမငဲ့သော် ဝါရ, ဒေသနာ, ကာရဏအနက်တို့ကို ဟောသတည်းဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ၊ သဒ္ဒတ္ထ အဘိဓေယျတ္ထ)

ဃ-ဝါကျဖြင့် ပရိယာယသဒ္ဒါသည် သဒ္ဒန္တရိုက် (ဗုဒ္ဓဿအဝဏ္ဏံ စသော သဒ္ဒါတစ်ပါး)ကို ငဲ့ရကား၊ ဤ၌ ကာရဏအနက်ကို ဟောသတည်းဟု သိစေပါသည်။ နာမလိင်္ဂတ္ထ၊ သဒ္ဒတ္ထ အဘိဓေယျတ္ထ)

တနည်း။ ဃ-ဝါကျဖြင့် ပရိယာယသဒ္ဒါသည် ကာရဏအနက်ကို ဟောသတည်းဟု ဤ၌ လိုအပ်သောအနက်ကို သိစေပါသည်။ (အဓိပ္ပေတတ္ထ သံဝဏ္ဏနာ)

င-ဝါကျ၌ အနေကဝိဓေန ကာရဏေနဖြင့် အနေကနှင့် ပရိယာယကို အနေကောစ သော ပရိယာယောစာတိ အနေကပရိယာယော ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ အနေကပရိယာယ သဒ္ဒါ၏ အနေကဝိဓကာရဏ အနက်ဟော၏ အဖြစ်ကို လည်းကောင်း၊ သိစေပါသည်။

http://www.dhammadownload.com



(၁) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ သမာသလိင်္ဂတ္ထ။
(၂) နာမလိင်္ဂတ္ထ သဒ္ဒတ္ထ အဘိဓေယျတ္ထ။

င-၀ါကျ၌ ဗဟုဟိကာရဏေဟိဖြင့် အနေကပရိယာယေန ဟု ကေဝုစ်ဖြင့် ဟောရာဝယ် ဇာတျာပေက္ခ၏ အစွမ်းဖြင့် များစွာသော အကြောင်းတို့ဖြင့်ဟူသော ဗဟုတ္တ၌ကေဝုစ်တည်းဟု သိစေပါသည်။ (ဘာ၀တ္ထသံ၀ဏ္ဏနာ)

† ဇာတိဝသေနိဒံ ဗဟုတ္တေ ကော၀စနန္တိ ဒဿေတိ ဗဟူတိတိ အာဒိနာ။ (သီ-ဋီ-သစ်)

---

● (၄) အနိယျာနိကော၌ နိယျာနိကသဒ္ဒါ, ဟလာဟလံဝါ ဝိသံဝါ ခါဒန္တေ၌ ဟလာဟလသဒ္ဒါတို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီး ပုံကို ရေးသားခဲ့ပါ။

ဖြေ။ ။နိယျာနိက-သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား နိပုဗ္ဗ ယာခါတ်,အနီယ ပစ္စည်း (နိ+ယာ+အနီယ) နိယျာနီယ ဟူလို လျက် ယ,ကို က-ပြုခြင်းဝဏ္ဏဝိကာရ, ဤ-ကို ဣ-ရဿပြုခြင်း ဝဏ္ဏ ဝိကာရဖြင့် နိယျာနိကဟု ပြီးပါသည်။

ဟလာဟလ-သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ဟနဟန ဟူ လိုလျက် ရှေ့ဟနသဒ္ဒါ၌ န-ကို လ-ပြုခြင်းဝဏ္ဏဝိကာရ, နောက် ဟန,၌ န,ကိုလည်း လ-ပြုခြင်းဝဏ္ဏဝိကာရဖြင့် ဟလ-ဟလဟုပြီး၍ ရှေ့ဟလ၌ လ,၏မှီရာ အ,ကို မဇ္ဈေဒီဃ-အာပြုခြင်း ဝဏ္ဏဝိကာရဖြင့် ဟလာဟလဟု ပြီးပါသည်။

† ဝဋ္ဋတော၀ါ နိယျာတီတိ နိယျာနိကော၊ ယကာရဿ က ကာရံ ဤကာရဿစ ရဿံ ကတွာ။ (သီ-ဋီသစ်)

† ဟနတီတိ ဟလော၊ နကာရဿ လကာရံ ကတွာ။ ဟလာ နံ ဝိသေသော ဟလော ဟလာဟလော၊ မဇ္ဈေဒီဃ ဝသေန။ (သီ-ဋီသစ်)

---

http://www.dhammadownload.com



● (ဂ) သုပ္ပိယပရိဗိုဇ်သည် များစွာသောအကြောင်းဖြင့် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကိုဆိုရာ၌ သုပ္ပိယဆိုသောအကြောင်း (ကာရဏ)သည် ကာရဏ ပတိရူပက, ကေဝလကာရဏ နှစ်မျိုးတို့တွင် အဘယ်ကာရဏမျိုး ဖြစ်ပါအံနည်း၊ အဋ္ဌကထာအထောက်ပြ၍ ဖြေဆိုပါ။

ဖြေ။ ။သုပ္ပိယဆိုသောအကြောင်း(ကာရဏ)သည် ကာရဏပတိရူပက အကြောင်းတုမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် အဋ္ဌကထာဆရာသည် အကာရဏမေဝ ကာရဏတော ဝတွာဟု ဆိုပါသည်။

---

● (ဂ) အပရာမသိတဗ္ဗံ ပရာမသတိ၊ အနက္ကမိတဗ္ဗံ အက္ကမတိ၌ အပရာမသိတဗ္ဗ ကံ, အနက္ကမိတဗ္ဗ ကံကိုဖော်ပြပါ။

ဖြေ။ ။အပရာမသိတဗ္ဗကံ, အနက္ကမိတဗ္ဗကံ အရကား အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲကဲ့ရဲ့ခြင်း အရိယူပဝါဒကံသာတည်း။

† အပရာမသိတဗ္ဗံ အရိယူပဝါဒကမ္မံ၊ တထာ အနက္ကမိတဗ္ဗံ။ (သီ-ဋီသစ်)

---

● (ဂ) ဗြဟ္မဒတ်လုလင်သည် ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်ကဲ့သို့ ဘုရား စသည်တို့အား အဘယ့်ကြောင့် မစွပ်စွဲ မကဲ့ရဲ့ပါသနည်း။

ဖြေ။ ။ဗြဟ္မဒတ်လုလင်သည် ပညာရှိသဘော ရှိသောကြောင့် သုပ္ပိယပရိဗိုဇ်ကဲ့သို့ ဘုရားစသည်တို့အား မစွပ်စွဲမကဲ့ရဲ့ပါ။

† အယံ ပန ပဏ္ဍိတဇာတိကတ္တာ န ဤဒိသေသု ဌာနေသု တမနုဝတ္တတိ။ (သီ-ဋီသစ်)

---

(က) ဝဏ္ဏ "ဝဏ္ဏ" ဣတိ ဝဏ္ဏသဒ္ဒေါ သဏ္ဌာန ဇာတိ ရူပါယတန ကာရဏ ပမာဏဂုဏသံပသာဒီသု ဒိဿတိ။

(ခ) ဣဓ ဂုဏောပိ ပသံသာပိ။

(ဂ) ဣတိဟ တေ ဥဘောအာစရိယဝန္တေဝါသီတိ ဧဝံ တေ ဒွေ အာစရိယန္တေဝါသိကာ။

(ဃ) အညမညဿာတိ အညော အညဿ။ (ဋ္ဌ-၃၁-၃၉)

http://www.dhammadownload.com



● (၄)·က-ဝါကျ၌ ဝဏ္ဏောပုဒ်ကို သဏ္ဍာန စသော အနက်အားလျော်စွာ ဝစနတ္ထပြု၍ ဂုဏ အနက်, ပသံသာ အနက်ဟော ဝဏ္ဏသဒ္ဒါ၏ ဝစနတ္ထကိုသာ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝဏ္ဏသဒ္ဒါ၏ ဝစနတ္ထများကား .

ဝဏ္ဏိတဗ္ဗော "အယမီဒိသော" တိ ပကာသေတဗ္ဗောတိ ဝဏ္ဏော။ (သဏ္ဍာန်)

ဝဏ္ဏီယတိ အသက်ရတော ဝဝတ္ထာပိယတီတိ ဝဏ္ဏော။ (ဇာတိ)

ဝဏ္ဏေတိ ဝိကာရမာပဇ္ဇမာနံ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ဝဏ္ဏော။ (ရူပါယတနံ)

ဝဏ္ဏီယတိ ဖလမေတေန ယထာ သဘာဝတော ဝိဘာဝိယတီတိ ဝဏ္ဏော။ (ကာရဏံ)

ဝဏ္ဏီယတိ အပ္ပမဟန္တာဒိဝသေန ပမီယတီတိ ဝဏ္ဏော။ (ပမာဏံ)

ဝဏ္ဏီယတိ ပသံသီယတီတိ ဝဏ္ဏော။ (ဂုဏော)

ဝဏ္ဏနံ ဂုဏသံကိတ္တနံ ဝဏ္ဏော။ (ပသံသာ)

## ဂုဏအနက်ဟောရာ၌ဆက္က

ချီးမွမ်းခြင်း ကြိယာသကတ်သည် ဝဓဟေတု မည်၏။ ချီးမွမ်းအပ်သော အကျင့်စသော ဒြပ်သည် ဝစနီယ မည်၏။ ဂုဏော စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

## ပသံသာအနက်ဟောရာ၌ဆက္က

ဝဏ္ဏောဟူသော နိပ္ဖန္နပုဒ်သည် ဝစန မည်၏။ဝဏ္ဏနံ ဂုဏသံကိတ္တနံ ဟူသော ဝိဂ္ဂိုဟ်ဝါကျသည် ဝစနတ္ထမည်၏။ ဝဏ္ဏနံဟူသော ကြိယာသည် ကြိယာသာမညဖြစ်ရကား ဝဏ်ဟူသော ဏ-ဟူသော နံ-ဟူသော အစိတ်အစိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် ဝစနံဟေတုမည်၏။ဘာဝသာဓန၏ သဘောသည် ဓာတ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် ဝစနဟေတုဇောတက ဣကိသဒ္ဒါမရှိ။ ဂုဏ်ကို ချီးမွမ်းခြင်း ကြိယာသာမညသည် ဝစနီယ မည်၏။ ပသံသာ စသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

http://www.dhammadownload.com



မှတ်ချက်။ ။ဘာဝသာဓနဥ္ဓ ဆက္ကထုတ်ပုံ အပြည့်အစုံဖော်ပြလိုက်သည်။ ပုံစံတမျိုးနှင့် အကျယ် ရှင်းလင်းချက် ဆက်လက်ရှုလေ။

**အကျယ်ရှင်းလင်းချက်**

ပစန် ပါကော ဟူသော ဘာဝသာဓနဥ္ဓ ပစဓာတ်အရကား ချက်ခြင်းကြိယာ၊ ယု ပစ္စည်းအရလည်း ယင်းဓာတ်အရ ချက်ခြင်းကြိယာကိုပင် ရ၏။ ထိုသို့ ဓာတ်အရ (ဓာတွတ္ထ)ပစ္စည်းအရ (ပစ္စယတ္ထ) တို့ ခြားနားမှု မရှိသောကြောင့် ဓာတွတ္ထ,ပစ္စယတ္ထကို ခြားနားသိစေတတ်သော "ဣတိ" သဒ္ဒါကို ဝိဂ္ဂြိုဟ်ပြုရာ၌ ထည့်သွင်းဖွယ် မလိုပေ။

ထို့ကြောင့် ဘာဝသာဓနဝိဂ္ဂြိုဟ်၏ ဆက္ကထုတ်ရာ၌"ဘာဝသာဓနတို့၏ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ဝစနဟေတုဇောတကမရှိ"ဟု ထုတ်ပါ။

ဝစနဟေတုထုတ်ရာ၌ "ပစန် ဟူသော ကြိယာသည် ကြိယာသာမညဖြစ်ရကား ပ-ဟူသော စ-ဟူသော န်-ဟူသော အစိတ်အစိတ်သောသဒ္ဒါဟု ဆိုအပ်သော သုတိသည် ဝစနဟေတု မည်၏"ဟု သုတိသကတ်ကို ထုတ်ပါ။

ဝစနီယဖြစ်ထုတ်ရာ၌"ချက်ခြင်းကြိယာသာမညဖြစ်သည် ဝစနီယမည်၏"ဟု ကြိယာသာမညကို ထုတ်ပါ။ ကြွင်းဆက္က၏ အစိတ်အပိုင်းတို့ကား အခြားသာဓနစသည်တို့၏ ဆက္ကနည်းတူပင်။ ဤကား ကြိယာသာမညကိုသာ ရည်၍ ဖော်ပါ။ သာဓကတို့နှင့်အညီ ရေးသားအပ်ရသော ဘာဝသာဓနဥ္ဓ ဆက္ကထုတ်ပုံပေတည်း။

† ဓာတွတ္ထောဝ သိယာ ဟေတု၊
ပစ္စယတ္ထော သိယာ ဖလံ။
ဒွိန္နံ ဇာနနတ္ထံယေဝ၊
ဣတိ သဒ္ဒေါ ပယုဇ္ဇတေ။ (သဒ္ဒဝုတ္တိ)

† ဓာတွတ္ထ ပစ္စယတ္ထာ၊
ဝိသုံ ဘာဝေ အဘာဝတော။
ဓာတွတ္ထောယေဝ ကိတေန၊
ဝုတ္တော ဣတိဝိကာဝိတော။ (ဝါစကောပဒေသ)

http://www.dhammadownload.com



† ဒုယှန္တေ့ျတ္ထ ဝိသေသာတိ၊
ဒဗ္ဗန္တ္တန္တ၊ စတုဗ္ဗိဓံ။
ဇာတိ, ဂုဏ, ကြိယာ, ဒဗ္ဗ၊
ဘေဒေနေဝ ပဘိဇ္ဇတော။ (ဘေဒစိန္တာ)

† ဂေါဃဂမနန္တျာဒိသု ဂမနသဒ္ဒေါ ဂမနသာမညေ ဝုတ္တော သုတိဝိသေသနံ၊ ဂမနသာမညံ ဝိသေသံ၊ တသ္မာ ဂမနသာမညံ ဒဗ္ဗံနာမ။ (ဘေဒစိန္တာမဟာဋီကာ)

---

● (၆) က-မှ ဃ တိုင်အောင်ဒသော ဝါကျတို့၌ ရသင့်သော အာဘောဂ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျဖြင့် ဝဏ္ဏသဒ္ဒါသည် သဒ္ဒန္တရိုက်ကိုမငဲ့သော် ဇာတိ, ရူပါယတန, ကာရဏ, ပမာဏ, ဂုဏ, ပသံသာ အနက်တို့ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ)

ခ-ဝါကျဖြင့် ဝဏ္ဏဘာသတိ စသော ဤအရာ၌ ဝဏ္ဏသဒ္ဒါသည် သဒ္ဒန္တရိုက်(ဗြဟ္မဒတ္တော စသော သဒ္ဒါတစ်ပါး)ကို ငဲ့ရကား ဂုဏအနက်, ပသံသာအနက်ကို ဟောသတည်း ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ)

မှတ်ချက်။ ။ဤ က-ခ-ဝါကျမျိုးတို့၌ရသင့်သော ၃-နိပါတ် စသောပုစ္ဆာတို့ကို နည်းရအောင် ပြပြီး၍ အကျယ်မရေးပြီ။

ဂ-ဝါကျ၌ ဧဝံ တေဖြင့် ဣတိဟဝယ် ဣတိသဒ္ဒါသည် ဟေတု ပကာရစသော အနက်တို့ကိုမဟော။ နိဒဿနအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁], ဟသဒ္ဒါ၏ ပဒပူရဏတ္ထ၌နိပါတ်၏ အဖြစ်ကို လည်းကောင်း[၂] သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ (၂) နိပါတလိင်္ဂတ္ထ။

ဂ-ဝါကျ၌ ဒွေဖြင့် ဥဘောသဒ္ဒါသည် ဒွိသဒ္ဒါ၏ ကာရိယ တည်းဟု သိစေပါသည်။ (နာမလိင်္ဂပဒ)

ဃ-ဝါကျ၌ အညောအညဿဖြင့် အညမညဿပုဒ်သည် ကောဓ ကောဓယပုဒ်ကဲ့သို့ ရှင်နာမ်ပုဒ်တည်းဟု သိစေပါသည်။ (နာမလိင်္ဂပဒ)

http://www.dhammadownload.com



† ဣတိသဒ္ဒေါ နိဒဿနတ္ထော ဝုတ္တပ္ပကာရံ နိဒဿေတိ။ ဟကာရော နိပါတမတ္တန္တိအာဟ"စေ တေ" တိ။

† "အညမညာ"တိ ဣဒံ ရှင်္ဂပဒံ"ဧကော ဧကောယာ"တိ ပဒံ ဝိယာတိ ဒဿေန္တော အညောအညာတိ ရှင်္ဂပဒေနေဝ ဝိဝရတိ။ (သီ-ဋီ-သစ်)

---

● (၈) ဖြဟ္မဒတ္တော ပန မာဏဝေါ အနေသာဝါဒိမတ္တသမ္ပန္နို တေနဝယ် အနေသာဝါဒိ၌ အာဒိသဒ္ဒါ၏ အာဒိဝန္တကို ဖော်ပြပါ။

ဖြေ။ ။အာဒိသဒ္ဒါ၏ အာဒိဝန္တကား အာကာရပရိဝိတက္က= မိမိကိုယ်တိုင် အကြောင်းကိုကြံခြင်း၊ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ=မိမိဉာဏ် အမြင်ဖြင့် ရှုဆင်ခြင်၍ နှစ်သက်ခြင်းတို့တည်း။

† အနုဿမေန, ပုနပ္ပုနံဝါသဝနံ အနေသာဝေါ၊ ပရမ္ပရသဝနံ။ အာဒိသဒ္ဒေန အာကာရပရိဝိတက္က, ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယော သင်္ဂဏှာတိ။ (သီ-ဋီ-သစ်)

* အာဒိအမှန်၊ အာဒိဝန်၊ ကျမ်းဂန်တွေ့တိုင်းရှာ။
(ကဝိလက္ခဏာသတ်ပုံ).

---

(က) ဥဇုဝိပစ္စနီကဝါဒါတိ ဤသကမ္ပိ အပရိဟာရိတွာ ဥဇုမေဝ ဝိဝိဓပစ္စနီက ဝါဒါ။

(ခ) အနေကဝါရံ ဝိရုဒ္ဓဝါဒါ ဝေ ဟုတ္ဘာတိ အတ္ထော။

(ဂ) အာစရိယေန ဟိ ရတနတ္တယဿ "လ" ပဋိဗာဟိယ မာနေဒဝိယ ပုနပ္ပုနံ ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ။

(ဃ) တေန ဝုတ္တံ "ဥဇုဝိပစ္စနီကဝါဒါ"တိ။ (ဋ္ဌ—၃၆)

● (၂) ခ-ဝါကျကို အနာဘောဂပုစ္ဆာတက်, ဂ-ဝါကျကို သာဘောဂါယုတ္တပုစ္ဆာတက်, ဃ-ဝါကျကို အနုသန္ဓေတက် တက်ပါ။

http://www.dhammadownload.com



ဖြေ။ ။ **အနာဘောပုစ္ဆာတက်**

ဆရာ၊ ဆရာသည် က-ဝ ါကျဖြင့် စဉ်းငယ်မျှလည်း မခတ်မိကြမူ၍ ဖြောင့်ဖြောင့်သာလျှင် အထူးထူးအပြားပြားဆန့်ကျင်သော စကားရှိကုန်သည်၏ အဖြစ်သည်ဥ ဇုဝိပစ္စနီကဝ ါဒမည်သောဟု ဆိုတော်မူ၏။ အဘယ်သို့ဆန့်ကျင်ခြင်းသည်, အထူးထူးအပြားပြား ဆန့်ကျင်ခြင်းမည်သနည်းဟု သူမေးဖွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ခ-ဝ ါကျကိုမိန့်။

**အဓိပ္ပာယ်ကား**။ ။ခ-ဝ ါကျဖြင့် အကြိမ်များစွာ ဆန့်ကျင်ခြင်းသည် အထူးထူးအပြားပြားဆန့်ကျင်ခြင်းမည်၏ဟု ငါပြဆို၏ဟူလိုသော်။

**သဘောဂါယုတ္တပုစ္ဆာတက်**

ဆရာ၊ ဆရာသည် က-ခ-ဝ ါကျ တို့ဖြင့် အကြိမ် များစွာလျှင် ဆန့်ကျင်သော စကားရှိကုန်သည်၏ အဖြစ်သည် ဥဇုဝိပစ္စနီက ဝ ါဒမည်ဟု ဆိုပြီ။ ထို၏အကျယ်ကို မပြဆိုပြီလော။ အဘယ်သို့ (ကထံ) အကြိမ်များစွာဆန့်ကျင်သော စကားရှိကုန်သနည်းဟု သူမေးဖွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အာစရိယေန ဟိ စသော ဂ-ဝ ါကျကိုမိန့်။

**အဓိပ္ပာယ်ကား**။ ။ဂ-ဝ ါကျဖြင့် အကြိမ်များစွာလျှင် ဆန့်ကျင်သောစကားရှိသည်၏ အဖြစ်ကို အကျယ်အားဖြင့် ငါပြဆို၏ ဟူလိုသော်။

**မှတ်ချက်**။ ။ဤ အတက် တို့ကား နိဿယဟောင်း ဆရာ၏ အတက်တို့ကို အနည်းငယ်ပြင်ဆင်ထားသော အတက်တို့တည်း။ ဇ-မှတ်ပြ ဝိတ္ထာရဝ ါကျမျိုးကို အဓိပ္ပာယ် ပြန်ရာဝယ် ပါဠိလျှောက်ပြန်ကရှည်လျားသဖြင့် အကျဉ်းမျှသာပြန်ရ၏။ ဤနည်းကိုမှီ၍ ကျယ်ဝန်းသော ဝိတ္ထာရဝ ါကျမျိုးကို အဓိပ္ပာယ်ပြန်ပါ။

**အနုသန္ဓေတက်ပုံ**

ဤသို့ ဂ-ဝ ါကျဖြင့် အကြိမ်များစွာ ဆန့်ကျင်သော စကားရှိသည်၏အဖြစ်ကို အကျယ်အားဖြင့်ပြတော်မူပြီး၍ ယခုအခါ၌ ယင်းအကျယ်ပြအပ်ပြီးသော စကားရပ်ကိုပင် အကျဉ်းချုံး၍ နိဂုံးအုပ်ခြင်းငှာ၊ ဝါ-နိဂုံးအုပ်တော်မူလိုသော ဆရာသည် ဃ-ဝ ါကျကိုမိန့်။

http://www.dhammadownload.com



မှတ်ချက်။ ။ဤတေနဝုတ္တံ ချီသော ဝါကျမျိုးကို လဒ္ဓဂုဏ်ဝါကျ, နိဂုံးဝါကျနှစ်မျိုးပင် ယူဆကြသည်။ ဤတွင် က-ခ-ဝါကျသည် သခေ်ပ(သံခိပ်)ဝါကျ, ဂ-ဝါကျသည် ဝိတ္ထာရ, ဃ-ဝါကျသည် နိဂုံးဟု ယူသော်သာလျှင် "သံခိပ်ဝါကျ၊ ပဓာနထုံး၊ စကားဆုံးက၊ ထိုဝါကျ၊ ဝိတ္ထာရချည်းသာ"ဟူသော နိယံနှင့်ညီ၍ သင့်လျော်ပေမည်။ ထို့ကြောင့် ဃ-ဝါကျကို နိဂုံးသာတကက်ခဲ့ပေသည်။ ရွှေရေးဆောင်နိယံနှင့်လည်း ညီပေသည်။

* တေနဝုတ္တံ၊ တည်ပါဠိပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၏၊ နိဂုံးထင်လှ၊ နေ၁တက္က။ (ရွှေရေးဆောင်)

---

● (၄) ဂ-ဝါကျ၌ အာစရိယေနပုဒ်ကို ရသင့်သမျှ ဝစနတ္ထ ပြု၍ အသီးသီး ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။သိဿာနံ ဟိတမာစရတီတိ အာစရိယော။

ဝစနာဒိဆက္က။ ။တပည့်တို့၏ အစီးအပွားကို ကျင့်ခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်ဒြဗ်သည် ဝစနီယ မည်၏။ နိဿယဒါယကော စသော ပရိယာယ်သည် ဝစနီယတ္ထမည်၏။

တနည်းဝစနတ္ထ။ ။အာဒရေန စရိတဗ္ဗော ဥပဋ္ဌာတဗ္ဗောတိ အာစရိယော။ (အာဒရေန၊ ရိုသေသဖြင့်။ ဝါ၊ ရိုသေစွာ။ စရိတဗ္ဗော ဥပဋ္ဌာတဗ္ဗော၊ ဆည်းကပ်ခစားအပ်၏။)

ဝစနာဒိဆက္က။ ။ရိုသေသဖြင့်၊ ဝါ-ရိုသေစွာ ဆည်းကပ်ခစားခြင်း ကြိယာသကတ်သည် ဝစနဟေတုမည်၏။ (ကြွင်းနည်းတူ)

မှတ်ချက်။ ။အာစရိယောကား အာ-ပုဗ္ဗစရဓာတ်,ယ-ပစ္စည်း၊ တေသုဝုဒ္ဓိဖြင့် ရ-ထက်၌ ဣအာဂုံလာ၍ ပြီးသည်။ (သူစိ)

---

● (၅) အာစရိယေန ဟိ ရတနတ္တယဿ အဝဏ္ဏေ ဘာသိတေ၌ ဘာသိတေဟူသော လက္ခဏပုဒ်ကို ဘာသိတတ္တာဟု ဟိတ်

http://www.dhammadownload.com



ပြင်လျှင် ရနိုင်သော်သမ္ဗန်ကိုဖော်ပြ၍ ဘာဝယောဂ၏ ပစ္စယတ္တ ကိုလည်း ရေးသားပါ။

ဖြေ။ ။ဘာသိတေဟူသော လက္ခဏာပုဒ်ကို ဘာသိတတ္တာဟု ဟိတ်ပြင်လျှင် လက္ခဏာဝန္တဖြစ်သော အဝဏ္ဏေပုဒ်ကို အဝဏ္ဏာယဟု သမ္ဗန်ခံရပါသည်။ဘာဝယောဂ၏ ပစ္စယတ္တကား ကမ္မတ္တသာတည်း။(ကံ-သမ္ဗန်နှစ်ချက်စပ်ပါ)

## အကျယ်ရှင်းလင်းချက်

"သော်၊လသော် လက္ခဏံဥ္ယံ" ဟူသော ကျမ်းမွဲနှင့်အညီ မြန်မာဘာသာဖြင့် သော်ဟူ၍လည်းကောင်း, လသော် ဟူ၍လည်းကောင်း အနက်ပေးရသော ပုဒ်မျိုးသည် လက္ခဏကြိယာကို မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာပုဒ်ဟုခေါ်သည်။ ယင်းလက္ခဏာပုဒ်မျိုးသည် အရာဌာနအားလျော်စွာ ဟိတ်သဘော သက်ဝင်လျက်ရှိတတ်ပေသည်။ ဟိတ်သဘောသက်ဝင်သော လက္ခဏာပုဒ်ကို ဟိတ်ပြင်လျှင် လက္ခဏာဝန္တကို သမ္ဗန်ခံရသည်။ အထက်ဖော်ပြပါ အဖြေ၌ ဘာသိတေဟူသော လက္ခဏာပုဒ်ကို ဘာသိတတ္တာဟု ဟိတ်ပြင်သဖြင့် အဝဏ္ဏေ ဟူသော လက္ခဏာဝန္တကံပုဒ်ကို အဝဏ္ဏာယဟု သမ္ဗန်ခံရသည်။ လက္ခဏာဝန္တကတ္တား၌လည်း နည်းတူပင်။

* လက္ခဏာပုဒ်၊ ထုတ်၍အရာ၊ ရှိသည်မှာ၊ များစွာဟိတ်လည်း ဝင်သတည်း။ (ဘုရားကြီး)
* လက္ခဏာပုဒ်၊ ဟိတ်ပြင်ထုတ်က၊ လက္ခဏာဝန္တံ၊ ကတ္တားကံ၊ ဧကန် သမ္ဗန်ခံမြဲတည်း။ (သစ်)

---

● (၆) က-ခ-ဝါကျတို့၌ ရသင့်သော အာဘောဉ်နှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဥဇုမေဝ ဝိဝိဓပစ္စနီကဝါဒါဖြင့် ဥဇုပုဒ်နှင့် ဝိပစ္စနီကပုဒ်ကို ဥဇုဧဝ ဝိပစ္စနီကဝါဒါ ဥဇုဝိပစ္စနီကဝါဒါဟု အဝဓာရဏ ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း, ဝိ-ဥပသာရသည် ဝိသေသစသော အနက်ကိုမဟော၊ ဝိဝိဓ အနက်ဟော၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



(၁) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ ဝိဂ္ဂဟပြုအဘိဓာနတ္ထ။
(၂) ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ။

က-ဝါကျ၌ ဤသကမ္ပိအပရိဟာရိတ္ဂာဖြင့် ဖြောင့်ဖြောင့်သာလျှင် ဆန့်ကျင်၏ဟူသည် စဉ်းငယ်မျှမခတ်မီ၊ဝါ စဉ်းငယ်မျှမရှောင်လွှဲဟူသော ဥဇုမေဝ၌ ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗကို သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျဖြင့် အထူးထူးအပြားပြား ဆန့်ကျင်၏(ဝိဝိဓပစ္စနိက) ဟူသည် အကြိမ်များစွာ ဆန့်ကျင်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း¹, ပစ္စနိကသဒ္ဒါ၏ ဝိရုဒ္ဓအနက်ဟောာ၏ အဖြစ်ကိုလည်း ကောင်း², သဗ္ဗဝါကျံသာဝဓာရဏံ ဟူသည်နှင့်အညီ ဥဇုဝိပစ္စနိကဝါဒါ၌ ဝေသဒ္ဒါကျေသည်၏ အဖြစ်ကိုလည်းကောင်း³, ဥဇုဝိပစ္စနိကဝါဒါပုဒ် ကို ဟုတ္ဂာ ဟူသော ပါဌ်သေသ၌ စပ်ရမည်၏ အဖြစ်ကိုလည်းကောင်း⁴, သိစေပါသည်။

(၁) ဘာဝတ္ထ (၂) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။
(၃) ဘာဝတ္ထ (၄) သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ သံဝဏ္ဏနာ။

† ဥဇုမေဝါတိ သာဝဓာရဏ သမာသတံ ဝတွာ တေန နိဝတ္တေတဗ္ဗတ္ထံ အာဟ "ဤသကမ္ပိ အပရိဟာရိတွာ"တိ။
(သီ-ဋီ-သစ်)

---

● (၇) ဥဇုဝိပစ္စနိကဝါဒါ၌ ဥဇုသဒ္ဒါ, ပစ္စနိကသဒ္ဒါတို့၏ နိရုတ္တိနယ ပဒသိဒ္ဓိကို ဖော်ပြပါ။

ဖြေ။ ။ဥဇုသဒ္ဒါ၏ နိရုတ္တိနယပဒသိဒ္ဓိကား အဇဓာတ်,ဥပစ္စည်း အဇ ဓာတ်မှ အ-ကို ဥ-ပြုခြင်းဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဥဇုဟု ပြီးပါ သည်။ တနည်း။ အရဓာတ်, ဇုပစ္စည်း၊ အရကို ဥပြုခြင်းဝဏ္ဏဝိကာရဖြင့် ပြီးပါသည်။

ပစ္စနိက သဒ္ဒါ၏ နိရုတ္တိနယပဒသိဒ္ဓိကား ပစ္စနီကော ဟူလိုလျက် နိယကောကဲ့သို့ တ-ကို က ပြုခြင်းဝဏ္ဏဝိကာရဖြင့် ပစ္စနီကောဟု ပြီးပါ သည်။

† အဇဂမနေ၊ ဥ၊ အသ္မ။ အဿဝါ အရတိ အကုဋိလဘာဝေန ပဝတ္တတီတိ ဥဇု။ အရ-ဂမနေ-ဇု၊ အရဿ ဥ။ (သူစိ)

http://www.dhammadownload.com



† နတ္ထိ တေသွာ ဤတိ ဥပဒ္ဒဝေါတိ အနီတော၊ မိတ္တော၊ တပ္ပဋိပက္ခော ပစ္စနီကော၊ သောဝေ ပစ္စနီကော၊ တဿ ကော ယထာ နိယကော။ (သူစိ)

---

● (ဂ) အဘယ့်ကြောင့် မြတ်စွာဘုရားသည် ထိုအခွန့်ရှည်သော ခရီးသို့သွားသနည်း။ အဘယ့်ကြောင့် သုပ္ပိယပရိဗိုဇ်သည် အစဉ်လိုက်သနည်း။ အဘယ့်ကြောင့် သုပ္ပိယပရိဗိုဇ်သည် ရတနာ သုံးပါး၏ ကျေးဇူးမဲ့ကဲ့ရဲ့စကားကို ဆိုသနည်း။

ဖြေ။ ဧနာဋ္ဌန္နဒ္ဓိ ဝေနေယျတို့၏အထူးထူးသော စီးပွားချမ်းသာ၏ ပြီးခြင်းကို တောင့်တတော်မူလျက် သီလသုံးပါးတို့ဖြင့် ကန်ဆဘ ဆင်အပ်သော ဒိဋ္ဌိအယူကို ဖျက်ဆီးတတ်သော တစ်သောင်းသော လောကဓာတ်ကို တုန်လှုပ်စေတတ်သော ပြဟ္မဇာလသုတ်ကို ဟောလိုသောကြောင့် အခွန့်ရှည်သောခရီးသို့ ကြွသွားတော်မူပါသည်။ (ဋီသစ်)

သုပ္ပိယပရိဗိုဇ်သည် မြတ်စွာဘုရား၏ ထိုအခွန့်ရှည်သော ခရီးသို့ သွားသည်၏အဖြစ်ကို မသိသောကြောင့် အစဉ်လိုက်ပါသည်။ သိမူ မလိုက်ရာ။ (အဋ္ဌကထာ)

သုပ္ပိယပရိဗိုဇ်သည် လာဘ်အရိုအသေ ပြုခြင်းမှ ယုတ်အံ့သည်ကို ကြောက်သောကြောင့်လည်းကောင်း, အသင်းအပင်းမှ ယုတ်အံ့သည်ကို ကြောက်သောကြောင့်လည်းကောင်း, အမြဲ မြတ်စွာဘုရားကို ငြူစူ၏။ ထို့ကြောင့် ရတနာသုံးပါး၏ ကျေးဇူးမဲ့ကို ဆိုသတည်း။ (အဋ္ဌကထာ)

---

(က) ဣဒါနိ တေန ဘဂဝတော ဝဏ္ဏော ဝတ္တဗ္ဗော ဘဝေယျ။
(ခ) ယသ္မာ ပနေသ လာဘသက္ကာရဟာနိယာစေဝ ပက္ခဟာနိယာစ နိစ္စမ္ပိ ဘဂဝန္တံ ဥသူယတိ။ 1
(ဂ) အညတိတ္ထိယာနဉ္စိယာဝဗုဒ္ဓေါလောကေ နုပ္ပဇ္ဇတိ။ "လ" သူရိယုဂ္ဂမနေ ခဇ္ဇောပနကာဝိယ နိဿိရီကတံအာပဇ္ဇန္တိ။
(ဃ) ဥပတိဿကောလိတာနဉ္စ"လ"တေသံ ပရိသာ ဘိန္နာ။

http://www.dhammadownload.com



(င) ဣတိ ဣမေဟိ ဒွိဟိ ကာရဏေဟိ "လ" တံ ဥသ္မယဝိ သုဂ္ဂါရံ ဥဂ္ဂိရန္တော ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိတိ ဝေဒိတဗ္ဗော။

● (၂) က-စသော ဝါကျကို နည်းထုံးကျကျ ထပနာတိက ပုစ္ဆာတက်ခဲ့ပါ။

ဖြေ။ ။ ထပနာတိကပုစ္ဆာတက်

ဆရာ၊ဆရာသည် ရတနာသုံးပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို သုပ္ပိယ ပရိဗိုဇ်သည် ပြောဆိုသောဟု ဆိုတော်မူ၏။

သုပ္ပိယပရိဗိုဇ်သည် ထိုသို့ဖောက်ပြန်သောမိမိပရိသတ်ကိုမြင်သော အခါ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ဆိုသင့်ဆိုထိုက်သည် မဟုတ် ပါလော။

ယင်းသို့ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ဆိုသင့် ဆိုထိုက်ပါ လျက် အဘယ့်ကြောင့် ရတနာသုံးပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ဆိုပါသနည်းဟု သူတပါး မေးဖွယ်ရှိသောကြောင့် ထိုအမေးကို စော ဒကာ ဘောဂစသည်ပြု၍ မိမိကိုယ်တိုင်ပင် ဖြေတော်မူလိုသော ဆရာ သည် က-စသော ဝါကျကိုမိန့်။

**အဓိပ္ပာယ်ကား။** ။သုပ္ပိယပရိဗိုဇ်သည် လာဘ်အရှိအသေ ပြု ခြင်းမှ ယုတ်အံ့သည်ကို ကြောက်သောကြောင့်လည်းကောင်း, အသင်း အပင်းမှ ယုတ်အံ့သည်ကို ကြောက်သောကြောင့် လည်းကောင်း အမြဲ မြတ်စွာဘုရားကို ငြူစူ၏။ ထို့ကြောင့် ရတနာသုံးပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ဆိုသတည်း။

## အကျယ်ရှင်းလင်းချက်

က-ဝါကျသည် စောဒကပုဂ္ဂိုလ်၏ နှလုံးသွင်း အာဘော်ကို ပြသောကြောင့် စောဒကာဘောဂ ဝါကျမည်၏။ခ-ဝါကျ ယသ္မာ"လ" ဥသ္မယတိ တသ္မာတိုင်အောင်သော ဝါကျသည် ပရိယာရပုဂ္ဂိုလ်၏ နှလုံး သွင်းကို ပြသောကြောင့် ပရိဟာရဘောဂ ဝါကျမည်၏။ တသ္မာ နောက်၌ရှိသော ရတနတ္တယဿ အဝဏ္ဏံ ဘာသတိကား ပရိဟာရဝါကျ မည်၏။ နံပါတ်(၃) စတုက္ကထုတ်ရာ၌ ထင်ရှားလတ္တံ့။ ၎င်းသုံးဝါကျ

http://www.dhammadownload.com



တို့တွင် ပရိဟာရစကားကို အမြဲထပနာထားရသည်။ စောဒကာဘောဂကို အာဘော်ပြု, ပရိဟာရစကားကိုပင် အဘယ့်ကြောင့် အဘယ်အကျိုး (ကသ္မာ ကိမတ္ထံ)စသည်ဖြင့် သင့်လျော်သလိုထည့်သွင်းပါမူ ပုစ္ဆာဖြစ်၏။ အဓိပ္ပါယ်ကား ပရိဟာရဘောဂ, ပရိဟာရဝါကျကို ပြန်ရသည်ဟု စည်းသေမှတ်သား၍ တက်ပါလေ။ ကိစ္စာပိ ဘာမဋ္ဌ စသော စောဒကာဘောဂ စသည်ပြသော ဝါကျဟိုင်း ဤနည်းကိုမှီ၍ သိပါလေ။

မှတ်ချက်။ ။ခ-ဂ-ဝါကျတို့ကား ဝိတ္ထာရဝါကျ။ ဃ-ဝါကျကား နိဂမနဝါကျတည်း။

* ယသ္မာနောက်၊ တသ္မာရောက်သော်၊ ရှေ့နောက်မျှော်၊ အာဘော်အကြောင်းပြသတည်း။

* တသ္မာကို၊ ကြောင်းပြဆိုမူ၊ ထိုတသ္မာ၊ နောက်၌သာ၊ လိုရာအရကောက်။

---

(၃) က-ခ-စသောဝါတို့ကိုရှု၍ ရသင့်သော စောဒကာဘောဂ စသည်တို့ကို ဖော်ပြပါ။

ဖြေ။ ။စတုက္ကထုတ်ပုံ

နနု ဣဒါနိ တေန ဘဂဝတော ဝဏ္ဏော ဝတ္တဗ္ဗော ဘဝေယျ။ (စော+ဘော)

အထ ကသ္မာ ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိ။ (စော)

နနု သေ လာဘသက္ကာရဟာနိယာစေဝ ပက္ခဟာနိယာစ နိစ္စမ္ပိ ဘဂဝန္တံ ဥသူယတိ။ (ပရိ+ဘော)

(တသ္မာ) ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ။ (ပရိ)

မှတ်ချက်။ ။ဣဒါနိ ပုဒ်ကို သုပ္ပိယပရိဗိုဇ်၏ ထိုသို့ဖောက်ပြန်သောသဘောရှိသော မိမိပရိသတ်ကိုမြင်သော ဤအခါ၌ ဟု အနက်ကျနစွာပေးလေ။ ခ-ဝါကျ၌ ပနကား အရှုစိသ်သူစနတ္ထတည်း။

† ဣဒါနီတိ တဿ တထာရူပါယ ပရိသာယ ဒဿနက္ခဏေ။ (ဋီကာ၊

http://www.dhammadownload.com



● (၄) နိဿီရီကတံ၌ နိဿီရီကပုဒ်ကို ဝစနတ္ထပြု၍ ဥပမာန, ဥပမေယျထောက်ဆ၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။နတ္ထိ သိရီ ဧတေသန္တိ နိဿီရီကာ.... (ဧတေသံ ခဇ္ဇောပနကာနံ၊ထိုပိုးစုန်းကြူးတို့အား (ဥပမာန)။ ဧတေသံ အညတိတ္ထိယာနံ၊ ထိုသာသနာတော်မှအပ ဖြစ်ကုန်သော တိတ္ထိတို့အား (ဥပမေယျ)။ သိရီ၊ ကျက်သရေတို့သည်။ နတ္ထိ-နသန္တိ၊ မရှိကုန်။ ဣတိ၊ ကြောင့်။ နိဿီရီကာ၊ မည်ကုန်၏။ စတုတ္ထီဗဟုဗ္ဗီဟိသမာသ် သမာသန္တက ပစ္စည်း။)

ဝစနာဒိဆက္က။ ။ကျက်သရေတို့၏ မရှိခြင်း နိဿီရီကဘာဝ၏ ပိုးစုန်းကြူးတို့ဒြပ်နှင့်ဂုဏ်,ဂုဏောအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ ကျက်သရေမရှိသော ပိုးစုန်းကြူးတို့ဒြပ်သည် ဝစနီယ မည်၏။ အလက္ခိကာ နိသောဘာစသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။

(ဤကား ဥပမာနဘက်)

ဝစနာဒိဆက္က။ ။ကျက်သရေတို့၏ မရှိခြင်းနိဿီရီကဘာဝ၏ အညတိတ္ထိယတို့ဒြပ်နှင့် ဂုဏ်,ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစန ဟေတု မည်၏။ ကျက်သရေမရှိသော အညတိတ္ထိယတို့ဒြပ်သည် ဝစနီယ မည်၏။အလက္ခိကာ,နိသောဘာစသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။ (ဤကား ဥပမေယျဘက်)

## ဝိဂ္ဂဟမှတ်ဖွယ်များ

နိဿီရီကတံ=နိဿီရီကာနံ ဘာဝေါ နိဿီရီကတာ(တံ)နိဿီရီက အရ ပိုးစုန်းကြူး၊ဝါ အညတိတ္ထိယတို့၏ ကျက်သရေမရှိခြင်း နိဿီရီက ဘာဝနှင့်ဂုဏော,ဂုဏ်၊ဌာန,ဌာနီ၊ဘာဝ,အဘာဝအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန် ကို ဝစနဟေတုထုတ်ပါ။ ကျက်သရေတို့၏ မရှိခြင်းဂုဏ်ဒြပ်ကို ဝစနီယ ထုတ် (ဂုဏဒဗ္ဗမျိုး)။ အလက္ခိကတာ နိသောဘာစသော ပရိယာယ်ကို ဝစနီယတ္ထထုတ်လေ။

## ဗဟုဗ္ဗီဟိ၌ဘောစီးသော်

နတ္ထိ သိရီ ဧတေသံ ဟူသော ဝါကျအခိုက်၌ နတ္ထိသိရီဟူသော သမာသ်ပုဒ်အရရှား ကျက်သရေတို့၏မရှိခြင်း(နိဿီရီကဘာဝ)တည်း။

http://www.dhammadownload.com



နိဿိရိကဟူသော တပုဒ်လုံးအရကား ကျက်သရေတို့မရှိသောပိုးစုန်းကြူး၊ ဝါ-အညတိတ္ထိယတို့ ဖြစ်တည်း။ ၎င်းဖြစ်ရသော နိဿိရိကပုဒ်၌ ဘောစီးလျှင်၊ ဝါ-နိဿိရိကတာဟု ဘာဝတဒ္ဓိတ်ပုဒ်ပြုမူ ယခင် သမာသ်ပုဒ်ဟူသောပုဒ်ရင်းအရ ကျက်သရေတို့၏မရှိခြင်း ဂုဏ်ကိုပြန်ရှိရသည်။ အဿတ္ထိ တဒ္ဓိတ်ပုဒ်၌ ဘောစီးလျှင်လည်း ဤနည်းတူပင်။ "ဖြစ်ပေါ်မှာ၊ ဘောစီးလ ၊ဂုဏ်သာထွက်စမြဲ"နိယံဖြင့် မသိသာဟုယူဆသဖြင့် အကျယ် ရေးလိုက်ပေသည်။

ဥဿူယဝိသုဂ္ဂါရံပုဒ်ကို ဥဿူယသခ်ါတံ ဝိသံ ဥဿူယဝိသံ၊ ဥဿူယဝိသဿ ဥဂ္ဂါရော ဥဂ္ဂိလနံ ဥဿူယဝိသုဂ္ဂါရော ဟု ဝစနတ္ထပြု။ ငြူစူခြင်းဟု ဆိုအပ်သော အဆိပ်ကိုအန်ခြင်း။

* ဗဟုဗ္ဗီဟိ၊ အဿတ္ထိတွင်၊ဘောတင်စီးလတ်၊ သမာသ်တဒ္ဓိတ်၊ ပုဒ်ရင်းကိုသာ၊ ရအပ်စွာ၊အရာမျိုးခပ်သိမ်း။
(မောင်းထောင်)

---

● (၅) နိဿိရိကတံ၌ တာ ပစ္စည်းသမ္ဗန်ကို ဥပမာန, ဥပမေယျ အားလျော်စွာ ရေးသားခဲ့ပါ။

ဖြေ။ ။တာ ပစ္စည်း၏ သမ္ဗန်ကား ဥပမာနဘက် ဖြစ်သော် ခဇ္ဇောပနကာပုဒ်ကို ခဇ္ဇောပနကာနံဟု သမ္ဗန်ခံရပါသည်။

ဥပမေယျဘက်ဖြစ်သော်အညတိတ္ထိယာဟူသောပုဒ်ကို အညတိတ္ထိယာနံ ဟု သမ္ဗန်ခံရပါသည်။ (ကတ္တားသမ္ဗန်နှစ်ချက်စပ်)

---

● (၇) သဗ္ဗပါလိဖုလ္လမိဝ ပါရိဆတ္တကံ၌ ပါလိဖုလ္လသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။ပါလိဖုလ္လသဒ္ဒါ၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား ပရိဖုလ္လ ဟု ဆိုလိုလျက် ပ၌ အကို အာပြုခြင်းဝဏ္ဏဝိကာရ, ရိ၌ ရ ကို လပြုခြင်း ဝဏ္ဏဝိကာရဖြင့် ပါလိဖုလ္လဟုပြီးပါသည်။ (ပါလိဘဒ္ဒေါကဲ့သို့တည်း။)

http://www.dhammadownload.com



† သဗ္ဗေန ပကာရေန ပရိတော သမန္တတော ဖုလ္လတိ ဝိကာသ တီတိ သဗ္ဗပါလိဖုလ္လံ၊ အကာရဿ အာကာရံ ရကာရဿစ လဘာဝံ ကတွာ၊ ယထာ ပါလိဘဒ္ဒေါတိ။ (ဋီသစ်)

● (၈) မြတ်စွာဘုရား၏ ရောင်ခြည်တော်ကိုပြရာ၌ အသီတိ ဟတ္ထပမာဏော (အတောင်ရှစ်ဆယ်)ဟု လည်းကောင်း, ဗျာမပ္ပ ဘာ (တလံ) ဟု လည်းကောင်း အသီးသီး ရေးသားကြရာ စကားနှစ်ရပ် မဆန့်ကျင်အောင် နှီးနှောဖြေဆိုပါ။

ဖြေ။ ။ဃနီဘူတ ရောင်ခြည်တော်ကိုရည်၍ အသီတိ ဟတ္ထပမာ ဏော ပဒေသေဟု ဆိုသည်။ ဃနရောင်ခြည်တော်မှုကား တလံမျှရှိရကား ယင်းစကားနှစ်ရပ် မဆန့်ကျင်ပါ။

မှန်၏၊ ဃနရောင်ခြည်တော်ဟူသည် ကိုယ်တော်နှင့် တစပ်ထည်း ဖြစ်သော ရောင်ခြည်တော်တည်း၊ ဃနီဘူတရောင်ခြည်တော် ဟူသည် ထိုဃနရောင်ခြည်တော်၏ အလင်းရောင်တည်း။ ဥပမာ၊ မီးခြစ်ဆံ မီးတောက်နှင့် အလင်းရောင်ကဲ့သို့တည်း။ဃနရောင်ခြည်သည် မီးတော နှင့်တူ၍ ဃနီဘူတရောင်ခြည်သည် မီးခြစ်ဆံမီးတောက်မှ အလင်းနှင် တူပေသည်။

မှတ်ချက်။ ။ဤကား သီလက္ခန်ဋီကာသစ် စသည်တို့နှင့်အညီ ရေးသားအပ်သော အဖြေပေတည်း။ သုတ်ပါထိကဋီကာ၌ကား ဗျာမ အရကိုယ်တော်(ကာယ)ကို ယူ၍ ထိုကိုယ်တော်မှ အရပ်ဆယ်မျက်နှာသို့ ထွက်သော အတောင်ရှစ်ဆယ်မျှသော ပကတိသော ရောင်ခြည်တော်သည် ဗျာမပ္ပဘာမည်၏ ဟူလိုသည်။ဤဋီကာ၏အဖွင့်သည် ပို၍ရှင်းလင်း ပြတ် သား၍ အသီတိဟတ္ထပမာဏော, ဗျာမပ္ပဘာ စကားနှစ်ရပ်တို့ တသား တထပ်တည်း ကျရကား သာရအားဖြင့် မှတ်သားစရာပင်။ ဤသီလက္ခန် အဖြေ၌ ကျမ်းရေအဲ့စိုး၍ အခြားပါဠိ အကိုးတို့ကိုမတင်ပြမူ၍ သီလက္ခန် ဋီကာသစ်ကိုသာ ဖော်ပြလိုက်ပေသည်။

† အသီတိ ဟတ္ထပမာဏေတိ တေသံ ရသ္မီနံ ပကတိယာ ပဝတ္တိ ဋ္ဌာနဝသေန ဝုတ္တံ။ တသ္မာ သမန္တတော ဥပရိစ ပစ္စေကံ အသီတိဟတ္ထမတ္တေ ပဒေသေ ပကတိယာဝ ဃနီဘူတာ ရသ္မိ ယော တိဋ္ဌန္တီတိ ဒဋ္ဌဗ္ဗံ။ (ဋီ-သီ သစ်)

http://www.dhammadownload.com



(က) အမ္ဗလဋ္ဌိကာတိ ရညော ဉယျာနံ။
(ခ) တဿ ကိရ ဒွါရသမီပေ တရုဏအမ္ဗရုက္ခော အတ္ထိ။ တံ "အမ္ဗလဋ္ဌိကာ"တိ ဝဒန္တိ။
(ဂ) တဿ အဝိဒူရေ ဘဝတ္တာ ဉယျာနမ္ပိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတံ။
(ဃ) တံ ဆာယူဒကသမ္ပန္နံ ပါကာရပရိက္ခိတ္တံ သုယောဇိတဒွါရံ မဉ္ဇူသာဝိယ သုဂုတ္တံ။ တတ္ထ ရညော ကီဠနတ္ထံ ပဋိဘာနစိတ္တဝိစိတ္တံ အဂါရံ အကံသု။ တံ "ရာဇာဂါရက"န္တိ ဝုစ္စတိ။ (ဋ္ဌ-၄၂)

(၂) ခ-ဝါကျကို သဒ္ဒါဘောဂ ါယုတ္တပုစ္ဆာတက်၍ ဂ-ဝါကျ၌ တဿပုဒ်ကို ဥပမာဟိတ်တို့ဖြင့် တန်ဆာဆင်၍ သဒ္ဒါနည်း ဓောဒနာထွက်ခဲ့ပါ။

ဖြေ။ ။သဒ္ဒါဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အမ္ဗလဋ္ဌိကာဟူသည် မင်း၏ ဉယျာဉ်တည်းဟုဆိုတော်မူ၏။ မုချတ္ထအားဖြင့် အမ္ဗလဋ္ဌိကာဟူသည် မင်း၏ဉယျာဉ်ဟုမှတ်ရမည်လော။ မုချတ္ထအားဖြင့် အဘယ်ကိုအမ္ဗလဋ္ဌိကာဟု ဆိုကြကုန်ပါသနည်းဟု သူမေးဖွယ်ရှိ၍ တဿကိရစသော ခ-ဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် မင်းဉယျာဉ်၏ တံခါးအနီး၌ ရှိသော နုပျိုသောသရက်ပင်ကို (မုချတ္ထအားဖြင့်) အမ္ဗလဋ္ဌိကာဟု ခေါ် ဆိုကြကုန်သတည်းဟု ငါပြဆို၏ဟူလိုသော်။

မှတ်ချက်။ ။ဤအတက်ကား အမ္ဗလဋ္ဌိကာတိ သာမိပိကဝေါဟာရော ဟူသော ဋီကာသစ်နှင့်အညီ က-ဖြင့် ဥပစာရတ္ထပြ၍ ခ-ဖြင့် မုချတ္ထကို ပြသည်ကိုရည်၍ တက်သော အတက်ပေတည်း။ အဓိပ္ပါယ်ပြန်ရာ၌ တံ အမ္ဗလဋ္ဌိကာတိ ဝဒန္တိ၌ နိယတ် တ-သဒ္ဒါကိုမြော်ရှု၍ အနိယတ်ဝါကျဖြစ်သော တဿကိရ ကဝါကျလုံးကို "တံ၊မင်းဉယျာဉ်၏ တံခါးအနီး၌ရှိသော ထိုနုပျိုသောသရက်ပင်ကို" ဟု စွဲ၍ ပြန်သည်ဟုမှတ်။ အနိယတ်, နိယတ် ပေါင်း၍ အဓိပ္ပါယ်ပြန်သည်ဟု ဆိုလိုသတည်း။

http://www.dhammadownload.com



## တဿပုဒ်သို့ စာထွက်ပုံ

ဆရာ၊ ဆရာသည် အဝိဒူရေပါဌ်ဖြင့် သမ္ဗန္ဓိပုဒ်ကို ဆိုတော်မူ၏။ နဂရဿ သမီပေ ဝတ္တတိ၌ သမီပေဟူသော သမ္ဗန္ဓိ၏သမ္ဗန်ကိုနဂရဿဟု ပြဆိုဘိသကဲ့သို့(ဥပမာ)သမ္ဗန္ဓိတို့မည်သည် သမ္ဗန်နှင့်မကင်းကောင်းသော ကြောင့်(ဟိတ်)အဝိဒူရေ ဟူသော သမ္ဗန္ဓိ၏သမ္ဗန်ကို မပြပြီလော။ (အာဘော်) အဝိဒူရေဟူသော သမ္ဗန္ဓိ၏ သမ္ဗန်ကား အဘယ်နည်း။ (ပုစ္ဆာ) အကယ်၍ သမ္ဗန္ဓိကိုပြ၍ သမ္ဗန်မပြချေသော် ဆရာ့အား အလုံးစုံမပျံ့နှံ့ခြင်း အဗျာပိတဒေါသ,မပြည့်စုံခြင်း အပရိပုဏ္ဏဒေါသ ရောက်ခဲ့ရာ၏ဟု သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော ဆရာသည် တဿ-ဟူသောပုဒ်ကိုမိန့်၏။

**အဓိပ္ပါယ်ကား။** ။တဿ-ဟူသောပုဒ်ဖြင့် အဝိဒူရေဟူသော သမ္ဗန္ဓိပုဒ်၏သမ္ဗန်ကို တဿဟု ငါပြဆိုရကား သင်တင်တိုင်းသောအဗျာပိတ, အပရိပုဏ္ဏဒေါသ ငါ့အားမရောက် ဆိုတန်ရာ၏ ဟူလိုသော်။

**မှတ်ချက်။** ။ဂ-ဝါကျသို့ ကျမ်းတက်လိုမူ ယင်း ဂ-ဝါကျ၌ ဥယျာနမ္ဗိဟူသော သမုစ္စည်းအဖြေကိုရှောင်၍ ဝေ အာဘော်ဆင်၍တက်ပါလေ။

---

● (၃)ခ-ဂ-ဝါကျတို့၌ ရသင့်သော စောဒကာဘောဂစသည်ကို ဖော်ပြပါ။

ဖြေ။ ။**စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ**

နနု တဿ ဗွါရသမီပေ တရုဏမ္ဗရုက္ခော အတ္ထိ။ တံ အမ္ဗလဋ္ဌိကာတိ ဝဒန္တိ။ (စော+ဘော)

အထ ကသ္မာ "ဥယျာနမ္ဗိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတ"န္တိ ဝုတ္တံ။ (စော)

နနု တဿ အဝိဒူရေ ဘဝတိ။ (ပရိ+ဘော)

(တသ္မာ)ဥယျာနမ္ဗိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတန္တိ ဝုတ္တံ။(ပရိ)

**မှတ်ချက်။** ။တဿ အဝိဒူရေ ဘဝတ္တာ ဟူသော ဟိတ်ပုဒ်ကို နနု တဿ အဝိဒူရေ ဘဝတိဟု နနုဝါကျပြင်၍ ရေးသည်။

---

http://www.dhammadownload.com



● (၄) က-ဝါကျ၌ ဥယျာန်ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိ ဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။သမ္ပန္နဒဿနီယပုပ္ဖဖလာဒိတာယ ဥဠ္လောကေန္တာ ယန္တိ ဇနာ တေသိန္တိ ဥယျာနံ။ (တေသိံ-ဝနေ၊ ထိုတော၌။ ဇနာ၊ လူတို့သည်။ သမ္ပန္နဒဿနီယပုပ္ဖဖလာဒိတာယ၊ ပြည့်စုံသောရှုဖွယ်ကောင်းသောပန်းအသီး စသည်ရှိကုန်သည်၏ အဖြစ်ကြောင့်။ ဥလ္လောကေန္တာ၊ တမော့မော့ကြည့်ရှုကုန်လျက်။ ယန္တိ၊ သွားတတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံဝနံ၊ သည်။ ဥယျာနံ၊ ဥယျာဉ်မည်၏။ ဥပုဗ္ဗ-ယာဓာတ်,ယု-ပစ္စည်း။)

ဝစနာဒိဆက္က။ ။ဥ အရ ကြည့်ရှုကုန်သောသူတို့၏ ယထာရဟ စိတ္တုပ္ပါဒ်၏ဥယျာဉ်နှင့် အာရမ္မဏိက, အာရုံအကျိုးအကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း, လူတို့၏ တမော့မော့ကြည့်ရှုကုန်လျက် သွားခြင်းကြိယာသကတ်သည်လည်းကောင်း ဝစနဟေတုမည်၏။ မင်းဥယျာဉ်ဖြစ်သည် ဝစနီယမည်၏။ အရညဝိသေသ, ဝနဝိသေသ စသော ပရိယာယ်သည် ဝစနီယတ္ထမည်။

## ဝိဂ္ဂဟမှတ်ဖွယ်များ

ဆာယူဒကသမ္ပန္နံ။ ။ဆေတိ ဆိန္ဒတိ ပရိဿမန္တိ ဆာယာ။ ဆာယာစ ဥဒကဥ္စ ဆာယူဒကံ၊ ဆာယူဒကေန သမ္ပန္နံ ဆာယူဒကသမ္ပန္နံ။ ဥယျာနံ။

ပါကာရပရိက္ခိတ္တံ။ ။ပါကာရေဟိ ပရိက္ခိတ္တံ ပါကာရပရိက္ခိတ္တံ၊ ဥယျာနံ။

သုယောဇိတဒွါရံ။ ။သုယောဇိတံ ဒွါရံ ဧတဿ ဥယျာနဿာတိ သုယောဇိတံဒွါရံ။ (ၛင်းဥယျာဉ်ပင်ရင်း။)

---

● (၅) ဂ-ဝါကျ၌ ဘာဝတ္ထာဟူသော ဟိတ်၏ သမ္ဗန်ကို ဖော်ပြ၍ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ဘာဝတ္ထာဟူသော ဟိတ်၏ သမ္မန်ကား ဥယျာနသာ တည်း။ (ဥယျာနံကို သမ္မန်ခံသည်။ ယင်း ဂ-ဝါကျ၌ တသကား ဘာဝတ္ထာဝယ် ဘာဝဟူသော အန္တတ်၌စပ်ရသော အလွတ်သမ္မန်တည်း။)

စာစပ်ပုံ

ဥယျာနသကား ၏ ဟု အနက်ပေးသောကြောင့် တဝတ္ထာဝယ် တ္တပစ္စည်း၌ သမ္မန်တ္တပစ္စည်းကား သမ္မန္ဓီတည်း။

ဥယျာနသကား သည်ဟု အနက်ပေးသောကြောင့် ဘာဝတ္ထာဝယ် ဘာဝဟူသော ဘာဝယောဂပုဒ်၌ ကတ္တား ဘာဝဟူသော ဘာဝယောဂ ပုဒ်ကား ကတ္တိတည်း။

ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကထွတ္ထသာတည်း။

---

● (၆) က-ခ င-ဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာ ဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ရအပ်သော ဥယျာနံဖြင့် အမ္ဗလဋ္ဌိကာဟူသည် မင်း၏ဥယျာဉ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)

တနည်း။ ။အမ္ဗလဋ္ဌိကာပုဒ်ကို လဋ္ဌိကာ အမ္ဗော အမ္ဗလဋ္ဌိကာ ဟု ဝိသေသနပရပဒ ဝစနတ္ထပြု၍ နုပျိုသော သရက်ပင်ကိုရသော်လည်း သမီပူပစာရအားဖြင့်ကား သရက်ပင်၏အနီး၌ဖြစ်သော မင်း၏ဥယျာဉ် ကို ရသတည်းဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ သံဝဏ္ဏနာ)

ခ-ဝါကျဖြင့် သမီပူပစာရအားဖြင့် မင်းဥယျာဉ်သည် အမ္ဗလဋ္ဌိကာမည်သော်လည်း မုချတ္ထအားဖြင့်ကား မင်းဥယျာဉ်၏ တံခါးအနီး၌ ရှိသော နုပျိုသောသရက်ပင်သည်သာ အမ္ဗလဋ္ဌိကာမည်၏ ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၁], အမ္ဗလဋ္ဌိကာ၌ လဋ္ဌိကာသဒ္ဒါ၏ တရုဏ သဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။

(၁) ဘာဝတ္ထ (၂) ပရိယာယ်ပြ အဘိဓေယျတ္ထ။

င-ဝါကျ၌ ရအပ်သော အဂါရံဖြင့် ရာဇာဂါရံပုဒ်ကို ရအပ်သော အဂါရံရာဇာဂါရံဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို

http://www.dhammadownload.com



ရာဇာဂါရကဲ့ဒ္ဓ က ပစ္စည်းသည် သမ္ပဟတဒ္ဓိတ်၌မသက်၊ သ္တတ္တ၌သက်သည်၏အဖြစ်ကိုလည်းကောင်း ၂ သိစေပါသည်။

(၁) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ ဝါ-သမာသလိင်္ဂပဒတ္ထဝိဂ္ဂိုဟ်ပြအဘိဓာန်တ္ထ။(၂)ပစ္စယတ္ထဝိဂ္ဂိုဟ်ပြအဘိဓာန်တ္ထ။

မှတ်ချက်။ ။င-ဝါကျ၌ ရညော အဂါရံဟူသော ဖွင့်လိုရင်း၏ ရှု၍ ဖော်သည်။ ကြွင်းသောပုဒ်တို့ဖြင့် ဘာဝတ္ထပြသည်ဟု ဖော်လတ္တံ့။ ပြဆိုခဲ့ပြီးသော အာဘောဘ်ကား ဋီကာသစ်နှင့်အညီ ဖော်သည်။ နိဿယ ဟောင်းဆရာ့အလိုကား "ရညော ကီဠနတ္တံ အဂါရံ ရာဇာဂါရံ" ဟုမဇ္ဈေ လောပိဆဋ္ဌီတပ္ပုရိသ်ပြသည်ဟူလို။

င-ဝါကျ၌ ကီဠနတ္တံဖြင့် မင်းအိမ်ကိုပြုကုန်သည်၏ဟူသည်ကစား မြူးတူးခြင်းငှါ ပြုကုန်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

င ဝါကျ၌ ပဋိဘာနစိတ္တဝိစိတ္တံဖြင့် မင်းအိမ်ဟူသည် ဟင်မြင် ခန်းကြယ်သော ပန်းချီဆေးရေးအရုပ်ရှိသော အိမ်တည်းဟု သိစေပါ သည်။ (ဘာဝတ္ထ)

† တရုဏပရိယာယော လဠိကာသဒ္ဒေါ ရုက္ခဝိသယေ။ (ဋီ-သစ်)

† ဧကေန ရညော အဂါရံ ရာဇာဂါရံ၊ ရာဇာဂါရံဝေ ရာဇာ ဂါရကန္တိဒဿေတိ။ (သီ-ဋီ-သစ်)

---

(၇) ဃ-ဝါ၌ မဥ္ဇူသာသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။မဥ္ဇူသာသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား မန ဓာတ်, သပစ္စည်း၊ (မန+သ) အလယ်၌ဇူအက္ခရာလာခြင်းဝဏ္ဏာ ဂမ,မန၌ နကို စဝဂ္ဂန္တဥ ကိုပြုခြင်းဝဏ္ဏဝိကာရ၊ ဥ ဇူသို့ကပ်၍ အာ ပစ္စည်းသက်ခြင်းစသည်ဖြင့် မဥ္ဇူသာဟုပြီးပါသည်။

မှတ်ချက်။ ။မညတိ သခနေ့တ္တံ တောယာတိ မဥ္ဇူသာ၊ ကဠ ပေလာ။ တောယကဠပေလာယ၊ ထိုသစ်သားသေတ္တာဖြင့်။ သခနေ့တ္တံ၊

http://www.dhammadownload.com



ဥစ္စာရှိသည်၏အဖြစ်ကို။ မညတိ၊ သိအပ်၏။ ဉာတိ၊ ကြောင့်။ မဥ္စုသာ၊ မည်၏။ (မောဂ္ဂလာန်)

---

● (၈) အမ္ဗလဋ္ဌိကာ,ရာဇာဂါရတို့၏ အဋ္ဌကထာ ဝါဒမှ ထူးသောအမည်တို့ကို ဖော်ပြပါ။

ဖြေ။ ။ကေစိ အလိုအားဖြင့် ရွာတံခါးအနီး၌ နေပျိုးသော သရက်ပင်ရှိသော ရွာတရွာ၏အမည်တည်း။ (ဤအလို အမ္ဗလဋ္ဌိကာယံ ကား သမီပတ္ထသတ္တမီဝိဘတ်ဟုမှတ်၊ ဝေဠုဒွါရယံကဲ့သို့တည်း)။

ရာဇာဂါရဟူသည် ကေအလိုအားဖြင့် ဝေဿဝဏ် နတ်မင်း၏ နတ်ကွန်းတည်း။

† ကေစိ ပန အမ္ဗလဋ္ဌိကာနာမ ဝုတ္တနယေန ဂေဟာ ဂါမောတိ ဝဒန္တိ။ (သီ-ဋီ-သစ်)

† ရာဇာဂါရကံ နာမ ဝေဿဝဏ မဟာရာဇဿ ဒေဝါယတနန္တိ ကေ။ (သီ-ဋီ-သစ်)

---

(က) ပရိဗ္ဗာဇကောပိ ဥယျာနဿ ကေပသော ပရိဗ္ဗာဇက ပရိက္ခာရေ ဩတာရေတွာ ဝါသံ ဥပဂစ္ဆိ သဒ္ဓိံ အတ္တ နော ပရိသာယ။

(ခ) ပါဠိယမာရုဠှဝသေနေဝ ပန "သဒ္ဓိံ အတ္တနော အန္တေ ဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန"တိ ဝုတ္တံ။

● (၂) ခ-ဝါကျကို ထပနာမှန်ကန်စွာထား၍ "အာဘော်နှင့်သာ၊ မေးခဲ့ရာ၊ စောဒနာဟူ၍မှတ်" ဟူသောရှေးဆရာတို့မှတ်တမ်းအရ ဓစောဒနာတက်ပါ။

ဖြေ။ ။စောဒနာတက်

ဆရာ၊ဆရာသည် က-ဝါကျ၌"သဒ္ဓိံ အတ္တနော ပရိသာယ" ဟု ဆိုတော်မူ၏။ ပါဠိတော်၌"သဒ္ဓိံ အတ္တနော အန္တေဝါသိနာ ဗြဟ္မဒတ္တေန

http://www.dhammadownload.com



မာဏဝေန”ဟူ၍ ဗြဟ္မဒတ်တစ်ယောက်နှင့်သာ တက္ကကပ်သည်ဟုဆိုသည် မဟုတ်ပါလောဟု စောဒနာဖွယ်ရှိ၍ ခ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် ပါဠိတော်၌ တင်အပ်သည်၏ အစွမ်းဖြင့်သာလျှင် သဒ္ဒိံ “လ”မာဏဝေနဟု ဆို၏။ (ထိုအခါ သုပ္ပိယ ပရိဗိုဇ်အား ပရိသတ်မရှိသောကြောင့် ဆိုသည်မဟုတ်)ဟု ငါပြဆို၏ ဟူလိုသော်။

## အကျယ်ရှင်းလင်းချက်

ဤစောဒနာထက်ကား နိဿယဟောင်းဆရာအတက်ကို အနည်းငယ်ပြင်ဆင်၍ ပုစ္ဆာပါမှတ်တမ်းနှင့်အညီ တက်သည်။ ဤစာရေးသူတို့၏ အာစရိယဝါဒစောဒနာတက်ကား ထပနာ, အာဘော်, ပုစ္ဆာ, ဒေါသာရောပနဖြင့် တက်သည်။နောက်၌ရေးပြီး စောဒနာတက်တို့ကိုရှုပါ။တက်နည်းအမျိုးမျိုးရစေရန် ရေးလိုက်ပေသည်။ခ-ဝါကျအဓိပ္ပါယ်ပြန်ရာ၌ အာရုဋ္ဌဝသေနေဝ၌ ဧဝတ္ထဖလဖြစ်သော လက်သည်းကွင်းစကား ပါဝင်မှသာပြည့်စုံသည်။ဆိုလိုရင်းကား က-ဝါကျ၌ သဒ္ဓိံ အတ္တနော ပရိသာယ မိမိပရိသတ်နှင့်တက္က ကပ်၏ဟု ဆိုသည်။ ပါဠိတော်၌ သဒ္ဓိံ“လ”မာဏဝေနဟု ဗြဟ္မဒတ်လုလင်တစ်ယောက်နှင့်သာ ကပ်၏ဟု ဆိုသည်။ ရှေ့နောက်မညီဖြစ်ရကား သူတပါး စောဒနာဖွယ်ရှိ၍ ခ-ဝါကျ ရေးရပေသည်။ ဗြဟ္မဇာလသုတ်ဟောရာ၌ အခြားပရိသတ်တို့သည် အကြောင်းအတ္ထုပ္ပတ္တိ၌ မပါဝင်၍ ပါဠိတော်မပါဝင်။ ဗြဟ္မဒတ်လုလင်ပါဝင်၍ သဒ္ဓိံ “လ”မာဏဝေနဟု ဆိုသည်။ သို့သော် သုပ္ပိယ ခရီးသွားရာ၌ ဗြဟ္မဒတ်လုလင်မျှမက အခြားပရိသတ်တို့ပါ ပါဝင်သဖြင့် သဒ္ဓိံ အတ္တနော ပရိသာယဟု အဋ္ဌကထာဆရာ ရေးသားရကား ရှေ့နောက်ညီညွတ်၏ ဟူလိုသော်။

---

● (၃) က-ခ-ဝါကျတို့၌ ရသင့်သော စောဒကာဘောဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။**စောဒကာဘောဂါဒိစတုက္က**

နနု ပရိဗ္ဗာဇကော ပိ ဥယျာနသာ ကေပဿေ ပရိဗ္ဗာဇကပရိက္ခာရေ ဩဟာရေတွာ ဝါသံ ဥပဂစ္ဆိ သဒ္ဓိံ အတ္တနော ပရိသာယ။

(စော+ဘော)

http://www.dhammadownload.com



အထ ကသ္မာ "သဒ္ဒိံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေနာ"တိ သီဟဋ္ဌအဋ္ဌကထာယံ ဝုတ္တံ။ (စော)
နနု ပါဠိယံ ပြဟ္မဒတ္တော ဝ အာရဗ္ဘော။ (ပရိ+ဘော)
(တသ္မာ) သဒ္ဒိံ "လ" မာဏဝေနာတိ သီဟဋ္ဌအဋ္ဌကထာယံ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။ဤကား သီဟဋ္ဌအဋ္ဌကထာယံ ဝုတ္တံပုဒ်၍ ဝုတ္တံ၏ အာခါရကို ထည့်ဖွင့်သော ဋီကာသစ်နှင့်အညီတည်း။

## တနည်းစတုက္ကထုတ်ပုံ

နနု ပရိဗ္ဗာဇကောပိ "လ"သဒ္ဒိံ အတ္တနော ပရိသာယ။ (စော+ဘော)
အထ ကသ္မာ "သဒ္ဒိံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေနာ"တိ ပါဠိယံ ဝုတ္တံ။ (စော)
နနု ဒေသနာနုမိနဘာဝေန ပယောဇနံ နတ္ထိ။ (ပရိ+ဘော)
(တသ္မာ) သဒ္ဒိံ "လ" မာဏဝေနာတိ ပါဠိယံ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။ဤကား ဒေသနာနုမိနဘာဝေန ပယောဇနာဘာဝတော ဟူသော ဋီကာသစ်ဟိတ်နှင့်အညီ ပါဠိယံ ပုဒ်ကို ဝုတ္တံ၏ အာခါရပြု၍ ထုတ်သော စတုက္ကတည်း။

သုပ္ပိယ ပရိဗိုဇ်ခရီးသွားရာဝယ် ပရိသတ်များစွာပါသော်လည်း ပြဟ္မဇာလသုတ်ဒေသနာနှင့် ဆက်သွယ်ဆက်စပ်မှုမရှိ၍ ပါဠိ၌ အတ္တနော ပရိသာယဟုမသုံးပဲ သဒ္ဒိံ "လ"မာဏဝေနဟု သုံးသည်ဟူလို။

---

● (၄) အတ္တနော ပရိသာယ၌ ပရိသာပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ပရိသမန္တတော သေန္တိ ဧတ္ထာတိ ပရိသာ (ဧတ္ထ သမိတိယံ၊ ထိုပရိသတ်အစည်းအဝေး၌။ ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ သေန္တိ၊ မှီဝဲ ဆည်းကပ်တတ်ကုန်၏။ ဣတိ၊ သာသမိတိ၊ ပရိသာ။)

http://www.dhammadownload.com



**ဝစနာဒိဆက္က**။ ။ထက်ဝန်းကျင်မှ မှီဝဲဆည်းကပ်ခြင်း ကြိယာ သကတ်သည် ဝစနုပောတု မည်၏။ သုပ္ပိယပရိဗိုဇ်၏ တပည့်ပရိသတ်ဖြစ်သည် ဝစနီယ မည်၏။ သဘာ, သမဇ္ဇာ, သမိတိ, သံသဒေါစသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္တ မည်၏၊

---

● (၇) ဂေါပယောဇ္ဈပဿသဒ္ဒါ၏နိရုတ္တိနယပဒသိဒ္ဓိကိုရေးပါ။

ဖြေ။ ။ပဿသဒ္ဒါ၏ နိရုတ္တိနယပဒသိဒ္ဓိကား ဒိသ ဓာတ်, အပစ္စည်း၊ ဒိသ သဒ္ဒါကို ပဿပြုခြင်းဝဏ္ဏဝိကာရနိရုတ္တိနည်း ချေခြင်း ကပ်ခြင်း စသည်ဖြင့် ပဿဟု ပြီးပါသည်။

† ဒိသ ပေက္ခနေ အပစ္စယော၊ ဒိသဿ ပဿာဒေသော။
(ဘိ-ဋီ)

---

● (၈) အဘယ်ကြောင့်သဒ္ဒိံ "လ" မာဏဝေနဟုဗြဟ္မဒတ်လုလင်ကိုသာလျှင် ပါဠိတော်၌တင်သနည်း။ ဗြဟ္မဒတ် လုလင်မှ ကြွင်းသောပရိသတ်ကို "သဒ္ဒိံ အတ္တနော ပရိသာယ"ဟု ပါဠိတော်၌ မတင်ပါသနည်း။

ဖြေ။ ။ဗြဟ္မဒတ်လုလင်ကိုသာ ဗြဟ္မဇာလသုတ် ဒေသနာနှင့် စပ်၍ အကျိုးရှိသောကြောင့် ပါဠိတော်၌တင်သည်။ ကြွင်းသော ပရိသတ်ကိုကား ဒေသနာနှင့်မစပ်၍ အကျိုးမရှိသောကြောင့် ပါဠိတော်သို့ မတင်ပါ။ မှန်၏၊ ဗြဟ္မဒတ်လုလင်၏ ချီးမွမ်းခြင်းကို အကြောင်းပြု၍ သီလသုံးပါးဖြင့် တန်ဆာဆင်အပ်သော ဗြဟ္မဇာလသုတ်ကို ဟောတော်မူပေသည်။

† ဒေသနာ နမိနဘာဝေန ပယောဇနာ ဘာဝတော။
(သီ-ဋီ-သစ်)

---

(က) တတြာပီတိ တသ္မိံပိ အမ္ဗလဋ္ဌိကာယံ၊ ဥယျာနေတိ အတ္ထော။
(ခ) သမ္ဗဟုလာနန္တိ ဗဟုကာနံ။
(ဂ) တတ္ထ ဝိနယပရိယာယေန တယောဇနာ"သမ္ဗဟုလာ"တိ ဝုစ္စန္တိ။ တတော ပရံ သံဃော။

http://www.dhammadownload.com



(ဃ) သုတ္တန္တပရိယာယေန ပန တယော တယော၀။ တတော ပဉ္စာယ သမ္ဗဟုလာ။

(င) ဣမ သုတ္တန္တပရိယာယေန သမ္ဗဟုလာတိ ဝေဒိတဗ္ဗာ။

(၂) င-ဝါကျကို အညစောဒနာ, အဓိကစောဒနာ, ဥိနစောဒနာ နည်းတို့ဖြင့် ကျမ်းတက်ခဲ့ပါ။

ဖြေ။ ။အညစောဒနာတက်

ဆရာ၊ ဆရာသည် တတ္ထ ဝိနယပရိယာယေနစသော ဂ ဃ-ဝါကျတို့ဖြင့် ဝိနည်းဒေသနာအားဖြင့် သုံးယောက်သော ရဟန်းတို့ကို သုတ္တန်ဒေသနာအားဖြင့် သုံးယောက်အထက် လေးယောက်စသောရဟန်းတို့ကို သမ္ဗဟုလာဟု ဆိုအပ်ကုန်သောဟု ဆိုတော်မူ၏။

ဤသမ္ဗဟုလာနံ့ဟူသော ပါဠိ၌ကား ရဟန်းတို့မှ တစ်ပါးသော ဝတ္ထုတို့ကို သမ္ဗဟုလာဟု သိအပ်ကုန်ပါသလော။ အဘယ်သည်တို့ကို သမ္ဗဟုလာဟု သိအပ်ကုန်ပါသနည်း၊ အကယ်၍ ဤ၌ သိသင့် သိထိုက် သိအပ်သော သမ္ဗဟုလအရကို မပြခဲ့သော်၊ ဝါ-တစ်ပါးသော ဝတ္ထုတို့ကို သမ္ဗဟုလအရ ယူဆသော် ဆရာ့အား ရှေ့နောက် ဆန့်ကျင်သော ပုဗ္ဗာပရဝိရောဓိဒေါသ ရောက်ရာ၏။ (ဒေါသတင်) ဟု သူစောဒနာဖွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော ဆရာသည် ဣမစသော င-ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား။ ။ဣမစသော င-ဝါကျဖြင့် ဤသမ္ဗဟုလာနံ့ဟူသောပါဠိ၌ကား သုတ္တန်ဒေသနာ အားဖြင့် လေးယောက်စသော ရဟန်းတို့ကို သမ္ဗဟုလာဟု သိအပ်ကုန်၏ဟု ငါပြဆိုရကား သင်တင်တိုင်းသော ပုဗ္ဗာပရဝိရောဓိ ဒေါသငါ့အားမရောက်ဆိုတန်၏ဟူလိုသော်။

မှတ်ချက်။ ။အဓိက, ဥိန စောဒနာတက်ရာတို့၌ ထပနာတူ၏။ ထူးရာကိုသာရေးမည်။

အဓိကစောဒနာတက်

ဤသမ္ဗဟုလာနံ့ ဟူသောပါဠိ၌ကား ဝိနည်းဒေသနာအရ သုံးယောက်သော ရဟန်းတို့ကိုလည်းကောင်း, သုတ္တန်ဒေသနာအရ လေး

http://www.dhammadownload.com



ယောက်စသောရဟန်းတို့ကို လည်းကောင်း, ယင်းနှစ်ပါးစုံကိုပင် သမ္ဗဟုလာဟု သိအပ်ကုန်ပါသလော။ အဘယ်သည်တို့ကို သမ္ဗဟုလာဟု သိအပ်ကုန်ပါသနည်း။ အကယ်၍ ဤ၌ သိသင့် သိထိုက် သိအပ်သော သမ္ဗဟုလအရ မပြချေသော်၊ ဝါ ဝိနည်းဒေသနာ, သုတ္တန်ဒေသနာ နည်း နှစ်ပါးဖြင့် သမ္ဗဟုလအရပြဆိုချေသော် ဆရာ့အားအလွန်ပျံ့နှံ့ခြင်းအတိဗျာပိတ ဒေါသရောက်ရာ၏ဟု(လ) ၎-ဝါကျကိုမိန့်။

**အဝိပ္ပာယ်ကား။** ။ဣမ စသော ၎-ဝါကျဖြင့် (လ) ငါပြဆိုရကား သင်တင်တိုင်းသော အလွန်ပျံ့နှံ့ခြင်း အတိဗျာပိတ ဒေါသငါ့အားမရောက် ဆိုတန်၏ဟူလိုသော်။

## ဉီန စောဒနာတက်

ဤသမ္ဗဟုလာနံဟူသော ပါဠိကား နှစ်ယောက်သောရဟန်းတို့ကို သမ္ဗဟုလာဟု သိအပ်ကုန်ပါသလော။ အဘယ်သည်တို့ကို "လ" သနည်း။ အကယ်၍ ဤ၌ သိသင့် သိထိုက် သိအပ်သော သမ္ဗဟုလအရ မပြဆိုချေသော် ဆရာ့အား မပျံ့နှံ့ခြင်း အဗျာပိတ ဒေါသရောက်ရာ၏ဟု "လ" ၎-ဝါကျကိုမိန့်။

**အဝိပ္ပာယ်ကား။** ။ဣမ စသော ၎-ပါကျဖြင့်"လ"ငါပြဆိုရကား သင်တင်တိုင်းသော မပျံ့နှံ့ခြင်း အဗျာပိတ ဒေါသ ငါ့အား မရောက် ဆိုသင့်ဆိုတန်၏ဟူလိုသော်။

## အကျယ်ရှင်းလင်းချက်

တက်လတ္တံ့သော အဖြေ ဝါကျကို အပိုင်းအခြား ပရိစ္ဆေဒဖြင့် ရေးသားထားသော်၊ ဝါ-ရေးသားထားသော ဝါကျမျိုး၌ အညစောဒနာ, အဓိကစော့ဒနာ, ဉီနစောဒနာ သုံးမျိုးတို့ကိုရနိုင်ပေသည်။

**အညစောဒနာ**ဟူသည် အဖြေကိုရှောင်၍"တပါးသောဝတ္ထုတို့ကို သမ္ဗဟုလာဟု သိအပ်ကုန်သလော"ဟု တက်ခြင်းမျိုးတည်း။

**အဓိကစောဒနာ** ဟူသည် အဖြေဖြစ်သောဝါကျ၌ ရသင့်သော အပိုင်းအခြားထက်ပိုလွန်၍ "နှစ်ပါးစုံကိုပင် သမ္ဗဟုလာဟု သိအပ်ကုန်သလော"ဟု တက်ခြင်းမျိုးတည်း။

http://www.dhammadownload.com



ဦနစောဒနာ ဟူသည် အဖြေဖြစ်သော ဝါကျ၌ ရသင့်သော အပိုင်းအခြားအောက်ဟုတ်လျော့၍ "နှစ်ယောက်သောရဟန်းတို့ကို သမ္ဗ ဟုလာဟုသိအပ်ကုန်သလော" ဟု တက်ခြင်းမျိုးတည်း။

အညစောဒနာအရာ၌ ပုဗ္ဗာပရဝိရောဓိဒေါသတင် အဓိကစော ဒနာအရာ၌ အတိဗျာပိတဒေါသတင် ဦန စောဒနာအရာ၌ အဗျာပိတ တင်ပါ။ ယင်းစောဒနာသုံးမျိုးနှင့် ဒေါသသုံးမျိုးကိုပယ်ဖျက်တားမြစ် လို၍၊ တားမြစ်ခြင်းငှာ အပိုင်းအခြားပရိစ္ဆေဒရှိသော ဝါကျကို ရေး သားမိန့်ဆိုကြသည်။ ဝါ-အပိုင်းအခြားပရိစ္ဆေဒရှိသော ဝါကျမျိုးဖြင့် ယင်းစောဒနာသုံးမျိုး, ဒေါသသုံးမျိုးကို ပယ်ချတားမြစ်၏ဟူလို။

† တ္တောဝတာဒိ အာဒိနာ အညစောဒနံ အဓိကစောဒနံ
ဦနစောဒနံ ဝါ နိဝါရေတိ။ (အဖေဂ္ဂုသာရ)

† ယတ္ထ ယတ္ထ ပရိစ္ဆေဒေ၊ ကတေ တတ္ထ တိစောဒနာ။
အညာဓိကူန ဝသေန၊ ဝေဒိတဗ္ဗာ သုဓီမတာ။
(သမ္မန္တစိန္တာဂဏ္ဌိသစ်)

---

● (၃) သော ရတနတ္တယဿ ဂုဏဝဏ္ဏေ ဝတ္တဗ္ဗေပိ ဣဿာ ဝသေန ပုန အဝဏ္ဏမေဝ ဘာသတိ၌ ရသင့်သော စောဒကာဘောဂါ ဒိစတုက္ကကိုရေးပါ။

ဖြေ။ ။စောဒကာဘောဒိ စတုက္က

နနု သော ရတနတ္တယဿ ဂုဏဝဏ္ဏော ဝတ္တဗ္ဗော။ (စော+ဘော)
အထ ကသ္မာ နပု အဝဏ္ဏမေဝ ဘာသတိ။ (စော)
နနု ဣဿာ အတ္ထိ။ (ပရိ+ဘော)
(တသ္မာ) ပုန အဝဏ္ဏမေဝ ဘာသတိ။ (ပရိ)

---

● (၄) သမ္ဗဟုလာပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ သမ္ဗာ ပဟောန္တိ တံ တံ ကမ္မန္တိ သမ္ဗဟု လာ။ (ယေဗဟာဝေါ၊ အကြောင်းများစွာကုန်သော ရဟန်းတို့သည်။ တံတံကမ္မံ၊ထိုထိုသို့သော ဥပုသ် စသော သံဃကံကို။ သမ္ဗာ၊ ကောင်းစွာ။ ပဟောန္တိ၊ စွမ်းနိုင်ကုန်၏။ ဣတိ။ တေဗဟဝေါ၊ သမ္ဗဟုလာ....။)

http://www.dhammadownload.com



ဝစနာဒိဆက္က။ ။ထိုထို သို့သော ဥပုသ်စသော သံဃကံကို ကောင်းစွာ စွမ်းနိုင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ များစွာကုန်သော ရဟန်းတို့ ဖြစ်သည် ဝစနီယ မည်၏။ ဘူရိ, ပဟုတ, ပစုရ စသော ပရိယာယ်သည် ဝစနီယတ္တ မည်၏။

† ဘူရိ ပဟုတံ ပစုရံ၊
ဘိယျော, သမ္ဗဟုလံ, ဗဟုံ။
ယေဘုယျံ ဗဟုလဉ္စာထ၊
ဗဟိရံ ပရိဗာဟိရံ။ (အဘိဓာန်)

---

(၆) က-ခ-ဝါကျတို့၌ ရသင့်သော အာဘောဂ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ တသ္မိံ အမ္ဗလဋ္ဌိကာယံဖြင့် တတြဝယ် တ သဒ္ဒါ၏ အမ္ဗလဋ္ဌိကကိုစွဲသည်၏အဖြစ်ကိုလည်းကောင်း၁, တြပစ္စည်း၏ သတ္တမျတ္ထ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၂ သိစေပါသည်။

(၁) သဗ္ဗနာမလိင်္ဂတ္ထ (၂) ဝိဘတျတ္ထ။

မှတ်ချက်။ ။ဥယျာနေတိအထွေကို အမ္ဗလဋ္ဌိကာတိ ရသော ဥယျာဉ်နှင့်အတူ ဖော်ပါ။

ခ-ဝါကျ၌ ဗဟုကာနံဖြင့် သမ္ဗဟုလာပုဒ်ကို သမ္မာပဟောန္တီတိတံ ကမ္မန္တိ သမ္ဗဟုလာဟု ဝစနတ္ထပြု၍ သမ္ဗဟုလာအရ ဗဟုက (များစွာသော) ရဟန်းတို့ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

မှတ်ချက်။ ။ဋီကာ၌ ဝစနတ္ထဖြင့် ဖွင့်ရကား အဘိဓေယျတ္ထ ဖော်သည်။

တနည်း။ ။ဗဟုကာနံဖြင့် သမ္ဗဟုလာ သဒ္ဒါသည် ဗဟုက (အများဟူသော)အနက်ကို ဟောသတည်းဟု သိစေပါသည်။

(နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ)

---

http://www.dhammadownload.com



● (၇) သမ္ပဟုလာနန္တိ ဗဟုကာနံ၌ သမ္ပဟုလ သဒ္ဒါ၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

**ဖြေ။** ။**သမ္ပဟုလ** သဒ္ဒါ၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား သံပုဗ္ဗပဟု—ဓာတ်, လ-ပစ္စည်း၊ ဓာတွန်ချေ သံ+ပဟ+လ-ဟူလိုလျက် -ဥအက္ခရာ လာခြင်း ဝဏ္ဏာဂမနိရုတ္တိ, နိဂ္ဂဟိတ်ကို မ-ပြုခြင်း ပဏ္ဏဝိကာရတို့ဖြင့် သမ္ပဟုလ-ဟု ပြီးပါသည်။

**မှတ်ချက်။** ။သမ္ပဟုလ, သမ္ပဟုလ- စသည် ပါဠိ၌ အမျိုးမျိုးရှိရာ, အဘိဓာန်ဋီကာ, သီလက္ခန်ဋီကာသစ်တို့ကို လိုက်၍ ရေးလိုက်ပေသည်။ ပါဠိဝိနိစ္ဆယ—အရာမဟုတ်၍ မရေးပြီ။

† သမ္ပဟောတီတိ သမ္ပဟုလံ လော။ (ဘိဋီ)

---

● (၈) အဘယ့်ကြောင့် သုံးယောက်ကို သမ္ပဟုလာ, လေးယောက် စသည်ကို သံဃာဟု ဝိနည်းဒေသနာ၌ ဆိုပါသနည်း။

ဖြေ။ ။အယုတ်သုံး အပိုင်းအခြားအားဖြင့် စတုဝဂ်သံဃာသည်သာလျှင် ဝိနည်းကံကို ပြုသင့်ပြုထိုက်သည်၏ အဖြစ်ကြောင့် သုံးယောက်ကို သမ္ပဟုလာ, လေးယောက် စသည်ကို သံဃာဟု ဝိနည်းဒေသနာ၌ ဆိုပါတည်။

† သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတုဝဂ္ဂသံဃေနေဝ ဝိနယကမ္မဿ ကတ္တဗ္ဗတ္တာ ဝိနယပရိယာယေနာတိအာဒိ ဝုတ္တံ။

(ဋီ-သီ-သစ်)

---

(က) မင်္ဂလမာဠေတိ ကတ္ထစိ ဒေသေ ကဏ္ဏိကာ ဂဟေတွာ ဟံသဝဋ္ဋကစ္ဆန္နေန ကတာ ကူဋာဂါရသာလာပိ "မင်္ဂလမာဠော" တိ ဝုစ္စတိ။

(ခ) ကတ္ထစိ ဧကံ ကဏ္ဏိကံ ဂဟေတွာ ထမ္ဘပန္တိံ ပရိက္ခိပိတွာ ကတာ ဥပဋ္ဌာနသာလာပိ "မင်္ဂလမာဠော" တိ ဝုစ္စတိ။

(ဂ) ဣမ ပန နိသီဒနသာလာ မင်္ဂလမာဠောတိ ဝေဒိတဗ္ဗော။

(ဋ္ဌ-၄၃)

E71 R

http://www.dhammadownload.com



● (၁) ဂ-ဝါကျ ခ-ဝါကျမှ လိုက်သင့်သောပုဒ်တို့လိုက်၍ အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

ဖြေ။ ။ပန၊ အထူးကိုဆိုဦးအံ့။ ဝါ၊ သတ္တုဒ္ဓါရမှ ပာပါး အတ္ထုဒ္ဓာသကို ဆိုဦးအံ့။ ကော၊ ဟာခုသော။ ကလျှိကံ၊ အဟွတ်ကို။ ဂဟေတွာ၊ ယူ၍။ ထမ္ဘပန္တိံ၊ ဟိုင်စဉ်ကို။ ပရိက္ခိပိတွာ၊ ထက်ဝန်းကျင်ဟု ခြံရံ၍။ ကတာ၊ ပြုအပ်သော။ နိသီဒနသာလာ၊ နေရာစရပ်ကို။ မဏ္ဍလမာဠောတိ၊ မဏ္ဍလမာဠ္ဍဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**မှတ်ချက်။** ။ခ-ဝါကျမှ ကော်ဘဒ္ဒိကံ "လ" ကတာ တိုင်အောင်သောပါဠ်ပုဒ်တို့လိုက်၍ အနက်ပေးသည်။ ဤပန-၌ ပနကား "ဤဝ နောက်မှ၊ နောက်ပန၊ ဝိသေသဟုဆဲ" နှင့်အညီ ဝိသေသဇောတကလည်း သင့်၏။ အတ္ထုဒ္ဓါရမှတပါး အတ္ထုဒ္ဓာသကိုပြုရကား ပက္ခန္တရဇောတကလည်းသင့်၏။ ဤဝါကျမျိုး၌ တက်နည်းတို့ကိုရေး၍ ဖြစ်၍ ချန်လှပ်ခဲ့ပေသည်။ က-ဝါကျမှ ခ-ဝါကျတက်လိုသော် ခ-ဝါကျ၌ ဥပဋ္ဌာန သာလာပိဝယ် သဖုစ္စည်းအပြောကို မြင်သဖြင့် ဧဝ အသံပြောင်၍ တက်ပါ။

---

● (၃) က-ခ ဂ-ဝါကျတို့ကိုရှု၍ စောဒကာသောဒါဂါဒိစတုက္ကထုတ်ပါ။

ဖြေ။ ။**စောဒကာသောဂါဒိစတုက္ကထုတ်ပုံ**

နနု ကတ္ထစိ ဧဝ ကလျှိကာ ဂဟေတွာ ဟံသဝဋ္ဋကစ္ဆန္နေန ကတာ ကူဋာဂါရသာလာပိ မဏ္ဍလမာဠောတိ ဝုစ္စတိ။

ကတ္ထစိ ကော ကလျှိကံ ဂဟေတွာ ထမ္ဘပန္တိံ ပရိက္ခိပိတွာ ကတာ ဥပဋ္ဌာနသာလာပိ မဏ္ဍလမာဠောတိ ဝုစ္စတိ။ (စော+သော)

အထ ကသ္မာ [illegible] နိသီဒနသာလာ မဏ္ဍလမာဠော ဝေဒိတဗ္ဗော။ (စော)

နနု တဒညတ္ထော နသမ္ဘဝတိ။ (ပရိ+သော)

တသ္မာ ဤဓ နိသီဒနသာလာ မဏ္ဍလမာဠောတိ ဝုစ္စတိ။ (ပရိ)

---

http://www.dhammadownload.com



● (၄) မင်္ဂလမာဋ္ဌောပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဝစနာဒိဆက္ကဖြင့် ဖေဖန်ခဲ့ပါ။

ဖြေ။ ။ဝစနတ္ထ။ မာနိတဗ္ဗောတိ မာဋ္ဌော။ မိယတိ ပမိယ တီတိ ဝါ မာဋ္ဌော။(အစိတ်) မင်္ဂလာကာရေန ပဋိစ္ဆန္နော မာဋ္ဌောတိ မင်္ဂလမာဋ္ဌော။ ဘာသို မင်္ဂလမာဋ္ဌော။(အပေါင်းဝစနတ္ထ)။ (မင်္ဂလာ ကာရေန၊ ဝိုင်းဝန်းသော အခြင်းအရာအားဖြင့်။ ပဋိစ္ဆန္နော၊ မိုးအပ် သော။ မာဋ္ဌော၊ စရပ်တည်း။ ဝါ၊ တခုသော အထွတ်နှင့် ယှဉ်သော။ ဝါ၊ များစွာသော ထောင့်ရှိသော နေရာအထူးတည်း။ ဣတိ။)

ဝစနာဒိဆက္က။ ။မင်္ဂလအရ ဝိုင်းဝန်းသော အခြင်းအရာ၏ မာဋ္ဌအရ မိုးအပ်သောဇရပ်နှင့် အာကာရ, အာကာရဝန္တ၊ ဝိသေသန, ဝိသေသျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် စဝနဟောတု မည်၏။ ဝိုင်းဝန်း သောအခြင်းအရာအားဖြင့် မိုးအပ်သော စရပ်ဒြပ်သည် ဝစနီယ မည် ၏။ နိသိဒနသာလာစသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

## ဝိဂ္ဂဟမှတ်ဖွယ်

မာဋ္ဌောကား မာခဒွတ်,ဋ္ဌ ပစ္စည်း။ မာနိတဗ္ဗော၊ မြတ်နိုးအပ် ၏။ မိယတိ ပမိယတိ၊ နှိုးယှဉ်အပ်၏ဟု အနက်ပေး။ ကူဋ္ဌာဂါရသာလာ ပုဒ်ကို ကူဋ္ဌေန ယုတ္တာ အဂါရော ကူဋ္ဌာဂါရော၊ ကူဋ္ဌာဂါရေစ ဝေ သာလာ ကူဋ္ဌာဂါရသာလာဟု အစိတ်အပေါင်းဝစနတ္ထပြု။

● (၆) ၊၊-ဝါကျဖြင့် သိမ်မြဲအပ်သောအာဘော်,သံဝဏ္ဏနာ တို့ကို ဖော်ပြပါ။

ဖြေ။ ။ -ဝါကျဖြင့် ဤဗြဟ္မဇာလသုတ်အရာ၌ မင်္ဂလမာဋ္ဌ သဒ္ဒါသည် စုလစ်မွန်ချွန်တပ်သောဇရပ် (ကူဋ္ဌာဂါရသာလာ)အနက်ကို မဟော၊ နေရာဇရပ် (နိသိဒနသာလာ) အနက်ကို ဟောသတည်းဟု သိ စေပါသည်။ (ရှေးနည်းကိုမှီ၍ အဓိပ္ပါယတ္ထစသည်ဖော်ဦး။)

နာမလိင်္ဂတ္ထ သဒ္ဒတ္ထ အဘိဓေယျတ္ထ၊ ဝါ-အဓိပ္ပေတတ္ထ သံဝဏ္ဏနာ။

http://www.dhammadownload.com



● (၇) ကဏ္ဍိကာသဒ္ဒါ၊ ကမ္မသဒ္ဒါတို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။ကဏ္ဍိကာ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား က သဒ္ဒူပပဒ နိဂ္ဂဟိတ်, ဍုပစ္စည်း၊ ဣတ္ထိလိင်, အာပစ္စည်း။ (က+နိ+ဍု+အာ)နှိုဒ္ဒိ ဤကို ဂ—ပြုခြင်း ဝဏ္ဏဝိကာရ, န-ကို ဏ—ပြုခြင်း ဝဏ္ဏဝိကာရ, ဏ–ဒွေဘော်သာခြင်း ဝဏ္ဏာဂမ, ဍုပစ္စည်းအက ပြုခြင်း ခေဲဖြင့်စသည် ဖြင့် ကဏ္ဍိကာဟု ပြီးပါသည်။

ကမ္မသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား မရ ဓာတ်, ရမ္မပစ္စည်း၊ ဓာတ်ဆုံး ရ-ကိုချ၊ ရအနုဗန်ကိုလည်းချေ၍ မမ္မ ဟု ဆိုပြီးလျှင် မ ကို က ပြုခြင်း ဝဏ္ဏဝိကာရကြောင့် ကမ္မဟု ပြီးပါသည်။

† နယ ဂမနပ္ပေ့ာ။ ကေသိဒေသ နယတီတိ ကဏ္ဍိကာ၊ ကဍု၊ ဣတ္တိ၊ ဏတ္တဥ္စ။ (သူစိ)

† ထမ္မ ပဋိဗန္ဓနေ အ၊ ထမ္ဘော။ ခါရေတိတိ ဝါ ထမ္ဘော၊ မရ ခါရဏေ ရမ္မပစ္စယော ဝဏ္ဏဝိကာရောစ။ (သူစိ)

---

● (၈) ဟံသဝတ္ထုကစ္ဆန္ဒ၏ အမည်တစ်မျိုးကို ရေးသား၍ ဥပဋ္ဌာနသာလာနှင့် နိသီဒနသာလာ နှစ်ပါးတို့၏ တူပုံ ထူးပုံကို ဖော်ပြပါ။

ဖြေ။ ။ဟံသဝတ္ထုကစ္ဆန္ဒ၏ အမည်တစ်မျိုးကား သုဝဏ္ဏဝက်ဆန္ဒနတည်း။

ဥပဋ္ဌာနသာလာနှင့် နိသီဒနသာလာ၏ တူပုံကား တစ်ခုသော အထွတ်ကိုယူ၍ တိုင်စဉ်ကို ထက်ဝန်းကျင်ဝိုင်းရံ၍ ဆောက်လုပ်ပုံချင်း တူပါသည်။ ထူးပုံကား ...တစ်ည, နှစ်ည စသည်တို့၏ အစွမ်းဖြင့် နေ့ရာ မဟုတ်။ အစည်းအဝေးမျှကို ပြုရာဇရပ်သည် ဥပဋ္ဌာနသာလာ မည်ပါသည်။ ဥပဋ္ဌာနသာလာကဲ့သို့ ဆောက်လုပ်အပ်သော်လည်း ဥပဋ္ဌာန သာလာကဲ့သို့ အစည်းအဝေးမျှကို ပြုရာဇရပ်မဟုတ်။ တစ်ည, နှစ်ည စသည် တည်းခို၍နေရာဖြစ်သော ဇရပ်သည် နိသီဒန သာလာ မည်ပါသည်။ ဤသို့လျှင် အသုံးဝင်ပုံချင်း အသုံးပြုရာချင်း ထူးပါသည်။

(ဋီ-သစ်)

http://www.dhammadownload.com



† ဟံသဝဏ္ဏကစ္ဆဇ္ဇနေ့ဝေဘတိ ဟံသမဏ္ဍလာကာရေန၊ တဒေဝ ဆန္ဒံ အညတ္ထ သုပဏ္ဏဝက်စ္ဆဒနန္တိ ဝုတ္တံ။ (ဋီ-သိ-သစ်)

(က) သန္ဓိသိန္ဓာနန္တိ နိုသင်္ဃနဝသေန။

(ခ) သန္ဓိပတိတာနန္တိ သမောဓာနဝသေန။

(ဂ) အယံ သင်္ခိယဓမ္မောတိ သင်္ခိယာဂုစ္စတိ ကထာ၊ ကထာ ဓမ္မောတိ အတ္ထော။

(ဃ) ဥဒပါဒိတိ ဥပ္ပန္နော။ (ဋ-၄၃)

● (၄) ဂ-ဝါကျသင်္ခိယပုဒ်ကို သံဝဏ္ဏနာနှင့်အညီ ဝေနတ္ထ ပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ၊ **ဝစနတ္ထ**။ ။သမ္မာ ခီယတိ ကထီယာကီတိ သင်္ခိယာ။ (ယာကထာ၊ ကို။ သမ္မာ၊ ကောင်းစွာ။ ခီယတိ ကထိယတိ၊ ပြောဆိုအပ်၏။ ဣတိ၊ ကြောင့်။ သာ ကထာ သင်္ခိယာ၊ မည်၏။)

**ဝစနာဒိဆက္က**။ ။ကောင်းစွာပြောဆိုခြင်း ကြိယာသကတ်သည် ဝစနဟော မည်၏။ စည်းဝေးကုန်သော ရဟန်းတို့၏ ကောင်းစွာ ပြောဆိုအပ်သော စကားဖြစ်သည် ဝစနိယ မည်၏။ သုဘာသိတာ, သံကထိဘာစသော ပရိယာယ်သဒ္ဒါသည် ဝစနိယတ္ထ မည်၏။

**မှတ်ချက်**။ ။သင်္ခိယာဝုစ္စတိ ကထာ သမ္မာခိယနတော ကထန တော ဟူသော သီဋ္ဌီသစ်ကိုထောက်၍ သင်္ခိယာ-ကို သံပုဗ္ဗ ခိ-ဓာတ်, ဏျ ပစ္စည်းဟု ကြံသည်။ ခိ-ဓာတ်၏ ကထနတ္ထဓာတ်ကျမ်း မလာသော်လည်း ဓာတူနမနေကတ္ထတ္တာဟု မှတ်ပါ။

---

● (၆) က-ခ ဂ-ဃ-ဝါကျ တို့ဖြင့် သိစေ အပ်သော အာသော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ နိသင်္ဃနဝသေနဖြင့် ထိုင်ခြင်းဣရိယာပုထ် ကို ရည်သဘည်းဟု သိစေ သည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ သမောဓာနဝသေနဖြင့် ကာယသာမဂ္ဂီဖြင့်အစုအမ်းဖြင့် ပေါင်းဆုံခြင်းကို ရည်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ဂ-ဝါကျ၌ သခိယာ ဝုစ္စတိ ကထာဖြင့် သခိယာပုဒ်ကို သမ္ဗာခိယတိ ကယိယတိတိ သခိသာဟု ဝစနတ္ထပြု၍ သခိယာအရ ကထာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

ဂ-ဝါကျ၌ ကထာဓမ္မောတိ အတ္ထောဖြင့် သခိယာအရ ကထာကို ရသည်ဖြစ်မျှ သခိယဓမ္မောပုဒ်၏အနက်ကိုပြောဆိုအပ်သော သဘောဟု အတ္ထယောဇနာ ရမည်ကို သိစေပါသည်။

(နာမလိင်္ဂတ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ဥပ္ပန္နောဖြင့် ဥဒပါဒိ-၌ ဤ,ဝိဘတ်သည် အတိတ် အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဒုတိယဝိဘတျတ္ထ)

.၂ ဣပိနာ နိဿိဒန ဣရိယာပထံ ကာယသာမဂ္ဂိဝသေန စ သမောဓာနံ သန္ဓာယ ပဒဒွယမေတံ ဝုတ္တန္တိ ဒဿေတိ။

(သီ-ဋီ-သစ်)

---

● (၇) သမောဓာန ဝသေန-၌ သမောဓာနပုဒ်၏ ရုပ်ပြီးပုံ အကျဉ်းကို ဖော်ပြပါ။

ဖြေ။ ။သမောဓာန-ကား သံ အဝ ပုဗ္ဗ ဓာဓာတ်,ယုပစ္စည်း၊ အဝ ကို ဩပြု၊ သ ၏ ိ နိဂ္ဂဟိတ်ကို မ-ပြု၊ မ ဩ-သို့ကပ်။ ယုပစ္စည်း ကို အန-ပြု၊ အာကိုချေ၊ အန၌ အ ကို အာဒီဃပြု ကပ်၍ သမောဓာန ပြီးပါသည်။

---

(က) တတ္ထ အန္တဿ ပဗ္ဗတာရောဟဏံ ဝိယ နိစ္စံ နဟောတီတိ အစ္စတ္ထံ။ အယံ တာဝ သဒ္ဒနယော။

(ခ) အယံ ပန အဋ္ဌကထာနယော။ အစ္စရာယောဂ္ဂန္တိ အစ္စရိယံ၊ အစ္စရံ ပဟရိတုံ ယုတ္တန္တိ အတ္ထော။

(ဂ) အဘူတပုဗ္ဗံ ဘူတန္တိ အဗ္ဘုတံ။

(ဃ) ဥဘယမ္ပေတံ ဝိမှယဿေ ဝါ ဓိဝစနံ။ (ဋ္ဌ-၄၄)

● (၂) ခ-ဝါကျကို နည်းထုံးကျကျ ထပနာတိက ပုစ္ဆာ တက် တက်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။ထပနာတိကပုစ္ဆာတက်

ဆရာ၊ ဆရာကည် က-ဝါကျဖြင့် သူကဏ်းအား တောင်တက် ခြင်းအမှုသည် အမြဲမဖြစ်သကဲ့သို့ အမြဲမဖြစ်သောသဘောသည် အစ္စရိယ မည်၏ဟု သဒ္ဒါနည်းကို ပြတော်မူ၏။ အစ္စရိယပုဒ်၏ သဒ္ဒါနည်းကို သာလျှင် သိအပ်ပါသလော။ (ဧအောဘော်) အစ္စရိယပုဒ်၏ အခြား အဘယ်သို့သောနည်းကိုလည်း သိအပ်ပါသေးသနည်းဟု သူမေးဖွယ်ရှိ သောကြောင့် ခ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် အစ္စရာယောဂ္ဂံ အစ္စရိယံဟူ သော ယောဂ္ဂလောပ၊ ဝါ-ယောဂ္ဂတဒ္ဓိတ်၏ အစွမ်းဖြင့် အစ္စရိယ မည်၏ ဟူသော အဋ္ဌကထာနည်းကိုလည်း ငါပြမည်ဟူလိုသော်။

မှတ်ချက်။ ။ခ-ဂါကျကား ပက္ခန္တရငည်း။ ပက္ခန္တရဝါကျ မျိုးကို ဤသို့ ဧဝ အာဘော်ဆင်၍ တက်ပါ။

* ပက္ခန္တရ၊ ကျမ်းတက်က၊ ဧဝအာဘော်ဆင်။ (သစ်)

---

● (၄) ပဗ္ဗတာရောဟဏံ၌ ပဗ္ဗတပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိ ဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ပဗ္ဗံ အဿ အတ္ထိတိ ပဗ္ဗတော။ (အဿ အစးလဿ၊ ထိုတောင်အား။ ပဗ္ဗံ၊ အဆစ်သည်။ ဝါ။ အစပ်ဟု ဆိုအပ် သော အဆစ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ပဗ္ဗတော။)

ဝစနာဒိဆက္က။ ။အဆစ်ဒြပ်၊ ဝါ-အစပ်ဟုဆိုသော အဆစ် ဒြပ်၏ တောင်ဒြပ်နှင့်အဘေး မသော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစန ဟေတု မည်၏။ တောင်ဒြပ်သည် ဝစနီယမည်၏။ ဂိရိ၊ သေလော၊ နဂေါ၊ အစလော၊ သိလုစ္စယော၊ သိခရီ၊ ဘူမဓရော စသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ပဗ္ဗတောကား ပဗ္ဗာဒိတော တောဟူသော သဒ္ဒ နိတိသုတ်ဖြင့် ပဗ္ဗသဒ္ဒါနောင် တော ပစ္စည်းသက်ပြီးသည်။ အဘိဓာန် ဋီကာ၌ကား ပဗ္ဗ ပူရဏေ တောဟုဆိုသည်။ ဤအလို ကိတ်နာမ်ပုဒ် တည်း။

http://www.dhammadownload.com



### ဝိဂ္ဂဟမှတ်ဖွယ်များ

သဒ္ဒနယော....နိယျတီတိ နယော၊အတ္ထော။ သဒ္ဒသတ္တံအနုဂတော နယော သဒ္ဒနယော။ ဤကား အာစရိယ ဓမ္မပါလအလိုတည်း။ သဒ္ဒ နယော၊ သဒ္ဒါကျမ်းသို့ အစဉ်လိုက်၍ သိအပ်သော အနက်တည်း ဟု ယောဇနာ။

တနည်း။ ။နိယတိ အတ္ထော ဧတေနာတိ နယော၊ ဥပါယော။ သဒ္ဒသတ္ထေ အာဂတော နယော အတ္ထ ဂဟဏူပါယော သဒ္ဒနယော။ သဒ္ဒါကျမ်း၌လာသော အနက်ကို သိကြောင်းဖြစ်သော အကြောင်း တည်းဟု အနက်ပေးလေ။

---

● (၆) က-ပါကျမှ ဃ-ဝါကျ တိုင်အောင်သော ဝါကျ တို့ဖြင့် သိစေအပ်သော ကျမ်းဆရာ၏ နှလုံးသွင်း အာဘောဂကို သံဝဏ္ဏနာနှင့်တကွ ဖြေဆိုပါ။

ဖြေ။ ။က—ဝါကျဖြင့် သူကဏ်း၏ တောင်သို့တက်ခြင်းသည် အမြဲမဖြစ်သကဲ့သို့ အမြဲမဖြစ်သောအမှုသည် အစ္ဆရိယ မည်၏-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း[၁], အစ္ဆရိယသဒ္ဒါ၏ အနဘိဏှဝုတ္တိကအနက် (န+အဘိဏှ+ဝုတ္တိက)၌ ရှင်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၂], ဤဆိုအပ် ပြီးသော နည်း၏ သဒ္ဒါနည်း၏အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။ (ဤကား ဋီကာသစ်နှင့်အလျော်ဖော်သော အာဘော်တည်း။)

(ပ) ဘာဝတ္ထ (၂) နာမလိင်္ဂပဒ, နာမလိင်္ဂတ္ထ, ဝါ—သဒ္ဒတ္ထ, ကာဘိဓေယျတ္ထ။ (၃) ဘာဝတ္ထ။

တနည်း။ ။က—ဝါကျဖြင့် အစ္ဆရိယံ၌ ဆရိယ သဒ္ဒါ၏ နိစ္စ အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁], အစ္ဆရိယံပုဒ်ကို နဆရိယံ အစ္ဆရိယံဟု မိဿကတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏။ အဖြစ်ကို လည်းကောင်း[၂] သိစေပါသည်။ (ဤကား နိဿယဟောင်းဆရာတော်၏ အလိုအားလျော်သော အာဘော်တည်း။)

http://www.dhammadownload.com



(၁) နာမလိင်္ဂတ္ထ သဒ္ဒတ္ထ–အဘိဓေယျတ္ထ။

(၂) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ဝါ–သမာသလိင်္ဂပဒတ္ထ, ဝိဂြိုဟ်ပြ အဘိဓာနတ္ထ။

(ခ) ဝါကျ၌ အယံပန အဋ္ဌကထာနယောဖြင့် အစ္ဆရာယောဂ္ဂ ဟူသောနည်းသည် ပေါရာဏ အဋ္ဌကထာ၌လာသောကြောင့် အဋ္ဌကထာနည်း မည်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ဝါကျ၌ အစ္ဆရာယောဂ္ဂဖြင့် အစ္ဆရိယံ ပုဒ်ကို အစ္ဆရာယောဂ္ဂ အစ္ဆရိယံဟု ဥတ္တရပဒ လောပတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁], အစ္ဆရာ ယောဂ္ဂဟူလို လျက် ယောဂ္ဂသဒ္ဒါချေ, အစ္ဆရ သဒ္ဒါကို အစ္ဆရိယပြု၍ ရုပ်ပြီးသည်၏ အဖြစ်ကို လည်းကောင်း[၂], သိစေ ပါသည်။ (ဋီကာသစ် ပထမနည်းအာဘော်)

(၁) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ, သမာသလိင်္ဂပဒတ္ထ, အဘိဓာနတ္ထ။ (၂) ဘာဝတ္ထ။

တနည်း။ ။ အစ္ဆရာယောဂ္ဂဖြင့် အစ္ဆရိယံပုဒ်ကို အစ္ဆရာယောဂ္ဂ အစ္ဆရိယံဟု ယောဂ္ဂတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁] ဏိကပစ္စည်း၏ ယောဂ္ဂတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။ (ဋီကာသစ် ဒုတိယနည်းအာဘော်)

(၁) ဝိဂြိုဟ်ပြအဘိဓာနတ္ထ (၂) ပစ္စယတ္ထ။

(၁) ဝါကျ၌ အစ္ဆရံ ပဟာရိတုံ ယုတ္တံဖြင့် အစ္ဆရာပုဒ်နောင် စတုတ္ထီဝိဘတ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း[၁], အစ္ဆရသဒ္ဒါ၏အစ္ဆရပဟာရ အနက်ဟော၏ အဖြစ်ကိုလည်း ကောင်း[၂], ယောဂ္ဂသဒ္ဒါ၏ ယုတ္တအနက် ဟော၏ အဖြစ်ကိုလည်းကောင်း[၃]သိစေပါသည်။

(၁) ဝိဘတ္တိပဒ (၂) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ,အဘိဓေယျတ္ထ။

(၃) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။

ဂ–ဝါကျ၌ အဘူတပုဗ္ဗံဖြင့်–အဘူတံပုဒ်ကို–နဘူတံပုဒ်ကို–နဘူတံ အဘူတံဟု မိဿက တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း ကောင်း၊ အဘူတ၌ တပစ္စည်း၏ အတီတတ္ထ၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (ဋီကာသစ်အာဘော်)

http://www.dhammadownload.com



(၁) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ, သမာသလိင်္ဂပဒတ္ထ, ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။

(၂) ဒုတိယပစ္စယတ္ထ။

အဘူတပုဒ်၌ ဘူတံဟူသောပါဠ်ဖြင့် အဗ္ဘုတံပုဒ်ကို အဘူတံ ဘူတန္တိ အဗ္ဘုတံ ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း¹, အဘူတ ဘူတ ဟူလိုလျက် ဘူတသဒ္ဒါတပုဒ် ကျေသည်၏ အဖြစ်ကိုလည်းကောင်း² သိစေပါသည်။ (နိဿယဟောင်းအာဘော်)

(၁) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ, သမာသလိင်္ဂပဒတ္ထ, ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။ (၂) ဘာဝတ္ထ။

ဃ-ဝါကျဖြင့် အစ္ဆရိယ အဗ္ဘုတပုဒ်တို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း ဝစနတ္ထပြု၍ ယင်းတို့အရ ဝိမှယကိုကောက်ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

မှတ်ချက်။ ။ခ-ဂ-ဝါတို့ဖြင့် အစ္ဆရိယ, အဗ္ဘုတသဒ္ဒါတို့၏ ဝစနတ္ထပြသည်။ ဤ ဃ-ဝါကျဖြင့်ကား အဘိဓေယျတ္ထပြသည်ဟု ဆိုလိုသည်။

† တတ္ထ ပိ အနဘိဏှဝုတ္တိကေ အစ္ဆရိယသဒ္ဒေါ ဝုတ္တိတော ရုဠှီဝသေန၊ တေနေဝ ပါဟ "အန္ဓဿ ပဗ္ဗတာရောဟဏံ ဝိယာ" တိ အာဒိ။ (သီ-ဋီ-သစ်)

---

● (၇) အစ္ဆရိယသဒ္ဒါ, အဗ္ဘုတသဒ္ဒါတို့၏ နိရုတ္တိ နည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။အစ္ဆရိယ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား အစ္ဆရာယောဂ္ဂဟူလိုလျက် ယောဂ္ဂသဒ္ဒါကိုချေခြင်း ဝဏ္ဏလောပ,အစ္ဆရာသဒ္ဒါကို အစ္ဆရိယပြုခြင်းဝဏ္ဏဝိကာရဖြင့် အစ္ဆရိယဟု ပြီးပါသည်။

အဗ္ဘုတသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကား အဘူတ,ဘူတဟူလိုလျက် ဘူတသဒ္ဒါတခုကို ချေခြင်းဝဏ္ဏလောပ, အသဒ္ဒိသဒ္ဒေါ် ဗ-လာခြင်းဝဏ္ဏာဂမ, ဘူ၌ ဦကို ဥ ရဿပြုခြင်းဝဏ္ဏဝိကာရဖြင့် အဗ္ဘုတဟု ပြီးပါသည်။

http://www.dhammadownload.com



မှတ်ချက်။ ။ဝိမှယောကား ဝိ-ပုဗ္ဗ မှ်ဓာတ်။ တနည်း ဝိပုဗ္ဗ မဟ ဓာတ်,ဏျ ပစ္စည်း၊ ဏ အနုဗန်ချေ။ မ-ဥ္ဆ အ-ကိုချေ ကပ်၍ ဝိမှယပြီး သည်။ (ဓာတွတ္ထ+တိ-၃၃)

† အဿရှ ယောဂံ အဿရိယံ နိရုတ္တိနယေန ယောဂသဒ္ဒဿ လောပတော။ (ဋီ-သစ်)

---

(က) ယာဝဥ္စိဒန္တိ ယာဝဓ ဣဒံ။ တေန သုပ္ပဋိဝိဒိတတာယ အပ္ပမေယျတံ ဒဿေတိ။

(ခ) အရိနံ ဟတတ္တာ ပစ္စယာဒိနဥ္စ အရဟတ္တာ အရဟတာ။

(ဂ) သမ္မာ သာမဥ္စ သစ္စဓမ္မာနံ ဗုဒ္ဓတ္တာ သမ္မာသမ္ဗုဒ္ဓေန။

(ဃ) ဣတ်ိဟ မေတိ ဣတိဟ ဣမေ၊ ဧဝံ ဣမေတိ အတ္ထော။

(င) ဝိဒိတ္တာတိ သဗ္ဗညုတညာဏေန ဇာနိတ္တာ။ (၄ ၄၄-၄၅)

● (၂) ခ-ဝါကျနှင့်အညီ အရဟတာပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။အရယော ဟဟာ အနေနာတိ အရဟ တာ။ (အနေန ဘဂဝတာ၊ ဤမြတ်စွာဘုရားသည်။ အရယော၊ ကိလေ သာတည်းဟူသောရန်သူတို့ကို။ ဟတာ၊ သတ်အပ်ကုန်ပြီ။ ဣတိတသ္မာ၊ ထိုသို့ ကိလေသာတည်းဟူသော ရန်သူတို့ကို သတ်တော်မူတတ်သည်၏ အဖြစ်ကြောင့်။ သောဘဂဝါ၊ သည်။အရဟတာ၊ မည်၏။အဝုတ္တကတ္တု သာဓနေ၊ ဝါကျာဝဓိကန္တဝိဂ္ဂိုဟ်တည်း။)

တနည်း ဝစနတ္ထ။ ။အရယော ဟနတီတိ အရဟတာ။ (ယော ဘဂဝါ၊သည်။ အရယော၊ တို့ကို။ ဟနတိ၊ သတ်တော်မူတတ်၏။ ဣတိ တသ္မာ၊ သောဘဂဝါ၊ အရဟတာ။ဝုတ္တကတ္တုသာဓန-ဝါကျာဝဓိကန္တ ဝိဂ္ဂိုဟ်ပင်တည်း။)

ဝစနာဒိဆက္က။ ။ကိလေသာတည်းဟူသော ရန်သူတို့ကို သတ် တော်မူခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ မြတ်စွာဘုရားဖြစ် သည် ဝစနီယ မည်၏။ ဘဂဝတာ ဒုသဗလေန စသောပရိယာယ်သဒ္ဒါ သည် ဝစနီယတ္ထ မည်၏။

http://www.dhammadownload.com



မှတ်ချက်။ ။ဤကား အရိန် ဟတတ္တာနှင့်အညီ ဝိဂ္ဂဟ,ဆက္ကတို့တည်း။

ဝစနတ္ထ။ ။ပစ္စယာဒီနံ ပဋိဂ္ဂဟဏံ ပဋိဂ္ဂဟိတုံ ဝါ အရဟတီတိ အရဟတာ။ (ယောဘဂဝါ၊သည်။ ပစ္စယာဒီနံ၊ ပစ္စည်းစသည်တို့အား။ ဝါ၊ တို့ကို။ ပဋိဂ္ဂဟဏံ၊ ခံယူခြင်းကို။ ဝါ၊ ပဋိဂ္ဂဟိတုံ၊ခံယူခြင်းငှာ။ အရဟတိ၊ ထိုက်တော်မူ၏။ ဣတိ၊ သောဘဂဝါ၊ အရဟတာ။)

ဝစနာဒိဆက္က။ ။ပစ္စည်းအစရှိသည်တို့အား၊တို့ကိုခံယူခြင်းကို၊ ဝါ-ခံယူခြင်းငှာ ထိုက်တော်မူခြင်း ကြိယာသကတ်သည် ဝစနဟောတုမည်၏။

မှတ်ချက်။ ။ဤကား ပစ္စယာဒီနဥ္စ အရဟတ္တာနှင့်အညီ ဝိဂ္ဂဟဆက္ကတို့တည်း။ ဝစနိယစသည် ရှေးနည်းတူသိသာပြီ။

---

● (၅) အရိန် ဟတတ္တာ၌ ဟတတ္တာဟိတ်၏ သမ္ဗန်ကိုဖော်ပြ၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ။ဟတတ္တာဟိတ်၏ သမ္ဗန်ကား ဘဂဝတောတည်း။ ပစ္စယတ္ထကား ကတ္တုတ္ထာတည်း။ (ကတ္တား၊ သမ္ဗန်စပ်ပါ)

မှတ်ချက်။ ။ပါရာဇိကဏ်ဂဏ္ဌိသစ်, ဝင်းနိဿယသစ်တို့ အလိုအားဖြင့် ဟတတ္တာ၌ ဟတဟူသော ဘာဝယောဂပုဒ်ကို ကတ္တုရုပ်ကြံ၍ ဟတတ္တာ၊ သတ်တော်မူသည်၏ အဖြစ်ကြောင့် အနက်ပေးသည်။ အရယော ဟတာ အနေနာတိ အရဟတာ ဟု ဋီကာဝစနတ္ထလာရကား ဟတာကား ကမ္မရုပ်ဟု သံသယ မရှိလင့်၊ အဝုတ္တကတ္တုသာနေမည်သည် ဝါကျအခိုက်၌ ကံကို ဟောသော်လည်း ဣတိတသဒ္ဒာ ,ဟတတ္တာ ဟိတ်လှန်သောအခါ ထိုသို့ သတ်တော်မူတတ်သည်၏ အဖြစ်ကြောင့်ဟု ကတ္တုရုပ်ထင်သောကြောင့် ယင်းဂဏ္ဌိသစ်, နိဿယသစ်အလို သမ္ဗန်ကြံ၍ ဖြောင့်သည်။

သီလက္ခန်နိဿယသစ်, ပါရာဇိကဏ် နိဿယဟောင်းတို့ အလို ဟတတ္တာ၌ ဟတ ပုဒ်ကို ကမ္မရုပ်ကြံ၍ အနက်ပေးသည်။ ဤအလို အရိန်ကိုပင် သမ္ဗန်ခံရဖွယ်ရှိသည်။ ဘာဝယောဂ၏ ပစ္စယတ္ထကိုလည်း ကမ္မတ္ထဟု ယူဖွယ်ရှိသည်။ သို့သော် ပထမဝါဒကဲ့သို့ မရှင်းမဖြောင့်ပေ။ ဝိမံသိကာ ဝရမကဏ်။

http://www.dhammadownload.com



ပစ္စယာဓိနံ အရဟတ္တာ၊ သစ္စမဗ္ဗာနံ ဗုဒ္ဓတ္တာ ဟိတ်တို့၏ သမ္ဗန်ကား ဘာဂဝတော သာတည်း။ ပစ္စယတ္တလည်း၊ ကတ္တုတ္တတမျိုးသာ။ သံသယဖြစ်ဖွယ် မရှိပြီ။

---

● (၆)က-မှစ၍ င-တိုင်အောင်သော ဝါကျတို့၌ အာဘောဂတို့ကို ရေးသား၍ အကြောင်းပြနှင့်တကွ သံဝဏ္ဏနာအမည်တို့ကို ရေးပါ။

ဖြေ။ ။က-ဝါကျ၌ ယာဝစတ္တဒ်ဖြင့် ယာဝဦဒ်ကား ဝ-ထက်၌ နိဂ္ဂဟိတ်လာ၍လည်းကောင်း, စ-ဟူသော ဣဒ်-ဟူသောနှစ်ပုဒ်ကို စပ်သောအားဖြင့်လည်းကောင်း ပြီးသတည်းဟု သိစေပါသည်။

(သန္ဓိဖြစ်သော လိင်ပုဒ်တို့ကို ဖွင့်ပြသောကြောင့် သန္ဓိလိင်ပဒ သံဝဏ္ဏနာတို့ပင်တည်း။)

က-ဝါကျ၌ တေန "လ"ဒဿေတိဖြင့် ထိုယာဝဦဒ် သဒ္ဒါဖြင့် ထိုးထွင်း၍ သိအပ်သောဓမ္မဓာတ်၏ အဆုံးမရှိ မနိုင်းယှဉ်အပ်သည်အဖြစ်ကို ပြသတည်း ဟု သိစေပါသည်။

(အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။)

ခ-ဝါကျ၌ အရီနံ ဟတတ္တာဖြင့် အရဟံတာပုဒ်၏ အရိသဒ္ဒါုပပဒ ဟန ဓာတ်၏အဖြစ်ကိုလည်းကောင်း[၁], အရယော ဟတာ အနေနာတိ အရဟတာဟု အဝုတ္တကတ္တုသာဓနပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂], ကိုပစ္စည်း၏ အဝုတ္တကတ္တုသာဓန၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၃], သုတ်ကြီးဖြင့် နာဝိဘာတ်ကို တာ-ပြုသည်၏ အဖြစ်ကိုလည်းကောင်း[၄], အရိဟတာဟုဆိုလိုလျက် ရိ-၌ ဣ-ကို အ-ပြုသည်၏ အဖြစ်ကိုလည်းကောင်း[၅], သိစေပါသည်။ (ဋီကာသစ် ပထမဝိကပ်အလို)

(၁) ကိတ်ဓာတ်ကိုဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒ။
(၂) ဝိဂ္ဂိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျနတ္ထ။
(၃) ကိတ်ပစ္စည်းအနက်ကိုဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ။
(၄) နာမ်ဝိဘတ်၏ ကာရိယကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒ။

http://www.dhammadownload.com



ခ–ဝါကျ၌ အရိန္ ဟတတ္တာဖြင့် အရဟာတာပုဒ်၏ အရိသဒ္ဒူပပဒ ဟနဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁], အရယော ဟနတိတိ အရဟာတာ ဟဝုတ္တကတ္တုသာဓန ဝဓနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂], အန္တပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃] အရိဟတာ ဟူလိုလျက် ရိ–၌–ဣ–ကို အ–ပြုသည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေပါသည်။ (ဋီကာသစ် ဒုတိယဝိကပ်အလို)

(၁) ကိတ်ဓာတ်ကိုဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒ။
(၂) ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထ။
(၃) ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ။
(၄) နိရုတ္တိနည်း အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။

ခ–ဝါကျ၌ ပစ္စယာဒီနဉ္စ အရဟတ္တာဖြင့် အရဟာတာပုဒ်၏ အရဟာတ်အဖြစ်ကို လည်းကောင်း[၁], ပစ္စယာဒီနံ ပဋိဂ္ဂဏံ ပဋိဂ္ဂဟိတုံ ဝါအရဟာတိတိ အရဟာတာဟု ကတ္တုသာဓန ဝဓနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း အန္တပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃] ခံထိုက်၏ (အရဟာတာ) ဟူသည် သက်န်းစသောပစ္စည်း, ပူဇော်အထူး စသည် တို့ကိုခံထိုက်သတည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း[၄] သိစေပါသည်။

(၁) ကိတ်ဓာတ်ကိုဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒ။
(၂) ဝိဂြိုဟ်အနက်ကိုဖွင့်ပြသောကြောင့် အဘိဓာနတ္ထ။
(၃) ကိတ်ပစ္စည်းအနက်ကိုဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ။
(၄) အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။

ဂ–ဝါကျ၌ သမ္မာ သာမဉ္စ ဗုဒ္ဓတ္တာနှင့် သမ္မာသမ္ဗုဒ္ဓေန ပုဒ်ကို သမ္မာ သာမဉ္စ ဗုဒ္ဓတိတိ သမ္မာသမ္ဗုဒ္ဓေန ဟု ကတ္တုသာ ဓနဝဓနတ္ထပြုရ မည်၏ အဖြစ်ကိုလည်းကောင်း[၁], တပစ္စည်း၏ ကမ္မသာဓန၌ မသက်ကတ္တုသာဓန၌ သက် သည်၏ အဖြစ်ကိုလည်းကောင်း[၂] သံ သဒ္ဒါ၏ သမောဓနစသောအနက်ကို မဟော၊ သယမတ္ထကို ဟောသည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(၁) ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထ။
(၂) ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



(၃) ဥပသာရဖြစ်သော လိင်ပုဒ်၏အနက်ကိုဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ-ဝါကျ၌ သဗ္ဗဓမ္မာနံဖြင့် ဗုဓဓာတ်၏ သကမ္မက, ကမ္မာပေက္ခဖြစ်သောကြောင့် ယင်းသကမ္မက, ကမ္မာပေက္ခဖြစ်သော ဗုဓဓာတ်၏ ကံကို သဗ္ဗဓမ္မဟု ထည့်ရမည်၏အဖြစ်ကို သိစေပါသည်။ (သာမညအာဘော်)

(အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။)

**တနည်း။** ။ဂ-ဝါကျ၌ သဗ္ဗဓမ္မာနံဖြင့် ဗုဒ္ဓတ္တာ၌ ဗုဓဓာတ်အရ သိဟူသည် "ပဒေသဿ ဂဟဏေ ဟိ အသတိ ဂဟေတဗ္ဗဿ နိပ္ပဒေသတာ ဝိညာယတိ"ဟူသော ပရိဘာသာနှင့်အညီ ဗုဇ္ဈိတဗ္ဗဓမ္မ အရ တစိတ်တဒေသကို ယူခြင်းမရှိသောကြောင့် အလုံးစုံ အကြွင်းအကျန်မရှိ သိသတည်းဟု သိစေပါသည်။ (ဋီကာသစ်အာဘော်)

(အဓိပ္ပါယ်ရ အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။)

ဃ ဝါကျ၌ ဋ္ဌတိဟာ ဋ္ဌမေဖြင့် ဋ္ဌတိဟမေကား ဋ္ဌတိဟ ဟူသော ဋ္ဌမေဟူသောပုဒ်တို့ကိုစပ်သောအားဖြင့် ထားသတည်းဟုသိစေပါသည်။

(သန္ဓိ ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒ သံဝဏ္ဏနာ)

ဃ-ဝါကျ၌ ဝေံ ဋ္ဌမေတိ အတွေ့ဖြင့် ဋ္ဌတိနိပါတ်သည် ဟေတုပကာရစသော အနက်တို့ကိုမဟော, နိဒဿန အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ဟ-သဒ္ဒါ၏ နိပါတမတ္တ ပဒပူရဏအဖြစ်ကို လည်းကောင်း၊ ဓါ-ဟ, အာဂုံ၏အဖြစ်ကိုလည်းကောင်း၊ သန္ဓိ၏အစွမ်းဖြင့် ဋ္ဌမေ၌ ဋ္ဌ-ကိုချေ၍၊ ဝါ-အ ပြု၍ ဋ္ဌတိဟမေဟု ရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(၁) နိပါတ်ဖြစ်သော လိင်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထ။

(၂) နိပါတ်ဖြစ်သော လိင်ပုဒ်၏အနက်ကို ဖွင့်ပြရသာကြောင့် နိပါတလိင်္ဂတ္ထ၊ ဝါ သန္ဓိဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒ။

(၃) သန္ဓိဖြစ်သော လိင်ပုဒ်ကိုဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒ။

http://www.dhammadownload.com



င-ဝ ါကျ၌ သဗ္ဗညုတညာဏေန ဇာနိတ္ဗာဖြင့်, သိ၏ (ဇာနန) ဟူသည် စက္ခုဝိညာဏ်ဖြင့် သိသည်မဟုတ်, သဗ္ဗညုတဉာဏ် ဖြင့် သိသတည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း ဝိဒိတွာ၌ ဝိဒဓာတ်သည် ဝေဒိယန (ခံစားခြင်း) ဝိဇ္ဇမာန(ထင်ရှားရှိခြင်း)အနက်ကိုမဟော။ ဉာဏအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(၁) အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။

(၂) ကိတ်ဓာတ်အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတွတ္ထ။

---

● (၇)အရိန်ံဟတတ္တာ ဟိတ်ကိုထောက်ဆ၍ အရဟတာသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။နိရုတ္တိနည်းဖြင့်ရုပ်ပြီးပုံကား အရိသဒ္ဒူပ ပဒ-ဟနဓာတ်ကွိပစ္စည်း၊ (အရိ+ဟန+ကွိ) ဓာတွန္တသလောပေါက္ကွိမှိ-ဖြင့် ဓာတွန်ချေ, ကွိလောပေါစဖြင့် ကွိ ပစ္စည်းကိုချေ, နာဝိဘတ်သက်၍ အရိဟနာ ဖြစ်၏။ အရိ-၌ -ဣကို အ-ပြုခြင်း ဝဏ္ဏဝိကာရ,နာဝိဘတ်ကို တာပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် အရဟတာဟု ပြီးပါသည်။ (ဋီကာသစ် ပဌမဝိကပ်)

တနည်း။ ။အရိသဒ္ဒူပပဒ ဟန ဓာတ် အန္တပစ္စည်း (အရိ+ဟန+အန္တ) ဓာတွန်ကိုချေ,ကပ်၍ အရိဟန္တပြီးသည်။ နာဝိဘတ်သက်၊ တာတိဝ ာသသို့ နာသုဖြင့် နာဝိဘတ်နှင့်တကွ တာ ပြု၍ အရိဟတာ ပြီးသည်။ ထိုနောက် ရိ-၌ ဣ-ကို အ ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် အရဟတာဟု ပြီးပါသည်။ (ဋီကာသစ် ဒုတိယဝိကပ်)

† တေန အရယော ဟဟာ အနေနာတိ နိရုတ္တိနယေန ပဒသိဒ္ဓိ မာဟ။ အတော နာ ဝစနဿ တာဗျပ္ပဒေသော မဟာဝိသယေနာတိ ဒဋ္ဌဗ္ဗံ။

အပိစ အရယော ဟနတီတိ အန္တသဒ္ဒေန ပဒသိဒ္ဓိ, ဣကာရဿစ အကာရော။ (သီ-ဋီ-သစ်)

---

● (၈) အရိနံ ဟတတ္တာ၌ အရိနံအရကိုပြည့်စုံအောင်ရေးပါ။

ဖြေ။ ။အရိနံ အရကား ကိလေသာ တည်းဟူသော ရန်သူ။ တနည်း မာရ်ငါးပါး။ တနည်း သာသနပစ္စတ္ထိကဖြစ်သော အညတိတ္ထိတို့ကို ရပါသည်။

http://www.dhammadownload.com



† အရိနှ္တိ ကိလေသာရိန် ပဋ္ဌမာရာနံ ဝါ သာသနပစ္စတ္ထိကာနံ ဝါ အညတ္ထိယာနံ။ (သီ-ဋီ-သစ်)

● (ဂ) ဟတ္ထတလေ ထပိတံ အာမလကံ ဝိယဍ္ဍ အာမလကံ ပိယပုဒ်ကို ရှစ်ရှားသီးကဲ့သို့ အနက်သမ္မန်ရာသင့်မသင့်အကြောင်း ချင့်၍ ဆုံးဖြတ်ပါ။

ဖြေ။ ။အာမလကံဝိယပုဒ်ကို ရှစ်ရှားသီးကဲ့သို့ဟု အနက်မသမ္မန်သင့်ပါ။ အကြောင်းကား နတ္ထိ မလံ ဧတဿာတိ အမလံ။ အမလံယေဝ အာမလကံ ပြု၍ အညစ်အကြေးကင်းသော ပတ္တမြားကို ယူသင့်သောကြောင့်တည်း။ (သီလက္ခန် ဂဏ္ဌိ)

● (ဂ) သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာဟုဆိုရာ သဗ္ဗညုတ ဉာဏ်သည် တကြိမ်တည်းအလုံးစုံသော အာရုံကိုသိသလော, အစဉ်အတိုင်း အာရုံတမျိုးစီကို အာရုံပြု၍သိပါသလော ဖြေဆိုခဲ့ပါ။

ဖြေ။ ။သဗ္ဗညုတဉာဏ်သည် တပေါင်းတည်းပင်ဖြစ်စေ, အသီးအခြားပင်ဖြစ်စေ, အစဉ်အတိုင်းပင်ဖြစ်စေ, အလိုရှိသလို အလုံးစုံသော တရားတို့ကို သိနိုင်ပါသည်။ (အကြောင်းကား အစိန္တေယျဉာဏ်ဖြစ်သောကြောင့်တည်း။)

† ဗုဒ္ဓဝိသယော အစိန္တေယျံ။ ယာဝတကံ နေယျံ တာဝတကံ ဉာဏံ။ ယာဝတကံ ဉာဏံ တာဝတကံ နေယျံ။

† ဝေမေကဇ္ဈံ, ဝိသုံ, သကိံ, ကမေနဝါ, ဣစ္ဆာနုရူပံ ပဝတ္တသတာ ဉာဏေန ဝသေန သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ နာမ ဇာတော။ (ဋီကာသစ်)

● (ဂ) စတုဝေသာရဇ္ဇဝသေန၌ ဝေသာရဇ္ဇ ဉာဏ်လေးပါးသရုပ်ကို ဖော်ပြ၍ နာနာဓိမုတ္တိကဉာဏ်နှင့် သဗ္ဗညုတဉာဏ်, ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့ တူသလော, တူးသလော ရေးသားခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။စေတောရဇ္ဇဉာဏ် လေးပါးကား အန္တရာယိက ဓမ္မဉာဏ်, နိယျာနိက ဓမ္မဉာဏ်, အာသဝက္ခယဉာဏ်,သဗ္ဗညုတဉာဏ်တို့တည်း။

နာနဓိမုတ္တိကဉာဏ် နှင့် သဗ္ဗညုတဉာဏ် တူပါသည်။ ဤကား ဋီကာဟောင်းအလိုတည်း။

တနည်း။ ။နာနာဓိမုတ္တိကဉာဏ်ဟူသည် ဒသဗလဉာဏ်တို့တွင် ပဉ္စမဗလဉာဏ်တည်း။ထို့ကြောင့် နာနာဓိမုတ္တိကဉာဏ်နှင့် သဗ္ဗညုတဉာဏ် မတူပါ။ (ဤကား ဋီကာသစ်အလိုတည်း။)

ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကား မတူပါ။ ဒသဗလဉာဏ်သည် မိမိကိစ္စကိုသာ သိသည်။ သဗ္ဗညုတဉာဏ်ကား ဒသဗလဉာဏ်ကိစ္စကို လည်း သိသည်။ ထိုမှတပါး ကြွင်းသောကိစ္စကိုလည်း သိသည်။

† နာနာဓိမုတ္တိကတာဉာဏေနာတိ စေတ္ထ သဗ္ဗညုတညာဏံ အဓိပ္ပေတံ။ န ဒသဗလဉာဏန္တိ အာဟ သဗ္ဗညုတညာဏေ နာတိ။ (ဋီ-ဟောင်း)

† ပဉ္စမဗလသင်္ခါတေန နာနာဓိမုတ္တိကတာ ဉာဏေနစ သဗ္ဗညုတညာဏေနစ ဝိဒိတာတိ အတ္ထော။ (ဋီ-သစ်)

† ဒသဗလဉ္ဟိ သကကိစ္စ မေဝ ဇာနာတိ။ သဗ္ဗညုတညာဏမ္ပန တမ္ပိ တတော အဝသေသမ္ပိ ဇာနာတိ။ (ဋီ-သစ်)

---

● (ဂ) မုခဓောဝနာဒိသရီရပရိကမ္မံ ကတွာဖြင့် မြတ်စွာဘုရားသည် နံနက်စောစောထ၍ မျက်နှာသစ်ခြင်း စသော ကိုယ်လက်သုတ်သင်ခြင်း အမှုကို အဘယ့်ကြောင့် ပြုပါသနည်း။ မြတ်စွာဘုရား၏ မျက်နှာတော်၌ မကောင်းသော အနံ့ စသောအပြစ်ဒေါသ ရှိသောကြောင့် ယင်းသို့ ကိုယ်လက် သုတ်သင်ရပါသလော။

ဖြေ။ ။အလုပ်အကျွေး တို့ကို ချီးမြှောက် လိုသောကြောင့် လည်းကောင်း, သရီရဖာသုကဖြစ်လိုသောကြောင့်လည်းကောင်း ယင်းသို့ ကိုယ်လက်သုတ်သင်ခြင်းအမှုကို ပြုတော်မူပါသည်။ မကောင်းသော အနံ့ စသော အပြစ်ဒေါသရှိသောကြောင့် ယင်းသို့ ကိုယ်လက်သုတ်သင်ခြင်းအမှုကို ပြုသည်မဟုတ်ပါ။ မှန်၏။ ကမ္ဘာများစွာက ဆည်းပူးခဲ့

http://www.dhammadownload.com



သော ပုညသမ္ဘာရကြောင့်ဖြစ်သော မြတ်စွာဘုရား၏ မျက်နှာတော် မြတ်သည် ဒုဂန္ဓစသော အပြစ်ဒေါသမတင် ဂ.င်းစင်သည်သာတည်း။ (အဋ္ဌကထာ,ဋီကာသစ်)

မှတ်ချက်။ ။ဥပဋ္ဌာကာနုဂ္ဂဟတ္ထံ စသည် ထ္ထံ-ဖြင့် ရှိသည်ကို ကြောင့်- ပြင်၍ ပုစ္ဆာထုတ်သည်။ အရာရာ ဤနည်းတူ ကြံပါ။

* တုံ ထ္ထံ လည်းကောင်း၊ ရှိတုံရှောင်း၊ အကြောင်းလည်းပြန် လေ။ (သစ်)

---

(ဂ) မြတ်စွာဘုရားခြေတော်ချရာ၌ မြေညီညွတ်ခြင်း တန်ခိုးပြာဋိဟာဖြစ်၏ဟုဆိုရာ အခြားဖြစ်သင့်သော ပြာဋိဟာတို့ကို ဖော်ပြ၍ ပဒုမပုပ္ဖါနိဝါ ပါဒေ သမ္ပဋိစ္ဆန္တိ၌ ဝိကပ်အနက်ရှိသော ဝါသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ။"သမာဝ ဘူမိ ဟောတိ" မြေညီညွတ်ခြင်း ဖြစ်၏ဟူသော အဋ္ဌကထာ စကားသည် နိဒဿနမျှသာဖြစ်ရကား မြတ်စွာဘုရား ခြေတော်ချရာ၌ ကျောက်စရစ်, အိုးခြမ်း, ဆူး, ငြောင့်, ရွှံ့, ညွန်စသည်တို့ ဖဲရှောင်ခြင်း ကင်းရှင်းခြင်း တန်ခိုးပြာဋိဟာတို့လည်း ဖြစ်ပါသည်။ (ဋီကာသစ်)

ဝိကပ်အနက်ရှိသော ဝါ-သဒ္ဒါဖြင့် ပဒုမာကြာပန်းတို့ ခြေတော် ဦခံလင့်ကြကုန်၏ဟူသည် အမြဲမဟုတ်။ မြေညီညွတ်၍ ဆူးငြောင့်စသည် တို့ကင်းမူ ပဒုမာကြာပန်းတို့ မခံကြကုန်ဟု မြတ်စွာဘုရား၏ အလို အတိုင်း ဖြစ်ခြင်းကို သိစေပါသည်။ (ဋီကာသစ်)

မှတ်ချက်။ ။မြေညီညွတ်ခြင်း စသည်ကား သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာ၏ အကျိုးဆက်တည်း။ တန်ခိုးဖြင့် ဖန်ဆင်းခြင်း ဣဒ္ဓိနိမ္မာန မဟုတ်ချေ။

---

(ဂ)ကေစိ ပဗ္ဗဇိတ္ဗာ အဂ္ဂဖလေ အရဟတ္တေဟု အဋ္ဌကထာ ဖွင့်ရာ ရဟန်းပြုမှသာလျှင် အရဟတ္တဖိုလ်ကိုရနိုင်သည်။ လူ့ဘာဝ ဖြင့် အရဟတ္တဖိုလ်ကို မရနိုင်ဟု ပြုခြင်းငှာ ပဗ္ဗဇိတ္ဗာဟု ဆိုပါ သလော။ အဘယ်ကိုပြခြင်းငှာ ပဗ္ဗဇိတ္ဗာဟု ဆိုပါသနည်း။

http://www.dhammadownload.com



ဖြေ။ ။အရဟတ္တဖိုလ်သို့ရောက်ကုန်သောသူတို့၏ ရဟန်းအသွင်သို့ ရောက်ခြင်းကိုပြခြင်းငှာ ပဗ္ဗဇိတွာဟုဆိုသည်။ လူပုဂ္ဂိုလ်တို့၏ အရဟတ္တဖိုလ်ကို ရခြင်းကို တားမြစ်ခြင်းငှာ ဆိုသည်မဟုတ်ပါ။

မှတ်ချက်။ ။လူ့ဘဝဖြင့် အရဟတ္တဖိုလ်ကိုရလျှင် ရဟန်းပြုရ၏။ ရဟန်းမပြုလျှင် လူ့အသွင်ကယုတ်ညံ့၍အရဟတ္တဖိုလ်က မြတ်သောကြောင့် ပရိနိဗ္ဗာန်စံရသည်။ ယင်းသို့ဖြစ်မှု အရဟတ္တဖိုလ်က ပုဂ္ဂိုလ်ကို သတ်သလော စေ့ဆော်သလော စဉ်းစားဖွယ်ရှိ၏။ အရဟတ္တဖိုလ်၏ အပြစ်မဟုတ်။ လိင်ဒုဗ္ဗလ၏ အပြစ်ဖြစ်ရကား ယင်းသို့ မစေ့ဆော်သင့်ဟူလို။ (ဋီကာ-သစ်)

---

● (၇) ဒုလ္လဘာငါးပါးကိုပြရာ၌ ဒုလ္လဘာသဒ္ဓါသမ္ပတ္တိဟု ရှိရသင့်၊ မသင့် ယှဉ်တွဲ၍ ဖြေဆိုပါ။

ဖြေ။ ။သဒ္ဓါသာလျှင် ဒုလ္လဘာဖြစ်သည်မဟုတ်။ ပတိရူပဒေသဝါသ,ဣန္ဒြိယဝေကလ္လစသည်တို့သည်လည်း ဒုလ္လဘာပင်ဖြစ်ရကား ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိဆိုခြင်းသည် မသင့်ပါ။ ဒုလ္လဘာသမ္ပတ္တိဟု ဆိုမှသာလျှင် သင့်ပါသည်။

† ပေါတ္ထကေသု ပန ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိတိ ပါဠော ဒိဿတိ။ သော အယုတ္တော ဝ။ (သီ-ဋီ-သစ်)

---

ပရိဗ္ဗာဇက ကထာအဖွင့်

(က) ယေနာတိ ယေန ဒိသာဘာဂေန သော ဥပသင်္ကမိတဗ္ဗော။
(ခ) ဘုမ္မတ္ထေဝါ တော် ကရဏဝစနံ။
(ဂ) ယသ္မိံ ပဒေသေ သော မဂ္ဂလမာဏ္ဍော၊ ကတ္ထ ဂတောတိ အယမေတ္ထတ္ထော။ (ဋ္ဌ-၄၉)

●(၆)က·ခ·ဂ·ဝါကျတို့၌ အာဘော်သံဝဏ္ဏနာတို့ကိုရေးပါ။

ဖြေ။ ။က-ဝါကျ၌ ဒိသာဘာဂေနဖြင့် ယေန၌ ယသဒ္ဒါသည် ပုဂ္ဂလစသည်ကိုမစွဲ၊ အရပ်မျက်နှာတို့ကို စွဲသတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

က-ဝါကျ၌ သောဖြင့် မဂ္ဂလမာဍ္ဍဟူသည် တပါးသော မဂ္ဂလမာဍ္ဍမဟုတ်၊ဆိုအပ်ပြီးသောရဟန်းတို့ စည်းဝေးရာမဂ္ဂလမာဍ္ဍပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



က-ဝါကျ၌ ဥပသင်္ကမိတဗ္ဗောဖြင့် ပါဠိတော်၌ ယေနပုဗ္ဗ,မင်္ဂလမာဠွောပုဗ္ဗတို့ကို ဥပသင်္ကမိတဗ္ဗော ဟူသော ပါဌသေသနှင့် စပ်ရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ၊ ဝါ-သမ္ဗန္ဓ)

ခ-ဝါကျဖြင့် ယေနနှင့် နာဝိဘတ်သည် ဟိတ်စသော အနက်၌ မသက်။ သတ္တမျတ္ထ၌ သက်သတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

ဂ-ဝါကျ၌ ယသ္မိံ ပဒေသေဖြင့် ယေနနှင့် နာဝိဘတ်၏ သတ္တမျတ္ထ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[1], ယသဒ္ဒါ၏ ပဒေသကိုစွဲသည်၏ အဖြစ်ကိုလည်းကောင်း[2] သိစေပါသည်။

(၁) ဝိဘတျတ္ထ။ (၂) သမ္ဗန္ဓာမလိင်္ဂတ္ထ။

ဂ-ဝါကျ၌ တတ္ထဂတောဖြင့် တေနုပသင်္ကမိဝယ် နာဝိဘတ်၏ သတ္တမျတ္ထ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[1], ဝါ-ဥပယောဂတ္ထ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[2], ဥပသင်္ကမနသည် သွားဆဲ ဂမန, သွားပြီး၍ရောက်ခြင်း ဥပဂမနနှစ်မျိုးတို့တွင် ဥပသင်္ကမိအရ သွားဆဲ ဂမနကိုယူရမည်၏ အဖြစ်ကိုလည်းကောင်း[3], ဥပသင်္ကမိ၌ ဥပဟူသော ဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[4], ကမုဓာတ်၏ လာခြင်း ဂတိအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[5] သိစေပါသည်။

(၁) ဝိဘတျတ္ထ။ (၂) ဝိဘတျတ္ထ။
(၃) သရုပ်ကြားအဘိဓေယျတ္ထ။
(၄) ဥပသဂ္ဂလိင်္ဂတ္ထ။ (၅) ဓာတွတ္ထ။
† ဥပသင်္ကမနသဒ္ဒေန ဂမနံ ဥပဂမနဥ္စာတိ ဒွိဓာ အတ္ထော ဣဓ ပန ဂမနမေဝ။ (သီ-ဋီ-သစ်)

---

(က) တတ္ထ ကာယနုတ္တာတိ ကတမာယနုံ ကထာယ သန္နိသိန္နာ ဘဝထာတိ အတ္ထော။
(ခ) ကာယနေတ္ထာတိပိ ပါဠိ၊ တဿာ ကတမာယနု ဧတ္ထာတိ အတ္ထော။
(ဂ) ကာယနောတ္ထာတိပိ ပါဠိ၊ တဿာပိ ပုရိမောယေဝတ္ထော။
(ဃ) အန္တရာကထာတိ ကမ္မဋ္ဌာန မ[illegible]ိကာရ ဥဒ္ဒေသပရိပုစ္ဆာဒီနံ အန္တရာ အညာ ဧကာ ကထာ။

http://www.dhammadownload.com



( ၈ ) ဝိပ္ပကထာတိ မမာဂမနပစ္စယာ အပရိနိဋ္ဌိတာ သိခံ အပတ္တာ။ (၄၄ ၄၉-၅၀)

● (၂) ဃ-ဝါကျ၌ ဖန္တရာသဒ္ဒါကို ဝေမဇ္ဈအနက်, အညံ အနက်ဟော ကြ၍ အန္တရာသဒ္ဒါမှ ကမ္မဋ္ဌာန "လ" ပရိပုဏ္ဏာဝီနံ ပုဒ်သို့ သုဒ္ဓသဒ္ဒအနုသန္ဓေမျှ စာထွက်ခဲ့ပါ။

ဖြေ။ ။ဝေမဇ္ဈအနက်ဟောခိုက် စာထွက်ပုံ

ဤသို့ အန္တရာပုဒ်ဖြင့် သမ္မန္ဓိကိုပြတော်မူပြီး၍ ယခုအခါ၌ ယင်း သမ္မန္ဓိ၏ သမ္ဗန်ကိုပြခြင်းငှာ၊ ဝါ-ပြလိုသော ဆရာသည် ကမ္မဋ္ဌာန "လ" ပရိပုဏ္ဏာဝီနံ ဟူသော ပုဒ်ကိုမိန့်။

မှတ်ချက်။ ။အန္တရာသဒ္ဒါ ဝေမဇ္ဈ အနက်ဟောခိုက် အလယ်, အကြားဟူသည် အဘယ်တို့၏ အလယ်,အကြားနည်းဟု သမ္ဗန်ကို ငဲ့ရကား ကမ္မဋ္ဌာန "လ" ပုဏ္ဏာဝီနံ၌ နံဝိဘတ်သည် သာမျတ္ထတည်း။

အည အနက်ဟောခိုက် စာထွက်ပုံ

ဤသို့ အန္တရာ ဟူသောပုဒ်ဖြင့် အပါဒီကို ပြတော်မူပြီး၍ ယခု အခါ၌ ယင်းအပါဒီ၏ အပါဒါန်ကိုပြခြင်းငှာ၊ ဝါ-ပြတော်မူလိုသော ဆရာသည် ကမ္မဋ္ဌာန "လ" ပရိပုဏ္ဏာဝီနံ ဟူသောပုဒ်ကိုမိန့်။

မှတ်ချက်။ ။အန္တရာသဒ္ဒါ အညအနက်မောခိုက် တပါးဟူသည် အဘယ်တို့မှ တပါးနည်းဟု အပါဒါန်ကို ငဲ့ရကား ကမ္မဋ္ဌာန "လ" ပုဏ္ဏာဝီနံ၌ နံ ဝိဘတ်သည် နိဿက္ကတ္ထ(အပါဒါနတ္ထ)တည်း။ ဤဝါကျ တို့ကား ပက္ခန္တရ ဝါကျတို့ဖြစ်၍ အတက် လွယ်ကူသောကြောင့်လည်း ကောင်း၊ တက်နည်းတို့ကို နောက်က ရေးပြီးကို မှီး၍ သိလောက် သောကြောင့်လည်းကောင်း မရေးပြီ။

---

● (၃) ဝေ‌ံ နိသိန္နော ပန ဇာနန္တော‌ဝေ ကထာ သမုဋ္ဌာ ပနတ္ထံ ဘိက္ခူ ပုစ္ဆိ-ဝါကျကို စောဒကာသောဂ စသည်ထုတ်၍ အန္တ ဆုသဒ္ဒါ၏ အဏ္ဏုဒ္ဓါရ, အတ္ထုဒ္ဓေလတို့ကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။စတုက္ကထုတ်ပုံ

နနု ဧဝံ နိသိန္နော(ဘဂဝါ)ဇာနန္တောယေဝ ပေ့ာတိ။ (စော+ဘော)

အထ ကသ္မာ ဘိက္ခူ ပုစ္ဆိ။ (စော)

နနု ကထာသမုဋ္ဌာပနတ္ထံ ဟောတိ။ (ပရိ+ဘော)

(တသ္မာ) ဘိက္ခူ ပုစ္ဆိ။ (ပရိ)

မှတ်ချက်။ ။ပုစ္ဆန၊ မေးခြင်းသည်။ ကထာသမုဋ္ဌာပနတ္ထံ၊ စကားကို ဖြစ်စေခြင်းအကျိုးရှိသည်။ ဟောတိနနု၊ ဖြစ်သည်မဟုတ်လော ဟု အနက်ပေးပါ။

အန္တရသဒ္ဒါ၏ အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသ

အန္တရသဒ္ဒါသည် အလယ်,အဝတ်ပုဆိုး, တပါး, အခွင့်, အရာ, အပိုင်းအခြား,အကြောင်း,ခြားရာ,ပျက်ခြင်း,အထူး, အပေါက်, စိတ်ဟူသောအနက်တို့ကို ဟောပါသည်။ (အတ္ထုဒ္ဓါရ)

ဤအရာ၌ ဝေမဇ္ဈ အလယ်ဟူသောအနက်,အညတပါးဟူသော အနက်တို့ကို ဟောပါသည်။ (အတ္ထုဒ္ဒေသ)

† အန္တရံ မဇ္ဈ, ဝတ္ထ, ည၊
ခဏော, ကာသော, ဓိ, ဟေတုသု။
ဗျဝဓာနေ ဝိနဋ္ဌေစ၊
ဘေဒေ ဆိဒ္ဒေ မနသျပိ။ (အဘိဓာန်)

* သဒ္ဒါတပါး၊ နက်များထုတ်ပြ၊ အတ္ထုဒ္ဓါရ၊ မှန်မှုချ။
* လိုရာအနက်၊ ပြလျက်ထွက်က၊ အတ္ထုဒ္ဒေသ၊ ယင်းဝါကျ။
(တွင်းကြီးနိုယ်)

---

● (၄) ၄-ဝါကျ၌ ဂိပ္ပကတာပုဒ်ကို အစိတ် အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။အစိတ်ဝစနတ္ထ။ ။ပကာရေန ကရဏံ ပကတော။ တနည်း။ ကရဏံ ကာတော၊ ပကာရေန ကတော ပကတော။

http://www.dhammadownload.com



**အပေါင်းဝစနတ္ထ**။ ။ပကတတော ဝိဂတာတိ ဝိနကတာ။(ပကတတော၊ အပြားအားဖြင့်ပြုခြင်းမှ။ ဝိဂတာ၊ ကင်းသည်တည်း။ ဝါ၊ ကင်းသောစကားတည်း။ ဣတိ၊ ဝိပ္ပကတာ။) (ပဉ္စမီတပ္ပုရိသ်သမာသ်)

**ဝစနာဒိဆက္က**။ ။အပြားအားဖြင့်ပြုခြင်း၏ ကင်းသောစကားဖြစ်နှင့် အပါဒါန် အပါဒီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတုမည်၏။ အပြားအားဖြင့်ပြုခြင်းမှ ကင်းသောစကားဖြစ်သည် ဝစနီယမည်၏။ အပရိနိဋ္ဌိတဝါစာ စသောပရိယာယ်သဒ္ဒါသည် ဝစနတ္ထမည်၏။

**တနည်းအပေါင်းဝစနတ္ထ**။ ။ဝိဂတံ ပကတံ ယဿာတိ ဝိပ္ပကာ။ (ယဿာကထာယ၊ အကြင်စကားအား။ ဝိဂတံ၊ ကင်းသော။ ပကတံ၊ အပြားအားဖြင့် ပြုခြင်းသည်။အတ္ထိ၊ ရှိ၏။ ဣတိ၊ သာကထာ၊ ဝိပ္ပကတာ။ ဗဟုဗ္ဗီဟိ။)

**ဝစနာဒိဆက္က**။ ။ကင်းသောအပြားအားဖြင့် ပြုခြင်း၏စကားဖြစ်နှင့် ဂုဏ်ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတု မည်၏။ ကင်းသောအပြားအားဖြင့် ပြုခြင်းရှိသော စကားဖြစ်သည် ဝစနီယမည်၏။ (ကြွင်းလွယ်ပြီ)

**မှတ်ချက်**။ ။ပထမဝိဂ္ဂဟအလို ဝိပ္ပကတာပုဒ်ကို ဝိပ္ပကတာ၊ အပြားအားဖြင့် ပြုခြင်းမှကင်းသော။ ကထာ၊ စကားသည်။ ကာစပန၊ အဘယ်နည်းဟု ယောဇနာ။

ဒုတိယဝိဂ္ဂဟအလို ဝိပ္ပကတာ၊ကင်းသောအပြားအားဖြင့်ပြုခြင်းရှိသော။ ကထာ၊စကားသည်။ ကာစပန၊ အဘယ်နည်းဟု ယောဇနာ။

ပကတာ ဟုတ္ဝာ ဝိစ္ဆိန္နာ ဝိပ္ပကတာတိ အာဟ "အပရိနိဋ္ဌိတာဝ ဟုတွာ ဌိတာ"တိ—ဟူသော ပါထိကဋီကာ ဥဒုမ္ဗရိကသုတ်ဋီကာအလို ပကတာ ဟုတွာ ဝိစ္ဆိန္နာ ဝိပ္ပကာဘာဟု ဝစနတ္ထပြု။ပ-ဥပသာရကား ပဋိသေဓဇောတကတည်း။ ပကကာ၊ ပြုအပ်ပြီးမဟုတ်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိစ္ဆိန္နာ ပြတ်သောစကားတည်းဟု အနက်ပေး။

ဤအလို ဝိပ္ပကတာ၊ ပြုအပ်ပြီးမဟုတ်ပဲ ပြတ်စဲသော။ ကထာ၊ စကားသည်။ ကာစပန၊ အဘယ်နည်းဟု အနက်ယောဇနာ။

http://www.dhammadownload.com



● (၆) တ-မှ ငေ-တိုင်အောင်သော ဝါကျတို့ဖြင့် သိစေအပ်သော အာဘော်, သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ကတမာယနုဖြင့် ကာယ၌ ကိံသဒ္ဒါ၏ ကတမတ္ထကို ဟောသည်၏အဖြစ်ကိုလည်းကောင်း³, နုသဒ္ဒါ၏ ပုစ္ဆာဇောတက၏ အဖြစ်ကိုလည်းကောင်း² သိစေပါသည်။

(၁) သမ္ဗန္ဓာမလိင်္ဂတ္ထ။ (၂) နိပါတလိင်္ဂတ္ထ။

က ဝါကျ၌ ကထာယ သန္ဓိသိန္ဓာ-ဖြင့် အစပ်သမ္ဗန္ဓကို သိစေပါသည်။ (ဘာဝတ္ထ+သမ္ဗန္ဓ)

က-ဝါကျ၌ ဘဝထဖြင့် အတ္ထ၌ အသခါတ်သည် ဘက္ခန, ဒိဋ္ဌိ အာဒိနုစသော အနက်တို့ကိုမဟော။ ပဝတ္တနတ္ထဟောသည်၏ အဖြစ်ကိုလည်းကောင်း³, တ္ထ သဒ္ဒါ၏ ထ-ဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း², အတ္ထ သဒ္ဒါသည် နာမ်ပုဒ်မဟုတ်၊ ကြိယာဝါစက အာချာတ ယုပ်၏ အဖြစ်ကိုလည်းကောင်း³ သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) ဒုတိယဝိဘတ္တိပဒ။ (၃) ဘာဝတ္ထ။

ခ-ါကျ၌-ကာယနေတ္ထာတိပိပါဠိဖြင့် ကာယနုတ္ထဟူသာပါဠိရှိသည်မဟုတ်သေး။ ကာယနေတ္ထဟူ၍လည်း ပါဌန္တရ ရှိသေးသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ကတမာယ ဖြင့် ကာယ၌ ကိံသဒ္ဒါ၏ ပုစ္ဆာဝါစက၏အဖြစ်ကိုလည်းကောင်း³, နု တ္ထေဖြင့် နေတ္ထကို န တ္ထေ, နေ တ္ထေ စသည် ပဒစ္ဆေဒ မပြုရ၊ နု တ္ထေဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုလည်းကောင်း² သိစေပါသည်။

(၁) သမ္ဗန္ဓာမလိင်္ဂတ္ထ။ (၂) သန္ဓိလိင်္ဂပဒ။

ဂ-ဝါကျ၌ ကာယနောတ္ထာတိပိပါဠိဖြင့် ကာယနုတ္ထ ဟူ၍လည်းကောင်း၊ ကာယနေတ္ထ ဟူ၍လည်းကောင်း ပါဠိရှိသည် မဟုတ်သေး။ ကာယနောတ္ထဟူ၍လည်း ပါဌန္တရ ရှိသေးသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ တဿာပိ ပုရိမေ ယေဝတ္ထောဖြင့် သန္ဓိ၏အစွမ်းဖြင့် နု-၌ ဥ-ကို ဩ ပြု၍ပြီးရကား ကာယနောတ္ထပါဠိ၏ အနက်သည် ကာယနုတ္ထပါဠိ၏အနက်နှင့် အတူတူပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



## အန္တရာသဒ္ဒါ အညတ္ထဟောခိုက်

ဃ-ဝါကျ၌ အညာဖြင့် အန္တရသဒ္ဒါသည် ဝတ္ထု,စကာ,ဩမိစသော အနက်တို့ကိုမဟော။ အညတ္ထကို ဟောသတည်းဟု သိစေပါသည်။

(နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ, ဝါ-အဓိပ္ပေတတ္ထ။)

ဃ-ဝါကျ၌ ကောဖြင့် အညာသဒ္ဒါသည် ကော၏ ပရိယာယ် တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ကမ္မဋ္ဌာန "လ" ပုစ္ဆာဓိနံဖြင့် အန္တရ သဒ္ဒါ အညတ္ထ ဟောခိုက် အပါဒါန်ကိုငဲ့ရကား ယင်းအန္တရဟူသောအပါဒိ၏အပါဒါန် ကား ကမ္မဋ္ဌာန "လ" ပုစ္ဆာဓိနံပင်တည်းဟု သိစေပါသည်။ ဝါ-အန္တရ (တပါး)ဟူသည် ကမ္မဋ္ဌာန်းကိုနှလုံးသွင်းခြင်း,ပါဠိသင်ခြင်း,အဋ္ဌကထာ သင်ခြင်းစသည်တို့မှ တပါးသော စကားပင်တည်းဟု သိစေပါသည်။

(ဘာဝတ္ထ၊ ဝါ-ဘာဝတ္ထ)

## အန္တရာသဒ္ဒါ ဝေမဇ္ဈဟောခိုက်

ဃ-ဝါကျ၌ အညာဖြင့် ထိုရဟန်းတို့ ပြောဆိုသော စကားသည် ကမ္မဋ္ဌာန်းကိုနှလုံးသွင်းခြင်း, ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း စသည် တို့၏ အကြား၌ ဖြစ်သောကြောင့် ထိုကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း, ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်းမှ တပါးတည်း၊ ဝါ-တပါးသော စကားတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ကောဖြင့်တပါး (အညာ) ဟူသည် ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း, ပါဠိသင်ခြင်း,အဋ္ဌကထာသင်ခြင်း စသည်တို့နှင့် မရော သှက်သောကြောင့် အသီးအခြား တပါးသာလျှင် တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ကမ္မဋ္ဌာန "လ" ပုစ္ဆာဓိနံဖြင့် အန္တရသဒ္ဒါဝေမဇ္ဈ ဟောခိုက် သမ္ဗန်ကိုငဲ့ရကား ယင်းသမ္ဗန္ဓာပေက္ခ အန္တရသဒ္ဒါ၏ သမ္ဗန် ကား ကမ္မဋ္ဌာန "လ" ပုစ္ဆာဓိနံပင်တည်းဟု သိစေပါသည်။ ဝါ-အကြား (အန္တရ)ဟူသည် ကမ္မဋ္ဌာန်းကိုနှလုံးသွင်းခြင်း,ပါဠိသင်ခြင်း,အဋ္ဌကထာ သင်ခြင်းတို့၏ အကြားပင်တည်းဟု သိစေပါသည်။

(ဘာဝတ္ထ၊ဝါ-ဘာဝတ္ထ)

http://www.dhammadownload.com



င-ဝါကျ၌ မမာဂမနပစ္စယာဖြင့် အပရိနိဋ္ဌိတာ (မပြီးဆုံးသေး) ဟူသည် ငါဘုရားကြွလာခြင်းကြောင့် မပြီးဆုံးသေးဟု အပရိနိဋ္ဌိတ၏ အကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

င-ဝါကျ၌ အပရိနိဋ္ဌိတာဖြင့် ဝိပ္ပကတာပုဒ်ကို "ပကာရေန ကရဏံ ပကတော။ ပကတတော ဝိဂတာ ဝိပ္ပကတာ။ တနည်း ဝိဂတံ ပကတံ ယဿာတိ ဝိပ္ပကတာဟု ဝစနတ္ထပြု၍ ဝိပ္ပကတာအရ မပြီးဆုံးသေးသော အပရိနိဋ္ဌိတစကားကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

င-ဝါကျ၌ သိခံ အပတ္တာဖြင့် ပြီးဆုံးခြင်း (ပရိနိဋ္ဌ) ဟူသည့် အထွတ်အထိပ်ပင် ဖြစ်သတည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း (အ+ပရိနိဋ္ဌ+ဣ+တ) ဣဓာတ်၏ရောက်ခြင်း ပါပုဏနအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ အပရိနိဋ္ဌိတာပုဒ်ကို န ပရိနိဋ္ဌာ အပရိနိဋ္ဌာ၊ အပရိနိဋ္ဌံ ဣတာ ဂတာ ပတ္တာတိ အပရိနိဋ္ဌိတာဟု အယုတ္တသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) ဒုတိယာတ္ထ။ (၃) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ,ဝါ-သမာသလိင်္ဂပဒတ္ထ,ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။

---

● (၈) သင်္ဂါယနာတင်သောအခါ ဘုရားဟောစကားကိုသာလျှင် တင်သင့်၏။ အဘယ်အကျိုးငှာ ဧဝံ မေ သုတံ စသော နိဒါန်းစကားကို ထည့်သွင်း၍ သင်္ဂါယနာတင်ပါသနည်း။

ဖြေ။ ။ယူလွယ်စေခြင်း အကျိုးငှာ ဧဝံ မေ သုတံ စသော နိဒါန်းစကားကို ထည့်သွင်း၍ သင်္ဂါယနာတင်ပါသည်။ (အဋ္ဌကထာဝါဒ။)

တနည်း။ ။ဒေသနာတော်ကြာမြင့်စွာ တည်ပါစေခြင်းအကျိုးငှာလည်းကောင်း, ဒေသနာတော်၌ မတွေဝေစေခြင်း အကျိုးငှာလည်းကောင်း, သဒ္ဓါတရား တိုးပွားစေခြင်းငှာလည်းကောင်း, သတ္တုသမ္ပတ္တိကို ပြခြင်းငှာ လည်းကောင်း, သာသနသမ္ပဒါကို ပြခြင်းငှာ လည်းကောင်း, သတ္ထုပမာဏကိုပြသဖြင့် ထာသနာတော်၏ ပမာဏကိုပြခြင်း

http://www.dhammadownload.com



ငှာလည်းကောင်း, ဝေ ဓေ သုတ် စသော နိဒါန်းစကားကို ထည့်သွင်း၍ သင်္ဂါယနာတင်ပါသည်။ (ဋီကာဝါဒ)

မှတ်ချက်။ ။ဤမျှဖြင့် ဗြဟ္မဇာလသုတ် အဋ္ဌကထာ အဇ္ဈတ္တိရ နိဒါန်း၌ အဖြေတို့ကို ပြဆိုရေးသားခဲ့ပေပြီ။ စူဠသီလကို ဖွင့်ရာ အဋ္ဌကထာ၌ အဖြေတို့ကို ဆက်၍ရှုလော့။

† ဒေသနာစိရဋ္ဌိတတ္ထံ၊
အသမ္မောဟာယ ဘာသိတံ။
သဒ္ဒါယ စာပိ နိဒါန်း၊
ဝေဒေဟေန ယသဿိနာ။ ။
သတ္ထု သမ္ပတ္တိယာစေဝ၊
သာသန သမ္ပဒါယစ။
တဿ ပမာဏ ဘာဝတ္ထ၊
ဒဿနတ္ထမ္ပိ ဘာသိတံ။ (ဋီကာသစ်)
† သုခါဝ ဂဟဏတ္ထံ "ဓေ" နိဒါန် ဘာသိတံ။ (အဋ္ဌကထာ)

---

(က) ဣဒါနိ "မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုန္တိ အာဒိနာ နယေန ဘဂဝတာ နိက္ခိတ္တဿ သုတ္တဿ ဝဏ္ဏနာယ ဩကာသော အနုပ္ပတ္တော။

(ခ) သာ ပနေသာ သုတ္တဝဏ္ဏနာ ယသ္မာ သုတ္တနိက္ခေပံ ဝိစာရေတွာ ဝုစ္စမာနာ ပါကဋာ ဟောတိ၊ တသ္မာ သုတ္တနိက္ခေပံ တာဝ ဝိစာရယိဿာမ။

(ဂ) စတ္တာရော ဟိ သုတ္တနိက္ခေပါ အတ္တဇ္ဈာသယော, ပရဇ္ဈာသယော, ပုစ္ဆာဝသိကော, အဋ္ဌုပ္ပတ္တိကောတိ။ (ဠ-၅၀)

● က·ဝါကျ၌ ဘိက္ခဝေပုဒ်ကို သဒ္ဒါနည်း စာစပ်၍ ခ·ဝါကျသို့ နည်းထုံးကျကျ ထပ်နာဝိက ပုစ္ဆာတက်ပါ။
ဖြေ။ ။အာလုပ်ပုဒ်စာစပ်ပုံ

ဘိက္ခဝေ·ကား အိုဟု အနက်ပေးသောကြောင့် ဘာသေယျုံ၌ ကြိယာဝိသေသန။ ဘာသေယျုံကား ကြိယာဝိသေသျတည်း။

http://www.dhammadownload.com



* အာလုပ်နက်မှတ်၊ ကြိယာမှာဇပ်၊ ဖြစ်လတ်ကြိယာဝိသိသ်။
(စာစပ်နိယံ)

တနည်း။ ။ဘိက္ခဝေ-ကား အိုး-ဟု အနက်ပေးသောကြောင့် အာလုပ်ပုဒ်တည်း။ အာလုပ်ပုဒ်ကို တပါးသောပုဒ်နှင့် မစပ်အပ်၊ သဇီဝ အာလုပ်, နိဇ္ဇီဝ အာလုပ်တို့တွင် သဇီဝ အာလုပ်ဘည်း။ (စာစပ်နည်း အဖြေ)

## ထပနာတိကပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ယခုအခါ မမံဝါစသော နည်းဖြင့် မြတ်စွာဘုရား ထားအပ် (ဟောအပ်) သောသုတ်ကို ဖွင့်ခြင်းငှာ၊ ဝါ-ဖွင့်ခြင်း၏ အခွင့်သည် အစဉ်အားဖြင့် ရောက်၏ဟု ဆိုတော်မူ၏။

ယင်းသို့ သုတ်ကိုဖွင့်ခြင်း၏ အခွင့်သည် အစဉ်အားဖြင့် ရောက်သော် သုတ်ကိုသာလျှင် ဖွင့်အပ်သည် မဟုတ်ပါလော။

အဘယ့်ကြောင့် (ကသ္မာ) သုတ္တနိက္ခေပကို ရှေးဦးစွာစိစစ်အံ့ဟု ဆရာဆိုပါသနည်းဟု သူမေးဖွယ်ရှိ၍ ထိုအမေးကို အကြောင်းပြ၍ ဖြေတော်မူလိုသောဆရာသည် ခ-ဝါကျကိုမိန့်၊

အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် သုတ်အဖွင့်၏ သုတ္တနိက္ခေပကို စိစစ်၍ ဆိုအပ်သော် ထင်ရှားသည်၏ အဖြစ်ကြောင့် သုတ်အဖွင့်မှ ရှေးဦးစွာ သုတ္တနိက္ခေပကို စိစစ်ကုန်အံ့ဟု ငါပြဆို၏ဟူလို။

မှတ်ချက်။ ။တက်လတ္တံ့ဝါကျ၌ ယသ္မာ တသ္မာအဖြေကိုရှုရ၍ အဘယ့်ကြောင့် (ကသ္မာ)ဟု ပုစ္ဆာထုတ်သည်။ တသ္မာ၏နောက် သုတ္တနိက္ခေပံ တာဝ ဝိစာရယိဿာမ အဖြေကိုရှောင်၍ "သုတ်ကိုသာလျှင် ဖွင့်အပ်သည် မဟုတ်လော"ဟု အာဘော်ဆင်ရသည်။ အဓိပ္ပါယ်ပြန်ရာ၌ ယသ္မာ တသ္မာ ဝါကျကို ပေါင်း၍ပြန်သည်။ ပါဠိလျှောက်အနက် အတိုင်းမပြန်ရ။ ဤ ခ-ဝါကျ၏ ပိဏ္ဍတ္ထကိုရေးခဲ့ပါဟု မေးလျှင်လည်း အဓိပ္ပါယ်ပြန်အတိုင်းသာ ရေးရသည်။ ယသ္မာ တသ္မာ ဝါကျတွေ့တိုင်း ဤနည်းကိုမှီး၍ တက်ပါ။

http://www.dhammadownload.com



"ယသ္မာနေ္တာက်၊ တသ္မာရောက်သော်၊ ရှေ့နောက်မျှော်၊ အာဘော် အကြောင်းပြသတည်း"။ "တသ္မာကို၊ ကြောင်းပြဆိုမူ၊ ထိုတသ္မာ၊ နောက်၌သာ၊ လိုရာအရကောက်" ဟူသော နိယံတို့နှင့်အညီ စတုက္ကထုတ်ရာ၌ ယသ္မာတသ္မာအတွင်း၌ ပရိဟာရဘောဂကိုလည်းကောင်း, တသ္မာအပြင် ဝိစာရယိဿာမတိုင်အောင် စောဒနာ၊ သို့မဟုတ် ပရိဟာရကိုလည်းကောင်း, တွေ့ရပေလိမ့်မည်။ က-ဝါကျကို စောဒကာ ဘောဂ ထုတ်လိမ့်မည်။

---

● (၃) က-ခ ဝါကျတို့၌ ရသင့်သောစောဒကာ ဘောဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။စောဒကာဘောဂါဒိစတုက္က

နနု ဟူဒါနိ "မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ"န္တိ အာဒိနာ နယေန ဘာဂဝတာ နိက္ခိတ္တဿ သုတဿ ဝဏ္ဏနာယ ဩကာသော အနုပ္ပတ္တော။ (စော+ဘော)

အထ ကသ္မာ သုတ္တနိက္ခေပံ တာဝ ဝိစာရယိဿာမာတိ ဝုတ္တံ။ (စော)

နနု သာ သော သုတ္တဝဏ္ဏနာ သုတ္တနိက္ခေပံ ဝိစာရေတွာ ဝုစ္စမာနာ ပါကဋာ ဟောတိ။ (ပရိ+ဘော)

(တသ္မာ) သုတ္တနိက္ခေပံ တာဝ ဝိစာရယိဿာမာတိ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။ခ-ဝါကျ၌ ပန-သဒ္ဒါ ယသ္မာ တသ္မာ သဒ္ဒါတို့ကို ပယ်၍ နနုသွင်း၍ ရေးသည်။

---

● (၄) ခ-ဝါကျ၌ သုတ္တနိက္ခေပပုဒ်ကို ရသင့်သမျှ အစိတ် အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထတို့ကိုသာ ဝစနာဒိ ဆက္ကခွဲပေပါ။

ဖြေ။ ။ဝစနတ္ထ။ ။နိက္ခိပနံ ကထနံ နိက္ခေပေါ။ (အစိတ်)

သုတ္တဿ နိက္ခေပေါတိ သုတ္တနိက္ခေပေါ။ တံ သုတ္တနိက္ခေပံ။ (အပေါင်း)

ဝစနာဒိဆက္က။ ။သုတ်တရား၏ ဟောခြင်း ကြိယာနှင့် အာရုံ အာရမ္မဏိက, ကမ္မ ကမ္မီအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဝစနဟောတု

http://www.dhammadownload.com



မည်၏။ သုတ်ကိုဟောခြင်း ကြိယာဒြပ်သည် ဝစနီယ မည်၏။ သုတ္တဒေသနံ, သုတ္တကထနံစသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။

မှတ်ချက်။ ။ဤဝိကပ်အလို သုတ္တနိက္ခေပ၊ သုတ်ကိုထားခြင်းကို၊ ဝါ-သုတ်ကိုဟောခြင်းကိုဟု အနက်ပေး၏။

တနည်းဝစနတ္ထ။ ။နိက္ခိပီယတီတိ နိက္ခေပေါ။ (ဒါစိတ်) သုတ္တဉ္စ မေ နိက္ခေပေါတိ သုတ္တနိက္ခေပေါ။ တံ သုတ္တနိက္ခေပံ။(အပေါင်း)

ဝစနာဒိဆက္က။ ။သုတ်တရား၏ ဟောအပ် ထားအပ်သော ဒေသနာသာမညနှင့်ဝိသေသန,ဝိသေသျအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟောတုမည်၏။ ဟောအပ်ထားအပ်သော သုတ်ဒြပ်သည် ဝစနီယ မည်၏။ ဝစနီယတ္ထ ထူပြီ။

တနည်းဝစနတ္ထ။ ။နိက္ခိပီယတိ သုတ္တံ ဧတေနာတိ နိက္ခေပေါ။ (အစိတ်) သုတ္တဿ နိက္ခေပေါတိ သုတ္တနိက္ခေပေါ။ တံ သုတ္တနိက္ခေပံ။ (အပေါင်း)

ဝစနာဒိဆက္က။ ။သုတ်တရား၏ ထားကြောင်း ဟောကြောင်း ဖြစ်သော အဇ္ဈာသယ စသည်တို့နှင့် အကျိုးအကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတုမည်၏။သုတ်ကိုဟောခြင်း၏အကြောင်း ဖြစ်သော အဇ္ဈာသယစသော ဒြပ်သည် ဝစနီယမည်၏။ ဝစနီယတ္ထ ထူပြီ။

---

(၂) ၁ ဝါကျ၌ တသ္မာနေသင်သမ္ဗန္ဓမ်အားအားလျော်စွာ ဖြစ်သင့်သောဟိတ်ပုဒ်ကိုဖော်ပြ၍ ဟိတ်၏သမ္ဗန်ကိုလည်းရေးပါ။

ဖြေ။ ။ဖြစ်သင့်သော ဟိတ်ကား ပါကဋတ္တာတည်း။ ယင်းဟိတ်ပုဒ်၏ သမ္ဗန်ကား တာယ တော်ယ သုတ္တဝဏ္ဏနာယတည်း။

မှတ်ချက်။ ။"တသ္မာနေသင်၊ဟိတ်ကိုဆောင်၊တူအောင်အနက်ကြံ"ဟူသောနိယံနှင့်အညီ တသ္မာ ပါကဋတ္တာဟု ဟိတ်ဖြစ်လာပေသည်။ သမ္ဗန်ကား ပါကဋာနှင့် ဟုလျတ်ဖြစ်သော သာ,သော သုတ္တဝဏ္ဏနာကို ခံသည်။ ဝုစ္စမာနတ္တာဟု ဟိတ်ပြင်လျှင်လည်း ၎င်းကိုပင် သမ္ဗန်ခံပါ။

---

http://www.dhammadownload.com



● (၇) ပုဗ္ဗာဝသိကေသု၌ ရသင့်သော ဝိပလ္လာသကိုဖော်ပြ၍ အဋ္ဌုပ္ပတ္တိ၌ နိရုတ္တိနည်းကို ဖော်ပြပါ။

ဖြေ။ ။ပုဗ္ဗာဝသိကေသု၌ ရသင့်သောဝိပလ္လာသကား ပုဗ္ဗာသိကံဟု နပုလ္လိင်နှင့်နေလိုလျက် နိက္ခေပသဒ္ဒါကိုငဲ့၍ ပုဗ္ဗာဝသိကေဟု ပုံမှိုင်ဖြင့်ထားသောကြောင့် လိင်ဝိပလ္လာသနည်းရပါသည်။

အဋ္ဌုပ္ပတ္တိကား — အတ္ထုပ္ပတ္တိဟု ဆိုလိုလျက် တ္ထ-ကို ဋ္ဌ-ပြု၍ ဋ္ဌုပ္ပတ္တိဟုပြီးရကား ဝဏ္ဏဝိကာရနိရုတ္တိနည်းတည်း။

တနည်း။ ။ဂ–ဝါကျဖြင့် ပုထုဇ္ဇနာပုဒ်ကို ပုထု နာနာ ပရိဠာ ဟေဟိ ဇနီယန္တိ ပရိဠယန္တီတိ ပုထုဇ္ဇနာ ဟု သဒ္ဒကမ္မသာဓန ကိတန္တတတိယာသမာသ်ရိယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း၊ အ–ပစ္စည်း၏ သဒ္ဒကမ္မသာဓနေ၌ သက်သည်၏အဖြစ်ကိုင်း၊ ဇနဓာတ်၏ ပရိဠယနတ္ထ၏ အဖြစ်ကိုင်း၊ ပုထုအရ နာနာပရိဠာဟတို့ကို ယူရမည်၏ အဖြစ်ကိုင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

(၂) ဒုတိယာပစ္စယတ္ထ။ (၃) ဓာတွတ္ထ။ (၄) သရုပ်ကြွေးအဘိဓေယျတ္ထ။

---

(က) ပုထု ပဉ္စသု ကာမဂုဏေသု ရတ္တာ, ဂိဒ္ဓါ, ဂထိတာ, မုစ္ဆိတာ, အဇ္ဈောသန္နာ, လဂ္ဂါ, လဂ္ဂိတာ, ပလိဗုဒ္ဓါတိ ပုထုဇ္ဇနာ။

၁၂၄

http://www.dhammadownload.com



(၁) ပုထု ပဥ္စဟိ နီဝရဏေဟိ အာဝုဋ္ဌာ, နိဝုဋ္ဌာ, ဖုဋ္ဌာ, ပြဖုဋ္ဌာ, ပိဟိတာ, ပဋိစ္ဆန္နာ ပဋိကုဇ္ဇိတာတိ ပုထုဇ္ဇနာ။ (၄-၅၉)

က-ဝါကျဖြင့် ပုထုဇ္ဇနာ၌ ဇနပုဒ်ကို ဇာယတိတိဇနော ဟု ဝစနတ္ထပြု၍ ဇနအရ ရာဂ, ဂေဓစသည်ကိုယူရမည်ကိုင်း¹, ပုထုနှင့် ဇနကို ပုထု နာနာဝိဓော ဇနော ရာဂါဒိကော ဧတေသန္တိ ပုထုဇ္ဇနာ ဟု စတုတ္ထီဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း² သိစေပါသည်။

(၁) သရုပ်ကြွေးအဘိဓေယျတ္ထ။ (၂) ဝိဂ္ဂဟ်ပြ အဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

တနည်း။ ။က-ဝါကျဖြင့် ပုထုနှင့် ဇနာကို ပုထူသုဇနာ ပုထုဇ္ဇနာ ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း¹, ပုထုအရ ပဥ္စကာမဂုဏ်ကိုယူရမည်၏ အဖြစ်ကိုင်း², ဇနသဒ္ဒါ၏ ရာဂါဒိအတ္ထကို ဟောသည်၏ အဖြစ်ကိုင်း³, ဝါ-ရတ္တစသည်တို့၏ ဝေပုစ်စကားလှယ် ပရိယာယ်၏ အဖြစ်ကိုင်း⁴ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

(၂) သရုပ်ကြွေးအဘိဓေယျတ္ထ။ (၃) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။

(၄) ပရိယာယ်ပြအဘိဓေယျတ္ထ။

မှတ်ချက်။ ။ရတ္တာဂိဒ္ဓါတိအာဒိ ပရိယာယဝစနံ ဟူသော ဋီကာသစ်နှင့်အညီ ဂိဒ္ဓါကား ရတ္တာ၏ပရိယာယ်ဘည်း စသည်အဆင့်ဆင့် ဖော်နိုင်သည်။ ဤဋီကာအကျဉ်းမျှသာဖော်သည်။ ပလိဗုဒ္ဓါကား ပရိဗုဒ္ဓါ ဟူလိုလျက် ရ-ကို လ-ပြု၍ ပလိဗုဒ္ဓါပြီးသည်။ ပါလိဗုဒ္ဓလုံကွဲသို့တည်း။

ခ-ဝါကျဖြင့် ပုထုဇ္ဇနာ၌ ဇနပုဒ်ကို ဇာယန္တိ ဧတေဟီတိ ဇနာ ဟု ဝစနတ္ထပြု၍ ဇနအရ နီဝရဏတို့ကိုယူရမည်၏ အဖြစ်ကိုင်း¹, ပုထုနှင့် ဇနကို ပုထု နာနာဝိဓာ ဇနာ နီဝရဏာ ဧတေသန္တိ ပုထုဇ္ဇနာ ဟု စတုတ္ထီဗဟုဗ္ဗိဟိ သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း² သိစေပါသည်။

(၁) သရုပ်ကြွေးအဘိဓေယျတ္ထ။ (၂) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

http://www.dhammadownload.com



တနည်း။ ။ခ-ဝါကျ၌ဖြင့် ပုထုနှင့် ဇနာ ကို ပုထူဟိ ဇနာ မုထုဇ္ဇနာဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို ၎င်း၁ ပုထုအရ နိဝရဏတို့ကိုယူရမည်၏အဖြစ်ကို၎င်း၂၊ ဇနသဒ္ဒါ၏ အာဝရဏာဒိအတ္ထကိုဟောသည်၏ အဖြစ်ကို၎င်း၃၊ ဝါ-အာဝုဋ္ဌာ စသည်တို့၏ ဝေဝုစ် စကားလှယ်ပရိယာယ်၏ဖြစ်ကို၎င်း၇ သိစေပါသည်။

(၁) ဝိဂြိုဟ်ပြုအဘိဓာနတ္တ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဘာရုပ်ကြားအဘိဓေယျတ္ထ။ (၃) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။ (၄) ပရိယာယ်ပြုအဘိဓေယျတ္ထ။

မှတ်ချက်။ ။အာဝုဋ္ဌာတိအာဒိပိ ပရိယာယဝစနမေဝ ဟူသော ဋီကာသစ်နှင့်အညီ နိဝုဋ္ဌာကား အာဝုဋ္ဌာ၏ ပရိယာယ်တည်း စသည် အဆင့်ဆင့်ဖော်နိုင်သည်။ ဤ၌အကျဉ်းမျှသာဖော်သည်။ အာဝုဋ္ဌာကား အာပုဗ္ဗ ဝုဓာတ် တ-ပစ္စည်း၊ အာဝုတာဟူလိုလျက် တ-ကို ဌ-ပြု၍ အာဝုဋ္ဌာပြီးသည်။ နိဝုဋ္ဌာလည်းနည်းတူ။ ပိဟိတာ ကား အပိ-ပုဗ္ဗ ဓာ ဓာတ်+တပစ္စည်း။ (အပိ+ဓာ+တ)အပိ-၌ အ-ကိုချေ၊ ဓာ-၌ ဓ-ကို ဟ-ပြု၊ အာ ကို ဣ-ပြု၊ ဟကို ဣသို့ကပ်၍ ပိဟိတ-ဟုပြီးသည်။ နိရုတ္တိနည်းဖြင့် ပြီးသည်ဟု မှတ်ပါ။

---

(က) ပုထူနံ ဂဏနပထ မတီတာနံ အရိယဓမ္မ ပရမ္မုခါနံ နီစဓမ္မ သမာစာရာနံ ဇနာနံ အန္တောဂဓတ္တာပိ ပုထုဇ္ဇနော။
(ခ) ပုထုဝါယံ ဝိသုံယေဝ သင်္ချံ ဂတော ဝိသံသဋ္ဌော သီလသုတာဒိ ဂုဏယုတ္တေဟိ အရိယေဟိ ဇနေဟီတိ ပုထုဇ္ဇနော-တိ။ (ဋ္ဌ-၅၉)

● (၆) က-ခ-ဝါကျတို့၌အာဘောဂ သံဝဏ္ဏနာကိုဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ပုထူနံ ဇနာနံ အန္တောဂဓတ္တာဖြင့် ပုထုဇ္ဇနော-၌ ဇနသဒ္ဒါကို ဇာယတီတိ ဇနောဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကို၎င်း၁,အ-ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏အဖြစ်ကို၎င်း၂, ပုထုနှင့် ဇနောကို ပုထူသု နီစဓမ္မသမာစာရေသု ဇနော ပုထုဇ္ဇနော ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို၎င်း၃ သိစေပါသည်။

http://www.dhammadownload.com



(၁) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

**တနည်း။** ။က-ဝါကျ၌ ပုထူနံ ဇနာနံ အဂ္ဂေါ ဂဏ္ဍောဖြင့် ပုထုနှင့် ဇနော-ကို ပုထူနံ အဗ္ဘန္တရေ ဇနော ပုထုဇ္ဇနော ဟု မဇ္ဈေလောပ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

(ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။)

**တနည်း။** ။က-ပါကျ၌ ပုထူနံ ဇနာနံဟု ပုထုနှင့်ဇနကို ဝိဘတ်တူဖွင့်ပြရကား ပုထုနှင့် ဇနော ကို ပုထု ဗဟုလော ဇနော ပုထုဇ္ဇနော ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟုသိစေပါသည်။

(ဝိဂ္ဂိုဟ်ပြု အဘိဓာနတ္ထ,သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။)

**မှတ်ချက်။** ။ဤအာဘော်ကား "သမာနဝိဘတ္တိက၊ ဖွင့်၍ပြ၊ ကမ္မဓာရယကြံစရာ"ဟူသော နိယံနှင့်ညီသည်။ ဤက-ဝါကျသည် ဒုဝေ ပုထုဇ္ဇနာ စသောဂါထာဝယ် တတိယပါဒကို ဖွင့်သည်။ အန္ဓပုထုဇန်၏ ဝိဂ္ဂဟကို ပြသည်။

က-ဝါကျ၌ ကြွင်းကုန်သော ဂဏနပထ မတီတာနံ အရိယဓမ္မ ပရမ္မုခါနံ နီစဓမ္မသမာစာရာနံ ဖြင့် ဇန-ဟူသည် ရေတွက်ခြင်း၏ အကြောင်းကို လွန်ကုန်သော အရိယာတို့၏တရားမှ မျက်ကွယ်ဖြစ်ကုန်သော ယုတ်သော အကျင့်ရှိကုန်သော သူတို့တည်းဟု သိစေပါသည်။

(ဘာဝတ္ထ)

ခ-ဝါကျ၌ ပုထုဝါယံ ဝိသုံယေဝ သင်္ချံ ဂတော ဝိသံသဋ္ဌောဖြင့် ပုထုနှင့် ဇနောကို ပုထု ဝိသံသဋ္ဌောဇနော ဇနော ပုထုဇ္ဇနော ဟု ပါဒိ ပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း, ပုထုနိပါတ်၏ ဝိသံသဋ္ဌတ္ထ ဟော၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။
(၂) နိပါတလိင်္ဂတ္ထ။

ခ-ဝါကျ၌ သီလသုတာ "လ"ဇနေဟိဖြင့် ဝိသံသဋ္ဌ-(မရောနှော) ဟူသည် သီလ,သုတ စသော ဂုဏ်တို့နှင့်ယှဉ်ကုန်သော အရိယာပုဂ္ဂိုလ်တို့နှင့် မရောနှောဟုသိစေပါသည်။(ဘာဝတ္ထ)

http://www.dhammadownload.com



မှတ်ချက်။ ။ဤ ၁-ဝါကျဖြင့် ဒုဝေ ပုထုဇ္ဇနာ စသောဂါထာ၌ စတုတ္ထပါဒကို ဖွင့်သည်ဟု ဋီကာသစ်ဆို၏။ထို့ကြောင့် ပုထုဇ္ဇနောကို ကလျာဏပုထုဇန်ရအောင် ဤ ၁-ဝါကျ ဝစနတ္ထ အတိုင်း ပြုသင့်၏။

ဤ-ပုထုဇ္ဇနော အဖွင့်၌ အဘော်တို့ကား ဋီကာသစ်နှင့် အညီ ဖော်သည်။ နိသျဟောင်း, ဂဏ္ဌိတို့၌ အထူးထူး အပြားပြား ရေးသားကြသော်လည်း ရှုပ်ထွေးအံ့စိုး၍ မရေးသားလိုက်ပေ။

---

တထာဂတဃာတိ အဋ္ဌဟိ ကာရဏေဟိ ဘဂဝါ တထာဂတော။

(၁) တထာ အာဂတောတိ တထာဂတော။
(၂) တထာ ဂတောတိ တထာဂတော။
(၃) တထ လက္ခဏံ အာဂတောတိ တထာဂတော။
(၄) တထ ဓမ္မေ ယာထာဝတော အဘိသမ္ဗုဒ္ဓေါတိ တထာဂတော။
(၅) တထ ဒဿိတာယ တထာဂတော။
(၆) တထ ဝါဒိတာယ တထာဂတော။
(၇) တထာ ကာရိတာယ တထာဂတော။
(၈) အဘိဘဝနဋ္ဌေန တထာဂတော။ (ဋ္ဌ-၅၉)

● (၆) ဖော်ပြပါ ၁-မှ ၈- တိုင်အောင်သော ဝါကျတို့၌ အဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။၁-ဝါကျ၌ တထာ အာဂတော-ဖြင့် တထာဂတောပုဒ်ကို တထာ အာဂတောဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုရှင်း၁, တထာ-ဂတောပုဒ်ကို တထာ အာဂတောတိ တထာဂတောဟု ပါဒိပုဗ္ဗပဒကမ္မ-ဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရှင်း, သိစေပါသည်။

(၁) သန္ဓိလိင်ပဒ။ (၂) ဝိဂ္ဂဟ်ပြ အဘိဓာနတ္ထ,'သမာသလိင်-ပဒ,သမာသလိင်တ္ထ။

မှတ်ချက်။ ။ဤ ၁-ဝါကျ အလို တထာဂတော၊ ဝိပဿီ စသော ရှေးဘုရားတို့နှင့်အတူ ကြွလာတော်မူသောဘုရား ဟု အနက်ပေး။ "ပဌိပဒါဂမနတ္ထော အာဂတသဒ္ဒေါ ဒဋ္ဌဗ္ဗော"ဟု ဋီကာသစ်ဖွင့်ရ

http://www.dhammadownload.com



ကား ရှေးဘုရားတို့ကဲ့သို့ ကျင့်တော်မူသည်ကို တထာအာဂတောဟု ဆို သည်၊ လာခြင်း သာမည မဟုတ်ပေ။

၂-ဝါကျ၌ တထာဂတောဖြင့် တထာဂတောပုဒ်ကို တထာ-တပုဒ်, ဂတော-တပုဒ် ကြံ၍ တထာ ဂတောတိ တထာဂတောဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

(ဝိဂ္ဂိုဟ်ပြ အဘိဓာနတ္ထ,သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။)

**မှတ်ချက်။** ။တထာဂတော၊ ဝိပဿီ စသော ရှေးဘုရားတို့ အတူ ကြွသွားတော်မူတတ်သောဘုရား ဟု အနက်ပေး။

၃-ဝါကျ၌ တထလက္ခဏံ အာဂတောဖြင့် တထာဂတော ပုဒ်ကို တထံ အာဂတောဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုင်း[၁], တထ-အရ ထို ထိုတရားတို့၏ မှန်ကန်သော သဘောလက္ခဏာကိုယူရမည်၏အဖြစ်ကိုင်း[၂], တထနှင့်အာဂတောပုဒ်ကို တထံ အာဂတောတိ တထာဂတော ဟု ဒုတိ ယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း[၃] သိစေပါသည်။

(၁) သန္ဓိလိင်္ဂပဒ။ (၂) သရုပ်ကြား အဘိဓေယျတ္ထ။

(၃) ဝိဂ္ဂိုဟ်ပြ အဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

**မှတ်ချက်။** ။တထာဂတော၊ ထိုထိုတရားတို့၏ မှန်ကန်သော လက္ခဏာသို့ ဉာဏဂတိဖြင့် ရောက်တော်မူသောဘုရားဟု အနက်ပေး။

၄-ဝါကျ၌ တထဓမ္မေ ယာထာဝတော အဘိသမ္ဗုဒ္ဓေါဖြင့် တထာ ဂတောပုဒ်ကို တထ အာဂတောဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုင်း[၁],တထ အရ မှန်ကန်သောသစ္စာဓမ္မတို့ကို ယူရမည်၏အဖြစ်ကိုင်း[၂], အာဂတော၌ ဂမုဓာတ်သည် ဂမနတ္ထမဟုတ်၊အဘိသမ္ဗုဒ္ဓတ္ထ၏အဖြစ်ကိုင်း,[၃] တထ ပုဒ် နှင့် အာဂတပုဒ်ကို တထေ တထဓမ္မေ အာဂတော အဘိသမ္ဗုဒ္ဓေါတိ တထာဂတောဟု ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို ငင်း[၄] သိစေပါသည်။

(၁) သန္ဓိလိင်္ဂပဒ။ (၂) သရုပ်ကြား အဘိဓေယျတ္ထ။ (၃) ဒုတိယ ဓာတွတ္ထ။

(၄) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ,သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ။တထာဂတော၊ မဖောက်မပြန် မှန်ကန်သောသစ္စာလေးပါးတရားတို့ကို မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် သိတော်မူသောဘုရား ဟုအနက်ပေး။

၅-ဝါကျ၌ တထဒဿိတာယဖြင့် တထာဂတောပုဒ်ကို တထတော ဂတော တထာဂတောဟု ပဥ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း[၁], ဂမုဓာတ်၏ဒဿနအနက်၏ အဖြစ်ကိုငင်း[၂] သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဒုတိယဓာတွတ္ထ။

**မှတ်ချက်။** ။တထာဂတော၊ မဖောက်မပြန်သောအားဖြင့်မြင်တော်မူတတ်သောမြတ်စွာဘုရား ဟု အနက်ပေး။ ဤကား နိသျဖောင်းဆရာ့အလိုတည်း။ တထာဂတော အကျယ်အဖွင့်နှင့်မညီဟုထင်သည်။

**တနည်း။** ။၅-ဝါကျ၌ တထဒဿိတာယဖြင့် တထာဂတောပုဒ်ကို ယထာရူပါရမ္မဏာဒယောဓမ္မာ, ယံ သဘာဝါ, ယံ ပကာရာစ, တထာ တေ ဓမ္မေ တံ သဘာဝေ တံ ပကာရေ ဂမတိ ပဿတိ ဇာနာတီတိ တထာဂတော ဟု ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း[၁],တပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုငင်း[၂], ဂမုဓာတ်၏ ဒဿနအနက်ဟောသည်၏ အဖြစ်ကိုငင်း[၃] သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။
(၂) ဒုတိယပစ္စယတ္ထ။ (၃) ဒုတိယဓာတွတ္ထ။

**မှတ်ချက်။** ။တထာဂတော-.ထိုထိုသဘောအပြားရှိကုန်သော ရူပါရုံစသောအာရုံတို့ကို သိတော်မူတတ်သော မြတ်စွာဘုရား ဟု အနက်ပေး။ ဤကား ငှိကာသစ်နှင့်အညီဖော်သောအာဘော်တည်း။ အကျယ်အဖွင့်နှင့်လည်းညီသည်။ အကျယ်၌ တထာ ဒဿိအတ္တေ တထာဂတော၏ အာဘော်, သံဝဏ္ဏနာကို ဤဖော်ပြပြီးသော "တနည်း" အာဘော် သံဝဏ္ဏနာအတိုင်းမှတ်ပါ။

၆-ဝါကျ၌ တထဝါဒိတာယဖြင့် တထာဂတောပုဒ်ကို တထံ ဂဒတိ ဘာသတီတိ တထာဂတော ဟု ကတ္တုသာဓန ကိတန္တဒုတိယာ တပ္ပုရိသ်

http://www.dhammadownload.com



သမာသ်ဝစနတ္ထပြုရမည့်၏အဖြစ်ကိုငင်း၁, တပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုငင်း၂, ဂဒဓာတ်၏ ဘာသနတ္ထကိုဟောသည်၏အဖြစ် ကိုငင်း၃, တထဂဒေါ်ဟု ဆိုလိုလျှက် ဒ-ကို တ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိ နည်း၊ တထနှင့်ဂဒအလယ်၌ အာ အက္ခရာလာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်း ဖြင့် ပြီးသည်၏ အဖြစ်ကိုငင်း၄ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဒုတိယပစ္စယတ္ထ။ (၃) ဒုတိယဓာတွတ္ထ။ (၄) ဘာဝတ္ထ။

မှတ်ချက်။ ။တထာဂတော၊ မဖောက် မပြန် မှန်ကန်သော စကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရား ဟု အနက်ပေး။အကျယ်ပြ ဂဒတ္ထောတိဟေတ္ထ ဂတသဒ္ဒေါ၌ အာဘော်သံဝဏ္ဏနာကို ဤအတိုင်းမှတ် ပါ။ ဤကား ဋီကာသစ်နှင့်အညီ အာဘော်သံဝဏ္ဏနာဟူတည်း။

၄-ဝ ါကျ၌ တထာကာရိတာယဖြင့် တထာဂတောပုဒ်ကို တထာ ဂတံ အဿာတိ တထာဂတော ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည့် ၏အဖြစ်ကိုငင်း၁, ဂတော၌ ဂမုဓာတ် ပဝတ္တနတ္ထကို ဟောသည်၏ အဖြစ်ကို ငင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဒုတိယဓာတွတ္ထ။

မှတ်ချက်။ ။တထာဂတော၊ ဟောသောအချင်းအရာအားဖြင့် ပြုကျင့်ခြင်းရှိတော်မူသောမြတ်စွာဘုရား ဟု အနက်ပေး။ ဤကား ဋီကာ အလိုတည်း၊ နိသျဟောင်း၌ တမျိုးဆိုသေး၏။

ဂ-ဝ ါကျ၌ အဘိဘဝနဋ္ဌေနဖြင့် ဒေသနာဝိလာသ, ပုညုဿယ တည်းဟူသောဆေးဖြင့် သတ္တဝါတို့ကို လွှမ်းမိုးနိုင်ခြင်းကြောင့် တထာဂတ မည်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။အဘိဘဝနဋ္ဌေနဖြင့် တထာဂတောပုဒ်ကို တထော အဝိပရီတော အဂဒေါ အဿာတိ တထာဂတော ဟု စတုတ္ထီဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုရမည့်၏အဖြစ်ကိုငင်း၁, တထာဂဒေါ်ဟုဆိုလိုလျှက် ဒ-ကို တ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိဖြင့် တထာဂတောဟု ရုပ်ပြီးသည်၏အဖြစ် ကိုငင်း၂ သိစေပါသည်။

http://www.dhammadownload.com



(၁) ဝိဂ္ဂြိုဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဘာဝတ္ထ။

မှတ်ချက်။ ။တထာဂတော၊ မဖောက်မပြန်သော ဒေသနာဝိလာသ ပုညဿယဟူသော သတ္တဝါတို့ကို လွှမ်းမိုးနိုင်သော ဆေးရှိတော်မူသောဘုရားဟု အနက်ပေး။ ဒေသနာဝိလာသဟူသည် သဗ္ဗညုတဉာဏ်တော်တည်း။

† ယာယ ဓမ္မတာယ ဒေသနာ ဝိဇမ္ဘနပ္ပတ္တာ၊ သာ ဒေသနာဝိလာသော။ ဓမ္မတာတိစ သဗ္ဗညုတဉာဏမေဝ ။
(သီ-ဋီ-သစ်)

---

(က) ကထံ တထဓမ္မေ ယာထာဝတော အဘိသမ္ဗုဒ္ဓေါတိ တထာဂတော။
(ခ) တထဓမ္မာနာမ စတ္တာရိ အရိယသစ္စာနိ။
(ဂ) တာနိစ ဘဂဝါ အဘိသမ္ဗုဒ္ဓေါ။
(ဃ) တသ္မာ တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ တထာဂတောတိ ဝုစ္စတိ။
(င) အဘိသမ္ဗုဒ္ဓတ္ထော ဟေတ္ထ ဂတသဒ္ဒေါ။ (ဌ-၆၄)

● (၂) င-ဝါကျကိုသာ သာဘောဂါ ယုတ္တိပုစ္ဆာ တက်ပါ။

ဖြေ။ ။သာဘောဂါ ယုတ္တိပုစ္ဆာ တက်

ဆရာ၊ ဆရာသည် တထာဂတော၌ ဂတသဒ္ဒါ၏အနက်ကို အဘိသမ္ဗုဒ္ဓေါဟုဆို၏။ ဂတသဒ္ဒါသည် ဂတိအနက်၌ ဖြစ်သည်မဟုတ်တုံလော။ ဆရာ၏စကားသည် ယုတ္တိအသို့ရှိပါအံ့နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ င-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။င-ဝါကျဖြင့် တထာဂတော၌ ဂတသဒ္ဒါသည် အဘိသမ္ဗုဒ္ဓအနက်ရှိ၏ဟု အသင့်ယုတ္တိကိုငါပြဆို၏ ဟူလိုသောဝ်။
(နိသျှဟောင်း)

http://www.dhammadownload.com



တနည်းတက်ပုံ

ဆရာ၊ ဆရာသည် ဃ-ဝ ါကျဖြင့် တထာနံ့ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ ဟု ဖွင့်ဆိုတော်မူ၏။ သံဝဏ္ဏေတဗ္ဗပုဒ်၌ ဂတသဒ္ဒါသည်သာလျှင် ရှိသည် မဟုတ်လော။ (အန္ဒယာဘောဂ) သံဝဏ္ဏေတဗ္ဗပုဒ်၌ အဘိသမ္ဗုဒ္ဓသဒ္ဒါ မရှိသည် မဟုတ်လော။ (ဗျာတိရေကာဘောဂ) ယင်းသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် တထာနံ့ ဓမ္မာနံ ဂတတ္တာ ဟု မဖွင့်ဆိုဘဲ တထာနံ့ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာဟု ဖွင့်ဆိုတော်မူပါသနည်း ဟု သူမေးဘွယ် ရှိရကား င-ဝ ါကျကိုမိန့်။

အစိမ္ပါယ်ကား။ ။င-ဝ ါကျဖြင့် သံဝဏ္ဏေတဗ္ဗပုဒ်၌ ဂတသဒ္ဒါ သာလျှင်ရှိသော်လည်း ဤတထာဂတောပုဒ်၌ ဂတသဒ္ဒါ၏ အဘိသမ္ဗုဒ္ဓ အနက်ရှိသည်၏ အဖြစ်ကြောင့် တထာနံ့ ဓမ္မာနံ ဂတတ္တာဟု မဖွင့်ဆိုဘဲ တထာနံ့ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာဟု ငါဖွင့်ဆို၏ဟူလိုသောဝ်။ (နိသျှသစ် ကိုမှီးသည်)

---

● (၃) ဃ-င-ဝ ါကျတို့၌ စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု သံဝဏ္ဏေတဗ္ဗပဒေ ဂတသဒ္ဒေါယေဝ အတ္ထိ။ (စော+ဘော)
အထကသ္မာ "တထာနံ့ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ" တိ ဝုတ္တံ။ (စော)
နနု အဘိသမ္ဗုဒ္ဓတ္ထော တ္ထော ဂတိသဒ္ဒေါ။ (ပရိ+ဘော)
(တသ္မာ) "တထာနံ့ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ" တိ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။သာမညမေးလျှင် သာမညဖြေ, ဝိသေသမေးလျှင် အောက်ပါအတိုင်းဖြေရန်ဖြစ်သည်။

နနု သံဝဏ္ဏေတဗ္ဗပဒေ ဂတသဒ္ဒေါယေဝ အတ္ထိ။
(အန္ဒယစော+ဘော)

နနု သံဝဏ္ဏေတဗ္ဗပဒေ အဘိသမ္ဗုဒ္ဓသဒ္ဒေါ နတ္ထိ။
(ဗျတိရေကစော+ဘော)

http://www.dhammadownload.com



တသ္မာ "တထာနံ ဓမ္မာနံ ဂတတ္တာ" တိ ဝတ္တဗ္ဗံ။ (အနွယ၊ ဗော)
"တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ" တိ န ဝတ္တဗ္ဗံ။ (ဗျတိ၊ ဗော)
နနု အဘိသမ္ဗုဒ္ဓတ္ထော တေ ဂတိသဒ္ဒေါ။ (အနွယပဋိ+ဗော)
နနု ဉာဏတ္ထော တေ ဂတိသဒ္ဒေါ။ (ဗျတိရေကပဋိ+ဗော)
တသ္မာ "တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာ" တိ ဝတ္တဗ္ဗံ။
(အနွယ+ပဋိ)

"တထာနံ ဓမ္မာနံ ဂတတ္တာ" တိ န ဝတ္တဗ္ဗံ။ (ဗျတိရေက+ပဋိ)

---

မေး (၄) တထာဂတောပုဒ်ကို ဃ-သံဝဏ္ဏနာနှင့် အညီ အစိတ် အပေါင်းဝစနတ္ထပြ၍အပေါင်းဝစနတ္ထကို ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ယာထာဝတော အာဂစ္ဆတီတိ အဘိ-သမ္ဗုဇ္ဈတီတိ အာဂတော။ (အစိတ်) တထေ တထဓမ္မေ အာဂတော အဘိသမ္ဗုဒ္ဓေါတိ တထာဂတော။ (အပေါင်း)

ဝစနာဒိဆက္က။ ။မဖောက်မပြန် မှန်ကန်သောသစ္စာဟရားတို့၏ မြတ်စွာဘုရားနှင့် အာရုံ, အာရမ္မဏိက, ဒေသေတဗ္ဗ, ဒေသကအားဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။ မြတ်စွာဘုရားဖြစ်သည် ဝစနိယ မည်၏။ ဗုဒ္ဓေါ ဒသဗလော သတ္ထာ စသော ပရိယာယ်သဒ္ဒါသည် ဝစနိယတ္ထ မည်၏။

---

မေး (၅) က-ဝါကျ၌ အဘိသမ္ဗုဒ္ဓတ္တာဟိတ်၏သမ္ဗန်ကို ဖော်ပြပါ။

ဖြေ။ ။အဘိသမ္ဗုဒ္ဓတ္တာဟိတ်၏သမ္ဗန်ကား ဘဂဝတောတည်း။ (ဘဂဝါ အဘိသမ္ဗုဒ္ဓေါ၌ အဘိသမ္ဗုဒ္ဓေါသည် အဘိသမ္ဗုဒ္ဓတ္တာဟု ဟိတ်ဖြစ်လာသော အခါ ဘဂဝါသည် ဘဂဝတောဟု သမ္ဗန်ဖြစ်လာသည်။ ပစ္စယတ္ထကား ကတ္တုတ္ထသာတည်း။)

---

http://www.dhammadownload.com



● (၃) အရိယသစ္စာနိဒ္ဒေ အရိယသဒ္ဒါ၏ နိရုတ္တိနည်းဖြင့်ရုပ်ပြီးပုံတို့ကို ဖော်ပြပါ။

ဖြေ။ ။အရိယသဒ္ဒါ၏ ရုပ်ပြီးပုံကား အရိသဒ္ဒါပုပပဒ ဟန ဓာတ်+ကွိပစ္စည်း။ (အရိ+ဟန+ကွိ) အရိဟ ဟူလိုလျက် ဟ-ကို ယ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် အရိယဟုပြီးသည်။

တနည်း။ ။အရဟ ဟူလိုလျက် ရ-၌ အ-ကို ဣ-ပြုခြင်း ဝဏ္ဏဝိကာရ, ဟ-ကို ယ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် အရိယဟုပြီးသည်။

တနည်း။ ။အာရကာ ဟူလိုလျက် အာရကာသဒ္ဒါကို အရိယ ပြုခြင်း ဝဏ္ဏဝိကာရဖြင့် အရိယဟု ပြီးပါသည်။

† ကိလေသာရယော ဟနတိဟိ အရဟော၊ သော ဧဝ အရိယော။ (အဘိ-ဋီ)

† ကိလေသေဟိ အာရကာတိ အရိယော။ ယဒါဒိနာ အာရကာသဒ္ဒဿ အရိယာဒေသော။ (သူစိ)

---

● (၃) အဘိသမ္ဗုဒ္ဓတ္တာ တထာဂတော၌ ရသင့်သော နိရုတ္တိနည်း ကိုဖော်ပြပါ။

ဖြေ။ ။ရသင့်သော နည်းကား တထာဂတော၌ ဂမုဓာတ်၏ ဂမနတ္ထတည်းဟူသော ဟောမြဲအနက်မှ ဗုဇ္ဈနတ္ထတည်းဟူသော လွှဲသော အနက်နှင့်ယှဉ်သောကြောင့် ဓာတွနမတ္ထာတိသယ နည်းရပါသည်။

မှတ်ချက်။ ။တထာ ဒဿိတာယ တထာဂတော, တထာကာရိတာယ တထာဂတောတို့၌လည်း ဓာတွနမတ္ထာတိသယနိရုတ္တိနည်းရသည်။ တထာဝါဒိတာယ တထာဂတော, အဘိဘဝနဋ္ဌေန တထာဂတောတို့၌ နိရုတ္တိနည်းကို အာဘော်ဖော်ရာ၌ ရှုပါ။

---

● (၈) ပါဠိမိဆယ်ပါးကိုဖော်ပြ၍ မဟာကရုဏာရှင်ဖြစ်တော်မူကုန်သော ဘုရားအလောင်းတို့သည် သတ္တဝါတို့၌ လျစ်လျူရှုခြင်း ဥပေက္ခာပါရမီကို ဖြည့်သင့်ပါသလော ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။ပါရမီဆယ်ပါးကား ဒါနပါရမီ,သီလ,နေက္ခမ္မ, ပညာ, ဝီရိယ,ခန္တီ,သစ္စ, အဓိဋ္ဌာန, မေတ္တာ, ဥပေက္ခာပါရမီအားဖြင့် ဆယ်ပါးတည်း။

ဘုရားလောင်းတို့ဖြည့်သော ဥပေက္ခာပါရမီဟူသည် သတ္တဝါတို့၌ လျစ်လျူရှုသည်မဟုတ်၊ သတ္တဝါတို့သည် ပြုအပ်သော ဖောက်ပြန်သော (ဝိပ္ပကာရ)အမှုတို့၌သာလျှင် လျစ်လျူရှုသည်။ထို့ကြောင့် ဥပေက္ခာပါရမီကို ဖြည့်သင့်ပါသည်။

မှတ်ချက်။ ။ဗုဒ္ဓကာရကဓမ္မ ဆယ်ပါးကို ရေးပါဆိုလျှင်လည်း ပါရမီဆယ်ပါးကိုပင်ရေးပါ။ ဗုဒ္ဓကာရကဓမ္မဟူသည် ပါရမီဆယ်ပါးပင်တည်း။

† ဒါနံ သီလဉ္စ နေက္ခမ္မံ၊
ပညာ ဝီရိယေန ပဉ္စမံ။
ခန္တိ သစ္စမဓိဋ္ဌာနံ၊
မေတ္တုပေက္ခာတိ တေ ဒသာတိ။

† န စ သတ္တေသု ဥပေက္ခကာ၊ သတ္တကတေသု ပန ဝိပ္ပကာရေသု ဥပေက္ခကာ ဟောန္တိ။ (သီ-ဋီ-သစ်)

---

● (ဂ) ပဉ္စမဟာပရိစ္စာဂ သရုပ်ကိုဖော်ပြ၍ ပါရမီဆယ်ပါး အပြားသုံးဆယ်၌ ဒါနပါရမီပါဝင်ပြီးပါလျက် အဘယ့်ကြောင့် မဟာပရိစ္စာဂကို အသီးအခြားထပ်၍ ဆိုပြန်ပါသနည်း။

ဖြေ။ ။ပရိစ္စာဂသရုပ်ကား အင်္ဂပရိစ္စာဂ,ဇီဝိတ, ဓန,ရဇ္ဇ, ပုတ္တဒါရ ပရိစ္စာဂတို့ပင်တည်း။ (သီလက္ခန်အဋ္ဌကထာအလို)

ပါရမီဆယ်ပါး အပြားသုံးဆယ်၌ ဒါနပါရမီပါဝင်ပြီးပါသော်လည်း ပရိစ္စာဂအထူး၏ အဖြစ်ကို ပြလိုသောကြောင့်ရင်း, ဝိသေသသမ္ဘာရ၏ အဖြစ်ကိုပြလိုသောကြောင့်ရင်း, မဟာပရိစ္စာဂ၏ အလွန်ပြုနိုင်ခဲသည်၏ အဖြစ်ကို ပြလိုသောကြောင့်ရင်း မဟာပရိစ္စာဂကို အသီးအခြားထပ်၍ ဆိုပါသည်။

http://www.dhammadownload.com



† သတိပိ မဟာပရိစ္စာဂ ါနံ ဒါနပါရမိဘာဝေ ပရိစ္စာဂပိသေသ ဘာဝဒဿနတ္ထံ ဝိသေသသမ္ဘာရတာဒဿနတ္ထံ သုဒုက္ကရ ဘာဝဒဿနတ္ထဉ္စ တေသံ ဝိသုံ ဂဟဏံ။ (သီ-ဋီ-သစ်)

---

(က) အပိစ တထာယ ဂတောတိပိ တထာဂတော။
(ခ) တထံ ဂတောတိပိ တထာဂတော။
(ဂ) ဂတောတိ အဝဂတော အတီတော ပတ္တော ပဋိပန္နောတိ အတ္ထော။ (ဋ-၆၆)

● (၆) က-ခ-ဂ-ဝါကျတို့၌ အာဘောဂ သံဝဏ္ဏနာတို့ကိုဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ အပိစဖြင့် တထာဂတောသဒ္ဒါ၏ ဝစနတ္ထတမျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

က-ဝါကျ၌ တထာယဂတောဖြင့် တထာဂတောပုဒ်ကို တထာယ ဂတောတိ တထာဂတော ဟု တတိယာတပ္ပုရိသ်သမာသ် ပစနတ္ထပြုရမည်ဟုသိစေပါသည်။ (ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂ, သမာသလိင်္ဂတ္ထ)

ခ-ဝါကျ၌ တထံဂတောဖြင့် တထာဂတောပုဒ်ကို တထံ ဂတောတိ တထာဂတော ဟု ဒုတိယာတပ္ပုရိသ်သမာသ် ပစနတ္ထပြုရမည့်၏ အဖြစ်ကို သိစေပါသည်။ (ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂ, သမာသလိင်္ဂတ္ထ။)

ဂ-ဝါကျ၌ အဝဂတော အတီတောဖြင့် ဂတော၌ ဂမုဓာတ်သည် ဥပသာရကင်းသော အနုပသဂ္ဂဖြစ်သော်လည်း ဥပသာရဖြင့်အထူးပြုအပ်သကဲ့သို့ သိခြင်း (အဝဂတ) လွန်ခြင်း (အတီတ) အနက်တို့ကို ဟောသတည်း ဟု သိစေပါသည်။ (ဒုတိယဓာတွတ္ထ-ဒုတိယဓာတွတ္ထ)

ဂ-ဝါကျ၌ ပတ္တောဖြင့် ဂတော၌ ဂမုဓာတ်သည် ဥပသာရကင်းသော အနုပသဂ္ဂပင်ဖြစ်သော်လည်း ဥပသာရဖြင့် အထူးပြုအပ်သကဲ့သို့ ပါပုဏန (ရောက်ခြင်း) အနက်ကိုဟောသည်၏အဖြစ်ကိုရင်း၊ ပဋိပန္နောဖြင့် ထို အတူ ဂမုဓာတ်၏ ပဋိပဇ္ဇန (ကျင့်ခြင်း) အနက်ကိုဟောသည်၏အဖြစ်ကို ရင်း၊ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဒုတိယဓာတွတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ ။ဂတော၊ သိတော်မူပြီ။ ဝါ-လွန်တော်မူပြီ။ ဝါ-ရောက်တော်မူပြီ။ ဝါ-ကျင့်တော်မူပြီဟု အဖွင့်လေးချက်နှင့်အညီ အနက်ပေး။

---

● (၇) ဂ-ဝါကျ၌ ရသင့်သော နိရုတ္တိနည်းကို ဖော်ပြပါ။

ဖြေ။ ။ရသင့်သောနိရုတ္တိနည်းကား ဂတ၌ ဂမု-ဓာတ်သည် ဂမနတ္ထဘည်းဟူသော ဟောမြဲအနက်မှ အဝဂမန, အတီတ, ပတ္တ,ပဋိပန္နတည်းဟူသော လွန်သောအနက်နှင့် ယှဉ်သောကြောင့် ဓာတွနေကတ္ထာတိသယ နည်းရပါသည်။

---

(က) တတ္ထ ပါဏသ အတိပါတော ပါဏာတိပါတော။

(ခ) ပါဏဝဓော ပါဏဃာတောတိ ဝုတ္တံ ဟောတိ။

(ဂ) ပါဏောတိစေတ္ထ ဝေါဟာရတော သတ္တော ပရမတ္ထတော ဇီဝိတိန္ဒြိယံ။

(ဃ) တသ္မိံ ပန ပါဏေ ပါဏသညိနော ဇီဝိတိန္ဒြိယုပစ္ဆေဒကဥပက္ကမသမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အညတရဒွါရပ္ပဝတ္တာ ဝဓကစေတနာ ပါဏာတိပါတော။ (ဋ္ဌ-၆၈)

● (၂) ခ-ဝါကျကို အနုသန္ဓေ,ဃ-ဝါကျကို အယုတ္တာဘောဂပုစ္ဆာတက်ခဲ့ပါ။

ဖြေ။ ။ **အနုသန္ဓေတက်**

ဤသို့ က-ဝါကျဖြင့် ပါဏာတိပါတောပုဒ်၏ ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ၏ အဖြစ်ကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ပဒပိဏ္ဍတ္ထကို ပြခြင်းငှာ၊ ဝါ-ပြတော်မူလိုသောဆရာသည် ပါဏဝဓော စသော ခ-ဝါကျကိုမိန့်။

မှတ်ချက်။ ။ဤအတက်ကား "ဣတိဝုတ္တံ၊ ဟောတိဓိကာ၊ ပဒပိဏ္ဍတ္ထ"ဟူသည်နှင့်အညီတက်သည်။နိသျဟောင်း တက်ပုံကား "ဆရာ၊ ပါဏဿ အတိပါတောဟုဆို၏။ သတ္တဝါကိုနေရာမှ လျင်စွာချခြင်းသည် ပါဏာတိပါတမည်ကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေ

http://www.dhammadownload.com



ခြင်းငှာ ပါဏာဝဓော-စသောပါဠိကိုမိန့်"ဟု တက်သည်။ ယင်းဆရာထား အဓိပ္ပါယ်ကိုမြွက်၍ တက်သည်ဟုမှတ်။ ခေတ်နှင့်လျော်အောင် အမေး အားလျော်စွာ ပြင်ဆင်၍တက်ပါ။

### အယုတ္တာဘောဂပုစ္ဆာတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် ပါဏာတိပါတော၌ ပါဏဟူသည် ဝေါဟာရအားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေတည်းဟု ဆိုတော်မူ၏။ အဘယ်သည်လျှင် ပါဏာတိပါတမည်သနည်း။ ကာယ ဝိညတ်, ဝစီဝိညတ်သည် ပါဏာတိပါတမည်သလော ဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တသ္မိံ ပနပါဏေ စသော ဃ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဃ-ဝါကျဖြင့် သတ္တဝါ၌ သတ္တဝါဟုအမှတ်ရှိသောသူ၏ ဇီဝိတိန္ဒြေကိုဖြတ်တတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော ကာယဒွါရ, ဝစီဒွါရတို့တွင် တပါးပါးသောဒွါရ၌ဖြစ်သော ဝဓကစေတနာ သည် ပါဏာတိပါတမည်၏ဟု ငါပြဆို၏ဟူလိုသောဝ်။ (နိသျှဟောင်းအတက်ကိုမှီးသည်။)

---

● (၃) မဟာသရီရေ မဟာသာဝဇ္ဇော၊ ကသ္မာ ပယောဂ မဟန္တတာယ။ ပယောဂသမတ္တေပိ ဝတ္ထုမဟန္တတာယ ဝါကျ၌ အပိသဒ္ဒါကိုရှု၍ စောဒနာဘောဂဒိ စတုက္ကထုတ်ပါ။

**ဖြေ။** ။ **စတုက္ကထုတ်ပုံ**

နနု ပယောဂသမတ္တံ ဟောတိ။ (စော+ဘော)
အထ ကသ္မာ မဟာသရီရေ မဟာသာဝဇ္ဇော။ (စော)
နနု ပယောဂသမတ္တေပိ ဝတ္ထုမဟန္တတာ ဟောတိ။ (ပရိ+ဘော)
(တသ္မာ) မဟာသရီရေ မဟာသာဝဇ္ဇော။ (ပရိ)

**မှတ်ချက်။** ။သရီရဂုဏာနံ ပန သမဘာဝေ သတိ ကိလေသာနံ ဥပက္ကမာနဉ္စ မုဒုတာယ အပ္ပသာဝဇ္ဇော၊ တိဗ္ဗတာယ မဟာသာဝဇ္ဇော ဝါကျ၌ သမဘာဝေ သတိ-နှင့် မုဒုတာယကိုရှု၍---

နနု သရီရဂုဏာနံ သမဘာဝေါ ဟောတိ။ (စော+ဘော)
အထ ကသ္မာ အပ္ပသာဝဇ္ဇော။ (စော)

http://www.dhammadownload.com



နနု ကိလေသာစ ဥပက္ကမာစ မုဠ္ဌ ဟောန္တိ။ (ပရိ+ဘော)
(တသ္မာ)အပ္ပသာဝဇ္ဇော။ (ပရိ)
တိဗ္ဗတာယ မဟာသာဝဇ္ဇောကို ရှု၍—
နနု သရီရဂုဏာနံ သမဘာဂေဝ ဟောတိ။ (စော+ဘော)
အထ ကသ္မာ မဟာသာဝဇ္ဇော။ (စော)
နနု ကိလေသာစ, ဥပက္ကမာစ ဘိဗ္ဗာ ဟောန္တိ။ (ပရိ+ဘော)
တသ္မာ မဟာသာဝဇ္ဇော။ (ပရိ)
ဤသို့ ပါဠိနေယှန် အနည်းငယ်ပြင်ဆင်၍ စတုက္ကထုတ်ပါ။

---

● (၃) ပေါဟာရတော သတ္တောဟူသောသံဝဏ္ဏနာနှင့်အညီ ပါဏော-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။ပါဏော အဿ အတ္ထီတိ ပါဏော။ (အဿသတ္တဿ၊ ထိုသတ္တဝါအား။ ပါဏော၊ ထွက်သက် ဝင်သက်လေသည်။ ဝါ၊ ဇီဝိတိန္ဒြေသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ပါဏော။)

**ဝစနာဒိဆက္က**။ ။ထွက်သက် ဝင်သက်လေ၊ ဝါ–ဇီဝိတိန္ဒြေ၏ သတ္တဝါဖြစ်နှင့် ဌာနီ,ဌာန၊ အဘေဒ,ဘေဒအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် **ဝစနဟေတု** မည်၏။ သတ္တဝါဖြစ်သည် **ဝစနီယ** မည်၏။ သရီရီ, ဘူတံ, သတ္တော, ဒေဟီ, ပုဂ္ဂလော, ဇီဝေါ, ပါဏီ, ပဇာ, ဇန္တု, ဇနော, လောကော, တထာဂတော စသော ပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ**မည်၏။

## ဝိဂ္ဂဟမှတ်ဘွယ်များ

ပါဏော။ ။ပဏန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ ပါဏော။ (ဇီဝိတိန္ဒြေ၊ ဝါ–ထွက်သက်ဝင်သက်လေ ရ၏။)

ဣန္ဒြိယံ။ ။ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယန္တိ တဒ္ဓိတဝိဂ္ဂဟော။ ယဒါဒိနာ ဣယော၊ ဣန္ဒသဒ္ဒေ အ–ကာရဿ ရေ။ (အဋ္ဌသာလိနီ ယောဇနာ။)

တနည်း။ ။ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ။ (သူစိ)
ဇီဝိတံ။ ။ဇီဝန္တိ အနေနာတိ ဇီဝိတံ။ (သူစိသည်။)

---

F.32 A

http://www.dhammadownload.com



● (၆) က-ခ-ဂ-ဃ-ဝါကျတို့၌ အာဘောဂ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ပါဏဿ အတိပါတောဖြင့် ပါဏာတိပါတော၌ အတိပါတပုဒ်ကို အတိပတနံ အတိပါတောဟု ဘာဝသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၁], ဏ-ပစ္စည်း၏ဘာဝသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း[၂], ပါဏနှင့်အတိပါတကို ပါဏဿ အတိပါတော ပါဏာတိ ပါတောဟု ကမ္မဋ္ဌ ဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၃] သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြုအာဘိခါနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။
(၃) ဝိဂ္ဂိုဟ်ပြုအာဘိခါနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

မှတ်ချက်။ ။"ဘာဝသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့်ကမ္မဋ္ဌ ဆဋ္ဌီတွဲမြဲ"ဟူသော နိယံကို ဗျတိရိက်ပြန်၍ ပါဏဿ အတိပါတော ဟု ကမ္မဋ္ဌဆဋ္ဌီကို တိုက်ရိုက်ပြသဖြင့် အတိပါတော ဟူသော နောက်ပုဒ်၏ ဘာဝသာဓနေအဖြစ်ကို ပြရာရောက်သည်ဟုကြံ၍ အတိပတနံ အတိပါတော စသော အာဘောဂ်ကို ဖော်သည်။

* ကမ္မဋ္ဌဆဋ္ဌီ၊ တပ္ပုရိသမာသ်၊ ပြတုံလတ်က၊ နောက်ပဒ၊ ဘာဝ သာဓန ကြံ။ (သစ်)

ခ-ဝါကျ၌ ပါဏဝဓောဖြင့် ပါဏာတိပါတ ဟူသော ဝေါဟာရသည် သတ္တဝါကို နေရာညှောင်စောင်း စသည်မှ ချခြင်းမဟုတ်။ သတ္တဝါကို သတ်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ပါဏဃာတော ဖြင့် ပါဏဃာတကား ပါဏဝဓ၏ ဝေဝုစ် စကားလှယ် ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြု အာဘိဓေယျတ္ထ)

ဂ-ဝါကျ၌ ဝေါဟာရတော သတ္တောဖြင့် ပါဏာတိပါတောဝယ် ပါဏပုဒ်ကို ပါဏော အဿအတ္ထီတိ ပါဏောဟု ဝစနတ္ထပြု၍ ပါဏအရ ပညတ်အားဖြင့် သတ္တဝါကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အာဘိဓေယျတ္ထ။

E.32 B

http://www.dhammadownload.com



ဂ-ဝါကျ၌ ပရမတ္ထတော ဇီဝိတိန္ဒြိယံ ဖြင့် ပါဏောပုဒ်ကို ပဏန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ ပါဏောဟု ဝဏ္ဏနတ္ထပြု၍ ပါဏအရရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေကိုယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ဝဓကစေတနာဖြင့် ပါဏာတိပါတအရ မှုချဖြစ်သော ကာယဝိညတ်, ဝစီဝိညတ်ကိုမယူရ။ ဖလူပစာရအားဖြင့် ဝဓကစေတနာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ကာယဝစီဒွါရာနံ အညတရဒွါရပ္ပဝတ္တာဖြင့် ဝိတက္က ဝါဒီပုဂ္ဂိုလ်၏အယူအားလျော်စွာ မနောဒွါရ၌ဖြစ်သော ဝဓကစေတနာသည် ပါဏာတိပါတမမည်။ ကာယဒွါရ ဝစီဒွါရတို့တွင် တပါးပါး၌ ဖြစ်သော ဝဓက စေတနာသည်သာ ပါဏာတိပါတ မည်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ တသ္မိံ ပန ပါဏေ "လ" သမုဋ္ဌာပိကာဖြင့် ယင်း ဝဓက စေတနာဟူသည် ထို ပါဏ၌ ပါဏဟုအမှတ်ရှိသောသူ၏ ဇီဝိတိန္ဒြေ ကိုဖြတ်ကြောင်းလုံ့လကိုဖြစ်စေတတ်သော ဝဓကစေတနာတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

---

● (၇) ပါဏာတိ ပါတော၌ ပါဏသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။ပါဏ ကား ပ-ပုဗ္ဗ အန-ဓာတ် ဏ-ပစ္စည်း(ပ+အန+ဏ) ပါနဟူလိုလျက် ဒန္တဇ န-ကို မုဒ္ဓဇ ဏ ပြန်ခြင်း ဝဏ္ဏဝိကာရဖြင့် ပါဏ ဟုပြီးပါသည်။

---

● (၈) ပရမတ္ထတော ဇီဝိတိန္ဒြိယံ၌ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေ နှစ်မျိုးတို့တွင် အဘယ်ကိုယူသင့်ပါသနည်း။ အကြောင်းပြ၍ ဖြေဆိုပြီးလျှင် ပါဏဿအတိပါတော-စသည်ဖြင့် ဗဟုဝုစ်ဖြင့်မညွှန်ပြရခြင်း၏ အကြောင်းကိုလည်း ရေးသားပါ။

ဖြေ။ ။ရုပ်ဇီဝိတိန္ဒြေကို ဖျက်ဆီးလျှင် နာမ်ဇီဝိတိန္ဒြေ၏လည်း ထိုရုပ်ဇီဝိတိန္ဒြေနှင့်စပ်သဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့် ဇီဝိတိန္ဒြိယံအရ ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေနှစ်မျိုးလုံးကိုယူရပါသည်။

http://www.dhammadownload.com



ဗဟုဝုစ်ဖြင့် မညွှန်ပြရခြင်း၏အကြောင်းကား ပါဏာသဟု ဧကဝုစ်ဖြင့်ပင် ယတ္တဝါချင်းတူသော အလုံးစုံသော သတ္တဝါတို့ကို ရနိုင်သောကြောင့် ပါဏာနံဟု ဗဟုဝုစ်ဖြင့် မညွှန်ပြဘဲ ပါဏာသဟု ဧကဝုစ်ဖြင့် ညွှန်ပြပါသည်။

တနည်း။ ။သဒ္ဒဝိဒူတို့ အလိုအားဖြင့် ပါဏာသ-ဧကဝုစ်နှင့် ပါဏာနံ-ဗဟုဝုစ်ကား ဇာတျာပေက္ခ, ဒဗ္ဗာပေက္ခမျှသာထူး၍ အနက်အားဖြင့်မထူးသောကြောင့် ပါဏာသဟု ဇာတျာပေက္ခ(ဇာတ်ကိုငဲ့သော) အားဖြင့် ဆိုပါသည်။

† ဇီဝိတိန္ဒြိယန္တိ ရူပါရူပဇီဝိတိန္ဒြိယံ၊ရူပဇီဝိတိန္ဒြိယေ ဟိ ဝိကောပိတေ ဣတရမ္ပိ တံ သမ္ဗန္ဓတာယ ဝိနဿတိ။ (သီ-ဋီ-သစ်)

† ပါဏာဘာဝ သာမညေန ပနေတ္ထ ဧကဝစန နိဒ္ဒေသော ကတော။

* ဇာတ်ကိုအနေ၊ ဟောရိုးထွေ၊ ချလေ ဧကဝုစ်။

---

(က) ပဟာယာတိ ဣမံ ပါဏာတိပါတစေတနာသင်္ခါတံ ဒုဿီလျံ ပဇဟိတွာ။

(ခ) ပဋိဝိရတောတိ ပဟီနကာလတော ပဋ္ဌာယ တတော ဒုဿီလျတော ဩရတော ဝိရတောဝ။ (ဋ္ဌ-၆၉)

● (၆) က-ခ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ပါဏာတိပါတစေတနာသင်္ခါတံဖြင့် ဒုဿီလျံပုဒ်ကို နတ္ထိ သီလံ ဧတဿာတိ ဒုဿီလော၊ ဒုဿီလဿ ဘာဝေါ ဒုဿီလျံ ဟု ဝစနတ္ထပြု၍ ဒုဿီလျအရ ပါဏာတိပါတစေတနာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ပြအဘိဓေယျတ္ထ)

* သင်္ခါတသဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာထွက်လေ။
(မောင်းထောင်)

http://www.dhammadownload.com



က-ဝါကျ၌ ဒုဿီလျံဖြင့် ပါဏာတိပါတ ပဟာယဟူသည့် မုချဖြစ်သော ကာယဝိညတ်, ဝစီဝိညတ်ပါဏာတိပါတကိုပယ်သည်မဟုတ်။ ဒုဿီလျဖြစ်သော ပါဏာတိပါတစေတနာကို ပယ်သတည်းဟု သိစေပါသည်။
(ဘာဝတ္ထ)

က-ဝါကျ၌ ပဇဟိတွာဖြင့် ပဟာယ၌ ယ-သဒ္ဒါသည် သ-ဝိဘတ်၏ ကာရိယမဟုတ်၊ တွာပစ္စည်း၏ ကာရိယတည်းဟု သိစေပါသည်။
(ဒုတိယပစ္စယပဒ)

ခ-ဝါကျ၌ ပဟီနကာလတော ပဋ္ဌာယဖြင့် ပဟာယ၌ တွာပစ္စည်းသည် သမာနကာလ, အပရကာလ၌မသက်၊ပုဗ္ဗကာလ၌သက်သည်၏ အဖြစ်ကိုရှင်း¹, ဝါ-ဟိတ်အနက်၌သက်ဘည်၏ အဖြစ်ကိုရှင်း², ပါဏာတိ ပါတကို ကြည်၏ဟူသည် ဘွားစအခါမှစ၍ ကြည်သည်မဟုတ်၊ မဂ်ဖြင့် ပယ်အပ်ပြီးသောအခါမှစ၍ ကြည်သတည်းဟူသော အဓိပ္ပါယ်ကိုရှင်း³ သိစေပါသည်။

(၁) ဒုတိယပစ္စယတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

မှတ်ချက်။ ။ဤကား "ပဟာယာတိ ဧတ္ထ တွာသဒ္ဒေါ ပုဗ္ဗကာလေတိ အာဟ "ပဟီနကာလတော ပဋ္ဌာယာ"တိ။ ဟေတုအတ္ထတံဝါ သန္ဓာယ ဝေ ဝုတ္တံ" ဟူသောဋီကာ, နိဿျဟောင်း ကျမ်းတက် တို့နှင့် အညီဖော်သောအာဘောဒ်တည်း။

ခ-ဝါကျ၌ တတော ဒုဿီလျတောဖြင့် ပါဏာတိပါတာဟူသော သံဝဏ္ဏေတဗ္ဗ၌ အာ-သဒ္ဒါသည် ပထမာယောဝိဘတ်၏ ကာရိယမဟုတ်၊ ပဉ္စမီဝိဘတ်၏ ကာရိယ၏အဖြစ်ကိုရှင်း¹, ယင်းပါဏာတိပါတာပုဒ်ကို ပဋိဝိရတော၌ အပါဒါန်, အပါဒီအဖြစ်ဖြင့် စပ်ရမည်၏ အဖြစ်ကိုရှင်း² သိစေပါသည်။

(၁) ဝိဘတ္တိပဒ။ (၂) သမ္ဗန္ဓ, ဝါ-ဘာဝတ္ထ။

ခ-ဝါကျ၌ ဩရတော ဝိရတောဖြင့် ယင်းသဒ္ဒါနှစ်ပါးကား ပဋိဝိရတော၏ ဝေဝုစ် စကားလှယ် ပရိယာယ်တည်းဟု သိစေပါသည်။
(ပရိယာယ်ပြ အဘိဓေယျတ္ထ)

http://www.dhammadownload.com



တနည်း။ ။ခ-ဝါကျ၌ ဩရတောဖြင့် ပဋိဝိရတော၌ ပဋိသဒ္ဒါ ဝိသဒ္ဒါတို့ကို ရတနှင့် အသီးသီးယှဉ်စေ၍ ပဋိရတော ဝိရတော ဟူ၍ ဖြစ်ရာဝယ် ပဋိသဒ္ဒါ၏ အဘိမုခအနက်ဟောသည့်၏အဖြစ်ကိုရင်း၁ ပဋိရတ ရှေ့ရှုရှောင်ကြဉ်ခြင်းဟူသည် ဖြောင့်စွာရှောင်ကြဉ်ခြင်းဟူသော အဓိပ္ပါယ် ကိုရင်း၂ သိစေပါသည်။ (ဋီကာသစ်)

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဘာဝတ္ထ။

ခ-ဝါကျ၌ ဝိရတောဖြင့် ပဋိဝိရတော၌ ဝိသဒ္ဒါ၏ ဝိသေသအနက် ကိုဟောသည်၏ အဖြစ်ကိုရင်း၁ ဝိရတ အထူးသဖြင့် ရှောင်ခြင်းဟူသည် ဝါသနာနှင့်တကွ ရှောင်ကြဉ်ခြင်းဟူသော အဓိပ္ပါယ်ကိုရင်း၂ သိစေပါ သည်။ (ဋီကာသစ်)

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဘာဝတ္ထ။

---

● (ဂ) ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟု ဟောရာ၌ ပဟာယနှင့် ပဋိဝိရတောတို့ ရှေ့ကာလ နောက်ကာလ ထူး သောကြောင့် ဆိုပါသလော။ ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ ။သဟဇာတပစ္စည်းဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်တို့ကို ပါဏာ၀ ပါတံပဟာယ ဟု ရှေ့ကာလအဖြစ်ဖြင့်ယူ၍ ပစ္စယုပ္ပန်ဖြစ်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်တို့ကို ပါဏာတိပါတာ ပဋိဝိရတောဟု နောက်ကာလ အဖြစ်ဖြင့် ယူရပါသည်။ ဤကိုရည်၍ ရှေ့ကာလနောက်ကာလ အထူးပြု ၍ ဟောတော်မူသည်။ မုချ-ကာလခြားသောကြောင့် ယင်းသို့ ဟောသည် မဟုတ်ပါ။

မှတ်ချက်။ ။ဤအလို ပါဏာတိပါတံ၊ ကို။ ပဟာယ၊သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော သဟ-ဇာတပစ္စည်းဖြစ်သောမဂ္ဂင်ဖြင့်ပယ်၍၊ ဝါ-ပယ်သောကြောင့်။ ပါဏာတိ ပါတာ၊ မှ။ ပဋိဝိရတော၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝဟူသော ပစ္စယုပ္ပန်ဖြစ်သောမဂ္ဂင်ဖြင့် ရှောင်ကြဉ်တော်မူ၏ဟု အနက်ပေးပါ။

(ဋီကာသစ်)

http://www.dhammadownload.com



(က) သမဏောတိ ဘဂဝါ သမိတပါပတ္တာယ လဒ္ဓ-ဝေါဟာရော။

(ခ) ဂေါတမောတိ ဂေါတ္တဝသေန။

(ဂ) န ကေဝလဥ္စ ဘဂဝါယေဝ ပါဏာတိပါတာ ပဋိဝိရတော၊ ဘိက္ခုသံဃောပိ ပဋိဝိရတော။

(ဃ) ဒေသနာ ပန အာဒိတော ပဋ္ဌာယ ဧဝံ အာဂတာ။

(င) အတ္ထံ ပန ဒီပေန္တေန ဘိက္ခုသံဃဝသေနာပိ ဒီပေတုံ ဝဋ္ဋတိ။ (၄ ၆၉)

● (၂) က-ဝါကျကို လျှဉ်းပါး၍ သဲ့ဘာ၀ဂါယုတ္တ စောဒနာ ဂ-ဝါကျကို ထပနာတိကပုစ္ဆာ, ဃ-ဝါကျကို အနာဘောဂပုစ္ဆာ တက် တက်ပါ။

ဖြေ။ ။ လျှဉ်းပါး၍တက်ပုံ

ဆရာ၊မြတ်စွာဘုရားသည် ပါဠိတော်၌ သမဏော ဂေါတမော ဟု ဟောတော်မူ၏။ မြတ်စွာဘုရား၏ သမဏဟူသော အမည်သည် ဥတ္တိ စတုတ္ထကံ စသည်ဖြင့်ဖြစ်သော ရဟန်းဖြစ်သောကြောင့်ရသလော၊အဘယ် ကြောင့်သမဏ အမည်ရပါသနည်း။ အကယ်၍ သမဏ အမည်ရခြင်း၏ အကြောင်းကို မပြဆိုချေသော် သဒ္ဒ, အတ္ထ ဆန့်သော ဝိရောဓိဒေါသ ရောက်ရာ၏၊ ဝါ-ရောက်ရာသည် မဟုတ်လောဟု စောဒနာဘွယ် ရှိသော ကြောင့် ထိုစောဒနာကို သောခနာတော်မူလိုသော ဆရာသည် ဘဂဝါ စသော သံဝဏ္ဏနာကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဘဂဝါ စသော သံဝဏ္ဏနာဖြင့် မြတ်စွာ ဘုရားသည် ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသောကြောင့် သမဏ ဟူ သော ရအပ်သော ဝေါဟာရရှိ၏ဟု သမဏအမည်ရခြင်း၏ အကြောင်းကို ငါပြဆိုသည် ဖြစ်ရကား သင်တင်တိုင်းသော သဒ္ဒ, အတ္ထ ဆန့်သော ဝိရောဓိဒေါသ ငါ့အားမရောက် ဆိုတန်၏ဟူလိုသော်။

http://www.dhammadownload.com



## ဂ—ဝါကျပုစ္ဆာတက်

ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော စသည်ဖြင့် ချီးမွမ်းရာ၏ ဟုဟောတော်မူ၏။ (ထပနာပါဠိတော်ကိုထားသည်။)

ထိုပါဏာတိပါတမှ ကြဉ်သည်၏ အဖြစ်သည် ဘိက္ခုသံဃာအား မရှိသလော။ (ဋီကာသစ်အာဘော်)အဘယ်သို့လျှင် မှတ်သားရမည်နည်းဟု သူမေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေခြင်းငှါ ဂ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**။ ။ဂ-ဝါကျဖြင့် သက်သက်မြတ်စွာဘုရားသည်သာလျှင် ပါဏာတိပါတမှ ကြဉ်သည် မဟုတ်၊ ဘိက္ခုသံဃာသည်လည်း ပါဏာတိပါတမှ ကြဉ်၏ဟု ငါပြဆို၏ဟူလိုသောဝ်။

## ဃ-ဝါကျ အနုသဗောဂပုစ္ဆာတက်

ဆရာ၊ဆရာသည် ဂ-ဝါကျဖြင့် သက်သက် မြတ်စွာဘုရားသည်သာလျှင် ပါဏာတိပါတမှ ကြဉ်သည်မဟုတ်၊ဘိက္ခုသံဃာသည်လည်း ပါဏာတိပါတမှကြဉ်၏ဟုဆိုသောမူကား၊ဤသို့ ဘိက္ခုသံဃာသည်လည်း ပါဏာတိပါတမှကြဉ်သော် (ဝေံသတိ)အဘယ့်ကြောင့် ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော, ဘိက္ခုသံဃောပိဟု မဟောပါသနည်းဟု သူမေးဘွယ်ရှိသောကြောင့် ဃ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**။ ။ဃ-ဝါကျဖြင့် ယင်းသို့ ဘိက္ခုသံဃာလည်း ပါဏာတိပါတမှ ကြဉ်သော်လည်း ဒေသနာတော်သည် အစမှစ၍ ဤသို့ မြတ်စွာဘုရား၏ အစွမ်းဖြင့် လာသောကြောင့် ယင်းသို့ မဟောဟု ငါပြဆို၏ ဟူလိုသောဝ်။

**မှတ်ချက်**။ ။ဂ-ဃ-ကျမ်းတက်များကားဋီကာသစ်၌လာသည်။

---

(၃) ဂ-ဃ-နှစ်ဝါကျကို ရှု၍ငင်း, ဓာ-င-နှစ် ဝါကျကို ရှု၍ငင်း အသီးသီးစောဒကာဘောဂါဒိစတုက္က ထုတ်ပါ။

http://www.dhammadownload.com



ဂ–ဃ–ဝါကျကိုရှု၍ စတုက္ကထုတ်ပုံ

နနု နကေဝလံ ဘဂဝါယေဝ ပါဏာတိပါတာ ပဋိဝိရတော၊ ဘိက္ခုသံဃောပိ ပဋိဝိရ တော။ (စော+တော)

အထကသ္မာ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမောတိ ပါဠိယံ ဝုတ္တံ။ (စော)

နနု ဒေသနာ အာဒိတော ပဋ္ဌာယ ဇဝံအာဂတာ။ (ပရိ+ဘော)

(တသ္မာ) ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမတိ ပါဋိဝိရတော သမဏော ဂေါတမောတိ ပါဠိယံ ဝုတ္တံ။ (ပရိ)

တနည်းအနွယ, ဗျတိရေကနှင့်ထုတ်ပုံ

နနု နကေဝလံ ဘဂဝါယေဝ ပါဏာတိပါတာ ပဋိဝိရတော၊ ဘိက္ခုသံဃောပိ ပဋိဝိရ တော။ (စော+ဇတော)

တသ္မာ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမောတိစ္စေဝ န ဝတ္တဗ္ဗံ။ (ဗျတိရေက+စော)

ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော ဘိက္ခုသံဃော ပိတိ ဝတ္တဗ္ဗံ။ (အနွယ် +စော)

နနုဒေသနာ အာဒိတော ပဋ္ဌာယ ဇဝံ အာဂတာ။ တသ္မာ ပါဏာတိပါတာ ပဋိဝိရတော ယမဏော ဂေါတမော တိစ္စေဝ ဝတ္တဗ္ဗံ။ (အနွယ်+ပရိ)

ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော ဘိက္ခုသံဃော ပိတိ န ဝတ္တဗ္ဗံ။ (အနွယ်+ပရိ)

ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော ဘိက္ခုသံဃော ပိတိ န ဝတ္တဗ္ဗံ။ (ဗျတိရေက+ပရိ)

ဃ–င–ဝါကျကိုရှု၍ စတုက္ကထုတ်ပုံ

နနုဒေသနာ အာဒိတော ပဋ္ဌာယ ဇဝံ အာဂတာ။ (စော+တော)

အတ ကသ္မာ ဘိက္ခု သံဃောပိ ပဋိဝိရတောတိ အဋ္ဌကထာစရိ ယေန ဝုတ္တံ။ (စော)

နနု အတ္တံ ဒီပေန္တေန ဘိက္ခုသံဃဝသေနပိ ဒီပေတုံ ဝဋ္ဋတိ။ (ပရိ+ဘော)

http://www.dhammadownload.com



(တသ္မာ) ဘိက္ခုသံဃောပိ ပဋိဝိရတောတိ မယာ အဋ္ဌကထာစရိ–
ယေန ဝုတ္တံ။ (ပရိ)

● (၄) ခ-ဝါကျ၌ ဂေါတ္တဝသေနဝယ် ဂေါတ္တသဒ္ဒါကို စဝနတ္ထ
ပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ဂေါပီယတီတိ ဂေါတ္တံ။ ( ယံကုလံ၊ အကြင်အမျိုးအနွယ်ကို။ ဂေါပီယတိ၊ လုံစေအပ်၏။ ဝါ-စောင့်ရှောက်အပ်၏။ ဣတိတသ္မာ၊ကြောင့်။ဂေါတ္တံ၊ဂေါတ္တမည်၏။ဂုပ-ဓာတ်+တပစ္စည်း။)
(မောဂ္ဂလာန်ဝိဂ္ဂဟ)

ဝစနာဒိဆက္က။ ။အမျိုးအနွယ်ကို လုံစေခြင်း, စောင့်ရှောက်ခြင်း ကြိယာသကတ်သည် ဝစနဟေ့ာ မည်၏။ လုံစေအပ်, စောင့်ရှောက်အပ်သော (ဤ၌) ဂေါတအနွယ်ဖြစ်သည် ဝစနီယ မည်၏။ ကုလံ, ဝံသော, သန္တာနော, အဘိသဇာ, အန္ဒယော စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ဝိဂ္ဂဟမှတ်ဘွယ်များ

ဂေါတ္တံ။ ။ဂေါ ဝုစ္စတိ အဘိဓာနံ, ဗုဒ္ဓိစ၊တေ တာယတီတိ ဂေါတ္တံ။ ဂဝံ သဒ္ဒံ တာယတီတိ ဂေါတ္တံ။ (ဘိ-ဋီ)

သမဏော။ ။ပါပေ သမေတီတိ သမဏော။ (အဖွင့်နှင့်အညီ)

သမိတပါပ။ ။သမိတံ ပါပံ ယေနာတိ သမိတပါပေါ။ (ပါ-ဂဏ္ဍိသစ်)

● (၅) က-ဝါကျ၌ သမိတပါပတာယဟိတ်ပုဒ်၏ သမ္ဗန်ကို ဖော်ပြ၍ ယထာရဟ စာစပ်ပါ။

ဖြေ။ ။သမိတပါပတာယ ဟိတ်၏ သမ္ဗန်ကား ဘဂဝတော–တည်း။ (ဘဂဝါကို သမ္ဗန်ခံ)

စာစပ်ပုံ။ ။ဘဂဝတောကား ၏ ဟုအနက်ပေးသောကြောင့် သမိတပါပတာယဝယ် တာ-ပစ္စည်း၌သမ္ဗန်။တာပစ္စည်းကားသမ္ဗန္ဓီတည်း။

http://www.dhammadownload.com



တနည်း။ ။ဘာဂဝတောကား သည်ဟု အနက်ပေးသောကြောင့် သမိတပါပတာယဝယ် သမိတပါပဟူသော ဘာဝယောဂပုဒ်၌ ကတ္တား, သမိတပါပဟူသော ဘာဝယောဂပုဒ်ကား ကတ္တိတည်း။

---

(၆) က-ခ-ဝါကျတို့၌ အာဘောဂ သံဝဏ္ဏနာကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဘဂဝါဖြင့် သမဏောပုဒ်အရ သာမညရဟန်းကိုမယူရ။ အတ္ထပကရဏကို ထောက်ဆ၍ မြတ်စွာဘုရားကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအာဘိဓေယျတ္ထ)

က-ဝါကျ၌ သမိတပါပတာယဖြင့် သမဏောပုဒ်ကို ပါပေ သမေတီတိ သမဏော ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ယုပစ္စည်းသည် ဘာဝသာဓနေ၌မသက် ဟေတုကတ္တုသာဓနေ၌ . သက်သည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအာဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ။သမဏော- ဟူသော သံဝဏ္ဏေတဗ္ဗကိတ်ပုဒ်ကို သမိတပါပဟူသော ဗဟုဗ္ဗီဟိပုဒ်နှင့် ဖွင့်ပြသဖြင့် ကတ္တုသာဓန - ကြံ၍ ဖော်ရသည်။ အရာရာ၌ ဤနည်းကိုမှီးပါ။

* သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗီနှင့်ဖွင့်ရှုပြ၊ ကတ္တုသာဓန ကြံစရာ။ (သံဝဏ္ဏနာနိယံ)

ခ-ဝါကျ၌ ဂေါတ္တဝသေနဖြင့် ဂေါတမောဟူသည် တစုံတခုသော ဂုဏ်၏အစွမ်းဖြင့် ရအပ်သောအမည်မဟုတ်။ အနွယ်၏အစွမ်းဖြင့် ရအပ်သော အမည်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

တနည်း။ ။ဂေါတ္တဝသေနဖြင့် ဂေါတမောပုဒ်ကို ဂေါတမေန သမ္ဗန္ဓော ဂေါတမော ဟု သမ္ဗန္ဓတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဏ-ပစ္စည်း၏ သမ္ဗန္ဓတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း၂, သိစေပါသည်။ (ဋီကာသစ်)

(၁) ဝိဂ္ဂဟ်ပြအာဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

http://www.dhammadownload.com



† ပါပေ သမေတီတိ သမဏော၊ ဂေါတမသမညာ၊ တေန ဂေါတ္တေန သမ္ဗန္ဓော ဂေါတမောတိ အတ္ထံ သန္ဓာယ “သမဏောတိ ဘဂဝါ” တိအာဒိ ဝုတ္တံ။ (သီ-ဋီ-သစ်)

---

● (၁၀) ဂ-ဝါကျ၌ ဒုတိယကြိယာ၏ အန္တတ္ထကို ကိုယ်ပြု၍ ဘာဝစသည်တို့ကို ဖော်ပြပါ။

ဖြေ။ ။ပဋိဝိရတောဟူသော ဒုတိယကြိယာ၏ အန္တတ္ထဖြစ်သော ပါဏာတိပါတမှ ကြဉ်ခြင်းတည်းဟူသော ရဟန်းတို့ ယန္တာန်၌ဖြစ်သော ဝိရတီပြခန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ-ဓမ္မသီဂါရ ရသ မည်၏။ ဝိရမိတဗ္ဗဝတ္ထုသည် အာရမ္မဏဝိဘာဝ မည်၏။ ယောနိသော မနသိကာရ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ပစ္စုပ္ပန်၌ အတ္တာနုဝါဒဘေး, ဒဏ္ဍဘေး, တမလွန်၌ ဒုဂ္ဂတိဘေးမှ လွတ်ကင်းခြင်းအစ, နိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနုဘာဝ မည်၏။

---

(က) နိဟိတဒဏ္ဍော နိဟိတသတ္ထောတိ ဖရုပဿာတတ္ထာယ ဒဏ္ဍံ ဝါသတ္ထံဝါ အာဒါယ အဝတ္တနတော နိက္ခိတ္တဒဏ္ဍောစေဝ နိက္ခိတ္တသတ္ထောစာတိ အတ္ထော။

(ခ) ဌေ့ စ ထပေတွာ ဒဏ္ဍံ သဗ္ဗမ္ပိ အဝသေသံ ဥပကရဏံ သတ္တာနံ ဝိဟေဌနဘာဝတော သတ္ထန္တိ ဝေဒိတဗ္ဗံ။

(ဂ) ယံ ပန ဘိက္ခူ ကတ္တရဒဏ္ဍံဝါ ဒန္တကဋ္ဌဝါသိံဝါ ပိပ္ဖလိကံဝါ ဂဟေတွာ ဝိစရန္တိ။ န တံ ပရူပဃာတတ္ထာယ၊ တသ္မာ နိဟိတဒဏ္ဍော နိဟိတသတ္ထောတွေဝ သင်္ချံ ဂစ္ဆတိ။ (ဋ္ဌ-၆၉)

● (၂) ခ-ဝါကျကို ထပနာတိကပုစ္ဆာ, ဂ-ဝါကျကို လီနတ္ထရ စောဒနာတက် တက်ခဲ့ပါ။

ဖြေ။ ။ ထပနာတိကပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် နိဟိတဒဏ္ဍောကို နိက္ခိတ္တဒဏ္ဍောဟူ၍၎င်း, နိဟိတသတ္ထောကို နိက္ခိတ္တသတ္ထောဟူ၍၎င်း ဖွင့်ဆိုတော်မူ၏။

http://www.dhammadownload.com



သတ္တအရ တပါးသောအရာတို့၌ကဲ့သို့ ထားလက်နက်ကိုသာယူရမည်လော။ ဤအရာ၌ အဘယ့်ကြောင့်အဘယ်လက်နက်တို့ကို သတ္တ ဿရ ယူရပါမည်နည်း၊ ဝါ-သတ္တဟု သိအပ်ပါသနည်း ...ဟု သူမေးဘွယ် ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် ဤအရာ၌တောင်ဝှေးကို ထား၍ အလုံးစုံလည်းဖြစ်သော ကြွင်းသော အဆောက်အဦးကို သတ္တဝါတို့ကို ညှဉ်းဆဲကြောင်းဖြစ်သောကြောင့် သတ္တဟု သိအပ်၏ဟု သတ္တဿရကို ငါပြဆို၏ ဟူလိုသောဝ်။

မှတ်ချက်။ ။သဗ္ဗမ္ပိ၌အဂ္ဂိသဒ္ဒါနှင့် ဝိဓေယျနဘာဝဟောဟိတ်တို့ကို ရှု၍ တက်သည်။

## လီနတ္ထရစောဒနာတက်

ဆရာ၊ မြတ်စွာဘုရားသည် နိဟိတဒဏ္ဍော နိဟိတသတ္ထော ဟု ဟောတော်မူ၏။ ရဟန်းတို့သည် သူ့အိုတောင်ဝှေးကိုင်၍၊ ဒန်ပူဖြတ်စရာ ပဲခွပ်ကိုင်၍၊ လက်သည်းလှီးထားယော်ကိုင်၍ ကိုင်ဆောင်၍ လှည့်လည်ကြကုန်သည်မဟုတ်လော။ ယင်းသို့ လှည့်လည်ကုန်ပါလျက် အဘယ့်ကြောင့် နိဟိတဒဏ္ဍော နိဟိတသတ္ထောဟု ဘုရားဟောတော်မူပါသနည်း။ အကယ်၍ မဟောသင့်ဘဲလျက် ဟောတော်မူချေသော် မြတ်စွာဘုရားအား သဒ္ဒ, အတ္ထ ဆန့်သော ဝိရောဓိဒေါသရောက်ရာ၏ ဟု သူစောဒနာဘွယ်ရှိသော ကြောင့် ဂ–ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဂ–ဝါကျဖြင့် ရဟန်းတို့သည် သူ့အို တောင်ဝှေးကိုင်၍, ဒန်ပူဖြတ်စရာ ပဲခွပ်ကိုင်၍, လက်သည်းလှီးထားယော်ကိုင်၍ ကိုင်ဆောင်၍ သူတပါးတို့ကို ညှဉ်းဆဲခြင်းငှါ မလှည့်လည်ကုန်သော ကြောင့် နိဟိတဒဏ္ဍ, နိဟိတသတ္ထ မည်၏ဟု ငါပြဆိုသည် ဖြစ်ရကား သင်တင်တိုင်းသောသဒ္ဒ, အတ္ထဆန့်သော ဝိရောဓိဒေါသ မြတ်စွာဘုရား အား မရောက် ဆိုတန်၏ ဟူလိုသောဝ်။ (စတုက္ကထုတ်ပုံနှင့်ညှိ၍ရှုပါ။)

မှတ်ချက်။ ။လီနတ္ထရစောဒနာဟူသည် အမေးပုစ္ဆာမထင်ရှား။ အဖြေ ဝိသဇ္ဇနာသာ ထင်ရှားသော အရာမျိုး၌ တင်သော စောဒနာမျိုး တည်း။ ထို့ကြောင့်“မေးမထင်ရှား၊ ဖြေထင်ရှား၊ မှတ်သားလီနတ္ထရ”ဟု

http://www.dhammadownload.com





နိယံဆရာတို့ဆိုကြ၏။ ယေဘုယျာအားဖြင့် ဤစောဒနာမျိုး၌ သံဝဏ္ဏေတဗ္ဗကို ထပနာထား၊ အဖြေကိုရှောင်၍တက်ရသည်။

(၁) သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗကို ထပနာထား၍ တက်ခြင်း။ (၂)လျှဉ်းပါး၍ တက်ခြင်း။(၃) အဖြေရှု၍တက်ခြင်း။ (၄) လီနတ္ထရတက်ခြင်းတို့ကား အမည်ပြားသော်လည်း သဘောသွား အတူတူပင်။ လီနတ္ထရစောဒနာကို ဋီကာတို့၌ အဓ္ဓောလီန စောဒနာ-ဟု ရေး ကြသုံးနှုန်းကြသည်။

ဤ ဂ-ဝါကျသို့ နိဿျဟောင်း ကျမ်းတက်ပုံကား ဆရာ၊ပယ်အပ်ပြီးသော တောင်ဝှေး ရှိသောသူသည်ငှင်း, ပယ်အပ်ပြီးသော တောင်ဝှေးမှ တပါးသောလက်နက်ရှိသော သူသည် ငှင်း နိဟိတဒဏ္ဍ, နိဟိတသတ္ထ မည်၏ဟုဆရာဆို၏။ တောင်ဝှေး ဒန်ပူဖြတ်သော ထားငယ်, လက်သည်းလှီး ထားငယ်စသည်တို့ကို ကိုင်၍သွားကုန်သော ရဟန်းတို့သည် အနိဟိတဒဏ္ဍ, အနိဟိတ သတ္ထ မည်ကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှါ ယံပန စသော ပါဌ်ကိုမိန့်ဟု ကျမ်းတက်သည်။

(၃) ဂ-ဝါကျ၌ စောဒကာဘောဂ, စောဒကာဘောဂဖလ, ပရိဟာ ရာဘောဂ, ပရိ ဟာရဘောဂဖလတို့ကို ဖော်ပြပါ။

ဖြေ စတုက္ကထိုတ်ပုံ

နနု ဘိက္ခူ ကတ္တရဒဏ္ဍံဝါ ဒန္တကဋ္ဌဝါသိံ ဝါ ပိပ္ဖလိကံဝါ ဂဟေဝအာ ဝိစရန္တိ။ (စော+တော)

အထ ကသ္မာ နိဟိတဒဏ္ဍော နိဟိတသတ္ထောတိ ဝုတ္တံ။ (စောဒကာဘောဂဖလ)

နနု နတံ ပရူပဃာတတ္ထာယ ဂဟေတွာ ဝိစရန္တိ။ (ပရိ+ဘော, )

(တသ္မာ) နိတိတဒဏ္ဍော နိဟိတသတ္ထောတိ ဝုတ္တံ ။ (ပရိဟာရာဘောဂဖလ)

http://www.dhammadownload.com



ဖြေ။ ။ ဝစနတ္ထ။ ။သသတိ ဟိ သတိ အနေနာတိ သတ္ထံ။(အနေန ဥပကရဏေန၊ ဤအဆောက်အဦးဖြင့်။ သတ္တေ၊ သတ္တဝါတို့ကို။ သသတိ ဟိ သတိ၊ ညှဉ်းဆဲတတ်၏။ ဣတိတသ္မာ၊ ထိုသို့သတ္တဝါတို့ကို ညှဉ်းဆဲကြောင်း၏ အဖြစ်ကြောင့်။ တံဥပကရဏံ၊ ထို အဆောက်အဦး သည်။ သတ္ထံ၊ သတ္ထမည်၏။ သသု ဟိ သာယံ၊ ထော။)

စေနာဒိတက္က။ ။ သတ္တဝါတို့ကို ညှဉ်းဆဲခြင်း ကြိယာ သကတ်သည်ဝစနာဟော တုမည်၏။ တောင်ဇော့မှကြွင်းသော အလုံးစုံသော လက်နက်ဒြပ်သည် ဝစနိယမည်၏။ အာဝုဓံ, ဟေတိယ ပဟရဏံစသော ပရိယာက် သဒ္ဒါသည် ဝစနိယတ္ထမည်၏။

ဝိဂ္ဂဟမှတ်ဘွယ်များ

နိဟိတသတ္ထော။ ။ နိဓိယဘိ ခိပိယတီတိ နိတိတံ။ နိဟိတံ သတ္ထံယေနာတ် နိဟိ တသတ္ထော။ (တတိယာဗဟုဗ္ဗိဟိ)

နိက္ခိတ္တဒဏ္ဍော။ ။နိက္ခိတ္တော ဒဏ္ဍော ယေနာတိ နိက္ခိတ္တ ဒဏ္ဍော။ နိက္ခိတ္တသ တ္ထောလည်းနည်းတူပြု။ (တတိယာဗဟုဗ္ဗိဟိပင်)

ကတ္တရဒဏ္ဍ။ ။ကတ္တရေန ဇိဏ္ဏေန အာလမ္ဗိတော ဒဏ္ဍော ကတ္တရဒဏ္ဍော။ ကတ္တရသ ဇိဏ္ဏသ ဒဏ္ဍော ကတ္တရဒဏ္ဍော။ (ကတ္တရ သဒ္ဒါ သူအိုဟော)

(၅) ခ–ဝါကျ၌ ဝိဟေဌနဘာဝတောဝယ် ဘာဝ သမ္ဗန်ကို ဖော်ပြ၍ စာစပ်ခဲ့ပါ။

ဖြေ။ ။ ဝိဟေဌနဘာဝတော၌ ဘာဝသဗ္ဗန်ကားပိကား သဗ္ဗသပိအဝသေသသ ဥပက ရဏသတည်း။ (ဝိသေသနပုဒ်တို့နှင့် တကွ သမ္ဗန်ခံသည်။)

စာစပ်ပုံ။ ။ သဗ္ဗာသာပိ အဝသေသသ ဥပကရဏသကား ၏ဟု အနက်ပေး သောကြောင့် ဝိဟေဌနဘာဝတောဝယ် ဘာဝပုဒ်၌ သမ္ဗန် ဘာဝပုဒ်ကား သမ္ဗန္ဓိ တည်း။

http://www.dhammadownload.com



**တနည်း။** ။သမ္ဘာဝါပိ အဝသေသာ ဥပကရဏာယကား သည်ဟု အနက်ပေးသောကြောင့် ဝိဟေဌနဘာဝတောဝယ် ဝိဟေဌန ဟူသော ဘာဝယောဂပုဒ်၌ ကတ္တား။ ဝိဟေဌန ဟူသော ဘာဝယောဂပုဒ် ကား ကတ္တိ တည်း။

---

● (၆) က-ခ-ဝါကျတို့၌ ရသင့်သော အာဘော်, သံဝဏ္ဏနာ တို့ကိုဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ နိက္ခိတ္တဒဏ္ဍော, နိက္ခိတ္တသတ္ထောဖြင့် နိဟိတ ၌ ခါခတ်သည် ဆောင်ခြင်းခါရဏအနက်ကိုမဟော။ ပစ်ချခြင်း ဝိပန အနက်ကိုဟောသည်၏ အဖြစ်ကိုရင်း၊ နိဟိတ-၌ နိ ဥပသာရ၏ ခါတွတ္ထ ဝိသေသက၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဒုတိယခါတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

က-ဝါကျ၌ ပရူပဃာတတ္ထာယ ဒဏ္ဍံဝါ သတ္ထံဝါ အာဒါယ အဝတ္တ နတောဖြင့် သူတပါးတို့ကိုသတ်ခြင်း ညှဉ်းဆဲခြင်းငှာ တောင်ဝှေးကိုရင်း, ထားစသော လက်နက်ကိုရင်း ကိုင်ဆောင်၍ လှည့်လည်သောကြောင့် မြတ်စွာဘုရားသည် နိဟိတဒဏ္ဍာ, နိဟိတသတ္ထ မည်သတည်းဟု သိစေပါ သည်။ (ဤကား စာစပ်နည်းအရ ပါဠိလျှောက် ဖော်သော အာဘော် တည်း။) (ဘာဝတ္ထ)

**တနည်း။** ။ပရူပဃာတတ္ထာယ စသည်ဖြင့် နိဟိတဒဏ္ဍော နိဟိ တသတ္ထော ဟူသောအကားကို အတ္ထာပတ္တိ၏အစွမ်းဖြင့် သူတပါးကိုညှဉ်း ဆဲခြင်းမှ ရှောင်ကြဉ်တော်မူသည်၏ အဖြစ်ကို ပြခြင်းငှာ ဟောတော်မူ သည်၏ အဖြစ်ကိုရင်း, တောင်ဝှေးစသည်တို့ကို ကိုင်ဆောင်၍ လှည့်လည် သော်လည်း သူတပါးတို့ကို ညှဉ်းဆဲကြောင်း မဟုတ်သော် နိဟိတဒဏ္ဍာ, နိဟိတသတ္ထပင်မည်၏ ဟူသော ရောက်သောအနက် (အာပန္နအတ္ထ) ကိုရင်း၊, သိစေပါသည်။ (ဋီကာသစ်အာဘော်)

(၁) ဘာဝတ္ထ။ (၂) ဘာဝတ္ထ။

ခ-ဝါကျ၌ ဝိဟေဌန ဘာဝကြောင့် သတ္တ၌ သသုခါတ်သည် အနုသာသန အနက်ကိုမဟော၊ ဟိံသာ အနက်ကိုဟောသည်၏ အဖြစ်

http://www.dhammadownload.com



ကိုရင်း၊ ထပစ္စည်း၏ ကဒုဏာသာနေ၌သက်သည်၏ အဖြစ်ကိုရင်း၊ သတ္ထံ ပုဒ်ကို သသတိ ဟိံသတိ ဓေဟနာတိ သတ္ထံ ဟု ကဒုဏာသာဖြန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဒုကိုဏာဓာတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဝိဂ္ဂဟပြ အဘိဓာနတ္ထ။

၁-ဝါကျ၌ သတ္တာန်ဖြင့် ဝိဓဟဋနတောဝယ် ဟေဌဓာတ်သည် သကမ္မက, ကမ္မာပေက္ခ ဖြစ်ရကား ယင်းဓာတ်၏ကံကား သတ္တာန်ဘည်း ဟု သိစေပါသည်။ (တနည်းစာစပ်နည်းအရဖော်ဦး။) (ဘာဝတ္ထ)

၁-ဝါကျ၌ ထပေက္ခာ ဒဏ္ဍံ သဒ္ဒမ္ဟိ အဝသေသံ ဥပကရဏဖြင့် သတ္ထံပုဒ်ကို သသတိ ဟိံသတိ ဓေတနာတိ သတ္ထံဟု ဝစနတ္ထပြု၍ သတ္ထံ အရ ထားလက်နက်ကိုသာမယူရ၊ ပါရိသေသနည်းအားဖြင့် တောင်ဝှေး မှ ကြွင်းသော အလုံးစုံသော သတ္တာါတို့ကို ညှဉ်းဆဲကြောင်း အဆောက် အဦးကိုယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

---

● (၇) နိဟိတဒဏ္ဍောဌ် နိဟိတသဒ္ဒါ၏ နိရုတ္တိနည်းဖြင့်ရုပ်ပြီး ပုံကိုပြပါ။

ဖြေ။ ။နိဟိတကား....နိ-ပုဗ္ဗ ဓာ-ဓာတ် တ-ပစ္စည်း၊ ဓာမှ ဓ- ကိုဟ-ပြုခြင်း ဝဏ္ဏဝိကာရ, အာ-ကို ဣ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် နိဟိတ ဟု ပြီးပါသည်။

## နိရုတ္တိမှတ်ဘွယ်

**ပိပ္ပလိကံ**။ ။ပိယမ္ပိဖလေတီတိ ပိပ္ပလံ၊ဖလ-ဝိဒါရဏေ။ (အိ-ဦ) ပိယဖလဟူလိုလျက် ယ-ကိုချေ၊ပိပ္ပလံ ဧဝ ပိပ္ပလိကံ ဟု သုတ္တတဒ္ဓိတ်ဆင့်။

ဒဏ္ဍော။ ။ဒဋတိ အာဏံ ကရောတိ ဓောနာတိ ဒဏ္ဍော။ ဒဋိ-ဓာတ် က-ပစ္စည်း၊ ဒ-ထက္ခ၌ နိဂ္ဂဟိတ်လာ၊ က-ပစ္စည်းကိုချေ။ (သဒ္ဒါကြီး)

* ဣ အကွဲ့ရာ၊ အစဉ်ပါလတ်၊ ယင်းသည့်ဓာတ်မှ ၊ ဝိန္ဒုလာ။

http://www.dhammadownload.com



● (ဂ) နိဟိတဒဏ္ဍော၌ ဒဏ္ဍ၏ ပမာဏကို ဖော်ပြပါ။

ဖြေ။ ။ဒဏ္ဍ၏ ပမာဏကား မဇ္ဈိမပုရိသ၏ လေးတောင် ပမာဏတည်း။

† မဇ္ဈိမဿ ပုရိသဿ စတုဟတ္ထပမာဏော စေတ္ထ ဒဏ္ဍော။
(သီ-ဋီ-သစ်)

---

● (၁၀) ဝိဟေဌနတ္ထ ခါတွတ္ထကို ကိုယ်ပြု၍ဘာဝစသည်တို့ကို ဖော်ပြပါ။

ဖြေ။ ။ဝိဟေဌနတ္ထ ဟေဌခါတ်အရကား သတ္တဝါတို့ကို ညှဉ်းဆဲခြင်းဟု ဆိုအပ်သော ဒေါသပြခန်းသော အကုသိုလ် စိတ္တုပ္ပါဒ်တည်း။ ယင်း အကုသိုလ်စိတ္တုပ္ပါဒ်သည် ဓာတွတ္ထဘာဝ, ရှဒ္ဒရသတည်း။ ညှဉ်းဆဲအပ်သော သတ္တဝါတို့ဖြစ်သည် အာရမ္မဏဝိဘာဝတည်း။ ထား စုသောညှဉ်းဆဲကြောင်း အဆောက်အဦးသည် ဥဋ္ဌပနဝိဘာဝ မည်၏။ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး,ဒဏ္ဍဘေး, ဒုဂ္ဂတိဘေး စသည်တို့သည် အနုဘာဝ မည်၏။

---

(က) လဇ္ဇီတိ ပါပဇိဂုစ္ဆနလက္ခဏာယ လဇ္ဇာယ သမန္နာဂတော။
(ခ) ဒယာပန္နောတိ ဒယံ မေတ္တစိတ္တတံ အာပန္နော။
(ဂ) သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီတိ သဗ္ဗေ ပါဏဘူတေ ဟိတေန အနုကမ္ပကော၊ တာယ ဒယာပန္နတာယ သဗ္ဗေသံ ပါဏဘူတာနံ ဟိတစိတ္တကောတိ အတ္ထော။
(ဃ) ဝိဟရတီတိ ဣရိယတိ ယပေတိ ယာပေတိ ပါလေတိ။
(ဋ္ဌ-၆၉)

● (၂) ခ-ဝါကျ၌ ဒယံ မေတ္တစိတ္တတံဟူသော သံဝဏ္ဏနာ ကို သာ လျဉ်းပါး၍ ထပနာတိက ပုစ္ဆာတက်ပါ။

ဖြေ။ ။ လျဉ်းပါး၍တက်ပုံ

ဆရာ၊မြတ်စွာဘုရားသည် ဒယာပန္နောဟု ဟောတော်မူ၏။ဒယာပန္နော၌ ဒယာသဒ္ဒါသည် ကရုဏာဟူသောအနက်ဖြစ်ပါသလော။ ဂါ—

http://www.dhammadownload.com



ဒယာအရ ဤ၌ ကရုဏာကို ယူရမည်လော။ ဒယာသဒ္ဒါသည် အဘယ် အနက်၌ ဖြစ်ပါသနည်း။ ဝါ-ဒယာအရ ဤ၌ အဘယ်ကို ယူရမည်နည်း ဟု သူမေးဘွယ်ရှိသောကြောင့် ဒယံ မေတ္တစိတ္တတံကိုမိန့်။

အဓိပ္ပါယ်ကား။ ။ယင်းပါဌ်ဖြင့် ဤ၌ ဒယာသဒ္ဒါသည် မေတ္တာ ဟူသောအနက်၌ဖြစ်၏။ဝါ-ဤ၌ ဒယာအရ မေတ္တာကိုယူရမည်ဟု ငါပြ ဆို၏ဟူလိုသတည်း။

---

● (၃) ခ-ဝါကျ၌ ဒယံ မေတ္တစိတ္တတံ ပါဌ်ကိုရှု၍စောဒကာ ဘောဂါဒိစတုက္က ထုတ်ပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ဒယာသဒ္ဒေါ အဒယာပန္နောတိအာဒီသု ကရုဏာယပိ ဝတ္တတိ။
(စော+ဘော)

အထ ကသ္မာ ဒယံ မေတ္တစိတ္တတန္တိ ဝုတ္တံ။ (စော)

နနု သဗ္ဗပါဏဘူတဟိတာနုကမ္ပီတိပဒေန ကရုဏံ ဝက္ခတိ။
ပရိ+ဘော)

(တသ္မာ) ဒယံ မေတ္တစိတ္တတန္တိ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။ဤစတုက္ကကား ငှါကာသစ်လာ စော+ဘော, စောဒနာနှင့် ကရုဏာယ ဝက္ခမာနတ္တာယတိတ်တို့ကို အနည်းငယ် ပြင်ဆင် ၍ ထုတ်သော စတုက္ကပေတည်း။

---

● (၄) မေတ္တာပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။မိဒတိ သိနေဟတီတိ မေတ္တာ။ (ယာ မေတ္တိ၊ အကြင် မေတ္တာသည်။ မိဒတိ သိနေဟတိ၊ ချစ်တတ်၏။ ဣတိ တသ္မာ...ကြောင့်။ သာမေတ္တိ၊သည်။မေတ္တာ-မေတ္တာ မည်၏။)

ဝစနာဒိဆက္က။ ။ချစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ မေတ္တာဒြပ်သည်၊ ဝါ-အဇ္ဈောသနစေတသိက်ဒြပ်သည် ဝစနီယ မည်၏။ မေတ္တိစသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။

http://www.dhammadownload.com



**မှတ်ချက်**။ ။မေတ္တစိတ္တတံ၌ မေတ္တာပုဒ်ကို ဝစနတ္ထပြုပါဟု မေးလျှင် မေတ္တာနှင့်မတူကြောင်း ဝိဂ္ဂဟမှတ်ဘွယ်၌ရှုသတိပြုပါ။

## ဝိဂ္ဂဟမှတ်ဘွယ်များ

**မေတ္တစိတ္တတံ**။ ။မေတ္တာ ဧတဿ အတ္ထီတိ မေတ္တံ။ (စိတ်ရ၏။) မေတ္တံ စိတ္တံ ဧတဿာတိ မေတ္တစိတ္တော။ (ပုဂ္ဂိုလ်ရ၏။) မေတ္တာယ သမ္ပယုတ္တံ စိတ္တံ ဧတဿာတိ မေတ္တစိတ္တော။ (ပုဂ္ဂိုလ်ပင်ရ၏။) မေတ္တစိတ္တဿ ဘာဝေါ မေတ္တစိတ္တတာ၊ တံ မေတ္တစိတ္တတံ။ (အကြောင်းရင်း ဖြစ်သော မေတ္တာရ၏။)

**ပါဏဘူတ**။ ။ပါဏော ဘူတော ယေသန္တိ ပါဏဘူတာ။ (ယေသံ သတ္တာနံ၊တို့အား။ဘူတော၊ပါကဋော၊ ထင်ရှားသော။ပါဏော၊ ထွက်သက်ဝင်သက်သည်။ အတ္ထိ၊ ၏။ ဣတိ။ပါဏဘူတာ၊ ၏။)

**တနည်း**။ ။တံ တံ ကမ္မာနုရူပေန ဘဝန္တီတိ ဘူတာ။ ပါဏံ သခါတာ ဘူတာ ပါဏဘူတာ။

---

● (၅) ဂ-ဝါကျ၌ ဒယာပန္နတာယဟိတ်၏ သမ္ဗန်ကို ဖော်ပြ၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ရေးသားပါ။

ဖြေ။ ။ဒယာပန္နတာယဟိတ်၏ သမ္ဗန်ကား သမဏဿ ဂေါတမဿတည်း။ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကတ္တုတ္ထတည်း။

(ကတ္တား သမ္ဗန့်စပ်)

**မှတ်ချက်**။ ။ပါဠိတော်၌ရှိသော သမဏော ဂေါတမော ပုဒ်ကို သမ္ဗန်ခံသည်။

---

● (၆) က-မှ-ဃ တိုင်အောင်သော ဝါကျတို့၌ အာဘောဂ, သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ပါပဇိဂုစ္ဆန လက္ခဏာယဖြင့် လဇ္ဇာပုဒ်ကို ပါပတော လဇ္ဇတီတိ လဇ္ဇာ ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း, အပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏ အဖြစ်ကိုရင်း, လဇ္ဇာ

http://www.dhammadownload.com



အရ အတ္တာ၀ိနသဘောရှိသောကြောင့် ဟိရိတရားကိုယူရမည်၏ အဖြစ်ကိုရင်း၊ ဝါ-မကောင်းမှုမှ စက်ဆုပ်ခြင်း မည်သည် မကောင်းမှုမှ ကြောက်ခြင်းကင်းသည် ရှက်ခြင်းကင်းသည် မည်သည် မရှိသောကြောင့် လဇ္ဇာအရ ဟိရိ, ဩတ္တပ္ပတရားနှစ်ပါးကိုပင် ယူရမည်၏ အဖြစ်ကိုရင်း သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

(၃) သရုပ်ကြားအဘိဓေယျတ္ထ။ (၄) သရုပ်ကြားအဘိဓေယျတ္ထ။

မှတ်ချက်။ ။အာဘော်၌ ကတ္တုသာဓန ဖော်သည်ကား လဇ္ဇာ ဟူသောကိတ်ပုဒ်ကို ပါပ ဇိဂုစ္ဆနလက္ခဏာယ ဟု ဗဟုဗ္ဗိဟိနှင့် ဖွင့်သဖြင့် ဖော်သည်။

* သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗိနှင့်ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။ **(သံဝဏ္ဏနာနယ်)**

က-ဝါကျ၌ လဇ္ဇာယ သမန္နာဂတောဖြင့် လဇ္ဇီပုဒ်ကို လဇ္ဇာ အဿ အတ္ထီတိ လဇ္ဇီဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဤ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

မှတ်ချက်။ ။လဇ္ဇီဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို သမန္နာဂတော နှင့်ဖွင့်သဖြင့် အဿတ္ထိဖော်သည်။ သမ္ပန္န,သမင်္ဂီ စသည်နှင့်ဖွင့်ရာ၌လည်း နည်းတူပင်။

* သံဝဏ္ဏေတဗ္ဗ၊ ပုဒ်ကောကို၊ သမန္နာဂတ၊ သမ္ပန္နနှင့်၊ ထိုမှတလီ၊ သမင်္ဂီတည့်၊ ပရိပုဏ္ဏ၊ သံပုဏ္ဏက၊ စသည်တို့နှင့်၊ ဖွင့်ပြလေရာ၊ မှတ်ပါမိယုတ်၊ ဖွင့်နည်းထုတ်၊ တဒ္ဓိတ်အဿတ္ထိ၊ ကြံနည်းသိ။ **(သံဝဏ္ဏနာနယ်)**

ခ-ဝါကျ၌ မေတ္တစိတ္တတာဖြင့် ဒယာ ပုဒ်ကို ဒယတိ အနုဒ္ဒယတိ အနုရက္ခတိ ဓောယာတိ ဒယာ-ဟု ဝစနတ္ထပြု၍ ဒယာအရ အနုရက္ခဏာတ္တကို အတွင်းပြု၍ မေတ္တာ, ကရုဏာနှစ်ပါးပင် ရသော်လည်း သဗ္ဗပါဏဘူတဟိတာနုကမ္ပီဖြင့် ကရုဏာကို ဆိုလတံ့ဖြစ်သောကြောင့် ဤ၌ မေတ္တာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

http://www.dhammadownload.com



ခ-၀ ါကျ၌ ဒယ်အာပန္နောဖြင့် အာပန္နောပုဒ်ကို အာပဇ္ဇတီတိ အာပန္နောဟု ကတ္တုသာဓန ၀စနတ္ထပြုရမည်၏ အဖြစ်ကိုင်း¹, အာပန္နော၌ တ ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုင်း², ဒယနှင့်အာပန္နပုဒ်ကို ဒယံ အာပန္နော ဒယာပန္နောဟု ဒုတိယာတပ္ပုရိသ်သမာသ် ၀စနတ္ထပြုရမည်၏ အဖြစ်ကိုင်း³ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြု အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဝိဂ္ဂဟ်ပြု အဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

မှတ်ချက်။ ။ဒယံ အာပန္နောဟု ဒုတိယာ တပ္ပုရိသ်ကို ပြသဖြင့် အာပန္နောကို ကတ္တုသာဓနပြုရာရောက်သည်။ "ကတ္တုသာဓန၊ နောက်ပုဒ်ပြု၊ ရှေ့ကပုဒ်နှင့် ဒုတိယာ တပ္ပုရိသ်တွဲမြဲ" ဟူသော နိယံကို အပြန်အလှန်ကြံသည်။

* တပ္ပုရိသ်ဒုတိယာ၊ ကျမ်း၌လာက၊ နောက်မှာပဒ၊ ကြံကြနည်းမှတ်၊ ကတ္တုသာဓ်။ (သစ်)

ဂ-၀ ါကျ၌ သဗ္ဗေ ပါဏာဘူတေဖြင့် သဗ္ဗနှင့်ပါဏာဘူတပုဒ်ကို သဗ္ဗေ စ တေ ပါဏာဘူတာစေတိ သဗ္ဗပါဏာဘူတာ ဟု ကမ္မဓာရယ်သမာသ် ၀စနတ္ထပြုရမည်၏အဖြစ်ကိုင်း¹, ဟိတေန အနုကမ္ပကော-ဖြင့် အနုကမ္ပီပုဒ်ကို အနုကမ္ပတီတိ အနုကမ္ပီ ဟု ကတ္တုသာဓန ၀စနတ္ထပြုရမည်၏ အဖြစ်ကိုင်း², အနုကမ္ပီ၌ ဏီပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုင်း³, ဟိတနှင့် 'အနုကမ္ပီပုဒ်ကို ဟိတေန အနုကမ္ပီ ဟိတာနုကမ္ပီဟု တတိယာတပ္ပုရိသ်သမာသ် ၀စနတ္ထပြုရမည်၏ အဖြစ်ကိုင်း⁴, ယင်းတ၀ ါကျလုံးဖြင့် သဗ္ဗပါဏာဘူတနှင့် ဟိတာနုကမ္ပီကို သဗ္ဗပါဏာဘူတေ ဟိတာနုကမ္ပီ သဗ္ဗပါဏာဘူတဟိတာနုကမ္ပီ ဟု ဒုတိယာတပ္ပုရိသ် သမာသ် ၀စနတ္ထပြုရမည်၏ အဖြစ်ကိုင်း⁵ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။
(၄) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။
(၅) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

http://www.dhammadownload.com



ဂ-ၥါကျ၌ တာယဒယာပန္နတာယဖြင့် မေတ္တာသည် ကရုဏာ၏ ဝိသေသအကြောင်းဖြစ်ရကား ယင်းမေတ္တာကြောင့် ကရုဏာဖြစ်သတည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ သဗ္ဗေသံ "လ" အတ္တောဖြင့် ယင်းမေတ္တာနှင့် ပြည့်စုံသောကြောင့် ခပ်သိမ်းကုန်သောသတ္တဝါတို့၏ အစီးအပွားကို အလိုရှိသောစိတ်ရှိသတည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ဣရိယတိ ယပေတိ ယာပေတိ ပါလေတိဖြင့် ဝိဟရတိ၌ ဝိ-သဒ္ဒါသည် ဝိဘာဂအနက်ကိုမဟော၊ ဝိစ္ဆိန္ဒနအနက်ကိုဟောသည်၏ အဖြစ်ကိုရှင်း[၁]၊ ဟရဓာတ်သည် ပယ်ခြင်း အပနယန အနက်ကို မဟော၊ ဆောင်ခြင်း နယနတ္ထကိုဟောသည်၏အဖြစ်ကိုရှင်း[၂]၊ နယန—ဆောင်ခြင်းဟူသည် ဤအရာ၌ ပဝတ္တန—ဖြစ်ခြင်းပင်တည်း။ ဖြစ်ခြင်းဟူသည် ယာပန—မျှတစေခြင်း။ မျှတစေခြင်းဟူသည် ပါလန-စောင့်ရှောက်ခြင်းဟူသော အဓိပ္ပါယ်ကိုရှင်း[၃] သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ကတ္ထ။ (၂) ဓာတွတ္ထ။ (၃) ဘာဝတ္ထ။

---

(က) ဣတိဝါ ဟိ ဘိက္ခဝေတိ ဧဝံ ဝါ ဘိက္ခဝေ။
(ခ) အဒိန္နာဒါနံ ပဟာယာတိ ဧတ္ထ အဒိန္နဿ အာဒါနံ၊ ပရဿ ဟရဏံ ထေယျံ၊ စောရိကာတိ ဝုတ္တံ ဟောတိ။
(ဂ) တတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံ။
(ဃ) ဒိန္နမေဝ အာဒိယတီတိ ဒိန္နာဒါယီ။
(င) စိတ္တေန ပိ ဒိန္နမေဝ ပဋိကင်္ခတီတိ ဒိန္နပါဋိကင်္ခီ။

(၄-၇၀-၇၁)

● (၆) က-မှ င-တိုင်အောင်သော ဝါကျတို့၌ အာဘောဂ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဧဝံ ဝါ ဘိက္ခဝေဖြင့် ဣတိသဒ္ဒါ ဟေတု ပကာရစသောအနက်တို့ကိုမဟော၊ နိဒဿနအနက်ကို ဟောသည်၏အဖြစ်ကိုရှင်း[၁]၊ ဟိ နိပါတ်၏ အနတ္ထက, ဝစနသိလိဋ္ဌ၏အဖြစ်ကိုရှင်း[၂] သိစေပါသည်။

(၁) နိပါတလိင်္ကတ္ထ။ (၂) နိပါတလိင်္ကတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ အဒိန္နဿ အာဒါနံဖြင့် အာဒါနံ ပုဒ်ကို အာဒီယတိ ဧတေနာတိ အာဒါနံ ဟု ကရဏသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁ အာဒါနံ၌ ယုပစ္စည်း၏ ကရဏသာဓန၌သက်သည်၏အဖြစ်ကိုရင်း၂, အဒိန္န နှင့်အာဒါနံကို အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ ဟု ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၃ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဝိဂ္ဂိုဟ်ပြု အဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

မှတ်ချက်။ ။အဒိန္နဿ အာဒါနံ ဟု ကမ္မဋ္ဌဆဋ္ဌီကိုပြုသဖြင့် ကရဏသာဓ်ကိုပြုရာရောက်သည်။ဤ အဒိန္နာဒါနံအဖွင့်၌ စတုက္ကစသည်တို့သည် ပါဏာတိပါတအဖွင့်နှင့်တူသဖြင့် အာဘော်သံဝဏ္ဏနာ၌သာဖော်ပြလိုက်ပေသည်။

ခ-ဝါကျ၌-ပရဿ-ဖြင့် အဒိန္နအရ ပရသန္တကကို ယူရမည်၏ အဖြစ်ကိုရင်း၁, ဟရဏံဖြင့် သဒ္ဒန္တရယောဂ (သဒ္ဒါတပါးနှင့်ယှဉ်ခြင်း) ကြောင့် ဓာတ်တို့သည် အတ္တဝိသေသကိုဟောနိုင်ကုန်၏ဟူသော ပရိဘာသာနှင့်အညီ အာဒါနံ၌ ဒါဓာတ်သည် အာ-ဟူသော ဥပသာရနှင့်ယှဉ်သောကြောင့် ပေးခြင်း-ဒါနအနက်ကိုမဟော၊ ဟရဏ-ဆောင်ခြင်း၊ဝါ ဂဟဏ-ယူခြင်းဟူသောအနက်ကို ဟောသည်၏အဖြစ်ကိုရင်း၂, အာ-ဥပသာရ၏ ဓာတွတ္ထ ဗာဓကာဏ်ဖြစ်ကိုရင်း၃ သိစေပါသည်။

(၁) သရုပ်ကြားအဘိဓေယျတ္ထ။ (၂) ဒုတိယဓာတွတ္ထ။

(၃) ဥပသဂ္ဂလိင်္ဂတ္ထ။

ခ-ဝါကျ၌ ထေယျ စောရိကာဖြင့် ပရဿ ဟရဏ-သူတပါး ဥစ္စာကိုယူခြင်းဟူသည် ပိဏ္ဍတ္ထအားဖြင့် ခိုးခြင်းပင်တည်းဟု သိစေပါ သည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ပရပရိဂ္ဂဟိတံဖြင့် အဒိန္နအရ ဒန္တပေါဏသိက္ခာပုဒ် ကဲ့သို့ အပ္ပရိဂ္ဂဟိတ (အကပ်မခံရသေးသော) အတ္တသန္တကကိုယူရ ပရ ပရိဂ္ဂဟိတ, သသာမိကဘဏ္ဍာကိုယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

http://www.dhammadownload.com



ဃ-ဝါကျ၌ ဒိန္နမေဝ အာဒိယတိဖြင့် အာဒါယိ၌ ဏီ ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း[၁],အာဒါယိပုဒ်ကို အာဒိယတီတိ အာဒါယီဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၂],သဗ္ဗမ္ပိ ဝါကျံ အနွေဂတာဝဓာရဏံနှင့်အညီ ဒိန္နသဒ္ဒါ၏ ဒိန္နမေဝ ဟူသော အဝဓာ ရဏအနက်ရှိသည်၏အဖြစ်ကိုရင်း[၃], ဒိန္နနှင့် အာဒါယီကို ဒိန္နမေဝ အာဒါ ယီ ဒိန္နာဒါယီဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို ရင်း[၄] သိစေပါသည်။

(၁) ဒုတိယပစ္စယတ္ထ။ (၂) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ။ (၃) ဘာဝတ္ထ။ (၄) ဝိဂ္ဂဟ်ပြု အဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

င-ဝါကျ၌ ဒိန္နမေဝ ပဋိကင်္ခတိဖြင့် ပါဋိကင်္ခီ၌ ဏီ ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရင်း[၁], ပါဋိကင်္ခီပုဒ်ကို ပဋိကင်္ခတီတိ ပါဋိကင်္ခီဟု ကတ္တုသာဓန ပစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၂], သဗ္ဗမ္ပိ ဝါကျံ အနွေဂတာဝဓာရဏံနှင့်အညီ ဒိန္နသဒ္ဒါ၏ ဒိန္နမေဝဟူသော အဝဓာရဏ အနက်ရှိသည်၏အဖြစ်ကိုရင်း[၃], ဒိန္နနှင့် ပါဋိကင်္ခီကို ဒိန္နမေဝ ပါဋိကင်္ခီ ဒိန္နပါဋိကင်္ခီဟု ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို ရင်း[၄] သိစေပါသည်။

(၁) ဒုတိယပစ္စယတ္ထ။ (၂) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ။ (၃) ဘာဝတ္ထ။
(၄) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

စ-ဝါကျ၌ စိတ္တနပိ ဖြင့်ဒိန္နာဒါယီပုဒ်သည်ပယောဂအားဖြင့် စင် ကြယ်ခြင်း ပယောဂသုဒ္ဓိကိုပြသည်။ ဒိန္နပါဋိကင်္ခီပုဒ်သည် အလိုအားဖြင့် စင်ကြယ်ခြင်း အာသယသုဒ္ဓိကို ပြသည်ဟုသိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ယင်းဖြင့် ဒိန္နာဒါယီ ဒိန္နပါဋိကင်္ခီတို့၏ အထူးကို သိပါ။

---

(က) ထေနေတီတိ ထေနော။
(ခ) န ထေနေန အထေနေန။
(ဂ) အထေနတ္တာယေဝ သုစိဘူတေန။

http://www.dhammadownload.com



(ဃ) အတ္တနာဝတိ အတ္တဘာဝေန။
(င) အထေနံ့ သုစိဘူတံ အတ္တာနံ ကတွာ ဝိဟာရတီတိ ဝုတ္တံ ဟောတိ။ (ဌ-၇၁) [၁၃၂၂-ခုနှစ် မေးပြီး ဝါကျ]

● (၁) က–ခ–ဂ–ဃ–ဝါကျတို့ကို ထောက်ရှု၍ င–ဝါကျကိုသာအနက်သမ္ဗန်ခဲ့ပါ။

ဖြေ။ ။အတ္တာနံ၊ အတ္တကို။ ဝါ-အတ္တဘောကို။အထေနံ၊ မခိုးတတ်သည်ကို။ အထေနံ၊ မခိုးတတ်သည်၏ အဖြစ်ကြောင့်။ သုစိဘူတံ၊ စင်ကြယ်သည်ဖြစ်၍ဖြစ်သည်ကို။ ကတွာ၊ ပြု၍။ ဝိဟာရတိ၊ နေခြင်းတော်မူ၏။

မှတ်ချက်။ ။က–စသော ဝါကျနှင့်အညီ အနက်ပေးပုံတည်း။ ဤဝါကျ၌ မေးခွန်းများကို အစိုးရစာချတန်း စာမေးပွဲလာတိုင်း ဖော်ပြ၍ အဖြေကား မိမိအလိုအားလျော်စွာ ဖြေထားပေသည်။ ဤအမေး–အဖြေတို့ကိုရှု၍ စာချတန်းဖြေနည်း မှီငြမ်းပြုပါလေ။

---

● (၂) ခ-ဝါကျရှိ အထေနေန ဟူသော သံဝဏ္ဏနာကို ရှု၍ က-ဝါကျကို သာဘောဂစောဒနာတက်ပါ။ (မူရင်းအတိုင်း)

ဖြေ။ ။"ခ-ဝါကျရှိ အထေနေန ဟူသော သံဝဏ္ဏနာကို ရှု၍" ဟူသော မေးခွန်းပါ စကားသည် အမှားသာတည်း။ အထေနေနကား သံဝဏ္ဏနာ မဟုတ်၊ သံဝဏ္ဏေတဗ္ဗသာ။ အထေနေန သံဝဏ္ဏေတဗ္ဗ ကို နထေနေနဟု ဝါကျာဝယဝိကန္တအားဖြင့် ဖွင့်သည်မဟုတ်လော။

က-ဝါကျကို သာဘောဂစောဒနာတက်ပါ ဟူသော မေးခွန်းမျိုးသည်လည်း ကျမ်းတက်နည်း အမျိုးမျိုးတို့၌ ပါဝင်သော မေးခွန်းဟု မိမိတို့မယူဆမိပေ။ထို့ကြောင့် ဤပုစ္ဆာ၏အဖြေကို မရေးသားလိုပေ။

မှတ်ချက်။ ။ဤသို့ မေးခွန်း ချွတ်ယွင်းလျှင် စာဖြေ သံဃာတို့အား နှိပ်စက်ရာရောက်သဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်တို့ လေးနက်စွာ စဉ်းစား၍ ပုစ္ဆာကို တည်းဖြတ်သင့်ပေသည်။

---

● (၃) ဂ–ဝါကျရှိ ဝေသဒ္ဒါကိုရှု၍ ပါဠိဘာသာဖြင့် စောဒကာဘောဂ ဒိစတုက္ကထုတ်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။ **စတုက္ကထုတ်ပုံ**

နနု ဣမေ ဒုတိယသိက္ခာပဒေ လဇ္ဇီဒုယာပန္နောတိ န ဝုတ္တံ။ (စော+ဘော)

အထ ကသ္မာ သုစိဘူတေနာတိ ဝုတ္တံ။ (စော)

နနု အထေနော ယောတိ။ (ပရိ+ဘော)

တသ္မာ သုစိဘူတေနာတိ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။ဤစတုက္ကကား အတ္တနောမတိမျှသာ။ ဤစတုက္က ပုစ္ဆာမျိုးကိုလည်း မေးသင့်သည်မထင်ပေ။

---

● (၄) ဂ-ဝါကျရှိ သုစိပုဒ်ကို ဝိဂ္ဂြိုဟ်ဆို၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။**ဝိဂ္ဂြိုဟ်ကား**။ ။သုစေတဲ သုန္ဒရတန္တိ သုစိ။ (ယော အတ္တဘာဝေါ၊ အကြင်အတ္တဘောသည်။ သုန္ဒရတံ၊ ကောင်းသည်၏ အဖြစ်ကို။ သုံစေတိ၊ ပြတတ်၏။ ဣတိ၊ ကြောင့်။ သောအတ္တဘာဝေါ၊ သည်။ သုစိ၊ သုစိမည်၏။)

**ဝစနာဒိဆက္က**။ ။ကောင်းသည်၏ အဖြစ်ကို ပြ ခြင်း ကြိယာ သကတ်သည် **ဝစနဓာတု** မည်၏။ မြတ်စွာဘုရား၏ အတ္တဘောဖြစ်သည် **ဝစနီယ** မည်၏။ သုန္ဒံ, ပရိသုန္ဒံ, ပူတံစသော ပရိယာယ်သည် **ဝစနီယတ္ထ** မည်၏။

---

● (၅) ဂ-ဝါကျရှိ အထေနတ္တာဟူသောဟိတ်၏သမ္ဗန်ကိုခံပြီး လျှင် ဘာဝသမ္ဗန်၏ဖြစ်သင့်သော ပစ္စယတ္ထကိုထုတ်၍ စာစပ်ကို လည်းပြခဲ့ပါ။

ဖြေ။ ။အထေနတ္တာဟူသော ဟိတ်၏ သမ္ဗန်ကား သမဏာယ ဂေါတမဿတည်း။ (ပါဠိတော်၌ သမဏော ဂေါတမောကို သမ္ဗန်ခံ။)

ဘာဝသမ္ဗန်၏ဖြစ်သင့်သော ပစ္စယတ္ထကား ကတ္တုတ္ထသာတည်း။ (ဘာဝသမ္ဗန်နှင့် ဘာဝယောဂပုဒ်အတူတူပင်၊ နိဒါန်းအဖွင့်၌ရေးခဲ့ပြီ။)

http://www.dhammadownload.com



**စာစပ်ပုံ။** ။သမဏဿ ဂေါတမဿကား ၏ ဟု အနက်ပေး သောကြောင့် အဝေနတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန်။ တ္တ ပစ္စည်းကား သမ္ဗန္ဓိ တည်း။

**တနည်း။** ။သမဏဿ ဂေါတမဿကား သည် ဟု အနက်ပေး သောကြောင့် အဝေနတ္တာပယ် အဝေနဟူသော ဘာဝသမ္ဗန်၊ ဝါ-ဘာဝ ယောဂပုဒ်၌ကတ္တား၊ အဝေနဟူသောဘာဝသမ္ဗန်၊ ဝါ-ဘာဝယောဂပုဒ် ကား ကတ္တိ တည်း။

---

● (၆) ဃ-ဝါကျ၌အဋ္ဌကထာဆရာ၏ အာဘောဂ်နှင့် သံဝဏ္ဏ နာများကိုပြခဲ့ပါ။

**ဖြေ။** ဃ-ဝါကျ၌ အတ္တဘာဝေနဖြင့် အတ္တပုဒ်ကို အာဟိ တော အဟံ မာနော ဧတ္ထာတိ အတ္တာ၊ တနည်း-အာတ် သံသာရဒုက္ခံတိ အတ္တာ ဟု ဝစနတ္ထပြု၍ သစ္စနန္ဒပုဂ္ဂိုလ်၏ အတ္တဘောကိုရသော်လည်း ဤ၌ ရုဠှီအားဖြင့် မြတ်စွာဘုရား၏ အတ္တဘာဝကိုယူရမည်ဟု သိစေပါ သည်။ (သရုပ်ကြားအဘိဓေယျတ္ထ။)

**တနည်း။** ။အတ္တဘာဝေနဖြင့် အတ္တသဒ္ဒါသည် စိတ်, သဘာဝ စသောအနက်တို့ကိုမဟော၊ အတ္တဘာဝအနက်ဟောသတည်း ဟု သိစေ ပါသည်။ (နာမလိင်္ဂတ္ထ)

**မှတ်ချက်။** ။ပထမအာဘောဂ်ကား ဠီကာသစ်အာဘောဂ်၊ ဒုတိ ယအာဘောဂ်ကား ဖြသင့်၍ ဖော်သောအာဘောဂ်တည်း။ အဓိပ္ပေတတ္ထ လည်းဖော်နိုင်ကြောင်း ဖော်ပြခဲ့ပြီ။

က-ဝါကျဖြင့် ကတ္တုသာခ် ပြသည်၊ ခ- ဝါကျဖြင့် မိဿက တပ္ပုရိသ်ပြသည်။ င-ဝါကျဖြင့် အဝေနေန သုစိဘူတေန အတ္တနာ၌ နာ ဝိဘတ်သည် ကရဏတ္ထ၌မသက်၊ ဣတ္ထံဘူတလက္ခဏအနက်၌ သက်သည် ကိုပြသည်။

---

● (၇) တဿ ဟဒယေ အတ္တနော ပိယဘာဝံ ပရံဿစ သုညာ ဘာဝံ ကရောတိ၊သာ ပိသုဏာ ဝါစာ။ ဤဝါကျကိုရှု၍ "ပိသုဏ" ဟူသောပုဒ်၏ နိရုတ္တိနည်းကိုထုတ်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။ပိသုဏာပုဒ်၏ နိရုတ္တိကား ပိယသုညကရဏာ ဟူလိုလျက် ပိယဉ္စ ယာကိုချေခြင်း ဝဏ္ဏလောပ, သုညဉ္စ ညကိုချေခြင်း ဝဏ္ဏလောပ,ကရဏာ ကကိုချေခြင်းဝဏ္ဏလောပ နိရုတ္တိဖြင့် ပိသုဏာဟု ပြီးပါသည်။

---

● (၇) မနောပဒေါသိကဟု ခေါ်ဆိုအပ်သော နတ်တို့သည် မည်သည့်နတ်ဘုံ၌ ဖြစ်သော နတ်မျိုးဖြစ်သည်ကိုရင်း, မည်သို့ ပျက်စီးကြသည်ကိုရင်း တိတ်ကျကျဆုံးဖြတ်ခဲ့ပါ။

ဖြေ။ ။မနောပဒေါသိကနတ်တို့သည် စာတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်သောနတ်မျိုးတည်း။ ယင်းမနောပဒေါသိကနတ်တို့သည် အချင်းချင်း ပြစ်မှားသော စိတ်ရှိကုန်သည်ဖြစ်၍ ပင်ပန်းသောကိုယ်, ပင်ပန်းသော စိတ်ရှိကုန်၏။ ဤသို့အမျက်နှင့်ယှဉ်သောစိတ်ကြောင့် ပျက်စီးကြရ ကုန်သည်။ (အဋ္ဌကထာ, ပါဠိတော်)

---

(က) အပြဟ္မစရိယန္တိ အသေဋ္ဌစရိယံ။

(ခ) ပြဟ္မံ သေဋ္ဌံ အာစာရံ စရတီတိ ပြဟ္မစာရီ။

(ဂ) အာရာစာရီတိ အပြဟ္မစရိယတော ဒူရစာရီ။

(ဃ) မေထုနာတိ ရာဂပရိယုဋ္ဌာနဝသေန သဒိသတ္တာ မေထုနကာတိ လဒ္ဓဝေါဟာရေဟိ ပဋိသေဝိတဗ္ဗတော မေထုနာတိသင်္ချာတာ အသဒ္ဓမ္မာ။

(င) ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာ။ (၄-၇၁)

● (၆) က-မှ င-တိုင်အောင်သော ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ အသေဋ္ဌစရိယံဖြင့် ပြဟ္မသဒ္ဒါသည် ပိတာမဟ, ဇိန စသောအနက်တို့ကိုမဟော၊ သေဋ္ဌအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ)

ခ-ဝါကျ၌ သေဋ္ဌံဖြင့် ပြဟ္မသဒ္ဒါသည် ပိတာမဟ, ဇိနစသော အနက်တို့ကိုမဟော၊ သေဋ္ဌအနက်ကိုဟောသည်၏ အဖြစ်ကိုရင်း, အာစာရံဖြင့် ပြဟ္မအရ သေဋ္ဌဘောဂုဏ်ကို ရှေ့ဘ်လွန်၍ ဂုဏီဖြစ်သော အာစာရ

http://www.dhammadownload.com



ဒြဗ်ကိုယူရမည်၏အဖြစ်ကိုရင်း[၂], တဝါကျလုံးဖြင့် ဗြဟ္မစာရီပုဒ်ကို ဗြဟ္မံ စရတီတိ ဗြဟ္မစာရီဟု ကတ္တုသာဓန ကိတန္တ ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၃], ဏီပစ္စည်း၏ ကတ္တုသာဓနၡ်သက်သည်၏ အဖြစ်ကိုရင်း[၄] သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) သရုပ်ကြားအဘိဓေယျတ္ထ။ (၃) ဝိဂ္ဂိုဟ်ပြု အဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၄) ဒုတိယပစ္စယတ္ထ။

ဂ–ဝါကျၡ် ဒူရစာရီဖြင့် အာရာစာရိၡ် အာရာနိပါတ်ပုဒ်၏ ဒူရ အနက်ဟောသည်၏ အဖြစ်ကိုရင်း[၁], အဗြဟ္မစရိယတောဖြင့် ဒူရစာရီ–ဝေး စွာကျင့်၏ဟူသည် မမြတ်သောအကျင့်မှ ဝေးစွာကျင့်သည်၏ အဖြစ်ကို ရင်း[၂] သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) ဘာဝတ္ထ။

ဃ–ဝါကျဖြင့် မိထုနသဒ္ဒါ၏ သဒိသအနက်ကိုဟောသည်၏ အဖြစ် ကိုရင်း[၁], မေထုနပုဒ်ကို မိထုနာနံ ရာဂပရိယုဋ္ဌာနေန သဒိသာနံ ဥဘိန္နံ အယန္တိ မေထုနော ဟု ဣဒံတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၂], ဏပစ္စည်း၏ ဣဒံ တဒ္ဓိတ်အနက်ၡ် သက်သည်၏ အဖြစ်ကိုရင်း[၃] သိစေပါ သည်။

(၁) နာမလိင်္ဂတ္ထ။ (၂) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ။ (၃) ပစ္စယတ္ထ။

ဃ–ဝါကျၡ် ရာဂပရိယုဋ္ဌာနေနဖြင့် တူ၏-(သဒိသ)ဟူသည် ရာဂ ထိုးကျင့်ခြင်းဖြင့် တူသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျၡ် အသဒ္ဓမ္မာဖြင့် မေထုနသဒ္ဒါသည် အသဒ္ဓမ္မသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြအဘိဓေယျတ္ထ)

**တနည်း။** ။အသဒ္ဓမ္မာဖြင့် မေထုနပုဒ်ကို မိထုနာနံ ရာဂပရိယု ဋ္ဌာနေန သဒိသာနံ ဥဘိန္နံ အယန္တိ မေထုနော ဟု ဝစနတ္ထပြု၍ မေထုန အရ အသဒ္ဓမ္မကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

**မှတ်ချက်။** ။ပထမအာဇဘာကား "ဂါမဓမ္မာ အသဒ္ဓမ္မာ ဗျဝါယော မေထုနံ ရတိ"ဟု အဘိဓာန်ၡ် ပရိယာယ်လာသဖြင့် ပရိယာယ်

http://www.dhammadownload.com



ပြုအဘိဓေယျတ္ထဖော်သည်။ ဒုတိယအာဘော်ကား ဋီကာသစ်၌ မေထုန သဒ္ဒါ၏ ဝစနတ္ထပြုသဖြင့် သရုပ်ကြားအဘိဓေယျတ္ထဖော်သည်။ အဘိဓာန၌ မေထုနံ ဟု နပုလ္လိင်နှင့်ရှိ၍ ဋီကာသစ်၌ မေထုနော ဟု ပုလ္လိင်နှင့်ရှိသည်။

၁-ဝါကျ၌ သဒ္ဒိသတ္တာဟိတ်၏ သမ္ဗန်ကို ဣတ္ထိပုရိသယုဂ ါနံ ဟု သဒိသပုဒ်နှင့် အနွတ္ထကိုကြံ၍ ဖော်ထုတ်ပါ။

၄-ဝါကျ၌ ဂါမဝါသိနံ ဓမ္မာဖြင့် ဂါမဓမ္မ ဂါမအရ အဘေဒ ဝေါဟာရနည်းအားဖြင့် ဂါမဝါသီ (ရွာနေလူ)တို့ကိုယူရမည်၏ အဖြစ်ကို ၎င်း¹၊ ဝါ-ဌာနဖြစ်သောရွာ၏ ဂါမအမည်ကို ဌာနီဖြစ်သော ရွာနေသူတို့၌ တင်စားသော ဌာနူပစာအားဖြင့် ရွာနေသူတို့ကို ယူရမည်၏အဖြစ်ကို၎င်း²၊ ဂါမနှင့်ဓမ္မကို ဂါမာနံဓမ္မ ဂါမဓမ္မာဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို၎င်း³ သိစေပါသည်။

(၁) သရုပ်ကြား အဘိဓေယျတ္ထ။ (၂) သရုပ်ကြား အဘိဓေယျတ္ထ။

(၃) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

---

● (ဂ) ပါဠိတော်၌ ဝိရတော မေထုနာ-ဟူ၍သာ မဟောဘဲ ဝိရတော မေထုနာ ဂါမဓမ္မာဟု အဘယ့်ကြောင့် ဟောပါသနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် မေထုန်မှုသာ ကြဉ်သည်မဟုတ်၊ မေထုန သံယောဂ-ဟူသော မေထုန်ငယ်ခုနစ်ပါးမှုလည်းကြဉ်၏ဟု ပြလိုသောကြောင့် ဝိရတော မေထုနာဟူ၍သာ မဟောဘဲ ဝိရတော မေထုနာ ဂါမဓမ္မာဟု ဟောတော်မူပါသည်။

---

(က) မုသာဝါဒံ ပဟာယာတိ ဧတ္ထ မုသာတိ ဝိသံဝါဒန- ပုရေက္ခာရဿ အတ္ထဘဥ္ဇနကော ဝစီပယောဂေါ ကာယပယောဂေါ ဝါ။

(ခ) ဝိသံဝါဒနာဓိပ္ပါယေန ပနဿ ပရဝိသံဝါဒက ကာယဝစီ- ပယောဂသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။(၄-၇၁)

http://www.dhammadownload.com



● (၆) က-ခ-ဝ ါကျတို့၌ အာဘောဂ သံဝဏ္ဏနာကိုရေးပါ

ဖြေ။ ။က-ဝါကျ၌ ဝစီပယောဂေါ ကာယပယောဂေါ ဖြင့် မုသာဝါဒေါ၌ မုသာအရ ကာယပယောဂ, ဝစီပယောဂကိုယူရမည် ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓမ္မာ)

က-ဝါကျ၌ အတ္ထဘဉ္ဇနကောဖြင့် သူတပါး၏ အကျိုးစီးပွားတိုက် ပျက်စီးစေတတ်သော ကာယပယောဂ, ဝစီပယောဂသည်သာလျှင် ကမ္မပထပတ္တဖြစ်၏။ သူတပါးအကျိုးစီးပွားကို မပျက်စေတတ်သော် ကမ္မပထပတ္တမဖြစ်-ဟု သိစေပါသည်။ (ဘာဝတ္ထ)

† ကမ္မပထပတ္တမေဝ ဒဿေတုံ အတ္ထဘဉ္ဇနကောတိ ဝုတ္တံ။ (ဋီ-သစ်)

က-ဝါကျ၌ ဝိသံဝါဒနပုရေက္ခာရဿဖြင့် ယင်းဝစီပယောဂ,ကာယ ပယောဂဟူသည်ချွတ်ယွင်းစေခြင်းကို ရှေ့သွားပြုခြင်းရှိသောသူ၏ ပယောဂ တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

က-ဝါကျဘဝါကျလုံးဖြင့် မုသာပုဒ်ဘား ဒုတိယန္တ၊ ဝါ-တတိယန္တ နိပါတ်ပုဒ်တည်း။ ယင်းနိပါတ်ကား မိစ္ဆာသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂပဒ, နိပါတလိင်္ဂတ္ထ)

မှတ်ချက်။ ။ဝိသံဝါဒနပုရေက္ခာရဿ- ပုဒ်ကို ပုရေ ကရဏံ ပုရေက္ခာရော၊ ဝိသံဝါဒနဿ ပုရေက္ခာရော ယဿာတိ ဝိသံဝါဒနပုရေက္ခာ ရော ဟု အစိတ်အပေါင်း ဝေနတ္တပြု။ ပုရေက္ခာရောကား ပုရေ-သဒ္ဒူပပဒ ကရဓာတ်၊ ကရဓာတ်ကို ခရပြုခြင်းစသည်ဖြင့် ရုပ်ပြီးသည်။

ခ-ဝါကျ၌ ဝိသံဝါဒနာဓိပ္ပါယေနဖြင့် မုသာစကားကိုမဆိုမီ ပုဗ္ဗ ဘာဂစေတနာ၌၎င်း, ပြောဆိုဆဲ-ဘာခံ‌စေတနာ၌၎င်း, ချွတ်ယွင်းစေလိုသော ဝိသံဝါဒ နာဓိပ္ပါယ်ရှိသော်သာလျှင် မုသာဝါဒကံမြောက်သည်ဟု သိစေပါ သည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ပရဝိသံဝါဒက "လ" စေတနာဖြင့် မုသာဝါဒေါ ပုဒ်ကို မုသာ သခ္ခါတေန ကာယဝစီပယောဂေန ဝဒတိ ဝိညာပေတိ ဧတေနာတိ မုသာဝါဒေါ။ (မုသာကို တတိယန္တယူခိုက်) တနည်း မုသာ

http://www.dhammadownload.com



သင်္ခါတံ ကာယဝစီပယောဂံ ဝဒတိ သမုဋ္ဌာပေတီတိ မုသာဝါဒေါ။ (မုသာကိုဒုတိယန္တယူခိုက်) ဝစနတ္ထပြု၍ မုသာအရ ချတ်ယွင်းစေလိုသဖြင့် သူတပါးကို ချွတ်ယွင်းစေတတ်သော ကာယ,ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာကို ဖလူပစာအားဖြင့် ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

---

(က) အပရော နယော မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု။
(ခ) ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ။
(ဂ) လက္ခဏတော ပန အတထံဝတ္ထုံ တထတော ပရံ ဝိညာပေတုကာမဿ တထာဝိညတ္တိသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။ (ဋ-၇၁)

● (၆) က-ခ-ဂ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ အဘူတံ အတစ္ဆံ ဝတ္ထုဖြင့် မုသာ-နိပါတ်၏ အဘူတ,အတစ္ဆအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း¹, မုသာအရ ယင်း အဘူတ,အတစ္ဆဝတ္ထု ကိုယူရမည်၏အဖြစ်ကိုရင်း² သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) သရုပ်ကြားအဘိဓေယျတ္ထ။

ခ-ဝါကျဖြင့် မုသာဝါဒေါ၌ ဝါဒဟူသည် ယင်းမဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သိစေခြင်းပင်တည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျဖြင့် မုသာဝါဒအရ ကာယဝိညတ်, ဝစီဝိညတ်ကိုမယူရ။ သာဝတ္ထု ဝဒယတိ ဝုစ္စတိ စေတနာတိ မုသာဝါဒေါ ဟု ဝစနတ္ထပြု၍ သာဝါဒအရ မမှန်သောဝတ္ထုကို အမှန်အားဖြင့် သူတပါးကိုသိစေခြင်း ာ အလိုရှိသောပုဂ္ဂိုလ်၏ ကာယဝိညတ်, ဝစီဝိညတ်ကို ဖြစ်စေတတ်သော စေတနာကို ဖလူပစာအားဖြင့် ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

---

(က) ဝတ္ထု ဇာနနတ္ထိကနိဿဂ္ဂိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ။
(ခ) အတ္တနာယာသု ပန ဖန္ဒဂတတ္တာ ဝိမံသိတွာ ဂဟေတဗ္ဗာ။
(ဋ-၇၂)

http://www.dhammadownload.com



● (၃) က-ခ-ဝါကျတို့၌ ရသင့်သောစတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု တွေ အာဏတ္တိကနိယာဂ္ဂိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ။ (စော+ဘော)

အထ ကသ္မာ ဝိမံသိတွာ ဂဟေတဗ္ဗာတိ ဝုတ္တံ။ (စော)

နနု အဋ္ဌကထာသု အနာဂတာ။(ပရိ+ဘော)

(တသ္မာ)ဝိမံသိတွာ ဂဟေတဗ္ဗာတိ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။တွေ ဤမုသာဝါဒသိက္ခာပုဒ်၌-ဟုစွဲပါ။

ခ-ဝါကျ၌ အနာဂတတ္တာဟိတ်၏သမ္ဗန်ကားအာဏတ္တိက, နိဿဂ္ဂိယ,ထာဝရာနမ္ပိ ပယောဂါနံ ဟု က-ဝါကျမှ ဤဝါကျသို့ လိုက်လာသော ကံပုဒ်ကိုခံပါ။ ပစ္စယတ္တ,ကား ကတ္တုတ္ထသာ။

ဝိမံသိတွာ ဂဟေတဗ္ဗာ၊ စူးစမ်း၍ယူအပ်ကုန်၏ဟု အဋ္ဌကထာဆိုရခြင်းအကြောင်းကား အတ္တနောမတိ၏ သုတ္တ,သုတ္တာနုလောမ,အာစရိယဝါဒတို့အောက် အားနည်းသော သဗ္ဗဒုဗ္ဗလဖြစ်သောကြောင့်အတ္တုက္ကံ သနကိုပယ်လို၍ဆိုသတည်း။ ဝိမံသိတွာ, ဂဟေတဗ္ဗာ တွေ့တိုင်း ဤနည်းအတိုင်းမှတ်ပါ။

---

(က) သစ္စံ ဝဒတီတိ သစ္စဝါဒီ။

(ခ) သစ္စေန သစ္စံ သန္ဓဟတီ ယံဌေတီတိ သစ္စသန္ဓော။

(ဂ) န အန္တရန္တရာ မုသာ ဘဏတီတိ အတ္တော။(ဋ္ဌ-၇၂)

● (၄) က-ခ-ဂ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာကိုရေးပါ။

ဖြေ။ ။က-ဝါကျ၌ သစ္စံ ဝဒတိဖြင့် သစ္စဝါဒီပုဒ်ကို သစ္စံဝဒတီတိ သစ္စဝါဒီဟု ကတ္တုသာဓနကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁, ဏီ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

(၂) ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ သစ္စံ သန္ဓဟတိဖြင့် သစ္စံ သန္ဓဟတိတိ သစ္စသန္ဓော ဟု ကတ္တုသာဓန ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း[၁]၊ အ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း[၂]၊ သစ္စသန္ဓော၌ ဓာ-ဓာတ်သည် ဓာရဏအနက်ကို မဟော၊ ဃဋ္ဋန (စေ့စပ်ခြင်း)အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း[၃]၊ သံ-ဥပသာရ၏ ဓာတွတ္ထဝိသေသကာ၏အဖြစ်ကိုရင်း[၄]၊ သစ္စေန-ဖြင့် စေ့စပ်၏ဟူသည် ပုရိမဝစီသစ္စာနှင့်ပစ္ဆိမဝစီသစ္စာကို စပ်သည်၏အဖြစ်ကိုရင်း[၅] သိစေပါသည်။

---

(၁) ဝိဂ္ဂိုဟ်ပြု အဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဒုတိယပစ္စယတ္ထ။ (၃) ဓာတွတ္ထ။ (၄) ဥပသဂ္ဂလိင်္ဂတ္ထ။
(၅) ဘာဝတ္ထ။

ဂ-ဝါကျဖြင့် မြတ်စွာဘုရားသည်အကြားအကြား၌ မုသားစကားကို မဆိုတတ်။ ယင်းသို့သော အကြောင်းကြောင့် သစ္စသန္ဓမည်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။တဿ မုသာဝါဒေန အန္တရိတတ္တာ သစ္စံ သစ္စေန န ဃဋီယတိ-၌ အန္တရိတတ္တာဟိတ်၏ သမ္ဗန်ကား သစ္စသာ-တည်း။ ဋီကာသစ်၌ အန္တရိတတ္တာ အန္တရာယိစ္ဆိန္နတ္တာဟု ဖွင့်သောကြောင့် အန္တရိတကို ကံဟော ကြံ၍ ပစ္စယတ္ထကား ကမ္မတ္ထတည်းဟု ဖြေပါ။ ကံ, သမ္ဗန်နှစ်ချက်စပ်ပါ။

(က) သေတောတိ ထိရော၊ ထိရကထောတိ အတ္ထော။
(ခ) ကောဟိ ပုဂ္ဂလော ဟလိဒ္ဒိရာဂေါဝိယ ထုသရာသိမှိ နိက္ခိတ္တခါဏုကောဝိယ အဿပိဋ္ဌေ ဌပိတကုမ္ဘဏ္ဍမိဝစ န ဌိတကထော ဟောတိ။ ကောပ ပါသာဏလေခါဝိယ ဣန္ဒခိလောဝိယစ ဌိတကထော ဟောတိ။
(ဂ) အသိနာ သီသေ ဆိန္ဒန္တေပိ ဒွေ ကထာ န ကထေတိ၊ အယံ ဝုစ္စတိ ဧထတော။ (ဋီ-၇၂)

(၂) က-ဝါကျ၌ ပထမဝါကျမှ ဒုတိယ ဝါကျသို့ သာဘောဂ ပုစ္ဆာတက်၍ ခ-ဝါကျကို အနုသန္ဓေ တက်ပါ။

http://www.dhammadownload.com



ဖြေ။　။　သာဓောဂပုစ္ဆာတက်

ဆရာ၊ဆရာသည် ထေတောကို ထိရောဟု ပရိယာယ်အားဖြင့် ဖွင့်ဆိုတော်မူ၏။ ထိရ ဟူသည် ကိုယ်၏ မြဲမြံ ခိုင်ခံ့သည်ကို ဆိုလိုပါသလော၊ အဘယ်ကို ထိရဟုဆိုပါသနည်း "လ"ကြောင့် ထိရကထောတိ အတ္ထော ဟူသော ဒုတိယဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။　။ထိရကသောတိ အတ္ထာဖြင့် သစ္စဝါဒီအရာ ဖြစ်သောကြောင့် စကား၏ အစွမ်းဖြင့် ခိုင်ခံ့ မြဲမြံသော စကားရှိသော မြတ်စွာဘုရားကိုဆိုလိုသည်ဟု ငါပြဆို၏ဟူလိုသောဝ်။

အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် ထေတောကား ထိရ၏ပရိယာယ်။ယင်းကား မြဲမြံခိုင်ခံ့သော မြတ်စွာဘုရားတည်းဟုပြဆိုတော်မူပြီး၍ ယခုအခါ၌ ထို အနက်ကို ဗျတိရေကအစွမ်းအားဖြင့် ချဲလိုသော ဆရာသည် ကောဟိ စသော ခ-ဝါကျကိုမိန့်။ (ဂဏ္ဌိ)

---

(၃) ဂ-ဝါကျ၌ ဆိန္ဒန္တေပိ-ဝယ် လက္ခဏာအရစိ အပိသဒ္ဒါကို ရှု၍ စောဒကာသောဂါဒိ စတုက္ကထုတ်ပါ။

ဖြေ။　။　စတုက္ကထုတ်ပုံ

နနု အသိနာ သီသံ ဆိန္ဒတိ။ (စော+သော)

အထ ကသ္မာ ဒွေ ကထာ န ကထေတိ။ (စော)

နနု ဋ္ဌိတကထော ဟောတိ။ (ပရိ+သော)

(တသ္မာ) ဒွေ ကထာ န ကထေတိ။ (ပရိ)

မှတ်ချက်။　။သီသေ ဆိန္ဒန္တေ-ကို သီသံ ဆိန္ဒတိဟု ပြင်သည်၊ သီသံ ဆိန္ဒန္တော ဟောတိဟုလည်း ပြင်နိုင်သည်။

---

(၄)က-ဝါကျရှိ သံဂ္ဂေဘာဒ္ဒ ထေတောပုဒ်ကို သံဝဏ္ဏနာနှင့်အညီ အစိတ်အပေါင်း ဝစနတ္ထ ပြု၍ အပေါင်း ဝစနတ္ထကို ဝစနာဒိဆက္ကထုတ်ပါ။

http://www.dhammadownload.com



ဖြေ။ ။ဝစနတ္ထ။ ။ထိတသာ ဘာဝေါ ထေတော။ (အစိတ်) ထေတေန ယုတ္တော ထေတော။ (အပေါင်း)

ဝစနတ္ထဒီပနီ။ ။ထေတ-အရ ထိရဘာဝ၏ ယုတ္တအရ ယှဉ်သော မြတ်စွာဘုရားနှင့် ဂုဏ်, ဂုဏ်ကျေးဇူးဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်လည် ဝစနဟေတု မည်၏။ မြတ်စွာဘုရား၊ ဝါ-ရှင်ဂေါတမဖြစ်သည် ဝစနိယ မည်၏။ ထိရော-ထိရကထော, ဋ္ဌိတကထော စသော ပရိယာယ်သည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ဤကား ဋီကာသစ်အလို ဝစနတ္ထ စသည်တည်း။ "သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဗဟုဗ္ဗီဟိနှင့်ဖွင့်၍ပြ၊ အသတ္ထိဟု ကြံစရာ" ဟူသော သံဝဏ္ဏနာနိယံအလို-ထေတော အဿ အတ္ထီတိ ထေတော ဟု အပေါင်း ဝစနတ္ထပြု၊ မြဲမြံခိုင်ခံ့တည်တံ့သောစကား၏ မြတ်စွာဘုရားနှင့် ဂုဏ်, ဂုဏ် ပေါင်း စပ်ပါ။ ကြွင်းနည်းတူထုတ်လေ။ ခ-ဝါကျ၌ ဋ္ဌိတကထော ပုဒ်ကို ဋ္ဌိတာကထာ အဿာတိ ဋ္ဌိတကထောဟု ဝစနတ္ထပြု။

● (၆) က-ဝါကျ၌ အဋ္ဌကထာဘောဂကို ရေး၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

ဖြေ။ ။က-ဝါကျ၌ ထိရောဖြင့် ထေတောကား ထိရသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

က-ဝါကျ၌ ထိရကထောဖြင့် ထိရ၏ အဖြစ် (ထိရဘာဝ) ကို သစ္စဝါဒီအရ ဖြစ်သောကြောင့် ကထာ၏အစွမ်းဖြင့် သိအပ်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

တနည်း။ ။က-ဝါကျ၌ ထိရကထောဖြင့် ထေတော ပုဒ်ကို ထေဟေန ယုတ္တော ထေတော။ ဝါ-ထေတော အဿ အတ္ထီတိ ထေတော ဟု ဝစနတ္ထပြုရသည်၏အဖြစ်ကိုရင်း၊ ဏ-ပစ္စည်း၏ ယုတ္တ၊ ဝါ-အသတ္ထိ တဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

မှတ်ချက်။ ။ရှေးအာဘော် ဋီကာသစ်, နောက်အာဘော် ဋီကာ သစ်နှင့်နိယံအလိုတည်း။

http://www.dhammadownload.com



● (၇) က—ဝါကျ ထိရောပုဒ်၏ နိရုတ္တိကိုဖော်ပြပါ။

ဖြေ။ ။ထိရော-ကား ဌာဓာတ်+ဣရပစ္စည်း၊ ဌိရ ဟူ လိုလျက် ဌ—ကို ထ ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိဖြင့် ထိရဟု ပြီးပါသည်၊

မှတ်ချက်။ ။ဤထိရ ရုပ်ပြီးပုံကိုမှီ၍ ဌာတိ အဝိကမ္ပဝသေန ပဝတ္တတီတိ ထိတော။ ထိဘာဿ ဘာဝေါ ထေတော စသည်-ဝစနတ္ထ ရုပ်ပြီးတို့ကို သိလေ။

† ဌာ ဂတိနိဝတ္တိယံ ဝါ-ဣရပစ္စယော။တေသုဝုဒ္ဓျာဒိနာ ဌဿ ထတ္တံ။ (သူစိ)

---

(က) ပစ္စယိကောတိ ပတ္တိယာယိတဗ္ဗကော၊ သဒ္ဒါယိတဗ္ဗကော တိ အတ္ထော။

(ခ) အဝိသံဝါဒကော လောကဿာတိ တာယ သစ္စဝါဒိတာယ လောကံ န ဝိသံဝါဒေတီတိ အတ္ထော။

(ဂ) ပိသုဏဝါစံ ပဟာယာတိအာဒီသု ယာယဝါစာယ ယဿ တံ ဝါစံ ဘာသတိ၊ တဿ ဟဒယေ အတ္တနော ပိယ-ဘာဝံ ပရဿစ သုညဘာဝံ ကရောတိ၊သာ ပိသုဏဝါစာ။ (ဋ-၇၂)

● (၆) က-ခ-ဂ-ဝါကျတို့၌အာဘောဂသံဝဏ္ဏနာတို့ကိုရေးပါ။

ဖြေ။ ။က—ဝါကျ၌ ပတ္တိယာယိတဗ္ဗကောဖြင့် ပစ္စယိကောကို ပတ္တိသဒ္ဒါ သဒ္ဒါ အယတိ ပဝတ္တတိ တ္တောတိ ပစ္စယိကောဟု အစိ ကရဏသာဓနေ ကိတန္တသမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း[၁], ဏျ ပစ္စည်း၏ အဓိကရဏသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) ဝိဂ္ဂြိဟ်ပြအာဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။
(၂) ဒုတိယပစ္စယတ္ထ။

က—ဝါကျ၌ သဒ္ဒါယိတဗ္ဗကောဖြင့် ပတ္တိယာယိတဗ္ဗကော၌ ပတ္တိ သဒ္ဒါသည် ရောက်ခြင်း အနက်ကိုမဟော၊ ယုံကြည်ခြင်း အနက်ကို ဟော သည်၏ အဖြစ်ကိုရင်း[၁], ပတ္တိယာယိတဗ္ဗကော ပုဒ်ကို ပတ္တိယာ အယိတဗ္ဗာ၊ ပဝတ္တေတဗ္ဗာတိ ပတ္တိယာယိတဗ္ဗာ (ဝါစာ)၊ ပတ္တိယာယိတဗ္ဗာ ဝေါဿ

http://www.dhammadownload.com



အတ္တီတိ ပတ္တိယာယိတဗ္ဗကော ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၂, က-ပစ္စည်း၏ အဿတ္ထိအနက်၌ သက်သည်၏ အဖြစ်ကိုရင်း၃သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။ (၂) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ။ (၃) ပစ္စယတ္ထ။

ခ-ဝါကျ၌ န ဝိသံဝါဒေတီဖြင့် ဝိသံဝါဒကောပုဒ်ကို ဝိသံဝါဒေတီတိ ဝိသံဝါဒကော ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁, ဏ္ဍုပစ္စည်း၏ ဟေတုကတ္တု သာဓနေ၌ သက်သည်၏ အဖြစ်ကိုရင်း၂, နနှင့် ဝိသံဝါဒကောကို န ဝိသံဝါဒကော အဝိသံဝါဒကော ဟု မိဿကတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၃, အဝိသံဝါဒကော၌ အ-သဒ္ဒါ၏ န-နိပါတ်၏ ကာရိယ၏ အဖြစ်ကိုရင်း၄, ဝါ-အ-သဒ္ဒါ၏ နနိပါတ်၏ အနက်ဖြစ်သော ပဋိသေဓအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း၅ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြုအဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဝိဂ္ဂိုဟ်ပြု အဘိဓာနတ္ထ, သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။ (၄) နိပါတလိင်္ဂပဒ။ (၅) နိပါတလိင်္ဂတ္ထ။

ခ-ဝါကျ၌ လောကံဖြင့် လောကဿ၌ သဝိဘတ်သည် သာမျတ္ထ၌မသက်, ကမ္မတ္ထ၌သက်သော ဆဋ္ဌီဝိဘတ်တည်းဟု သိစေပါသည်။

(ဝိဘတျတ္ထ)

ခ-ဝါကျ၌ တာယ သစ္စဝါဒိတာယဖြင့် ယင်းသို့ မှန်ကန်သော စကားရှိသည်၏အဖြစ်ကြောင့် လူအပေါင်းကို မချွတ်စေဟု အကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။တာယ သစ္စဝါဒိတာယဟိတ်၏ သမ္ဗန်ကား သမဏဿ ဂေါတမဿပင်တည်း။ ပစ္စယတ္ထကား ကတ္တုတ္ထ။ ကတ္တားသမ္ဗန်စပ်။

ဂ-ဝါကျ၌ ယာယ ဝါစာယ အတ္တနော ပိယဘာဝံ ပုရဿစ သုညဘာဝံ ကရောတိဖြင့် ပိယနှင့်သုညကို ပိယဥ္စ သုညဥ္စ ပိယသုညံဟု ဒွန်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, ပိယသုညနှင့် ကရဏကို ပိယသုည

http://www.dhammadownload.com



ကရောတိ တောယာတိ ပိယသုညကရဏာဟု ကရဏသာဓန ကိတန္တ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊ ယု ပစ္စည်း၏ ကရဏသာဓန၌ သက်သည်၏ အဖြစ်ကိုင်း၊ ပိယသုညကရဏဟု ဆိုလိုလျက် ယ-ည-ကရတို့ကိုချေ၍ ပိသုဏဟု နိရုတ္တိနည်းဖြင့် ရုပ်ပြီးသည်၏ အဖြစ်ကိုင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဝိဂ္ဂဟပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၃) ဒုတိယပစ္စယတ္ထ။ (၄) ဘာဝတ္ထ။

မှတ်ချက်။ ။ပိယဥ္စ သုညဥ္စ ပိယသုညံ။ ပိယသုညံ ကရောတိ တောယာတိ ပိသုဏာ ဟူသောဝစနတ္ထကိုပြုသည်။ တနည်း ပိ သတိတိ ပိသုဏာဟု ဝစနတ္ထပြုနိုင်သေးသည်။ ဤ ဂ-ဝါကျ၌ ကြွင်းပုဒ်တို့ကို ဘာသာပြန်၍ ဘာဝတ္ထဖော်ပါ။

---

(က) ယာယ ပန အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတိ၊ ယာဝါစာ သယမ္ပိ ဖရုသာ၊ နေဝကဏ္ဏသုခါ န ဟဒယင်္ဂမာ၊ အယံ ဖရုသဝါစာ။

(ခ) ယေန သမ္ဖံ ပလပတိ နိရတ္ထကံ၊ သော သမ္ဖပ္ပလာပေါ။
(၄၅-၄၂-၄၃)

(၆) က-ခ-ဝါကျတို့၌ အာဘောဂသံဝဏ္ဏနာကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ယာယ အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတိ ဟူသော ပထမဝိကပ်ဖြင့် ဖရုသာပုဒ်ကို ဖရုသံ ကရောတီတိ ဖရုသာဟု ကရောတိ တဒ္ဒိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း၊ ဏ ပစ္စည်း၏ ကရောတိ တဒ္ဒိတ်၌သက်သည်၏ အဖြစ်ကိုင်း၊ အကျိုးဖြစ်သော မိမိသူတပါး၏ ကြမ်းတမ်းခြင်း၏ ဖရုသဟူသော အမည်ကို အကြောင်းဖြစ်သောဝါစာ၌ တင်စား၍ ဖလူပစာအားဖြင့် ဖရုသဝါစာမည်သည်၏ အဖြစ်ကိုင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟပြုအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

က-ပါကျ၌ ယာဝါစာ သယမ္ပိစသော ဒုတိယဝိကပ်ဖြင့် ဒေါ မနသာကြောင့်ဖြစ်ရကား ယင်းဖရုသဝါစာသည် ကက္ကသ (ဖရုသ) ဝါစီ

http://www.dhammadownload.com



ရှင်းပုဒ်တည်း°။ ထနည်း-အကြောင်းဖြစ်သောဒေါမနဿ၏ ဖရုသအမည်ကို အကျိုး၀ါစာ၌တင်စား၍ ကာရဏူပစာအားဖြင့် ဖရုသ၀ါစာ မည်သတည်း၊ဟု သိစေပါသည်။

(၁) ဘာ၀တ္ထ။ (၂) ဘာ၀တ္ထ။

ခ-၀ါကျ၌ နိရုတ္တကံဖြင့် သမ္ဖပ္ပုဒ်ကို"သံ ဟိတံ သုခဉ္စ ဖလတိ ပဟာ ရတိ ဝိနာသေတီတိ သမ္ဖံ"ဟု ၀စနတ္ထပြု၍ မိမိအားရင်း, သူတပါးတို့အား ရင်း ကျေးဇူးမပြုတတ်သော အလုံးစုံသောစကားကို သမ္ဖအရယူရမည်ဟု သိစေပါသည်။ (သရုပ်ကြွေးအဘိဓေယျတ္ထ)

ခ-၀ါကျ၌ ယေန သမ္ဖံ ပလပတိဖြင့် သမ္ဖပ္ပလာပေါပုဒ်ကို "သမ္ဖံ ပလပတိ ဧတေနာတိ သမ္ဖပ္ပလာပေါ"ဟု ကရဏသာဓနေကိတန္တ တပ္ပုရိသ် သမာသ်၀စနတ္ထပြုရမည်၏အဖြစ်ကိုရင်း°, ဏ,ပစ္စည်း၏ ကရဏသာဓန၌ သက်သည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ။ဂရုကနည်းဖြင့် အစိတ်ဝိဂ္ဂြိုဟ်ပြု၍ဖော်လိုမူ "ပလ ပတိ ဧတေနာတိ ပလာပေါ၊သမ္ဖသ ပလာပေါ သမ္ဖပ္ပလာပေါ"ကို ပြသည်ဟု အသီးသီးဖော်။ လဟုကနည်း အပေါင်းအာဘော်ဖော်ရာတို့၌ ဤနည်းကိုမှီ၍ အစိတ်စိတ်လည်းဖော်လေ။

ဖရုသ သဒ္ဒါ၌ "ပရေ ဇနေ ဥသာပေတီ ဒါဟေတီတိ ပရုသံ၊ ထဒေ၀ ပဿ ဖကာရံကတွာ ဖရုသံ"ဟူသောအဘိဓာန်အလို ပရသဒ္ဒူပပဒ ဥသ-ဓာတ်,ပကို ဖပြု၍ ရုပ်ပြီးပုံကို တနည်းမှတ်ပါ။

---

(က) ဘိန္နာနံ ၀ါ သန္ဓာတာတိ ဒွိန္နံ မိတ္တာနံ၀ါ "လ" သန္ဓာနံ ကတ္တာ အနုကတ္တာ။
(ခ) သမဂ္ဂါ အာရာမော အဿာတိ သမဂ္ဂါရာမော။
(ဂ) ယတ္ထ သမဂ္ဂါ နတ္ထိ၊ တတ္ထ ၀သိတုမ္ပိ န ဣစ္ဆတီတိ အတ္ထော။
(ဃ) သမဂ္ဂရတော တိ သမဂ္ဂေသု ရတော၊ တေ ပဟာယ အညတ္ထ ဂန္တုမ္ပိ န ဣစ္ဆတီတိ အတ္ထော။ (ဋ္ဌ-၇၃)

http://www.dhammadownload.com



(၆) က-မှ ဃ-တိုင်အောင်သော ဝါကျတို့၌ အာဘောဂ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျဖြင့် ဘိန္ဒာနံ ၌ နိဝိဘတ်၏ သာမျတ္ထ၌မသက်၊ ကမ္မတ္ထ၌သက်သည်၏အဖြစ်ကိုရင်း၁၊ သန္ဓာတာပုဒ်ကို "သန္ဓာတိ သန္ဓာနံ ကရောတီတိ သန္ဓာတာ"ဟုကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၂၊ တုပစ္စည်း၏ကတ္တုသာဓန၌သက်သည်၏အဖြစ်ကိုရင်း၃၊ ဒါနုကတ္တာဖြင့် စေ့စပ်ခြင်းကို ပြုခြင်းမည်သည့်လျောက်ပတ်သည်ကိုပြုခြင်း(သာဓုကရဏ)ပင် တည်းဟူသောအဓိပ္ပါယ်ကိုရင်း၄ သိစေပါသည်။

(၁) ဝိဘတျတ္ထ။ (၂) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။
(၃) ဒုတိယပစ္စယတ္ထ။ (၄) ဘာဝတ္ထ။

ခ-ဝါကျဖြင့် သမဂ္ဂါရာမောပုဒ်ကို"သမဂ္ဂေါ အာရာမော အဿာ ဇတိ သမဂ္ဂါရာမော"ဟု စတုတ္ထိဗဟုဗ္ဗိဟိသမာသ် ဝစနတ္တပြုရမည်ဟု သိစေပါသည်။

(ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ၊ သမာသလိင်္ဂပဒ၊သမာသလိင်္ဂတ္ထ။)

ဂ-ဝါကျ၌ ယတ္ထ တတ္ထဟူသော သတ္တမျတ္ထပုဒ်တို့ဖြင့် အာရာမော ပုဒ်ကို"အာရမန္တိ ဧတ္ထ ဌာနေတိ အာရာမော" ဟု အဓိကရဏသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁၊ ဏပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်၏အဖြစ်ကိုရင်း၂၊ ကြွင်းပါဌ်တို့ဖြင့် သမဂ္ဂါရာမဟူသည့် ညီညွတ်သောပုဂ္ဂိုလ်မရှိရာ၌ နေလိုတော်မမူဟူသော အဓိပ္ပါယ်ကိုရင်း၃ သိစေပါသည်။

(၁)/ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။ (၂)ဒုတိယပစ္စယတ္ထ။ (၃)ဘာဝတ္ထ။

ဃ-ဝါကျ၌ သမဂ္ဂေသုရတောဖြင့် သမဂ္ဂရတောပုဒ်ကို"သမဂ္ဂေသု ရတော သမဂ္ဂရတော" ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုသိစေပါသည်။

(ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ၊သမာသလိင်္ဂပဒ၊သမာသလိင်္ဂတ္ထ)

ဃ-ဝါကျ၌ တေ ပဟာယ"လ"အတွေ့ဖြင့် ညီညွတ်သောပုဂ္ဂိုလ် တို့ကိုပယ်စွန့်၍ တပါးသောအရပ်သို့သွားတော်မမူလိုဟူသော သမဂ္ဂရတ ၏ အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(က) သမဂ္ဂေ ဒိသွာပိ သုတွာပိ နန္ဒတီတိ သမဂ္ဂနန္ဒီ။

(ခ) သမဂ္ဂကရဏိံ ဝါစံ ဘာသိတာတိ ယာ ဝါစာ သတ္တေ သမဂ္ဂေယေဝ ကရောတိ၊ တံ သာမဂ္ဂိဂုဏ ပရိဒီပကမေဝ ဝါစံ ဘာသတိ၊ န ဣတရန္တိ။ (၁၉-၇၇)

● (၆) က-ခ-ဝါကျတို့၌ အာဘော်သံဝဏ္ဏနာကို ရေးပါ။

ဖြေ။ ။က-ဝါကျ သမဂ္ဂေ နန္ဒတိဖြင့် သမဂ္ဂနန္ဒီပုဒ်ကို "သမဂ္ဂေ နန္ဒတီတိ သမဂ္ဂနန္ဒီ"ဟု ကတ္တုသာဓန ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, ဏီပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။ (လဟုကနည်းဖော်သည်။)

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

(၂) ဒုတိယပစ္စယတ္ထ။

က-ဝါကျ၌ ဒိသွာပိ သုတွာပိဖြင့် နှစ်သက်တတ်၏ဟူသည့် မြင်၍ ရင်း, ကြား၍ရင်း နှစ်သက်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ယာဝါစာ သမဂ္ဂေယေဝ ကရောတိဖြင့် သမဂ္ဂကရဏိ ပုဒ်ကို" သမဂ္ဂေ ကရောတိ တောယာတိ သမဂ္ဂကရဏီ" ဟု ကရဏသာဓန ကိတန္တတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, ဏ ပစ္စည်း၏ ကရဏသာဓန၌သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။ (ဋီကာသစ်)

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။

(၂) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ ဘာသတိဖြင့် ဘာသိတာပုဒ်ကို "ဘာသတီတိ ဘာသိတာ"ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း၁,တု ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ။ကြွင်းပါဌ်တို့ကို စာစပ်-စာထွက်နည်းအရ ဘာဝတ္ထဖော်ပါ။

http://www.dhammadownload.com



(က) တံ မာတာ နိဝတ္တေတုံ အသက္ကောန္တီ "စတ္တာ တံ မဟိံ သိ အနုပဗ္ဗတူ"တိ အက္ကောသိ။
(ခ) ဝေံ မမ္မစ္ဆေဒကောပိ ပယောဂေ ဝိတ္တ သဏ္ဍာတာယ န ဖရုသဝါစာ ဟောတိ။ (ဠ-၇၃-၇၄)

● (၄) က-ခ-ဝါကျတို့၌ ရသင့်သော စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု "စတ္တာ တံ မဟိံ သိ အနုပဗ္ဗတူ"တိ အက္ကောသိ၊ ဝေံ မမ္မစ္ဆေ ဒကော ပယောဂေ။ (စော+ဘော)
အထ ကသ္မာ န ဖရုသဝါစာ ဟောတိ။ (စော)
နနု စိတ္တသဏ္ဍာတာ ဟောတိ။ (ပရိ+ဘော)
(တသ္မာ) န ဖရုသဝါစာ ဟောတိ။ (ပရိ)

မှတ်ချက်။ ။မမ္မစ္ဆေဒကော၌ မမ္မပုဒ်ကို "မရန္တိ အနေနာတိ မမ္မံ" ယသ္မိံ ဟာဠိတေ နဇီဝတိ၊ တံဌာနံ။ မရဓာတ်+မ-ပစ္စည်း ဓာတ်န်ရကို ပုဗ္ဗရုပ် မ-ပြု၍ မမ္မ-ဟုပြီးသည်။ တာဠိတော၊ ပုဟ်ခတ်အပ်သည်ရှိသော် ဟုအနက်ပေး။ ပုတ်ခတ်သော် သေကြောင်းဖြစ်သော ဝှေးစေ့ စသော ဌာနရ၏။ မမ္မံ ဝိယဟု ဥပမာဆင့်။

---

(က) နေယာတိ လေံ ဝုစ္စတိ ဒေါ်သော၊ နယာ လေန္တိ နေ လာ၊ နိဒ္ဓေါသာတိ အတ္ထော။
(ခ) ကဏ္ဏသုခါတိ ဗျဉ္ဇနမဓုရတာယ ကဏ္ဏာနံ သုခါ။
(ဂ) အတ္ထမဓုရတာယ သကလသရီရေ ကောပံ အဇနေတွာ ပေမံ ဇနေတီတိ ပေမနီယာ။ (ဠ-၇၄)

● (၆) က-ခ-ဂ-ဝါကျတို့၌အဘော် သံဝဏ္ဏနာတို့ကိုရေးပါ။

ဖြေ။ ။က-ဝါကျ၌ လေံ ဝုစ္စတိ ဒေါ်သောဖြင့် "ဠလတိ စိတ္တံ ပုဂ္ဂလောဝါ ကမ္ပတိ စေတနာဘ် လေံ" ဟု ဝစနတ္ထပြု၍ သေအရ ဒေါသကို ကောက်ယူရမည်၏အဖြစ်ကို သိစေပါသည်။ (သရုပ်ကြားအဘော်ဓေယျတ္တ)

http://www.dhammadownload.com



က-ဝါကျ၌ နယာ လေန္တိဖြင့် နေလာပုဒ်ကို "နတ္ထိ လေ အယာ တိ နေလာ"ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

(ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။)

က-ဝါကျ၌ နိဒ္ဒေါသာဖြင့် နေလာ၌ န-သဒ္ဒါသည် တဗ္ဗာဝ စသော အနက်ကိုမဟော၊ ပဋိသေဓအနက်ကို ဟောသတည်းဟု သိစေပါ သည်။ (နိပါတလိင်္ဂတ္ထ)

ခ-ဝါကျ၌ ဗျဥ္ဇနမဓုရတာယဖြင့် ကဏ္ဏသုခ=နားချမ်းသာ၏ ဟူ သည် သဒ္ဒါ၏ ပြေပြစ်သည်၏ အဖြစ်ကြောင့် ကဏ္ဏသုခ ဖြစ်သတည်းဟု ကဏ္ဏသုခ၏အကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ကဏ္ဏာနံ သုခါဖြင့် ကဏ္ဏနှင့်သုခကို "ကဏ္ဏာနံ သုခါ ကဏ္ဏသုခါ"ဟု ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါ သည်။

(ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။)

မှတ်ချက်။ ။ပါဠိတော်၌ ယာ သာ ဝါစာ နေလာ ကဏ္ဏသုခါ စသည်ကို ထောက်၍ ဗျဥ္ဇနမဓုရတာယ, အတ္ထမဓုရတာယ-ဟိတ်ပုဒ် တို့၏ သမ္ဗန်ကား ယာယ တာယ ဝါစာယ ဟု ခံပါ။ ကတ္တားသမ္ဗန်နှစ်ချက်စပ်။ ဗျဥ္ဇနမဓုရတာယ၊ သဒ္ဒါအားဖြင့် ချိုမြိန် ကောင်းမြတ်သည်၏ အဖြစ် ကြောင့်။ဝါ-ချိုမြိန်ကောင်းမြတ်သော သဒ္ဒါရှိသည်၏ အဖြစ်ကြောင့်ဟု အနက်ပေး။ အတ္ထမဓုရတာယကိုလည်း ဤအတူအနက်ပေး။ ဂ-ဝါကျ၌ ပဓာနကိုသာဖော်မည်။ ကြွင်းပုဒ်ကို ဘာဝတ္ထဖော်ပါ။

ဂ-ဝါကျ၌ ပေမံ ဇနေတိဖြင့် ပေမနီယာပုဒ်ကို "ပေမနံ ဇနေတိ တိ ပေမနီယာ"ဟု ဇနေတိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, ဣယ ပစ္စည်း၏ ဇနေတိတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

မှတ်ချက်။ ။သမ္မောဒနိယံပုဒ်၏အဖွင့်ကို ထောက်၍ ပေမနပုဒ်-ဣကပစ္စည်း၊ ပေမနိက ဟူလိုလျက် က-ကို ယ-ပြု၍ ပေမနိယ ပြီးသည်ဟု ကြံနိုင်သည်။ ပေမနီယာဟု နီ ၌ ဒီဃနှင့်ရှိက ပိုရှိသင့်သည်။

http://www.dhammadownload.com



ပိယောတိ ပီတိဇနကောဟူသော သဒ္ဒိန္နဘာဏဝါရ အဋ္ဌကထာကို ပိယာယိတဗ္ဗောတိ ပိယောတိ အာဟ "ပီတိဇနကော" ဟု သာရတ္ထ ဖွင့်သည်ကို ထောက်၍ ပီတိဇနကောဟူ ဓာတ်နက်ကို ကံပုဒ်ထား၍ ဖွင့်သဖြင့် ကမ္မသာဓနပြုသည်။ ထို့အတူ ဤ၌ ပေမံ ဇနေတိဟု ဓာတ်နက်ကို ကံထား၍ ဖွင့်သဖြင့် ပေမိတဗ္ဗာဘ ပေမနီယာဟူ၍ ကမ္မသာဓ်ပြုသည်ဟု ဖော်က ပေမဓာတ်+အနီယပစ္စည်းဖြင့် ပေမနီယာဟု ပြီးရကား ပို၍ သင့်လျော်အံ့ထင်သည်။အောက်ပါ ရှေးဆရာတို့နိယံနှင့်လည်း ညီသည်။ (ဝိမံသိတ္ဗာ ဂဟေတဗ္ဗံ။)

* ဓာတ်နက်ကံထား၊ ဖွင့်တုံငြား၊ မှတ်သားကမ္မသာဓန။

---

(က) ဟာဒယံ ဂစ္ဆတိ အပ္ပဋိဟညမာနာ သုံခေန စိတ္တံ ပဝိသတီတိ ဟာဒယင်္ဂမာ။

(ခ) ဂုဏပရိပုဏ္ဏတာယ ပုရေ ဘဝါတိ ပေါရီ။ ပုရေ သံဝဍ္ဎ နာရီဝိယ သုကုမာရာတိပိ ပေါရီ။ ပုရဿ ဧသာတိပိ ပေါရီ။

(ဂ) နဂရဝါသီနံ ကထာတိ အတ္ထော။

(ဃ) ဗေဟူပိ ကဿာ ဗဟုနော ဇနဿ ကန္တာ ဟောတီတိ ဗဟုဇနကန္တာ။ (၄၅-၃၄)

● (၆) က-ခ-ဂ-ဃ-ဝါကျ တို့၌ အာဘော် . သံဝဏ္ဏနာကို ရေးပါ။

ဖြေ။ ။က-ဝါကျ၌ ဟာဒယံ ဂစ္ဆတိဖြင့် ဟာဒယင်္ဂမာပုဒ်ကို "ဟာဒယံ ဂစ္ဆတီတိ ဟာဒယင်္ဂမာ"ဟု ကတ္တုသာဓန ကိဘန္တ အလုတ္တ ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၁,အ-ပစ္စည်း၏ ကတ္တုသာဓနဖြစ် သက်သည်၏အဖြစ်ကိုင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။ (၂) ဒုတိယာပစ္စယတ္ထ။

က–ဝါကျ၌ အပ္ပဋိဟညမာနာ စိတ္တံ ပဝိသတီဖြင့် နလုံးသို့ရောက်၏ဟူသည် မထိခိုက်ဘဲ ချမ်းသာသဖြင့်၊ ဝါ–ချမ်းသာစွာ စိတ်သို့ဝင်တတ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com


ခ-ဝါကျ၌ ဂုဏပရိပုဏ္ဏတာယဖြင့် ပုရသဒ္ဒါ၏ ဂုဏပရိပုဏ္ဏအနက်ကိုဟောသည်၏အဖြစ်ကိုရှင်း°, ပုရေ ဘဝ ဖြင့် ပေါရိပုဒ်ကို"ပုရေဘဝါတိ ပေါရိ"ဟု ဘဝ တဒ္ဓိတ် ဝဓနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း၂, ဏ-ပစ္စည်း၏ ဘဝတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရှင်း၃ သိစေပါသည်။

(၁) နာမလင်္ဂတ္ထ။ (၂) ဝိဂ္ဂိုဟ်ပြအဘိဓေနတ္ထ။ (၃) ပစ္စယတ္ထ။

မှတ်ချက်။ ။ပေါရိသဒ္ဒါ၏ အလုံးစုံသော ဝစနတ္ထတို့၌ ပုရပုဒ်+ဏ ပစ္စည်း, ဣထ္ထိလိင်ဇောတက ဤပစ္စည်းသက်၍ ပေါရိဟုပြီးသည်။

ခ-ဝါကျ၌ ပုရေ သံဝဍ္ဍနာရိဝိယ သုကုမာရာဖြင့် "ပုရေ သံဝဍ္ဍာ ပုရာ"ဟု ဝစနတ္ထပြု၍ ပုရာအရ နူးညံ့သိမ်မွေ့သော စကားရှိသော ပြည်ကြီးသူကိုယူရမည်၏ အဖြစ်ကိုရှင်း°, ပေါရီပုဒ်ကို "ပုရာဝိယာတိ ပေါရီ"ဟု ဝစနတ္ထပြုရမည်၏အဖြစ်ကိုရှင်း၂, ဏပစ္စည်း၏ ဥပမာတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရှင်း၃ သိစေပါသည်။ (ဂဏ္ဌိ)

(၁) သရုပ်ကြားအဘိဓေယျတ္ထ။ (၂) ဝိဂ္ဂိုဟ်ပြအဘိဓေနတ္ထ။
(၃) ပစ္စယတ္ထ။

ခ-ဝါကျ၌ ပုရဿ ဧသာဖြင့် ပေါရိပုဒ်ကို"ပုရဿ ဧသာ ပေါရီ" ဟု ဣဒံ တဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရှင်း°,ဏ ပစ္စည်း၏ ဣဒံ တဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရှင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

**မှတ်ချက်။** ။ဝစနတ္ထ အလုံးစုံတို့၌ ဣတိ သဒ္ဒါဖြင့် ဝစနဟောတကိုရှင်း, အပိသဒ္ဒါတို့ဖြင့် ဝစနတ္ထန္တရ(ဝိဂ္ဂိုဟ်တမျိုး)ကိုရှင်း သိစေပါသည်ဟု ဘာဝတ္ထဖော်ပါ။

ဂ-ဝါကျ၌ နဂရဝါသိနံဖြင့် ပုရဿ၌ ပုရသဒ္ဒါမြို့(နဂရ)အနက်ဟောသည်၏အဖြစ်ကိုရှင်း°, ပုရအရ ဌာနူပစာအားဖြင့် မြို့နေလူတို့ကိုယူရမည်၏အဖြစ်ကိုရှင်း၂, ကထာဖြင့် ပေါရီအရ စကားဒြပ်ကို ယူရမည်၏ အဖြစ်ကိုရှင်း၃ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။(၂) သရုပ်ကြားအဘိဓေယျတ္ထ။(၃) သရုပ်ကြားအဘိဓေယျတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ၌ ဗဟုနော ဇနဿ ကန္တာဖြင့် ဗဟုနှင့် ဇနကို "ဗဟုစ သော ဇနောစာတိ ဗဟုဇနော" ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၁], ဗဟုဇနနှင့် ကန္တကို "ဗဟုဇနဿ ကန္တာဗဟုဇနကန္တာ" ဟု ကတ္တုတ္ထဆဋ္ဌီတပ္ပုရိသ်၊ ဝါ-"ဗဟုဇနေဟိ ကန္တာ ဗဟုဇနကန္တာ" ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၂], ကန္တာပုဒ်ကို "ကာမိယတေတိ ကန္တာ" ဟု ကမ္မသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၃], အန္တ-ပစ္စည်း၊ ဝါ-မာန ပစ္စည်း၏ ကမ္မသာဓန၌သက်သည်၏ အဖြစ်ကိုရင်း[၄] သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၃) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၄) ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ။အာဘော်ဖော်ရာ၌ ဗဟုနော ဇနဿ ဟု အဋ္ဌကထာ၌ ဆဋ္ဌီဖြင့်ပြသဖြင့် ကတ္တုဆဋ္ဌီဟုဖော်သည်။ ကမ္မဆဋ္ဌီရှိသကဲ့သို့ ကတ္တုဆဋ္ဌီလည်းရှိသည်ပင်။ တတိယာတပ္ပုရိသ် ဟု ဖော်သည်။ နိသျှ နှဟောင်းဆရာမှာထားချက်အရ ဖော်သည်။

ကန္တပုဒ်ကို ကမ္မသာဓ်ဖော်သည်ကား "ကမ္မသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့် တတိယာတွဲမြဲ" ဟူသော နိယံကို အပြန်အလှန်ယူ၍ တတိယာ တပ္ပုရိသ်ပြသဖြင့် ကန္တပုဒ်၏ ကမ္မသာဓ်ကို ပြရာရောက်သည်ဟု ကြံဆ၍ ဖော်သည်။

ကန္တသဒ္ဒါကား။ ။ကမုဓာတ်+အန္တ-ပစ္စည်း၊ ဝါ-မာနပစ္စည်း၊ ယင်းမာနပစ္စည်းကို အန္တပြန်၍ပြီးသည်။ (ဋီကာသစ်)

ဃ-ဝါကျ၌ ဝေဠုပီကထာဖြင့် ပုရောဘဝါစသောအနက်သုံးပါးဖြင့် ပြအပ်သော ပေါရိဝါစာကိုသာလျှင် များစွာကုန်သော သူတို့သည် နှစ်သက်အပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

---

(က) ကန္တာဘာဝေန ဗဟုနော ဇနဿ မနာပါ စိတ္တဝုဍ္ဍိကရာတိ ဗဟုဇနမနာပါ။

(ခ) ကာလေန ဝဒတီတိ ကာလဝါဒီ။ ဝတ္တဗ္ဗယုတ္တကာလံ သလ္လက္ခေတွာ ဝဒတီတိ အတ္ထော။

(ဂ) ဘူတံ တထံ တစ္ဆံ သဘာဝမေဝ ဝဒတီတိ ဘူတဝါဒီ။

http://www.dhammadownload.com



(ဃ) ဒိဋ္ဌဓမ္မိက သမ္ပရာယိကတ္ထ သန္နိဿိတမေဝ ကတွာ ဝဒ တီတိ အတ္ထဝါဒီ။ (၄-၇၄-၇၅)

● (၆) က-မှ ဃ-တိုင်အောင်သော ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ရေးပါ။

ဖြေ။ ။က-ဝါကျ၌ စိတ္တဝုစ္စိကရာဖြင့် မနာပါ၌ မနသဒ္ဒါ၏ စိတ်ဟူသော အနက်ကိုဟောသည်၏အဖြစ်ကိုရှင်း¹,အပ-ခတ်သည် ပါပုဏန အနက်ကိုမဟော၊ဝုစ္စိ-အနက်ကိုဟောသည်၏အဖြစ်ကိုရှင်း², မနာပါ ပုဒ်ကို "မနံ အာပေတိ ဝဍ္ဍေတီတိ မနာပါ" ဟု ဟေတုကတ္တုသာဓန ဝိဂ္ဂဟပြုရမည်၏ အဖြစ်ကိုရှင်း³, ဏ-ပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရှင်း⁴ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ။ (၂)ဒုတိယဓာတွတ္ထ။
(၃) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။ (၄) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ဗဟုဇနာ ဇနဿ မနာပါဖြင့် ဗဟုနှင့်ဇနကို "ဗဟုဝ သော ဇနောစာတိ ဗဟုဇနော" ဟု ကမ္မဓာရယ်သမာသ်ဝိဂ္ဂဟပြုရမည် ၏ အဖြစ်ကိုရှင်း¹,ဗဟုဇနနှင့် မနာပါကို"ဗဟုဇနဿ မနာပါ ဗဟုဇနမနာ ပါ"ဟု ကမ္မဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂ္ဂဟပြုရမည်၏ အဖြစ်ကိုရှင်း² သိ စေပါသည်။

(၁) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

ဂ-ဝါကျ၌ ကန္တဘာဝေနဖြင့် နှစ်သက်အပ်သည်၏အဖြစ်ကြောင့် ဗဟုဇနမနာပဖြစ်သတည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ကာလေန ဝဒတီဖြင့် ကာလဝါဒီပုဒ်ကို "ကာလေန ဝဒ တီတိကာလဝါဒီ" ဟု ကတ္တုသာဓန ကိတန္တသတ္တမျတ္ထတတိယာတပ္ပုရိသ် သမာသ်ဝိဂ္ဂဟ ပြုရမည်၏ အဖြစ်ကိုရှင်း¹,ဏီ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရှင်း² သိစေပါသည်။

(၁) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။ (၂)ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ ဝတ္တဗ္ဗယုတ္တကာလံ“လ” အတ္ထောဖြင့် ကာလဝါဒီ၌ တာလအရ ပြောဆိုသင့်သော ကာလကို ယူရမည်ဟု သိစေပါသည်။
(သရုပ်ကြားအဘိဓေယျတ္ထ)

ဂ-ဝါကျ၌ တထံဖြင့် ဘူတသဒ္ဒါသည် မဟာဘုတ်ဘီလူးစသော အနက်တို့ကိုမဟော၊ တစ္စအနက်ကိုဟောသည်၏အဖြစ်ကိုရင်း၁, တစ္စံဖြင့် တထသဒ္ဒါ၏ တစ္စသဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကိုရင်း၂, သဘာဝမေဝဖြင့် အမှန်ကိုဆို၏ဟူသည် သဘောယုတ္တိ မှန်ကန်သည်ကိုသာဆို၏။အသဘာဝ စကားကိုမဆိုဟူသောအဓိပ္ပါယ်ကိုရင်း၃, တဝါကျလုံးဖြင့် ဘူတဝါဒီပုဒ်ကို “ဘူတံ ဝဒတီတိ ဘူတဝါဒီ”ဟု ကတ္တုသာဓန ကိတန္တဒုတိယာ တပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၄, ဏီ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရင်း၅ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ,အဘိဓေယျတ္ထ။ (၂) ပရိယာယ်ပြ အဘိဓေယျတ္ထ။ (၃) ဘာဝတ္ထ။ (၄) ဝိဂ္ဂြိုဟ်ပြ အဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။ (၅) ဒုတိယပစ္စယတ္ထ။

**မှတ်ချက်**။ ။နိသျဟောင်း၌ တထံ တစ္စံ သဘာဝမေဝကား ပရိယာယ်ဟု ဆို၏။

ဃ-ဝါကျဖြင့် အတ္ထဝါဒီ၌အတ္ထအရဒိဋ္ဌဓမ္မိကတ္ထ,သမ္ပရာယိကတ္ထကို ယူရမည်၏အဖြစ်ကိုရင်း၁,အတ္ထဝါဒီပုဒ်ကို“အတ္ထံ ဝဒတီတိ အတ္ထဝါဒီ”ဟု ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း၂,ဏီ-ပစ္စည်း၏ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း၃ သိစေပါသည်။

(၁) သရုပ်ကြားအဘိဓေယျတ္ထ။ (၂) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။

**မှတ်ချက်**။ ။ဓမ္မဝါဒီ, ဝိနယဝါဒီ အဖွင့်၌ အာဘော်ကား ကာလဝါဒီ စသည်နှင့်တူ၏။ ဝိနယဝါဒီ၌ ဝိနယအရကား သံဝရဝိနည်း, ပဟာနဝိနည်းတည်း။ သံဝရဝိနည်းကားပါတိမောက္ခသံဝရ,သတိသံဝရ,

http://www.dhammadownload.com



ဉာဏသံဝရ,ခန္တိသံဝရ, ဝီရိယသံဝရ-အားဖြင့်ငါးပါး။ ပဟာနဝိနည်းကား တဒင်္ဂပဟာန်, ဝိက္ခမ္ဘန, သမုစ္ဆေဒ,ပဋိပဿဒ္ဓိ, နိဿရဏပဟာန်အားဖြင့် ငါးပါးတည်း။

* ပါတိမောက္ခ၊ ဉာဏ, သတိ၊ ခန္တီ,ဝီရိယာ၊ ဤငါးဖြာ၊မှတ်ပါ သံဝရ။

---

(က) နိဓာနံ ဝုစ္စတိ ထပနောကာသော။ နိဓာနမဿာ အတ္ထီတိ နိဓာနဝတီ။

(ခ) ဟဒယေ နိဓာတဗ္ဗယုတ္တကံ ဝါစံ ဘာသိတာတိ အတ္ထော။
(ဋီ-၇၅)

● (၆) က-ခ-ဝါကျတို့၌ အာဘော်သံဝဏ္ဏနာကို ဖြေပါ။

ဖြေ။ ။က-ဝါကျ၌ထပနောကာသောဖြင့် နိဓာနံပုဒ်ကို "နိဓေတိ သန္နိဓာနံ ကရောတိ ဧတ္ထာတိ နိဓာနံ" ဟု ဝစနတ္ထပြု၍ နိဓာနအရ ထပနောကာသ-ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

က-ဝါကျ၌ နိဓာနမဿာ အတ္ထိဖြင့် နိဓာနဝတီကို "နိဓာနံ အဿာ အတ္ထီတိ နိဓာနဝတီ" ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၁, ဝန္တုပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ခ-ဝါကျ၌ ဟဒယေဖြင့် နိဓာနဝတီဝါစာ၏ ထပနောကာသကား စိတ်နှလုံး (ဟဒယ) ပင်တည်း။ပူတာတံတင်းမဟုတ်ဟု သိစေပါသည်။ (ဘာဝတ္ထ၊ ဝါ-အဘိဓေယျတ္ထ)

ခ-ဝါကျ၌ နိဓာတဗ္ဗယုတ္တကံ ဝါစံ ဘာသိတာဖြင့် နိဓာနဝတီ ဝါစာဟူသည် သိုမှီးသိမ်းဆည်းခြင်းငှာ သင့်လျော်သော စကားတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

---

(က) ကာလေနာတိ ဧဝရူပိံ ဘာသမာနောပိစ "အဟံ နိဓာနဝတိံ ဝါစံ ဘာသိဿာမီ"တိ န အကာလေန ဘာသတိ။

http://www.dhammadownload.com



(ခ) ယုတ္တကာလံ.ပန အပေက္ခိတွာ၀ ဘာသတီတိ အတ္ထော။
(ဂ) သာပဒေသန္တိ သ ဉပမံ၊ သ, ကာရဏန္တိ အတ္ထော။ (၄၆-၇၅)

● (၂) က-၀ါကျကိုသာဓဖြေရှု၍ သာဘောဂပုစ္ဆာတက်ပါ။
ဖြေ။ ။ အဖြေရှုရ၍တက်ပုံ

ဆရာ၊မြတ်စွာဘုရားသည် ကာလေန-ဟု ဟောတော်မူ၏။ မြတ်စွာဘုရားသည် မနေဒ္ဒါရဟုဆိုအပ်သောထားရာရှိသော(နိဓာနဝတိ)စကားကို ဆိုသည်မဟုတ်ပါလော။ ယင်းသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် ကာလေနဟု ဟောတော်မူပါသနည်း၊ ၀ါ- အခါမဟုတ်ရာ၌ မဆို (န အကာလေန ဘာသတိ)ဟု ဟောတော်မူပါသနည်းဟု သူမေးဘွယ်ရှိသောကြောင့် က-၀ါကျကိုမိန့်၏။

**အဓိပ္ပါယ်ကား။** ။က-၀ါကျဖြင့် မနေဒ္ဒါရဟု ဆိုအပ်သော ထားရာရှိသော (နိဓာနဝတိ) စကားကိုဆိုသော်လည်း သင့်လျော်သော အခါနှင့်ယှဉ်သော ကာလယုတ္တစကားသည်သာလျှင် အကျိုးစီးပွားကို ဆောင်နိုင်သောကြောင့် ကာလေန ဟု၊ ၀ါ-န အကာလေန ဘာသတိဟု ဟောတော်မူ၏ ဟူလိုသောဝ်။

မှတ်ချက်။ ။ဤအတက်နှင့်အဓိပ္ပါယ်ကို က-၀ါကျ၌ ဝေဠုပိ ဘာသမာနောပိစ,နှင့်ဋီကာသစ်လာ နိဓာနဝတိပိ ၀ါစာ ကာလယုတ္တာ၀ အတ္ထာဝဟာ- ဟူသော စကားတို့ကို ညှိ၍ရေးသည်။ စတုက္ကထုတ်ရာနှင့် နှိုင်းယှဉ်ကြည့်ပါ။

● (၃) က-၀ါကျ၌ ဘာသမာနောပိ-ဟူသော လက္ခဏာအရှုစိပုဒ်ကိုရှု၍ စောဒကာဘောဂ ါဒိစတုက္က ထုတ်ပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ဝေဠုပိ ၀ါစံ ဘာသမာနော ဟောတိ။ (စော+ဘော)
အထ ကသ္မာ ကာလေနာတိ ဝုတ္တံ။ (စော)
နနု နိဓာနဝတိပိ ၀ါစာ ကာလယုတ္တာ၀ အတ္ထာဝဟာ။
(ပရိ+ဘော)
(တသ္မာ) ကာလေနာတိ ဝုတ္တံ။ (ပရိ)

http://www.dhammadownload.com



● ဂ-ဝါကျ၌ သာပဒေသံပုဒ်ကို သဥပမံဟူသော သံဝဏ္ဏနာ နှင့်အညီ အစိတ်အပေါင်း ဝစနတ္ထပြု၍အပေါင်းဝစနတ္ထကိုသာ ဝစနာဒိဆက္က ခွဲဝေပါ။

ဖြေ။ **ဝစနတ္ထ**။ ။"ဣစ္ဆိတတ္ထ နိဗ္ဗတ္တနတ္ထံ အပဒိသီတဗ္ဗောတိ အပဒေသော"(အစိတ်) "အပဒေသေန သဟ ယာ ဝတ္တတီတိ သာပဒေ သာ"(အပေါင်း) (ယာ၀ါစာ၊ အကြောင်စကားသည်။ အပဒေသေန၊အလို ရှိအပ်သော အနက်အကျိုးကိုဖြစ်စေခြင်းငှာ ညွှန်းပြအပ်သော ဥပမာနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သာ၀ါစာ၊ သာပ ဒေသာ။ တံ သာပဒေသံ။)

**ဝစနာဒိဆက္က**။ ။အလိုရှိအပ်သောအနက် အကျိုးကို ဖြစ်စေ ခြင်းငှာ ညွှန်းပြအပ်သော ဥပမာနှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၏ စကားဒြပ်နှင့် ဂုဏ်, ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် **ဝစနဟေတု** မည်၏။

တနည်း။ ။တကွဖြစ်သော အလိုရှိအပ်သောအနက်ကို ညွှန်းပြ အပ်သော ဥပမာ၏ စကားဒြပ်နှင့် ဥပမာန, ဥပမေယျအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် **ဝစနဟေတု**မည်၏။ ယင်းသို့သော ဂုဏ်ရှိသော စကားဒြပ် သည် **ဝစနီယ** မည်၏။ သောပမ၀ါစာ စသော ပရိယာယ်သည် **ဝစနီယတ္ထ** မည်၏။

## ဝိဂ္ဂဟမှတ်ဘွယ်

**သာပဒေသံ**။ ။"အပဒိသိယတိ ဣစ္ဆိတတ္ထော အနေနာတိ အပဒေသော"ဟိတ်-ဥဒါဟရဏ်စသော အကြောင်းရ၏၊ "အပဒေသေန သဟ ယာ ဝတ္တတီတိ သာပဒေသာ"၊ယင်း ဟိတ် ဥဒါဟရဏ် စသော အကြောင်းနှင့်တကွဖြစ်သော စကားဒြပ်ရ၏။ တံ သာပဒေသံ ဟု ဝိဘ တျန်ခံ။ ဤကား သ ကာရဏံဟူသော သံဝဏ္ဏနာနှင့်အညီ အစိတ် အပေါင်း ဝစနတ္ထတည်း။

---

● (၅) က-ဝါကျ၌ ဘာသမာနေဘကို ဘာသမာနတ္တာဟု ဟိတ် ပြင်လျှင် ရနိုင်သောသမ္ဗန်ကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ဘာသမာနတ္တာ ဟိတ်၏ သမ္ဗန်ကား သမဏာယ ဂေါတ မဿတည်း။ (သမဏော ဂေါတမောကို သမ္ဗန်ခံ။ ပစ္စယတ္ထကား ကတ္တုတ္ထတည်း။ ကတ္တား သမ္ဗန်နှစ်ချက်စပ်ပါ။)

---

● (၆) က-ဂ-ဝါကျတို့၌ အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာ တို့ကို ရေးပါ။

ဖြေ။ ။က-ဝါကျဖြင့်နိဓာနဝတိံ ါဓာပင်ဖြစ်သော်လည်းသင့် လျော်သောအခါနှင့် ယှဉ်မှသာလျှင် အကျိုးစီးပွားကို ဆောင်နိုင်သော ကြောင့် ပါဠိတော်ဝယ် ကာလေနပုဒ်၏ နိဓာနဝတိံ ါစံ ဘာသိတာကို ငဲ့သောပုဒ်၏ အဖြစ်ကိုရင်း၁, ဘာသိတာ၌ တု-ပစ္စည်း၏ ကတ္တုသာဓနနှင့် သက်သည်၏ အဖြစ်ကိုရင်း၂, "ဘာသတီတိ ဘာသိတာ"ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၃ သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဝိဂ္ဂဟ်ပြုအဘိ ဓာနတ္ထ။

ဂ-ဝါကျ၌ သဥပမံဖြင့် သာပဒေသံပုဒ်ကို သ, အပဒေသံဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုရင်း၁, အပဒေသံပုဒ်ကို "ဣစ္ဆိတတ္ထနိဗ္ဗတ္တနတ္ထံ အပဒိသိတဗ္ဗောတိ အပဒေသော"ဟု ဝစနတ္ထပြု၍ အပဒေသအရ ဥပမာ ကို ယူရမည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) သန္ဓိလိဂ်ပဒ။ (၂) သရုပ်ကြားအဘိဓေယျတ္ထ။

ဂ-ဝါကျ၌ သ-ကာရဏံဖြင့် သာပဒေသံပုဒ်ကို သ, အပဒေသံဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုရင်း၁, အပဒေသပုဒ်ကို "အပဒိသိယတိ ဣစ္ဆိ တတ္ထော အနေနာတိ အပဒေသော"ဟု ဝစနတ္ထပြု၍ အပဒေသအရ ဟိတ်, ဥဒါဟရဏ် စသောအကြောင်းကိုယူရမည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) သန္ဓိလိဂ်ပဒ။ (၂) သရုပ်ကြားအဘိဓေယျတ္ထ။

---

● (၇) သာပဒေသံ၌ ရသင့်သော နိရုတ္တိနည်းကို ရေးပါ။

ဖြေ။ ။သာပဒေသံကား သဟာပဒေသံ (သဟ+အပဒေသံ) ဟူလိုလျက် သဟသဒ္ဒါကို သ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် သာပဒေသံဟု ပြီးပါသည်။ (သ-ဥပမံ, သ-ကာရဏံလည်း နည်းတူပင်။)

http://www.dhammadownload.com



## သ-သဒ္ဒါဋ္ဌမှတ်ဖွယ်

သ-သဒ္ဒါသည် သန္တ သဒ္ဒါ၏ ကာရိယလည်းရှိ၏။ ပြယုဂ်ကား သပ္ပုရိသောစသည်တည်း။ သဟ သဒ္ဒါ၏ ကာရိယလည်းရှိ၏။ ပြယုဂ်ကား သဝိတက္ကသဝိစာရ, သာပဒေသံ စသည်တည်း။ သမာနသဒ္ဒါ၏ ကာရိယ သ,လည်းရှိ၏။ ပြယုဂ်ကား ဟရိသဝဏ္ဏော စသည်တည်း။ဤ၌ ဟရိသမာနဝဏ္ဏောဟူလိုလျက် သမာနကို သ-ပြု၍ ဟရိသဝဏ္ဏောဟု ပြီးသည်။ ပသတ္ထ သဒ္ဒါ၏ကာရိယလည်းရှိသည်။ ပြယုဂ်ကား သဓမ္မော စသည်တည်း။

ထို့ပြင် အတ္တနိယအနက်ဟောသ-သဒ္ဒါလည်းရှိသည်။ ပြယုဂ်ကား သာနိ ကမ္မာနိ သပုတ္တော စသည်တည်း။ အတ္တအနက်ဟောလည်းရှိသည်။ ပြယုဂ်ကား သဓနံ,သပရိသံ စသည်တည်း။ အဆေ့ဗန္ဓအနက်ဟော သ-သဒ္ဒါလည်းရှိသည်။ ပြယုဂ်ကား သန္ဓိဓ္ဓော သမ္ဘတ္တော စသည်တည်း။ ခေတ္တ-အနက်ဟော သ-သဒ္ဒါလည်း ရှိသည်။ ပြယုဂ်ကား အသာစသည် တည်း။ "သေ ခေတ္တေ သေန္တိ ရူဟန္တီတိ သဿံ"ဟု ဝစနတ္ထပြု။ ရက္ခိသ် ဟော သ-သဒ္ဒါလည်းရှိသည်။ ပြယုဂ်ကား သပတ္တော စသည်တည်း။ "သော ဝိယ ရက္ခသော ဝိယ အညမညံ အဟိတာသုခံ ပါပေတီတိ သ ပတ္တော" ဟု ဝစနတ္ထပြု။

* သန္တ, သဟ၊ သမာနနှင့်၊ ပသတ္ထပါ၊ လေးဖြာကာရီ။ အတ္တနိ ယ၊အတ္တ,အဆေ့၊ခေတ္တေ,ရက္ခိသ်၊ သ-ဟောဆိုက်၏။ (ဓောက္ခရကောသ နိယံ)

---

(က) အတ္ထ သဥ္စိတန္တိ- အနေကေဟိပိ နယေဟိ ဝိဘဇန္တေန ပရိ ယာဒါတုံ အသက္ကုဏေယျတာယ အတ္ထသမ္ပန္နံ ဘာသတိ။

(ခ) ယံ ဝါ သော အတ္ထဝါဒီ အတ္ထံ ဝဒတိ၊ တေန အတ္ထေန သဟိတတ္တာ အတ္ထသဥ္စိတံ ဝါစံ ဘာသတိ။

(ဂ) န အညံ နိက္ခိပိတွာ အညံ ဘာသတီတိ ဝုတ္တံ ဟောတိ။

● (၂) ခ-ဝါကျကို အနုသန္ဓေ, ဂ-ဝါကျကို လိနတ္ထရစောဒနာတက်ပါ။

http://www.dhammadownload.com



ဖြေ။ ။ **အနုသန္ဓေတက်ပုံ**

ဤသို့ က-ဝါကျဖြင့် အတ္တသဥ္ဇိတ်၌ အတ္တ သဒ္ဒါကိုအနက်သာမည အားဖြင့် ဖွင့်ဆိုတော်မူပြီး၍ ယခုအခါ၌ အလိုရှိအပ်သောအနက်ဝိသေ သအားဖြင့် ဖွင့်ပြခြင်းငှာ ယံဝါစသော ခ-ဝါကျကိုမိန့်။ (**ဋီကာသစ် ကျမ်းတက်**)

**လီနတ္ထရစောဒနာတက်ပုံ**

ဆရာ၊ မြတ်စွာဘုရားသည် အတ္တသဥ္ဇိတံ ဝါစံ ဘာသိတာ—ဒိဋ္ဌ ဓမ္မိတအကျိုး,သမ္ပရာယိကအကျိုးနှင့်တကွဖြစ်သောစကားကို ဆိုသောဟု ဟောတော်မူ၏။ ခပ်သိမ်းကုန်သော သူတို့၏စကားသည်လည်း ဣစ္ဆိတတ္ထ နှင့်တကွဖြစ်သည်သာမဟုတ်ပါလော။ ဤအရာ၌ အဘယ်သို့သောဆိုဘွယ် ရှိပါသနည်း ဟု လီနတ္ထရစောဒနာအားဖြင့် သူစောဒနာ ဘွယ် ရှိသော ကြောင့် နအည်စသော ဂ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**။ ။ဂ-ဝါကျဖြင့်တပါးသောအကျိုးကိုထား၍၊ ဝါ-ဟော၍ တပါးသောအကျိုးကို အနုသန္ဓေမစပ်ဘဲ မဟောဟု ဆိုဘွယ် တပါးကို ငါပြဆို၏ ဟူလိုသောဝ်။

**ရှင်းလင်းချက်**

တပါးသော ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့အလိုရှိအပ်သော ဣစ္ဆိ တတ္ထကို ဆိုကြ၏။ သို့သော် မြတ်စွာဘုရားမှုကား ပစ္စုပ္ပန်,တမလွန်နှင့်ယှဉ် သော အတ္တသဥ္ဇိတကို ဟောကာမျှမဟုတ် အနုသန္ဓေမစပ်ဘဲ မိမိဆိုလိုရာ အကျိုးကို ဟူးဟူးငြားငြား ဟောတော်မူလေ့မရှိဟု ဆိုလိုသတည်း။

ဂ-ဝါကျကိုတက်ရာ၌ ခ-ဝါကျကို ထပနာထင်းလျှင်လည်း အတ္တ သဥ္ဇိတံ ဝါစံ ဘာသိတာ ဟူသော ပါဠိတော်နှင့် တပြေးတည်း ညီညွတ်ရ ကား သင့်သည်ပင်။ ကျမ်းတက်ရာ၌ ဋီကာသစ်လာတိုင်း ဒေါသာရောပန မပါဘဲတက်သည်။ဒေါသာရောပန ပါသော်သာ စောဒနာတက် စစ်၏ ဟူသော ဆရာတို့အလို ဝိရောဓိဒေါသတင်ပါ။ကျမ်းတက်ပုံကို စတုက္ကနှင့် ညှိ၍ရှုလေ။

http://www.dhammadownload.com



● (၃) ဂ-ဝါကျကို ရှမျှော်၍စောဒကာ ဘောဂါဒိ စတုက္က ထုတ်ပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု သဗ္ဗေသမ္ပိ ဝစနံ အတ္တနာ ဉ္ဇိတတ္ထသဟိတံယေဝ။ (စော+ဘော)

အထ ကသ္မာ အတ္ထသဥ္ဟိတံ ဝါစံ ဘာသိတာတိ ဝုတ္တံ။ (စော)

နနု န အညံ နိက္ခိပိတွာ အညံ ဘာသသိ။ (ပရိ+ဘော)

တသ္မာ အတ္ထ သဥ္ဟိတံ ဝါစံ ဘာသိတာတိ။ (ပရိ)

မှတ်ချက်။ ဤစတုက္ကကား ဋီကာသစ်ကိုရှုရ၍သာ ထုတ်ရသဖြင့် ခက်ခဲသည်။

---

● (၄) အတ္ထသဥ္ဟိတံပုဒ်ကို က-သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ "အတ္ထေန ဘာသိတတ္ထေန သဥ္ဟိတာ သမ္ဗန္ဓာတိ အတ္ထ သဥ္ဟိတာ" (အတ္ထေန ဘာသိတတ္ထေန၊ သဒ္ဒါသို့ အစဉ်လျှောက်၍ သိအပ်သော အလုံးစုံသော ပကတျတ္ထ, ပစ္စယတ္ထ, ဘာဝတ္ထစသော ဟောအပ်သောအနက်နှင့်။သဥ္ဟိတာ သမ္ဗန္ဓာ၊ပြည့်စုံသည်တည်း။ဣတိ-အတ္ထသဥ္ဟိတာ၊ တံ အတ္ထသဥ္ဟိတံ။)

ဝစနာဒိဆက္က။ ။သဒ္ဒါသို့အစဉ်လျှောက်၍ သိအပ်သော အလုံးစုံသော ပကတျတ္ထ, ပစ္စယတ္ထ, ဘာဝတ္ထစသော ဟောအပ်သော အနက်၏ ပြည့်စုံသောသဒ္ဒါနှင့် အကျိုးအကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ ယင်းအနက်နှင့်ပြည့်စုံသောသဒ္ဒါ၊ ဝါ-စကားဖြစ်သည် ဝစနီယ မည်၏။ အတ္ထသမ္ဗန္ဓ ဘာသိတတ္ထသံပုဏ္ဏစသော ပရိယာယ်သည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ယံဝါစသော ခ-ဝါကျအလို "အတ္ထေန သဥ္ဟိတာ အတ္ထသဥ္ဟိကာ၊ တံ အတ္ထသဥ္ဟိတံ" ဟူ၍ပင် ဝစနတ္ထပြု။ အတ္ထေန၊ ဒိဋ္ဌဓမ္မိက သမ္ပရာယိက အကျိုးနှင့်။ သဥ္ဟိတာ၊ တက္ကဖြစ်သည်တည်း ဟု အနက်ပေး။ ဆက္ကလွယ်ပြီ။

---

http://www.dhammadownload.com



● (၅) ခ-ဝါကျ၌ သဟိတတ္ထာဟိတ်၏သမ္ဗန်ကို ဖော်ပြ၍ ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကိုလည်းရေးပါ။

ဖြေ။ ။သဟိတဟ္ဂာဟူသော ဟိတ်၏သမ္ဗန်ကား ဝါစာယ တည်း။ (ဝိသေသျဖြစ်သော ဝါစာကိုခံသည်။)

ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကား ကတ္တုဂ္ဂသာတည်း။ (ကတ္တား, သမ္ဗန် နှစ်ချက်စပ်ပါ။)

မှတ်ချက်။ ။က-ဝါကျ၌ အသက္ကုဏေယျတာယ-ဟိတ်၏သမ္ဗန် ကို အတ္တသာဟု ခံလို၏။ ယင်းဟိတ်ကား အတ္တသမ္ဗန္ဓ၏ အကြောင်းသာ လျှင်ဖြစ်၏။ ဘာသတိ ကြိယာ၏ ဟိတ်မဟုတ်ပေ။ ထို့ကြောင့် "ဟိတ် ဆိုက်လေရာ"စသော နိယံအရ ဘာသတိကြိယာ၏ ကတ္တားဖြစ်သော သမ ဏော ဂေါတမောကို သမ္ဗန်မခံသင့်ဟု ယူဆ၏။

ဋီကာသစ်၌လည်း အသက္ကုဏေယျပုဒ်ကို အတ္တပုဒ်နှင့် ဝိသေသန ဝိသေသျ ပြု၍ဖွင့်ရကား အတ္တသာဟုသာ သမ္ဗန်ခံသင့်သည်ဟု မိမိတို့ယူဆ ပေသည်။ (ဝီမံသိတ္ဗာ ဂဟေတဗ္ဗံ။)

† တတောယေဝ ဘာဂဝတော ဝစနံ "လ" ပရိယာ ဒါတု မသက္ကုဏေယျံ အတ္တံ အာဝဟတိတိ။ (သိ-ဋီ-သစ်)

---

● (၆) က-ခ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျဖြင့် အတ္တသမ္ဗန္ဓ၌ အတ္တသဒ္ဒါ၏ ဘာသိတတ္ထ ကိုဟောသည်၏ အဖြစ်ကိုရင်း¹, သမ္ဗန္ဓသဒ္ဒါ၏ သမာသသမ္ဗန္ဓအနက်ကိုဟော သည်၏အဖြစ်ကိုရင်း², အတ္တသမ္ဗန္ဓဖြစ်ရကား များစွာသော နည်းတို့ဖြင့် ဝေဘန်သော်လည်း ကုန်ခန်းစေရန် မစွမ်းနိုင်သည်၏ အဖြစ်ကိုရင်း³သိစေ ပါသည်။

(၁) နာမလိင်္ဂတ္ထ, သဒ္ဒတ္တ, အဘိဓေယျတ္ထ။ (၂) နာမလိင်္ဂ တ္ထ သဒ္ဒတ္ထ, အဘိဓေယျတ္ထ။ (၃) ဘာဝတ္ထ။

ခ-ဝါကျ၌ ယံ သော အတ္တဝဏ္ဏံ အတ္တံ ဝဒတိ တေနဖြင့် အတ္တသဒ္ဒါ တံ၌ အတ္တအရ အတ္တဝဏ္ဏဒီပုဂ္ဂိုလ်ဆိုလိုသော အတ္တဝိသေသကို ယူရမည်၏

http://www.dhammadownload.com



အဖြစ်ကိုရင်း၁, အတ္တေန သဟိတတ္တာဖြင့်သဒ္ဓိတံ-ပုဒ်ကို“သဟ ဟိနောတိ ပဝတ္တတီတိ သဒ္ဓိတာ” (တံသဒ္ဓိတံ)ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၂, တ-ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏ အဖြစ်ကိုရင်း၃, သဒ္ဓိတံ၌ သံသဒ္ဒါသည် သမ္ဗာဓသောအနက်ကိုမဟော၊ သဒ္ဓိ အနက်ကို ဟောသည်၏အဖြစ်ကိုရင်း၄, အတ္တသဒ္ဓိတံပုဒ်ကို“အတ္တေန သဒ္ဓိတာ အတ္တ သဒ္ဓိတာ” (တံ)ဟု ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၅ သိစေပါသည်။

(၁) သရုပ်ကြားအဘိဓေယျတ္ထ။ (၂)ဝိဂ္ဂဟ်ပြ အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄)ဥပသဂ္ဂလိင်္ဂတ္ထ။ (၅) ဝိဂ္ဂဟ်ပြ အဘိဓာနတ္ထ,သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

**မှတ်ချက်။** ။ပရိယန္တဝတိ အဖွင့်ကား ပရိယန္တသဒ္ဒါ ပရိစ္ဆေဒ ဟော အသာတ္တိကိုပြသည်။ သံဝဏ္ဏနာကား လွယ်ပြီ။

---

(ဂ) ဂ-ဂါကျ၏ ဗျတိရေကတ္ထ,အန္ဒယတ္ထတို့ကို ကျနစွာဖြေ ဆိုပါ။

ဖြေ။ ။ဗျတိရေကတ္ထကား တပါးသောအကျိုးကို ရှေးဦးစွာ သားဟော၍ အနုသန္ဓေမစပ်ဘဲ နောက်၌ တပါးသောအကျိုးကို ဟော တော်မမူ။

အန္ဒယတ္ထကား ထားအပ်သော အနုသန္ဓေ၏ အစွမ်းဖြင့်သာလျှင် ဆုံးစေ၍ ဟောတော်မူ၏။

| ယထာနိက္ခိတ္တာ နုသန္ဓိ ဝသေနေဝ ပရိယော သာနပတ္တာ ကထေတိတိ အဓိပ္ပါယော။ (သီ-ဋီ-သစ်)

---

(က) ဗိဇဂါမ ဘူတဂါမသမာရမ္ဘာတိ မူလဗီဇံ,ခန္ဓဗီဇံ,ဖဠုဗီဇံ, အဂ္ဂဗီဇံ,ဗီဇဗီဇန္တိ ပဉ္စဝိဓဿ ဗီဇဂါမဿစေဝ ယဿ ကဿစိ နီလတိဏရုက္ခာဒိကဿ ဘူတဂါမဿစ သမာ ရမ္ဘာ၊ ဆေဒန ဘေဒန ပစနာဒိဘာဝေန ဝိကောပနာ ပဋိဝိရတောတိ အတ္ထော။ (ဋ္ဌ-၇၅)

http://www.dhammadownload.com



● (၆) က-ဝါကျ၌အာဘောဂသံဝဏ္ဏနာတို့ကို ပြည့်စုံစွာဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဗီဇဂါမဿစေဝ ဘူတဂါမဿစ သမာရမ္ဘာဖြင့် ဗီဇဂါမနှင့် ဘူတဂါမကို "ဗီဇဂါမော စ ဘူတဂါမော စာတိဗီဇဂါမဘူတဂါမာ" ဟုဒွန်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၁၊ ဗီဇဂါမဘူတဂါမနှင့်သမာရမ္ဘပုဒ်ကို "ဗီဇဂါမဘူတဂါမာနံ သမာရမ္ဘော ဗီဇဂါမ ဘူတဂါမသမာရမ္ဘော" ဟု ကမ္မဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၂ သိစေပါသည်။ (တသ္မာဟု ဝိဘာတျန်ခံ)

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။
(၂) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။

မှတ်ချက်။ ။ရှေ့ပုဒ်နောက်ပုဒ်အရကွဲရာ၌သမုစ္စည်းစ-သဒ္ဒါဖြင့် ဖွင့်လျှင် ဒွန်သမာသ်ကိုပြသည်၊အရတူရာ၌ဖွင့်လျှင် ကမ္မဓာရယ်ပြသည်။

က-ဝါကျ၌ ဝိကောပနာဖြင့် သမာရမ္ဘသဒ္ဒါသည် ဝီရိယ စသော အနက်တို့ကိုမဟော၊ ဖျက်ဆီးခြင်းဝိကောပနအနက်ကိုဟောသတည်း ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ)

မှတ်ချက်။ ။ဤအာဘောဂ်ကား ဂဏ္ဌိအာဘောဂ်တည်း။ အာရမ္ဘောဝီရိယေကမ္မေ, အာဒိကမ္မေ ဝိကောပနေ အဘိဓာန်ကိုရှု၍ ဖော်သတည်း။

တနည်း။ ။ဝိကောပနာဖြင့် သမာရမ္ဘ၌ သံရှေး အာရှေးရှိသော ရဘ-ဓာတ်သည် ဤ၌ အားထုတ်ခြင်းရဘဿအနက်ကို မဟော၊ အာရှေးရှိရကား ဖျက်ဆီးခြင်း ဝိကောပန အနက် ကို ဟောသည်၏ အဖြစ်ကိုငင်း၁,သမာရမ္ဘပုဒ်ကို "သမာရဘီယတေ သမာရမ္ဘော" ဟုဘာဝ သာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငင်း၂, ဏ-ပစ္စည်း၏ ဘာဝသာဓနနှင့် သက်သည်၏ အဖြစ်ကိုငင်း၃, အာဥပသာရ၏ဓာတွတ္ထဝိသေသက,သံဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုငင်း၄ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။
(၃) ဒုတိယပစ္စယတ္ထ။ (၄) ဥပသဂ္ဂလိင်္ဂတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ။ဤကား ရဘော ရာဘသော့ အာ ဟိသာ၀ါယမေ ဟူသော ဓာတ်ကျမ်းကိုရှု၍ဖော်သော အာဘော်တည်း။

က-၀ါကျ၌ မူလဗီဇ“လ”ပစ္စဝိဓာဖြင့် ဗီဇဂါမပုဒ်ကို “ဝိရူဟန္တိ ဝိဇာယန္တိ ဧတေဟီတိ ဗီဇာနိ, ဗီဇာနံ ဂါမော သမူဟောတိ ဗီဇဂါမော”ဟု ဝစနတ္ထပြု၍ ယင်း ဗီဇဂါမ်ငါးမျိုးကို ဗီဇဂါမ အရယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

က-၀ါကျ၌ ယသဿကာယဝိ နိဿတိဏရုက္ခာဒိကဿဖြင့် ဘူတဂါမောပုဒ်ကို“ဘဝန္တိ အဟုဝုန္တိ ဘူတာ, ဘူတာနံ ဂါမော သမူဟောတိ ဘူတဂါမော”ဟု ဇစနတ္ထပြု၍ ဘူတဂါမအရ အမှတ်မထား တပါးပါးသော စိမ်းညိုသောမြက်သစ်ပင် စသည်ကိုယူရမည်ဟု သိစေပါသည်။
(သရုပ်ကြားအဘိဓေယျတ္ထ)

က-၀ါကျ၌ ဆေဒနဘေဒနပစနာဒိဘာဝေနဖြင့် ဖျက်ဆီး၏ဟူသည် ဖြတ်ခြင်း,ခွဲခြင်း,ချက်ခြင်းစသည်ဖြင့် ဖျက်ဆီးသတည်းဟု သိစေပါသည်။
(ဘာ၀တ္ထ)

**မှတ်ချက်။** ။ဗီဇသဒ္ဒါကား ဝိပုဗ္ဗ ဇနိ ဓာတ်+ကွိပစ္စည်း, ဝိဒ္ဓိလ္လကို ဤဒီဿပြု၊ ဝကိုဗပြု၍ ဗီဇဟုပြီးသည်။

---

● (ဂ) သစ်ပင်စသည်တို့သည် စိတ်ကင်းကုန်ရကား အသက်မရှိကုန်သည်မဟုတ်လော၊ အဘယ့်ကြောင့် ဗီဇဂါမ်, ဘူတဂါမ်ကို ဖျက်ဆီးခြင်းမှ ကြဉ်မှုကို ဘုရားအလိုတော်ရှိပါသနည်း။

ဖြေ။ ။ရဟန်းတို့အား မလျောက်ပတ်သောကြောင့်ရင်း, သစ်ပင်စသည်၌မှီသော သတ္တဝါတို့ကို စောင့်ရှောက် လိုသောကြောင့်ရင်း ဗီဇဂါမ်, ဘူတဂါမ်ကိုဖျက်ဆီးခြင်းမှ ကြဉ်မှုကို အလိုရှိသတည်း။

† သမဏ . အသာရုပ္ပတော, သန္နိဿိတသတ္တာနုကမ္ပနတော စ။
(သီ-ဋီ-သစ်)

---

(က) ဧကာဘတ္တိကောတိ ပုါတရာသဘတ္တံ သာယမာသဘတ္တန္တိ ဒွေ ဘတ္တာနိ။

http://www.dhammadownload.com



(ခ) တေသု ပါတရာသဘတ္တံ အန္တောမဇ္ဈန္ဟိကေန ပရိစ္ဆိန္နံ။ ဠတရံ မဇ္ဈန္ဟိကတော ဥဒ္ဒံ အန္တောအရုဏေန။

(ဂ) တသ္မာ အန္တောမဇ္ဈန္ဟိကေ ဒသက္ခတ္တုံ ဘုဥ္ဇမာနောပိ ကောဘတ္တိကောဝ ဟောတိ။

(ဃ) တံ သန္ဓာယ ဝုတ္တံ "ကေဘတ္တိကော"တိ။ (၄၅-၇၅)

● (၂) ဃ-ဝါကျ၌ ဝုတ္တံ၏ကံပုဒ်သို့ သဒ္ဒဟေတာလင်္ကာရာ နုသန္ဓေထွက်၊ ဃ-ဝါကျကို စောဒနာတက် တက်ပါ။

ဖြေ။ ။သဒ္ဒဟေတာလင်္ကာရာနုသန္ဓေထွက်ပုံ

ဤသို့"ဝုတ္တံ"ဟူသောပါဠိဖြင့် ကမ္မိ၊ ဝါ-သကမ္မသကြိယာကို ပြဆို တော်မူပြီး၍ ယခုအခါ၌ ကမ္မိ၊ ဝါ-သကမ္မကကြိယာ၏ ကံနှင့်မကင်းသော ကြောင့်(ဟိယ်)ယင်းဝုတ္တံဟူသော ကမ္မိ၊ ဝါ-သကမ္မကကြိယာ၏ ကံကို ပြခြင်းငှာ ကောဘတ္တိကောတိ ဟူသောပုဒ်ကိုမိန့်။

မှတ်ချက်။ ။သန္ဓာယ ကြိယာ၏ ကံ,ဝုတ္တံကြိယာ၏ ကံဟု ကံနှစ် မျိုးတွင် "တံ" ကား သန္ဓာယ၏ကံတည်း။ ၎င်းကံကား သန္ဓာယဝယ် သံ+ဓာ+တွာဟူသော ဂဟတ္တားဟော ကြိယာ၌စပ်သဖြင့် အဝုတ္တ ဝိသေ သ။ ကောဘတ္တိကောတိကား ဝုတ္တံ၏ကံတည်း။ ၎င်းကံကား ဝုတ္တံဝယ် ဝစဓာတ်,တ ပစ္စည်းဟူသော ကံဟောကြိယာ၌စပ်သဖြင့် ဝုတ္တသာမည။ ကောဘတ္တိကောတိ ဟူသော အာကာရကိုင် ကံပုဒ်ပြီးသည်။ သန္ဓာယ ဝုတ္တံ, သန္ဓာယာဟံ စသည်တွေ့လျှင် ဤကံအမျိုးအစားနှင့် အာကာရကို ကံကြံပုံကို သတိပြုပါ။

ဃ-ဝါကျစောဒနာတက်ပုံ

ဆရာ၊ဆရာညော် ခ-ဝါကျ၌ ဆိုအပ်ပြီးသော အကြောင်းကြောင့် မှန်းကည့်ရာ၌ သင်္ကြိမ်ပင်စားသော်လည်း ကောဘတ္တိကသော်လျှင် ဖြစ်၏ဟု ဆိုတော်မူ၏။ ဓနဘယ်ဘက်ကိုရည်၍ ကောဘတ္တိကဟု ဆိုအပ်ပါ သနည်း။ သာယမာသဘတ်ကိုပင်ရည်၍ ကောဘတ္တိကဟုဆိုအပ်ပါသလော။ အကယ်၍ သန္ဓာယဘာသိတကတ်ကို မပြဆိုသော် သမျှအား အလွန်ပြန်နှံ့ ခြင်းအတတ်ဗျာပိတယေ ယရောက်ရာ၏ဟု စောဒနာဖွယ် ရှိသောကြောင့် ဃ-ဝါကျကိုမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား။** ။ဃ-ဝါကျဖြင့် ပါတရာသဘတ်ကို ရည်၍ ကောဘတ္တကဟု ဆိုအပ်၏ဟု သန္ဓာယဘာသိတကို ငါပြဆိုရကား သင်တင်တိုင်းသော အတိဗျာပိတဒေါသ ငါ့အားမရောက် ဆိုတန်၏ဟူလိုသောဝ်။

*. သန္ဓာယဝုတ္တံ၊ ပုဒ်နှစ်တန်၏၊ ကံမှုကွဲပြား၊ အထူးအားဖြင့်၊ သန္ဓာယကံကား အဝုတ္တ။ ဝုတ္တံကံကား ဝုတ္တ။ သန္ဓာယကံကား ဝိသေသ၊ဝုတ္တံကံကား သာမညတည်း။ (ဘုရားကြီး)

● (၃) ၁-ဂ-ဝါကျတို့ကိုရှု၍ စောဒကာဘောဂဒါ စတုက္ကထုတ်ပါ။

ဖြေ။ ။ **စတုက္ကထုတ်ပုံ**

နနု အဋ္ဌော မဏ္ဍိကေ ဒသကုဋ္ဌို ဘူဋ္ဌမာနေ။ (စော+ဘော)

အထ ကသ္မာ ကောဘတ္တိကောတိ ဝုတ္တံ။ (စော)

နနု ပါတရာသဘတ္တံ အဋ္ဌော မဏ္ဍိကေန ပရိစ္ဆိန္နံ။ (ပရိ+ဘော)

(တသ္မာ) ကောဘတ္တိကောတိ ဝုတ္တံ။ (ပရိ)

● (၄) ကောဘတ္တိကောသဒ္ဒါကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။"ကော် ဘတ္တံ ကောဘတ္တံ"(အစိတ်)"ကောဘတ္တံ အဿ အတ္ထီတိ ကောဘတ္တိကော" (အပေါင်း) (အဿ သမဏဿ ဂေါတမဿ၊အား။ ကောဘတ္တံ၊ တထပ်ထည်းသာ စားအပ်သော ထမင်းသည်။ အတ္ထိ၊၏။ဣတိ-ကောဘတ္တိကော။ အပေါင်းဝိဂ္ဂဟအနက်)

**ဝစနာဒိဆက္က**။ ။တတပ်ထည်းသာ စားအပ်သော ထမင်း၏ သမဏဂေါတမဖြစ်နှင့် အာရုံ,အာရမ္မဏိကအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် **ဝစနဟေတု** မည်၏။ ရဟန်းဂေါတမဖြစ်သည် **ဝစနီယ** မည်၏။ ကောဘိက္ခိကော, ကောဘတ္တဝါစသောပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ**မည်၏။

ဝိဂ္ဂဟမှတ်ဘွယ်များ

**ပါတရာသဘတ္တံ**။ ။"ပါတော အသိတဗ္ဗန္တိ ပါတရာသံ။ ပါတရာသံ ဘတ္တံ ပါတရာသဘတ္တံ"(ပါတ+အာသ။ ရအာဂုံလာ၍ ပါတရာသဟုပြီးသည်။ ဝဏ္ဏာဂမနိဒ္ဒေသ။)

**သာယမာသ**။ ။"သာယံ အသိတဗ္ဗန္တိ သာယမာသံ"။

http://www.dhammadownload.com



● (၅) သာသနဿ အနန္တုလောမတ္တာ ဝိသုကံ ပဋ္ဌာဏိဘူတံ ဒဿနန္တိ ဝိသုကဒဿနံ၌ အနန္တုလောမတ္တာဟိတ်၏ သမ္ဗန်ကို ဖော်ပြပါ။

ဖြေ။ ။အနန္တုလောမတ္တာဟိတ်၏ သမ္ဗန်ကား နစ္စာဒီနံဒဿနံသာ တည်း။ (ကတ္တားသမ္ဗန်စပ်,ပစ္စယတ္ထကား ဘာဝတ္ထတည်း။)

† နစ္စာဒီနံ ဒဿနံ နာနုလောမေတီတိ အာဟ "သာသနဿ အနန္တုလောမတ္တာ"တိ။ (ဋီ-သစ်)

---

● (၆) ၅-နံပါတ်ပါ ဝါကျ၌ရသင့်သော အာဘောဂသံဝဏ္ဏနာတို့ကိုဖော်ပြပါ။

ဖြေ။ ။၅-နံပါတ်ပါ သာသနဿ စသော ဝါကျ၌ ဝိသုကံ ဒဿနံဖြင့် ဝိသုကနှင့် ဒဿနံကို "ဝိသုကဉ္စ တံ ဒဿနဉ္စာတိ ဝိသုကဒဿနံ"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း¹, ပဋ္ဌာဏိဘူတံဖြင့် "ဝိသုစတိသာသနံ ဝိဇ္ဈတိအနုလောမိကဘာဝေနာတိ ဝိသုကံ" ဟူသော ဝစနတ္ထနှင့်အညီ ကခြင်းစသည်တို့သည် သာသနာတော်ကို ထိုးကျင့်၏။ ယင်းသို့ထိုးကျင့်၏ဟူသည် ငြောင့်တံကျင် ထိုးကျင့်သကဲ့သို့ ထိုးကျင့်သတည်းဟူသော အဓိပ္ပါယ်ကိုရင်း², ဝဒန္တိဆရာတို့အလို ပဋ္ဌာဏိဘူတံဖြင့် ဝိသုကသဒ္ဒါ၏ ပဋ္ဌာဏိဘူတအနက်ဟော၏အဖြစ်ကိုရင်း³ သိစေပါသည်။

(၁) ဝိဂ္ဂဟပြုအဘိဓာနတ္ထ, သမာသလိင်ပဒ, သမာသလိင်တ္ထ။
(၂) ဘာဝတ္ထ။ (၃) နာမလိင်တ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ။

၅-နံပါတ်ပါ သာသနဿ အနန္တုလောမတ္တာဖြင့် ကခြင်း, သီခြင်းစသည်ကို ကြည့်ရှုနားထောင်ခြင်းသည် ငြောင့်တံကျင်ကဲ့သို့ဖြစ်၏ ဟူသည် ယင်းကြည့်ရှုနားထောင်ခြင်း၏ သာသနာတော်အား မလျော်သော ကြောင့် ငြောင့်တံကျင်ကဲ့သို့ဖြစ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

---

● (၇) ၁-ဝါကျ၌ အန္တောမဇ္ဈန္ဟိကေန ၌ မဇ္ဈန္ဟသဒ္ဒါ၏ နိရုတ္တိနည်းကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။မဇ္ဈနှကား မဇ္ဈ+အဟဟူလိုလျက် အဟာသဒ္ဒါတို့အနှ ပြုခြင်း ဝဏ္ဏဝိကာရဖြင့် မဇ္ဈနှဟုပြီးပါသည်။

မှတ်ချက်။ ။မေးခွန်း၌မဇ္ဈတ္တသဒ္ဒါဟုမေးလျှင် အတ္တပြုသည်။ ပြောင်းလွဲဖြေပါ။ ရုပ်ပြီးပြရာသူစိ၌ အတ္တပြုဟုဆိုသည်။ သို့သော် အဘိ ဓာန်ဋီကာ,မောဂ္ဂလာန်တို့၌မူ အနှပြု၍ ရုပ်ပြီးသဖြင့် ယင်းတို့သို့လိုက်၍ ဖြေသည်"အဟဿ မဇ္ဈော မဇ္ဈနှော"အဟဿ၊နေ့၏။ မဇ္ဈော၊အလယ် တည်းဟုအနက်,ဝိဂ္ဂဟတို့ကိုမှတ်ပါ။

---

(က) ရတ္တိယာ ဘောဇနံ ရတ္တိ၊ တတော ဥပရတောတိ ရတ္တူ ပရတော။

(ခ) အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝသူရိယတ္ထင်္ဂမနာ ဘောဇနံ ဝိကာလဘောဇနံ နာမ၊ တတော ဝိရတတ္တာ ဝိရတော ဝိကာလဘောဇနာ။ (၄၅-၇၅)

● (၆) က-ခ-ဝါကျတို့၌ အာတော် သံဝဏ္ဏနာကို ရေးပါ။

ဖြေ။ ။က-ဝါကျ၌ ရတ္တိယာဘောဇနံဖြင့် ရတ္တူပရတော၌ရတ္တိ ပုဒ်ကို"ရတ္တိယာ ဘောဇနံရတ္တိ"ဟု ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁,ဝါ–ဘောဇနတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၂,ဏာ ပစ္စည်း၏ ယင်းဘောဇနတဒ္ဓိတ်၌ သက်သည်၏အဖြစ် ကိုရင်း၃ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။

(၂) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။ (၃) ပစ္စယတ္ထ။

က-ဝါကျ၌ တတော ဥပရတောဖြင့် ရတ္တူပရတောပုဒ်ကို"ရတ္တိ တော ဥပရတော ရတ္တူပရတော "ဟု ပဉ္စမီတပ္ပုရိသ် ဝစနတ္ထပြုရ မည်ဟု သိစေပါသည်။

(ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။)

ခ-ဝါကျ၌ အတိက္ကန္တေ မဇ္ဈန္ဟိကေ ဘောဇနံဖြင့် ဝိကာလနှင့် ဘောဇနံကို"ဝိကာလေ ဘောဇနံ ဝိကာလဘောဇနံ"ဟုသတ္တမီတပ္ပုရိသ်

http://www.dhammadownload.com



သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း[၁], ယာဝသူရိယတ္ထင်္ဂမနာ ဘောဇနံ ဖြင့် ဘောဇနံပုဒ်ကို"ဘုဥ္ဇိယတေ ဘောဇနံ"ဟု ဘာဝသာဓနဝစနတ္ထပြုရ မည်၏ အဖြစ်ကိုငင်း[၂], ယုပစ္စည်း၏ဘာဝသာဓနေ၌သက်သည်၏ အဖြစ်ကို ငင်း[၃], ဘောဇန သဒ္ဒါ၏ အဇ္ဈောဟာရဏအနက်ကို ဟောသည်၏ အဖြစ်ကို ငင်း[၄], အတိက္ကန္တေမဇ္ဈန္ဟိကေ ယာဝသူရိယတ္ထင်္ဂမနာဖြင့် ရတ္တူပရတောဖြင့် ညဥ့်၌စားခြင်းကိုယူပြီးသဖြင့် ပါရိသေသနည်းဖြင့် ဝိကာလအရ မွန်းတည့် လွန်သည်မှ နေဝင်သည်တိုင်အောင်သော အပရဏှကာလကို ယူရမည်၏ အဖြစ်ကိုငင်း[၅]သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

(၂) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄)နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။ (၅) သရုပ်ကြားအဘိဓေယျတ္ထ။

တနည်း။ ။"ဒဟန္တော လာတီတိ ဒင္ဆံ" ဟူသော ဝစနတ္ထအလို ဒဟ သဒ္ဒူပပဒ လာ ဓာတ်+အ-ပစ္စည်း၊ ဟ,နှင့် လ,ကို ရှေ့နောက်ပြန်ခြင်း ဝဏ္ဏဝိပရိယာယဖြင့် ဒင္ဆဟုပြီးပါသည်။ (လဋ္ဌာန မဝိသေသောဟူသော ပရိဘာသာနှင့်အညီ လနှင့် ဋ္ဌ မထူးရကား လ-ကို ဋ္ဌ-ပြုဟု ဆိုဘွယ်မရှိပြီ။

အာသီဝိသောကား အာသုဝိသဟူလိုလျက် သု-၌ ဥ-ကို ဤ-ပြု ခြင်း ဝဏ္ဏဝိကာရဖြင့် အာသီဝိသဟု ပြီးပါသည်။

† ဥဿိ ဗျဉ္ဇနေ။ (နီတိ)

---

● (၈) ဥဘယမ္ဗိဝါ၌ ဥဘယံအရ အဘယ်တရားတို့ကို ယူသင့်ပါသနည်း၊ အကြောင်းပြ၍ ဝိနိစ္ဆယချခဲ့ပါ။

ဖြေ။ ။ဥဘယံအရ ရာဂနှင့် ဒေါသနှစ်ပါးကို ယူရပါမည်။ အကြောင်းကား ရာဂနှင့်ဆန္ဒ, ဒေါသနှင့် ပဋိဃ သဒ္ဒါကွဲသော်လည်း

http://www.dhammadownload.com



အရမကွဲပြား မခြားနားသောကြောင့် ရာဂနှင့် ဒေါသနှစ်ပါးကို ယူရပါမည်။

† ဥဘယမ္ပိတိစ အတ္တတော ဝုတ္တံ၊ န သဒ္ဒတော စတုန္နမ္ပိ သဒ္ဒါနံ အတ္ထဒ္ဒယဝါစကတ္တာ။ (ဋီ-သီ-သစ်)

---

(က) ပဏ္ဍိတာတိ ပဏ္ဍိစ္စေန သမန္နာဂတာ။

(ခ) နိပုဏာတိ သဏှသုခုမဗုဒ္ဓိနော သုခုမံ အတ္ထန္တရံ ပဋိဝိဇ္ဈန သမတ္ထာ။

(ဂ) ကတပရပ္ပဝါဒါတိ ဝိညာတပရပ္ပဝါဒါ စေဝ ပရေဟိ သဒ္ဓိံ ကတဝါဒပရိစယာစ။

(ဃ) ဝါလဝေဓိရူပါတိ ဝါလဝေဓိဓနုဂ္ဂဟာသဒိသာ။(ဋ္ဌ-၁၀၈)

● (ဇ) က-ခ-ဂ-ဃ-ဝါကျတို့၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ပဏ္ဍိစ္စေန သမန္နာဂတာဖြင့် ပဏ္ဍာပုဒ်ကို "ပဉ္စတိ သဘာဝမဗ္ဗေ ဇာနာတိ, ယထာသဘာဝံ ဝါ ဂစ္ဆတီတိ ပဏ္ဍာ" ဟု ဝစနတ္ထပြု၍ ပဏ္ဍာအရ ပညာကို ယူရမည်၏ အဖြစ်ကိုရှင်း°, ပဏ္ဍိတာပုဒ်ကို "ပဏ္ဍာ ဧတေသံ အတ္ထီတိ ပဏ္ဍိတာ" ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း၊, ဣက-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရှင်း፣ သိစေပါသည်။

(၁) သရုပ်ကြားအဘိဓေယျတ္ထ။ (၂) ဝိဂ္ဂဟ်ပြ အဘိဓာနတ္ထ။ (၃) ပစ္စယတ္ထ။

မှတ်ချက်။ ။ဣက-ပစ္စည်း၌ ဣ-ကို တ-ပြု၍ ပြီးသည်ဟု ကြံပါ။ နိသျှဟောင်း၌ တ-ပစ္စည်းဟုလည်း ဆိုသေးသည်။

ခ-ဝါကျ၌ သဏှသုခုမဗုဒ္ဓိနောဖြင့် နိပုဏသဒ္ဒါ၏ သဏှ, သုခုမ အနက်ကိုဟောသည်၏ အဖြစ်ကိုရှင်း°, နိပုဏပညာအရ ကံကြောင့် ဖြစ်သော ပဋိသန္ဓေပညာဟု ဆိုအပ်သော သဘာဝိကဉာဏ်ကို ယူရမည်၏ အဖြစ်ကိုရှင်း၊ သိစေပါသည်။

http://www.dhammadownload.com



(၁) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။ (၂) သရုပ်ကြား အဘိဓေယျတ္ထ။

ခ-ဝါကျ၌ သုခုမံ အတ္တန္တရံ ပဋိဝိဇ္ဈနသမတ္ထာဖြင့် နူးညံ့သိမ်မွေ့သောဝတ္ထုကဲ့သို့ နူးညံ့သည်ကို သဏှသုခုမဆိုသည်မဟုတ်။ အာရုံဖြစ်သော အတ္တန္တရ၏ သဏှသုခုမဖြစ်သောကြောင့် အာရမ္မဏိက ဖြစ်သောပညာသည် သဏှသုခုမဖြစ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ဝိညာတပရပ္ပဝါဒါဖြင့် ကတာသဒ္ဒါ၏ကြိယာ သာမညကို ဟောသည်၏ အဖြစ်ကြောင့် ကတဝိဇ္ဇော စသောပြယုဂ်တို့၌ကဲ့သို့ ဉာဏာနုယုတ္တက (ဉာဏ်နှင့်ယှဉ်သောပုဂ္ဂိုလ်ခြင်း) ဝါ-သိခြင်း (ဝိညာတ) အနက်ကိုဟောသတည်းဟု သိစေပါသည်။

(နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။)

ဂ-ဝါကျ၌ ကတဝါဒပရိစယာဖြင့်ကတာသိပ္ပေါစသည်တို့၌ ကဲ့သို့ လေ့လာပြီးသောဝါဒရှိသည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ စ-သဒ္ဒါနှစ်လုံးဖြင့် ကတာပရပ္ပဝါဒါ၌ ကတာသဒ္ဒါ၏ သာမညနိဒ္ဒေသ၊ ဝါ-ကေဿ၏အဖြစ်ကို သိစေပါသည်။

(ဘာဝတ္ထ။ ဝါ-တဒ္ဓိတလိင်္ဂပဒ။)

ဃ-ဝါကျ၌ ဝါလဝေဓိနေရ္ဂဟ သဒိသာဖြင့် ဝါလဝေဓိအရ သားမြီးဖျားကို အစိတ်တစ်ရာကွဲအောင်ပင်နိုင်သော လေးသမားကို ယူရမည်ကိုငင်း၁, ဝါလဝေဓိရူပါပုဒ်ကို "ဝါလဝေဓိနံ ရူပံ သဘာဝေါဝိယ ရူပံ ဧတေသန္တိ ဝါလဝေဓိရူပါ" ဟု ဥပမာနုတ္တရ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၂ သိစေပါသည်။

(၁) သရုပ်ကြား အဘိဓေယျတ္ထ။ (၂) ဝိဂ္ဂဟပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။

---

(က) န သမ္ဘာဝေယျန္တိ နသမ္ဘာဝေယျ၊ သမ္ဘာဝေတွာ ကထေတုံ န သက္ကုဏေယျန္တိ အတ္ထော။

(ခ) မန္တေ့ာတိ မန္တပညော၊ ဒေ့ပညာသောဝေတံ နာမံ။

http://www.dhammadownload.com



(ဂ) မောဟမူဟောတိ အတိသမ္မူဠှော။
(ဃ) တထာဂတောတိအာဒီသု သတ္တော တထာဂတောတိ အဓိပ္ပေတော။ (ဋ္ဌ-၁၀၈)

● (၆) က-ခ-ဂ-ဃ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က—ဝါကျ၌ န သမ္ပာဒေယျံဖြင့် န သမ္ပာယေယျံထား ဒ-အက္ခရာကိုယ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိဖြင့် ပြီးသတည်းဟု သိစေပါ သည်။ (ဘာဝတ္ထ၊ ဝါ-ခာတုပဒ)

က-ဝါကျ၌ သမ္ပာဒေတ္ဗာ ကထေတုံ န သက္ကုဏေယျန္တိ အတ္ထော ဖြင့် နသမ္ပာယေယျံ၌ ယေျ-ဝိဘတ်၏ သာမတ္ထိယအနက်ကိုဟောသည်၏ အဖြစ်ကိုရင်း*, နသမ္ပာယေယျံ ဟူသည် ပြည့်စုံစေ၍ ဖြေဆိုခြင်းငှါ မစွမ်း နိုင်ရာ(ဟူသော အဓိပ္ပါယ်ကိုရင်း၂ သိစေပါသည်။
(၁) ဒုတိယဝိဘတျတ္ထ။ (၂) ဘာဝတ္ထ။

† န သမ္ပာယေယျန္တိ တွေ ဒကာရဿ ယကာရာဒေသတံ ယေျသဒ္ဒဿစ သာမတ္ထိယတ္ထတံ ဒဿေတုံ "နသမ္ပာ-ဒေယျ"န္တိ အာဒိ ဝုတ္တံ။ (သိ-ဋီ-သစ်)

ခ-ဝါကျ၌ မန္ဒပညောဖြင့် မန္ဒောပုဒ်ကို "မန္ဒာ အတိက္ခာ ပညာ ယဿာတိ မန္ဒော" ဟု ဥတ္တရပဒလောပဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည် ဟု သိစေပါသည်။
(ဗိဂ္ဂိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။)

ခ-ဝါကျ၌ အပညဿဝေတံ နာမံဖြင့်မန္ဒောအရ အပညပုဂ္ဂိုလ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

ဂ-ဝါကျ၌ အတိသမ္မူဠှောဖြင့် မောဟမူဟ ဆိုလိုလျက် ဟ, အက္ခ ရာကိုချေ၍ မောမူဟ ဟု ပြီးသည်၏ အဖြစ်ကိုရင်း*, "ပရိယာယ်နှစ်ချက် ဆင့်က အနက်မြင့်ထွက်မြဲ" ဟူသော ပရိဘာသာနှင့်အညီ ပဒဋ္ဌာနံ, ဇဝန တိက္ခာတို့ကဲ့သို့ မောမူဟသဒ္ဒါ၏ အတိသမ္မူဠှအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။
(၁) ဘာဝတ္ထ။ (၂) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ၌ သတ္တော တထာဂတောတိ အဓိပ္ပေဟောဖြင့် ကထာ ဂတအရ ဤ၌ ဘုရားကို အလိုမရှိအပ်၊ သတ္တဝါကို အလိုရှိအပ်သတည်း¹၊ ဝါ-တထာဂတသဒ္ဒါသည် ဇိန အနက်ကို မဟော၊ သတ္တဝါအနက်ကို ဟောသတည်း²ဟု သိစေပါသည်။

(၁) အဓိပ္ပေတတ္ထ။ (၂) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။

မှတ်ချက်။ ။ရှေး၌ ကံကြောင့် ကံဖြင့် လာသကဲ့သို့ ဤ၌လည်း ကံကြောင့် ကံဖြင့်လာသောကြောင့် သတ္တဝါကို တထာဂတဟု ဆိုသည်။

---

(က) အဓိစ္စသမုပ္ပန္နော အတ္တာစ လောကောစာတိ ဒဿနံ အဓိစ္စသမုပ္ပန္နံ။
(ခ) တံ ဧတေသံ အတ္ထီတိ အဓိစ္စသမုပ္ပန္နိကာ။
(ဂ) အဓိစ္စသမုပ္ပန္နတ္ထိ အကာရဏသမုပ္ပန္နံ။
(ဃ) သန္တတာယာတိ သန္တဘာဝါယ။ (ဋ္ဌ-၁၀၇-၁၀၉)

● (၆) က-ခ-ဂ-ဃ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျဖြင့် အတ္တသည်ရင်း, လောကသည်ရင်း အကြောင်းကင်း၍ ဖြစ်၏ဟူသော အယူသည် အဓိစ္စသမုပ္ပန္နမည်၏ဟူသော အဓိပ္ပါယ်ကိုရင်း¹, ဌာနနိဿယ ဖြစ်သော အတ္တလောက၏ အကြောင်း ကင်း၍ ဖြစ်ခြင်း အဓိစ္စသမုပ္ပန္န အမည်ကို ဌာနီနိဿိတ မိစ္ဆာအယူ၌ တင်စား၍ မဉ္စာ ဃောသန္တိကဲ့သို့ အဓိစ္စသမုပ္ပန္န ခေါ်သည်၏ အဖြစ်ကို ရင်း², ယင်းမိစ္ဆာအယူ၏ အတ္တလောကဟူသော ခန္ဓာနှင့်တကွ ဖြစ်သော ကြောင့် သဟာစရဏအားဖြင့် ယင်းမိစ္ဆာအယူကို အဓိစ္စသမုပ္ပန္န ခေါ်သည် ၏အဖြစ်ကိုရင်း သိစေပါသည်။

(၁)·(၂) (၃) ဘာဝတ္ထ။

† အစ္စယ ယံကိဉ္စိ ကာရဏံ သမုပ္ပန္နောတိ အဓိစ္စသမုပ္ပန္နော။
(ဂဏ္ဌိ)

F.55 B

http://www.dhammadownload.com



တနည်း။ ။က-ဝါကျဖြင့် ရူပဿ ဘဝေါ ရူပကဲ့သို့ "အစိစ္စ သမုပ္ပန္နော်တိဒဿနံ အစိစ္စသမုပ္ပန္နံ" ဟု ဥတ္တရပဒလောပ သမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။

(ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။)

ခ-ဝါကျ၌ တံ ဧတေသံ အတ္ထိဖြင့် အစိစ္စသမုပ္ပန္နိကာပုဒ်ကို "အစိစ္စ သမုပ္ပန္နံ ဧတေသံ အတ္ထိဟိ အစိစ္စသမုပ္ပန္နိကာ" ဟု အဿတ္ထိတဒ္ဓိတ် ဝစ နတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, ဣက-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ဂ-ဝါကျ၌ အာဘော် သံဝဏ္ဏနာကို က-ဝါကျ အာဘော်သံဝဏ္ဏနာအတိုင်း ဖော်ပါ။

ဃ-ဝါကျ၌ သန္တဘာဝါယဖြင့် သန္တတာယ ပုဒ်ကို "သန္တဿ ဘာဝေါ သန္တတာ" (တာယသန္တတာယ)ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, တာ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

မှတ်ချက်။ ။အပရန္တကပ္ပိကာအဖွင့်၌ အာဘော် သံဝဏ္ဏနာတို့ကို ပုဗ္ဗန္တကပ္ပိကာအဖွင့်၌ကဲ့သို့ ဖော်ပါ။

---

(က) ဥဒ္ဓမာဃာတနိကာတိ. အာဃာတနံဝုစ္စတိ မရဏံ။

(ခ) ဥဒ္ဓမာဃာတနာ အတ္တာနံ ဝဒန္တီတိ ဥဒ္ဓမာဃာတနိကာ။

(ဂ) သညီတိ ပဝတ္တော ဝါဒေါ သညီဝါဒေါ၊သော ဧတေသံ အတ္ထီတိ သညီဝါဒါ။

(ဃ) အရောဂေါတိ နိစ္စော။သတောတိ ဝိဇ္ဇမာနဿ။(ဋ-၁၀၉)

● (၆) က-ခ ဂ-ဃ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာ တို့ကို ဖော်ပြပါ။

က-ဝါကျ၌ မရဏံဖြင့် အာဃာတန-သဒ္ဒါသည် မရဏအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ. သဒ္ဒတ္ထ, အဘိဓေယျတ္ထ)

http://www.dhammadownload.com



ခ-ဝါကျ၌ ဥဒ္ဓမာဃာတနာ အတ္တာနံ ပဒန္တိဖြင့် သေသည်မှ အထက်၌ ဖောက်ပြန်ခြင်းမရှိဟု အယူရှိကုန်သောသူတို့တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** ။ဥဒ္ဓမာဃာတနိကာ ပုဒ်ကို "ဥဒ္ဓမာဃာတနန္တိ ပဝတ္တော ဝါဒေါ ဥဒ္ဓမာဃာတနော"။ "သော ဧတေသမတ္ထီတိ ဥဒ္ဓမာဃာတနိကာ"ဟု ဂဏ္ဌိဝစနတ္ထပြု၏။ နိသျှဟောင်း၌ကား ဝဂန္တိ တဒ္ဓိတ်ဟူ၏။ ယင်းကိုမသင့်ဟု ဂဏ္ဌိ ပယ်သည်။ အဋ္ဌကထာ၌ သဒ္ဒနည်းမပြဟု ဋီကာဆိုသဖြင့် ဘာဝတ္ထမျှသာဖော်ခဲ့သည်။

ဂ-ဝါကျ၌ သညီတိ ပဝတ္တော ဝါဒေါဖြင့် သညီဝါဒပုဒ်ကိုယင်းကဲ့သို့သမ္ဗာဓနောကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။

(ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ, သမာသလိင်ပဒ, သမာသလိင်တ္ထ။)

ဃ-ဝါကျ၌ သော ဧတေသံ အတ္ထိဖြင့်"သညီဝါဒေါ ဧတေသံ အတ္ထီတိသညီဝါဒါ" ဟု အဿတ္ထိကတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုင်း¹, ဏ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုင်း² သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြုအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ဃ-ဝါကျ၌ နိစ္စေ ဖြင့် အရောဂ သဒ္ဒါသည် နိစ္စပရိယာယ်တည်းဟုသိစေပါသည်။ (ပရိယာယ်ပြုအဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ဝိဇ္ဇမာနဿဖြင့် သန္တ သဒ္ဒါ၏ ဝိဇ္ဇမာန အနက်ကို ဟောသည်၏အဖြစ်ကိုင်း¹, သတော၌ တ-သဒ္ဒါ၏ သ-ဝိဘတ်နှင့်တကွသော န္တသဒ္ဒါ၏ကာရိယ၏အဖြစ်ကိုင်း²သိစေပါသည်။

(၁) နာမလိင်တ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ။ (၂) ဝိဘတ္တိပဒ။

**မှတ်ချက်။** ။ဥစ္ဆေဒ,ဝိနာသ,ဝိဘဝတို့၌ အာဘော် သံဝဏ္ဏနာ ရေးခဲ့ပြီ။

---

(က) ရူပီတိ ရူပဝါ။ စာတုမဟာဘူတိကောတိ စတုမဟာဘူတမယော။

http://www.dhammadownload.com



(ခ) မာတာပိတူနံ စေသန္တိ မာတာပေတ္တိကံ။ ကိ တံ၊ သုက္က သောဏိတံ။

(ဂ) မာတာပေတ္တိကေ သမ္ဘူတော ဇာတောတိ မာတာပေတ္တိက သမ္ဘဝေါ။

(ဃ) ကုဏ္ဍေကေတိ ကုဏ္ဍံ ဧကော၊ ဝေမေကောတိအတ္ထော။

(င) ဒိဗ္ဗောတိ ဒေဝလောကေ သမ္ဘူတော။ (ဋ-၁၁၀-၁၁၁)

● (၆) က-မှ င-တိုင်အောင်သောဝါကျတို့၌အာဘော်သံဝဏ္ဏနာတို့ကိုဖော်ပြပါ။

က-ဝါကျ၌ ရူပဝါဖြင့် ရူပိပုဒ်ကို "ရူပံ အဿ အတ္ထီတိ ရူပီ" ဟု အဿတ္ထိ တဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဤ-ပစ္စည်းသည် ကုဏ္ဍိုလိင်ဇောတကမဟုတ်၊ အဿတ္ထိ တဒ္ဓိတ်၌ သက်သော ဤ-ပစ္စည်း၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

* သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဝန္တုပစ္စည်းနှင့် ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ။ (သာစ်)

က-ဝါကျ၌ စတုမဟာဘူတမယောဖြင့် စာတုမဟာဘူတိကော ပုဒ်ကို "စတုမဟာဘူတေန နိဗ္ဗတ္တော စာတုမဟာဘူတိကော" ဟု နိဗ္ဗတ္တ တဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ ဏိက-ပစ္စည်း၏ နိဗ္ဗတ္တ တဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ခ-ဝါကျ၌ မာတာပိတူနံ တော်ဖြင့် မာတာပေတ္တိကံပုဒ်ကို "မာတာပိတူနံ သန္တကံ မာတာပေတ္တိကံ" ဟု သန္တက တဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဏိက-ပစ္စည်း၏ သန္တက တဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ခ-ဝါကျ၌ သုက္ကသောဏိတံဖြင့် မာတာပေတ္တိကအရ မိဘတို့၏ သုက်သွေးကိုယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

http://www.dhammadownload.com



ဂ-ဝါကျ၌ မာတာပေတ္တိကေ သမ္ဗုတောဖြင့် "မာတာပေတ္တိကေ သမ္ဘဝေါ သမ္ဗုတောတိ မာတာပေတ္တိကသမ္ဘဝေါ" ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊ သမ္ဘဝ-သဒ္ဒါ၏သမ္ဗုတအနက်ကို ဟောသည်၏အဖြစ်ကိုင်း၊ ဇာတောဖြင့် သမ္ဗုတသဒ္ဒါ၏ ဇာတအနက်ကို [ဟော]သည်၏အဖြစ်ကိုင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ။
(၂) (၃) နာမလိင်္ဂတ္ထ,သဒ္ဒတ္ထ, အဘိဓေယျတ္ထ။

ဃ-ဝါကျ၌ ဣတ္ထံ ဧကေဖြင့် ဣတ္ထေကေပုဒ်ကို ဣတ္ထိ ဧကေ ဟု ပဒစ္ဆေဒမပြုရ၊ ဣတ္ထံ ဧကေ ဟု ပဒစ္ဆေဒပြုရမည်ဟု သိစေပါသည်။
(သန္ဓိလိင်္ဂပဒ)

ဃ-ဝါကျ၌ ဝေမေကေတိအတ္ထောဖြင့် ဣတ္ထံပုဒ်ကို "ဣမိနာပကာရေန ဣတ္ထံ"ဟု ပကာရ ဘာဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊ ထံ-ပစ္စည်း၏ပကာရတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

† ဣမိနာ ပကာရေန ဣတ္ထန္တိ အာဟ "ဝေမေကေ" တိ။
(သီ-ဋီ-သစ်)

င-ဝါကျ၌ ဒေဝလောကေ သမ္ဗုတောဖြင့် ဒိဝ-သဒ္ဒါဒေဝလောကအနက်ကိုဟောသည်၏အဖြစ်ကိုင်း၊ "ဒိဝိ ဘဝေါ ဒိဗ္ဗော"ဟု ဘဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၊ ဏ-ပစ္စည်း၏ ဘဝတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုင်း၊ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ,အဘိဓေယျတ္ထ။ (၂) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။ (၃) ပစ္စယတ္ထ။

မှတ်ချက်။ ။ကာမာဝစရေမှ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ တိုင်အောင်သော အဖွင့်တို့၌ အာဘော် စသည် ရှေးနည်းမှီး၍ သိတန်သဖြင့် ချန်လှပ်ခဲ့သည်။

---

(က) ပဉ္စဟိကာမဂုဏေဟီတိ နော၀ိယရူပါဒီဟိ ပဉ္စတိ ကာမကောဋ္ဌာသေဟိ၊ ဗန္ဓနေဟိဝါ။

http://www.dhammadownload.com



(ခ) သမပ္ပိတောတိ သုဋ္ဌု အပ္ပိတော အလ္လီနော ဟုတွာ။
(ဂ) မရိစာရေတီတိ တေသု ကာမဂုဏေသု ယထာသုခံ ဣန္ဒြိယာနိ စာရေတိ သဥ္စာရေတိ ဣတော စိတော စ ဥပနေတိ။
(ဃ) အထဝါ လဠတိ ရမတိ ကီဠတိ။ (ဋ္ဌ-၁၁၁)

● (၆) က-ခ-ဂ-ဃ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာ တို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ မနာပိယရူပါဒီဟိဖြင့် ကာမ- ပုဒ်ကို "ကာမိယန္တီတိ ကာမာ"ဟု ဝစနတ္ထပြု၍ ကာမအရ မနာပိယဖြစ်သော ရူပါရုံ,သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံတို့ကို ယူရမည်ဟု သိစေပါသည်။
(သရုပ်ကြွားအဘိဓေယျတ္ထ)

က-ဝါကျ၌ ကာမကောဋ္ဌာသေဟိဖြင့် ဂုဏ-သဒ္ဒါသည် ပဋလ, အာနိသံသ, အပဒါန စသော အနက်ကိုမဟော၊ ရာသိ (ကောဋ္ဌာသ) အနက်ကိုဟောသတည်းဟု သိစေပါသည်။

(နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။)

က-ဝါကျ၌ ဗန္ဓနေဟိဝါ-ဖြင့် ဂုဏ သဒ္ဒါသည် တနည်းအားဖြင့် ပဋလ,အာနိသံသ,အပဒါန စသောအနက်ကိုမဟော၊ ဗန္ဓနအနက်ကိုဟောသတည်းဟု သိစေပါသည်။ (သံဝဏ္ဏနာ ရှေးနည်းတူပင်)

ခ-ဝါကျ၌ သုဋ္ဌု အပ္ပိတောဖြင့် သမပ္ပိတောပုဒ်ကို သံ အပ္ပိတော ဟု ပဒစ္ဆေဒပြုမှုမည်၏ အဖြစ်ကိုရင်း[၁], သံ-သဒ္ဒါ၏ သုဋ္ဌု အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) သန္ဓိလိင်္ဂပဒ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

ခ-ဝါကျ၌ အလ္လီနော ဟုတွာဖြင့် ကောင်းစွာထားခြင်း(သမပ္ပိတ)ဟူသည် ကပ်ငြိခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုရင်း[၁], သမပ္ပိတော၌ သိ-ဝိဘတ်၏ ပဌမတ္ထ၏ အဖြစ်ကိုရင်း[၂], ယင်းပုဒ်ကို ဟုတွာဟူသော ပါဌ်သေသည့် စပ်ရမည်၏ အဖြစ်ကိုရင်း[၃]၊ ဝါ-သမပ္ပိတော၌ သိ ဝိဘတ်၏ ကြိယာ ဝိသေသနတ္ထ၏အဖြစ်ကိုရင်း[၄] သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) ဝိဘတျတ္ထ။ (၃) သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။
(၄) ဝိဘတျတ္ထ။

http://www.dhammadownload.com



ဂ-ဝ ါကျ၌ ဣန္ဒြိယာနိ စာရေတိ သဋ္ဌာရေတိဖြင့် စာရေတိ၏ သဋ္ဌာရေတိ၏ပရိယာယ်၏ အဖြစ်ကိုင်း, ကာရိက်ကံကို ဣန္ဒြိယာနိ-ဟု ထည့်ရမည်၏ အဖြစ်ကိုင်း သိစေပါသည်။

(ပရိယာယ်ပြ အဘိဓေယျတ္ထ, ဘာဝတ္ထ)

ဂ-ဝ ါကျ၌ ဣတောစိတောစ ဥပနေတိဖြင့် ပရိစာရေတိ၌ ပရိ-ဥပသာရ၏ သမန္တတ္ထ၏အဖြစ်ကိုင်း°, စရဓာတ်သည် ဂတိ, ဘက္ခန, စရဏ တို့တွင် ဂတျတ္ထ၏ အဖြစ်ကိုင်း၂ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဓာတွတ္ထ။

ဂ-ဝ ါကျ၌ လဠတိဖြင့် ပရိစာရေတိ၌ ပရိ-ဥပသာရ၏ ဓာတွတ္ထဝိဓေသသက၏ အဖြစ်ကိုင်း°, ယင်းကြောင့် စရဓာတ်၏ကိဋ္ဌာ အနက်ကို ဟောသည်၏ အဖြစ်ကိုင်း၂ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဓာတွတ္ထ။

မှတ်ချက်။ ။ရမတိ ကီဠတိဖွင့်သည်ကား ဘာဝတ္ထမျှသာ။ ဓာတွတ္ထ-စသည် ဖော်ဘွယ်မရှိပြီ။ ထင်ရှားအောင်ဖွင့်၏ ဟူလို။

---

(က) ဝိတက္ကိတန္တိ အဘိနိရောပနဝသေန ပဝတ္တော ဝိတက္ကော။

(ခ) ပီထိဂတန္တိ ပီတိယော၀။

(ဂ) စေတသော ဥပ္ပိလာဝိတတ္တန္တိ စိတ္တဿ ဥပ္ပိလာဘာဝ-ကရဏံ။

(ဃ) စေတသော အာဘောဂေါတိ ဈာနာ ဝုဋ္ဌာယ တသ္မိံ သုခေ ပုနပ္ပုနံ စိတ္တဿ အာဘောဂေါ မနသိကာရော သမန္နာ ဟာရောတိ။ (ဠ-၁၁၂)

● (၆) က-ခ-ဂ-ဃ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ အဘိနိရောပနဝသေန ဝိတက္ကော ဖြင့် ဝိတက္ကိတံပုဒ်ကို "ဝိတက္ကနံ အဘိနိရောပနံ ဝိတက္ကိတံ" ဟု ဝစနတ္ထပြု၍ ဝိတက္ကိတံအရ ဝိတက်စေတသိက်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

http://www.dhammadownload.com



ခ-ဝါကျ၌ ပီတိယေဝဖြင့် ပီတိဂတံ၌ ဂတ-သဒ္ဒါ၏ ဒိဋ္ဌိဂတံ၌ ဂတ-သဒ္ဒါကဲ့သို့ တဗ္ဘော၏အဖြစ်ကိုရင်း°, ပီတိဂတံပုဒ်ကို "ပီတိယေဝ ဂတံ ပီတိဂတံ"ဟုကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ။ (၂) ဝိဂ္ဂိုဟ်ပြအဘိ ဓာနတ္ထ, သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။

မှတ်ချက်။ ။"တဿ ပဒဿ ဘာဝေါ အတ္တော တဗ္ဘာဝေါ" ထိုရှေးပုဒ်၏အနက်သာ,မိမိအနက်။အနက်သီးခြား စာပါးမရှိဟူလို။ ယင်း ကြောင့် "ပစ္စည်းအနက်မရှိ သွတ္ထ၊ ပုဒ်အနက်မရှိ တဗ္ဘော"ဟု ပရိဘာ သာပြုကြသည်။ဤအရာ၌ အောက်ပါဋီကာသစ်၏ ပရိဘာသာကား-နည်းယူ ဘွယ်ပင်။

† အယဉှိ သံဝဏ္ဏကာနံ ပကတိ၊ယဒိဒံ အနတ္ထကပဒံ တုလျာ ဓိကရဏပဒဥ္စ ထပေတွာ အတ္ထဝဏ္ဏနာ။

ဂ-ဝါကျ၌ စိတ္တဿဖြင့် စေတ-သဒ္ဒါ၏ စိတ္တ ပရိယာယ်၏ အဖြစ်ကိုရင်း°, စေတသော၌ ဩ-သဒ္ဒါ၏ သ ဝိဘတ်၏ ကာရိယ၏ အဖြစ်ကို ရင်း၂ သိစေပါသည်။

(၁) ပရိယာယ်ပြအဘိဓေယျတ္ထ။ (၂) ဝိဘတ္တိပဒ။

ဂ-ဝါကျ၌ ဥပ္ပိလာဘာဝကရဏဖြင့် ဥပ္ပိလာဝိတတ္တံပုဒ်ကို "ဥပ္ပိလာ ဝိတဿ ဘာဝေါ ဥပ္ပိလာဝိတတ္တံ"ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°,တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း၂, ပီတိဖြစ်ပေါ်သော်သာလျှင် စိတ်၏ ဥပ္ပိလာဝန ဖြစ်သောကြောင့် ယင်း အဖြစ်ကို ပီတိသည်ပြုအပ်သည် မည်သတည်းဟူသော အဓိပ္ပါယ်ကိုရင်း၃ သိစေပါသည်။

(၁) ဝိဂ္ဂိုဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

ဃ-ဝါကျ၌ မနသိကရေပြင့် အာ-ပုဗ္ဗ ဘုဇ-ဓာတ်၏ မနသိကာရ အနက်ကိုဟောသတည်းဟု°၊ ဝါ-အာဘောဂ သဒ္ဒါ၏မနသိကာရအနက်ကို ဟောသတည်းဟု၊ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂)နာမလိင်္ဂတ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ။

F.56 A

http://www.dhammadownload.com



ဃ-ဝါကျ၌ သမန္တာဟာရေဖြင့် နှလုံးသွင်းခြင်း ဟူသည် အစဉ်အားဖြင့်၊ ဝါ-အဖန်တလဲလဲ အာရုံကို ဆောင်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ဃ-ဝါကျ၌ စိတ္တဿဖြင့် ပြသော အာဘော်သံဝဏ္ဏနာကို ရှေးနည်းတူဖော်။ ကြွင်းပါဠိဖြင့် ဘာဝတ္ထဖော်ပါ။

(က) ဖုဿ ဖုဿ ပဋိသံဝေဒေန္တီတိ ဖုသိတွာ ဖုသိတွာ ပဋိသံဝေဒေန္တိ။

(ခ) ဧတ္ထ စ ကိဉ္စာပိ အာယတနာနံ ဖုသနကိစ္စံဝိယ ဝုတ္တံ။ တထာပိ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။

(ဂ) န ဟိ အာယတနာနိ ဖုသန္တိ၊ ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ။

(ဃ) အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ။ (ဠ-၁၁၅)

● (၂) ခ-ဝါကျကို သာဘောဂါယုတ္တပုစ္ဆာတက်, ဃ-ဝါကျကို အနာဘောဂ ပုစ္ဆာတက် တက်ပါ။

ဖြေ။ ။ သာဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊ဆရာသည် က-ဝါကျဖြင့် တွေ့ကုန်၍ တွေ့ကုန်၍ ခံစားကုန်၏ဟုဆိုတော်မူ၏။ဖဿသာလျှင် အာရုံကို တွေ့ခြင်း ကိစ္စရှိသည် မဟုတ်လော။ ထိုသို့ ဖြစ်ပါလျက် စက္ခာယတန စသည်တို့၏လည်း တွေ့ခြင်း ကိစ္စရှိသကဲ့သို့ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"ဟု ဟောတော်မူပါသနည်းဟု သူမေးဘွယ်ရှိ၍ ဧတ္ထစ စသော ခ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် စက္ခာယတန စသည်တို့၏ တွေ့ထိခြင်းကိစ္စကဲ့သို့ ဆိုအပ်ပါသော်လည်း ထိုစက္ခာယတန စသည်တို့၏ တွေ့ထိခြင်းကိစ္စ၏ အဖြစ်ကို မသိအပ်ဟု ငါပြဆို၏ ဟူလိုသတည်း။

မှတ်ချက်။ ။ဤအတက်ကား နိဿျဟောင်း အတက်ကိုမှီးသော အတက်မျှသာ, ကိဉ္စာပိချီသော ဝါကျတက်ရိုးနှင့် မညီတတ်သေး။ သို့သော် ရှေး၌ ရေးပြီးအတက်တို့ကိုရှု၍၎င်း, ဖော်ပြလတ္တံ့သော စတုက္ကကို ရှု၍ ၎င်း, တမျိုးတက်နိုင်ပုံကို နှလုံးပြုလေ။

E.56 B

http://www.dhammadownload.com



## ဃ-ဝါကျ အနုသန္ဓိ ပုစ္ဆာတက်

ဆရာ၊ဆရာသည် ဂ-ဝါကျဖြင့် စက္ခာယတန စသော အာယတန တို့သည် မတွေ့ထိကုန်၊ ဖဿသည်သာလျှင် ထိုထိုအာရုံကို တွေ့ထိသော ဟုဆိုတော်မူ၏။ ထိုသို့ ဖဿသာအာရုံကို တွေ့ထိခြင်း ကိစ္စရှိလျက် စက္ခာ ယတန စသည်တို့၏ အာရုံကိုတွေ့ထိခြင်း ကိစ္စမရှိဘဲလျက် ဖဿကိုသာ မဟောမူ၍ စက္ခာယတန စသည်တို့ကိုလည်း ဟောတော်မူလေသနည်းဟု သူမေးဘွယ်ရှိ၍ ဃ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဃ-ဝါကျဖြင့် စက္ခာယတန စသည် တို့ကို ဖဿဥ်ထည့် သွင်း၍ပြအပ်ကုန်ရကား ဖဿကိုသာ မဟောမူ၍ စက္ခာယ တန စသည်တို့ကိုလည်း ဟောတော်မူ၏ဟု ငါပြဆို၏ ဟူလိုသောဝ်။

မှတ်ချက်။ ။ဤအတက်လည်း နိသျှဟောင်းကိုမှီးသောအတက် ပင်၊ စတုက္ကထုတ်ပုံကိုရှု၍ တနည်းတက်နိုင်သေးသည်။

## ကိဥ္စာပိဝါကျ သမ္ဗန္ဓာဝတ္တကောက်ပုံ

ခ-ဝါကျ၌ ပဓာနကား "ကိဥ္စာပိ ဝုတ္တံ တထာပိ န ဝေဒိတဗ္ဗာ ဟူသည်တည်း။ အဓိပ္ပါယ်ကား အကယ်၍ကား ဟောတော်မူအပ်၏ရှင့်၊ ထိုသို့ပင် ဟောတော်မူအပ်ပါသော်လည်း မသိအပ်ဟူလိုသောဝ်။(ကိဥ္စာ ပိ, ကာမဥ္စ, ယဒိပိဝါကျတို့၌ ဤနည်းချည်းသာ။)

သာမညမေးလျှင် ရှေး၌ ရေးပြီးနည်းအတိုင်း ပဓာနဝါကျဖြစ် သော တထာပိ စပ်ရာဝါကျ၌ ဝုတ္တံကိုသာ ကောက်ပါ။

## အတ္ထုဒ္ဓါရအတ္ထုဒ္ဒေသ မှတ်ဘွယ်

အတ္ထုဒ္ဓါရ။ ။အာယတန သဒ္ဒါသည် သဥ္စာတိဒေသ, ဟေတု, ဝါသဋ္ဌာန,အာကရ(တည်ရာ) သမောသရဏဋ္ဌာန, ပဒပ္ပုရဏ ဤခြောက် ပါးသောအနက်တို့၌ ဖြစ်၏။

အတ္ထုဒ္ဒေသ။ ။ဤ၌ အာယတနသဒ္ဒါသည် သဥ္စာတိဒေသ, ဟေတု, သမောသရဏ အနက်သုံးပါး၌ ဖြစ်၏။

http://www.dhammadownload.com



† သဠ္ဌာတိဒေသေ, ယောတုမှိ၊
ဝါဿဌ္ဌာနာကရေသုစ။
သမောသရဏဌ္ဌာနေစ၊
ယတနံ ပဒပ္ဗုရဏော။ ။(အဘိဓာန်)

● (၃) ခ-ဝါကျ၌ ကိဋ္ဌာပိသဒ္ဒါထားရခြင်း၏ အကြောင်းကို ဖော်ပြ၍ ခ-ဂ-ဝါကျကိုရှု၍၎င်း,ဃ-ဝါကျ၌ ပနသဒ္ဒါကိုအရှုရျတ္ထ ကြံ၍၎င်း,အသီးသီးစောဒကာသောဂ ါဒိ စတုက္ကကိုဖော်ပြပါ။

ဖြေ။ ။ကိဋ္ဌာပိသဒ္ဒါ ထားရခြင်း အကြောင်းကား "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"ဟူသောသဒ္ဒါကို မနှစ်သက်၍ ထားရပါသည်။

ရှင်းဦးအံ့။ပါဠိတော်သဒ္ဒါဖြင့် စက္ခာယတနစသော အာယတနတို့အား ဖုသနကိစ္စရှိသကဲ့သို့ ဖုဿ, ဖုဿဟု ဟောတော်မူရကား ယင်းအာယတနတို့အား ရုပ်တရားဖြစ်၍ ဖုသနကိစ္စမရှိသင့်ဟူသော စောဒနာကို စောဒကပုဂ္ဂိုလ်၏ နှလုံးသွင်းအာဘော်ကိုပြ၍ ပယ်ဖြေခြင်းငှာ ကိဋ္ဌာပိ စသောဝါကျကို အဋ္ဌကထာမိန့်၏ဟူလို။

ခ-ဂ-ဝါကျကိုရှု၍ စတုက္ကထုတ်ပုံ

နနု အာယတနာနံ ဖုသနကိစ္စံဝိယ ဝုတ္တံ။ (စော+ဘော)
အထ ကသ္မာ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။ (စော)
နနု န အာယတနာ ဖုသန္တိ၊ ဖဿော ဝ တံ တံ အာရမ္မဏံ ဖုသတိ။
(ပရိ+ဘော)

(တသ္မာ) န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။ (ပရိ)

ပနသဒ္ဒါအရှုရျတ္ထကြံ၍ စတုက္ကထုတ်ပုံ

နနု န အာယတနာနိ ဖုသန္တိ၊ ဖဿော ဝ. တံ တံ အာရမ္မဏံ ဖုသတိ။ (စော+ဘော)

အထ ကသ္မာ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"တိ ဝုတ္တံ။ (စော)

http://www.dhammadownload.com



နနု အာယတနာနိ ဖဿော ဥပနိက္ခိပိတွာ ဒဿိတာနိ။
(ပရိ+ဘော)

(တသ္မာ) "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"တိ ဝုတ္တံ။ (ပရိ)

**မှတ်ချက်။** ။ဤဒုတိယစတုက္ကကား၊ ပါဠိတော်ကိုရှု၍ ထုတ်ရသည်။

† ကိစ္စာပိတိအာဒိနာ သဒ္ဒမတ္တတော စောဒနာလေသံ ဒဿေတွာ တထာပိတိအာဒိနာ အတ္ထတော ပရိဟရတိ။
(သီ-ဋီ-သစ်)

---

● (၄) ဂ-ဝါကျွဲ့အာယတနာဒိပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိ ဆက္ကထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ။** ။ထံ တံ ဒွါရာရမ္မဏာ့ စိတ္တ စေတသိကာ သေန သေန အနုဘဝနာဒိကိစ္စေန အာယမန္တိ ဥဋ္ဌဟန္တိ ဃဋေန္တိ ဝါယမန္တိ တွောတိ အာယတနာနိ။ (တွေ့ တော်သု စက္ခာဒိသု၊ ဤစက္ခာယတနစသည်တို့၌။ တံတံဒွါရာရမ္မဏာ၊ ထိုထိုဒွါရအာရုံရှိကုန်သော။ စိတ္တ စေတသိကာ၊ တို့သည်။သေနသေန၊ မိမိ,မိမိ၏ဥစ္စာဖြစ်သော။ အနုဘဝနာဒိကိစ္စေန၊ အနုဘဝနစသောကိစ္စဖြင့်။ အာယတန္တိ"လ" ဝါယမန္တိ၊ အားထုတ်တတ်ကုန်၏။ ဣတိ-အာယတနာနိ။)

**ဝစနာဒိဆက္က။** ။စက္ခာယတနစသည်တို့၌ ထိုထိုဒွါရ အာရုံရှိကုန်သော စိတ်စေတသိက်တို့၏ မိမိ,မိမိ၏ဥစ္စာဖြစ်သော အနုဘဝနစသောကိစ္စဖြင့် အားထုတ်ခြင်း,လုံ့လပြုခြင်း ကြိယာသကတ်သည် **ဝစနဖောတု** မည်၏။ စက္ခာယတနစသောအာယတနဒြဗ်သည် **ဝစနီယ** မည်၏။ သဉ္ဇာ တိဒေသာနိ,သမောသရဏာနိ စသောပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ** မည်၏။

**မှတ်ချက်။** ။ဋီကာသစ်၌ အာယတန ဝိဂ္ဂဟသုံးမျိုး ပြသော်လည်း,ကျယ်အံ့စိုး၍ တမျိုးသာဖော်ပြလိုက်ပေသည်။

http://www.dhammadownload.com



● (၅) ခ–ဝါကျ၌ ဖုသနကိစ္စတာဝယ်တာပစ္စည်း၏သမ္ပန်ကို ဖော်ပြပါ။

အဖြေ။ ။ဖုသနကိစ္စတာဝယ် တာပစ္စည်း၏သမ္ပန်ကား တိုက်ရိုက်ရှိသော တေသံ အာယတနာနံ ပင်တည်း။

မှတ်ချက်။ ။တေသံ၌ တ-အစွဲနှင့်တကွသမ္ပန်ခံ၊ ပစ္စယတ္တကား ကတ္တုတ္ထ,ကတ္တားသမ္ပန်စပ်။

---

● (၆) က–ဝါကျ၌ အာဘော် သံဝဏ္ဏနာတို့ကို အကြောင်းပြ၍ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဖုသိတ္ဘာ ဖုသိတ္ဘာဖြင့် ဖုသ ဖုသသဒ္ဒါသည် သောမနဿ, ရဟဿ, ပြယုဂ်တို့၌ကဲ့သို့ ဏျ-ပစ္စည်း၏ ကာရိယ မယုတ်။ (ဗျတိရေက) အဘိဝန္ဒိယ၌ကဲ့သို့ တွာပစ္စည်း၏ကာရိယတည်းဟု သိစေပါသည်။

အကြောင်းပြ။ ။ကိတ်ပစ္စည်း၏ ကာရိယကိုဖွင့်ပြသောကြောင့် ဒုတိယ ပစ္စယပဒ သံဝဏ္ဏနာမည်၏။

မှတ်ချက်။ ။အကြောင်းပြသံဝဏ္ဏနာအမည်ပေးပါဟု မေးလျှင် ပုဒ်စစ်လာ သံဝဏ္ဏနာစစ်အတိုင်းဖြေပါ။

---

● (၇) ဖုသသဒ္ဒါ၏နိရုတ္တိဖြင့်ရုပ်ပြီးပုံကိုဖော်ပြပါ

ဖြေ။ ။ဖုသကား ဖုသဓာတ်+တွာပစ္စည်း။ တွာပစ္စည်းကို ယ-ပြု၊ သ-ကို ယသို့ကပ်၍ဖုသျဟုဆိုလိုလျက် သျ-ကို သ-ပြုခြင်း ဝဏ္ဏဝိကာရ, သ-ဒွေဘော်လာခြင်း ဝဏ္ဏာဂမဖြင့်ဖုဿဟုပြီးပါသည်။

---

● (၈)ဖဿောပနိက္ခိပိတွာ၌ဖဿော ဥပနိက္ခိပနကိုဖော်ပြပါ။

ဖြေ။ ။အာယတနတို့သည် ဖုသန ကိစ္စ ဖရိုကုန် သော် လည်း နိဿိတဝေါဟာရအားဖြင့် ဖုသနကိစ္စတို့ကိုပြ၍ "ဆဟိ ဖဿာယတနေဟိ ဖုသာ ဖုသာ"ဟူ၍ ပြခြင်းသည် ဖဿောပနိက္ခိပနပေတည်း။

---

http://www.dhammadownload.com



(က) တတ္ထ နယန္တိ ဧတာယာတိ နေတ္တိ။

(ခ) နယန္တီတိ ဂိဝါယ ဗန္ဓိတွာ အာကဍ္ဎန္တိ။

(ဂ) ရဇ္ဇုယာ ဧတံ နာမံ။

(ဃ) ဣဓ ပန နေတ္တိသဒိသတာယ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ။

(င) သာ ဟိ မဟာဇနံ ဂိဝါယ ဗန္ဓိတွာ တံ တံ ဘဝံ နေတိ ဥပနေတီတိ ဘဝနေတ္တိ။ (ဋ္ဌ-၁၁၇)

● (၂) ဂ-ဝါကျကိုအနုသန္ဓေ,ဃ-ဝါကျကိုသာဘောဂပုစ္ဆာ တက်ခဲ့ပါ။

ဖြေ။ ။ အနုသန္ဓေတက်ပုံ

ဤသို့ က-ဝါကျဖြင့် နေတ္တိပုဒ်ကို ကရဏသာဓန ဝစနတ္ထပြုရမည်ဟု ပြတော်မူပြီး၍ ယခုအခါ၌ ယင်းနေတ္တိအရ အဘိဓေယျတ္ထကိုပြခြင်းငှါ ဂ-ဝါကျကိုမိန့်။

**သာဘောဂပုစ္ဆာတက်ပုံ**

ဆရာ၊ဆရာသည် ဂ-ဝါကျဖြင့် နေတ္တိဟူသည် ကြိုး၏အမည်တည်းဟု ဆိုတော်မူ၏။ ဤဘဝနေတ္တိဟူသောပုဒ်၌ ကြိုးကိုပင် နေတ္တိဟု အလိုရှိအပ်ပါသလော။ အဘယ်ကိုနေတ္တိဟု အလိုရှိအပ်ပါသနည်းဟု သူမေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေတော်မူလိုသော် ဆရာသည် ဃ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဃ-ဝါကျဖြင့် ဤဘဝနေတ္တိဟူသောပုဒ်၌ ကြိုးနှင့်တူသည်၏အဖြစ်ကြောင့် ဘဝတဏှာကို နေတ္တိဟု အလိုရှိအပ်၏ဟု ငါပြဆို၏ ဟူလို။

**မှတ်ချက်။** ။ဃ-ဝါကျကား အတ္ထုဒ္ဒေသ-ဝါကျမျိုးတည်း။ ဤဝါကျမျိုး၌ ဒေါသဘင်ပုံစံသည်တို့ကို ရှေး၌ရေးခဲ့ပေပြီ။ င-ဝါကျကား တပ္ပါကဋီကရဏဝါကျတည်း။

† သာဟီတိ အာဒိ သဒိသတာ ဝိဘာဝနာ။ (သီ-ဋီသစ်)

http://www.dhammadownload.com



● (၃) ဂ-ဃ-ဝ ါကျတို့၌ ရသင့်သော စောဒကာ ဘောဂ ါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ရဇ္ဇုယာ တေံ နာမံ။ (စော+ဘော)
အထကသ္မာ ဣဓ ဘာဝတဏှာ နေတ္တိတိ အဓိပ္ပေတာ။ (စော)
နနု ဘဝတဏှာ နေတ္တိသဒိသာ ဟောတိ။ (ပရိ+ဘော)
(တသ္မာ)ဣဓ ဘာဝတဏှာ နေတ္တိတိ အဓိပ္ပေတာ။ (ပရိ)

မှတ်ချက်။ ။ပရိဟာရဘောဂထုတ်ရာ၌ နေတ္တိသဒိသတာယ ဟု ဟိတ်ပါဠိအတိုင်းလည်း ထုတ်ကြသေးသည်။ ဤ၌ ပါဠိရေးထုံးကျ အောင် ပြင်၍ရေးလိုက်ပေသည်။

---

● (၄) ဂ-ဝ ါကျ၌ ရဇ္ဇုယာပုဒ်ကိုဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ရုဓတ္တိ ဧတာယာတိ ရဇ္ဇု" (ဧတာ ယ၊ ဤကြိုးဖြင့်။ ရုဓန္တိ၊ ပိတ်ပင်တားဆည်းကုန်၏။ ဣတိ၊ ရဇ္ဇု။)

ဝစနာဒိဆက္က။ ။ပိတ်ပင်တားမြစ်ခြင်း ကြိယာသတတ်သည် ဝစနဟေတု မည်၏။ ကြိုးဒြပ်သည် ဝစနီယ မည်၏။ ယောတ္တံ့ရှိ စသောပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။

---

● (၅) နေတ္တိသဒိသတာယဟူသောဟိတ်၏သမ္ဗန်ကို ဖော်ပြ၍ အနက်အားလျော်စွာ စာစပ်ပါ။

ဖြေ။ ။နေတ္တိသဒိသတာယဟိတ်၏သမ္ဗန်ကား "ဘာဝတဏှာယ" တည်း။

အနက်အားလျော်စွာစာစပ်ပုံ

ဘာဝတဏှာယကား ၏-ဟု အနက်ပေးသောကြောင့် နေတ္တိသဒိ သတာယဝယ် တာ-ပစ္စည်း၌ သမ္ဗန်၊ တာ-ပစ္စည်းကား သမ္ဗန္ဓီ တည်း။

http://www.dhammadownload.com



တနည်း။ ။ဘဝတဏှာယကား သည် ဟု အနက်ပေးသော ကြောင့် နေတ္တိသဒိသတာယဝယ် နေတ္တိသဒိသဟူသော ဘာဝယောဂပုဒ် ၌ ကတ္တား။ ဘာဝယောဂပုဒ်ကား ကတ္တိ တည်း။

● (၆) က-ခ-ဂ-ဃ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ နယန္တိတောယဖြင့် နေတ္တိပုဒ်ကို "နယန္တိ တောယာတိ နေတ္တိ" ဟု ကရဏသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငင်း, တိ-ပစ္စည်း၏ ကရဏသာဓန၌ သက်သည်၏အဖြစ်ကိုငင်း၊, နေတ္တိပုဒ်၏ နိဒါတ်၏ အဖြစ်ကိုငင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဒုတိယ ဓာတုပဒ။

ခ-ဝါကျဖြင့် ဆောင်ကုန်၏(နယန္တိ)ဟူသည် သတ္တဝါတို့၏ လည်၌ ဖွဲ့၍ငင်ကုန်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျဖြင့် နေတ္တိပုဒ်ကို "နယန္တိတောယာတိနေတ္တိ" ဟု ဝစ နတ္ထပြု၍ နေတ္တိအရ ကြိုးကိုယူရမည်ဟု သိစေပါသည်။

(သရုပ်ကြားအဘိဓေယျတ္ထ)

ဃ-ဝါကျ၌ နေတ္တိသဒိသတာယဖြင့် နေတ္တိပုဒ်ကို "နေတ္တိဝိယာတိ နေတ္တိ" ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငင်း၊, ကိ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုငင်း၊ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ဃ-ဝါကျ၌ ဣဓ ဘဝတဏှာ နေတ္တိတိ အဓိပ္ပေတာဖြင့် ဤဘဝ နေတ္တိ၌ နေတ္တိအရ ဥပမာတဒ္ဓိတ်၊ ဝါ-သဒိသူပစာအားဖြင့် ဘဝတဏှာ အလိုရှိအပ်သတည်း ဟု သိစေပါသည်။ ဝါ-နေတ္တိသဒ္ဒါသည် ဘဝ တဏှာအနက်ကို ဟောသတည်း၊ဟု သိစေပါသည်။

(၁) အဓိပ္ပေတတ္ထ။ (၂) နာမလိင်္ဂတ္ထ, သဒ္ဒတ္ထ, အဘိဓေယျတ္ထ။

● (၇) ရဇ္ဇုယာဥ္ဓ ရဇ္ဇုသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၁၃ / A

http://www.dhammadownload.com



ဖြေ။ ။ရင္ဟုကား ရှ-ခေါတ်+ဇု-ပစ္စည်း။ (ရှခ+ဇု) ခေါတွန် ခ-ကို ပရရှပ် ဇ-ပြုခြင်းဝဏ္ဏဝိကာရ, ရှ-၌ ဉ-ကို အ-ပြုခြင်း ဝဏ္ဏဝိကာရ ဖြင့် ရင္ဟုဟု ပြီးပါသည်။

† ရှခ အာဝရဏေ၊ ဇု ဉဿတ္တံ၊ ပရရူပတ္တဉ္စ။ (ဘီ-ဋီ)

---

(က) ဇီဝိတပရိယောဒါနာတိ ဇီဝိတဿ သဗ္ဗသော ပရိယာ ဒိန္နတ္တာ ပရိက္ခီဏတ္တာ၊ ပုန အပ္ပဋိသန္ဓိကဘာဝါတိ အတ္ထော။

(ခ) န တံ ဒက္ခန္တီတိ တံ တထာဂတံ ဒေဝါ ဝါ, မနုဿာ ဝါ နဒက္ခိသန္တိ။ အပဏ္ဏတ္တိကဘာဝံ ဂမိဿတီတိ အတ္ထော။

(ဂ) အဘိနန္ဒုန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စ။ (ဋ္ဌ-၁၁၇)

● (၆) က-ခ-ဂ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဇီဝိတဿ ပရိယာဒိန္နတ္တာဖြင့် ပရိယာဒါနာပုဒ်ကို "ပရိယာဒီယတေ ပရိယာဒါနံ" (တသ္မာ)ဟု ဘာဝသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငင်း¹, ယု-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုငင်း², ဇီဝိတနှင့် ပရိယာဒါနံကို "ဇီဝိတဿ ပရိယာဒါနံ ဇီဝိတပရိယာဒါနံ"ဟုဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း³, ပရိယာဒါနာ၌ သွာဝိဘတ်၏ ဟိတ်အနက်၌သက်သည်၏ အဖြစ်ကိုငင်း⁴ သိစေပါသည်။

(၁) ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဝိဂ္ဂဟ်ပြ အဘိဓာနတ္ထ,သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။ (၄) ဝိဘတျတ္ထ။

မှတ်ချက်။ ။ပရိယာဒါနာ ဟူသောကိတ်ပုဒ်ကို ပရိယာဒိန္နတ္တာ ဟု တဒ္ဓိတ်ဘောဖြင့်ဖွင့်သဖြင့် ဘာဝသာဓ်ဖော်သည်။

က-ဝါကျ၌ ပရိက္ခီဏတ္တာဖြင့် ပရိယာဒါနာ၌ ဒါဓာတ်၏ပရိက္ခီဏ အနက်ကိုဟောသည်၏ အဖြစ်ကိုငင်း⁵, အာ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏

F.57 R

http://www.dhammadownload.com



အဖြစ်ကိုလည်းကောင်း[၂], ပရိ-ဥပသာရ၏ ပဒါလင်္ကာရ၏အဖြစ်ကိုလည်းကောင်း[၃] သိစေပါသည်။

(၁) ဒုတိယခဏ္ဍတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။ (၃) ဥပသဂ္ဂလိင်္ဂတ္ထ။

က-ဝါကျ၌ ပုန အပ္ပဋိသန္ဓိကဘာဝေါဖြင့် ဘင်္ဂက္ခဏအားဖြင့် ကုန်သည်ကို ပရိက္ခီဏဟုဆိုသည်မဟုတ်၊ တဖန်ပဋိသန္ဓေနေခြင်းမရှိသည်ကို ပရိက္ခီဏဟု ဆိုသတည်းဟု သာမတ္ထိယကိုသိစေပါသည်။

(ဘာဝတ္ထ)

ခ-ဝါကျ၌ တံ တထာဂတံဖြင့် တံ၌ ဗှာသဒ္ဒါ၏ တထာဂတကို စွဲသည်၏အဖြစ်ကိုလည်းကောင်း[၁], ဒေဝါ ဝါ မနုဿာ ဝါဖြင့် ပါဠိတော်၌ ဒေဝ မနုဿပုဒ်ကို "ဒေဝါစ မနုဿာစ ဒေဝမနုဿာ"ဟု ဒွန်ဒသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေပါသည်။

(၁) သမ္ဗန္ဓာမလိင်္ဂတ္ထ။ (၂) ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ, သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ။

ခ-ဝါကျ၌ ဒက္ခိဿန္တိဖြင့်ဒက္ခန္တိကား အနာဂတ်ဝိဘတ်ဖြင့် ပြီးသည်မဟုတ်၊ ဘဝိဿန္တိ ဝိဘတ်ဖြင့်ပြီးသောပုဒ်တည်းဟု သိစေပါသည်။

(ဒုတိယဝိဘတ္တိပဒ)

ထနည်း။ ။ခ-ဝါကျ၌ ဒက္ခိဿန္တိဖြင့် ဒက္ခန္တိ၌ အန္တိဝိဘတ်သည် အပ္ပကအားဖြင့် အနာဂတ်အနက်၌ သက်သတည်းဟုသိစေပါသည်။

(ဒုတိယဝိဘတျတ္ထ)

မှတ်ချက်။ ။နှစ်နည်းဖော်ရာ၌ ပထမနည်းကား ဋီကာသစ်, ဂဏ္ဌိအလိုတည်း။ ဒုတိယနည်းကား နိသျှေဟောင်း နေရင်းဆရာတော်၏ အလိုတည်း။

ဒက္ခန္တိ,ဒက္ခိန္တိဟု ပါဠိနှစ်မျိုးရှိရာ ရူပသိဒ္ဓိ ဒီသဿ ပဿဒိဿ ဒက္ခာဝါသုတ်အဖွင့်၌ "ဘဝိဿန္တိမှိ သဿာစာတိယောဂဝိဘာဂေန သဿ လောပေါ ဣကာရာဂမောစ၊ ဒက္ခိတိ ဒက္ခိန္တိ။ လောပါဘာဝေ ဒက္ခိဿတိ ဒက္ခိဿန္တိ" ဟု ဆိုသောကြောင့် ဒက္ခိန္တိဟု ဣအာဂုံနှင့်ရှိမှသင့်၏။

http://www.dhammadownload.com



ဒက္ခာဒီဟိ အာဒေသေဟိ ပရဿ သဿ လောပေါ ဝါ ဟောတိ။ ဒက္ခတိ,ဒက္ခိဿတိ ဟူသော မောဂ္ဂလာန်အလိုကား ဂု-အာဂုံမရှိဘဲ ဒက္ခန္တိသင့်သည်။

အပဏ္ဏတ္တိကဘာဝံ ဂမိဿတီဖြင့် ဘာဝတ္ထဖော်ပါ။

ဂ-ဝါကျ၌ အနုမောဒိံ သုစေဝ သမ္ပဋိစ္ဆိံ သုစဖြင့် အဘိ-ပုဗ္ဗ နန္ဒ-ဓာတ်သည် အနုမောဒနတ္ထ, သမ္ပဋိစ္ဆနတ္ထကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

---

● (၇) အပဏ္ဏတ္တိကဘာဝံ၌ ပဏ္ဏတ္တိသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

ဖြေ။ ။ပညတ္တိဟူလိုလျက် ပည-ကို ပဏ္ဏ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် ပဏ္ဏတ္တိဟု ပြီးပါသည်။

† ပညာယစေတ္ထ ပဏ္ဏာဒေသောတိ နေရုတ္တိကာ။
(သီ-ဋီ-သစ်)

---

● (၈) ဣမသ္မိံ ပန ဝေယျာကရဏသ္မိံ ဟု ဆိုရာ အဘယ့်ကြောင့် ဤသုတ်ကို ဝေယျာကရဏဟု ဆိုပါသနည်း ဖော်ပြ၍ အကမ္ပိတ္ထဟုဆိုရာ အဘယ်အခါ၌ မြေတုန်လှုပ်ပါသနည်း။ သုတ်၏အဆုံး၌သာ မြေတုန်လှုပ်ပါသလော ဖြေဆိုပါ။

ဖြေ။ ။ဤသုတ်၏ ဂါထာမဘက် စုဏ္ဏိယသက်သက်၏ အဖြစ်ကြောင့်၊ ဝါ-ဂါထာမရှိသည်၏အဖြစ်ကြောင့် ဤသုတ်ကို ဝေယျာကရဏဟု ဆိုပါသည်။

အကမ္ပိတ္ထဟုဆိုရာ၌ သုတ်၏ အဆုံး၌သာ မြေ တုန်လှုပ် သည် မဟုတ်၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ကို ဖြေရှင်း၍ ဟောတော်မူသည်ရှိသော် ထိုထိုဒိဋ္ဌိအယူ၏အဆုံး၌ မြေတုန်လှုပ်ပါသည်။ အကြောင်းကား ပါဠိတော်၌ ဣမသ္မိံ ပန ဝေယျာကရဏသ္မိံ ဘညမာနေဟု ဝတ္တမာန်ကာလဖြင့် ဟောတော်မူအပ်သောကြောင့်တည်း။

http://www.dhammadownload.com



† နိဂ္ဂါဟကတ္တာ ဟိ ဣဒံ ဝေယျာကရဏန္တိ ဝုတ္တံ။ (အဋ္ဌကထာ)

† န သုတ္တပရိယောသာနေယေဝ အကာမ္ဗိတ္ထာတိ ဝေဒိတဗ္ဗာ။ ဘာသမာနေတိ ဟိ ဝုတ္တံ။ (အဋ္ဌကထာ)

---

● (ဂ) ဤသုတ်၏ ပြဟ္မဇာလသုတ်အမည်ရခြင်း၏အကြောင်းကို ဖော်ပြ၍ ၎င်းသုတ်၏ အမည် ထူးတို့ကိုလည်း နာမလာဘ ဟိတ်အသီးသီးနှင့်တကွဖော်ပြပါ။

ဖြေ။ ။မြတ်သော သဗ္ဗညုတ ဉာဏ်ကိုဝေဘန်ရာ ဖြစ်သောကြောင့် ဤသုတ်ကို"ပြဟ္မဇာလ"သုတ်ဟုခေါ်ပါသည်။

ယင်းသုတ်သည် ဤပစ္စုပ္ပန်အကျိုး, တမလွန်လောက အကျိုးကို ဝေဘန်ရာဖြစ်သောကြောင့်"အတ္တဇာလ"အမည်လည်းရပါသည်။

ယင်းသုတ်သည် များစွာသော ပါဠိ ဓမ္မတို့ကို ဟောရာဖြစ်သောကြောင့်"ဓမ္မဇာလ"အမည်လည်းရပါသည်။

ယင်းသုတ်သည် ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ကိုဝေဘန်ရာ ဖြစ်သောကြောင့်"ဒိဋ္ဌိဇာလ"အမည်လည်းရပါသည်။

ယင်းသုတ်ကို ကြားရသော် ဒေဝပုတ္တမာရ်,ခန္ဓမာရ်, မစ္စုမာရ်, ကိလေသမာရ်ကို နှိမ်နင်းခြင်းငှာစွမ်းနိုင်သောကြောင့် "အနုတ္တရသင်္ဂါမဝိဇယ"အမည်လည်းရပါသည်။

**ဤတွင် ပြဟ္မဇာလသုတ် အဖွင့်ပြီး၏။**

---

http://www.dhammadownload.com

# သာမညဖလသုတ်

## ရာဇာမစ္စကထာအဖွင့်

(က) ရာဇဂဟေတိ ဧဝံ နာမကေ နဂရေ။

(ခ) တဥ္ဟိ မန္ဓာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ။

(ဂ) အညေ ပေတ္ထ ပကာရေ ဝဏ္ဏယန္တိ။

(ဃ) ကိံ တေဟိ၊ နာမမေတံ တဿ နဂရဿ။

(င) တံ ပနေတံ ဗုဒ္ဓကာလေ စ စက္ကဝတ္တိကာလေ စ နဂရံ ဟောတိ၊ သေသကာလေ သုညံ ဟောတိ ယက္ခပရိဂ္ဂဟိတံ၊ တေသံ ဝသနဝနံ ဟုတွာ တိဋ္ဌတိ။ (ဋ္ဌ-၁၂၂)

● (၁) ရာဇဂဟေ ပုဒ်ကို သံဝဏ္ဏနာနှင့်အညီ ဝေါဟာရတ္ထ, သဒ္ဒတ္ထ အနက်ပေးခဲ့ပါ။

ဖြေ။ ။ရာဇဂဟေ၊ ရာဇဂြိုဟ်မည်သောမြို့၌။ (ဝေါဟာရတ္ထ) ရာဇဂဟေ၊ မန္ဓာတုစကြာမင်း, မဟာဂေါဝိန္ဒပုရောဟိတ် အစ ရှိသည့်တို့သည် ပိုင်းခြား၍ ယူအပ်သော၊ ဝါ-သိမ်းဆည်းအပ်သောမြို့၌။ (သဒ္ဒတ္ထ)

မှတ်ချက်။ ။ဝေါဟာရတ္ထကား က-သံဝဏ္ဏနာ နှင့် အညီ သဒ္ဒတ္ထကား ခ-သံဝဏ္ဏနာနှင့်အညီ အနက်ပေးသည်။

---

● (၂) ခ-ဝါကျကိုဥပမာလင်္ကာရထပနာတိကပုစ္ဆာ၊ ဂ-ဝါကျကို သာဘောဂါယုတ္တပုစ္ဆာတက်၍ ယက္ခပရိဂ္ဂဟိတံ၌ ယက္ခသဒ္ဒါ၏ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသ တို့ကို ဖော်ပြပါ။

ဖြေ။ ။ ဥပမာလင်္ကာရကျမ်းတက်

ဆရာ၊ဆရာသည် ရာဇဂဟဟူသည် ရာဇဂြိုဟ်မည်သော မြို့ဟု ဝေါဟာရတ္ထ အားဖြင့်ဖွင့်ဆိုတော်မူ၏။ ယင်းမြို့သည် တိဿ,ဒတ္တ စသည် တို့ကဲ့သို့(ဥပမာ) အကြောင်း, သဒ္ဒပဝတ္တိနိမိတ်, နာမလာဘဟိတ် ကင်းသည်ဟုမှတ်ရမည်လော။ ယင်းမြို့ကို အဘယ့်ကြောင့်ရာဇဂဟဟုခေါ်ပါသနည်းဟုသူမေးဘွယ်ရှိသောကြောင့် တဥ္ဟိစသော ခ-ဝါကျကိုမိန့်၏။

http://www.dhammadownload.com



အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် ယင်းမြို့ကား တိဿ, ဒတ္တ စသည်တို့ကဲ့သို့ အကြောင်း,သဒ္ဒပဝတ္တနိမိတ် စသည် ကင်းသည် မဟုတ်။ ယင်းမြို့ကို မန္ဓာတုစကြာမင်း,မဟာဂေါဝိန္ဒ စသော ပုရောဟိတ်တို့သည် သိမ်းဆည်းအပ်သောကြောင့် ရာဇဂဟ မည်၏ဟု အကြောင်း,သဒ္ဒပဝတ္တနိမိတ်စသည်ကို ငါပြဆို၏ဟူလိုသောဝ်။

## သာဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊ဆရာသည် ခ-ဝါကျဖြင့် ထိုမြို့ကို မန္ဓာတုစကြာမင်း,မဟာဂေါဝိန္ဒ စသော ပုရောဟိတ်တို့သည် သိမ်းဆည်း အပ်သောကြောင့် ရာဇဂဟ,မည်၏ဟု အကြောင်း ပဝတ္တနိမိတ် စသည်တို့ကို ဆိုတော်မူ၏။ တပါးသော ဆရာတို့သည်ကား ဆရာဖွင့်ဆိုသကဲ့သို့ပင် ဖွင့်ဆိုကြပါကုန်သလော။ အဘယ်သို့ဖွင့်ဆိုကြပါကုန်သနည်း၊"ကြောင့်" ဂ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဂ-ဝါကျဖြင့် တပါးသော ဆရာတို့ကား ငါဖွင့်ဆိုသကဲ့သို့ ဖွင့်ဆိုကြသည်မဟုတ်။ တပါးသော အပြားအားဖြင့်လည်း ဖွင့်ဆိုကြကုန်၏ဟု ငါပြဆို၏ဟူလိုသောဝ်။

မှတ်ချက်။ ။ကျမ်းတက်ရာ၌ ပါဝင်သော "ကြောင့်"ဟူသော စကားကို "ဤသို့ သူမေးဘွယ်ရှိသောကြောင့် ထိုအမေးကို ဖြေခြင်းငှါ၊ ဝါ-ဖြေတော်မူလိုသောဆရာသည်" ဂ-ဝါကျကို မိန့်ဟုအကျယ်ဖော်ပြပါ။ ဆိုလတ္တံ့ကျမ်းတက်ရာ၌ "ကြောင့်"ဟု အကျဉ်းရေးနည်းဖြင့် ရေးပေအံ့။ ပြဟ္မဇာလသုတ် အဖွင့်၌လည်း အကျယ်ကို အကြိမ်ကြိမ် ရေးခဲ့ပေပြီ။ အတ္ထုဒ္ဒါရ, အတ္ထုဒ္ဒေသ မေးခြင်းကို နံပါတ်နှစ်၌လည်း ထည့်သွင်းမေးတတ်သည်။

## ယက္ခသဒ္ဒါ၏အတ္ထုဒ္ဒါရ, အတ္ထုဒ္ဒေသ

အတ္ထုဒ္ဒါရ။ ။ယက္ခ-သဒ္ဒါသည် သတ္တ,ဒေဝ,သက္က,ဝိဏာသဝ, ရက္ခသ အနက်တို့၌ဖြစ်ပါသည်။

အတ္ထုဒ္ဒေသ။ ။ဤ၌ကား ယက္ခ-သဒ္ဒါ ရက္ခသ-အနက်၌ ဖြစ်ပါသည်။

http://www.dhammadownload.com



သဗ္ဗေ ဒေဝေစ သက္ကေစ၊
ခိဏာသဝေစ ရက္ခသေ။
ပဥ္စသေ့ခတော အဗ္ဗေတသု၊
ယက္ခသဒ္ဒေါ ပဝတ္တတိ။
(နိတိ)

---

● (၃) ဂ-ယာ-ဝ ါကျတို့၌ ရသင့်သော စောဒကာသော စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ
နနု အညေ ပေတ္တ ပဏာဒေ ဝဏ္ဏယန္တိ။ (စော+ဘော)
အထ ကသ္မာ "ကိံ ထေဟိ"တိ ဝုတ္တံ။ (စော)
နနု နာမမတ္တ မေတံ တဿ နဂရဿ။ (ပရိ+ဘော)
(တသ္မာ)"ကိံ တေဟိ"တိ ဝုတ္တံ။ (ပရိ)

---

● (၄) ရာဇဂဟ-သဒ္ဒါကို အစိတ်အပေါင်း ဝစနတ္ထ ပြ၍ အပေါင်းဝစနတ္ထကို ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဂယှတိတိ ဂဟံ"။ (အစိတ်) "ရာဇူနံ ရာဇူဟိ ဝါ ဂဟံ ရာဇဂဟံ"။ (အပေါင်း)

ဝစနာဒိဆက္က။ ။မင်းတို့ဖြစ်၏ သိမ်းဆည်း အပ်သော မြို့ဖြစ်နှင့် သာမိ, သံအမြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။ ရာဇဂြိုဟ်မြို့ဖြစ်သည် ဝစနီယ မည်၏။ ဘူပတိဂဟိတံ, ဘူပါလဂဟိတံ စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ရာဇဂဟ-သဒ္ဒါကား နဂရ-သဒ္ဒါကို ငဲ့၍ နပုလ္လိင်ဟု မှတ်ပါ။

---

● (၅) ခ-ဝါကျ၌ ပရိဂ္ဂဟိတတ္တာ ဟိတ်၏ သမ္ဗန်ကို ဖော်ပြ၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ။ပရိဂ္ဂဟိတတ္တာ-ဟိတ်၏ သမ္ဗန်ကား တဿနဂရဿ တည်း။ ပစ္စယတ္ထကား ကမ္မတ္ထသာတည်း။ (ကံ+သမ္ဗန် စပ်ပါ)

http://www.dhammadownload.com



● (၆) ကာ- ခ-ဝါကျတို့ဖြင့် သိစေအပ်သော အာဘော်ကိုဖော်ပြ၍ သံဝဏ္ဏနာကိုလည်းရေးသားခဲ့ပါ။

ဖြေ။ ။က-ဝါကျဖြင့် ရာဇဂဟာအရ မင်းသိမ်းဆည်းအပ်သော အမှတ်မရှိသော ဝတ္ထုကို မယူရ။ "ရာဇူနံ ရာဇူဟိ ဝါ ဂဟံ ရာဇဂဟံ"ဟု ဝစနတ္ထပြု၍ ရာဇဂဟာအရ ရာဇဂြိုဟ်မည်သော မြို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျဖြင့် ရာဇအရမန္ဓာတုစကြာမင်း, မဟာဂေါဝိန္ဒ ပုရောဟိတ်စသည်တို့ကို ယူရမည်၏အဖြစ်ကိုရင်း[၁], ဂဟံပုဒ်ကို "ဂယှတီတိ ဂဟံ" ဟု ကမ္မသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၂], ဂဟံ၌ အ-ပစ္စည်း၏ ကမ္မသာဓန၌သက်သည်၏အဖြစ်ကိုရင်း[၃], ရာဇနှင့် ဂဟာကို "ရာဇူဟိ ဂဟံ ရာဇဂဟံ"ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၄] သိစေပါသည်။

- (၁) အဘိဓေယျတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။
 (၄) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

**သံဝဏ္ဏနာအကျဉ်းရေးပုံ**

နိဒါန်းနှင့် ဗြဟ္မဇာလသုတ်အဖွင့်တို့၌ သံဝဏ္ဏနာ အမည်တို့ကို သိလွယ်စေခြင်းငှါ အသီးသီးခွဲခြားခြင်း,ဝိသေသနအထူးပြ-ခြင်းစသည်တို့ဖြင့် အမည်ပေးခဲ့ပေသည်။ ဤမှနောက်၌ အောက်ပါ အကျဉ်းရေးနည်းအတိုင်း ရေးသွားပေမည်။ ရေးဆိုခဲ့ပြီးနည်းကိုမှီ၍ စာဖြေရာ၌ အကျယ်ဖြေပါလေ။ သံဝဏ္ဏနာအမည်တူတို့၌ အာဘော်ကိုထောက်၍ ကွဲပြားမှုကို သိပါ။

- ● သရုပ်ကြားအဘိဓေယျတ္ထ=အဘိဓေယျတ္ထ။
- ● ဝိဂြိုဟ်ပြုအဘိဓာနတ္ထ=အဘိဓာနတ္ထ။
- ● သမာသလိင်္ဂပဒ,သမာသလိင်္ဂတ္ထ=သမာသလိင်္ဂပဒတ္ထ။
- ● ပရိယာယ်ပြအဘိဓေယျတ္ထ=အဘိဓေယျတ္ထ။
- ● နာမလိင်္ဂတ္ထ,သဒ္ဒတ္ထ,အဘိဓေယျတ္ထ=နာမလိင်္ဂတ္ထ။

ထို့ပြင် နံပါတ် ၆- ပုစ္ဆာအတွက်သာ သင့်လျော်သောဝါကျတို့၌"အာဘောဂ,သံဝဏ္ဏနာများ"ခေါင်းစဉ်ဖြင့် ရေးသားသွားပေမည်။

http://www.dhammadownload.com



ဖြဟ္မဇာလသုတ်၌ အကျယ်ရေးသားခဲ့၍ သိတန်လောက်ရာတို့၌ အကျဉ်းရေးနည်းဖြင့် ရေးမည်ဖြစ်သော်လည်း ကြည့်ရှုရာ၌မူ အခက်အခဲတွေ့ရမည်မဟုတ်ပေ။

---

● (၇) သုညသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

ဖြေ။ ။သုညကား သုနပုဒ်+ဏျ-ပစ္စည်း။ သု+နျဟုဆိုလိုလျက် နျ-ကို ည-ပြုခြင်းဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် သုည-ဟုပြီးပါသည်။

† သုနဿ ဟိတံ သုညံ၊ နျဿ ညော။ (ဘိ-ဋီ)

---

● (၈) မဟာဂေါဝိန္ဒ၏ ပုရောဟိတ်အဖြစ်ကို သုတ်မဟာဝါ မဟာဂေါဝိန္ဒသုတ်၌ လာပါလျက် အဘယ့်ကြောင့် ရာဇဂဟံ၌ ရာဇပုဒ်ကို မဟာဂေါဝိန္ဒသဒ္ဒါဖြင့် ဖွင့်ပါသနည်း ရှင်းလင်းခဲ့ပါ။

ဖြေ။ ။မဟာဂေါဝိန္ဒပုရောဟိတ်သိမ်းဆည်းအပ်သော ရာဇဂြိုဟ်မြို့သည် ရေဏုမည်သောမင်း သိမ်းဆည်းအပ်၏ဟူသော အနက်ဖြစ်သင့်သောကြောင့် ယင်းသို့ဖွင့်ပါသည်။ မှန်၏။ လောက၌ မင်း၏အမှုလုပ် ပြုသမျှသည် မင်းပြုလုပ်သည်ပင်မည်၏။ မင်း၏အာဏာဖြင့်သာလျှင် ပုရောဟိတ်ပြုစီရင်နိုင်၏။ ယင်းသို့လျှင် မင်းသိမ်းဆည်းအပ်၏ ဟူသောအနက်၏ ဖြစ်သင့်သောကြောင့် ရာဇပုဒ်ကို မဟာဂေါဝိန္ဒသဒ္ဒါဖြင့် ဖွင့်ပါသည်။

---

(က) ဝိဟာရတီတိ အဝိသေသေန ဣရိယာပထ ဒိဗ္ဗဗြဟ္မ အရိယ ဝိဟာရေသု အညတရဝိဟာရသမင်္ဂီပရိဒီပနမေတံ။

(ခ) ဣဓ ပန ဌာနဂမနနိသဇ္ဇသယနပ္ပဘေဒေသု ဣရိယာ-ပထေသု အညတရဣရိယာပထသမာယောဂပရိဒီပနံ။

(ဂ) တေန ဌိတောပိ ဂစ္ဆန္တောပိ နိသိန္နောပိ သယာနောပိ ဘဂဝါ ဝိဟာရတိစ္စေဝ ဝေဒိတဗ္ဗော။

(ဃ) သော ဟိ ဧကံ ဣရိယာပထဗာဓနံ အညေန ဣရိယာပထေန ဝိစ္ဆိန္ဒိတွာ အပတန္တံ အတ္တဘာဝံ ဟာရတိ ပဝတ္တေတိ၊ တသ္မာ ဝိဟာရတီတိ ဝုစ္စတိ။ (ဋ္ဌ-၁၂၂)

● (၁) ဝိဟာရတိပုဒ်ကို ဃ-သံဝဏ္ဏနာနှင့်အညီအနက်ပေးပါ။

http://www.dhammadownload.com



ဖြေ။ ။ဝိဟာရတိ၊ တခုသောဣရိယာပုထ်ဖြင့် ကျင်နာသည်ကို တခုသောဣရိယာပုယ်ဖြင့်ဖြတ်၍ အတ္တဘောကိုမကျသည်ကိုပြု၍ ဆောင်တတ်၏၊ ဝါ-ဖြစ်စေတတ်၏။

---

● (၂) ခ-ဝါကျကို အနုသန္ဓေ, ဂ-ဝါကျကိုအယုတ္တာဘောဂပုစ္ဆာတက်, ဃ-ဝါကျကို လီနတ္ထရစောဒနာတက် တက်ခဲ့ပါ။

ဖြေ။ ။ **အနုသန္ဓေတက်**

ဤသို့ က-ဝါကျဖြင့် ဝိဟရတိဟူသောသဒ္ဒါသည် အထူးမှကင်းသောအားဖြင့်၊ဝါ-မထူးသောအားဖြင့်၊ဝါ-သာမညအားဖြင့် ဣရိယာပထဝိဟာရ, ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရတို့တွင် တပါးပါးသောဝိဟာရနှင့် ပြည့်စုံခြင်းရှိသည်၏အဖြစ်ကို ပြတတ်သောသဒ္ဒါတည်းဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ဒိဗ္ဗ, ဗြဟ္မ, အရိယ ဝိဟာရသုံးပါးနှင့် ဆက်ဆံသော ဤ၌ လိုအပ်သော ဝိဟာရကိုပြခြင်းငှာ ခ-ဝါကျမိန့်။

**အယုတ္တာဘောဂပုစ္ဆာတက်**

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဤ၌ရပ်ခြင်း,သွားခြင်း,ထိုင်ခြင်း, အိပ်ခြင်းအပြားရှိကုန်သော ဣရိယာပုထ်တို့တွင် တပါးပါးသောဣရိယာပုထ်နှင့် ယှဉ်ခြင်းကိုပြတတ်သော၊ဝါ-ပြကြောင်းဖြစ်သော သဒ္ဒါတည်းဟု ဆိုတော်မူ၏။ ယင်းသို့ပြသဖြင့် အဘယ်ဂုဏ်ရှိပါသနည်း၊ ဝါ-အဘယ်အကျိုးရှိပါသနည်း။ (အယုတ္တ) ရအပ်သော အကျိုးကို မပြပြီလော။ "လ"ကြောင့် ဂ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**။ ။ဂ-ဝါကျဖြင့် ထိုသို့ ပြသဖြင့် ရပ်တော်မူသော်၎င်း, သွားတော်မူသော်၎င်း, ထိုင်တော်မူသော်၎င်း, အိပ်တော်မူသော်၎င်း မြတ်စွာဘုရားကို ဝိဟရတိ မည်တော်မူ၏ဟူ၍ သိရခြင်းအကျိုးရှိ၏ဟူလိုသောဝ်။

† တေနာတိအာဒိ ယထာဝုတ္တာသံဝဏ္ဏနာယ ဂုဏာဒဿနံ။
(သီ-ဋီ-သစ်)

http://www.dhammadownload.com



## လီနတ္ထရစောဒနာတက်

ဆရာ၊ အာနန္ဒာမထေရ်သည် ဝိဟာရတိဟု ဟောတော်မူ၏။ ဝိဟာရ တိ၌ ဝိ–သဒ္ဒါသည် ဝိစ္ဆိန္ဒနတ္ထ၊ ဟာရသဒ္ဒါသည် ဟာရဏတ္ထ, ပဝတ္တနတ္ထ ဟောရကား "အဘယ်ကိုအဘယ်ဖြင့်ဖြတ်ပါသနည်း၊ အဘယ်သို့ အဘယ ၏ ဆောင်ခြင်း, ဖြစ်ခြင်းနည်း။ ဝိ–သဒ္ဒါ၏ ဝိစ္ဆိန္ဒနာကာရ, ဟာရသဒ္ဒါ၏ ဟာရဏာကာရကို မပြပြီလော။

အကယ်၍ ဝိ–သဒ္ဒါ၏ ဝိစ္ဆိန္ဒနာကာရ, ဟာရဓာတ်၏ ဟာရဏာကာရ ကို မပြချေသော် ဆရာ့အား သဒ္ဒ,အတ္ထဆန့်သော ဝိရောဓိဒေါသရောက် ရာ၏၊ (ဒေါသာရောပန) "လ"ကြောင့် ဃ–ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဃ–ဝါကျဖြင့် ထိုမြတ်စွာဘုရား၏ တခု သော ဣရိယာပုထ်ဖြင့် နာကျင်သည်ကို တခုသောဣရိယာပုထ်ဖြင့်ဖြတ်၍ အတ္တဘောကို မကျစေသည်ကိုပို့၍ ဆောင်တတ် ဖြစ်စေတတ်သောကြောင့် "ဝိဟာရတိ"ဟု ဆိုအပ်၏ဟု ဝိစ္ဆိန္ဒနာကာရ, ဟာရဏာကာရကို ပြဆိုရ ကား သင်တင်တိုင်းသော သဒ္ဒ,အတ္ထဆန့်သော ဝိရောဓိဒေါသ ငါ့အား မရောက်ဟူလိုသောဝ်။

† ကဿ ကေန ဝိစ္ဆိန္ဒနံ၊ ကထံ ဝါ ကဿ နယနန္တိ အနုတ္တော လီနစောဒနံ သန္ဓာယာဟ "သောဟိ"တိ အာဒိ။ (သိ–ဋီ–သစ်)

---

● (၃) ဂ–ဃ–ဝါကျတို့၌ ရသင့်သော စောဒကာ ဘောဂ ဒိ စတုက္ကကိုဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နန့် ဌိတော, ဂစ္ဆန္တော, နိသိန္နော, သယာနော ဘဂဝါ။

(စော+ဘော)

အထ ကသ္မာ ဝိဟာရတိတိ ဝုစ္စတိ။ (စော)

နနု သော ကော ဣရိယာပထဗာဓနံ အညေန ဣရိယာပထေန ဝိစ္ဆိန္ဒိတွာ အပတန္တံ အတ္တဘာဝံ ဟာရတိ ပဝတ္တေတိ။

(ပရိ+ဘော)

(တသ္မာ) ဝိဟာရတိတိ ဝုစ္စတိ။ (ပရိ)

http://www.dhammadownload.com

မှတ်ချက်။ ။စကုက္ကထုတ်ရာ၌ အပိသဒ္ဒါအသီးသီးကိုရှု၍ "နုန္နို ဋ္ဌိတော ဘဂဝါ။ အထ ကသ္မာ ဝိဟရတီတိ ဝုစ္စတိ" စသည် အသီးသီး ထုတ်နိုင်သည်။ ဤအခြေပြ၌ ပေါင်း၍ထုတ်သည်။

---

● (၄) က-ဝါကျ၌ ဣရိယာပထပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိ ဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဣရိယာယ ပထော ဣရိယာပထော" (ဣရိယာယ၊ ကာယပ္ပယောဂ, ကာယိကကြိယာ၏။ပထော၊ အကြောင်း တည်း။ဝါ-အကြောင်းဖြစ်သော ရပ်ခြင်း, ထိုင်ခြင်း, သွားခြင်း, အိပ် ခြင်းတည်း။)

ဝစနာဒိဆက္က။ ။ဣရိယာအရ ကာယပ္ပယောဂ, ကာယိက ကြိယာ၏အကြောင်းဖြစ်သော ရပ်ခြင်း, ထိုင်ခြင်း, သွားခြင်း, အိပ်ခြင်းနှင့် ကျိုးအကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ ရပ်ခြင်း, ထိုင်ခြင်း, သွားခြင်း အိပ်ခြင်း ဣရိယာပုထ်လေးပါး ဖြစ်သည် ဝစနီယ မည်၏။

**ဝိဂ္ဂဟမှတ်ဘွယ်များ**

ဣရိယာ။ ။"ဣရိယနံ ပဝတ္တနံ ဣရိယာ"။ ကာယပ္ပယောဂ, ကာယိက ကြိယာရ၏။

ဣရိယာပထော။ ။"ပထတိ ဂစ္ဆတိ ပဝတ္တတိ ဧတေနာတိ ပထော"။ "ဣရိယာယ ပထော ဣရိယာပထော"၊ ဌာန, နိသဇ္ဇ, ဂမန, သယန ရ၏။

ဣရိယာပထဝိဟာရ။ ။"ဣရိယာပထေဝ ဝိဟာရော ဣရိ ယာပထဝိဟာရော"။ ရပ်ခြင်း, ထိုင်ခြင်း စသော အခြင်းအရာအားဖြင့် ဖြစ်သော ရူပသန္တတိပဗန္ဓရ၏။

**ဒိဗ္ဗဝိဟာရမှတ်ဘွယ်**

"ဒိဝိ ဘဝေါ ဒိဗ္ဗော"၊ ဒိဝ–ပုဒ်+ဏျ-ပစ္စည်း။ ပြဟ္မပါရိသဇ္ဇာ စသော ပြဟ္မလောက၌ဖြစ်သော အစွမ်းသတ္တိ အာနုဘာဝရ၏။

http://www.dhammadownload.com



"ဒိဗ္ဗာယ သံဝတ္တတီတိ ဒိဗ္ဗော"။ ဒိဗ္ဗ ပုဒ်+ဏ-ပစ္စည်း။ဒိဗ္ဗာနုဘာဝ အကျိုးငှာဖြစ်သော မဟဂ္ဂုတ်စျာန်ရ၏။ "ဒိဗ္ဗော စ သော ဝိဟာရော စာတိ ဒိဗ္ဗဝိဟာရော"၊ ၎င်းမဟဂ္ဂုတ်စျာန်ပင်ရ၏။

တနည်း။ ။ "အဘိညာဘိနီဟာရဝသေန ဒိဗ္ဗတိ ပဝတ္တတီတိ ဒိဗ္ဗော"။ ဒိဝု-ဓာတ်+ဏျ-ပစ္စည်း။၎င်းမဟဂ္ဂုတ်စျာန်ပင်ရ၏။ဝိဟာရနှင့် ရှေးနည်းအတိုင်းတွဲပါ။

## ဗြဟ္မဝိဟာရမှတ်ဘွယ်

"ဗြဟ္မာနံ ဝိဟာရော ဗြဟ္မဝိဟာရော"။ မေတ္တာစျာန် စသော အပ္ပမညာ လေးပါးရ၏။

တနည်း။ ။ "ဗြဟ္မာနော ဝိဟာရော ဗြဟ္မဝိဟာရော"။ ယင်း မေတ္တာစျာန် စသော အပ္ပမညာ လေးပါးပင်ရ၏။ ဗြဟ္မာနော၊ မြတ်ကုန်သော။ ဝိဟာရော၊ နေခြင်းတို့တည်း ဟု အနက်ပေး။ ကမ္မဓာရယ်သမာသ်တည်း။

## အရိယဝိဟာရမှတ်ဘွယ်

"အရိယာနံ ဝိဟာရော အရိယဝိဟာရော"။ ဖလသမာပတ်လေးပါးရ၏။ တနည်း။ "အရိယာ ဥတ္တမာ ဝိဟာရာ အရိယဝိဟာရာ"။ ယင်းဖလသမာပတ်လေးပါးပင်ရ၏။

## ဤ၃ ဝိဟာရတို့အရကား

မြတ်စွာဘုရား၏ ဝိဟာရဖြစ်၍ "ဒိဗ္ဗဝိဟာရ" အရ ရူပါဝစရ စတုတ္ထစျာန်။ "ဗြဟ္မဝိဟာရ" အရထိုစတုတ္ထစျာန်၏ အစွမ်းဖြင့် ဖြစ်သော အပ္ပမညာ။ "အရိယဝိဟာရ" အရ စတုတ္ထစျာန်ိကအဂ္ဂဖလသမာပတ်ကိုယူ။

---

● (၅) ဃ-ဝါကျ၌ တသ္မာနောက်ဝယ်ဖြစ်သင့်သောဟိတ်ကို ဖော်ပြ၍ ယင်းဟိတ်၏သမ္ဗန်ကိုလည်းဖော်ပြပါ။

ဖြေ။ ။တသ္မာနောက်၌ ဖြစ်သင့်သော ဟိတ်ကား ဟာရဏတ္ထာ ပင်တည်း။ (ဟာရတ္တာ-ဟူ၍လည်းရေးနိုင်သည်။ ဟာရတိ-ကို ပြုင်သည်။)

http://www.dhammadownload.com



ယင်းဟိတ်၏သမ္ဗန်ကား တဿ ဘဂဝတောတည်း။ (သော-ကို အစွဲနှင့်တတ္ထသမ္ဗန်ခံသည်။)

---

● (၆) က-ခ-ဂ-ဃ ါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျဖြင့် ဝိဟရတိသဒ္ဒါသည် ဣရိယာပထဝိဟာရ, ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရတို့တွင် တပါးပါးသော ဝိဟာရနှင့် ပြည့်စုံခြင်း, တကွ ဖြစ်ခြင်းရှိသော မြတ်စွာဘုရား၏အဖြစ်ကို ပြတတ်သော သဒ္ဒါတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ထနည်း။ ။က-ဝါကျဖြင့် ဝိဟရတိ၌ ဝိ-ဥပသာရ၏ ဝိဝိဓ အနက်ကိုဟောသည်၏ အဖြစ်ကိုင်း°, ဟရဓာတ်၏ဟရဏတ္ထ၏ အဖြစ်ကိုင်း၂ သိစေပါသည်။ (သီ-ဋီ-သစ်အလို)

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဓာတွတ္ထ။

† ဣမေဟိ ဒိဗ္ဗဗြဟ္မအရိယဝိဟာရေဟိ သတ္တာနံ ဝိဝိဓံ ဟိတသုခံ ဟရတိ။ (သီ-ဋီ-သစ်)

ခ-ဝါကျဖြင့် ဝိဟရတိ သဒ္ဒါသည် ဣရိယာပထဝိဟာရ၏ ဒိဗ္ဗ, ဗြဟ္မ, အရိယဝိဟာရတို့နှင့်ဆက်ဆံရကား ဤ၌ ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း, အိပ်ခြင်း အပြားရှိကုန်သော ဣရိယာပုထ်တို့တွင် တပါးပါးသော ဣရိယာပုထ်နှင့်ယှဉ်ခြင်းကို ပြတတ်သောသဒ္ဒါတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

တနည်း။ ။ခ-ဝါကျဖြင့် ဝိဟရတိ၌ ဝိ-ဥပသာရ၏ ဝိစ္ဆိန္ဒနတ္ထ၏ အဖြစ်ကိုင်း°, ဟရဓာတ်၏ ပဝတ္တနတ္ထ၏ အဖြစ်ကိုင်း၂ သိစေပါသည်။ (သီ-ဋီ-သစ်အလို)

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဓာတွတ္ထ။

ဃ-ဝါကျ၌ ဝိစ္ဆိန္ဒိတွာဖြင့် ဝိဟရတိ၌ ဝိ-ဥပသာရ၏ ဝိစ္ဆိန္ဒနတ္ထ၏ အဖြစ်ကိုင်း°, ဟရတိ ပဝတ္တေတိဖြင့် ဟရဓာတ်၏ ဟရဏတ္ထ, ပဝတ္တနတ္ထ၏ အဖြစ်ကိုင်း၂ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဓာတွတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ၌ ကေ ဣရိယာပထဗ္ဗာဓနံ အဉာန ဣရိယာပထ-ဗာဓနေနပြင့် ဖြတ်၏(ဝိစ္ဆိန္ဒိတ္ဝာ) ဟူသည် တခုသောဣရိယာပုထ်ဖြင့် နာကျင်သည်ကို တခုသော ဣရိယာပုထ်ဖြင့် ဖြတ်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ အပတန္တံ အတ္တဘာဝံဖြင့် ဆောင်၏ (ဟရတိ) ဟူသည် အတ္တဘောကို မကျစေသည်ကို ပြု၍ ဆောင်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

---

● (၇) ဣရိယာပထ၌ ဣရိယာ သဒ္ဒါ၏ နိရုတ္တိနည်းကို ဖော်ပြပါ။

ဖြေ။ ။ဣရိယာကား အရ-ဓာတ်+ဏျ-ပစ္စည်း၊ အရိယာ ဟူလိုလျက် အရ-ကို ဣရ-ပြုခြင်း ဝဏ္ဏကာရနိရုတ္တိနည်းဖြင့် ဣရိယာဟု ပြီးပါသည် (ပါရာဇိကဏ်ဂဏ္ဌိသစ်)

မှတ်ချက်။ ။အသေးစိတ် ရုပ်ပြီးပုံကား အရ+ဏျ။ အနုဗန်ကိုချေ။ အရ-ကို ဣရပြု၊ ရ-ထံက်၌ ဣ အာဂုံလာ၊ ဣတ္ထိလိင်ဇောတက အာ-ပစ္စည်းသက်၍ ဣရိယာဟု ပြီးပါသည်။

---

● (၈) မြတ်စွာဘုရားသည် တခုသော ဣရိယာပုထ်ဖြင့်သာလျှင် ကြာမြင့်စွာသော ကာလပတ်လုံး နေခြင်းငှါ၊ ဝါ-ဖြစ်ခြင်းငှါ စွမ်းနိုင်ပါလျက် အဘယ့်ကြောင့် ကေ ဣရိယာပထဗာဓနံ စသော စကားကို အဋ္ဌကထာဆရာ ဆိုပါသနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် တခုသောဣရိယာပုထ်ဖြင့်သာလျှင် ကြာမြင့်စွာသော ကာလပတ်လုံး နေခြင်း ဖြစ်စေခြင်းငှါ စွမ်းနိုင်ပါသော်လည်း ဥပါဒိန္နက ခန္ဓာကိုယ်အား ဤသို့သော နာကျင်ခြင်းသဘောရှိသတည်းဟု သိစေလိုသောကြောင့် ကေ ဣရိယာပထ ဗာဓနံ စသော စကားကို အဋ္ဌကထာဆရာဆိုရပါသည်။

† ဥပါဒိန္နကသရီရဿ နာမ အယံ သဘာဝေါတိ ဒဿေတုံ ကေ ဣရိယာ ပထဗာဓနန္တိ အာဒိ ဝုတ္တံ။ (သီ-ဋီ-သစ်)

http://www.dhammadownload.com



(က) ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေတိ ဣဒမဿ ယံ ဂေါစရဂါမံ ဥပနိဿာယ ဝိဟာရတိ၊ တဿ သမီပေ နိဝါသနဋ္ဌာန ပရိဒီပနံ။

(ခ) တသ္မာ ရာဇဂဟေ "လ" အမ္ဗဝနေတိ ရာဇဂဟသမီပေ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ ဝိဟာရတီတိ ဧဝ မေတ္ထ အတ္ထော ဝေဒိတဗ္ဗော။

(ဂ) သမီပတ္ထေဟေတံ ဘုမ္မဝစနံ။

(ဃ) တတ္ထ ဇီဝတီတိ ဇီဝကော၊ ကုမာရေန ဘတောတိ ကောမာရဘစ္စော။ (ဋ္ဌ-၁၂၂)

● (၂) ဂ-ဝ ပါကျကိုသာ စောဒနာ တက်ခဲ့ပါ။

ဖြေ။ ။ စောဒနာတက်ပုံ

ဆရာ၊ ဆရာသည် ခ-ဝ ပါကျ၌ ရာဇဂဟသမီပေဟု ဆိုတော်မူ၏။ သံဝဏ္ဏေတဗ္ဗပါဠိတော်၌ "ရာဇဂဟေ"ဟူ၍သာရှိသည် မဟုတ်တုံလော။ ဆရာ့စကားသည် အသို့လျှင် သင့်ပါအံ့နည်း။ အကယ်၍ အသင့်ယုတ္တိ မပြဆိုချေသော် ဆရာ့အား-ဒဋ္ဌိယ, ဒဋ္ဌိကရဏ ဆန္ဒသော ဝိရောဓိဒေါသ ရောက်ရာ၏....ကြောင့် ဂ-ဝ ပါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဂ-ဝ ပါကျဖြင့် ဤရာဇဂဟဟူသော ပုဒ်သည် သမီပအနက်၌ သတ္တမီဝိဘတ်နှင့် ယှဉ်သော ပုဒ်တည်း။ဟု ငါပြဆိုရကား သင်တင်တိုင်းသော ဒဋ္ဌိယ,ဒဋ္ဌိကရဏ ဆန္ဒသော ဝိရောဓိဒေါသ ငါ့အား မရောက် ဆိုတန်၏ဟူလိုသောဝ်။

---

● (၃) ခ-ဂ-ဝ ပါကျတို့ကို မြှော်၍စောဒကာဘောဂါဒီ စတုက္က ထုတ်ပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "ရာဇဂဟေ"တိ ဝုတ္တံ။ (စော+ဘော)
အထ ကသ္မာ "ရာဇဂဟ သမီပေ" တိ တယာ ဝုတ္တံ။ (စော)
နနု သမီပတ္ထေ တေံ ဘုမ္မဝစနံ။ (ပရိ+ဘော)
(တသ္မာ)"ရာဇဂဟသမီပေ"တိ မယာ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။ကျမ်းတက်နှင့်ညှိ၍ ရှုလေ။

http://www.dhammadownload.com



● (၄) ဘုမ္မဝစနံ ပုဒ်ကို အစိတ် အပေါင်း ဝစနတ္ထ ပြု၍ အပေါင်း ဝစနတ္ထကိုသာ ဝစနာဒိဆက္က ခွဲပေပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဘဝန္တိ ဧတ္ထာတိ ဘုမ္မိ"။ "ဘုမ္မမေဝ ဝစနံ ဘုမ္မဝစနံ"။ "ဘုမ္မေ ဝါ ပဝတ္တံ ဝစနံ ဝိဘတ္တိ ဘုမ္မဝစနံ"။(အစိတ်)

"ဘုမ္မဝစနေန ယုတ္တန္တိ ဘုမ္မဝစနံ"။ (အပေါင်း)

ဝစနာဒိဆက္က။ ။ဘုမ္မဝစနအရ သတ္တမီဝိဘတ်၏ ယုတ္တံ အရ ယှဉ်သော ရာဇဂဟပုဒ်နှင့် သဟာဒိယောဂ, သဟာဒိယောဂဝန္တဗာဖြစ်ဖြင့် စပ်ခြင်းကြိယာကာရကသမ္ဗန်သည် ဝစနဟေတု မည်၏။ ရာဇဂဟ ပုဒ်ဒြဗ်သည် ဝစနီယ မည်၏။ သတ္တမီဝိဘတ္တိယုတ္တပဒံ စသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ဤဝိဂ္ဂဟတို့တွင် သီ-ဋီ-သစ်နှင့်အညီ ဝိဂ္ဂဟတို့ပင်။ ပါရာဇိကဏ် ဂဏ္ဌိသစ်၌ တနည်း ဝိဂ္ဂဟပြုသေး၏။ သုတ္တန်အရာ ဖြစ်၍ ဤ၌မလိုပေ။

---

● (၆) ဂ-ဃ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော် ပြပါ။

ဖြေ။ ။ဂ-ဝါကျ၌ သမီပတ္ထေဖြင့် ရာဇဂဟေ၌ သို့ဝိဘတ်၏ သမီပတ္ထ ၌သက်သည်၏ အဖြစ်ကိုရှင်း°, ယင်းအာဓာရသည် မုချာဓာရ မဟုတ်၊ သာမီပိကာဓာရ၊ဝါ-သမီပူပစာ၏ အဖြစ်ကိုရှင်း၊, ဘုမ္မဝစနံဖြင့် ရာဇဂဟေ၌ ဧ-သဒ္ဒါသည် ဒုတိယာယော ဝိဘတ်၏ကာရိယမဟုတ်၊သတ္တမီ ဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုရှင်း၊ သိစေပါသည်။

(၁) ဝိဘတျတ္ထ။ (၂) ဘာဝတ္ထ။ (၃) ဝိဘတ္တိပဒ။

ဃ-ဝါကျ၌ ဇီဝတိဖြင့် ဇီဝကောပုဒ်ကို "ဇီဝတီတိ ဇီဝကော"ဟု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရှင်း°, ဏ္ဍု-ပစ္စည်း၏ ကတ္တုသာ ဓနေ၌သက်သည်၏အဖြစ်ကိုရှင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

F.59 B

http://www.dhammadownload.com



● (၇) ကောမာရဘစ္စ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။ကောမာရဘစ္စကား ကုမာရဘတ ဟု ဆိုလိုလျက် ကု-၌ ဥ-ကို ဩပြုခြင်း ဝဏ္ဏဝိကာရ, တ-ကို စ-ပြုခြင်း ဝဏ္ဏ ဝိကာရ, စ-ဒွေဘော်လာခြင်း ဝဏ္ဏာဂမ နိရုတ္တိနည်းဖြင့် ကောမာရဘစ္စ ဟု ပြီးပါသည်။

မှတ်ချက်။ ။"သကတ္တာဝုတ္တိ ပစ္စယေန" ဟူသော ဋီကာသစ်ပထမနည်းအလိုကား ကုမာရဘတပုဒ် သကတ္ထ၌ ဏျ-ပစ္စည်းသက်။ ကု-၌ ဥ-ကို ဩပြု၊ ဏ-အံနုဗန်ချေ၊ တ-ကို ယ-သို့ကပ်။ ကောမာရဘတျဖြစ်၏။ ယဝတံ သုတ်ဖြင့် တျ-ကို စ-ပြု၊ ဒွေဘော်လာ၍ပြီးသည်။

† ကုမာရဘတော ဧဝ ကောမာရဘစ္စော သကတ္ထဝုတ္တိပစ္စယေန။ နိရုတ္တိနယေန ဝါ၊ ယထာ ဘိသဂ္ဂမေဝ ဘေသဇ္ဇံ။ (သီ-ဋီ-သစ်)

---

● (၈) ယပိပတ္တောဟောတံ ဘုမ္မဝစနံဖြင့် အဘယ်သို့သော စောဒနာမျိုးကို တားမြစ်ပါသနည်း။

ဖြေ။ ။ရာဇဂဟေ အမ္ဗဝနေ ဟူသော အဓိကရဏနှစ်ပါးသည် အဓိကရဏ၏ အဓိကရဏမရှိသင့်သောကြောင့် မသင့်ဟူသော စောဒနာကို တားမြစ်ပါသည်။

---

(က) အစုတေဠသေဟိ ဘိက္ခုသတေဟီတိ အစုသတေန ဦနေဟိ တေရသဘိက္ခုသတေဟိ။

(ခ) ရာဇတိ အတ္တနော ဣဿရိယသမ္ပတ္တိယာ စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံ ရဉ္ဇေတိ ဝဍ္ဎေတီတိ ရာဇာ။

(ဂ) မဂဓာနံ ဣဿရောတိမာဂဓော။ အဇာတောယေဝရညော သတ္တု ဘဝိဿတီတိ နေမိတ္တကေဟိ နိဒ္ဒိဋ္ဌောတိ အဇာတသတ္တု။ (ဋ္ဌ-၁၂၃)

http://www.dhammadownload.com



## အာဘောဂ သံဝဏ္ဏနာများ

က-ဝါကျဖြင့် အစုအရ တပါးသောသချ်ာတို့၏ အစုကိုမယူရ။ တရာ၏ အစု, တရာ၏ထက်ဝက်ကိုယူရမည်၏ အဖြစ်ကိုငှင်း³, အစုံနှင့်ခတ ဌသ-ကို "အစေ့န တေဋ္ဌသ အစုတေဋ္ဌသ" ဟု တတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း², တေရသ ဟူလိုလျက် ရ-ကို ဋ္ဌ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ရုပ်ပြီးသည်၏အဖြစ်ကိုငှင်း³, ဤ၌ မိဿက သချ်ာမဟုတ်၊ သမ္ဗန္ဓသချ်ာ၏အဖြစ်ကိုငှင်း⁴ သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၃) (၄) ဘာဝတ္ထ။

မှတ်ချက်။ ။အစုတေဋ္ဌသဟိကို "အစေ့န သဟ တေရသ တေသန္တိ အစုတေဋ္ဌသာနိ"ဟု မဇ္ဈေလောပီ စတုတ္ထီ ⁄ဗဟုဗ္ဗိဟိပြု ဟု နိဿျဟောင်း၌မှာ၏။ ဝါဒန္တရဟုမှတ်။ ဋီကာသစ်နှင့်သော်ကားမညီပေ။

ခ-ဝါကျ၌ ရာဇတိဖြင့် ရာဇပုဒ်ကို "ရာဇတီတိ ရာဇာ"ဟု သုဒ္ဓ ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း¹, အ-ပစ္စည်း၏ သုဒ္ဓ ကတ္တု သာနဓ၌ သက်သည်၏အဖြစ်ကိုငှင်း², ရာဇ်ဓာတ်၏အဖြစ်ကိုငှင်း³, အတ္တနောဏ္ဍာရိယသမ္ပတ္တိယာဖြင့် ထွန်းပတတ်၏ဟူသည် မိမိ၏ အစိုးရခြင်း, စည်းစိမ်နှင့် ပြည့်စုံခြင်းဖြင့် ထွန်းပတတ်သတည်း ဟူဖသော အဓိပ္ပါယ်ကိုငှင်း⁴ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိပစ္စယတ္ထ။ (၃) ဒုတိယဓာတုပဒ။ (၄) ဘာဝတ္ထ။

ခ-ဝါကျ၌ ရဉ္ဇေတီတိဖြင့် ရာဇာပုဒ်ကို "ရဉ္ဇေတီတိ ရာဇာ" ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း¹, ဏ-ပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုငှင်း², ရဉ္ဇ ဓာတ်၏ အဖြစ်ကိုငှင်း³, စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံဖြင့် နှစ်သက်စေ၏ ဟူသည် လေးပါးကုန်သော သင်္ဂဟဝတ္ထုတို့ဖြင့် နှစ်သက်စေသတည်းဟူသော အဓိပ္ပါယ်ကိုငှင်း⁴, ဝဍေတိဖြင့် နှစ်သက်စေ၏ဟူသည် ပွားစေခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုငှင်း⁵ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဒုတိယဓာတုပဒ။ (၄) (၅) ဘာဝတ္ထ။

http://www.dhammadownload.com



ဂ-ဝါကျ၌ မာဂဓာနံ ဃောသရော့ဖြင့် မာဂဓေဘာ့ပုဒ်ကို "မဂဓာနံ ဃောသရော မာဂဓော"ဟု ဃောသရတဒ္ဓိတ် ဝိဂ္ဂနတ္တ ပြုရမည်၏ အဖြစ်ကို ၎င်း¹,ဏ-ပစ္စည်း၏ ဃောသရ တဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကို၎င်း² သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ဂ-ဝါကျ၌ အဇာတော ယေဝ သတ္တုဖြင့် အဇာတသတ္တုပုဒ်ကို "အဇာတော ယေဝ သတ္တု အဇာတသတ္တု"ဟု အဝဓာရဏ ကမ္မဓာရယ် သမာသ် ဝိဂ္ဂနတ္တ ပြုရမည်၏ အဖြစ်ကို၎င်း¹, ရဉ္ဇာဖြင့် ရန်သူဟူသည် တပါးသော ပုဂ္ဂိုလ်၏ ရန်သူမဟုတ် ဗိမ္ဗိသာရမင်း၏ ရန်သူ၏ အဖြစ်ကို ၎င်း², နေမိတ္တကေဟိ နိဒ္ဒိဋ္ဌောဖြင့် မမွေးဖွားသေးသော ထိုသူငယ်အား မင်း၏ရန်သူဖြစ်သေးသည်မဟုတ်၊ အဟုတ်သော်ကား ရန်သူဖြစ်လတံ့ကို ရည်၍ နေမိတ္တကတို့ နိမိတ်ဘတ်သည်ကိုစွဲ၍ အဇာတသတ္တု မည်သည်၏ အဖြစ်ကို၎င်း³ သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) (၃) ဘာဝတ္ထ။

မှတ်ချက်။ ။ကိုယ်ဝန်ရှိစဉ် မိဖုရားကြီးအား မင်းကြီး၏ လက်မောင်းသွေးကို သောက်လိုသော ချင်ခြင်းဖြစ်ရကား မမွေးဖွားမီကပင် မင်းကြီး၏ ရန်သူဖြစ်သည်ဟု ဝဒန္တိ ဆရာတို့ ဆိုကြ၏။

---

● (ဂ) သရီရံ စတုမဓုရေန မက္ခေတွာ၌ စတုမဓု ဖော်စပ်ပုံကို အာစရိယဝါဒ, မဇ္ဈိမဒေသ, မြန်မာနိုင်ငံ အလိုက်ဖော်ပြပါ။

ဖြေ။ ။အာစရိယဝါဒ။ ။စတုမဓု ဖော်စပ်ပုံ-သပ္ပိ၊ ထောပတ်။ သက္ကာရ၊ သကာ၊ဝါ-သကြား။ မဓု၊ပျားရည်။ နာဠိကေရတေလ၊အုန်းဆီ။ ယင်းလေးပါးတို့ဖြင့် ဖော်စပ်သည်။

မဇ္ဈိမဒေသ။ ။စတုမဓု ဖော်စပ်ပုံ-ဒဓိ၊ နို့ဓမ်း၊ ဝါ-နို့ချဉ်။ သပ္ပိ၊ ထောပတ်။ မဓု၊ ပျားရည်။ ဖာဏိတ၊ တင်လဲ။ ယင်းလေးပါးတို့ဖြင့် ဖော်စပ်သည်။

မြန်မာနိုင်ငံ၌။ ။စတုမဓုဖော်စပ်ပုံ- နှမ်းဆီ, ပျားရည်,ထောပတ်,တင်လဲ တို့ဖြင့်ဖော်စပ်သည်။

http://www.dhammadownload.com



* စတုမဓူရသာ၊ သကာတခြား၊ ပျားလည်းမလွတ်၊ ထောပတ် အုန်းဆီ၊ အညီဖော်မြောက်။ (ဂဗ္ဘိသာရ)

---

● (၈) ရာဇာ တဿာ သရီရံ လေဟိတွာ ယာပေတိဥ္စ မင်းသည် မိဖုရား၏ကိုယ်ကို လျက်သည်ဟုဆိုရာ သောတာပန်ဖြစ်၍ ဂတိမြဲပြီးသော ဗိမ္ဗိသာရမင်းသည် သေဘေးကိုကြောက်၍လည်း ဤသို့ပြုပါသလော၊ ဖြေဆိုခဲ့ပါ။

ဖြေ။ ။အရိယာပုဂ္ဂိုလ်တို့မည်သည် မိမိကိုယ်တိုင် မိမိကိုယ်ကို မသတ်ကုန်ရကား မိမိလုံ့လဖြင့် မသေသင့်ဟု နှလုံးသွင်း၍ ဤသို့ပြုပါသည်။

---

(က) ဝေဒေဟိ ပုတ္တောတိ အယံ ကောသလရညော ဓီတာယ ပုတ္တော၊ န ဝိဒေဟ ရညော။

(ခ) ဝေဒေဟီတိ ပန ပဏ္ဍိတာဓိဝစနမေ တံ။

(ဂ) ယထာဟ "ဝေဒေဟိကာ ဂဟပတာနီ, အယျော အာနန္ဒော ဝေဒေဟမုနီ"တိ။

(ဃ) တတြာယံ ဝစနတ္ထော-ဝိဒန္တိ ဧတေနာတိ ဝေဒေါ၊ ဉာဏဿေတံ အဓိဝစနံ။ ဝေဒေန ဤဟတိ ဃဋတိ ဝါယမတီတိ ဝေဒေဟီ။ ဝေဒေဟိယာ ပုတ္တော ဝေဒေဟိ ပုတ္တော။

(င) တဒဟူတိတသ္မိံ အဟု၊တသ္မိံ ဒိဝသေတိ အတ္ထော။ (ဠ-၁၂၂)

●(၂) က-ဝါကျကိုလိုနန္ဒရစောဒနာ,ခ-ဝါကျကို သာဘောဂ ပုစ္ဆာ, ဂ-ဝါကျကို အနုသန္ဓေတက်ခဲ့ပါ။

ဖြေ။ ။ လီနန္ထရစောဒနာတက်

ဆရာ၊မြတ်စွာဘုရားသည်"ဝေဒေဟိပုတ္တော" ဟုဟောတော်မူ၏။ ဤအဇာတသတ်သည် ဝိဒေဟမင်း၏သမီး၏သားဖြစ်ပါသလော။အဘယ် သူ၏သားဖြစ်ပါသနည်း။ အကယ်၍ ဝေဒေဟိပုတ္တအရ ဖြစ်သင့်သော

http://www.dhammadownload.com



အတ္ထကို မပြဆိုချေသော် မြတ်စွာဘုရားအား သဒ္ဒ, အတ္ထဆန့်သော ဝိရောဓိဒေါသ, အလွန်ပြန့်နှံ့သော အတိဗျာပိတ ဒေါသ ရောက်ခဲ့ရာ၏။ ဝါ-ရောက်ရာသည်မဟုတ်လော....ကြောင့် အယံကောသလရညော စသော ပါဌ်ကိုမိန့်။

**အဓိပ္ပါယ်ကား။** ။အယံကောသလရညော စသော ပါဌ်ဖြင့် ဝေဒေဟိပုတ္တောဟူသည် မဟာကောသလမင်း၏သမီး၏သား အဇာတသတ်တည်း။ ဝိဒေဟမင်း၏သမီး၏ သားမဟုတ်ဟု ငါပြဆိုရကား သင်တင်တိုင်းသော ဝိရောဓိဒေါသ, အတိဗျာပိတဒေါသ မြတ်စွာဘုရားအားမရောက်ဟူလိုသောဝ်။

## သာဓောဂ ပုစ္ဆာတက်

ဆရာ၊ဆရာသည် က-ဝါကျဖြင့် ဤအဇာတသတ်သည် မဟာကောသလမင်း၏သမီး၏သားတည်း။ ဝိဒေဟမင်း၏ သမီး၏သားမဟုတ်ဟု ဖွင့်ဆိုတော်မူ၏။ ဝိဒေဟမင်း၏ သမီး၏သားမဟုတ်။ ကောသလမင်း၏သမီး၏သားဟုတ်ခဲ့သော် ကောသလပုတ္တောဟု ဆိုကောင်းသည် မဟုတ်လော။ ဝေဒေဟိ သဒ္ဒါ၏အဘယ်အနက်ဖြင့်၊ဝါ-အဘယ်အနက်ကြောင့် ဝေဒေဟိပုတ္တောဟု ဆိုနိုင်ပါသနည်း....ကြောင့် ခ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဝါကျဖြင့် ဝေဒေဟိအမည်သည် ပညာရှိအနက်ကိုဟောနိုင်သောကြောင့်၊ ဝါ-ပညာရှိ၏အမည်ဖြစ်သောကြောင့် ဝေဒေဟိပုတ္တောတိ အယံ စသော စကားကို ဖွင့်ဆိုနိုင်၏ဟု ငါပြဆို၏ဟူလိုသောဝ်။

## အနုသန္ဓေတက်

ဤသို့ ခ-ဝါကျဖြင့် ဝေဒေဟိဟူသော အမည်သည် ပညာရှိ၏ အမည်ဟုပြတော်မူပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် ဥဒါဟရဏ်ဖြင့် ပြီးစေလိုရကား၊ ဝါ-ပြီးစေတော်မူလိုသော ဆရာသည် ဂ-ဝါကျကိုမိန့်။

---

● (၃) က-ခ-ဝါကျ၌ရအပ်သော စောဒကာသောဂ ဒိုစတုက္ကကို ဖော်ပြ၍ တဒဟု ပေါ်သထေ ၌ ဥပေါသထ သဒ္ဒါ၏ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဓေသ တို့ကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ဝိဒေဟာသာရညော ဓီတာ ဝေဒေဟီတိ အတ္တော သမ္ဘဝတိ။
(စော+ဘော)

အထ ကသ္မာ အယံ ကောသလရညော ဓီတာယ ပုတ္တော။

န ဝိဒေဟ ရညောတိ ဝုတ္တံ။ (စော)

နနု ဝေဒေဟီတိ ပဏ္ဍိတာဓိဝစနမေတံ။ (ပရိ+ဘော)

(တသ္မာ) အယံ ကောသလရညော ဓီတာယံ ပုတ္တော။န ဝိဒေဟ ရညောတိ ဝုတ္တံ။ (ပရိ)

အတ္ထုဒ္ဓါရ

ဥပေါသထ သဒ္ဒါသည် ပါတိမောက္ခုဒ္ဒေသ, ပဏ္ဏတ္တိ,ဥပဝါသ, သီလ,ဥပေါသထဒိန အနက်တို့၌ဖြစ်ပါသည်။

အတ္ထုဒ္ဒေသ

ဤ၌ ဥပေါသထ သဒ္ဒါသည် ဥပေါသထဒိန(ဥပုသ်နေ့)အနက်၌ ဖြစ်ပါသည်။

---

● (၄) တဒဟု-သဒ္ဒါကို ဝစနတ္ထပြု၍ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"သောယေဝ အဟောတိ တဒဟော" (တသ္မိံ-တဒဟု)

ဝစနာဒိဆက္က။ ။ဥပုသ်နေ့ဟု မှတ်သားအပ်ပြီးသော နိယမတ္တဘောဂုဏ်၏ ဂုဏဖြစ်သော နေ့ဒြပ်နှင့်ဂုဏ်,ဂုဏ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။ ဥပုသ်နေ့ဒြပ်သည် ဝစနီယ မည်၏။ တသ္မိံ ဒိဝသေ စသော ပရိယာယ်သည် ဝစနီယတ္ထမည်၏။

---

● (၅) ဝိတ္ထာရနယော ခန္ဓကေ အာဂတော၊ အာဂတတ္ထာ ပန သဗ္ဗံ န ဝုတ္တံ၌အာဂတတ္ထာ ဟိတ်၏သမ္ဗန်ကို ဖော်ပြပါ။

ဖြေ။ ။အာဂတတ္ထာ ဟိတ်၏ သမ္ဗန်ကား ဝိတ္ထာရ ကထာ နယသာတည်း။ (ဝိတ္ထာရကထာ နယောကို ပြင်၍ သမ္ဗန်ခံ၊ ကတ္တား သမ္ဗန်စပ်၊ ပစ္စယတ္ထကားကတ္တတ္ထတည်း။)

---

http://www.dhammadownload.com



● (၆) ဃ–င–ဝါကျ တို့၌ အာဘော် သံဝဏ္ဏနာ တို့ကို ဖော်ပြပါ။

† ကေတိ ဥတ္တရဝိဟာရဝါသိနော။ (သီ-ဋီ-သစ်)

---

(က) တတ္ထ သမ္မာတိ ဝယဿာဘိလာပေါ သော။

(ခ) ကစ္စိ မံ ဝယဿာတိ ဝုတ္တံ ဟောတိ။

(ဂ) န ပလမ္ဘေသီတိ ယံ နတ္ထိ တံ အတ္ထိတိ ဝတွာ ကစ္စိ မံ န ဝိပ္ပ လမ္ဘေယျာသိ။

(ဃ) နိဂ္ဃောသောတိ ကထာသလ္လာပနိဂ္ဃောသော။ (ဋ္ဌ-၁၃၇)

အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ ဝယဿာဘိလာပေါသော-ဖြင့် သမ္မာ-သဒ္ဒါ၏ အတူဟူသောအနက်(သမာနတ္ထ)ကိုဟောသည်၏ အဖြစ်ကိုဋ္ဌင်း¹, အတူ၏ အဖြစ်(သမာနဘာဝ)ဟူသည်အရွယ်အားဖြင့်တူသည်၏ အဖြစ်ပင်တည်းဟူသောအဓိပ္ပါယ်ကိုဋ္ဌင်း² သိစေပါသည်။ (၁) နိပါတလိင်္ဂတ္ထ။ (၂) ဘာဝတ္ထ။

မှတ်ချက်။ ။ဝယဿာဘိလာပေါ-ပုဒ်ကို "ဝယေန သမာနော ဝယသော၊အဘိလပနံ အာလပနံ အဘိလာပေါ၊ဝယသေန အဘိလာပေါ ဝယဿာဘိလာပေါ"ဟု အစိတ်,အပေါင်း ဝစနတ္ထပြုလေ။

ဝယသ-သဒ္ဒါကား ဝယသမာန-ဟု ဆိုလိုလျက် သမာန-သဒ္ဒါကို သ-ပြုခြင်း,ဝဏ္ဏဝိကာရ နိရုတ္တိဖြင့် ဝယသ-ဟုပြီးသည်။ ဟရိဝဏ္ဏော-၌ ဟရိသမာနဝဏ္ဏော-ဟု ဆိုလိုလျက် သမာန-သဒ္ဒါကို သ-ပြု၍ ဟရိသဝဏ္ဏော-ပြီးသကဲ့သို့ပေတည်း။ သ-ကာရိယ-အကျယ်ကို ရေးသားခဲ့ပေပြီ။ ဟရိဿဝဏ္ဏောရှိရာ၌-သံကား ဆန္ဒာနုရက္ခဏာဒွေဘော်တည်း။

http://www.dhammadownload.com



သမ္မ-သဒ္ဒါ၌, သမ္မာ-သဒ္ဒါ, မာရိသ-သဒ္ဒါ, မာရိသာ-သဒ္ဒါတို့ကို ပထမာကေဝုစ်, ဗဟုဝုစ်, အာလုပ်-၌သာ တွေ့မြင်ရသောကြောင့် နိပါတ်ပုဒ်၌သွင်းရမည်ဟု သဒ္ဒနီတိ ဆရာဆို၏။

* သမ္မ, သမ္မာ၊ မာရိသာ, မာရိသ၊ လေးပဒကို၊ ပထမာကေ၊ ဝစန, ဗဟု၊ အာလုပ်စုဠ်၊ မျက်ရှုတပ်အပ်၊ တွေ့မြင်လတ်ကြောင့်၊ နိပါတ်၌သာ၊ ထည့်သွင်းရာ၊ ဆရာနီတိအလိုတည်း။ (သစ်)

ခ-ဝါကျဖြင့် အသို့နည်း ရှယ်တူဇိဝက၊ ငါ့ကိုလှည့်ပတ်သလော-ဟူသော ပဒပိဏ္ဍတ္ထကို သိစေပါသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** ။န ဝဋ္ဋေသိ, န ပလမ္ဘေသိ, န ပစ္စတ္ထိကာနံ ဒေသိ-တို့၌ န-သဒ္ဒါကို အဋ္ဌကထာ, ဋီကာတို့၌အထူးမဖွင့်၊ ဂဏ္ဌိ၌ကား ပဋိသေဓ-မြစ်၍အနက်ပေးသည်၊ မိမိကား....န-သဒ္ဒါကို ပုစ္ဆာဇောတက ကြံသော နေရင်း နိသျှတို့သာ ဖြောင့်အံ့ထင်၍ ရင်းနိသျှအတိုင်း အဓိပ္ပါယ်ပြန်လိုက်သည်။

ဂ-င ါကျ၌ န ဝိပ္ပလမ္ဘေယျာသိ-ဖြင့် နပလမ္ဘေသိ-ဟု ဆိုအပ်သော်လည်း သိ-ဝိဘတ်မဟုတ်၊ ဧယျာသိ-ဝိဘတ်၏ ယျာ-သဒ္ဒါကို ချေ၍ ပြီးရကား ဝိကပ္ပတ္ထ-ပင်တည်းဟု သိစေပါသည်။ (ဝိဘတ္တိပဒ, ဝိဘတျတ္ထ)

ဂ-ဝါကျ၌ ကြွင်း ...ယံ နတ္ထိ-စသောပါဠိတို့ဖြင့် မရှိသောဝတ္ထုကို ရှိသည်ဟုဆို၍ ငါ့ကိုဖြားယောင်းရာသလော-ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျဖြင့် နိဋ္ဌောသ-ဟူသည် တစုံတခုသော အသံမဟုတ်၊ စကားပြောသံပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

---

### သာမညဖလပုစ္ဆာအဖွင့်

(က) အဘိက္ကမာတိ အဘိမုခေါ ကမ ဂစ္ဆ၊ ပဝိသာတိ အတ္ထော။

(ခ) နာဂ ါပစ္စောရောဟိတွာတိ ဝိဟာရဿ ဗဟိဒ္ဓါ ရကောဋ္ဌကေ ဟတ္ထိတော ဩရောဟိတွာ။

http://www.dhammadownload.com



(ဂ) ပုရက္ခတောတိ ပရိဝါရေတွာ နိသိန္နသာ ပုရတော နိသိန္နော။

(ဃ) ယေန ဘဂဝါ တေနုပသင်္ကမီတိ ယတ္ထ ဘဂဝါ တတ္ထ ဂတော။

(င) ဘဂဝတော သန္တိကံ ဥပဂတောတိ အတ္ထော။

(ဋ-၁၃၈-၁၃၉)

**အာဘော်သံဝဏ္ဏနာများ**

က-ဝါကျ၌အဘိမုခေါ-ဖြင့်အဘိ-သဒ္ဒါသည်အဘိဝိသိဋ္ဌ-စသော အနက်တို့ကိုမဟော၊အဘိမုခ-အနက်ကိုဟောသည်၏အဖြစ်ကိုရှင်း°, ဂစ္ဆ-ဖြင့်ကမု-ဓာတ်၏ ပဒဝိက္ခေပတ္တ- ကိုဟောသည်၏အဖြစ်ကိုရှင်း၊, ပဝိသ-ဖြင့် သွားလော့(ဂစ္ဆ) ဟူသည် ဝင်တော်မူပါလော့ဟု တိုက်တွန်းခြင်း အဓိပ္ပါယ်ကိုရှင်း၊သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဒုတိယဓာတွတ္ထ။ (၃) ဘာဝတ္ထ။

ခ-ဝါကျ၌ ဩရောဟိတွာ-ဖြင့် ပစ္စောရောဟိတွာ-၌ပတိ-သဒ္ဒါ၏ အနတ္ထက, ပဒပူရဏ၏အဖြစ်ကိုရှင်း°, ဟတ္ထိတော-ဖြင့် နာဂ-သဒ္ဒါသည် ဤ၌....နဂါး,ကံ့ကော်, အမြတ်-အနက်ကိုမဟော၊ ဆင်-အနက်ကိုဟော သည်၏အဖြစ်ကိုရှင်း၊, နာဂါ-၌အာ-သဒ္ဒါသည် ပထမာယော ဝိဘတ်၏ ကာရိယမဟုတ်၊ ပဥ္စမီဝိဘတ်၏ကာရိယ၏ အဖြစ်ကိုရှင်း၊, ဝိဟာရဿ ဗဟိဒွါရကောဋ္ဌကေ-ဖြင့် ကျောင်း၏တံခါးမုခ်, အပဥ္စဆင်းသက်သတည်း ဟု ဆင်းသက်ရာအရပ်ကိုရှင်း၊ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂)နာမလိင်္ဂတ္ထ။ (၃)ဝိဘတ္တိပဒ။ (၄) ဘာဝတ္ထ။

ဂ-ဝါကျဖြင့်ပုရက္ခတ-ဟူသည်ဝန်းရံ၍ထိုင်သောရဟန်းအပေါင်း သည် မြတ်စွာဘုရား၏ ရှေ့၌နေအပ်ပါသော်လည်း သဘောအားဖြင့် ထို ဝန်းရံ၍ ထိုင်သော ရဟန်းအပေါင်း၏ ရှေ့မှထိုင်သည် မည်၏ဟုသိစေပါ သည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ယတ္ထ-ဖြင့် ယေန-၌နာ-ဝိဘတ်၏ ဘုမ္မတ္ထ၌သက်သည် ၏အဖြစ်ကိုရှင်း°, တတ္ထဖြင့်တေန- ၌ နာဝိဘတ်၏ ဘုမ္မတ္ထ၌သက်သည်၏ အဖြစ်ကိုရှင်း၊ သိစေပါသည်။

(၁) (၂) ဝိဘတျတ္ထ။

http://www.dhammadownload.com



င-ဝါကျဖြင့် "ယေန မဏ္ဍလမာဠော ဒွါရံ တေနုပသင်္ကမိ"ဟု ရောက်ပြီးသည်၏ အဖြစ်ကို ဆိုအပ်ပြီးသည်၏ အဖြစ်ကြောင့် ဤအရာ၌ မြတ်စွာဘုရားအထံတော်သို့၊ ဝါ-အနီးသို့ ချဉ်းကပ်ခြင်း(ဥပဂမန) သည် သာလျှင်ဖြစ်သင့်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

---

(ဏ) တတ္ထ သိပ္ပမေဝ သိပ္ပါယတနံ။ ပုထုသိပ္ပါယတနာနီတိ ဗဟူနိ သိပ္ပါနိ။ သေယျထိဒန္တိ ကတမေ ပန တေ။

(ခ) ဟတ္ထာရောဟာတိ သဗ္ဗေပိ ဟတ္ထာစရိယ,ဟတ္ထိဝေဇ္ဇ,ဟတ္ထိ မေဏ္ဍာဒယော ဒဿေတိ။

(ဂ) ရထိကာတိ သဗ္ဗေပိ ရထာစရိယ, ရထယောဓ, ရထရက္ခာ ဒယော။

(ဃ) ဓနုဂ္ဂဟာတိ ဓနုအာစရိယာ ဣဿာသာ။

(င) စေလကာတိ ယေ ယုဒ္ဓေ ဇယဓဇံ ဂဟေတွာ ပုရတော ဂစ္ဆန္တိ။

(စ) စလကာတိ ဣဓ ရညော ဌာနံ ဟောတု၊ ဣဓ အသုက မဟာမတ္တဿာတိ ဝံ သေနာဗျူဟကာရကာ။

(ဋ္ဌ-၁၄၂)

## အာဘောဝ်သံဝဏ္ဏနာများ

က-ဝါကျ၌ သိပ္ပမေဝ သိပ္ပါယတနံဖြင့် အာယတန-သဒ္ဒါသည် အနက်မရှိသော တဗ္ဗောတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

**မှတ်ချက်။** ။အနာမိကောယေဝ တေသံ နာမံ-ကဲ့သို့ အာယတ နသဒ္ဒါအနက်မရှိဟုဖွင့်ပြခြင်းသည်ပင် အာယတန-နာမ်ပုဒ်၏ အနက်ကို ဖွင့်ရာရောက်သဖြင့် နာမလိင်္ဂတ္ထသံဝဏ္ဏနာအမည်ပေးသည်။

**တနည်း။** ။သိပ္ပမေဝ အာယတနံ သိပ္ပါယတနံ-ဟု တဗ္ဗာဝ ဝုတ္တိ,ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာ နတ္ထ,သမာသလိင်္ဂပဒတ္ထ)

က-ဝါကျ၌ ဗဟူနိ သိပ္ပါနိ-ဖြင့်ပုထု-သဒ္ဒါ၏ဗဟုအနက်ကိုဟော သည်၏အဖြစ်ကိုရင်း¹, အာယတန သဒ္ဒါ၏ တဗ္ဗော၏အဖြစ်ကိုရင်း²,

http://www.dhammadownload.com



ပုထုနှင့် သိပ္ပါယတန-ကို "ပုထူနိ သိပ္ပါယတနာနိ ပုထုသိပ္ပါယတနာနိ" ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) (၂) နာမလိင်္ဂတ္ထ။ (၃) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

က-ဝါကျ၌ ကတမေ ပန တေ-ဖြင့် သေယျထာနိပါတ်, ဣဒံနိပါတ် ဝါ-သေယျထိဒံ-နိပါတ်၏ ပုစ္ဆနတ္ထ၏ အဖြစ်ကိုရင်း၊ ယင်းနိပါတ်တို့ နောက်ပထမာယော ဝိဘတ်ကျေသည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) ဝိဘတ္တိပဒ။

ခ-ဝါကျဖြင့် ဟတ္ထာရောဟ-ပုဒ်ကို "ဟတ္ထိံ အာရောဟန္တီတိ ဟတ္ထာရောဟာ"ဟု ဝစနတ္ထပြု၍ ဟတ္ထာရောဟ-အရ ဆင်းစီးသူရဲကို "ဟတ္ထိံ အာရောဟာပယန္တီတိ ဟတ္ထာရောဟာ"ဟု ဝစနတ္ထပြု၍ ဆင်ဆရာ, ဆင်ဆေးသမား, ဆင်ထိန်း-တို့ကို ယူရမည်ဟုသိစေပါသည်။

(အဘိဓေယျတ္ထ)

မှတ်ချက်။ ။ဟတ္ထိမေဏ္ဍ-သဒ္ဒါကို "ဟတ္ထိံ မဏ္ဍယန္တိ ရက္ခန္တီတိ ဟတ္ထိမေဏ္ဍာ"ဟု ဝစနတ္ထပြု၊ ဟတ္ထိမဏ္ဍ-ဟူလိုလျက် မဍ္ဍ အ-ကို ဧ-ပြု၍ ဟတ္ထိမေဏ္ဍာပြီးသည်။

တနည်း။ ။"ဟတ္ထိံ မိနေန္တိ သမ္မာဝိဒဟနေန ဟိံသန္တီတိဝါ ဟတ္ထိမေဏ္ဍာ"ဟု ဝစနတ္ထပြု။ ဤအလို...ဟတ္ထိ-သဒ္ဒူပပဒ မိ-ဓာတ်၊ ဍ-ပစ္စည်း၊ မိ-ထက်၌ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဏ-ပြု၊ ဏ-ကို ဍ-ကပ်၊ မိ-၌ ဣ-ကို ဧ-ပြု၊ ကပ်၍မေဏ္ဍပြီးသည်။ အဿရောဟာ-၌ အာဘော်စသည်ကို ဟတ္ထာရောဟကိုမှီး၍သိပါ။

ဂ-ဂါကျဖြင့် ရထိကာ-ပုဒ်ကို "ရထေ နိယုတ္တာ ရထိကာ"ဟု ဝစနတ္ထပြု၍ ရထိကာ-အရ ရထားဆရာ, ရထားသူရဲ, ရထားစောင့်-စသည်တို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ဣဿာသာ-ဖြင့် ဓနုဂ္ဂဟာ-ပုဒ်ကို "ဓနုံ ဂဏှန္တီတိ ဓနုဂ္ဂဟာ"ဟု ဝစနတ္ထပြု၍ လေးသမားကိုယူရမည်၏ အဖြစ်ကိုရင်း၊ ဓနု အာစရိယာ-ဖြင့် ဓနုဂ္ဂဟ-ပုဒ်ကို "ဓနုံ ဂဏှာပေန္တီတိ ဓနုဂ္ဂဟာ"ဟု ဝစနတ္ထပြု၍ ဓနုဂ္ဂဟ-အရ လေးအတတ်သင်ဆရာကို ယူရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) (၂) အဘိဓေယျတ္ထ။

http://www.dhammadownload.com



င-ဝါကျဖြင့် စေလကာ-ပုဒ်ကို "စေလေန စေလပဋ္ဋကာယ ယုဒ္ဓေ အကန္တိ ဂစ္ဆန္တီတိ စေလကာ"ဟု ကတ္တုသာဓန ကိတန္တတတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၁], အ-ပစ္စည်း၏ ကတ္တုသာဓနနှင့် သက်သည်၏အဖြစ်ကိုရင်း[၂], အက-ဓာတ်၏ ဂမနတ္ထ၏ အဖြစ်ကိုရင်း[၃], စေလက-အရ အောင်တံခွန်ကိုင်သောပုဂ္ဂိုလ်တို့ကို ယူရမည့် ၏အဖြစ်ကို ရင်း[၄]သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဒုတိယဓာတွတ္ထ။ (၄) အဘိဓေယျတ္ထ။

ခ-ဝါကျဖြင့် စလကာ-ပုဒ်ကို "ယထာ တထာ ဌိတေ သေနိကေ ဗျူဟာဝိစရဏဝသေန တတော တတော စလယန္တိ ဥစ္စာလေန္တီတိ စလကာ"ဟု ဝစနတ္ထပြု၍ စလကာ-အရ သေနဗျူဟကာရကပုဂ္ဂိုလ်တို့ကို ယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

---

(က) ပိဏ္ဍဒါယကာတိ သာဟသိကမဟာယောဓာ။

(ခ) တေ ကိရ ပရသေနံ ပဝိသိတွာ ပရသီသံ ပိဏ္ဍမိဝ ဆေတွာ ဆေတွာ ဉပနယန္တိ။

(ဂ) ဥပ္ပတိတွာ ဥပ္ပတိတွာ နိဂ္ဂစ္ဆန္တီတိ အတ္ထော။

(ဃ) ယေဝါ သင်္ဂါမမဇ္ဈေ ယောဓာနံ ဘတ္တပါတိံ ဂဟေတွာ ပရိဝိသန္တိ၊ တေသမ္ပိ နာမံ။ (ဋ္ဌ-၁၄၂)

● (၂) ခ-ဝါကျကိုအနုသန္ဓေ၊ ဂ-ဝါကျကို ထပနာတိကပုစ္ဆာ တက်၍၊ ဃ-ဝါကျ ယေ-သဒ္ဒါကို သဒ္ဒနယစာစပ်၍ သိသာရုံမျှ စာထွက်ခဲ့ပါ။

ဖြေ။ ။ အနုသန္ဓေတက်ပုံ

ဤသို့ က-ဝါကျဖြင့် ပိဏ္ဍဒါယကာ-ဟူသည် သူတပါးစစ်သည်ကို နှိပ်စက်နိုင်ကုန်သော အမတ်ကြီးဖြစ်ကုန်သော သူရဲတို့ပေတည်းဟု ပဒတ္ထကိုပြတော်မူပြီး၍, ယခုအခါ၌ ပိဏ္ဍဒါယကာ-ပုဒ်၏ ဝစနတ္ထစသည် အကျယ်ကိုပြခြင်းငှာ....ခ-ဝါကျကိုမိန့်။

http://www.dhammadownload.com



မှတ်ချက်။ ။မေးခွန်းအရာဖြစ်၍ ဤသို့ဖြေသည်၊ စင်စစ်မှာ မူ....ခ-ဂ-ဃ-ဝ ါကျ အလုံးစုံသည် က-ဝ ါကျ၏ အကျယ်ပြ-ဝိတ္ထာရ ဝ ါကျများပေတည်း။

## ပထနာတိကပုစ္ဆာတက်

ဆရာ၊ဆရာသည် ခ-ာ ါကျဖြင့် ထိုစစ်သည်တို့သည် သူတပါး စစ်သည်သို့ဝင်၍ သူတပါး၏ဦးခေါင်းကို ထန်းသီးခိုင်ကဲ့သို့ ဖြတ်၍ ဖြတ်၍ ယူနိုင်ကုန်သော-ဟု ဆိုတော်မူ၏။ အဘယ်သို့ ဆောင်ယူနိုင်ကုန်သနည်း။ မြကတော့ပင် ဆောင်ယူနိုင်ပါကုန်သလော....ကြောင့် ဂ-ဝ ါကျကိုမိန့်။

အနိပ္ပါယ်ကား။ ။ဂ-ဝ ါကျဖြင့် ကောင်းကင်၌ ပျံ၍ပျံ၍ သွား နိုင်ကုန်၏။ ဝ ါ-သူတပါးစစ်သည်အလယ်မှ ထွက်နိုင်ကုန်၏ဟုဆောင်ယူပုံ အခြင်းအရာကို ငါပြဆို၏ဟူလိုသောဝ်။

## သဒ္ဒနယစာဝပ်

ယေ-ကား တို့သည်ဟု-အနက်ပေးသောကြောင့် ဂဟေတွာ-၌ စဉ်းငယ်းပ်၍ ပရိဝိသန္တိ-၌ ပရိပုဗ္ဗ-ဝိသ-ဓာတ် အန္တိ-ဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝ ါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ပရိဝိသန္တိ-ကား ထိုကတ္တားကိုဟောသော အာချာတ်ကြိယာဝ ါစကတည်း။

## သိသာရုံမျှစာထွက်ပုံ

ဆရာ၊ဆရာသည် ဂဟေတွာ ပရိဝိသန္တိ-ဖြင့် ယူ၍ မိမိစစ်သည်ကို လုပ်ကျွေးနိုင်ကုန်၏ဟု ဆိုတော်မူ၏။အဘယ်ပုဂ္ဂိုလ်တို့သည်ယူ၍ မိမိ စစ် သည်ကို လုပ်ကျွေးနိုင်ပါကုန်သနည်း....ကြောင့် ယေ-ဟူသောပါဌ်ကိုမိန့်။

---

● (၄) သာဟသိကမဟာယောဓာ-ပုဒ်ကို အစိတ်, အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"သာဟသံ ကရောန္တီတိ သာဟသိကာ" (သာဟသံနိုင်ထက်ကလူကို။ကရောန္တိ၊ပြုတတ်ကုန်၏။) (အစိတ်-ကး ရောန္တိ တဒ္ဓိတ်ဝိဂ္ဂြိုဟ်)

http://www.dhammadownload.com



"သာဟသိကာ ယေဝ မဟာယောဓာ သာဟသိကာ မဟာယောဓာ" (အပေါင်း)

ဝစနတ္ထဒီဆက္က။ ။နိုင်ထက်ကလူပြုခြင်း သာဟသိကကရဏဘော၏ အမတ်ကြီးဖြစ်ကုန်သော စစ်သူကြီးတို့နှင့် ဝိသေသန, ဝိသေသျဂုဏ်, ဂုဏအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဝစနဟေတု မည်၏။ အမတ် ဖြစ်ကုန်သော စစ်သူကြီးတို့ ဒြပ်သည် ဝစနီယ မည်၏။ ပိဏ္ဍဒါယကာ-စသော ပရိယာယ်သည် ဝစနီယတ္ထ မည်၏။

ဝိဂ္ဂဟမှတ်ဘွယ်များ

ပိဏ္ဍဒါယကာ။ ။"သကုဏဂ္ဂိအာဒယော ဝိယ မံသပိဏ္ဍံ ပရသေနာ သမ္မူဟသင်္ါတံ ပိဏ္ဍံ သာဟသိကတာယ ဆေတွာ ဆေတွာ ဒယန္တိ ဥပ္ပတိတွာ ဥပ္ပတိတွာ နိဂ္ဂစ္ဆန္တီတိ ပိဏ္ဍဒါယကာ" သိမ်းငှက်စသည်တို့သည် အသားစိုင်ကို ဖြတ်၍ဖြတ်၍ ကောင်းကင်၌ ပျံတက်ကုန်သကဲ့သို့ သူတပါး စစ်သည်အပေါင်းဟု ဆိုအပ်သော ပိဏ္ဍကို နိုင်ထက်မှုသည်၏ အဖြစ်ဖြင့် ဖြတ်၍ ဖြတ်၍ ကောင်းကင်၌ ပျံတက်သွားတတ်ကုန်သောကြောင့် ပိဏ္ဍဒါယကာ မည်ကုန်၏။ (ခ-ဝါကျသံဝဏ္ဏနာနှင့်အညီဌ ကာသစ်ဝိဂ္ဂိုဟ်)

တနည်း ဝိဂ္ဂဟ။ ။"ပိဏ္ဍေ ဇနသမ္မူဟသင်္ါတေ သမ္မဒ္ဒေ ဒယန္တိ ဥပ္ပတန္တာ ဝိယ ဂစ္ဆန္တီတိ ပိဏ္ဍဒါယကာ" လူအပေါင်းဟု ဆိုအပ်သော ကျဉ်းမြောင်း,ချောက်ချားရာ၌ ပျံတက်ကုန်သကဲ့သို့ သွားတတ်ကုန်သောကြောင့် ပိဏ္ဍဒါယကာ မည်ကုန်၏။ (ဃ—ဝါကျ သံဝဏ္ဏနာနှင့်အညီဋ္ဌီကာသစ်ဝိဂ္ဂိုဟ်။)

---

● (၆) က-ခ-ဂ-ဃ-ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က- ဝါကျ၌ သာဟသိကမဟာယောဓာ-ဖြင့် ပိဏ္ဍဒါယကာ-အရ သူတပါးစစ်သည်ကို နှိပ်စက်နိုင်ကုန်သော အမတ် ဖြစ်ကုန်သော သူရဲတို့ကို ယူရမည်ကိုရင်း°, ပိဏ္ဍဒါယကသဒ္ဒါသည် ယင်း သာဟသိကမဟာယောဓ အနက်ကို ဟောသည်ကိုရင်း၂ သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) နာမလိင်္ဂတ္ထ။

http://www.dhammadownload.com



ခ-ဝါကျဖြင့် ပိဏ္ဍဒါယကာ-ပုဒ်ကို "သကုဏဂ္ဃိအာဒယော ဝိယ မံသပိဏ္ဍံ ပရသေနာ သမ္ပဟာသဒ်ါတံ ပိဏ္ဍံ သာဟာသိကတာယ ဆေတွာ ဆေတွာ ဒယန္တိ ဥပ္ပတိတွာ ဥပ္ပတိတွာ နိဂ္ဂစ္ဆန္တီတိ ပိဏ္ဍဒါယကာ" ဟု ကတ္တုသာဓနေ ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း[၁], ဏွု-ပစ္စည်း၏ ကတ္တုသာဓနဥ္ဈသက်သည်၏ အဖြစ်ကိုင်း[၂], ဒယ-ဓာတ်သည် ဟိံသနတ္ထ-ကိုမဟော၊ ဥပနယနတ္ထ၊ ဝါ-ဂတျတ္ထကို ဟောသည်၏ အဖြစ်ကိုင်း[၃] သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဒုတိယဓာတွတ္ထ။

ဂ-ဝါကျဖြင့် ဆောင်နိုင်ကုန်၏ (ဥပနယန္တိ)ဟူသည် ပျံတက်၍ ပျံတက်၍ ထွက်နိုင်ကုန်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျဖြင့် ပိဏ္ဍဒါယကာ-ပုဒ်ကို "ပိဏ္ဍေ ဇနသမ္ပဟာသဒ်ါတေ သမ္မဒ္ဒေ ဒယန္တိ ဥပ္ပတန္တာ ဝိယ ဂစ္ဆန္တီတိ ပိဏ္ဍဒါယကာ" ဟု ကိတန္တ ကတ္တုသာဓနေ သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုင်း[၁], ဏွု-ပစ္စည်း၏ ကတ္တုသာဓနဥ္ဈသက်သည်၏ အဖြစ်ကိုင်း[၂] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

---

**(၄) ပိဏ္ဍဒါယက-သဒ္ဒါ၏ နိရုတ္တိနည်းကို ဖော်ပြပါ။**

ဖြေ။ ။ပိဏ္ဍဒါယက-ကား ပိဏ္ဍ-သဒ္ဒူပပဒ အယ-ဓာတ် ဏွု၊ ပစ္စည်း (ပိဏ္ဍ+အယ+ဏွု) ပိဏ္ဍ အာယက-ဟူလိုလျက် ဒ-အက္ခရာလာခြင်း ဝဏ္ဏာဂမနိရုတ္တိဖြင့် ပိဏ္ဍဒါယက-ဟု ပြီးပါသည်။

မှတ်ချက်။ ။ပိဏ္ဍဒါယကာ-ကား ပိဏ္ဍ-သဒ္ဒူပပဒ ဒယ-ဓာတ် ဝါ-အယဓာတ်ဟု ဋီကာသစ်နှစ်မျိုးဖွင့်သည်တွင် အယ-ဓာတ်ဟုဖွင့်သော ဒုတိယဝိကပ်အလို ဒ-အက္ခရာလာခြင်း ဝဏ္ဏာဂမ နိရုတ္တိနည်းရ၍ ဒယ-ဓာတ်အလို နိရုတ္တိမရချေ။

† ဒယ-သဒ္ဒေါ ဂတိယံ၊ အယ-သဒ္ဒဿ ဝါ ဒကာရာဂမေန နိပ္ဖတ္တိ။ (သီ-ဋီ-သစ်)

---

http://www.dhammadownload.com


(က) မဟာနာဂါတိ မဟာနာဂါ ဝိယ မဟာနာဂါ။
(ခ) စမ္မယောဓိနောတိ ယေ စမ္မကဥ္စုကံဝါ ပဝိသိတွာ သရပရိတ္တာဏစမ္မံဝါ ဂဟေတွာ ယုဇ္ဈန္တိ။
(ဂ) အာဠ္ဌာရိကာတိ ပူဝိကာ နှာပကာတိ ယေ နှာပေန္တိ။
(ဋ္ဌ-၁၄၃)

အာဘောဘ်သံတ္တနာများ

က-ဝါကျ၌ မဟာနာဂါ ဝိယ မဟာနာဂါ-ဖြင့် မဟာနာဂါ-သဒ္ဒါကား မုချသဒ္ဒါမဟုတ်၊ သဒိသူပစာရသဒ္ဒါတည်း၊ ဝါ-''မဟာနာဂါ ဝိယ မဟာနာဂါ''ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊ ဏ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုငင်း သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ပစ္စယတ္ထ။

ခ-ဝါကျ၌ ယုဇ္ဈန္တိ-ဖြင့် ယောဓိနော-ပုဒ်ကို ''ယုဇ္ဈန္တီတိ ယောဓိနော''ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငင်း၊ ဏီ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုငင်း သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ စမ္မကဥ္စုကံ-ဖြင့် စမ္မ-အရ သားရေသင်တိုင်းကိုယူရမည်၏ အဖြစ်ကိုငင်း၊ သရပရိတ္တာဏစမ္မံ-ဖြင့် စမ္မ-အရ မျှားကို တားမြစ်တတ်သော သားရေ ''ကာ''ကိုယူရမည်၏ အဖြစ်ကိုငင်း၊ ခ-ဝါကျ တဝါကျလုံးဖြင့်''စမ္မံ ပဝိသိတွာ ယောဓိနော စမ္မယောဓိနော''ဟူ၍ ငင်း၊ ''စမ္မံ ဂဟေတွာ ယောဓိနော စမ္မယောဓိနော''ဟူ၍ ငင်း၊ မဇ္ဈေလောပီ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို သိစေပါသည်။

(၁) (၂) အဘိဓေယျတ္ထ။ (၃) (၄) သမာသလိင်္ဂပဒတ္ထ။

ဂ-ဝါကျ၌ ပူဝိကာ-ဖြင့် အာဠ္ဌာရိကာ-ပုဒ်ကို''အာဠ္ဌာရေ နိယုတ္တာ အာဠ္ဌာရိကာ''ဟု ဝစနတ္ထပြု၍ အာဠ္ဌာရိကာ-အရ မုံ့ဖုတ်၍ ရောင်း၍ အသက်မွေးသောသူတို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဂ-ဝါကျ၌ ယေ နှာပေန္တိ-ဖြင့် နှာပကာ-ပုဒ်ကို ''နှာပေန္တီတိ နှာပကာ''ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၊ ဏွု-ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏ အဖြစ်ကိုငင်း သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



(က) ဥဒ္ဒင်္ဂိကာဒီသု ဥပရိ ဖလနိဗ္ဗတ္တနတော ဥဒ္ဓံ အဂ္ဂမဿာ အတ္ထီတိ ဥဒ္ဒင်္ဂိကာ။

(ခ) သဂ္ဂံ အရဟာတီတိ သောဝဂ္ဂိကာ။

(ဂ) သုခေါ ဝိပါကော အဿာတိ သုခဝိပါကာ။(ဋ္ဌ-၁၄၃)

**အာဘော်သံဝဏ္ဏနာများ**

က-ဝါကျ၌ ဥပရိ ဖလနိဗ္ဗတ္တနတော-ဖြင့်ဥဒ္ဓံ-သဒ္ဒါ၏ဥပရိအနက်ကိုဟောသည်၏အဖြစ်ကိုရှင်း၊ အထက်၌မီးကဲ့သို့ ဝါ-မြတ်သောအကျိုးရှိ၏(ဥဒ္ဓံအဂ္ဂံအတ္ထိ)ဟူသည် ဒါနစေတနာ၏-အထက်နတ်ပြည်၌ အကျိုးကိုဖြစ်စေထက်သော နာနာက္ခဏိက ကမ္မ သတ္တိ, ပကတူပနိဿယ သတ္တိ ကြောင့်-ပင်တည်းဟူသောအဓိပ္ပါယ်ကိုရှင်း၊ သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) ဘာဝတ္ထ။

မှတ်ချက်။ ။ဥပရိ ဖလနိဗ္ဗတ္တနတော-ဟူသော ဘာဝပ္ပဓာနဟိတ်၏ သမ္ဗန်ကား အဿာဒက္ခိဏာယတည်း။

က-ဝ ါကျ၌ ဥဒ္ဓံ အဂ္ဂံ အဿ အတ္ထိ-ဖြင့် ဥဒ္ဓံနှင့်အဂ္ဂံကို"ဥဒ္ဓံ အဂ္ဂံ ဥဒ္ဒဂ္ဂံ"ဟုသတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရှင်း၊ ဥဒ္ဒင်္ဂိကာ-ပုဒ်ကို"ဥဒ္ဒဂ္ဂံ အဿာ ဒက္ခိဏာယ အတ္ထီတိ ဥဒ္ဒင်္ဂိကာ" ဟုအဿတ္ထိတဒ္ဓိတ်ပစ္စနတ္ထပြုရမည်၏အဖြစ်ကိုရှင်း၊ ဣက-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရှင်း၊သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) အဘိဓာနတ္ထ, (၃) ပစ္စယတ္ထ။

မှတ်ချက်။ ။အဂ္ဂံ-ပုဒ်ကို"အဂ္ဂံ ဝိယ အဂ္ဂံ"ဟုဝစနတ္ထပြု၍ ဖလကိုယူ။တနည်း၊ အဂ္ဂ-သဒ္ဒါအမြတ်ဟော-ကြ၍မြတ်သောအကျိုးကိုယူ။

† အဂ္ဂံ ဝိယာတိ အဂ္ဂံ၊ ဖလံ။ အပိစ အဂ္ဂန္တိ ဥတ္တမံ ဖလံ။
(သီ-ဋီ-သစ်)

ခ-ဝါကျဖြင့် သောဝဂ္ဂိကာ-ပုဒ်ကို"သု-အဂ္ဂံ အရဟာတီတိ သောဝဂ္ဂိကာ"ဟု အရဟာတိ တဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း၊ ဏိက-ပစ္စည်း၏ အရဟာတိ တဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရှင်း၊သုအဂ္ဂိကာ-ဟူဆို

http://www.dhammadownload.com



လိုလျက်ြ၊ဥ-ကို ပြုခြင်း ဝဏ္ဏဝိကာရ, ဝ-အက္ခရာလာခြင်း ဝဏ္ဏာဂမ နိရုတ္တိဖြင့် သောဝဂ္ဂိကာ-ဟု ရုပ်ပြီးသည်၏အဖြစ်ကိုရင်း³ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂)ပစ္စယတ္ထ။ (၃)ဘာဝတ္ထ။

† သု-အဂ္ဂိကာဝ နိရုတ္တိနယေန သောဝဂ္ဂိကာ။ (သီ-ဋီ-သစ်)

ဂ-ဝါကျဖြင့်သုခဝိပါကာ-ပုဒ်ကို" သုခေါဝိပါကောအဿာ ဒက္ခိဏာယာတိ သုခဝိပါကာ"ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟုသိစေပါသည်။ (အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ)

---

(က) သုဋ္ဌု-အဂ္ဂေ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ အာယု ဝဏ္ဏ သုခယသအာဓိပတေယျသခ်ါတေ ဒသဓမ္မေ သံဝတ္တေတိ နိဗ္ဗတ္တေတီတိ သဂ္ဂသံဝတ္တနိကာ။

(ခ) တံ ဝေရူပံ ဒက္ခိဏံ ဒါနံ ပတိဋ္ဌာပေန္တီတိ အတ္ထော။

(ဂ) သာမညဖလန္တိ ဧတ္ထ ပရမတ္ထတော မဂ္ဂေါ သာမညံ၊ အရိယဖလံ သာမညဖလံ။ (ဠ-၁၄၃)

### အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ သုဋ္ဌုအဂ္ဂေ-ဖြင့် သဂ္ဂ-ပုဒ်ကို"သုဋ္ဌု အဂ္ဂါ သဂ္ဂါ"ဟု ပါဒိပုဗ္ဗပဒ-ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း¹, သဂ္ဂ-ပုဒ်ကို သု-အဂ္ဂ-ဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုရင်း², သု-သဒ္ဒါ၏ သုဋ္ဌု အနက်ကိုဟောသည်၏အဖြစ်ကိုရင်း³ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) သန္ဓိလိင်္ဂပဒ (၃) ဥပသဂ္ဂလိင်္ဂတ္ထ။

က-ဝါကျ၌ ရူပသဒ္ဒ"လ" ဒသဓမ္မေ-ဖြင့် သဂ္ဂ-အရ အလွန်မြတ်ကုန်သောရူပါရုံ, သဒ္ဒါရုံ, "လ" အစိုးရခြင်း တရား ဆယ်ပါးတို့ကို ယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

က-ဝါကျ၌ သံဝတ္တေတိ-ဖြင့် သံဝတ္တနိကာ-ပုဒ်ကို"သံဝတ္တေတီတိ သံဝတ္တနိကာ"ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း¹, အနီယ-ပစ္စည်း၏ ဟေတုကတ္တုသာဓန၌သက်သည်၏အဖြစ်ကိုရင်း², သံဝတ္တ

http://www.dhammadownload.com



နီယာ-ဟုဆိုလိုလျက် ဤ-သရကို ဣ-ရဿပြုခြင်း,ယ-ကို က-ပြုခြင်းဖြင့် သံဝတ္တနိကာ-ဟုပြီးသည်၏အဖြစ်ကိုရင်း၃သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

တနည်း။ ။သံဝတ္တတိ-ဖြင့် "သံဝတ္တတီတိ သံဝတ္တနံ" ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁,ယု-ပစ္စည်း၏ ဟေတုကတ္တုသာဓနေ၌သက်သည်၏အဖြစ်ကိုရင်း၂,"သံဝတ္တနံ ဧဝ သံဝတ္တနိကာ" ဟု သွတ္ထတဒ္ဓိတ်ဆင့်ရမည်၏ အဖြစ်ကိုရင်း၃, ဣက-ပစ္စည်း၏ သွတ္ထတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း၄သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) အဘိဓာနတ္ထ။
(၄) ပစ္စယတ္ထ။

က-ဝါကျ၌ နိဗ္ဗတ္တေတိ-ဖြင့် သံဝတ္တေတိကား နိဗ္ဗတ္တေတိ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

က-ဝါကျတဝါကျလုံးဖြင့် "သဂ္ဂေ သံဝတ္တနိကာ သဂ္ဂသံဝတ္တနိကာ"ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟုသိစေပါသည်။
(အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ)

ခ-ဝါကျ၌ တံဝေရူပံ-ဖြင့် ဒက္ခိဏ-အရ အလှူဒါနဟူသည် ဥဒ္ဓဂ္ဂိက စသော သဘောရှိသော အလှူဒါနတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ဒါနဖြင့် ဒက္ခိဏာပုဒ်ကို"ဒက္ခန္တိ ဝဍ္ဎန္တိ ဧတာယာတိ ဒက္ခိဏာ"ဟု ဝစနတ္ထပြု၍ ဒက္ခိဏ-အရ ဒါနစေတနာကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဂ-ဝါကျ၌ ပရမတ္ထတော မဂ္ဂေါ သာမညံ-ဖြင့် သာမည-ပုဒ်ကို "သမိတပါပဿ ဘာဝေါ သာမညံ"ဟု ဝစနတ္ထပြု၍ သာမည-အရ ပရမတ္ထအားဖြင့်-မဂ်တရားကို ယူရမည်ဟု သိစေပါသည်။
(အဘိဓေယျတ္ထ)

ဂ-ဝါကျ၌ အရိယဖလံ သာမညဖလံ-ဖြင့် သာမညဖလံ-ပုဒ်ကို "သာမညဿ ဖလံ သာမညဖလံ"ဟု ဝစနတ္ထပြု၍ သာမညဖလ-အရ အရိယာဖိုလ်ကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



**မှတ်ချက်။** ။သာမညအရ, သာမညဖလ-အရတို့ကို ဖော်ပြပါ-ဟု နံပါတ် ဂ-အတ္ထဝိနိစ္ဆယအရာ၌ မေးနိုင်သည်။ အာဘော် ဖော်သည်ကိုရှု၍ဖြေပါ။

---

**ပူရဏကဿပဝါဒအဖွင့်**

(က) အဘိဇာနာသိ နော တွံ့ ဣမံ အဘာဇာနာသိနံ တွံ့။
(ခ) သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာတိ သမ္မောဒဇနကံ သရိတဗ္ဗယုတ္တကံ ကထံ ပရိယောသာပေတွာ။
(ဂ) ကရောတောတိ သဟတ္ထာ ကရောန္တဿ။
(ဃ) ကာရယတောတိ အာဏတ္တိယာ ကာရေန္တဿ။
(င) ပစတောတိ ဒဏ္ဍေန ပရေ ပီဠေန္တဿ။ (ဋ္ဌ-၁၄၄)

**အာဘော်သံဝဏ္ဏနာများ**

က-ဝါကျ၌နော-သဒ္ဒါကိုနု-သဒ္ဒါဖြင့်ဖွင့်ရကား နော-သဒ္ဒါသည် နု-သဒ္ဒါကဲ့သို့ ပုစ္ဆာအနက်၌ နိပါတ်တည်းဟုသိစေပါသည်။
(နိပါတလိင်္ဂပဒ,နိပါတလိင်္ဂတ္ထ)

ခ-ဝါကျ၌ သမ္မောဒဇနကံ-ဖြင့် သမ္မောဒနီယံ-ပုဒ်ကို "သမ္မောဒေတိ သမ္မောဒနံ ကရောတီတိ သမ္မောဒနီယံ"ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁, အနီယ-ပစ္စည်းသည် ဤအရာ၌ ကမ္မသာဓနၞမသက်, ဟေတုကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရင်း၂သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

**တနည်း။** ။သမ္မောဒဇနကံ-ဖြင့် သမ္မောဒနီယံ-ပုဒ်ကို "သမ္မောဒနံ ဇနေတီတိ သမ္မောနီယံ"ဟု ဇနေတိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, ဣက-ပစ္စည်း၏ ဇနေတိတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း၂, သမ္မောဒနိကံ-ဟူလိုလျက် နိ-၌ ဣ-ကို ဤ-ပြု၊က-ကို-ယ-ပြု၍ သမ္မောဒနီယံ-ဟု ရုပ်ပြီးသည်၏အဖြစ်ကိုရင်း၃သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ ။သမ္ဘောဒနီယ-ပုဒ်သည် ကထံ-ပုဒ်ကိုငဲ့၍ ဣတ္ထိလိင်ပုဒ်ပင်ဖြစ်သည်၊ ဋီကာသစ်၌ ဝါကျာဝဓိကန္တ ဒုတိယန္တသို့ လိုက်၍ သမ္ဘောဒနီယံ-ဟု ဆိုသည်၊ ပဌမန္တဖြစ်မူ သမ္ဘောဒနီယာ-ဟု နေရမည်။ သာရဏီယံလည်း နည်းတူပင်။

ခ-ဝါကျ၌ သရိတဗ္ဗယုတ္တကံ-ဖြင့် သာရဏီယံ-ပုဒ်ကို "သရိတဗ္ဗန္တိ သာရဏီယံ"ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°, အနီယ-ပစ္စည်း၏ကမ္မသာဓန၌, သက်သည်၏ အဖြစ်ကိုရင်း² သိစေပါသည်။

(၁)အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

တနည်း။ ။သရိတဗ္ဗယုတ္တကံ-ဖြင့် သာရဏီယံ-ပုဒ်ကို သရဏာသ အနုစ္ဆဝိကံ သာရဏီယံ"ဟု အနုစ္ဆဝိကတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°, ဏိက-ပစ္စည်း၏ အနုစ္ဆဝိကတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း², သာရဏိက-ဟု ဆိုလိုလျက် ဏိ-၌ ဣ-ကို ဤ-ပြု၊ က-ကို ယ-ပြု၍ ပြီးသည်၏ အဖြစ်ကိုရင်း³ သိစေပါသည်။

(၁) အဘိဓာနတ္ထ (၂) ပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

ဂ-ဝါကျ၌ သဟတ္ထာ-ဖြင့် ကရောတော-ပုဒ်ကို "ကရောတီတိ ကရောန္တော-(တဿကရောတော)ဟု သုဒ္ဓကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°, အန္တ-ပစ္စည်း၏သုဒ္ဓကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း² သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

† သဟတ္ထာတိ သဟတ္တေန၊ တေန သုဒ္ဓကတ္တာရံ ဒဿေတိ။ ((သီ-ဋီ-သစ်)

ဂ-ဝါကျ၌ ကရောန္တဿ-ဖြင့် ကရောတော-ပုဒ်၌ တော-သဒ္ဒါသည် တော-ပစ္စည်း မဟုတ်၊ ဂစ္ဆန္တာဒိ ဂိုဏ်းဝင် ဖြစ်၍ သ-ဝိဘတ်၏ ကာရိယတည်းဟု သိစေပါသည်။ (ဝိဘတ္တိပဒ)

ဃ-ဝါကျ၌ အာဏတ္တိယာ-ဖြင့် ကာရယတော-ပုဒ်ကို "ကာရေတီတိ ကာရယန္တော (တဿကာရယတော)ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°, ဏာယ-ပစ္စည်းနှင့်တကွ အန္တ-ပစ္စည်း၏ ဟေတု

http://www.dhammadownload.com



ကတ္တုသာဓနေ၌သက်သည့်၏အဖြစ်ကိုင်၊၂ကာရေန္တ္တဿ-ဖြင့် ကာရယတော-သဒ္ဒါ၏ ကရောတောကဲ့သို့ သ-ဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုင်း၃ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဝိဘတ္တိပဒ။

† အာဏတ္တိယာတိ ပန မပေါတုကတ္တာရံ။ (သီ-ဋီ-သစ်)

င-ဝါကျ၌ ဒဏ္ဍေန ပီဠေန္တ္တဿ-ဖြင့် ပစတော-၌ပစ-ဓာတ်သည် ပါကတ္ထ-မဟုတ်၊ ပီဠနတ္ထ-၏ အဖြစ်ကိုင်း , ကရောတော-ပုဒ်တို့ကဲ့သို့ သ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုင်း၊၂ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဝိဘတ္တိပဒ။

---

(က) ပါဏမတိပါတာပယတောတိ ပါဏံ ဟနန္တဿပိ ဟနာပေန္တဿပိ။
(ခ) နိလ္လောပန္တိ မဟာဝိလောပံ။
(ဂ) ဧကာဂါရိကန္တိ ဧကမေဝ ဃရံ ပရိဝါရေတွာ ဝိလုပ္ပနံ။
(ဃ) ခုရပရိယန္တေနာတိ ခုရနေမိနာ၊ ခုရဓာရသဒိသပရိယန္တေန ဝါ။
(င) တဒတာနိဒါနန္တိ ဧကမံသခလကရဏနိဒါနံ။ (ဋ္ဌ-၁၄၅)

## အာဓော်သံဝဏ္ဏနာများ

က-ဝါကျဖြင့် ပါဏံ အတိပါတာပယတော-ဟု ပဒစ္ဆေဒပြုရမည့်၏အဖြစ်ကိုင်း၁, အတိပါတာပယတော-ပုဒ်ကို"အတိပတတိ အတိပါတေတီတိ အတိပါတာပယန္တော-(တဿအတိပါတာပယတော)ဟု သုဒ္ဓကတ္တုသာဓန,ဟေတုကတ္တုသာဓန နှစ်ဝိကပ် ဝစနတ္ထပြုရမည့်၏ အဖြစ်ကိုင်း၊၂,ဏာယ-ပစ္စည်းနှင့်တကွ အန္တ-ပစ္စည်း၏ သုဒ္ဓကတ္တုသာဓန, ဟေတုကတ္တုသာဓနေ၌သက်သည့်၏အဖြစ်ကိုင်း၃, တော-သဒ္ဒါ၏ သ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုင်း၄, အတိပုဗ္ဗ-ပတ ဓာတ်အရ အသက်ကို ချခြင်း, ကျစေခြင်းဟူသည် အသက်ကိုသတ်ခြင်း, သတ်စေခြင်းပင် တည်းဟူသော အဓိပ္ပါယ်ကိုင်း၅ သိစေပါသည်။

http://www.dhammadownload.com



(၁) သန္ဒိလိင်္ဂပဒ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။
(၄) ဝိဘတ္တိပဒ။ (၅) ဘာဝတ္ထ။

† အတိပါတာပယတောတိပဒံ သုဒ္ဓကတ္တရိ ဟေတုကတ္တရိစ ပဝတ္တတီတိ ဒဿေတိ ''ဟနန္တဿပိ ဟနာပေန္တဿာပိ''တိ ဣမိနာ (သီ-ဋီ-သစ်)

ခ-ဝါကျဖြင့် နိလ္လောပ-ပုဒ်ကို ''ကိဉ္စိပိ အသေသေတွာ နိရဝသေသော လောပေါ ဝိလုပ္ပနံ နိလ္လောပေါ''ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ)

ဂ ဝါကျဖြင့် ကေနှင့် အာဂါရကို''ကေမေဝ အာဂါရံ ကောဂါရံ'' ဟု အဝဓာရဏ ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၁, အာဂါရ-သဒ္ဒါ၏ ဃရ အနက်ကိုဟောသည်၏အဖြစ်ကိုငင်း၂, ကောဂါရိက-ပုဒ်ကို''ကောဂါရေ နိယုတ္တော ဝိလောပေါ ကောဂါရိကော'' ဟု နိယုတ္တဘဒ္ဒိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငင်း၃, ဣက-ပစ္စည်း၏ နိယုတ္တတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုငင်း၄သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) နာမလိင်္ဂတ္ထ။
(၃) အဘိဓာနတ္ထ။ (၄) ပစ္စယတ္ထ။

ဃ-ဝါကျ၌ ခုရနေမိနာ-ဖြင့် ပရိယန္တ-သဒ္ဒါသည် အဆုံး၌တည်သည်၏အဖြစ်ကြောင့် အကွပ် (နေမိ) အနက်ကို ဟောသတည်းဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ)

† ပရိယန္တော ဝုစ္စတိ နေမိ၊ ပရိယောသာနေ ဌိတတ္တာ။
(သီ-ဋီ-သစ်)

တနည်း ။ခုရနေမိနာ-ဖြင့် သင်ဓုန်းအဆုံးရှိသောစက် (ခုရပရိယန္တေနစက္ကေန)ဟူသည် သင်ဓုန်းသွား- အကွပ်သဘွယ်ဖြစ်သော စက်ဝန်းတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ခုရဓာရသဒိသပရိယန္တေန ဝါ-ဖြင့် ခုရ-အရသင်ဓုန်းဓားသွား (ခုရဓာရ)ကိုယူရမည်၏အဖြစ်ကိုငင်း၁, ''ခုရေန သဒိသော ပရိယန္တော ယဿ စက္ကဿာတိ ခုရပရိယန္တော''ဟု ဘိန္နာဓိ ကရဏစဘုတ္တိ

http://www.dhammadownload.com



ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း[၂], ခုရပရိယန္တ-အရ သင်မုန်းသွားနှင့်တူသော အဆုံးရှိသော စက်လက်နက်ကိုယူရမည်၏အဖြစ် ကိုရင်း[၃]သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။
(၃) အဘိဓေယျတ္ထ။

င-ဝါကျ၌ ကေမံသ ခလကရဏနိဒါန်-ဖြင့် တတောနိဒါန်-၌ တ-သဗ္ဗနာမ်ပုဒ်၏ တခုသောအသားစုကို ပြုခြင်းကိုစွဲသည်၏ အဖြစ်ကိုရင်း[၁], "တံ မံသခလကရဏသင်္ခါတံ နိဒါနံ ကာရဏံ ယဿာတိ တတောနိဒါနံ" ဟုဝစနတ္ထပြု၍ တတောနိဒါန်-အရ ထိုအသားစုကိုပြုခြင်းလျှင်အကြောင်း ရှိသော မကောင်းမှုကိုယူရမည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) သဗ္ဗနာမလိင်္ဂတ္ထ။ (၂) အဘိဓေယျတ္ထ။

---

(က) ဒမေနာတိ ဣန္ဒြိယဒမေန ဥပေါသထကမ္မေန ဝါ။
(ခ) သစ္စဝဇ္ဇေနာတိ သစ္စဝစနေန။ အာဂမောတိ အာဂမနံ၊ ပဝတ္တီတိ အတ္ထော။ ဝိဇိတောတိ အာဏာပဝတ္တိဒေသော။
(ဂ) အပယာဒေတမ္ဗန္တိ ဝိဟေဌေတဗ္ဗံ။ အပ္ပဋိက္ကောသိတ္ွာတိ ဗာလ ဒုဗ္ဗာသိတံ တယာ ဘာသိတန္တိ ဧဝံ အပ္ပဋိဗာဟိတွာ။ အနုဂ္ဂဏှန္တောတိ သာရတော အဂ္ဂဏှန္တော။ (ဋ္ဌ-၁၄၅)

### အာဓောဝ်သံဝဏ္ဏနာများ

က-ဝါကျ၌ ဣန္ဒြိယဒမေန-ဖြင့် ဒမ-သဒ္ဒါသည် ဣန္ဒြိယသံဝရ-ကို ဟောသတည်းဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ)

က-ဝါကျ၌ ဥပေါသထ ကမ္မေနဝါ-ဖြင့် ဒမ-သဒ္ဒါသည် ဥပေါသထသီလကိုလည်း ဟောသတည်းဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ)

† ဒမ သဒ္ဒေါ ဣန္ဒြိယသံဝရဿ ဥပေါသထသီလဿ စ ဝါစကော။ (သီ-ဋီ-သစ်)

ခ-ဝါကျ၌ သစ္စဝစနေန-ဖြင့် ဝဇ္ဇ-သဒ္ဒါသည် ဒေါသ, ဘေရီ, အနက်တို့ကိုမဟော၊ ဝစန အနက်ကို ဟောသတည်းဟု သိစေပါသည်၊ (နာမလိင်္ဂတ္ထ)

† ဝဇ္ဇံ ဒေါသေစ ဘေရိယံ။ (အဘိဓာန်)

http://www.dhammadownload.com



ခ-ဝါကျ၌ အာဂမနံ-ဖြင့် အာဂမော-ပုဒ်ကို "အာဂမနံ အာဂမော"ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုငင်း¹, အ-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုငင်း² သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ ပဝတ္တိတိအတ္ထော-ဖြင့် အာဂမန-ဟူသည် ပြုသော ပုဂ္ဂိုလ်၏သန္တာန်၌ အကျိုးကို ဖြစ်စေတတ်သော. အကြောင်း၏ အဖြစ်ဖြင့် "ဖြစ်ခြင်း"တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ အာဏာပဝတ္တိဒေသေ-ဖြင့် ဝိဇိတံ-ပုဒ်ကို "ပရရာဇူဟိ အနဘိဘဝနိယဘာဝေန ဝိသေသတော ဇိတန္တိ ဝိဇိတံ"ဟု ဝစနတ္ထပြု၍ ဝိဇိတ-အရ တယောက်သောမင်း၏ အာဏာပြန့်နှံ့ရာအရပ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဂ-ဝါကျ၌ ဝိဟေဌေတဗ္ဗံ-ဖြင့် ငါနှိပ်စက်၌ မနေရဟု-မောင်းမဲ နှင်ထုတ်ခြင်းဟူသည် ညှဉ်းဆဲခြင်းပင်မည်သတည်းဟု သိစေပါသည်။

မှတ်ချက်။ ။ယင်းအဖွင့်ကို ဓာတွတ္ထ-အဖွင့်ဟု မမှတ်လင့်၊ ဘာဝတ္ထ-အဖွင့်သာတည်း။ (ဋီကာသစ်ရှု)

ဂ-ဝါကျ၌ အပ္ပဋိ ဗာဟိတွာ-ဖြင့် အပ္ပဋိက္ကောသိတွာ၌ ကုသ-ဓာတ်သည် အက္ကောသ အနက်ကိုမဟော၊ ပဋိဗာဓန (တားမြစ်ခြင်း) အနက်ကိုဟောသတည်းဟု သိစေပါသည်။ (ဒုတိယဓာတွတ္ထ)

ဂ-ဝါကျ၌ ကြွင်းပါဠိတို့ဖြင့် လူမိုက်-သင်သည် မကောင်းသဖြင့် ဆိုအပ်သောစကားကို ဆိုသတည်းဟူ၍ မတားမြစ်ဟု သိစေပါသည်။

(ဘာဝတ္ထ)

ဂ-ဝါကျ၌ သာရတော အဂဏှန္တော-ဖြင့် အနုဂ္ဂဏှန္တော-ပုဒ်ကို "န ဥဂ္ဂဏှန္တော အနုဂ္ဂဏှန္တော"ဟု မိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုငင်း¹, ဥ ဟူသော ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုငင်း², အနုဂ္ဂဏှန္တ-ဟူသည် သာရအားဖြင့် မမှတ်ခြင်း ဟူသော အဓိပ္ပါယ်ကိုငင်း³ သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။
(၃) ဘာဝတ္ထ။

http://www.dhammadownload.com



(က) အနိက္ကုဋ္ဌန္တေ'ာတိ သာရဝသေနေဝ ဣဒံနိဿရဏံ, အယံ ပရမတ္ထော'တိ ဟာဒယေ အဋ္ဌပေန္တော။
( ခ ) ဗျဉ္ဇနံ ပန တေန ဥဂ္ဂဟိတမ္ဗေဝ နိက္ကုဋ္ဌိတဉ္စ။
( ဂ ) မက္ခလိပါဒေ ပစ္စယောတိဟေတု ဝေဝစနမေဝ။
(ဃ) အတ္တကာရေတိ အတ္တကာရော။ (ဋ္ဌ-၁၄၅-၁၄၆)

● (၂) ခ—ဝါကျကိုသာ ထပနာတိက ကျမ်းတက်ခဲ့ပါ။

ဖြေ။ ။ **ထပနာတိကတက်ပုံ**

ဆရာ၊ ဆရာသည် က—ဝါကျဖြင့် သာရအားဖြင့်သာလျှင် "ဤပူရဏ ကဿပ၏ စကားသည် ဝဋ်မှထွက်မြောက်ရာတည်း, ဤပူရဏ စကားသည် မဖောက်မပြန်သော အနက်တည်း" ဟု အဇာတသတ်၏ စိတ်နှလုံး၌ မထားဟု ဆိုတော်မူ၏။ သာရအားဖြင့် ပူရဏကဿပဝါဒကို စိတ်နှလုံး၌ မထားသော် ယင်းဝါဒကို အဇာတသတ်သည် မြတ်စွာဘုရားအား မလျှောက်နိုင်ရာသည် မဟုတ်လော။ အဘယ့်ကြောင့် သာရအားဖြင့် စိတ်နှလုံး၌မထားပါဘဲလျက် ယင်းဝါဒကို မြတ်စွာဘုရားအား လျှောက်ထားနိုင်ပါသနည်း....ကြောင့် ခ—ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ—ဝါကျဖြင့် သာရအားဖြင့် ယင်းဝါဒကို စိတ်နှလုံး၌ မထားပင် မထားပါသော်လည်း သဒ္ဒါကိုကား သင်ယူအပ်, စိတ်နှလုံး၌ထားအပ်သောကြောင့် အဇာတသတ်သည် မြတ်စွာဘုရားအား လျှောက်နိုင်၏ ဟူလို။

**မှတ်ချက်။** ။ခ—ဝါကျ၌ ပန—သဒ္ဒါ အရစျတ္တကို ထောက်ဆ၍ ပါဠိတော် စကားကိုဆောင်၍ ကျမ်းတက်လိုက်ပေသည်။

---

● (၃) က—ခ—ဝါကျတို့၌ ရသင့်သော စောဒကာ သောဂါဒိ စတုက္ကကိုဖော်ပြ၍ ခ—ဝါကျ၌ ပန-သဒ္ဒါ ထားရခြင်းအကြောင်း ကိုလည်း ဖော်ပြပါ။

ဖြေ။ ။ **စတုက္ကထုတ်ပုံ**

နနု သာရဝသေနေဝ "ဣဒံ နိဿရဏံ, အယံပရမတ္ထော" တိ အဋ္ဌပေန္တော။ (စော+သော)

---

http://www.dhammadownload.com



အထ ကသ္မာ အဇာတသတ္တု ရာဇာ ပူရဏကဿပဝါဒံ ဘဂဝတော အာဝေါစ။ (စော)

နနု ဗျာကရဏံ တေန ဥဂ္ဂဟိတဉ္စေဝ နိက္ကုဇ္ဇိတဉ္စ။ (ပဋိ+ဘော)

တသ္မာ အဇာတသတ္တုရာဇာ ပူရဏ ကဿပဝါဒံ ဘဂဝတော အာဝေါစ။ (ပရိ)

ခ-ပါကျ၌ ပန-သဒ္ဒါ ယားရခြင်းကား အနုဂ္ဂဏှန္တော, အနိက္ကုဇ္ဇန္တော-ဟူသော ပါဠိတော်လာ သဒ္ဒါကို မနှစ်သက်သော ကြောင့် ယင်း (ပန) သဒ္ဒါကို ထားရပါသည်။

မှတ်ချက်။ ။ပါဠိတော်ဝယ် ပူရဏကဿပဝါဒကို သာရအား ဖြင့်မင်းကြီးကမယူ (အနုဂ္ဂဏှန္တော)။ ယင်းဝါဒကိုမင်းကြီး၏ စိတ်မှာ မထား(အနိက္ကုဇ္ဇန္တော)ဟု-ဆိုပါလျက် ယင်းဝါဒကို အဘယ့်ကြောင့် လျှောက်ထားနိုင်သနည်းဟု စောဒနာရိပ်ရှိ၍ ခ-ပါကျတက်လာသည်ဟု မနှစ်သက်ပုံအကျယ်ကိုသိပါလေ။

---

● (၄) ဂ-ပါကျ၌ ဝေဝစနံ-သဒ္ဒါကို ဝစနတ္ထပြု၍ ဝစနာဒိ ဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဧကော အတ္ထော ပုနပ္ပုနံ ဝုစ္စတိ အနေန ဘာတိ ဝေဝစနံ" (အနေန ပရိယာယေန၊ ဤပရိယာယ်ဖြင့်။ ဧကော အတ္ထော၊ တခုသောအနက်ကို။ ပုနပ္ပုနံ၊ အဖန်ဖန်။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ တသ္မာ၊ ဝေဝစနံ။ ဝိ-ပုဗ္ဗ ဝစ-ဓာတ်+ယု-ပစ္စည်း။)

ဝစနာဒိဆက္က။ ။တခုသောအနက်ကို အဖန်ဖန်ထပ်၍ ဆိုခြင်း ကြိယာသကတ်ာသည်ဝစနံဟောတုမည်၏။ ပစ္စယော, ဟောတု- ဟူသော သဒ္ဒါတို့ဖြစ်သည် စနိုယ မည်၏။ ပရိယာယော-ဟူသောပရိယာယ်သဒ္ဒါ သည် ဝစနိယတ္ထ မည်၏။

မှတ်ချက်။ ။"ဝိဝိဓံ ဧကသ္မိံ ယေဝအတ္ထေ ဝစနံ ဝိဝစနံ၊ ဝိဝ စနမေဝဝေဝစနံ"ဟု တနည်းပြုနိုင်သည်။

http://www.dhammadownload.com



● (၅) ခ—ဝါကျ၌ ဥဂ္ဂဟိတဥ္စေဝ နိက္ကုဇ္ဇိတဥ္စ-ပုဒ်တို့ကိုဟိတ်ပြင်၍ သမ္ဗန္ဓပဒမျှကိုလာဖော်ပြပါ။

ဖြေ။ ။ဟိတ်ပြင်ပုံကားဥဂ္ဂဟိတတ္တာစေဝ နိက္ကုဇ္ဇိတတ္တာစ ဟုပြင်ရပါသည်။ယင်းဟိတ်တို့၏သမ္ဗန်ကား ဗျဥ္ဇနသာ-တည်း။ (ဗျဥ္ဇနံ-ပုဒ်ကို သမ္ဗန်ခံ၊ ကံ-သမ္ဗန်စပ်၊ ပစ္စယတ္ထကာရကမ္မတ္ထ)

---

● (၆) . က-ဃ-ဝါကျတို့၌ အာဘောဂ,သံဝဏ္ဏနာတို့ကိုဖော်ပြပါ။

ဖြေ။ ။က—ဝါကျဖြင့် မျက်မှောက်မပြုခြင်း (အနိက္ကုဇ္ဇနံ) ဟူသည့် ပူရဏကဿပဝါဒကို "ဤဝါဒသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း၊ ဤဝါဒသည်ပရမတ္ထ" ဟု သာရအားဖြင့် စိတ်နှလုံး၌ မထားခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ကုဇ္ဇဓာတ် နှင့် ထပ—ဓာတ်တို့အချင်းချင်း ပသဂ်မရှိ၍ ဓာတွတ္ထမဖော်နိုင်။

ဃ—ဝါကျ၌ အတ္ထကာရေဖြင့် အတ္ထကာရေဟူသော "ဧ" ကာရန္တကို အတ္ထကာရေ-ဟု "ဩ" ကာရန္တဖြင့်ဖွင့်ရကား ဝနပ္ပဂုမ္ဗေ ယထာဖုသိတဂ္ဂေ-၌ပထမာကေဝုစ်သီ-ဝိဘတ် (ပစ္စတ္တဝစန) ကိုဧ-ပြုထားသကဲ့သို့အတ္ထကာရေ-၌ "ဧ" သည် ပထမာကေဝုစ်သီ-ဝိဘတ် (ပစ္စတ္တဝစန) ကို "ဧ" ပြုထားသတည်းဟု သိစေပါသည်။ (နာမ်ဝိဘတ်၏ကာရိယကိုဖွင့်ရကား ဝိဘတ္တိပဒသံဝဏ္ဏနာတည်း။)

တနည်း။ ။ဟောတိ ဣဓမ္ပိ သီလသ္မိံ-၌ ပထမာ အနက် (ပစ္စတ္တတ္ထ)၌ သတ္တမီ ဝိဘတ်သက်သကဲ့သို့ အတ္ထကာရေ-၌ သ္မိံ-ဝိဘတ်သည် ပထမာအနက်(ပစ္စတ္တတ္ထ)၌ သက်သတည်း၊ သတ္တမျတ္ထ၌ မသက်ဟု သိစေပါသည်။ ဤအလို နာမ်ဝိဘတ်၏အနက်ကိုဖွင့်ရကား ဝိဘတျတ္ထသံဝဏ္ဏနာတည်း။

မှတ်ချက်။ ။ဃ-ဝါကျ အာဘောဂ်ကား ဋီကာသစ်အာဘောဂ်ချည်းတည်း။

---

http://www.dhammadownload.com



● (၈) ပရာဿ ဩဝါဒါနုသာသနိံ နိဿာယ—၌ ဩဝါဒ အနုသာသနီတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ ။ဩဝါဒ အနုသာသနီ—တို့၏အထူးကား ရှေးဦးစွာသော အဆုံးအမသည်''ဩဝါဒ''နောက်၌ အဖန်ဖန်ဆုံးမအပ်သော အဆုံးအမ သည် ''အနုသာသနီ'' ဤသို့ ထူးပါသည်။

**မှတ်ချက်။** ။ဤအဖြေကား ဤ သီလက္ခန်နှင့် လျော်သော ဋီကာသစ် အဖြေတည်း၊ အင်္ဂုတ္တရအဋ္ဌကထာဝါဒကို ဗဟုဿုတ အဖြစ်— အောက်၌ ဖော်ပြလိုက်သည်။ ဤ၌ မလိုပေ။

† ပဌမံ ဝါ ဩဝါဒေါ ပစ္ဆာ အနုသာသနီ။ **(သီ-ဋီ-သစ်)**

† သကိံ ဝစနံ ဩဝါဒေါ၊ ပုနပ္ပုနံ ဝစနံ အနုသာသနီ။ သမ္မုခါ ဝစနမ္ပိ ဩဝါဒေါ၊ ပေသေတွာ ပရမ္မုခါ ဝစနံ အနုသာသနီ။ ဩတိဏ္ဏေ ဝတ္ထုသ္မိံ ဝစနံ ဩဝါဒေါ၊ ဩတိဏ္ဏေ ဝါ အနောတိဏ္ဏေ ဝါ ဝတ္ထုသ္မိံ တန္တိထပနဝသေန ဝစနံ အနုသာသနီ။ **(အင်္ဂုတ္တရအဋ္ဌကထာ)**

---

(က) နတ္ထိ ဝီရိယန္တိ အာဒီနိ သဗ္ဗာနိ ပုရိသကာရဝေဝစနာနေဝ။

(ခ) ''ဣဒံ နော ဝီရိယေန ဣဒံ ပုရိသထာမေန ဣဒံ ပုရိသ ပရက္ကမေန ပဝတ္တ''န္တိ ဧဝံ ပဝတ္တဝစနပဋိက္ခေပကရဏ ဝသေန ပနေတာနိ ဝိသုံ အာဒိယန္တိ။

(ဂ) အဝသာ အဗလာ အဝီရိယာတိ တေသံ အတ္တနော ဝသော ဝါ ဗလံ ဝါ ဝီရိယံ ဝါ နတ္ထိ။ (ဋ္ဌ-၁၄၆)

● (၂) ခ-ဝါကျကို သာဘောဂါယုတ္တ ပုစ္ဆာတက်ပါ။

ဖြေ။ ။ **သာဘောဂါယုတ္တပုစ္ဆာတက်**

ဆရာ၊ဆရာသည် အလုံးစုံကုန်သော နတ္ထိဝီရိယံ-စသော စကားတို့ သည် ပုရိသကာရ၏ ဝေဝုစ်တို့တည်းဟု ဆိုတော်မူ၏။ ပုရိသတာရ၏ ဝေဝုစ်ဖြစ်သော် အသီးမဆိုကောင်းပြီလော၊ အဘယ်သို့မှတ်သားရမည်နည်း.... ကြောင့် ခ-ဝါကျကိုမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား။** ။ခ–ဝ ါကျဖြင့်"ဤဝတ္ထုသည် ငါတို့၏ ဝီရိယ ကြောင့် ဖြစ်၏၊ ဤဝတ္ထုသည် ငါတို့၏ ယောကျ်ားစွမ်းကြောင့် ဖြစ်၏၊ ဤဝတ္ထုသည် ငါတို့၏ ယောကျ်ား လုံ့လကြောင့် ဖြစ်၏" ဟူသော ယောကျ်ားတို့၏ အစွမ်းကြောင့် ဖြစ်၏ဟူသော စကားကို ပယ်ခြင်းကို ပြုသည်၏အစွမ်းဖြင့် နတ္ထိဝီရိယံ–စသော စကားတို့ကို အသီးသီးယူအပ်ကုန်၏ ဟု ငါပြဆို၏ဟူလိုသောဝ်။

**မှတ်ချက်။** ။ဂဏ္ဌိ–အာဘော်နှင့်ညှိ၍ကျမ်းတက်သည်။

---

● (၃)က–ခ–ဝ ါကျတို့၌ ရသင့်သော စောဒကာ ဘောဂ ါဒိ စတုက္ကကိုဖော်ပါ။

**ဖြေ။** ။ **စတုက္ကထုတ်ပုံ**

နနု နတ္ထိ ဝီရိယန္တိအာဒီနိ သဗ္ဗာနိ ပုရိသကာရဝေဝစနာနိ။
(စော+ဘော)

**အထ တသ္မာ တောနိ ဝိသုံ အာဒိယန္တိ။** (စော)

**နနု ဣဒံ ဓနာဝီရိယေန "လ" ဝေပဝတ္တာဝစနပဋိက္ခေပကာရဏ ဝသေန ဟောတိ။** (ပရိ+ဘော)

**(တသ္မာ) တောနိ ဝိသုံ အာဒိယန္တိ။** (ပရိ)

**မှတ်ချက်။** ။နိသျနက်ကြေပွန်မှ သဘောပေါက်မည်၊ အနက် ကြေပွန်ပါစေ။

---

● (၄) ဂ–ဝ ါကျ၌ အဝီရိယာ–ပုဒ်ကို အစိတ်ပေါင်းဝစနတ္ထ ပြု၍ အပေါင်းဝစနတ္ထကို ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။"ဝီရာနံ ဘာဝေါ ကမ္မံဝါ ဝိဓိနာ ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိဝါ ဝီရိယံ" (အစိတ်ဝိဂ္ဂဟ)

"နတ္ထိ ဝီရိယံ ဧတေသန္တိ အဝီရိယာ" (အပေါင်းဝိဂ္ဂဟ)

**ဝစနာဒိဆက္က။** ။ဝီရိယမရှိခြင်း အဘာ[illegible] သတ္တဝါတို့ဒြဗ်နှင့် ဂုဏ်,ဂုဏော ဌာနီ,ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗ[illegible]သည် **ဝစနဟောတု** မည်၏။

http://www.dhammadownload.com



ဝီရိယမရှိသောသတ္တဝါတို့ဖြစ်သည် ဝစနီယ မည်၏။ အနုဿာဟာ, အဝါယမာ—စသော ဝီရိယာယ်သည် ဝစနီယတ္ထ မည်၏။

---

● (၆) ဂ—ဝ ါကျဖြင့် သိစေအပ်သော အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။ဂ-ဝ ါကျဖြင့် အဝဿ—ပုဒ်ကို "နတ္ထိ အတ္တနော ဝသော ဧတေသန္တိ အဝသာ"ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း¹,အ-သဒ္ဒါသည် ဝုဒ္ဓိ, တဗ္ဘာဝ—စသောအနက်တို့ကို မဟော၊ အဘာဝအနက်ကို ဟောသည်၏အဖြစ်ကိုရင်း², အဗလာ-ပုဒ်ကို "နတ္ထိ အတ္တနော ဗလံ ဧတေသန္တိ အဗလာ"ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း³, အ-သဒ္ဒါသည် ဝုဒ္ဓိ, တဗ္ဘာဝစသော အနက်တို့ကို မဟော၊ အဘာဝအနက်ကိုဟောသည်၏ အဖြစ်ကိုရင်း⁴, အဝီရိယာ-ပုဒ်ကို "နတ္ထိ အတ္တနော ဝီရိယံ ဧတေသန္တိ အဝီရိယာ" ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း⁵, အ—သဒ္ဒါသည် ဝုဒ္ဓိ,တဗ္ဘာဝ-စသောအနက်ကိုမဟော၊ အဘာဝအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း⁶ သိစေပါသည်။

(၁)(၃)(၅) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။
(၂)(၄)(၆) နိပါတလိင်္ဂတ္ထ။

---

● (၇) ပုရိသထာမေန-၌ ထာမသဒ္ဒါ၏ နိရုတ္တိကိုရေးပါ။

ဖြေ။ ။ထာမ-ကား ဌာ-ဓာတ် မ-ပစ္စည်း၊ ဌာမ-ဟု ဆိုလိုလျက် ဌ—ကို ထ—ပြုခြင်း ဝဏ္ဏဝိကာရဖြင့် ထာမ—ဟု ပြီးပါသည်။

မှတ်ချက်။ ။"တိဋ္ဌန္တိ ဧတေနာတိ ထာမော" ဗလံ—ဟု ဝစနတ္ထပြု။

† ဌာ ဂတိ-နိဝတ္တိယံ ကံရဏေ မော၊ ဌဿ ထော။ (သူစိ)

---

● (၈) ပူရဏကဿပသည် သလေး, မုယော, နတ်ကောက်စသည်တို့၌ အသက်ရှိ၏ဟု အဘယ့်ကြောင့်ယူပါသနည်း။

http://www.dhammadownload.com



ဖြေ။ ။သလေး,မုဒယော,နုတ်ကောက်စသည်တို့၌ ပေါက်ရောက် ကြီးပွားစည်ပင်တတ်သည်၏ အဖြစ်ကြောင့်(အညွန့်,အရွက်,အသီးစသည် တို့ ဖြစ်သည်ကိုပင်) အသက်ရှိသည်ဟု ယူပါသည်။

† တေသု ဟိ သော ဝိရူဟနဘာဝေန ဇီဝသညီ။

(အဋ္ဌကထာ)

---

## နိယတိသင်္ဂတိဘာဝ ပရိဏတာတိ ဧတ္ထ

(က) နိယတီတိ နိယတတာ။ သင်္ဂတီတိ ဆန္နံ အဘိဇာတီနံ တတ္ထ တတ္ထဂမနံ။ ဘာဝေါတိ သဘာဝေါယေဝ။

(ခ) ဇဝံ နိယတိယာစ သင်္ဂတိယာစ ဘာဝေနစ ပရိဏတာ နာနပ္ပကာရတံ ပတ္တာ။ (ဋ္ဌ—၁၄၆)

## အာဓော်သံဝဏ္ဏနာများ

က—ဝါကျ၌ နိယတတာ—ဖြင့် နိယတိ—ပုဒ်ကို "နိယမနံ နိယတိ" ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရှင်း[၁], တိ—ပစ္စည်း၏ ဘာဝ သာဓန၌ သက်သည်၏အဖြစ်ကိုရှင်း[၂] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ။နိယတိ—ဟူသော ကိတ်ပုဒ်ကို နိယတတာ-ဟူသော တဒ္ဓိတ်ဘောဖြင့် ဖွင့်ရကား နိယတိ—ပုဒ်၏ ဘာဝသာဓန အဖြစ်ကိုပြသည် ဟူလို၊ နိယတာဟုဖွင့်လျှင် တိပစ္စည်းကိုတာပစ္စည်းဖြင့်ဖွင့်သည်မှတ်။

က—ဝါကျ၌ ဂမနံ—ဖြင့် သင်္ဂတိ—၌ သံပုဗ္ဗ ဂမု—ဓာတ်၏ အဖြစ် ကိုရှင်း[၁], သင်္ဂတိ—ပုဒ်ကို "သင်္ဂမနံ သင်္ဂတိ" ဟု ဘာဝသာဓန ဝစနတ္ထပြုရ မည်၏ အဖြစ်ကိုရှင်း[၂], တိ—ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ် ကိုရှင်း[၃], ဆန္နံ အဘိဇာတီနံ တတ္ထတတ္ထ—ဖြင့် ရောက်ခြင်း(ဂမန) ဟူသည် ခြောက်ပါးသော အဘိဇာတိတို့တွင် ထိုထိုအဘိဇာတိသို့ရောက်ခြင်း ပင် တည်း ဟူသော အဓိပ္ပါယ်ကိုရှင်း[၄] သိစေပါသည်။

(၁) ဒုတိယဓာတုပဒ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။
(၄) ဘာဝတ္ထ။

http://www.dhammadownload.com



က-ဝါကျ၌ **သဘာဝေ ါယေဝ**-ဖြင့် သမ္ဗန္ဓိကိုမငဲ့သောကြောင့်(ဘာဝ) သဒ္ဒါသည် သမ္ဗန္ဓိကိုငဲ့သော၊ ဝါ-သမ္ဗန္ဓိနှင့်တကွသော(ဘာဝ)သဒ္ဒါကဲ့သို့ ပကတိအနက်၊ ဝါ-သဘာဝအနက်ကိုဟော၏၊ ထင်ရှားခြင်း (သတ္တာ) ဇာတ္တိခြေ, ပုရိသိခြေ-စသောအနက်တို့ကို မဟောဟု သိစေပါသည်။
(နာမလိင်္ဂတ္ထ).

ခ-ဝါကျဖြင့် နိယတိ သင်္ဂတိ ဘာဝ-ပုဒ်ကို "နိယတိစ သင်္ဂတိစ ဘာဝေါစ နိယတိသင်္ဂတိဘာဝေါ" ဟု ဒွန် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁, နိယတိ သင်္ဂတိဘာဝ-ပုဒ်ကို ပရိဏတ-ပုဒ်နှင့် "နိယတိသင်္ဂတိဘာဝေန ပရိဏတာ နိယတိသင်္ဂတိဘာဝပရိဏတာ" ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၂, ညွတ်ကုန်၏ (ပရိဏတာ) ဟူသည် အထူးထူး အပြားပြား ရှိသည်၏ အဖြစ်သို့ ရောက်ကုန်သတည်းဟူသော အဓိပ္ပါယ်ကိုရင်း၃ သိစေပါသည်။

(၁) (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၃). ဘာဝတ္ထ။

## နိရုတ္တိနည်းမှတ်ဘွယ်များ

ဒွင္ဒိပဋ္ဋိပဒါ-၌ သဒ္ဒါ ဆရာတို့အလို ဒွါသဋ္ဌိပဋိပဒါ-ဟူလိုလျက် သ-ကိုချေခြင်း ဝဏ္ဏလောပ၊ အာ-သရကို "သံယောဂေ ပရေ ရဿတ္တံ" ပရိဘာသာအရ အ ရဿပြု၍ ဒွင္ဒိပဋ္ဋိပဒါဟုပြီးသည်။

သို့သော်-ဤ၌ ဒွင္ဒိပဋ္ဋိပဒါ-ဟူသော သဒ္ဒါကိုဆိုသော မက္ခလိသည် သဘာဝနိရုတ္တိကို နားမလည်၍ ဟူးဟူးဟြားဟြား မှားမှား ယွင်းယွင်းဆိုမိသည် ဟူလို။

**ဆဠာဘိဇာတိယော**-ကို ဆအာဘိဇာတိယော-ဟုဖွင့်သဖြင့် သဠာ ယတနကဲ့သို့ လ-အက္ခရာလာခြင်း ဝဏ္ဏာဂမဖြင့် ဆဠာဘိဇာတိယောဟုပြီး သည်။ "လဠာနုမဝိသေသော" အရ ဠ-လာသည်ဟုလည်း ဆိုနိုင်သည်။

**ကုရုရကမ္မန္တာ**-၌ ကုရုရ-သဒ္ဒါကား ကန္တ-ဓာတ် ဦရ-ပစ္စည်း၊ ကန္တ-သဒ္ဒါကို ကုရ-ပြုခြင်း ဝဏ္ဏဝိကာရ၊ ရ-ကို ဦ-သို့ကပ်၍ ကုရူရဟု ပြီးသည်။ တနည်း....ကရ-ဓာတ် ဦရ-ပစ္စည်း၊ က-၌ အ-ကို ဥ-ပြု၍ ကုရူရ-ဟု ပြီးသည်။

http://www.dhammadownload.com



† ကန္တတီတိ ကုရှရံ ဦရောၤ ကန္တဆေဒနေ ကန္တဿ ကုရာ-ဒေသော၀။ ဣရ ဟိ သာယံ ဝါ ဦရောၤအဿု။ (ဘိ-ဋီ)

---

● (ဂ) ကမ္မေစ ဉပစုကမ္မေစ-၌ ကမ္မနှင့် ဉပစုကမ္မ-အရ မက္ခလိသည် အဘယ်သို့ယူဆပါသနည်း ဖော်ပြပါ။

ဖြေ။ ။မက္ခလိသည် ကာယကံ,ဝစီကံကို ကမ္မဟုယူဆ၍ မနောကံကို ဉပစုကမ္မ-ဟုယူဆသည်။

† ကာယကမ္မဥ္စ ဝစီကမ္မဥ္စ ကမ္မန္တိ လဒ္ဓိ၊မနောကမ္မံ ဉပစုကမ္မန္တိ။ (အဋ္ဌကထာ)

---

(က) ကေ္ခုနပညာသ အာဇီဝကသတေတိ ကေ္ခုနပညာသ အာဇီဝကဝုတ္တိသတာနိ။ (ဋ္ဌ-၁၄၈)

(ခ) ဒေါဏာမိတေတိ ဒေါဏေနမိတံ ဝီယ။

(ဂ) ဥက္ကံသာဝကံသေတိ ဥက္ကံသာဝကံသာ။ (ဋ္ဌ-၁၄၉)

### အာဘော်သံဝဏ္ဏနာများ

က-ဝါကျဖြင့် မက္ခလိသည် သဘာဝလိင်ကို နားမလည်၍ ကေ္ခုန "လ"သတာနိဟု နပုလ္လိင်ဖြင့် ဆိုရမည်ကို ချတ်လွဲ၍ ပုလ္လိင်ဖြင့် ကေ္ခုန "လ"သတေ-ဟု ဆိုအပ်သတည်းဟုသိရပေါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ပရိဗ္ဗာဇကသတေ-စသောပုဒ်တို့၌လည်း ဤနည်းတူပင်။စုလ္လာသီတိသတသဟဿာနိ-ကား စတုရာသီတိသတသဟဿာနိ-ဟု ဆိုသင့်လျက် ချတ်လွဲ၍ဆိုသည်။သဒ္ဒါ ဆရာတို့ကမူကား စတုရာသီတိ၌ တု-ကိုချေ စ-ကို စု-ပြု ရ-ကို လ-ပြု ဒွေဘော်လာ၍ စုလ္လာသီတိပြီးသည်ဟုဆိုကြ၏။ ယင်းသဒ္ဒါ ဆရာတို့အလို-နိရုတ္တိနည်းဟုမှတ်ပါ။

ခ-ဝါကျ၌ဒေါဏေန မိတံ ဝိယ-ဖြင့် ဒေါဏာမိတံ-ပုဒ်ကို"ဒေါဏေန မိတံ ဒေါဏာမိတံ" ဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁,သို့-ဝိဘတ်၏ ပထမာအနက်၌သကယည်၏အဖြစ်ကိုရင်း၂, ဒေါဏာမိတေ-ပုဒ်ကို စရွတ်တောင်းဖြင့် ချင့်သကဲ့သို့ ဟု ရူပကာအနက်ပေးရမည်၏အဖြစ်ကိုရင်း၃သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) ဝိဘတျတ္ထ။
(၃) ဘာဝတ္ထ။

http://www.dhammadownload.com



ဂ-ဝါကျ၌ ဥက္ကံသာဝကံသာ-ဖြင့် ဥက္ကံသာဝကံသေ-ဟု ဆိုခြင်းကား သတ္တာဝနိရုတ္တိကို နားမလည်၍ဆိုသတည်း၊ အမှန်ကား ဥက္ကံသာဝကံသာ-ဟု ဆိုသင့်သတည်းဟု သိအပ်ပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ပလေတိ-ပုဒ်ကို ဂစ္ဆတိ-ဟု ဖွင့်သည်ကား ပရ-ဓာတ်၏ ဂတျတ္ထကိုရင်း၊ စုရာဒိဂိုဏ်းကိုရင်း၊ "ပရေတိ" ဟု ဆိုလိုလျက် ပလိဗုဒ္ဓေါကဲ့သို့ ရ-ကို လ-ပြု၍ ပလေတိ-ဟု ပြီးသည်ကိုရင်း ပြသည်ဟု မှတ်ပါ။ သံဝဏ္ဏနာရှည်သဖြင့် အကျဉ်းမျှ ချုံး၍ပြလိုက်သည်။

---

## အင်္ဂါဝ ါဒအဖွင့်

(က) ယာဝ ါဋ္ဌာဟနာတိ ယာဝ သုသာနာ။ (ဋ္ဌ-၁၄၉)

(ခ) ကာပေါတကာနီတိ ကပေါတဝဏ္ဏာနိ၊ ပါရာဝတပက္ခဝဏ္ဏာနီတိ အတ္ထော။

(ဂ) ဘဿန္တာတိ ဘသ္မန္တာ၊ အယမေဝ ပါဠိ။

(ဃ) ဒတ္တုပညတ္တန္တိ ဒတ္တူဟိ ဗာလမနုဿေဟိ ပညတ္တံ။ (ဋ္ဌ-၁၅၀)

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ ယာဝ သုသာနာ-ဖြင့် ယာဝ ါဋ္ဌာဟနာ-ကို ယာဝ အာဋ္ဌာဟနာ-ဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုရင်း[၁], အာဋ္ဌာဟနာ-သဒ္ဒါ၏ သုသာန်အနက်ကိုဟောသည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) သန္ဓိလိင်္ဂပဒ။ (၂) နာမလိင်္ဂတ္ထ။

ခ-ဝါကျ၌ ကာပေါတကာနီ-ပုဒ်ကို "ကပေါတဿ ဝဏ္ဏော ကပေါတော၊ ကပေါတော ဧတေသံ အတ္ထီတိ ကာပေါတကာနိ" ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၁],ကဏ-ပစ္စည်း၏အဿတ္ထိတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း[၂], သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ခ-ဝါကျ၌ ပါရာဝတပက္ခ ဝဏ္ဏာနီတိ အတ္ထော-ဖြင့် ကပေါတသဒ္ဒါ၏ ပါရာဝတ (ခို) အနက်ကိုဟောသည်၏အဖြစ်ကိုရင်း[၁],ကာပေါတ

http://www.dhammadownload.com



ကာနိပ္ပါသည် ခိုတောင်အဆင်းရှိကုန်၏ဟူသော အဓိပ္ပါယ်ကိုရင်း၊ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) ဘာဝတ္ထ။

ဂ—ဝါကျ၌ ဘာသန္တာ-ဖြင့် ဘာသ-သဒ္ဒါသည် ပြာ-အနက်ကို ဟောသတည်း ^၁၊ဝါ-ဘာသ-သဒ္ဒါသည် ဘာသ-သဒ္ဒါ၏ပရိယာယ်တည်း၊ ဟု သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိမေယျတ္ထ။

ဃ—ဝါကျ၌ ဗာလမန္ဒသေဟိ-ဖြင့် ဒတ္တု-ပုဒ်ကို "ဒဗ္ဗန္တီမုယျန္တီတိ ဒတ္တူ" ဟု ဝစနတ္ထပြု၍ ဒတ္တူ-အရ ဗာလမန္ဒသတ္တကို ယူရမည်၏အဖြစ်ကိုရင်း°, ဒတ္တူဟိ ပညတ္တံ-ဖြင့် ဒတ္တုနှင့် ပညတ္တံကို "ဒတ္တူဟိ ပညတ္တံ ဒတ္တုပညတ္တံ" ဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိမေယျတ္ထ။ (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

---

## ပကုဓဝါဒအဖွင့်

(က) အကဋ္ဌာတိ အကတာ။ အနိမ္မိတာတိ ဣဒ္ဓိယာပိ န နိမ္မိတာ။

(ခ) န ဣဉ္ဇန္တီတိ ဧသိကတ္ထမ္ဘော ဝိယ ဌိတတ္တာ န စလန္တိ။

(ဂ) န အညမညံ ဗျာဗာဓေန္တီတိ န အညမညံ ဥပဟနန္တိ။

(ဃ) နာလန္တိ န သမတ္ထာ။ ပထဝီယေဝ ပထဝီကာယော။ ပထဝီသမူဟော ဝါ။ (ဠ—၁၅၁)

## အာဘောဒ်သံဝဏ္ဏနာများ

က-ဝါကျ၌ အကတာ-ဖြင့် အကဋ္ဌာ-၌ တ-ကို ဋ္ဌ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် အကဋ္ဌာ-ဟုပြီးသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

က--ဝါကျ၌ န နိမ္မိတာ-ဖြင့် အနိမ္မိတာပုဒ်ကို "န နိမ္မိတာ အနိမ္မိတာ" ဟု မိဿကကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ)

http://www.dhammadownload.com



ခ-ဝါကျ၌ နစလန္တိ-ဖြင့် ဠဋ္ဌန္တိ-၌ ဠဋ္ဌိ-ဓာတ်၊ ဝါ-ဠဋ္ဌဓာတ်၏ ကမ္မနတ္ထကိုဟောသည်၏ အဖြစ်ကိုရင်း°, သေိကတ္တမ္ဗောဝိယ ဌိတတ္တာ-ဖြင့် မတုန်လှုပ်ကုန်ဟူသည် တံခါးတိုင်ကဲ့သို့ တည်ကုန်သည်တို့၏အဖြစ်ကြောင့် မတုန်လှုပ်ကုန်ဟူသော အဓိပ္ပါယ်ကိုရင်း၂ သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) ဘာဝတ္ထ။

မှတ်ချက်။ ။ဌိတတ္တာ ဟိတ်၏သမ္ဗန်ကား နစေဠဋ္ဌန္တိ-ပါဠိတော်ကိုရှု၍ တေသံ သတ္တကာယာနံ-ပင်တည်း။

ဂ-ဝါကျ၌ ဥပဟနန္တိ-ဖြင့် ဗျာဗာဓေန္တိ-၌ ဝိ,အာ-ဥပသာရတို့၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုရင်း°, ဗာဓ-ဓာတ်၏ ဥပဟနတ္ထ၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဓာတွတ္ထ။

ဃ-ဝါကျ၌ န သမတ္ထာ-ဖြင့် အလံ-သဒ္ဒါသည် ဘူသန-စသော အနက်ကိုမဟော၊ ပရိယတ္တိအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

င-ဝါကျ၌ ပထဝီယေဝ ပထဝီကာယော-ဖြင့် ပထဝီသည် ကာယ၏တစိတ်ဖြစ်၍ အရတူရကား "ပထဝီယေဝ ကာယော ပထဝီကာယော" ဟု အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ)

စ-ဝါကျ၌ ပထဝီသမူဟော-ဖြင့် ကာယ-သဒ္ဒါသည် ခန္ဓာကိုယ် (ဒေဟ)အနက်ကိုမဟော၊ ရာသိ၊ ဝါ-သမူဟအနက်ကို ဟောသတည်း ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

---

## နာဋပုတ္တဝါဒအဖွင့်

(က) နာဋပုတ္တဝါဒေ စာတုယာမသံဝရသံဝုတောတိ စတုကောဋ္ဌာသေန သံဝရေန သံဝုတော။

(ခ) သဗ္ဗဝါရိဝါရိတောစာတိ ဝါရိတသဗ္ဗဉဒကော၊ ပဋိက္ခိတ္တသဗ္ဗသီတောဒကောတိ အတ္ထော။ (ဋ္ဌ-၁၅၁)

(ဂ) သဗ္ဗဝါရိယုတ္တောတိ သဗ္ဗေန ပါပဝါရဏေန ယုတ္တော။

http://www.dhammadownload.com



## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ စတုကောဋ္ဌာသေန-ဖြင့် စာတုယာမ-ပုဒ်ကို "စတ္တာရော ယာမာ ဘာဂါ စတုယာမံ၊စတုယာမံ ဧဝ စာတုယာမံ"ဟု သဒ္ဒတ္တတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, ဏ-ပစ္စည်း၏သဒ္ဒတ္တတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုရင်း၂, ယာမ-သဒ္ဒါပါဌမယာမေ-၌ကဲ့သို့ ဘာဂအနက်ကို ဟောသည်၏အဖြစ်ကိုရင်း၃ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) နာမလိင်္ဂတ္ထ။

က-ဝါကျ၌ စတုကောဋ္ဌာသေန သံဝရေန-ဟု ဝိဘတ်တူဖွင့်သဖြင့် "စာတုယာမောစ သော သံဝရောစာတိ စာတုယာမသံဝရော"ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, စာတုယာမသံဝရနှင့် သံဝုတောကို နာနာဝိဘတ္တိက (ဝိဘတ်ကွဲ) ဖြင့် ဖွင့်ရကား "စာတုယာမသံဝရေန သံဝုတော စာတုယာမသံဝရသံဝုတော"ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း သိစေပါသည်။

(၁) (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ။စာတုယာမ-ပုဒ်ကား သံဝရေန-ဟူသောဝိသေသျကို မငဲ့သော် သဒ္ဒတ္တတဒ္ဓိတ်ပုဒ်၊ငဲ့သော် အဿတ္ထိဆင့်ပါ၊ ဤသို့အဿတ္ထိဆင့်သော်သာလျှင် သံဝရပုဒ်နှင့် ကမ္မဓာရယ် တွဲနိုင်ပေမည်။

ဂ-ဝါကျ၌ ဝါရိတသဗ္ဗဥဒကော-ဖြင့် ဝါရိ-သဒ္ဒါ၏ရေ (ဥဒက) အနက်ဟောသည်၏အဖြစ်ကိုရင်း၁,သဗ္ဗဝါရိဝါရိတော-ပုဒ်ကို"ဝါရိတော သဗ္ဗဝါရိ ယဿာတိ သဗ္ဗဝါရိ ဝါရိတော"ဟု ဝိသေသန ပရနိပါတ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁)နာမလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ ပဋိက္ခိတ္တသဗ္ဗသီတောဒကော-ဖြင့် ဝါရိဟ-သဒ္ဒါ၏ ပဋိက္ခိတ္တအနက်ကိုဟောသည်၏အဖြစ်ကိုရင်း၁, ဥဒက-အရ ဥဏှောဒကကို မယူရ၊ သီတောဒကကို ယူရမည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိဓေယျတ္ထ။

**မှတ်ချက်။** ။နာဋပုတ္တသည် ရေအေး(သီတောဒက)၌ သတ္တဝါဟု အမှတ်သညာရှိသောကြောင့် ရေအေးကို မသုံးဆောင်ရ။

http://www.dhammadownload.com



ဂ-ဝါကျ၌ သဗ္ဗေန ပါပဝါရဏေန ယုတ္တော-ဖြင့် သဗ္ဗဝါရိကို "သဗ္ဗော ဝါရိ သဗ္ဗဝါရိ"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၁], ဝါရိ-သဒ္ဒါသည် ဤ၌ ရေအနက်ကိုမဟော၊ မကောင်းမှုကို တားမြစ်ခြင်းအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း[၂], သဗ္ဗဝါရိနှင့် ယုတ္တော ကို "သဗ္ဗဝါရိနာ ယုတ္တော သဗ္ဗဝါရိယုတ္တော"ဟု တတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၃] သိစေပါသည်။

(၁) (၃) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) နာမလိင်္ဂတ္ထ။

---

(က) ဂတတ္တောတိ ကောဋိပ္ပတ္တစိတ္တော။ ယတတ္တောတိ သံယတစိတ္တော။ ဌိတတ္တောတိ သုပ္ပတိဋ္ဌိတစိတ္တော။

(ခ) တေသု ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။

(ဂ) အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာဒိဋ္ဌိယော ဇာတာ။

(ဋ္ဌ-၁၅၁)

● (၂) ဂ-ဝါကျကို သာဘောဂါယုတ္တပုစ္ဆာတက်၍ ဂတတ္တော-၌ နောက်ပုဒ်၏ အတ္ထုဒ္ဓါရ,အတ္ထုဒ္ဒေသကို ဖော်ပြပါ။

ဖြေ။ ။ သာဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ထိုနာဋ္ဌပုတ္တ၏ ဝါဒ၌ တစုံတခုသော သာသနာတော်အားလျော်သော အယူဝါဒလည်းရှိသောဟု ဆိုတော်မူ၏။ သာသနာတော်အားလျော်သော အယူဝါဒရှိသော် မိစ္ဆာအယူဟု မဆိုသင့်သည်မဟုတ်လော။ အဘယ့်ကြောင့် မိစ္ဆာအယူဟု ဆိုတုံဘိသနည်း....ကြောင့် ဂ-ဝါကျကိုမိန့်။

**အစိပ္ပါယ်ကား။** ။ဂ-ဝါကျဖြင့် (ထိုနာဋ္ဌပုတ္တ၏ဝါဒ၌ တစုံတခုသော သာသနာတော် အားလျော်သောဝါဒရှိပင် ရှိပါသော်လည်း ပန-အနက် "အတ္ထိ ဇီဝေါ သော စ သိယာ နိစ္စော သိယာ အနိစ္စော" စသော)မစင်ကြယ်သော အယူရှိသည်၏ အဖြစ်ကြောင့် အလုံးစုံကုန်သော နာဋ္ဌပုတ္တ၏ အယူဝါဒတို့သည် မိစ္ဆာအယူတို့သာလျှင် ဖြစ်ကုန်၏ဟု ငါပြဆို၏ ဟူလိုသောဝ်။

**မှတ်ချက်။** ။ဤ( )အတွင်းစကားရပ်မပါဘဲ ဂ-ဝါကျ သက်သက် ဘာသာပြန်၍လည်း ရေးသားနိုင်သည်၊ ဤ၌ကား ပြည့်စုံစေရန် ရေးသားလိုက်ရပါသည်။

http://www.dhammadownload.com



## အတ္ထုဒ္ဓါရအတ္ထုဒ္ဒေသ

ဂတတ္တော-၌ နောက်ပုဒ်ကား အတ္တ—သဒ္ဒါဖြစ်၍ ယင်းအတ္တ-သဒ္ဒါသည် စိတ္တ, ကာယ, သဘာဝ, ပရမတ္တ (သာသနာတော်မှအပအယူ) ဤလေးပါးကုန်သော အနက်တို့၌ဖြစ်၏။ (အတ္ထုဒ္ဓါရ)

ဤဂတတ္တော-၌ အတ္တသဒ္ဒါကား စိတ်ဟူသောအနက်၌ ဖြစ်ပါသည်။ (အတ္ထုဒ္ဒေသ)

† စိတ္တေ ကာယေ သဘာဝေစ၊
သော အတ္တာ ပရမတ္တနိ။ (အဘိဓာန်)

---

● (၃) ခ-ဂ-ဝါကျတို့၌ ရသင့်သော စောဒကာ ဘောဂါဒိ စတုက္ကကိုဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု တေသ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။
(စော-ဘော)

အထ ကသ္မာ သဗ္ဗာ ဒိဋ္ဌိယော ဝ ဇာတာ။ (စော)

နနု အသုဒ္ဓလဒ္ဓိတာ ဟောတိ။ (ပရိ+ဘော)

တသ္မာ သဗ္ဗာ ဒိဋ္ဌိယော ဝ ဇာတာ၊ (ပရိ)

---

● (၄) ယတတ္တော-ပုဒ်ကို အစိတ် အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝိဂ္ဂဟကိုသာ ဝစနာဒိဆက္ကခွဲဝေပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။"သည္မိယိတ္တာတိ ယတော" (အစိတ်) "ယတော အတ္တာ ယဿ နိဂဏ္ဌဿာတိ ယတတ္တော"(အပေါင်း)ယဿ နိဂဏ္ဌဿ၊ အား။ ယတော၊ စောင့်စည်းအပ်ပြီးသော။ အတ္တာ၊ စိတ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ ယတတ္တော။ (အပေါင်းဝိဂ္ဂ အနက်)

**ဝစနာဒိဆက္က**။ ။စောင့်စည်းအပ်ပြီးသောစိတ်၏ နိဂဏ္ဌနှင့် ဌာနီ, ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဝစနဟေတု မည်၏။ နိဂဏ္ဌာဖြစ်သည်

http://www.dhammadownload.com



ဝစနီယ မည်၏။ သံယမစိတ္တော, သညမမနော-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။အစိတ်ဝိဂ္ဂဟ-ကား သံ-ဥပသာရလှော်ကရ်၍ အတိတ်ကမ္မသာဓနေ အဇ္ဈတ္တနိအတ္တနေ ပုဒ်အာ-ဝိဘတ်ကို တွဲပြု၍ သံ-ပုဗ္ဗ ယမုဓာတ် ဥ-ပြု ဒွေဒေဘော်ဆောင် သညမိယတ္တ-ဟုပြီးသည်။ ပစ္စုပ္ပန်ဝိဂ္ဂဟမပြုသင့်၊ အောက်ပါဠိကာသစ်ရှု။

† အတီတေ ဟေတ္ထ တသဒ္ဒေါ။ (သီ-ဋီ-သစ်)

---

● (၅) အသုဒ္ဓလဒ္ဓိတာယ-ဟိုတ်၏ သမ္ဗန်ကိုဖော်ပြပါ။

ဖြေ။ ။အသုဒ္ဓလဒ္ဓိတာယ-ဟိတ်၏သမ္ဗန်ကား နိဂဏ္ဌာယ နာဋ္ဋပုတ္တာယ-တည်း။ (အသုဒ္ဓလဒ္ဓိတာယ-မစင်သော အယူရှိသည်၏ အဖြစ်ကြောင့် ဟုပေးသော နိသျှတို့နှင့်အညီသမ္ဗန်တည်း၊ သဗ္ဗာဒိဠ္ဌိယေဝ-ကို သမ္ဗန်မခံလင့် ကတ္တားသမ္ဗန်စပ်။)

---

● (၆) က-ဝါကျ၌ အာဘော်သံဝဏ္ဏနာ တိုကိုဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ကောဋိပ္ပတ္တစိတ္တော-ဖြင့် ဂတတ္တော-၌ ဂမုသဒ္ဒါ၏ ဒွေယောဂတိယော-၌ကဲ့သို့ နိဋ္ဌာနတ္ထကိုဟောသည်၏ အဖြစ်ကိုင်း[၁], အတ္တ-သဒ္ဒါသည် ကာယ, သဘာဝ-စသော အနက်တို့ကိုမဟော၊ စိတ် အနက်ကိုဟောသည်၏အဖြစ်ကိုင်း[၂] သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) နာမလိင်္ဂတ္ထ။

က-ဝါကျ၌ သံယတစိတ္တော-ဖြင့် ယတ-သဒ္ဒါ၏သံယတအနက်ကိုဟောသည်၏အဖြစ်ကိုင်း[၁], အတ္တ-သဒ္ဒါ၏ ယတတ္တောနှင့်အတူ စိတ်အနက်ကိုဟောသည်၏အဖြစ်ကိုင်း[၂], သုပ္ပတိဋ္ဌိတစိတ္တော-ဖြင့် ဌိတ-သဒ္ဒါ၏ သုပ္ပတိဋ္ဌိတအနက်ကို ဟောသည်၏ အဖြစ်ကိုင်း[၃], အတ္တ- သဒ္ဒါ၏ ယတတ္တောနှင့်အတူ စိတ်အနက်ကိုဟောသည်၏ အဖြစ်ကိုင်း[၄] သိစေပါသည်။

(၁)(၂)(၃)(၄) နာမလိင်္ဂတ္ထ ချည်းသာ။

---

http://www.dhammadownload.com



## သန္ဓိင္ဂိကသာမညဖလအဖွင့်

(က) ကမ္မကာရောတိ အနလသော ကမ္မကရဏသီလောယေဝ။
(ခ) ဒူရတောဝ ဒိသွာ ပဌမမေဝ ဥဋ္ဌဟတိတိ ပုဗ္ဗုဋ္ဌာယီ။
(ဂ) ဝေါ ဥဋ္ဌိတော သာမိနော အာသနံ ပညပေတွာ ပါဒဓောဝနာဒိ ကတ္တဗ္ဗကိစ္စံ ကတွာ ပစ္ဆာ နိပတတိ နိသီဒတီတိ ပစ္ဆာနိပါတီ။ (ဌ-၁၅၂)

## အာဘော်သံ့စတ္တုနာမျှား

က-ဝါကျဖြင့် ကမ္မကာရော-ပုဒ်ကို "ကမ္မံ ကရောတိ သီလေနာတိ ကမ္မကာရော" ဟု ကတ္တုသာဓန (တဿီလ) ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၁], ဏ-ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏ အဖြစ်ကိုရင်း[၂], မပျင်းသောကြောင့် အမှုကိုပြုလေ့ရှိသည်၏ အဖြစ်ကိုရင်း[၃] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

ခ-ဝါကျ၌ဒူရတောဝဒိသွာ-ဖြင့် ထ၏ဟူသည် အဝေးမှမြင်၍ထသတည်းဟူသောအဓိပ္ပါယ်ကိုရင်း[၁], ပဌမမေဝဥဋ္ဌဟတိ-ဖြင့် ပုဗ္ဗ-သဒ္ဒါသည် သွေးပြည်(ပူယ)အစ(အာဒိ)အရပ်မျက်နှာ (ဒိသ) အနက်တို့ကိုမဟော၊ အဦး(ပဌမ)အနက်ကိုဟောသည်၏အဖြစ်ကိုရင်း[၂], ဥဋ္ဌာယီ-ပုဒ်ကို "ဥဋ္ဌဟတီတိ ဥဋ္ဌာယီ" ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၃], ဏီ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း[၄], ပုဗ္ဗနှင့် ဥဋ္ဌာယီကို "ပုဗ္ဗမေဝဥဋ္ဌာယီ ပုဗ္ဗုဋ္ဌာယီ" ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၅]သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) နာမလိင်္ဂတ္ထ။ (၃) အဘိဓာနတ္ထ။
(၄) ဒုတိယပစ္စယတ္ထ။ (၅) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

ဂ-ဝါကျ၌ ဝေါ ဥဋ္ဌိတော "လ" ကတွာ-ဖြင့် နောက်ကာလ၌ထိုင်၏ဟူသည် ကြို့သို့ထ၍ အရှင်၏နေရာခင်းခြင်း,ခြေဆေးခြင်းစသော ပြုဘွယ်ကိစ္စကိုပြု၍ နောက်ကာလ၌ ထိုင်သတည်းဟူသော အဓိပ္ပါယ်ကိုရင်း[၁], ပစ္ဆာနိပတတိ-ဖြင့်နိပါတီ-ပုဒ်ကို "နိပတီတိ နိပါတီ" ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၂], ဏီ-ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်

http://www.dhammadownload.com



၏အဖြစ်ကိုရင်း၊ ပစ္ဆာနှင့်နိပါတိကို "ပစ္ဆာ အပရကာလေ နိပါတိ ပစ္ဆာ နိပါတိ"ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ နိပါတန-ဟူသည် ထိုင်ခြင်းကို ပြုခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုရင်း၊ သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၅) ဘာဝတ္ထ။

---

(က) ဒေဝေါ ဗြဇတိ ဒေဝေါ ဝိယ။

(ခ) ကာယေန သံဝုတောတိ ကာယေန ပိဟိတော ဟုတွာ။

(ဂ) ဃာသစ္ဆာဒနပရမတာယာတိ ဃာသစ္ဆာဒနေန ပရမတာ-ယ ဥတ္တမတာယ။ (ဋ္ဌ-၁၅၂)

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ ဒေဝေါဝိယ-ဖြင့် ဒေဝေါ ဗြဇေ-၌ ဗြဇ-သဒ္ဒါသည် နဒိဗြဇေ-၌ကဲ့သို့ ဥပမာအနက်ကိုဟောသတည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

ခ-ဝါကျ၌ ကာယေန ပိဟိတော ဟုတွာ-ဖြင့် သံဝုတော-၌ သံ-ပုဗ္ဗ ဝု-ဓာတ်၏ သံဝရဏတ္ထ(ပိဟိတတ္ထ)၏ အဖြစ်ကိုရင်း၊ ပဌမာဝိဘတ်၏ ကြိယာဝိသေသနတ္ထ၌သက်သည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဝိဘတျတ္ထ။

ဂ-ဝါကျ၌ ဃာသစ္ဆာဒနပရမတာယ-ဖြင့် ဃာသစ္ဆာဒနနှင့် ပရမတာကို "ဃာသစ္ဆာဒနေန ပရမတာ ဃာသစ္ဆာဒနပရမတာ"ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ ဥတ္တမတာယ-ဖြင့် ပရမ-သဒ္ဒါ၏ ဥတ္တမတ္ထကို ဟောသည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) နာမလိင်္ဂတ္ထ။

---

(က) ရက္ခာဝရဏဂုတ္တိန္တိ ရက္ခာသင်္ခါတဉ္စ အာဝရဏသင်္ခါတဉ္စ ဂုတ္တိံ။

(ခ) သာပနေယျာ န အာဝုဓဟတ္ထော ပုရိသော ထပေတ္ဗေန ဓမ္မိ ကာနာမ သံဂိဒဟိကာ ဂေါကိ။

http://www.dhammadownload.com



(ဂ) ယထာ ပန အဝေလာယ ကဋ္ဌဟာရိက ပဏ္ဏဟာရိကာဒယော ဝိဟာရံ နုပဝိသန္တိ၊ မိဂလုဒ္ဒကာဒယော ဝိဟာရသီမာယ မိဂေ ဝါ မစ္ဆေ ဝါ န ဂဏှန္တိ၊ ဧဝံ သံဝိဒဟန္တေန ဓမ္မိကာနာမ ရက္ခာ သံဝိဒဟိတာ ဟောတိ။ တံ သန္ဓာယ ဓမ္မိကန္တိ ဝုတ္တံ။ (ဠ-၁၅၃)

● (၂) ခ-ဂ-ဝါကျတို့ကိုရှု၍ လီနတ္ထရုစ်စောဒနာ တက်ပြီးလျှင် သီမာ-သဒ္ဒါ၏ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသတို့ကို ဖော်ပြပါ။

ဖြေ။ ။ **လီနတ္ထရစောဒနာတက်**

ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ဓမ္မိကံ ရက္ခာဝရဏဂုတ္တိံ-ဟု အဇ္ဈတ္တသတ်မင်းက လျှောက်ထားသောဟု ဟောတော်မူ၏။ (ထပနာ)

ရက္ခာဝရဏဂုတ္တိံ-ဟူသော ဝိသေသျမျှဖြင့် အလိုရှိအပ်သော အနက်သည် ပြီးသည်မဟုတ်ပါလော၊ (တနည်း) လက်နက် စွဲသော ယောကျ်ားတို့ကို စောင့်ရှောက်ရန်ထားသဖြင့် တရား အားလျော်သော အစောင့်အရှောက်ကို စီရင်သည် မည်သည် မဟုတ်လော။(ဤ အာဘော် ကား ဗျတိရေကပြသော ခ-ဝါကျ၌ န-ပဋိသေဓကို ပယ်၍ထားသည်။) (အာဘော်)

ယင်းသို့ဖြစ်ပါလျက် အဘယ်အကျိုးငှာ၊ ဝါ-အဘယ်ကို ရည်၍ ဓမ္မိကံ-ဟူသော ဝိသေသနနှင့်တကွ ပါဠိကို အဇ္ဈတ္တသတ် လျှောက်ထားသောဟု ဘုရားဟောတော်မူပါသနည်း။ (ပုစ္ဆာ၊ ဝါ-စောဒနာ)

အကယ်၍ မဟောသင့်ဘဲလျက် ဟောတော်မူချေသော် မြတ်စွာ ဘုရားအား ပုနရုတ္တိ, နိရတ္ထက ဒေါသရောက်ရာ၏၊ ဝါ-ရောက်ရာသည် မဟုတ်လော။ (ဒေါသာရောပန)....ကြောင့် ခ-ဂ-နှစ်ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဂ-ဝါကျတို့ဖြင့် လက်နက်စွဲကိုင်သော ယောကျ်ားတို့ကို ထားသဖြင့် ဓမ္မိကာ-အစောင့်အရှောက်ကို စီရင်သည် မမည်။ ထင်းခွေမိန်းမ ပင်းရွက်ခူး မိန်းမတို့ ကျောင်းသို့ မဝင်နိုင်လောက် အောင်,သားမုဆိုးတို့ ကျောင်းဥပစာ၌ သားငါးတို့ကို မဖမ်းဝံ့လောက် အောင် အစောင့်အရှောက်ကိုစီရင်သည်ကိုရည်၍ ဓမ္မိကံဟူသော ဝိသေသန နှင့် တကွသော ပါဠိကို အဇ္ဈတသတ်က လျှောက်ထားသောဟု ဘုရား

http://www.dhammadownload.com



ဟောတော်မူသည်ဖြစ်ရကား သင်တင်တိုင်းသော ပုန္နရုတ္တိ နိရတ္ထကဒေါသ မြတ်စွာဘုရားအား မရောက် ဆိုသင့်ဆိုတန်၏ဟု ငါပြဆို၏ ဟူလိုသောဝ်။

အတ္ထုဒ္ဓါရ-အတ္ထုဒ္ဓေသ

သိမာ-သဒ္ဒါသည် အပိုင်းအခြား(ဩဓိ) တည်ခြင်း (ဌိကိ) သိမ် အနက်တို့၌ ဖြစ်ပါသည်။ (အတ္ထုဒ္ဓါရ)

ဤ၌ကား အပိုင်းအခြား(ဩဓိ) အနက်၌ ဖြစ်ပါသည်။
(အတ္ထုဒ္ဓေသ)

† ကိမတ္ထိယံ ဓမ္မိကတ္တိ ဝိသေသနတ္တိ အာဟ သာပနေသာတိ အာဒိ။ (သီ-ဋီ—သစ်)

---

● (၃) ခ-ဂ-ဝါကျတို့၌ စောဒကာ ဘောဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ရက္ခာဝရဏဂုတ္တိန္တိ ဝိသေသျဝစနေနေဝ အတ္ထော သိဇ္ဈတိ။ (တနည်း) နနု အာဝုဟောတ္တေ ပုရိသေ ထပေန္တေန ဓမ္မိကာ နာမ သံဝိဒဟိတာ ဟောတိ။ (စော+ဘော)

အထ ကသ္မာ ဓမ္မိကန္တိ ဝိသေသနံ ဝုတ္တံ။ (စော)

နနု သာ သော န အာဝုဟောတ္တေ ပုရိသေ ထပေန္တေန ဓမ္မိကာ နာမ သံဝိဒဟိတာ။ ယထာ အဓေလာယ "လ" သံဝိဒဟိတာ ဟောန္တိ။ (ပရိ+ဘော)

(တသ္မာ) ဓမ္မိကန္တိ ဝိသေသနံ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။စော+ဘော- တနည်းကား ခ-ဝါကျ၌ နှ-ကို ၁ယ်၍ အာဘော်ပြုသည်၊ ကျမ်းတက်နှင့်ညှိပါ။

---

● (၄) အာဝုဟောတ္တေ-ပုဒ်ကို ဝနစတ္ထပြု၍ ဝစနာဒိ ဆက္က ထုတ်ပါ။

http://www.dhammadownload.com



ဖြေ။ ။ဝစနတ္ထ။ ။"အာဝုဓံ ဟတ္ထမှိ တေသန္တိ အာဝုဓ ဟတ္ထာ"တေ အာဝုဓဟတ္ထော။

**ဝစနာဒိဆက္ကူ။** ။လက်၌ လက်နက်ရှိသောလက်၏ ယောကျာ်း တို့ဒြပ်နှင့် ဌာနီ, ဌာန အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် **ဝစနဟောတု** မည်၏။ ယောကျ်ားတို့ဒြပ်သည် **ဝစနီယ** မည်၏။ ဟောတိဟတ္ထော, သတ္တဟတ္ထော,ပဟာ ရဏဟတ္ထော-စသော ပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ** မည်၏။

---

● (၆) ကံ-ဝါကျဖြင့် ပြအပ်သော အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။ကံ-ဝါကျဖြင့် ရက္ခာနှင့် အာဝရဏကို"ရက္ခာစ အာဝ ရဏဉ္စ ရက္ခာဝရဏံ"ဟု ဒွန္ဒ သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°, ရက္ခာဝရဏနှင့် ဂုတ္တိကို"ရက္ခာဝရဏသင်္ခါတာ ဂုတ္တိ ရက္ခာဝရဏဂုတ္တိ"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း' သိစေပါသည်။

(၁) (၂) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

---

● (၇) အာဝုဓဟတ္ထော-၌ အာဝုဓ-သဒ္ဒါ၏ နိရုတ္တိနယပဒသိဒ္ဓိ ကို ဖော်ပြပါ။

ဖြေ။ ။အာဝုဓ-ကား အာယုဓ-ဟုဆိုလိုလျက် ယ-ကို ဝ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် အာဝုဓ-ဟု ပြီးပါသည်။

---

● (၈) ရက္ခာဝရဏဂုတ္တိ†-၌ ရက္ခာဂုတ္တိ, အာဝရဏဂုတ္တိ တို့၏ သဘောသွား ခြားနားဟန်ကို ဖော်ပြပါ။

ဖြေ။ ။**ရက္ခာ ဂုတ္တိ** ဟူသည် အနာဂတ်၌ ဖြစ် လတ္တံ့သော အကျိုးမဲ့ကို မဖြစ်စေခြင်း၏ အစွမ်းဖြင့် စောင့်ရှောက်ခြင်းတည်း။

**အာဝရဏဂုတ္တိ** ဟူသည် ဖြစ်ဆဲပစ္စုပ္ပန် ဖြစ်သော အကျိုးမဲ့ကို တားမြစ်ခြင်း၏ အစွမ်းဖြင့် စောင့်ရှောက်ခြင်းတည်း။ ။ဤသို့သဘော သွား ခြားနားကြပါသည်။

† ဘာဝိနော အနတ္ထဿ အဇနနဝသေန ပရိပါလနံရက္ခာဂုတ္တိ။ ပစ္စုပ္ပန္နဿ ပန အနတ္ထဿ နိသေဓနဝသေန ပရိပါလနံ အာဝရဏဂုတ္တိ။ (သီ-ဋီ-သစ်)

http://www.dhammadownload.com



(က) ယဒိ ဝေံ သန္တေတိ ယဒိ တဝ ဒါသော တုယှံ သန္တိကာ အဘိဝါဒနာဒီနိ လဘေယျ၊ ဝေံ သန္တေ။

(ခ) ဂေဟဿ ပတိ ဂဟပတိ၊ ဧကဂေဟမတ္တေ ဇေဋ္ဌကောတိ ဂဟပတိကော။

(ဂ) ဗလိသာခါတံ ကရံ ကရောတီတိ ကရကာရကော။

(ဋ္ဌ-၁၅၃)

### အာဘော်သံဝဏ္ဏနာ

က-ဝါကျဖြင့် ယဒိဝေံ-သဒ္ဒါ၏ဝုစ္စမာနဒ္ဒပေက္ခ, ဝုတ္တာပေက္ခနှစ်ပါးတို့တွင် ရှေး၌ဆိုအပ်ပြီးသောအနက်ကိုငဲ့သော ဝုတ္တာပေက္ခတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

† ကေဝလော ယဒေဝံ သဒ္ဒေါ ပုဗ္ဗေ ဝုတ္တတ္ထာပေက္ခကောတိ ဝုတ္တံ "ယဒိတဝဒါသော"တိ အာဒိ။ (သီ-ဋီ-သစ်)

ခ-ဝါကျ၌ ဂေဟဿ ပတိ-ဖြင့်ဂဟပတိပုဒ်ကို "ဂဟဿ ပတိ ဂဟပတိ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၁] ဂဟပတိ၌ ဂဟ-သဒ္ဒါ၏ ဂေဟ အနက်ကိုဟောသည်၏ အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) နာမလိင်္ဂတ္ထ။

† ဂဟံ,ဂေဟန္တိစ အတ္ထတော သမာနမေဝ။ (သီ-ဋီ-သစ်)

ခ-ဝါကျ၌ ဧကဂေဟမတ္တေ ဇေဋ္ဌကော-ဖြင့် ဂဟပတိကော၌ က-ပစ္စည်းသည် နိန္ဒတ္ထ-မဟုတ်၊အပ္ပတ္ထ၏အဖြစ်ကိုရင်း[၁],ဂဟပတိကော-ပုဒ်ကို "ခုဒ္ဒကော ဂဟပတိ ဂဟပတိကော"ဟု အပ္ပတ္ထ တဒ္ဓိတ်၊ ဝါ-ခုဒ္ဒက တဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၂], ဂဟပတိကအဋ္ဌယ်သည်၏အဖြစ်ကို အိမ်၏အစွမ်းဖြင့် သိအပ်၏ဟူသော အဓိပ္ပါယ်ကိုရင်း[၃]သိစေပါသည်။

(၁) ပစ္စယတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ဘာဝတ္ထ။

မှတ်ချက်။ ။အိမ်အများ၏အကြီးအကဲဖြစ်မှု ဂဟပတိ၊ တအိမ်တည်း၏အကြီးအကဲဖြစ်မှု ဂဟပတိက-ဟူလိုသောဝ်။

ခ-ဝါကျ၌ ဗလိသာခါတံ-ဖြင့် ကရ-သဒ္ဒါသည် နှာမောင်း-စသော အနက်ကိုမဟော၊အခွန်အတုတ် (ဗလိ) အနက်ကို ဟောသည်၏အဖြစ်ကို

http://www.dhammadownload.com



ရှင်း[၁], ကရကာရကော-ပုဒ်ကို "ကရံ ကရောတီတိ ကရကာရကော"ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရှင်း[၂], ဤ-ပစ္စည်း၏ကတ္တုသာဓန၌သက်သည်၏အဖြစ်ကိုရှင်း[၃] သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။

† ကရသဒ္ဒေါ ဖလိမှိတိ ဝုတ္တံ "ဖလိသန်ါဘ"ဋ္ဌိ။ (သိ-ဋီ-သစ်)

---

(က) ဘောဂက္ခန္ဓန္တိ ဘောဂရာသိံ။ မဟန္တံဝါတိ ဝိပုလံဝါ။

(ခ) ယထာ ဟိ မဟန္တံ ပဟာယ ပဗ္ဗဇိတုံ ဒုက္ကရံ၊ ဧဝံ အပ္ပမ္ပိ တိ ဒဿနတ္ထံ ဥဘယမာဟ။

(ဂ) ဒါသဝါရေ ပန ယသ္မာ ဒါသော အတ္တနောပိ အနိဿရော၊ ပဂေဝ ဘောဂါနံ။ ယဋ္ဌိ တဿ ဓနံ၊ တံ သာမိကာနညေဝ ဟောတိ၊ တသ္မာ ဘောဂဂ္ဂဟဏံ နကတံ။

(ဃ) ဉာတိယေဝ ဉာတိပရိဝဋ္ဋော။ (ဋ္ဌ-၁၅၄)

● (၂) ခ-ဝါကျကိုထပနာဖြစ်သင့်သမျှသား၍ ထပနာတိက ပုစ္ဆာတက်၊ ဂ-ဝါကျကို လီနတ္ထရ စောဒနာတက်၍ ဂ-ဝါကျ၌ ယဋ္ဌိ-မှ နကတံ-တိုင်အောင်သော စကားရပ်တို့၏ ပိဏ္ဍတ္ထကိုဖော် ပြပါ။

ဖြေ။ ။ ထပနာတိကပုစ္ဆာတက်

ဆရာ၊ဆရာသည် က-ဝါကျဖြင့် ခန္ဓ-သဒ္ဒါ ရာသိအနက်၊ မဟန္တ-သဒ္ဒါ ဝိပုလ အနက်ကိုဟောသောဟု ဖွင့်ဆိုတော်မူ၏။ (သာမညထပနာ)

ဆရာ၊မြတ်စွာဘုရားသည် အပ္ပံဝါ ဘောဂက္ခန္ဓံ ပဟာယ မဟန္တံဝါ ဘောဂက္ခန္ဓံ ပဟာယဟု-အပ္ပ, မဟန္တသဒ္ဒါ နှစ်ပါးကို ဟောတော်မူ၏။ (ဝိသေသထပနာ)

အဘယ်ကြောင့် အပ္ပ, မဟန္တ သဒ္ဒါနှစ်ပါးစုံကို ဟောတော်မူပါ သနည်း။ (ပုစ္ဆာ)

များစွာသော စည်းစိမ်ကိုပယ်၍ ရဟန်းပြုခြင်းငှာသာ ခဲယဉ်း၏၊ အနည်းငယ်သောစည်းစိမ်ကိုစွန့်၍ ရဟန်းပြုခြင်းငှာမခဲယဉ်း လွယ်ကူသည် မဟုတ်ပါလော။ (အာဘောဂ)

ဤသို့ သူမေးဘွယ်ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား။** ။ခ-ဝါကျဖြင့်များစွာသောစည်းစိမ်ကိုပယ်၍ ရဟန်းပြုခြင်းငှာခဲယဉ်းသကဲ့သို့အနည်းငယ်သောစည်းစိမ်ကိုလည်း ပယ်၍ ရဟန်းပြုခြင်းငှာ ခဲယဉ်းသတည်းဟု ပြခြင်းငှာ၊ ဝါ-ပြလိုသောကြောင့် အပ္ပ, မဟန္တသဒ္ဒါနှစ်ပါးကို ဘုရားဟောတော်မူ၏ဟု ငါပြဆို၏ ဟူလိုသောဝ်။

မှတ်ချက်။ ။ဤအရာ၌ ဝိသေသထပနာသာသင့်လျော်၏၊ သာမညာထပနာကိုကား ခေတ်သုံးနှင့်လျော်စေရန် ဖော်ပြလိုက်သည်။ ဤ၌ ပါသောအာဘော်သည်လည်း ခ-ဝါကျကို ရှောင်ရှားထားသောအာဘော်တည်း။

## လိနတ္ထရစောဒနာတက်

ဆရာ၊မြတ်စွာဘုရားသည် ကဿကဝါရ၌ဘောဂက္ခန္ဓံပဟာယ-ဟု ဟောတော်မူ၏။ အနည်းငယ်သောဥစ္စာကိုလည်းပယ်၍ ရဟန်းပြုခြင်းငှါ ခဲယဉ်းသည် မဟုတ်လော။ ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဒါသဝါရ၌ဘောဂက္ခန္ဓံပဟာယ-ဟု ဘောဂသဒ္ဒါကို ဘုရားဟောတော် မမူပါသနည်း။ ကဿကဝါရ၌သာ ဘောဂသဒ္ဒါကို ဘုရား ဟောတော်မူပါသနည်း။ အကယ်၍ ဒါသဝါရ၌လည်း ဘောဂသဒ္ဒါကိုဟောတော်မူသင့်လျက် မဟောချေသော် မြတ်စွာဘုရားအား အဗျာပိတ္တ,အပရိပုဏ္ဏ ဒေါသ ရောက်ရာ၏၊ ဝါ-ရောက်ရာသည်မဟုတ်လော....ကြောင့် ဒါသဝါရေပန-စသော ဂ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဂ-ဝါကျဖြင့် ကျွန်သည် မိမိကိုယ်ကိုပင် သော်လည်း အစိုးမရ၊ စည်းစိမ်တို့ကိုကား ဆိုဘွယ်ရာမရှိ အစိုးမရသည်သာ ဖြစ်သောကြောင့် ဒါသဝါရ၌ ဘောဂသဒ္ဒါကို ဘုရားဟောတော်မမူ-ဟု ငါပြဆိုရကား သင်တင်တိုင်းသော အဗျာပိတ,အပရိပုဏ္ဏဒေါသ မြတ်စွာဘုရားအားမရောက် ဟောတော်မူသင့်၏ ဟူလိုသောဝ်။

## ပိဏ္ဍတ္ထကောက်ပုံ

ကျွန်၏ဥစ္စာသည် အရှင်(သာမိ)တို့၏ ဥစ္စာသာဖြစ်သောကြောင့် ကျွန်သည် မိမိကိုယ်ကိုပင်သော်လည်း အစိုးမရ၊ စည်းစိမ်တို့ကိုကား ဆိုဘွယ်ရာမရှိ အစိုးမရသည်သာတည်း....ဟူလို။

http://www.dhammadownload.com



**မှတ်ချက်။** ။ယဋ္ဌိဒ္ဒ ဟိ-သဒ္ဒါကို ကာရဏကြံ၍ ဒါသော အတ္တနော ပိ အနိယာရော ပဂေဝ ဘောဂ ါနံ ဝါကျ-သို့ ပြန်စပ်၍ ပိဏ္ဍတ္ထ ဖော်သည်။

---

● (၃) ဂ-ဝါကျ၌ ရသင့်သော စောဒကာဘောဂ, ဗျတိရေက စောဒနာ, အန္ဒယစောဒနာ, ပရိဟာရဘောဂ, ဗျတိရေကပရိ ဟာရ, အန္ဒယပရိဟာရ-တို့ကိုဖော်ပြပါ။

ဖြေ။ ။ **စောဒကာဘောဂစသည်ထုတ်ပုံ**

နနု အပ္ပမ္ပိ ဘောဂံ ပဟာယ ပဗ္ဗဇိတုံ ဒုက္ကရံ။ (စော+ဘော)
အထ ကသ္မာ ဒါသဝါရေ ဘောဂဂ္ဂဟဏံ နကတံ။ (ဗျ+စော)
ကသ္မာ ဝါရေ ဘောဂဂ္ဂဟဏံ ကတံ။ (န္ဒ+စော)
နနု ဒါသော အတ္တနော ပိ အနိယာရော။ (ပရိ+ဘော)
(တသ္မာ) ဒါသဝါရေ ဘောဂဂ္ဂဟဏံ နကတံ။ (ဗျ+ပရိ)
ကသ္မာ ဝါရေ ဘောဂဂ္ဂဟဏံ ကတံ။ (န္ဒ+ပရိ)

---

● (၄) ဉာတိပရိဝဋ္ဋော-ပုဒ်ကို အဋ္ဌကထာနှင့်အညီ အစိတ်, အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထအရ ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။ပရိဝဋ္ဋတိ ပရမ္ပရဘာဝေန သမန္တတော အာဝဋ္ဋတီတိ ပရိဝဋ္ဋော။ (အစိတ်) ဉာတိယေဝ ပရိဝဋ္ဋော ဉာတိပရိ ဝဋ္ဋော။ (အပေါင်း)

**ဝစနာဒိဆက္က**။ ။ဆွေမျိုးဒြပ်၏ အဆက်ဆက်၏ အဖြစ်ဖြင့် ထက်ဝန်းကျင်မှ လည်တတ်သော အစဉ်အဆက်သန္တတိဒြပ်နှင့် ဝိသေသန, ဝိသေသျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် **ဝစနဟေတု** မည်၏။ ဆွေမျိုး ဟူသောအစဉ်အဆက်ဒြပ်သည် **ဝစနီယ** မည်၏။ ဗန္ဓုပရိဝဋ္ဋ, သဇနပရိဝဋ္ဋ စသော ပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ** မည်၏။

http://www.dhammadownload.com



ဝိဂ္ဂဟမှတ်ဘွယ်များ

ဒါသ။ ။ဒါသန္တေ တဿာတိ ဒါသော၊ ဒါသ - ဓာတ်+အ-ပစ္စည်း။

တနည်း။ ။ဒါတဗ္ဗောတိ ဒါသော၊ ဒါ-ဓာတ်+သ - ပစ္စည်း (သူစိ)

သာမိက။ ။သံ-ဓနံ ဧတဿ အတ္ထီတိ သာမိကော။ အာမိ ပစ္စည်း သွတ္ထ-က-ပစ္စည်းဆင့်။ (သူစိ)

---

● (၅) ဂ-ဝါကျ၌ တသ္မာ-နှင့် တူသော ့သဒိသ-ဟိတ်ကို ဖော်ပြ၍ သမ္ဗန်ကိုလည်းရေးသားခဲ့ပါ။

ဖြေ။ ။တသ္မာနှင့်တူသော သဒိသ-ဟိတ်ကား အနိဿရတ္တာ-တည်း၊ ယင်းဟိတ်၏သမ္ဗန်ကား ဒါသဿ-တည်း။ ဒါသော-ကိုပြင်၍ သမ္ဗန်ခံသည်။ (ကတ္တားသမ္ဗန်စပ်)

မှတ်ချက်။ ။ဂ-ဝါကျ၌ လိုရင်းကား ယသ္မာ ဒါသော အတ္တနောပိ အနိဿရော၊ တသ္မာ ဘောဂဂ္ဂဟဏံ နကတံ-ပင်တည်း၊ ထို့ကြောင့်—တသ္မာ အနိဿရတ္တာ-ဟု သဒိသ-ဟိတ်ဖြစ်လာပေသည်။ ရှေး၌ အကျယ်ရေးခဲ့ပေပြီ။

---

● (၆) က—ဃ-ဝါကျတို့၌အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဘောဂရာသိံ-ဖြင့် ဘောဂက္ခန္ဓံ-၌ခန္ဓသဒ္ဒါသည် ရူပက္ခန္ဓာ၌သော အစိတ်ဟူသောအနက်,ကိုယ်၏ အစိတ်ဟူသော အနက်,ပင်စည်ဟူသောအနက်,ကျေးဇူးဟူသော အနက်တို့ကိုမဟော၊ အစု (ရာသိ)ဟူသောအနက်ကို ဟောသတည်းဟု သိစေပါသည်။

က-ဝါကျ၌ ဝိပုလံဝါ-ဖြင့် မဟန္တ-သဒ္ဒါသည် ပူဇာ, ဥတ္တမစသော အနက်တို့ကိုမဟော၊ ပစုရ၊ ဝါ-ပြန့်ပြောများပြားခြင်း ဝိပုလအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလင်္ကာရ)

http://www.dhammadownload.com



ဃ-ဝါကျဖြင့် ဉာတိနှင့်ပရိဝဋ္ဋကို" ဉာတိဝေပရိဝဋ္ဋော ဉာတိပရိဝဋ္ဋော"ဟု အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ)

---

● (ဂ) ဒါသဝါရ၌ ဉာတိပရိဝဋ္ဋ-သဒ္ဒါကို မဟောရခြင်း၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ ။ကျွန်၏ စည်းစိမ်တို့သည် အရှင်ဟူသော သူတပါးနှင့် စပ်သည်၏အဖြစ်ကြောင့် မိမိစည်းစိမ်မမည်သကဲ့သို့ ကျွန်၏ ဆွေမျိုးတို့သည်လည်းမိမိဆွေမျိုးတို့မမည်သည်၏ အဖြစ်ကြောင့် ဒါသဝါရ၌ ဉာတိပရိဝဋ္ဋသဒ္ဒါကို မဟောပါ။ (သီ-ဋီ-သစ်)

---

**ပဏ္ဍိတ တရသာမညဖလအဖွင့်**

(က) သက္ကာ ပန ဘန္တေ အညမ္ပိ ဒိဋ္ဌေဝ ဓမ္မေတိ ဣဓ "ဝေမေဝါတိ" နဝုတ္တံ။

(ခ) ကသ္မာတိ စေ။ "ဝေမေဝါ"တိ ဟိ ဝုစ္စမာနေ ပဟောတိ ဘဂဝါ သကလမ္ပိ ရတ္တိန္ဒိဝံ တထာဂတေါ ဘိယျောပိ ဝေဠုပါဟိ ဥပမာဟိ သာမညဖလံ ဒီပေတုံ။

(ဂ) တတ္ထ ကိဉ္စာပိ တေသာ ဘဂဝတော ဝစနသဝနေ ပရိယန္တံ နာမ နတ္ထိ။ (ဋ-၁၅၄)

(ဃ) တထာပိ အတ္ထော တာဒိသောယေဝ ဘဝိဿတီတိ စိန္တေတွာ ဥပရိ ဝိသေသံ ပုစ္ဆန္တော "ဝေမေဝါ" တိ အဝတွာ "အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စာ"တိ အာဟ။

● (၂) ခ-ဝါကျကို အနာဘောဂပုစ္ဆာတက်၊ ဂ-ဝါကျကို သာဘောဂပုစ္ဆာတက်ပြီးလျှင် တေသာ ဘဂဝတောကို သဒ္ဒါနည်း စာစပ်ခဲ့ပါ။

ဖြေ။ ။ **အနာဘောဂပုစ္ဆာတက်**

ဆရာ၊ဆရာသည် သက္ကာ ပန ဘန္တေ-စသော ပဏီတတရသာမညဖလကို အဇာတသတ်လျှောက်ထားသောအခါ၌ ဝေမေဝ-ဟုမလျှောက်ဘဲ ဟုဆိုတော်မူ၏။

http://www.dhammadownload.com



မှတ်ချက်။ ။ဒုတိယသန္နိဋ္ဌိက သာမညဖလကိုပြရာ ပါဠိတော်ကို ရှုပါ။ "ဧဝမေဝ"သဒ္ဒါပါဝင်၍ ဤဦမပါဝင်သည်ကို တွေ့ရပေမည်။

အဘယ့်ကြောင့် ယင်းသို့ "ဧဝမေဝ"ဟု မလျှောက် ထားပါ သနည်း....ဟု သူမေးဘွယ်ရှိသောကြောင့် ထိုအမေးကို မိမိကိုယ်တိုင် မေး၍ ဖြေတော်မူလိုသောဆရာသည် ခ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဝါကျဖြင့် "ဧဝမေဝ"ဟု လျှောက်ထား သော် မြတ်စွာဘုရားသည် အလုံးစုံသော နေ့ညဉ့်ပတ်လုံးရင်း၊ ထိုထက် အလွန်ရင်း ဒါသ, ကဿက ဥပမာတို့အတူ ဥပမာတို့ဖြင့် သာမညဖလ ကို ပြစွမ်းနိုင်သောကြောင့် (ပြစွမ်းနိုင်သော်လည်း ဒါသ, ကဿက ဥပမာတို့အတူ ဥပမာပြပါဦးဟု "ဧဝမေဝ" သဒ္ဒါဖြင့် လျှောက်သော် ပဓာနဖြစ်သော ပဏီတတရသာမညဖလသို့ မရောက်ရာဟု နှလုံးသွင်း၍) ဧဝမေဝ-ဟု အဇာတသတ် မင်းမလျှောက်ထား ဟု အကြောင်းကို ငါပြ ဆို၏ ဟူလိုသောဝ်။

**မှတ်ချက်။** ။ဤအတက်ကား ပုစ္ဆာဝါကျကို ပုစ္ဆာတက်ပုံ တည်း၊ အဓိပ္ပါယ်ပြန်ရာ၌ ပုစ္ဆာဝါကျကိုချန်၍ ပရိဟာရဝါကျကိုသာ ပြန် ရသည်။ လက်သည်းကွင်း စကားရပ်ကား အဓိပ္ပါယ် ဖြည့်စွက်ချက်မျှသာ ဂ-ဝါကျဘာသာပြန်အတိုင်းသာ လိုရင်းတည်း။

## သာဘောဂပုစ္ဆာတက်

ဆရာ၊ အဇာတသတ်သည် ဧဝမေဝ-ဟု မလျှောက် ထားမူ၍ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ-ဟုဘုရားအား လျှောက်ထားသောဟု ဆို၏။

**အဇာတသတ်အား၊** ဝါ-၏ ဘုရား စကားတော်ကို နာခြင်း၌ (မရောင့်ရဲနိုင်အောင် နာလိုသော ဆန္ဒရှိသဖြင့်) အဆုံးအပိုင်းအခြားမရှိ သည့် မဟုတ်လော။ ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် "ဧဝမေဝ"ဟု မလျှောက်ထားဘဲ "အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ" ဟု လျှောက်ထား ဘိသနည်း....ဟု သူမေးဘွယ်ရှိသောကြောင့် ထိုအမေးကို မိမိကိုယ်တိုင် စောဒကာဘောဂ-စသည်ပြလျက် ဖြေတော်မူလိုသော ဆရာသည် ဝာက္က ...သည်ကိုမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား။** ။တတ္ထ စသည်ဖြင့် အဇာတသတ်အား၊ ဝါ-၏ ဘုရားစကားတော်ကို နာခြင်း၌ အဆုံး အပိုင်းအခြား မရှိသော်လည်း အနက်သည် ထိုဒါသ ဥပမာ, ကဿက ဥပမာကဲ့သို့ ဖြစ်လတ့်ဟု အနုမာန ဉာဏ်ဖြင့် ကြံဆ၍ အထက်၌ဖြစ်သော တရားအထူးကို လျှောက်ထား လိုသောကြောင့်"ဝေမေဝ" ဟု မလျှောက်ထားမူ၍ အဘိက္ကန္တတရဋ္ဌ, ပဏီတ တရဋ္ဌ-ဟု လျှောက်ထားသတည်းဟု ငါပြဆို၏ဟူလိုသော်ဝ်။

## သဒ္ဒနယ့စာစပ်ပုံ

**တေဿ-ကား** အား-ဟု အနက်ပေးသောကြောင့် နတ္ထိ၌ သမ္ပဒါန်၊ နတ္ထိကား သမ္ပဒါန်၏ ကြိယာတည်း။

**တနည်း။** ။တေဿ-ကား ၏ဟု အနက် ပေး သော ကြောင့် ဝစနသဝနေ-ဝယ် သဝန-ဟူသော ပုဒ်တစိတ်၌ သမ္ဗန်၊ သဝန-ဟူသော ပုဒ်တစိတ်ကား သမ္ဗန္ဓီတည်း။ (တေဿရညော-ဟုစွဲပါ)

ဘဂဝတော-ကား ၏ဟု အနက်ပေးသောကြောင့် ဝစနသဝနေ ဝယ် ဝစန-ဟူသော ပုဒ်တစိတ်၌ သမ္ဗန်၊ ဝစန-ဟူသော ပုဒ်တစိတ်ကား သမ္ဗန္ဓီတည်း။

**မှတ်ချက်။** ။တေဿနှင့် ဘဂဝတော-ကို အတူဟုမှတ်၍ စာစပ် လွဲနိုင်သည် သတိပြုပါ။

---

● (၃) ဂ-ဝါကျ၌ကိဋ္ဌာပိ သဒ္ဒါထားရခြင်း၏အကြောင်းကို ဖော်ပြ၍၊ဂ-ဃ-ဝါကျတို့၌ ရသင့်သော စောဒကာ ဘောဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ကိဋ္ဌာပိ သဒ္ဒါ ထားရခြင်း၏အကြောင်းကား....ဒုတိယ သန္နိဋ္ဌိက သာမညဖလကို လျှောက်ထားရာ၌ ဝေမေဝသဒ္ဒါ မပါမူ၍ အဘိက္ကန္တတရဋ္ဌ, ပဏီတတရဋ္ဌ-သဒ္ဒါ ပိုလာရာဝယ် ယင်းသို့-ယုတ်လျော့, ပိုလွန်လာသော ပါဠိတော်သဒ္ဒါတို့ကို မနှစ်သက်သောကြောင့် ကိဋ္ဌာပိ-သဒ္ဒါထားရ ပါသည်။

http://www.dhammadownload.com



## စတုက္ကထုတ်ပုံ

နနု စောဿ ဘဂဝတော ဝစနသဝနေ ပရိယန္တံနာမ နတ္ထိ။
(စော+တော)

အထ ကသ္မာ "ဝေမေဝ ါ"တိ အဝတွာ "အဘိက္ကန္တတရဥ္စ ပဏီတ တရဥ္စာ"တိ အာဟ။ (စော)

နနု အမတ္တာ တာဒိသော ဃဝ ဘဝိဿတီတိ စိန္တေတွာ ဥပရိ ဝိသေသံ ပုစ္ဆန္တော။ (ပရိ+တော)

(တသ္မာ)"ဝေမေဝ ါ"တိ အဝတွာ အဘိက္ကန္တ တရဥ္စ ပဏီတ တရဥ္စာတိ အာဟ။ (ပရိ)

---

● (၄) ခ-ဝ ါကျဉ္ဈ ဥပမာဟိ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဥပမီယတိ သဒိသီ ကရီယတိ ဧတာဟီတိ ဥပမာယော"တာဟိ ဥပမာဟိ။

ဝစနာဒိဆက္က။ ။အတူပြုအပ်ခြင်း၊ ဝါ-နှိုင်းယှဉ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ ဒါသဥပမာ, ကာဿက ဥပမာဖြစ်သည် ဝစနီယ မည်၏။ ဩပမ္မေဟိ,ဥပမာနေဟိ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

---

● (၆) အဘိက္ကန္တတရန္တိ အဘိကန္တတရံ၊ အဘိမနာပတရန္တိ အတ္ထော။ ပဏီတတရန္တိ ဥတ္တမတရံ-၌အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။အဘိကန္တတရံ-ဖြင့် အဘိက္ကန္တတရံ-ကို အဘိကန္တ တရံ ဟု ပဒစ္ဆေဒပြုရမည်ဟုသိစေပါသည်။ (သန္ဓိလိင်္ဂပဒ)

အဘိမနာပတရန္တိ အတ္ထော-ဖြင့် အဘိက္ကန္တ-သဒ္ဒါသည် အဘိမနာပ အနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဥတ္တမတရံ-ဖြင့်ပဏီတ-သဒ္ဒါသည် ဥတ္တမအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



● (ဂ) သာဓုကံ သာဓူတိ ကေတ္တမေတံ-ပါဠိဖြင့် နှစ်စေအပ်သော စောဒနာကို ဖော်ပြ၍ သာမညဖလကိုဟောဘုံ့ဟု မြတ်စွာဘုရား ပဋိညာဉ်ပြုရာ၌ ဒေသေဿာမိ-ဟု ပဋိညာဉ်မပြုမူ၍ ဘာသိဿာမိ-ဟု ပဋိညာဉ်ပြုရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

ဖြေ။ ။သာဓုကံ-စသောပါဠိဖြင့် အယဥ္စ သာဓု-သဒ္ဒေါ အာယာစနေ "လ" ဒဠှီကမ္မာဒီသု ဒိဿတိ-ဟု သာဓုကံ မနသိ ကရောဟိ-ပါဠိ၌ သာဓုသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုမဆိုသင့်၊ သာဓုက-သဒ္ဒါ၏ အတ္ထုဒ္ဓါရကိုသာ ဆိုသင့်သည်မဟုတ်လော....ဟူသော စောဒနာကိုနှစ်စေပါသည်။ မှန်၏။ သာဓု-သဒ္ဒါ၊ သာဓုက-သဒ္ဒါတို့ကား အနက်မထူးရကား သာဓုသဒ္ဒါဖြင့် အတ္ထုဒ္ဓါရကိုဆိုသင့်၏ဟူလို။

ဒေသေဿာမိ-ဟု ပဋိညာဉ်မပြုမူ၍ ဘာသိဿာမိ-ဟု ပဋိညာဉ်ပြုရခြင်း၏အကြောင်းကား သာမညဖလကို အကျယ် ဟောတော်မူလတ္တံ့ ဖြစ်သောကြောင့် ဒေသေဿာမိ-ဟု ပဋိညာဉ်မပြုမူ၍ ဘာသိဿာမိ-ဟု ပဋိညာဉ်ပြုပါသည်။

**မှတ်ချက်။** ။ဒေသေဿာမိနှင့် ဘာသိဿာမိ, ဒေသေတိနှင့် ဘာသတိတို့၏ အထူးကိုဖော်ပြပါဟုလည်း မေးနိုင်သည်။

† ဒေသေဿာမီတိ ဟိ သံခိတ္တဒီပနံ၊ ဘာသိဿာမီတိ ဝိတ္ထာရဒီပနံ။ (အဋ္ဌကထာ)

---

(က) လောကောတိ သင်္ခါရလောကော သတ္တလောကော ဩကာသလောကောတိ တိဝိဓော။

(ခ) ဣဓ ပန သတ္တလောကော အဓိပ္ပေတော။

(ဂ) သတ္တလောကေ ဥပ္ပဇ္ဇမာနောပိ တထာဂတော န ဒေဝလောကေ န ဗြဟ္မလောကေ၊ မနုဿလောကေဝ ဥပ္ပဇ္ဇတိ။

(ဃ) မနုဿလောကေပိ န အညသ္မိံ စက္ကဝါဠေ၊ ဣမသ္မိံယေဝ စက္ကဝါဠေ။ (ဋ္ဌ-၁၅၆)

● (ဂ) ခ-ဝါကျကို စောဒနာတက်၊ ဂ-ဝါကျကိုထပနာတိက ပုစ္ဆာတက် တက်ပါ။

http://www.dhammadownload.com



ဖြေ။ ။စောဒနာတက်ပုံ

ဆရာ၊ဆရာသည် က-ဝါကျဖြင့် လောကသည် ဩကာသလောက, သတ္တလောက, သင်္ခါရလောက-ဟု သုံးပါးအပြားရှိသောဟု ဆိုတော်မူ၏။ ဤ"လောကေ ဥပ္ပဇ္ဇတိ"၌ အဘယ်လောကကို လောကဟုအလိုရှိအပ်ပါသနည်း။ ဩကာသလောက,သတ္တလောက, သင်္ခါရလောက-သုံးပါးလုံးကိုပင် လောကဟု အလိုရှိအပ်ပါသလော။ အကယ်၍ ဤ၌အလိုရှိအပ်သော လောကကို မပြချေသော် ဆရာ့အား အလွန်ပျံ့နှံ့ခြင်း အတိဗျာပိတဒေါသရောက်ရာ၏။ ဝါ ရောက်ရသည် မဟုတ်လော... ကြောင့် ခ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ခ-ဝါကျ၌ ဤအရာ၌ သတ္တလောကကို လောကဟု အလိုရှိအပ်၏ဟုငါပြဆိုရကား သင်တင်တိုင်သော အတိဗျာပိတဒေါသ ငါ့အားမရောက် ဆိုတန်၏ဟူလိုသော်။

ထပနာတိကပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် လောကေဥပ္ပဇ္ဇတိ-၌ လောက အရ သတ္တလောကကို အလိုရှိအပ်၏ဟု ဆိုတော်မူ၏။ သတ္တလောက၌ ဘုရားပွင့်တော်မူသော် ဒေဝလောက, ဗြဟ္မလောက-၌ ပွင့်တော်မူပါသလော။ အဘယ်လောက၌ ဘုရားပွင့်တော်မူပါသနည်း.... ကြောင့် ဂ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဂ-ဝါကျဖြင့် သတ္တလောက၌ ဘုရားပွင့်တော်မူသော် ဒေဝလောက, ဗြဟ္မလောကတို့၌ မပွင့်၊ မနုဿလောက၌သာ ဘုရားပွင့်၏ဟူလိုသော်။

မှတ်ချက်။ ။ဂ-ဝါကျသို့ ကျမ်းတက်ရာ၌ န ဒေဝလောကေ န ဗြဟ္မလောကေ-၌ နကိုပယ်၍ အာဘော်ဆင်သည်၊ ဃ-ဝါကျသို့တက်လိုကလည်း န-ပယ်၍ အာဘော်ဆင်တက်ပါ။

---

● (၃)က-ခ-ဝါကျတို့၌ ဈောဒကာဘောဂ ါဒီစတုက္ကထုတ်ပါ။

ဖြေ။ ။စတုက္ကထုတ်ပုံ

နနု လောကောတိ ဩကာသလောကော သတ္တလောကော သင်္ခါရလောကောတိ တိဝိဓော။ (စော+ဘော)

http://www.dhammadownload.com



အထ ကသ္မာ ဣဓ သတ္တလောကော အဓိပ္ပေတော။ (စော)
နနု ကထာဂတော သတ္တနိကာယန္တောဂဓော ဟောတိ။
(ပရိ+ဘော)

(တသ္မာ) ဣဓ သတ္တလောကော အဓိပ္ပေတော။ (ပရိ).

† တထာဂတဿ သတ္တနိကာယန္တောဂဓတာယ "ဣဓ ပန သတ္တလောကော အဓိပ္ပေတော" (သီ-ဋီ-သစ်)

---

● (၄) လောကေဥပ္ပဇ္ဇတိ-၌ လောကေ-သဒ္ဒါကိုဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။"လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော"တသ္မိံ လောကေ။ (လုဇ-ဓာတ်+ဏ-ပစ္စည်း ဓာတ်ဆုံး ဇ-ကို က-ပြု၍ လောက ပြီးသည်။)

**ဝစနာဒိဆက္က**။ ။ပျက်ခြင်းကြိယာသကတ်သည် **ဝစနဟေတု** မည်၏။ သတ္တလောကဒြပ်သည် **ဝစနီယ** မည်၏. ပါဏာသ္မိံ, သရီရသ္မိံ- စသောပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ** မည်၏။

---

● (၅) စက္ကဝါဠ-သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။စက္ကဝါဠ-ကား စက္ကာဝါဠ-ဟူလိုလျက် က္ကာ-၌အာ-ကိုအ-ပြုခြင်း ဝဏ္ဏဝိကာရရှေ-ကိုဠ ပြုခြင်း ဝဏ္ဏဝိကာရဖြင့် စက္ကဝါဠ-ဟုပြီးပါသည်။

မှတ်ချက်။ ။"အဝဋ္ဋေ ဓဋ္ဋေတီအာဝါဠော" (တွင်းရ၏)စက္ကဥ္စ တံ အာဝါဠောစာတိ စက္ကာဝါဠော-ဟူလိုလျက် ဖော်ပြပါ နည်းဖြင့် စက္ကဝါဠ-ပြီးသည်။ (စက္ကဥ္စ၊အဝန်းလည်းဟုတ်၏။တံ၊သည်။ အာဝါဠောစ၊တွင်းလည်းဟုတ်၏) ဟုအနက်ပေး။ ဝိုင်းဝန်းသောတွင်း ကြီးဟူလို။

---

● (၆) ဘုရားပွင့်ရာ မဇ္ဈိမဒေသ၏ နယ်နိမိတ် ငါးပါးတို့ကို အလျား,အနံ,အဝန်းယူဇနာနှင့်တကွဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ နယ်နိမိတ်ငါးပါး

(၁) အရှေ့အရပ်=ဇင်္ဂလနိဂုံး၏အပြင်ဘက် အင်ကြင်းပင်။
(၂) အရှေ့တောင်=သလ္လဝတီမြစ်။
(၃) တောင်အရပ်=သေတကဏ္ဏိကနိဂုံး။
(၄) အနောက်အရပ်=ထူဏပုဏ္ဏားရွာ။
(၅) မြောက်အရပ်=ဥသီရဒ္ဓဇတောင်။

အကျယ်အဝန်း

အလျား-ယူဇနာ သုံးရာ။ အနံယူဇနာ နှစ်ရာ့ငါးဆယ်။အဝန်း ယူဇနာ ကိုးရာ။ (အဋ္ဌကထာ)

---

(က) •သော ဗ္ဗမံ လောကန္တိ သောဘဂဝါ ဗ္ဗမံ လောကံ။
(ခ) ဗ္ဗဒါနိ ဝတ္တဗ္ဗံ နိဒဿေတိ။
(ဂ) သဒေဝကန္တိ သဟ ဒေဝေဟိ သဒေဝကံ။
(ဃ) ပဇာတတ္တာ ပဇာ၊ တံပဇံ။ (ဠ-၁၅၇)

အဓိဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ သော ဘဂဝါ-ဖြင့် သော-၌ တ-သဒ္ဒါသည် ပဏ္ဏတ္တိ ဝိသယ တ-သဒ္ဒါ ဖြစ်၍ အရဟံအစရှိသည်ဖြင့် ပကိတ္တိဂုဏ်ရှိတော်မူသော မြတ်စွာဘုရားကိုစွဲရမည်ဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

ခ-ဝါကျဖြင့် ဗ္ဗမံလောကံ-၌ ဗ္ဗမ-သဒ္ဒါဖြင့် သမ္ဗုခ ဖြစ်သော မဟာဇနပ္ပါကိုသာ သုံးသပ်သည်မဟုတ်၊ သဒေဝကံ-စသည်ဖြင့် ဆိုလတ္တံ့ သော အကြွင်းအကျန်မရှိသောလောကကို သုံးသပ်အပ်သဘည်းဟု သိစေ ပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ဤအဓိဘော်သံဝဏ္ဏနာကား သီ-ဋီ-သစ် အလို တည်း။ ဝိနည်းအဖွင့် ဋီကာ, ဂဏ္ဌိဘိ်အလိုကို ဤ၌မပြသာတော့ပြီ။

ဂ-ဝါကျ၌ သဟ ဒေဝေဟိ သဒေဝကံ-ဖြင့် သဒေဝကံ-ပုဒ်ကို "ဒေဝေဟိ သဟ ယော ဝတ္တတီတိ သဒေဝကော၊ တံသဒေဝကံ" ဟု သဟ-ပုဗ္ဗပဒ တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်

http://www.dhammadownload.com



ဆိုမှုင်း°, သဒ္ဒေဝက-၌ သ-သဒ္ဒါသည် သမာန, ပသတ္ထ-သဒ္ဒါတို့၏ ကာရိယ မဟုတ်၊ သဟ-သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) နိပါတလိင်္ဂပဒ။

မှတ်ချက်။ ။သမာရက်-မှ သဒ္ဒေဝမနုဿံ - တိုင်အောင်သော အဖွင့်တို့၌ ကြံနည်းတူပင်။

ဃ-ဝါကျ၌ ပဇာတတ္တာ-ဖြင့် ပဇာ-ပုဒ်ကို "ကမ္မကိလေသ သခ်ါ တေဟိ ပကာရေဟိ ဇနိယတီတိ ပဇာ"ဟု ဟေတုကမ္မသာဓန ဝစနတ္ထပြုရ မည်၏ အဖြစ်ကိုရင်း°, ကွိ-ပစ္စည်း၏ ဟေတုကမ္မသာဓနေ၌ သက်သည်၏ အဖြစ်ရင်း၊ သိစေပါသည်။ (ပါရာဇိကဏ် ဂဏ္ဌိသစ်)

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ဃ-ဝါကျ၌ တံ ပဇံ-ဖြင့် ပဇာ-ဟု ပထမန္တဖြင့် ငါဖွင့်ဆိုသော် လည်း သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ပဇံ-ဟု ဒုတိယန္တဖြင့် ရှိသတည်းဟု ဝါကျာဝဓိကန္တကို သိစေပါသည်။ (ဘာဝတ္ထ)

---

**သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတီတိ ဧတ္ထ ပန**

(က) သယန္တိ သာမံ၊ အပရနေယျော ဟုတွာ။

(ခ) အဘိညာတိ အဘိညာယ၊ အဓိကေန ဉာဏေန ဉ,တွာကိ အတ္ထော။

(ဂ) သစ္ဆိကတွာတိ ပစ္စက္ခံ ကတွာ။

(ဃ) ပဝေဒေတီတိ ဗောဓေတိ ဝိညာပေတိ ပကာသေတိ။

(ဋ္ဌ-၁၅၈)

**အဘော်သံဝဏ္ဏနာများ**

က-ဝါကျ၌ သာမံ-ဖြင့် သယံ-နိပါတ်ပုဒ်၏ သာမတ္ထ၏ အဖြစ်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

က-ဝါကျ၌ အပရနေယျော ဟုတွာ-ဖြင့် ကိုယ်တိုင်သိ၏။ (သယံ အဘိညာ) ဟူသည် အညတ္ထာပေါဟန၊ ဝါ-အန္တောဂဓဝဓာရဏ-အား ဖြင့် သူတပါးသည် မသိစေအပ်ဟူသော ပဋိသေဓ၊ ဝါ-နိဝတ္တေတဗ္ဗက်

http://www.dhammadownload.com



ၵင်း°,သယံ-နိပါတ်ပုဒ်နောင် ပထမာဝိဘတ်ကျေသည်၏ * အဖြစ်ကိုၵင်း၊,
ယင်း၊ထမာဝိဘတ်၏ ကြိယာဝိသေသနတ္ထ၌ သက်သည်၏ အဖြစ်ကိုၵင်း:
သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) ဝိဘတ္တိပဒ။ (၃) ဝိဘတျတ္ထ။

ခ-ဝါကျ၌အဘိညာယ-ဖြင့် အဘိညာ၌ ပဋိသင်္ခါယောနိသော-
ဝယ် ပဋိသင်္ခါ-သဒ္ဒါကဲ့သို့"ယ" ကာရလောပတည်းဟု သိစေပါသည်။
(ဘာဝတ္ထ)

† အဘိညာတိ ယ-ကာရလောပနိဒ္ဒေသောယထာ"ပဋိသင်္ခါ
ယောနိသော"တိဝုတ္တံ"အဘိညာယာ"တိ။ (သီ-ဋီ-သစ်)

ခ-ဝါကျ၌ အဓိကေနဉာဏေန-ဖြင့် အဘိညာ၌ အဘိ-သဒ္ဒါသည်
ဝုစ္စိမန္တစသောအနက်ကိုမဟော၊အဓိကတ္ထ၊ ဝါ-ဝိသေသနတ္ထကို ဟောသည်
၏အဖြစ်ကိုၵင်း°,အဘိ-ဥပသာရနောင် တတိယာ နာဝိဘတ် ကျေသည်၏
အဖြစ်ကိုၵင်း၊,ဝိသေသနတ္ထကိုအဦးမူ၍ အကြောင်းဉာဏ်ကို ယူရမည်၏
အဖြစ်ကိုၵင်း၃ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဝိဘတ္တိပဒ (၃) အဘိဓေယျတ္ထ။
ဝါ-ဘာဝတ္ထ။

ခ-ဝါကျ၌ ဥတွာ-ဖြင့်အဘိညာယ-၌ ယ-သဒ္ဒါသည် သ-ဝိဘတ်
၏ကာရိယမဟုတ်၊ တွာ-ပစ္စည်း၏ကာရိယတည်းဟုသိစေပါသည်။
(ဒုတိယပစ္စယပဒ)

ဂ-ဝါကျ၌ ပစ္စက္ခံ ကတွာ-ဖြင့် သစ္ဆိနိပါတ်၏ ပစ္စက္ခတ္ထကိုဟော
သည်၏အဖြစ်ကိုၵင်း°, သစ္ဆိနိပါတ်နောင် ဒုတိယာဝိဘတ် ကျေသည်၏
အဖြစ်ကိုၵင်း၊သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) ဝိဘတ္တိပဒ။

ဃ-ဝါကျ၌ဗောဓေတိ-ဖြင့်ပ-ပုဗ္ဗ ဝိဒ-ဓာတ်သည်သာဘ-အနက်
ကိုမဟော၊ ဉာဏ-အနက်ကိုဟောသည်၏ အဖြစ်ကိုၵင်း°, ပ-ဥပသာရ၏
ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုၵင်း၊သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ၌ဝိညာပေတိဖြင့် ဗုဓ-ဓာတ်သည် ဇာဂရတ္ထကိုမဟော ဉာဏတ္ထကိုဟောသတည်းဟုသိစေပါသည် (ဓာတွတ္ထ)

ဃ-ဝါကျ၌ပကာသေတိ-ဖြင့် သိစေ၏ဟူသည် ထင်စွာပြခြင်းပင်တည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

† ဗောဓေတိ ဝိညာပေတီတိ သဒ္ဒတော အတ္ထဝစနံ။ ပကာသေတီတိအဓိပ္ပါယတော။ (သိ-ဋီ-သစ်)

---

(က) ကေဝလပရိပုဏ္ဏန္တိ ဧတ္ထ ကေဝလန္တိ သကလာဓိဝစနံ။ ပရိပုဏ္ဏန္တိအနူနာဓိကဝစနံ။ (ဋ္ဌ-၁၆၀)

(ခ) ဗြဟ္မစရိယန္တိ သေဋ္ဌဋ္ဌေန ဗြဟ္မဘူတံ စရိယံ။

(ဂ) ဗြဟ္မဘူတာနံ ဝါ ဗုဒ္ဓါဒီနံ စရိယန္တိ ဝုတ္တံ ဟောတိ။

(ဃ) ပစ္စာဇာတောတိ ပတိဇာတော။

(င) ဣတိ ပဋိသဉ္စိက္ခတီကိ ဇဝံ ပစ္စဝေက္ခတိ။ (ဋ္ဌ-၁၆၂)

### အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌သကလာဓိဝစနံ-ဖြင့်ကေဝလ-သဒ္ဒါသည် မရောနှောခြင်း(အဝေါမိဿ)အနက်ကိုမဟော၊အကြွင်းမဲ့အလုံးစုံ (အနဝသေသ) အနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

က-ဝါကျ၌အနူနာဓိကဝစနံ-ဖြင့် ထက်ဝန်းကျင်ပြည့်စုံ၏။ (ပရိပုဏ္ဏ)ဟူသည် အယုတ်အလွန်မရှိခြင်း အယုတ်အလွန်ကို တားမြစ်ခြင်းပင်တည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ သေဋ္ဌဋ္ဌေန-ဖြင့် ဗြဟ္မစရိယံ-၌ဗြဟ္မ-သဒ္ဒါသည် ပိတာမဟာ၊ဇိန-စသောအနက်ကိုမဟော သေဋ္ဌအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း၊ ဗြဟ္မဘူတံ စရိယံ-ဖြင့် ဗြဟ္မနှင့်စရိယကို "ဗြဟ္မဘူတံ စရိယံ ဗြဟ္မစရိယံ"ဟုသမ္ဘာဝနာကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။

ဂ-ဝါကျ၌ ဗြဟ္မဘူတာနံစရိယံဖြင့် ဗြဟ္မနှင့် စရိယံကို"ဗြဟ္မာနံ ... ဗြဟ္မစရိယံ"ဟုဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို

http://www.dhammadownload.com



ရှင်း³, ဗုဒ္ဓါဒီနံ-ဖြင့် ဖြဟ္မ-အရ ဘုရားအစရှိသော မြတ်သောပုဂ္ဂိုလ်တို့ကို ယူရမည်၏အဖြစ်ကိုရှင်း²သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) အဘိဓေယျတ္ထ။

ဃ-ဝါကျ၌ ပတိဇာတော-ဖြင့် ပစ္စာဇာတော-ကို ပတိ အာဇာတောဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုရှင်း³, ပစ္စ-သဒ္ဒါ၏ ပတိ-ဥပသာရ၏ ကာရိယ၏အဖြစ်ကိုရှင်း²,အာ-ဥပသာရ၏ ပဒပူရဏ, အနတ္ထက၏အဖြစ်ကိုရှင်း³သိစေပါသည်။

(၁) သန္ဓိလိင်္ဂပဒ။ (၂) ဥပသဂ္ဂလိင်္ဂပဒ။ (၃) ဥပသဂ္ဂလိင်္ဂတ္ထ။

င-ဝါကျ၌ ဝေ-ဖြင့် ဣတိ-သဒ္ဒါ၏ နိဒဿန အနက်ကိုဟောသည်၏အဖြစ်ကိုရှင်း³, ပစ္စဝေက္ခတိ-ဖြင့် ပဋိ-ရှေး သံ-ရှေးရှိသော ဓိက္ခ-ဓာတ်သည် ဤ၌ အာစိက္ခန အနက်ကိုမဟော၊ ပစ္စဝေက္ခန-အနက်ကိုဟောသည်၏အဖြစ်ကိုရှင်း² သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) ဓာတွတ္ထ။

---

သမ္ဗာဓော ဃရာဝါသောတိ

(က) သစေပိ သဋ္ဌိဟတ္ထေ ဃရေ ယောဇနသတန္တရေပိ ဝါ ဒွေ ဇာယ မ္ပတိကာ ဝသန္တိ။

(ခ) တထာပိ နေသံ သကိဉ္စနပလိဗောဓဋ္ဌေန ဃရာဝါသော သမ္ဗာဓောယေဝ။

● (၃) က-ခ-ဝါကျတို့၌ ရသင့်သော စောဒကာဘောဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု သဋ္ဌိဟတ္ထေ ဃရေ ယောဇနသတန္တရေပိ ဝါ ဒွေ ဇာယမ္ပတိကာ ဝသန္တိ။ (စော+ဘော)

အထ ကသ္မာ ဃရာဝါသော သမ္ဗာဓောယေဝါတိ ဝုတ္တံ။(စော)

နနု နေသံ သကိဉ္စနပလိဗောဓဋ္ဌော ဟောတိ။ (ပရိ+ဘော)

(တသ္မာ) ဃရာဝါသော သမ္ဗာဓောယေဝါတိ ဝုတ္တံ။ (ပရိ)

http://www.dhammadownload.com



● (၄) ဃရာဝါသေ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဃရေသန်ါတော အာဝါသော ဃရာဝါသော"(ဃရာဝါသော၊ အိမ်ဟုဆိုအပ်သောနေရာ)

ဝစနာဒိဆက္က။ ။အိမ်၏ နေရာနှင့် အဘေဒ, ဘေဒ-အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုံ မည်၏။ အိမ်ဟုဆိုအပ်သော နေရာသည် ဝစနီယ မည်၏။ ဂေဟာဝါသော-စသော ပရိယာယ်သဒ္ဒါသည် ဝစနိယတ္ထမည်၏။

မှတ်ချက်။ ။နိဿျဟောင်းအလို...."ဃရေ အာဝါသော ဃရာဝါသော"ဟုပြုလိုသည်၊ ယင်းအလို ဃရာဝါသော၊ အိမ်၌နေခြင်းသည် ဟု အနက်သမ္ဗန်။

---

● (၇) ပလိဗောဓ-သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။ပလိဗောဓကား ပရိဗောဓ-ဟုဆိုလိုလျက် ရ-ကို လ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိဖြင့် ပလိဗောဓ-ဟု ပြီးပါသည်။

---

● (၈) သကိဉ္စန ပလိဗောဓဌေန-၌ကိဉ္စနနှင့် ပလိဗောဓအထူးကို ဖော်ပြပါ။

ဖြေ။ ။ကိဉ္စနနှင့် ပလိဗောဓအထူးကား ဘိစိးနှိပ်စက်, ကန့်ကွက်တားမြစ်တတ်သော ရာဂ-စသော အန္တရာယ်သည် ကိဉ္စန။

ဆက်ဝန်းကျင်မှ ပိတ်ပင်နှောင့်ရှက်, ကန့်ကွက်တားမြစ်တတ်သော လယ်,ယာ,ကိုင်း,ကျွန်း-စသောအန္တရာယ်သည် ပလိဗောဓ။ဤသို့ ထူးပါသည်။

† ရာဂါဒိနာ ကိဉ္စနံ၊ ခေတ္တဝတ္ထာဒိနာ ပလိဗောဓနံ။
(သီ-ဋီ-သစ်)

---

http://www.dhammadownload.com



(က) အလဂ္ဂနဋ္ဌေန အဗ္ဘောကာသော ဝိယာတိ အဗ္ဘော-ကာသော။

(ခ) ပဗ္ဗဇိတော ဟိ ကူဋ္ဌာဂါရ ရတနပါသာဒ ဒေဝဝိမာနာဒီသု ပိဟိတဒွါရ ဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တောပိ နေဝ လဂ္ဂတိ န သဇ္ဇတိ န ဗဇ္ဈတိ။

(ဂ) တေန ဝုတ္တံ "အဗ္ဘောကာသော ပဗ္ဗဇ္ဇာ" တိ။ (ဋ္ဌ-၁၆၂)

● (၂) ခ-ဝါကျကို သာဘောဂါယုတ္တ ပုစ္ဆာတက်ပါ။

ဖြေ။ ။ **သာဘောဂါယုတ္တ ပုစ္ဆာတက်**

ဆရာ၊ဆရာသည် က-ဝါကျဖြင့် ရဟန်းအဖြစ်သည် လွင်တီးခေါင်နှင့် တူရကား အဗ္ဘောကာသ-ည်သောဟု ဆိုတော်မူ၏။ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် စုလစ်မွန်းချွန်တပ်သောကျောင်း,ရတနာပြာသာဒ်,နတ်ဗိမာန် အစရှိကုန်သော ပိတ်အပ်သောလေသာ တံခါး ရှိကုန်သော ဖုံးကွယ်အပ်ကုန်သော ကျောင်းတို့၌ နေသည် မဟုတ်လော။ ယင်းသို့ နေပါလျက် အဘယ့်ကြောင့် ရဟန်း၏ အဖြစ်သည် လွင်တီးခေါင်နှင့် တူသည်ဟု ဆိုပါသနည်း....ဟု သူမေးဘွယ်ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် "လ" နေပါသော်လည်း မငြိ,မကပ်,မနှောင်ဖွဲ့၊ ဝါ-မငြိကွက်, မမက်မောသောကြောင့် ရဟန်း၏အဖြစ်သည် လွင်တီးခေါင်နှင့် တူ၏ဟု ငါပြဆို၏ဟုလိုသောဝ်။

---

● (၃) ခ-ဝါကျ၌ စောဒကာ ဘောဂါဒီစတုက္ကထုတ်ခဲ့ပါ။

ဖြေ။ ။ **စတုက္ကထုတ်ပုံ**

နနု ပဗ္ဗဇိတော ကူဋ္ဌာဂါရ ရတနပါသာဒ ဒေဝဝိမာနာဒီသုပိ ပိဟိတ ဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တော ဟောတိ။
(စော+ဘော)

အထ ကသ္မာ အဗ္ဘောကာသော ပဗ္ဗဇ္ဇာတိဝုတ္တံ။ (စော)
နနု နေဝ လဂ္ဂတိ န သဇ္ဇတိ န ဗဇ္ဈတိ။ (ပရိ+ဘော)
(တသ္မာ) အဗ္ဘောကာသော ပဗ္ဗဇ္ဇာတိ ဝုတ္တံ။ (ပရိ)

http://www.dhammadownload.com



မှတ်ချက်။ ။စောဒနာ, ပရိဟာရ-စကားတို့ကား ပါဠိတော် စကားတို့ပေတည်း။

---

● (၄) အဗ္ဘောကာသော ပဗ္ဗဇ္ဇာ-၌ အဗ္ဘောကာသော-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"အဗ္ဘောကာသော ဝိယ အဗ္ဘောကာသော"။

ဝစနာဒိဆက္က။ ။လွင်တီးခေါင်ဖြစ်၍ ရဟန်းဖြစ်နှင့် သဒိသ, သဒိသီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ ရဟန်းဖြစ်သည် ဝစနီယ မည်၏။ အဗ္ဘောကာသော-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

---

● (၆) က-ဝါကျဖြင့် သိစေအပ်သော အာဒဘော်တို့ကို ရေးသား၍ သံဝဏ္ဏနာအမည်တို့ကို အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ။က-ဝါကျ၌ အလင်္ကနဋ္ဌေန-ဖြင့် ရဟန်းအဖြစ်၏ လွင်တီးခေါင်နှင့်တူ၏ ဟူသည် ကျောင်းစသည်တို့၌ မကပ်ငြိတတ်သော အနက်သဘောသတ္တိကြောင့်ပင်တည်းဟု သိစေပါသည်။

အကြောင်းပြအမည်ပေးပုံ။ ။ဒြဗ်ပုဂ္ဂိုလ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ-သံဝဏ္ဏနာ မည်၏။

က-ဝါကျ၌ အဗ္ဘောကာသောဝိယ-ဖြင့် အဗ္ဘောကာသော-ပုဒ်ကို "အဗ္ဘောကာသော ဝိယာတိ အဗ္ဘောကာသော" ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁, ဏ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

အကြောင်းပြအမည်ပေးပုံ။ ။(၁) ဝိဂ္ဂိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓေနတ္ထ။ (၂) တဒ္ဓိတ်ပစ္စည်း၏ အနက်ကိုဖွင့်ပြသောကြောင့် ပစ္စယတ္ထ သံဝဏ္ဏနာ မည်၏။

---

http://www.dhammadownload.com



(က) သင်္ခလိခိတန္တိ လိခိတသင်္ခသဒိသံ၊ ဓောတသင်္ခသပ္ပဋိဘာဂံ စရိတဗ္ဗံ။

(ခ) အဂါရံ အဇ္ဈာဝသတာ. အဂါရမဇ္ဈေ ဝသန္တေန။

(ဂ) ကာသာယရသပီတတာယ ကာသာယာနိ။

(ဃ) အစ္ဆာဒေတွာ ပရိဒဟိတွာ။

(င) အဂါရသ္မာ နိက္ခမိတွာ အနဂါရိယံ ပဗ္ဗဇေယျန္တိ။

(စ) ယသ္မာ အဂါရဿ ဟိတံ ကသိဝါဏိဇ္ဇာဒိကမ္မံ အဂါရိ ယန္တိ ဝုစ္စတိ၊ တဉ္စ ပဗ္ဗဇ္ဇာယ နတ္ထိ၊ တသ္မာ ပဗ္ဗဇ္ဇာ အနဂါရိယန္တိ ဉာတဗ္ဗာ။ (ဋ္ဌ-၁၆၃)

**အာဘော်သံဝဏ္ဏနာများ**

ကဝါကျ၌ လိခိတသင်္ခသဒိသံ-ဖြင့် သင်္ခလိခိတံ-ပုဒ်ကို "သင်္ခံ ဝိယ လိခိတံ ဓောတံ သင်္ခလိခိတံ" ဟု ဥပမာပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ)

တနည်း။ ။လိခိတသင်္ခသဒိသံ-ဖြင့် "လိခိတံ သင်္ခံ သင်္ခလိခိတံ"ဟု ဝိသေသနပရနိပါတ ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း၁, "သင်္ခလိခိတံ ဝိယ သင်္ခလိခိတံ"ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း၂, က-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌သက်သည်၏အဖြစ် ကိုရင်း၃သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) အဘိဓာနတ္ထ။
(၃) ပစ္စယတ္ထ။

က-ဝါကျ၌ ဓောတသင်္ခသပ္ပဋိဘာဂံ-ဖြင့် လိခိတ-သဒ္ဒါ၏ ဓောတ အနက်ကို ဟောသည်၏အဖြစ်ကိုရင်း၁, သဒိသ-သဒ္ဒါ၏ သမာနအနက်ကို ဟောသည်၏အဖြစ်ကိုရင်း၂သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) နာမလိင်္ဂတ္ထ။

† ဓောတသင်္ခသပ္ပဋိဘာဂန္တိ တဒတ္ထသောဝ ဝိဝရဏံ။
(သီ-ဋီ-သစ်)

ခ-ဝါကျ၌အဂါရံ-ကို အဂါရမဇ္ဈေ-ဟု ဖွင့်သဖြင့် အဇ္ဈာဝသတာ ဝယ် အဓိ-ဥပသာရနှင့် ယှဉ်ခြင်းကြောင့် အဂါရံ-၌ ဒုတိယာဝိဘတ်သည်

http://www.dhammadownload.com



ကမ္မတ္ထကိုမဟော၊ သတ္တမျတ္ထကိုဟောသည်၏ အဖြစ်ကိုရင်း၊ အဂါရ-ပုဒ်နောက်၌ မဇ္ဈေ-သဒ္ဒါ၏ ကျေသည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဘတျတ္ထ။ (၂) ဘာဝတ္ထ။

ခ-ဝါကျ၌ အဇ္ဈာဝသတာ-ကို ဝသန္တေနဟု-ဖွင့်သဖြင့် အဇ္ဈာဝသတာ-၌ တာ-သဒ္ဒါသည် တာ-ပစ္စည်းမဟုတ်၊ နာဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုရင်း၊ အဓိ-ကိုဖျောက်၍ ဖွင့်သဖြင့် အဓိ-ဥပသာရ၏ ပဒပူရဏ-ဥပသဂ္ဂမတ္တ၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဘတ္တိပဒ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ-ဝါကျ၌ ကာသာဝ ရတ္တပီတတာယ-ဖြင့် ကာသာယာနိ-ပုဒ်ကို"ကာသာယေန ရတ္တာနိ ကာသာယာနိ"ဟု ရတ္တတဒ္ဓိတ် (ရာဂါဒိတဒ္ဓိတ်)ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဏ-ပစ္စည်း၏ ရတ္တတဒ္ဓိတ်(ရာဂါဒိတဒ္ဓိတ်)၌ သက်သည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ဃ-ဝါကျ၌ အစ္ဆာဒေတွာ-ကို ပရိဒဟိတွာ-ဟု ဖွင့်ပြသဖြင့်ဖုံးလွှမ်း၏ (အစ္ဆာဒန)ဟူသောစကားသည် ဝေါဟာရမျှသာဖြစ်၏၊ အဓိပ္ပါယ်အားဖြင့် ဝတ်ရုံခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

င-ဝါကျ၌ အဂါရသ္မာ အနဂါရိယံ-ဟူသောပါဠိတော်ကို နိက္ခမိတွာ-ဟု အပိုထည့်၍ဖွင့်သဖြင့် အဂါရသ္မာ-ဟူသောအပါဒါန်သည် နိဒ္ဒိဋ္ဌဝိသယ-အပါဒါန်မဟုတ်၊နိက္ခမိတွာ-ဟု ထုတ်ဆောင်အပ်သော ကြိယာရှိရကား ဥပ္ပတ္တိ ဝိသယ အပါဒါန်၏ အဖြစ်ကိုရင်း၊ယင်း....အဂါရသ္မာ-ဟူသောအပါဒါန်ကို ပဗ္ဗဇေယျံ-၌ မစပ်ရ၊ နိက္ခမိတွာ-၌ စပ်ရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။

စ-ဝါကျ၌ အဂါရသ္မာ ဟိတံ-ဖြင့် အဂါရိယံ-ပုဒ်ကို"အဂါရဿ ဟိတံ အဂါရိယံ"ဟု ဟိတတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဏျ-ပစ္စည်း၏ ဟိတတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

http://www.dhammadownload.com



စ-ဝ ါကျ၌ ကသိဝ ါကိဋ္ဌာဒိကမ္မံ-ဖြင့် အဂ ါရိယ-အရ လယ်ထွန်ခြင်း,ကုန်သွယ်ခြင်း-စသောအမှုကိုယူရမည်ဟုသိစေပ ါသည်။
(အဘိဓေယျတ္ထ)

စ-ဝ ါကျ၌ တဋ္ဌ ပဗ္ဗဇ္ဇာယ နတ္ထိ တသ္မာ ပဗ္ဗဇ္ဇာ အနဂ ါရိယန္တိ ဉာတဗ္ဗံ-ဖြင့် အနဂ ါရိယံ-၌ န-သဒ္ဒါ၏အဘာဝ-အနက်ကိုဟောသည်၏ အဖြစ်ကိုဂုဏ်နှံ့, အနဂ ါရိယံ-ပုဒ်ကို"နတ္ထိ အဂ ါရိယံ ဧတ္ထာတိ အနဂ ါရိယံ"ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုဂုဏ်း၂သိစေပ ါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ။အဂ ါရ-ပုဒ်ကို "အဂ ါရေ ဝ ါသော အဂ ါရဝ ါသော" ဟူလိုလျက် ဝ ါသ-ဟူသောနောက်ပုဒ်ကျေသော ဥတ္တရပဒလောပ သမာသ်တည်း။ ထို့ကြောင့်...."အဂ ါရေ ဝ ါသော အဂ ါရံ၊ အဂ ါရဿ ဟိတံ အဂ ါရိယံ၊ နတ္ထိ အဂ ါရိယံ ဧတ္ထာတိ အနဂ ါရိယံ" ဟု အစိတ်, အပေါင်း ဝစနတ္ထမှတ်ပ ါ။

† အဂ ါရဝ ါသော အဂ ါရံ ဥတ္တရပဒလောပေန။
(သီ-ဋီ-သစ်)

---

(က) ပါတိမောက္ခ သံဝရသံဝုတောတိ ပါတိမောက္ခ သံဝုရေန သမန္နာဂတော။

(ခ) အာစာရဂေါစရသမ္ပန္နောတိ အာစာရေန စေဝ ဂေါစရေန စ သမ္ပန္နော။

(ဂ) အဏုမတ္တေသူတိ အပ္ပမတ္တကေသု။ ဝဇ္ဇေသူတိ အကုသလ ဓမ္မေသု။

(ဃ) ဘယဒဿာဝီတိ ဘယဒဿီ။ သမာဒါယာတိ သမ္မာအာဒိ ယိတွာ။ (ဋ္ဌ-၁၆၃)

F.73 A

http://www.dhammadownload.com



## အာဘော်သံဝဏ္ဏနာများ

က–ဝါကျဖြင့် ပါတိမောက္ခသံဝရသံဝုတော–ပုဒ်ကို "ပါတိမောက္ခ သံဝရေန သံဝုတံ အဿာတိ ပါတိမောက္ခသံဝရသံဝုတော" ဟု ဘိန္နာဓိကရဏဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်ဟု သိစေပါသည်။
(အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။)

မှတ်ချက်။ ။ဤအာဘော်ကား ပါတိမောက္ခသံဝရ,သံဝုတော- ဟူသောနှစ်ပုဒ်ကို သမန္တဘဒ္ဒကနှင့်ဖွင့်သဖြင့် ဗဟုဗ္ဗီဟိကြသည်။ ဋီကာသစ် ၌ဘာဝတ္ထဖော်သည်—ရှုလေ။

* သံဝဏ္ဏေတဗ္ဗ၊ ဒွိပဒ၊ ကြံကြနည်းသိ၊ဗဟုဗ္ဗီဟိ။
(သံဝဏ္ဏနာနိယံ)

ခ–ဝါကျဖြင့်အာစာရနှင့်ဂေါစရ-ပုဒ်ကို "အာစာရောစဂေါစရောစ အာစာရဂေါစရာ" ဟု ဒွန္ဒသမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရှင်း၁, အာစာရဂေါစရနှင့်သမ္ပန္နပုဒ်ကို "အာစာရဂေါစရေဟိ သမ္ပန္နော အာစာရဂေါစရသမ္ပန္နော" ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရှင်း၂ သိစေပါသည်။

(၁) (၂) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

ဂ–ဝါကျ၌ အပ္ပမတ္တကေသု-ဖြင့် အဏု-သဒ္ဒါသည် အနည်းငယ်ဟူသော(အပ္ပ)အနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဂ–ဝါကျ၌အကုသလဓမ္မေသု-ဖြင့် ဝဇ္ဇ–ပုဒ်ကို "ဝဇ္ဇိတဗ္ဗာနိ ဂရဟိတဗ္ဗာနီတိ ဝဇ္ဇာနိ" (တေသုဝဇ္ဇေသု) ဟု ဝစနတ္ထပြု၍ ဝဇ္ဇ-အရ အကုသိုလ်ဓမ္မတို့ကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဃ–ဝါကျ၌ ဘယဒဿီ-ဖြင့် သယဒဿာဝီ–ပုဒ်ကို "ဘယံ ပဿတိ သီလေနာတိ ဘယဒဿာဝီ" ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း၁, အာဝီ-ပစ္စည်း၏ ကတ္တုသာဓန-တဿီလတ္ထ၌ သက်သည်၏ အဖြစ်ကိုရှင်း၂ သိစေပါသည်။

(၁) အဘိဓာနတ္ထ (၂) ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ၌ သမ္ဗာဖြင့် သံသဒ္ဒါသည် ပယံသာအနက်ကိုမဟော၊ သမ္မာအနက်၊ ဝါ-သုဋ္ဌုအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း°, အာဒိ ယိတ္တာ-ဖြင့် သမာဒါယ၌ ယ-သဒ္ဒါသည် သ-ဝိဘတ်၏ ကာရိယမဟုတ်၊ တွာ-ပစ္စည်း၏ ကာရိယ၏အဖြစ်ကိုရင်း²သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဒုတိယပစ္စယပဒ။

---

ကာယကမ္မ ဝစီကမ္မေန သမန္နာဂတော ကုသလေန ပရိသုဒ္ဓါဇီဝေါတိ တ္ထ။

(က) အာစာရဂေါစရဂ္ဂဟဏေနေဝ စ ကုသလေ ကာယကမ္မ ဝစီကမ္မေ ဂဟိတေပိ ယသ္မာ ဣဒံ အာဇီဝပါရိသုဒ္ဓိသီလံ နာမ န အာကာသေဝါ ရုက္ခဂ္ဂါဒီသုဝါ ဥပ္ပဇ္ဇတိ၊ကာယဝစီ ဒွါရေသုယေဝ ပန ဥပ္ပဇ္ဇတိ၊ တသ္မာ တဿ ဥပ္ပတ္တိဒွါရ ဒဿနတ္ထံ ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေ နာတိ ဝုတ္တံ။

(ခ) ယသ္မာ ပန တေန သမန္နာဂတော၊ တသ္မာ ပရိသုဒ္ဓါဇီဝေါ။

(ဂ) မုဏ္ဍိကပုတ္တသုတ္တန္တဝသေနဝါ ဧဝံ ဝုတ္တံ။ (ဋ္ဌ-၁၆၃)

(၂) က-ဝါကျကို လီနတ္ထရစောဒနာတက်၍ ဂ-ဝါကျကို အနုသန္ဓေတက်ပါ။

ဖြေ။ ။ လီနတ္ထစောဒနာတက်

ဆရာ၊ မြတ်စွာဘုရားသည် ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန- ဟု ဟောတော်မူ၏။ အာစာရ ဂေါစရသမ္ပန္နသဒ္ဒါ ဖြင့် ကုသိုလ်ဖြစ်ကုန်သော ကာယကံ, ဝစီကံတို့ကို ယူအပ်ကုန်ပြီးသည်မဟုတ်ပါ လော။ (အာစာရ"လ"ဂဟိတေပိ-ကိုမြှော်)

ယင်းသို့ဖြစ်ပါလျက် အဘယ်အကျိုးငှာ (ဒဿနတ္ထံ-ကိုမြှော်) ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန-ဟု တဖန်ဟောတော်မူ ပြန်ပါသနည်း။

http://www.dhammadownload.com



အကယ်၍ ဟောတော်မူပြီးလျက် တဖန်ထပ်၍ ဟောတော်မူချေသော် မြတ်စွာဘုရားအား ပုနရုတ္တိ, နိရတ္ထကဒေါသ ရောက်ခဲ့ရာ၏၊ ဝါ- ရောက်ရာသည်မဟုတ်လော-ဟု လိနတ္ထရစောဒနာအားဖြင့် စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော ဆရာသည် က-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။က-ဝါကျဖြင့် အာစာရဂေါစရသမ္ပန္န-သဒ္ဒါဖြင့် ကုသိုလ်ဖြစ်ကုန်သော ကာယကံ,ဝစီကံတို့ကို ယူအပ်ကုန်ပြီးသော်လည်း ဤအာဇီဝပါရိသုဒ္ဓိသီလ၏ ကောင်းကင်,သစ်ပင်ဖျား စသည်တို့၌ မဖြစ်၊ ကာယဒွါရ, ဝစီဒွါရတို့၌သာဖြစ်သောကြောင့် ထိုအာဇီဝပါရိသုဒ္ဓိသီလ၏ ဖြစ်ရာဒွါရကိုပြခြင်းအကျိုးငှာ ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန-ဟု ဘုရားတဖန် ဟောတော်မူပြန်၏ဟု ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော ပုနရုတ္တိ, နိရတ္ထကဒေါသ မြတ်စွာဘုရားအား မရောက် ဟောတော်မူသင့်၏ဟူလိုသောဝ်။

**မှတ်ချက်။** ။ခ-ဝါကျသို့ ကျမ်းတက်လိုသော် "ကထံ တေန ဥပ္ပတ္တိဒွါရဒဿနတ္ထံ အာဟ ယံသမ္ဗာပနာတိ အာဒိ" ဟူသော ဋီကာသစ်ကို မြွှော်၍တက်ပါ။

**အနုသန္ဓေတက်ပုံ**

ဤသို့ က-ခ-ဝါကျတို့ဖြင့် ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန ပရိသုဒ္ဓါဇီဝေါ-ဟု ဟောတော်မူရခြင်း၏ အကြောင်းကို ပြတော်မူပြီး၍, ယခုအခါ၌ သုတ်တပါးဖြင့် နှီးနှော၍ပြခြင်းငှာ၊ ဝါ- ပြတော်မူလိုသောဆရာသည် ဂ-ဝါကျကိုမိန့်။

† ဣဓ ဒါနိ သုတ္တန္တမေဝ န သံသန္ဒိတုံ မုဏ္ဍိကပုတ္တသုတ္တန္တဝသေန ဝါ ဧဝံ ဝုတ္တန္တိ အာဟ။ (သီ-ဋီ-သစ်)

---

● (၃) က-ဝါကျ၌ ရသင့်သော စောဒကာဘောဂါဒိ စတုက္ကကိုဖော်ပြပါ။

ဖြေ။ ။ **စတုက္ကထုတ်ပုံ**

http://www.dhammadownload.com



နနု အာစာရဂေါစရဂ္ဂဟဏေနေဝ စ ကုသလံ ကာယကမ္မဝစီကမ္မံ ဂဟိတံ။ (စော+ဘော)

အထ ကိမတ္ထံ ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေနာတိ ဝုတ္တံ။ (စော)

နနု ဣဒံ အာဇီဝပါရိသုဒ္ဓိနာမ န အာကာသေ ဝါ ရုက္ခဂ္ဂါဒီသု ဝါ ဥပ္ပဇ္ဇတိ၊ ကာယဝစီဒွါရေသု ပန ဥပ္ပဇ္ဇတိ၊ တသ္မာ တဿ ဥပ္ပတ္တိ ဒွါရဒဿနတ္ထံ ဟောတိ။ (ပရိ+ဘော)

(တသ္မာ) ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေနာတိ ဝုတ္တံ။ (ပရိ)

---

● (၄) ဥပ္ပတ္တိဒွါရဒဿနတ္ထံ-ဝယ် ဥပ္ပတ္တိဒွါရ-ပုဒ်ကို ဝစနတ္ထ ပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ **ဝစနတ္ထ**။ ။"ဥပ္ပတ္တိယာ ကာယဝစီဝိညတ္တိ သင်္ခါတံ ဒွါရံ ဥပ္ပတ္တိဒွါရံ" (ဥပ္ပတ္တိယာ၊ အာဇီဝပါရိသုဒ္ဓိသီလဖြစ်ခြင်း၏။ ကာယ ဝစီဝိညတ္တိသင်္ခါတံ၊ ကာယဝိညတ်, ဝစီဝိညတ်ဟု ဆိုအပ်သော။ ဒွါရံ၊ အကြောင်းတည်း။)

**ဝစနာဒိဆက္က**။ ။အာဇီဝပါရိသုဒ္ဓိ သီလဖြစ်ခြင်း၏ ကာယ ဝိညတ်, ဝစီဝိညတ်ဟု ဆိုအပ်သောအကြောင်းနှင့် အကျိုးအကြောင်းအဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် **ဝစနဟေတု** မည်၏။ ကာယဝိညတ်,ဝစီဝိညတ်ဖြစ် သည် **ဝစနီယ** မည်၏။ ပဌတ္တိကာရကံ, နိဗ္ဗတ္တိဟေတု-စသော ပရိယာယ် သည် **ဝစနီယတ္ထ** မည်၏။

**မှတ်ချက်**။ ။ဥပ္ပတ္တိဒွါရဿ ဒဿနံ ဥပ္ပတ္တိဒွါရဒဿနံ" ဟု တွဲပါ။

---

● (၅) က-ဝါကျ၌ဂဟိတေ-ဟူသောလက္ခဏာပုဒ်ကို ဟိတ်ပြင် ၍သမ္ဗန်ကိုလည်းရေးသားခဲ့ပါ။

ဖြေ။ ။ဂဟိတေ-ဟူသော လက္ခဏာ-ပုဒ်ကို ဂဟိတတ္တာ-ဟုဟိတ် ပြင်ရပါသည်၊ ယင်းဟိတ်၏သမ္ဗန်ကားကုသလဿ ကာယကမ္မဝစီကမ္မဿ-

http://www.dhammadownload.com



တည်း။ (ကုသလေ ကာယကမ္မ ဝစီကမ္မေ-ကို သမ္ဗန်ခံ၊ ပစ္စယတ္ထ-ကား ကမ္မတ္ထ၊ ကံသမ္ဗန်စပ်။)

---

● (၇) ရှက္ခဂ္ဂါဒီသု-၌ ရှက္ခ-သဒ္ဒါ၏ နိရုတ္တိနယ-ပဒသိဒ္ဓိကို ဖော်ပြပါ။

ဖြေ။ ။ရှက္ခ-ကား ရှယ-ဓာတ်+ခ-ပစ္စည်း၊ ဓာတွန် ယကို က-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိ၊က-ကို ခ-သို့ကပ်၍ ရှက္ခ-ဟုပြီးပါသည်။

† ရှယ ဇနနေဝါ ခေါ၊ ယဿကော၊ ရှယတီတိရှက္ခော။ (သူစိ)

---

● (၈) က-ဝါကျ၌အာစာရဂေါစရဂ္ဂဟဏေန-ဝယ်အာစာရ ဂေါစရသဒ္ဒါ အာစာရဂေါစရသမ္ပန္နသဒ္ဒါတို့တွင် အဘယ်ကိုယူ ရမည်နည်း....ဖော်ပြပါ။

ဖြေ။ ။အာစာရဂေါစရ-သဒ္ဒါမျှဖြင့် ကုသိုလ်ကာယကံ ဝစီကံ ကိုယူခြင်းမဖြစ်သင့်၊ ဝါ-ယင်းသဒ္ဒါမျှဖြင့် ကုသိုလ်ကာယကံ ဝစီကံဟော မဖြစ်သင့်၊ အာစာရဂေါစရသမ္ပန္န-သဒ္ဒါဖြင့်သာ ကုသိုလ်ကာယကံ ဝစီကံ ဟောဖြစ်သင့်သောကြောင့် အာစာရဂေါစရသမ္ပန္နဂဟဏေန-ဟုသမ္ပန္န-သဒ္ဒါထည့်၍ယူရပါမည်။

† အာစာရဂေါစရဂ္ဂဟဏေနေဝါတိ အာစာရဂေါစရသမ္ပန္နော တိ ဝစနေနေဝ၊န ဟိ အာစာရဂေါစရသဒ္ဒမတ္တေန ကုသလ ကာယကမ္မဝစီကမ္မဂ္ဂဟဏံ သမ္ဘဝတိ။ (သီ-ဋီ-သစ်)

---

စူဠသီလအဖွင့်

(က) သီလသမ္ပန္နောတိ ဗြဟ္မဇာလေ ဝုတ္တေန တိဝိဓေန သီလေန သမန္နာဂတော ဟောတိ။

(ခ) ဣဒမ္ပိဿ ဟောတိ သီလသ္မိန္တိ ဣဒမ္ပိ အဿ ဘိက္ခုနော ပါဏာတိပါတာ ဝေရမဏိသီလသ္မိံ ကော်၊ သီလံ ဟောတီတိ အတ္ထော။

http://www.dhammadownload.com



(ဂ) ပစ္စတ္တဝစနတ္ထေ ဝါ ဧတံ ဘုမ္မံ။
(ဃ) မုဒ္ဓါဘိသိတ္တောတိ ယထာဝိဓာနဝိဟိတေန ခတ္တိယာဘိသေကေန မုဒ္ဓနိ အဝသိတ္တော။ (ဋ္ဌ-၁၆၄)

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ ဗြဟ္မဇာလေ ဝုတ္တေန တိဝိဓေန-ဖြင့် သီလ-အရ ဗြဟ္မဇာလသုတ်၌ ဟောတော်မူအပ်ပြီးသော စူဠသီလ,မဇ္ဈိမသီလ,မဟာသီလ သုံးပါးကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

က-ဝါကျ၌ သီလေန သမ္ပန္နာဂတော-ဖြင့် သီလနှင့် သမ္ပန္နောကို "သီလေန သမ္ပန္နော သီလသမ္ပန္နော" ဟု တတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း၁, သမ္ပန္န-သဒ္ဒါသည် သမ္ပုဏ္ဏ,မဝုရအနက်တို့ကိုမဟော၊ သမင်္ဂီ,သမ္ပန္နအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) နာမလိင်္ဂတ္ထ။

ခ-ဝါကျ၌ ဣဒမ္ပိ အဿ-ဖြင့် ဣဒမ္ပိဿ-ကို "ဣဒမ္ပိ-အဿ-ဟု ပဒစ္ဆေဒ, ပြုရမည်၏ အဖြစ်ကိုရင်း၁, ဘိက္ခုနော-ဖြင့် အဿ-၌ တ-သဒ္ဒါ၏ ဘိက္ခု-ကိုစွဲသည်၏ အဖြစ်ကိုရင်း၂, ပါဏာတိပါတာ ဝေရမဏီ-ဖြင့် ဣဒမ္ပိ-၌ ဣမ-သဒ္ဒါ၏ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းကို စွဲသည်၏ အဖြစ်ကိုရင်း၃, သီလသ္မိံ-ကို သီလသ္မိံ ကေ သီလံ-ဟု ဖွင့်သဖြင့် သီလသ္မိံ၌ သ္မိံဝိဘတ်၏ နိဒ္ဓါရဏတ္ထ၌ သတ္တမီဝိဘတ်၊ ဝါ-အားဖြင့်ရတ္ထ၌ သတ္တမီဝိဘတ်၏ အဖြစ်ကိုရင်း၄ သိစေပါသည်။ ၉

(၁) သန္ဓိလိင်္ဂပဒ။ (၂)(၃) သဗ္ဗနာမလိင်္ဂတ္ထ။ (၄) ဝိဘတျတ္ထ။

မှတ်ချက်။ ။ဣဒမ္ပိဿ ဟောတိ သီလသ္မိံ-ကို အဿ၊ ထိုရဟန်း၏။ ဣဒမ္ပိ၊ ဤပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းသည်လည်း။ သီလသ္မိံ၊ သီလအပေါင်းတွင်၊ ဝါ-၌၊ (ကေသီလံ၊ တခုသောသီလသည်)ဟောတိ၊ ဖြစ်၏ဟု....ခ-သံဝဏ္ဏနာနှင့် အညီ အနက်ပေး။

ဂ-ဝါကျဖြင့် သီလသ္မိံ-၌ သ္မိံ-ဝိဘတ်သည် ပထမတ္ထ-၌ သတ္တမီဝိဘတ်တည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

http://www.dhammadownload.com



**မှတ်ချက်**။ ။အဘာ၊ ဏ၊ ရှာဒမ္ပိသီလသ္မိံ ရှာဒမ္ပိသီလံ၊ ဤပါဠိ ထိုပါဠိတမှ ကြွင်းသီလသည်လည်း။ ဟောတိ၊ ဖြစ်၏-ဟု...ဂ-သံဝဏ္ဏနာနှင့် အညီ အနက်ပေး။

**နိဂုတ္တိ**။ ။ဤ ဂ-ဝါကျ၌ အလို သီလံ-ဟုဆိုအပ်သော ပထမာဝိဘတ်ကို သီလသ္မိံ-ဟု သတ္တမီဝိဘတ်အားဖြင့် ပြန်ထား သောကြောင့် ဝိဘတ္တိဝိပလ္လာသနည်းပေတည်း။

ဃ-ဝါကျ၌ ယထာ ဝိဓာန ဝိဟိတေန ခတ္တိယာဘိသေကေန-ဖြင့် ထိပ်၌ သွန်းလောင်းအပ်၏ဟူသည် အကြင်အကြင် အစီရင်အတိုင်း စီရင်အပ်ပြီးသောမင်း၏ အဘိသိက်ဖြင့် သွန်းလောင်းအပ်သတည်း-ဟု သိစေပါသည်။ (တာဝတ္ထ)

ဃ-ဝါကျ၌ မုဒ္ဓနိ အဘိသိတ္တော-ဖြင့် မုဒ္ဓနှင့် အဘိသိတ္တ-ပုဒ်ကို "မုဒ္ဓနိ အဘိသိတ္တော မုဒ္ဓါဘိသိတ္တော"ဟု သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ)

**အဘိသိက်၏ အင်္ဂါသုံးပါး**

ယထာဝိဓာန ဝိဟိတေန-ပါဌ်ဖြင့် ရှေးမင်း အဆက်ဆက်တို့ လေ့ကျက်အပ်သော အစီရင်နှင့် ပြည့်စုံခြင်း အင်္ဂါတပါးကိုပြသည်။ ခတ္တိယာဘိသေကေန-ပါဌ်ဖြင့် မင်း၏အဖြစ်ကိုဆောင်တတ်သည်၏ အဖြစ်-ဟုဆိုအပ်သော အင်္ဂါတပါးကို ပြသည်။ မုဒ္ဓနိ အဝသိတ္တော-ပါဌ်ဖြင့် ထိပ်ထက်၌သာ ရေစင်ဖြင့် သွန်းလောင်းအပ်သည်၏ အဖြစ်ဟူသော အင်္ဂါတပါးကို ပြသည်။

ဤအင်္ဂါသုံးချက်နှင့် ပြည့်စုံလျှင် ခတ္တိယာဘိသေက (အဘိသိက်ရမင်း)မည်၏။

---

(က) အဇ္ဈတ္တန္တိ နိယကဇ္ဈတ္တံ၊ အတ္တနော သန္တာနေတိ အတ္ထော။

(ခ) အနဝဇ္ဇသုခန္တိ အနဝဇ္ဇံ အနိန္ဒိတံ ကုသလံ သီလပဒဋ္ဌာနေဟိ အဝိပ္ပဋိသာရပါမောဇ္ဇ ပီတိပဿဒ္ဓိဓမ္မေဟိ ပရိဂ္ဂဟိတံ ကာယိကစေတသိကသုခံ ပဋိသံဝေဒေတိ။

(ဋ္ဌ-၁၆၄)

http://www.dhammadownload.com



(၈) အဗျာသေက သုခန္တိ ကိလေသဗျာသေက ဝိရဟိတတ္တာ အဗျာသေကံ အာသေစနကံ ပရိသုဒ္ဓံ အဓိစိတ္တသုခံ ပဋိသံဝေဒေတိ။　　(၄-၁၆၅)

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ နိယကဇ္ဈတ္တံ-ဖြင့် အဇ္ဈတ္တ-အရ ဂေါစရဇ္ဈတ္တ--စသည်ကို မယူရ၊ နိယကဇ္ဈတ္တကို ယူရမည်ဟု သိစေပါသည်။　(အဘိဓေယျတ္တ)

က-ဝါကျ၌ အဗ္ဗာသေကသုခံ ဝေဒေတိ-ဖြင့် အဇ္ဈတ္တံ-၌ "အံ" သဒ္ဒါသည် ဒုတိယာဝိဘတ်မဟုတ်၊ ကာရိယမဟုတ်၊ အံဝိဘတ်ကို မကာရန္တ အဗျယီဘာဝ ပါ-ဖြင့် စီရင်အပ်သော သတ္တမီဝိဘတ်၏ ကာရိယတည်းဟု သိစေပါသည်။
(ဝိဘတ္တိပဒ)

ခ-ဝါကျ၌ ဖွင့်လိုရင်းကား အနဝဇ္ဇံ ကာယိကစေတသိကသုခံ-တည်း။ ယင်းပါဌ်ဖြင့် အနဝဇ္ဇနှင့်သုခကို "အနဝဇ္ဇံ သုခံ အနဝဇ္ဇသုခံ" ဟု ကမ္မဓာရယ်သမာသ်ဝေနတ္တပြုရမည်၏အဖြစ်ကိုရင်း၊ သုခ-အရ ကာယိကသုခ, စေတသိကသုခကို ယူရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) အဘိဓေယျတ္ထ။

မှတ်ချက်။　။ကြွင်းပါဌ်တို့ကိုစာခပ်၍ ဘာဝတ္ထဖော်ပါ။ ပဋိသံဝေဒေတိ-ဖြင့် အနဝဇ္ဇသုခ-ပုဒ်ကို ယင်းကြိယာ၌စပ်ဟုပြသည်။ စက္ခုနာ ရူပံ-၌ စက္ခုဘေဒနှင့် တရားကိုယ်ကို အောက်ပါအတိုင်း မှတ်ပါလေ။

## စက္ခုဘေဒနှင့်တရားကိုယ်

(၁) ဗုဒ္ဓစက္ခု　=အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်။
(၂) သမန္တစက္ခု =သဗ္ဗညုတဉာဏ်။
(၃) ဓမ္မစက္ခု　=အောက်မဂ်သုံးပါးဉာဏ်။
(၄) ပညာစက္ခု =ပုဗ္ဗေနိဝါသဉာဏ်, အာသဝက္ခယဉာဏ်။
(၅) ဒိဗ္ဗစက္ခု　=ဒိဗ္ဗစက္ခုအဘိညာဉ်။
(၆) ပသာဒစက္ခု=စက္ခုပသာဒရုပ်။

http://www.dhammadownload.com



ဂ-ဝါကျ၌ ကိလေသဗျာသေကဝိရဟိတတ္တာ-ဖြင့် အဗျာသေကံ-၌ အ-သဒ္ဒါသည် ပဋိသေဓ, ဝုဒ္ဓိ, တဗ္ဗာဝစသော အနက်ကိုမဟော၊ ဝိရဟ အနက်ဟောသည်၏အဖြစ်ကိုရင်း[၁], ဗျာသေက-အရ ကိလေသာကို ယူရမည်၏အဖြစ်ကိုရင်း[၂], အဗျာသေကံ-ပုဒ်ကို "နတ္ထိ ဗျာသေကော ဧတဿ သုခဿာတိ အဗျာသေကံ" ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း[၃] သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) အဘိဓေယျတ္ထ။ (၃) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ။" ဝိဝိဓံ အသနံ ခေဒနံ ဗျာသေကော၊ ကိလေသော ဧဝ ဗျာသေကော ကိလေသဗျာသေကော၊ ကိလေသဗျာသေကေန ဝိရဟိတော ကိလေသဗျာသေကဝိရဟိတော" ဟု ဝစနတ္ထပြု ။ကိလေသဗျာသေကဝိရဟိတတ္တာ-ဟိတ်၏သမ္ဗန်ကား ကုန္ဒြိယသံဝရေန သမန္နာဂတဿ-ဟု ခံပါ။

ဂ-ဝါကျ၌ အဗျာသေကံအဓိစိတ္တသုခံ-ဖြင့် အဗျာသေကနှင့်သုခ-ပုဒ်ကို "အဗျာသေကံ သုခံ အဗျာသေကသုခံ" ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၁],သုခ-အရ စိတ်၌ဖြစ်သောချမ်းသာ၊ ဝါ-စိတ်ကိုစွဲ၍ဖြစ်သောချမ်းသာကိုယူရမည်၏ အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) အဘိဓေယျတ္ထ။

ဂ-ဝါကျ၌ အသမ္မိဿံ ပရိသုဒ္ဓံ-ဖြင့် အဓိစိတ္တသုခ- ဟူသည် ကိလေသာတို့နှင့်မရောသော ဖြူစင်သောသုခတည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

---

### သတိသမ္ပဇညကထာ-အဖွင့်

(က) အဘိက္ကန္တံ ဝုစ္စတိ ဂမနံ၊ ပဋိက္ကန္တံ နိဝတ္တနံ။
(ခ) သမ္ပဇာနကာရီ ဟောတီတိ သမ္ပဇညေန သဗ္ဗကိစ္စကာရီ။
(ဂ) သမ္ပဇညမေဝ ဝါ ကာရီ။ (၄၁-၁၆၅)

### အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ ဂမနံ-ဖြင့် အဘိက္ကန္တ-၌ ကမု-ဓာတ်သည် ဂမနာ အနက်ကိုမဟော၊ ပဒဝိက္ခေပတ္ထကို ဟောသည်၏ အဖြစ်ကိုရင်း[၁], အဘိ-

http://www.dhammadownload.com



ဥပသာရ၏ အနုတ္တက, ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုင်း၊ အဘိက္ကန္တံ ပုဒ်ကို "အဘိက္ကမနံ အဘိက္ကန္တံ" ဟု ဘာဝသာဓနေဝစနတ္ထပြုရမည်၏အဖြစ် ကိုင်း၃,(အဘိ+ကမု+တ) တ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်၏ အဖြစ်ကိုင်း၄ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။ (၃) အဘိဓာနတ္ထ။
(၄) ဒုတိယပစ္စယတ္ထ။

က-ဝါကျ၌ နိဝတ္တနံ-ဖြင့် ပဋိက္ကန္တံ-၌ ကမု-ဓာတ်သည်အဘိက္ကမန အနက်ကိုမဟော၊ပဋိ-ဥပသာရကြောင့် နိဝတ္တနတ္ထကိုဟောသည်၏ အဖြစ် ကိုင်း၁, ပဋိ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏အဖြစ်ကိုင်း၂, ပဋိက္ကန္တ-ပုဒ်ကို "ပဋိက္ကမနံ ပဋိက္ကန္တံ" ဟု ဘာဝသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၃, (ပဋိ+ကမု+တ)တ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်သည်၏ အဖြစ်ကိုင်း၄ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂)ဥပသဂ္ဂလိင်္ဂတ္ထ။ (၃)အဘိဓာနတ္ထ။
(၄) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျဖြင့် သမ္ပဇာန-သဒ္ဒါ၏ သမ္ပဇညပရိယာယ်၏ အဖြစ်ကို ငင်း၁, သမ္ပဇာနနှင့်ကာရီကို "သမ္ပဇာနေန ကာရီ သမ္ပဇာနကာရီ" ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း၂, ပြုလေ့ရှိ၏ဟူ သည် အလုံးစုံသော ကိစ္စကိုပြုလေ့ရှိသည်၏အဖြစ်ကိုင်း၃ သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။
(၃) ဘာဝတ္ထ။

ခ-ဝါကျဖြင့် သမ္ပဇာနနှင့်ကာရီကို "သမ္ပဇာနံ ကာရီ သမ္ပဇာန ကာရီ" ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။
(အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ)

မှတ်ချက်။ ။သမ္ပဇည-ရုပ်ပြီးပုံကား(သံ+ပ+ဉာ+ယ)ဉာ-ဓာတ် ကို ဇာ-ပြု၊ ယ-ကို အန-ပြု၊ သမ္ပဇာန-ဖြစ်၏။ သမ္ပဇာန-သဒ္ဒါနောင် ဏျ-ပစ္စည်းသက် သမ္ပဇနျ-ဖြစ်၏။ နျ-ကိုဉ-ပြု၊ ဒွေဘော်လာ ဇာ၌ အာ ကို အ-ရဿပြု၍ သမ္ပဇည-ပြီး၏။

http://www.dhammadownload.com



(က) သုံစေပိ နကထာပေန္တိ၊ ဇနသင်္ဂဟတ္ထံ ဓမ္မကထာနာမ ကာတဗ္ဗာယေ၀ါတိ အဋ္ဌကထာစရိယာ ၀ဒန္တိ။

(ခ) ဓမ္မကထာ ဟိ ကမ္မဋ္ဌာနဝိနိမုတ္တာနာမ နတ္ထိ။ တသ္မာ ကမ္မဋ္ဌာနသီသေနေ၀ ဓမ္မကထံ ကထေတဗ္ဗာ။ (ဠ-၁၆၇)

● (၂) ခ-ဝါကျကို ထပနာတိကပုစ္ဆာတက်၍ တသ္မာ-ပုဒ်ကို သဒ္ဒါနည်းစာစပ်ပါ။

ဖြေ။ ။ ထပနာတိကပုစ္ဆာတက်

ဆရာ၊ဆရာသည် က-ဝါကျဖြင့် ဒါယကာတို့မဟောစေကုန်သော်လည်း လူအပေါင်းအား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ခြင်းအကျိုးငှာတရားစကားမည်သည်ကိုပြုအပ်၏ဟု အဋ္ဌကထာဆရာတို့ ဆိုကုန်၏ဟု ဆိုတော်မူ၏။ တရားစကားမည်သည် ကမ္မဋ္ဌာန်းမှ မလွတ်သော်သာလျှင် ဆရာ့စကားသင့်တန်ရာ၏၊ ယင်းသို့မဟုတ်က အာဘယ်သို့သင့်မည်နည်း၊ ဆရာ့စကားမသင့်သည် မဟုတ်လော....ကြောင့် ခ-ဝါကျကိုမိန့်။ (နတ္ထိ တိုင်အောင် အဓိပ္ပါယ်ပြန်)

## သဒ္ဒနယစာစပ်ပုံ

တသ္မာ-ကား ကြောင့်ဟု အနက်ပေးသောကြောင့် ကထေတဗ္ဗာ၌ ဟိတ်၊ကထေတဗ္ဗာကား ဟိတဓါဖိုလ်တည်း။ ထနည်း။ ။တသ္မာ-ကား ကြောင့်ဟု အနက်ပေးသောကြောင့် ၀ဒန္တိ-၌ ဟိတ် ၀ဒန္တိကား ဟိတ်ဖိုလ်တည်း။

† အဋ္ဌကထာစရိယာနံ ဝစနံ သမတ္ထေတုံ ဓမ္မကထာ ဟိ ကမ္မဋ္ဌာနဝိနိမုတ္တာနာမ နတ္ထီတိ ဝုတ္တံ။
တသ္မာ ဓမ္မကထံ ကထေတဗ္ဗာတိ သမ္ဗန္ဓော။
အာစရိယာနန္တွေဝေရန ပန တသ္မာတိပေဒယာ ကထေတဗ္ဗာယေ၀ါတိ ၀ဒန္တိတိ ဇေတေန သမ္ဗန္ဓော ဝုတ္တော။ (သိ-ဋီ-သစ်)

---

● (၃) က-ခ-ဝါကျတို့ကိုရှု၍ စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။

http://www.dhammadownload.com



ဖြေ။ ။ က–ဝါကျကိုရှု၍ထုတ်ပုံ

နနု နကထာပေန္တိ။ (စော+ဘော)
အထ ကသ္မာ ဓမ္မကထာယေဝ ကာတဗ္ဗာ (စော)
နနု ဧနေသင်္ဂဟတ္ထံ ဟောတိ။ (ပရိ+ဘော)
တသ္မာ ဓမ္မကထာယေဝ ကာတဗ္ဗာ။ (စော)

က-ခ–ဝါကျတို့ကိုမြှော်၍ထုတ်ပုံ

နနု န ကထာပေန္တိ။ (စော+ဘော)
အထ ကသ္မာ ဧနေသင်္ဂဟတ္ထံ ဓမ္မကထာယေဝ ကာတဗ္ဗာတိ ဝဒန္တိ။ (စော)
နနု ဓမ္မကထာ ဂမ္ဘီရာနုဝိနိမုတ္တာနာမ နတ္ထိ။ (ပရိ+ဘော)
တသ္မာ ဧနေသင်္ဂဟတ္ထံ ဓမ္မကထာယေဝ ကာတဗ္ဗာတိ ဝဒန္တိ။ (ပရိ)

---

● (၅) ခ–ဝါကျ၌ နတ္ထိ-သဒ္ဒါကို ဟိတ်ပြင်၍ သမ္ဗန်ကိုဖော်ပြပါ။

ဖြေ။ ။နတ္ထိ-ပုဒ်ကို နတ္ထိတာယ-ဟု ဟိတ်ပြင်ရပါသည်၊ ယင်းဟိတ်၏သမ္ဗန်ကား ဓမ္မကထာယ-တည်း။ (ကတ္တား,သမ္ဗန်-နှစ်ချက်စပ်)

---

● (၈) ပဥ္စဝိဓစေတောခီလ, ဝိနိဗန္ဓစိတ္တေ၁–၌ ပဥ္စဝိဓစေတောခီလ,ပဥ္စဝိဓစေတောဝိနိဗန္ဓတို့၏ သရုပ်ကိုဖော်ပြပါ။

ဖြေ။ ။ပဥ္စဝိဓစေတောခီလသရုပ်ကား (၁) ဗုဒ္ဓေ ဝိစိကိစ္ဆာ။ (၂) ဓမ္မေ ဝိစိကိစ္ဆာ။ (၃) သံဃေ ဝိစိကိစ္ဆာ။ (၄) သိက္ခာယ ဝိစိကိစ္ဆာ (၅) သဗြဟ္မစာရီသု ကောပ-တည်း။

ပဥ္စဝိဓစေတောဝိနိဗန္ဓသရုပ်ကား (၁) ကာမအဝီတရာဂ။ (၂) ကာယအဝီတရာဂ။ (၃) ရူပအဝီတရာဂ။ (၄) ယုဒါနုယောဂ။ (၅) ဒေဝပတ္ထနာတည်း။

---

(က) အာဒလောကိတံနာမ ပုရတော ပေက္ခနံ။ ဝိလောကိတံ နာမ အနုဒိသာပေက္ခနံ။ (ဋ္ဌ-၁၇၃)

http://www.dhammadownload.com



(ခ) သမိဉ္ဇိတေ ပသာရိတေတိ ပဗ္ဗာနံ ဟတ္ထပါဒါနံ သမိဉ္ဇန-
ပသာရဏေ။ (ဠ-၁၇၆)

(ဂ) အသိတေတိ ပိဏ္ဍပါတဘောဇနေ။ ပီတေတိ ယာဂုအာဒိ
ပါနေ။ ခါယိတေတိ ပိဋ္ဌခဇ္ဇာဒိခါဒနေ။ သာယိတေတိ
မဓုဖာဏိတာဒိသာယနေ။ (ဠ-၁၇၉)

## အာဘောဒ်သံဝဏ္ဏနာများ

က-ဝါကျ၌ ပုရတော ပေက္ခန်-ဖြင့်လောကိတ-ပုဒ်ကို "လောကိယတေ လောကိတံ" ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[1], တ-ပစ္စည်း၏ဘာဝသာဓန၌သက်သည်၏အဖြစ်ကိုရင်း[2], 'အာ- နှင့်လောကိတ-ပုဒ်ကို "အဘိမုခံ လောကိတံ အာလောကိတံ" ဟု ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[3], အဘိ-ဥပသာရ၏ အဘိမုခ အနက်ကိုဟောသည်၏ အဖြစ်ကိုရင်း[4], လောက-ဓာတ်၏ ရှုကြည့်ခြင်း (ပေက္ခန)အနက်ကိုဟောသည်၏အဖြစ်ကိုရင်း[5] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၄) ဥပသဂ္ဂလိင်္ဂတ္ထ။ (၅) ဒုတိယဓာတွတ္ထ။

က-ဝါကျ၌ အနုဒိသာပေက္ခန်-ဖြင့် လောကိက-ပုဒ်ကို "လောကိယတေ လောကိတံ" ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[1], တ-ပစ္စည်း၏ဘာဝသာဓန၌သက်သည်၏အဖြစ်ကိုရင်း[2], ဝိနှင့်လောကိတံ-ပုဒ်ကို 'အနုဒိသံ ဝိဝိဓံ ဝါ လောကိတံ ဝိလောကိတံ" ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[3], ဝိဥပသာရ၏ အနုဒိသတ္ထ၊ ဝါ-ဝိဝိဓတ္ထကိုဟောသည်၏အဖြစ်ကိုရင်း[4], လောက-ဓာတ်၏ရှုကြည့်ခြင်း(ပေက္ခန)အနက်ကိုဟောသည်၏အဖြစ်ကိုရင်း[5] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၄) ဥပသဂ္ဂလိင်္ဂတ္ထ။ (၅) ဒုတိယဓာတွတ္ထ။

ခ-ဝါကျ၌ သမိဉ္ဇနပသာရဏ-ဖြင့် သမိဉ္ဇိတ-ပုဒ်ကို "သမိဉ္ဇနံ သမိဉ္ဇိတံ"(တသို[1])ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း,[1]

http://www.dhammadownload.com



တ-ပစ္စည်း၏ ဘာဝသာဓန၌သက်သည်၏ အဖြစ်ကိုရင်း[၂], ပသာရိတေ-ပုဒ်ကို"ပသာရဏံ ပသာရိတံ"(တသ္မိံ)ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း[၃], တ-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း[၄] သိစေပါသည်။

(၁) (၃) အဘိဓာနတ္ထ။ (၂)(၄) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ ပဗ္ဗာနံ မာလ္လာပါဒါနံ-ဖြင့် ကွေးကုန်ဆန့်ကုန်၏ဟူသည် အဆစ်အဆစ် ဖြစ်ကုန်သော၊ ဝါ-အဆစ်ရှိကုန်သော လက်ခြေတို့ကို ကွေးကုန်ဆန့်ကုန်သတည်းဟူ၍ သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ပိဏ္ဍပါတဘောဇနေ-ဖြင့် အသိတေ-၌ အသ-ဓာတ်သည် ဘုဝိ(ဖြစ်ခြင်း) အနက်ကိုမဟော၊ အဇ္ဈောဟရဏ (စားခြင်းမျိုခြင်း) အနက်ကိုဟောသည်၏ အဖြစ်ကိုရင်း[၁], အသိတေ-ပုဒ်ကို "အသနံ ဘောဇနံ အသိတံ"(တသ္မိံ)ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၂], တ-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏အဖြစ်ကိုရင်း[၃], အသိတေ-ဟူသော ကြိယာ၏ ပိဏ္ဍပါတ-ဟူသော ကံအထူးနှင့်ယှဉ်သော ကြိယာအထူး၏ အဖြစ်ကိုရင်း[၄] သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄) ဘာဝတ္ထ။

ဂ-ဝါကျ၌ ယာဂုအာဒိပါနေ-ဖြင့် ပီတေ-၌ ပါ-ဓာတ်၏အဖြစ်ကိုရင်း[၁], ပီတေ-ပုဒ်ကို "ပိဝိယတေ ပီတံ"(တသ္မိံ)ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း[၂], တ-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း[၃], ပီတေ-ဟူသော ကြိယာ၏ ယာဂု-စသော ကံအထူးနှင့် ယှဉ်သော ကြိယာအထူး၏ အဖြစ်ကိုရင်း[၄] သိစေပါသည်။

(၁) ဓာတုပဒ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄) ဘာဝတ္ထ။

ဂ-ဝါကျ၌ ပိဋ္ဌခဇ္ဇကာဒိခါဒနေ-ဖြင့် ခါယိတေ-၌ ခေ-ဓာတ်သည် ထင်ရှားခြင်း(သတ္တာ)အနက်ကိုမဟော၊ ခဲစားခြင်း (ခါဒန) အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း[၁], ခါယိတံ-ပုဒ်ကို "ခါယနံ ခါယိတံ"(တသ္မိံ) ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၂], တ-ပစ္စည်း၏ဘာဝသာ

http://www.dhammadownload.com



ဓနေ၌သက်သည်၏ အဖြစ်ကိုရင်း၄, ခါယိတေ-ဟူသောကြိယာ၏ ပိဋ္ဌခဇ္ဇ-စသော ကံအထူးနှင့်ယှဉ်သော ကြိယာအထူး၏အဖြစ်ကိုရင်း၅ သိစေပါသည်။

(၁) ဒုတိယခေတ္တ။ (၂) အဘိခနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄) ဘာဝတ္ထ။

မှတ်ချက်။ ။ခါယိတေ—ကား ခေ-ဓာတ်+တ-ပစ္စည်း၊ ဧ-ကို အာယ-ပြု၊ ဣ-အာဂုံလာ၍ ခါယိတ-ဟု ပြီးသည်။

† ခေ ခါဒနသတ္တာသု၊ (နီတိ)

ဂ-ဝါကျ၌ မဓုဖာဏိတာဒိသာယနေဖြင့် သာယိတေ၌သာဒ-ဓာတ်၏ အဖြစ်ကိုရင်း၁, သာယိတေ-ကို"သာယနံ သာယိတံ"(တသ္မိံ)ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၂, တ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်၏ အဖြစ်ကိုရင်း၄, သာယိတေ-ဟူသောကြိယာ၏ မဓုဖာဏိတ-စသောကံအထူးနှင့်ယှဉ်သော ကြိယာအထူး၏ အဖြစ်ကိုရင်း၅ သိစေပါသည်။

(၁) ဒုတိယခေတုပဒ။ (၂) အဘိခနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄) ဘာဝတ္ထ။

မှတ်ချက်။ ။သာယိတေ—ကား သာ-ဓာတ်၊ဒိဝါဒိ-ယ-ပစ္စည်း, တ-ပစ္စည်း၊ ဣ-အာဂုံ—တည်း။

---

(က) ဥစ္စာရပဿာဝကမ္မတိ ဥစ္စာရဿစ ပဿာဝဿစ ကရဏေ။ (ဋ-၁၀၀)

(ခ) ဂတေတိ ဂမနေ။ ဌိတေတိ ဌာနေ။ နိသိန္နေတိ နိသဇ္ဇာယ။

(ဂ) သုတ္တေတိ သယနေ။ ဇာဂရိတေတိ ဇာဂရဏေ။

(ဃ) ဘာသိတေတိ ကထနေ။ တုဏှီဘာဝေတိ အကထနေ။ (ဋ-၁၀၁)

### အာခတောဘ်သံဝဏ္ဏနာများ

က-ဝါကျ၌ ကရဏေ-ဖြင့် ကမ္မ-ပုဒ်ကို "ကရဏံ ကမ္မံ"ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁, ကမ္မ-၌ ရမ္မ-ပစ္စည်း၏ ဘာဝသာ

http://www.dhammadownload.com



ဓနေ၌သက်သည့်၏အဖြစ်ကိုရင်း၊ ဥစ္စာရဿစ ပဿာဝဿစ-ဖြင့်ဥစ္စာရနှင့် ပဿာဝ-ကို "ဥစ္စာရဿစ ပဿာဝဿစ ဥစ္စာရပဿာဝါ" ဟု ဒွန္ဒသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ တဝါကျလုံးဖြင့် ဥစ္စာရပဿာဝနှင့် ကမ္မကို "ဥစ္စာရပဿာဝါနံ ကမ္မံ ဥစ္စာရပဿာဝကမ္မံ" ဟု ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃)(၄) အဘိဓာနတ္ထ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ ဂမနေ-ဖြင့် ဂတေ-ပုဒ်ကို "ဂမနံ ဂတံ" (တသ္မိံ)ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ တ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည့်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ ဌာနေ-ဖြင့် ဌိတေ-ပုဒ်ကို "ဌာနံ ဌိတံ" (တသ္မိံ)ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ တ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည့်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ နိသဇ္ဇာယ-ဖြင့် နိသိန္နေ-ပုဒ်ကို "နိသဇ္ဇနံ နိသိန္နံ" (တသ္မိံ)ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ တ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်သည့်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ဂ-ဝါကျ၌ သယနေ-ဖြင့် သုတ္တေ-ပုဒ်ကို "သယနံ သုတ္တံ" (တသ္မိံ) ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ တ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်သည့်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ဂ-ဝါကျ၌ ဇာဂရဏေ-ဖြင့် ဇာဂရိတေ-ပုဒ်ကို "ဇာဂရဏံ ဇာဂရိတံ" (တသ္မိံ)ဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ တ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်သည့်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

F.75 A

http://www.dhammadownload.com



ဃ-ဝါကျ၌ ကထနေ-ဖြင့် ဘာသိတေ-ပုဒ်ကို "ဘာသနံ ဘာသိတံ" (တသ္မိံ)ဟု ဘာဝသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုရှင်း၁, တ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်၏ အဖြစ်ကိုရှင်း၂, ဘာသိတေ-၌ ဘာသ-ဓာတ်သည် ထွန်းပခြင်း(ဒိတ္တိ)အနက်ကိုမဟော၊ စကားဆိုခြင်း (ကထန) အနက်ကိုဟောသည်၏အဖြစ်ကိုရှင်း၃သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂)ဒုတိယပစ္စယတ္ထ။ (၃)ဒုတိယဓာတွတ္ထ။

ဃ-ဝါကျ၌ အကထနေ-ဖြင့် တုဏှီဘာဝေ-ပုဒ်ကို "တုဏှီဘဝနံ တုဏှီဘာဝေါ" ဟု ဘာဝသာဓန ဇစနတ္ထ ပြုရမည်၏ အဖြစ်ကိုရှင်း၁, ဏ-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုရှင်း၂, ဆိတ်ဆိတ် ဖြစ်ခြင်းဟူသည် စကားမဆိုခြင်းပင်တည်းဟူသောအဓိပ္ပါယ်ကိုရှင်း၃သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

---

(က) သမ္ပဇာနကာရီတိ စ သဗ္ဗပဒေသု သတိသမ္ပယုတ္တဿေဝ သမ္ပဇညဿ ဝသေန အတ္ထော ဝေဒိတဗ္ဗော။

(ခ) သတိသမ္ပဇညေန သမန္နာဂတောတိ ဧတဿ ဟိ ပဒဿ အယံ ဝိတ္ထာရော။

(ဂ) ဝိဘင်္ဂပ္ပကရဏေပန သတော သမ္ပဇာနော အဘိက္ကမတိ၊ သတော သမ္ပဇာနော ပဋိက္ကမတီတိ ဧဝံ ဧတာနိ ပဒါနိ ဝိဘတ္တာနေဝ။ (ဋ္ဌ-၁ဂ၂)

● (၂) ခ-ဝါကျကို စောဒနာတက်, ဂ-ဝါကျကို အနုသန္ဓေတက် တက်ပါ။

ဖြေ။ ။ စောဒနာတက်ပုံ

ဆရာ၊ဆရာသည်က-ဝါကျဖြင့် သမ္ပဇာနကာရီ-ဟူကုန်သောအလုံးစုံသောပုဒ်တို့၌ သတိနှင့်ယှဉ်သော သမ္ပဇည၏အစွမ်းဖြင့် အနက်ကိုသိအပ်သောဟုဆိုတော်မူ၏။ ဣဓ မဟာရာဇ ဘိက္ခု "လ" သမ္ပဇာနကာရီ-ဟူသောအကျယ်ကို သမ္ပဇည၏ အစွမ်းဖြင့်သာ ဟောတော်မူအပ်သည် မဟုတ်လော။ ယင်းသို့ဟောတော်မူအပ်ပါလျက် အဘယ့်ကြောင့် သမ္ပ

http://www.dhammadownload.com



ဇာနကာရီ-ဟူကုန်သော အလုံးစုံသောပုဒ်တို့၌ သတိနှင့်ယှဉ်သော သမ္ပဇညာဏ်အစွမ်းဖြင့်အနက်ကိုသိအပ်သောဟု ဆရာဆိုပါသနည်း။ အကယ်၍ ဘုရားဟောတော်မမူဘဲလျက် ဆရာဖွင့်ဆိုချေသော် ဆရာအား သံဝဏ္ဏေတဗ္ဗ, သံဝဏ္ဏနာ, သဒ္ဒ,အတ္ထဆန့်သော ဝိရောဓိဒေါသရောက်ရာ၏ဟု သူစောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသောဆရာသည်....ခ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဝါကျဖြင့် ဣဓမဟာရာဇ "လ"သမ္ပဇာနကာရီ-ဟူသော ဤအကျယ်သည် သတိသမ္ပဇညေန သမန္နာဂတော-ဟူသောအကျဉ်းပုဒ်၏ အကျယ်ဖြစ်သောကြောင့် သမ္ပဇာနကာရီ-ဟူကုန်သောအလုံးစုံသော အကျယ်ပုဒ်တို့ကို သတိနှင့်ယှဉ်သော သမ္ပဇည၏ အစွမ်းဖြင့် အနက်ကိုသိအပ်၏ဟု ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော သံဝဏ္ဏေတဗ္ဗ, သံဝဏ္ဏနာ, သဒ္ဒ, အတ္ထဆန့်သော ဝိရောဓိဒေါသ ငါ့အားမရောက် ဆိုတန်၏ဟုလိုသော်။

**အနုသန္ဓေတက်**

ဤသို့ က-ဝါကျဖြင့် သမ္ပဇာနကာရီ-ဟူကုန်သောပုဒ်တို့၌သတိနှင့် ယှဉ်သော သမ္ပဇည၏အစွမ်းဖြင့် အနက်ကို သိအပ်၏ဟု ဆိုတော်မူပြီး၍ ယခုအခါ၌ ဝိဘင်္ဂပါဠိတော်၌ လာသောနည်းဖြင့် ထိုဆိုအပ်ပြီးသော အနက်ပြီးစေခြင်းငှာ၊ ဝါ-မြဲစေခြင်းငှာ....ဂ-ဝါကျကိုမိန့်။

**မှတ်ချက်။** ။က-ဝါကျကိုသာ ထပနာထားပါ၊ ခ-ဝါကျကို ထပနာမထားသင့်။

† ဣဒါနိ ဝိဘင်္ဂနယေနာပိ တဒတ္ထံ သမတ္ထေတုံ ဝိဘင်္ဂပ္ပကရဏေ ပနာတိအာဒိ ဝုတ္တံ။ (သီ-ဋီ-သစ်)

---

● (၃) က-ခ-ဝါကျတို့၌ ရသင့်သော စောဒကာဘာဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ **စတုက္ကထုတ်ပုံ**

နနုအယံ ဝိတ္ထာရော သမ္ပဇညဝသေန ဝုတ္တံ။ (စော+ဘာ)

အထ ကသ္မာ သတိသမ္ပယုတ္တဿေဝ သမ္ပဇညဿ ဝသေနအတ္ထော ဝေဒိတဗ္ဗော။ (စော)

http://www.dhammadownload.com



နနု သတိသမ္ပဇညေန သမန္နာဂတောတိ တေသံ ပဒါနံ အယံ ဝိတ္ထာရော။ (ပရိ+ဘော)

(တသ္မာ) သတိသမ္ပယုတ္တဿေဝ သမ္ပဇညဿ ဝသေန အတ္ထော ဝေဒိတဗ္ဗော။ (ပရိ)

**မှတ်ချက်။** ။စောဒကာဘောဂ-ကိုဋ္ဌကာသစ်ကိုရှု၍ထုတ်သည်၊ ဤဝါကျဥ္စကျမ်းတက်နှင့်စတုက္ကကောင်း၍ ထုတ်လိုက်ပေသည်၊ ဝိဂ္ဂဟ သံဝဏ္ဏနာတို့ကား ရှေးသမ္ပဇာနအဖွင့်တို့မှ ယူ၍မေးနိုင်ရကား သတိပြု၍ လေ့လာပါလေ။

---

## သဏ္ဌောသကထာအဖွင့်

(က) သန္တုဋ္ဌောတိ ဣတရီတရ ပစ္စယ သန္တောသေန သမန္နာဂတော။ (ဠ-၁၈၂)

(ခ) ကာယံ ပရိဟရတိ ပေါသေတီတိ ကာယပါရိဟာရိယံ (ဠ-၁၈၄)

(ဂ) ကာယပရိဟာရိကေနာတိ ကာယံ ပရိဟာရဏာ မတ္တကေန။

(ဃ) သမာဒါယေဝ ပက္ကမတီတိ အဋ္ဌပရိက္ခာရမတ္တကံ သဗ္ဗံ ဂဟေတွာဝ ကာယပဋိဗဒ္ဓံ ကတွာဝ ဂစ္ဆတိ။

(င) ပက္ခီသကုဏောတိ ပက္ခယုတ္တော သကုဏော။ ဋ္ဌေတီတိ ဥပ္ပတတိ။ (ဠ-၁၈၆)

## အာနုဘာဝသံဝဏ္ဏနာများ

က-ဝါကျဖြင့်သန္တုဋ္ဌော-ပုဒ်ကို"သန္တုဿတိ နလုဋ္ဌော ဘဝတီတိ သန္တုဋ္ဌော"ဟု ကတ္တုသာဓနဝစနတ္ထပြု၍မည်၏အဖြစ်ကိုင်း, ထ-နှစ်ည်း၏ကတ္တုသာဓနဖြစ်သည်၏အဖြစ်ကိုရင်း၍သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယ စွယတ္ထ။

**မှတ်ချက်။** ။တနည်း အနက်အဘိုင်းသံ ဝတ္ထဖော်လေ။

ခ—ဝါကျ၌ ကာယံ ပရိဟရတိ–ဖြင့် ကာယပါရိဟာရိယံ–ပုဒ်ကို "ကာယံ ပရိဟရတီတိ ကာယပါရိဟာရိယံ" ဟု ကတ္တုသာဓနကိတန္တ

http://www.dhammadownload.com



ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း¹, ကာယပါရိ ဟာရိယံ-၌ ဏျ-ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏ အဖြစ်ကိုရှင်း² သိစေပါသည်။

(၁) အဘိဓေနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ။ကုစ္ဆိပါရိဟာရိယံ-အဖွင့်ကို ဤနည်းမှီ၍ သိပါ။

ခ-ဝါကျ၌ ပေါသေတိ-ဖြင့် ပရိ-ပုဗ္ဗ ဟရ-ဓာတ်သည် ဟရဏတ္ထကို မဟော၊ ပေါသနတ္ထကို ဟောသည်၏ အဖြစ်ကိုရှင်း¹, ပရိ-ဥပသာရ၏ ဓာတွတ္ထပါဌကေ၏ အဖြစ်ကိုရှင်း² သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

† ပရိဟရတီတိ ပေါသေတီတိ အတ္ထဝစနံ။ (သိ-ဋီ-သစ်)

ဂ-ဝါကျဖြင့် ကာယပါရိဟာရိကေန-ပုဒ်ကား ဘာဝပ္ပဓာန, ဘာဝ လောပပုဒ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ဤကား ဋီကာသစ် အာဘော်တည်း၊ သဒ္ဒတ္ထ အာဘော်ကြံနိုင်သေးသည်။

ဃ-ဝါကျ၌ ဒုဋ္ဌပရိက္ခာရမတ္တကံ သဗ္ဗံ-ဖြင့် ယူ၏ဟူသည် အလုံးစုံသော ပရိက္ခရာရှစ်ပါးကို ယူသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ဂဟေတွာဝ-ဖြင့် သမာဒါယ ၌ သံ-ဥပသာရ၏ ဥပသဂ္ဂမတ္တ၏ အဖြစ်ကိုရှင်း¹, အာ-ဥပသာရ၏ ဓာတွတ္ထပါဌကေ၏ အဖြစ်ကိုရှင်း², ဒါ-ဓာတ်၏ ဂဟဏတ္ထ၏ အဖြစ်ကိုရှင်း³ သိစေပါသည်။

(၁) (၂) ဥပသာဂ္ဂလိင်္ဂတ္ထ။ (၃) ဒုတိယဓာတွတ္ထ။

ဃ-ဝါကျ၌ ကာယပဋိဗဒ္ဓံ ကတွာ-ဖြင့် ယူ၏(ဂဟေတွာဝ)ဟူသည် ကိုယ်နှင့်ယှဉ်သည်ကို ပြုခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ဂစ္ဆတိ-ဖြင့် ပက္ကမတိ-၌ ပ-ဥပသာရ၏ ဥပသဂ္ဂမတ္တ, ဓာတွတ္ထ နုဝတ္တကအဖြစ်ကိုရှင်း¹, ကမု-ဓာတ်၏ ပဒဝိက္ခေပအနက်ကို ဟောသည်၏ အဖြစ်ကိုရှင်း² သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဓာတွတ္ထ။

http://www.dhammadownload.com



င-ဝါကျ၌ ပက္ခယုတ္တော-ဖြင့် ပက္ခိသကုဏော-ဟု ပါဠိတော်၌ ဟောခြင်းသည် အာကာသေ အန္တလိက္ခေ စက်မတိ-ကဲ့သို့ ပရိယာယ်များ ဟောသည်မဟုတ်၊ ပျံခြင်းငှာစွမ်းနိုင်သော အတောင်ရှိသောငှက်ကို အလိုရှိအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ-သိ-ဋီ-သစ် အာဘော်)

တနည်း။ ။ပက္ခယုတ္တော-ဖြင့် ပက္ခိ-ပုဒ်ကို "ပက္ခေန ယုတ္တော ပက္ခီ၊ ဝါ-ပက္ခော အဿ အတ္ထီတိ ပက္ခီ"ဟု ယုတ္တတဒ္ဓိတ်၊ ဝါ-အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း°, ဤ-ပစ္စည်း၏ ယုတ္တတဒ္ဓိတ်၊ ဝါ-အဿတ္ထိ၌ သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။ (သဒ္ဒတ္ထ-အာဘော်)

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

င-ဝါကျ၌ ဥပ္ပတတိ-ဖြင့် ဒို-ဓာတ်သည် ကောင်းကင် ၌ ပျံခြင်း ဥပ္ပတနအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

---

## နိဝရဏပ္ပဟာနအဖွင့်

(က) ဝိဝိတ္တန္တိ သုညံ၊ အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ အတ္ထော။

(ခ) သေတိစေဝ အာသတိစ ဧတ္ထာတိ သေနာသနံ။

(ဂ) မဥ္စပီဌာဒီနမေတံ အဓိဝစနံ။ (ဋ္ဌ-၁၀၇)

(ဃ) ကန္ဒရန္တိ ကံ ဝုစ္စတိ ဥဒကံ၊ တေန ဒါရိတံ ဥဒကေန ဘိန္နံ ပဗ္ဗတပဒေသံ။ ဝနပတ္ထန္တိ "လ"အနုပစာရဋ္ဌာနံ။

(င) ပစ္ဆာဘတ္တန္တိ ဘတ္တဿ ပစ္ဆတော။ ပိဏ္ဍပါတပဋိက္ကန္တော ဣတိ ပိဏ္ဍပါတပရိယေသနတော ပဋိက္ကန္တော။ (ဋ္ဌ-၁၀၈)

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ သုညံ-ဖြင့် ဝိဝိတ္တ-သဒ္ဒါသည် ဆိတ်ခြင်း(သုည)အနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

က-ဝါကျ၌ အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ အတ္ထော-ဖြင့် ဆိတ်၏ဟူသည် လူတို့၏အသံမရှိခြင်း, ကြွေးကြော်သံ မရှိခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ခ-ဝါကျ၌ သေတိ ဌော-ဖြင့် သေန်-ပုဒ်ကို "သေတိ ဌောတိ သေန်"ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း¹, ယု-ပစ္စည်း၏ အဓိကရဏသာဓန၌သက်သည်၏အဖြစ်ကိုရင်း² သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ အာသတိ ဌော-ဖြင့် အာသန်-ပုဒ်ကို "အာသတိ ဌောတိ အာသန်" ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း¹, ယု-ပစ္စည်း၏ အဓိကရဏသာဓန၌သက်သည်၏ အဖြစ်ကိုရင်း² သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ စ-သဒ္ဒါနှစ်ခုဖြင့် သေနနှင့် အာသနကို "သေနဉ္စ အာသနဉ္စ သေနာသနံ"ဟု ဒွန္ဒသမာသ် ဝစနတ္ထပြုရမည်ဟုသိစေပါသည်။ (အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ)

**မှတ်ချက်။** ။သိလွယ်စေရန် အစိတ်အစိတ်ဖော်သည်၊အပေါင်းလည်းဖော်နိုင်သည်။ ဋီကာသစ်၌ စတ္ထ-သမာသ်ဟူသည် ဒွန္ဒသမာသ်ပင်။

† ဌောတိ ဣမိနာ သေနသဒ္ဒဿ အာသနသဒ္ဒဿစ အဓိကရဏတ္ထာဘိဓာနံ၊ စသဒ္ဒေန တဒုဘယပဒဿစတ္ထ သမာသဘာဝံ ဒဿေတိ။ (သီ-ဋီ-သစ်)

ဂ-ဝါကျဖြင့်သေနာသန-အရ ကျောင်းစောင်း ညောင်းပျဉ်-စသည်တို့ကိုယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ကံ ဝုစ္စတိ ဥဒကံ-ဖြင့် ကံ-သဒ္ဒါ၏ ရေ-ဟူသော အနက်ကိုဟောသည်၏အဖြစ်ကိုရင်း¹, တေန ဒါရိတံ-ဖြင့် ဒရ-သဒ္ဒါကို "ဒရိယတေ ပဒါလိယတေတိ ဒရော" ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း², အ-ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း³, ကန္ဒရော-ပုဒ်ကို "ကေန ဒရော ကန္ဒရော"(တံကန္ဒရံ)ဟု တတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း⁴သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ၌ ဥဒကေန ဘိန္နံ ပဗ္ဗတပဒေသံ-ဖြင့် ကန္ဒရ-အရ ရေသည်ဖောက်ခွဲအပ်သော တောင်အရပ်(ပဗ္ဗတပဒေသ)ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ဂါမန္တံ အတိက္ကမိတွာ မနုဿာနံ အသဉ္စရဏဋ္ဌာနံ-ဖြင့် ဝနပတ္ထ-ပုဒ်ကို "ပတ္ထသဒ္ဒိသံ ဝနံ ဝနပတ္ထော" (တံ) ဟု ဝိသေသနပရနိပါတ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု၍၊ ဝနပတ္ထ-အရ ရွာစွန်ကိုလွန်၍ လူတို့မသွားလာ မလှည့်လည်သောအရပ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**မှတ်ချက်။** ။ပတ္ထသဒ္ဒိသံ၊ တောင်၏ ညီညွတ်သော မြေနှင့်တူသော၊ ဝါ-တောင်စဉ် တောင်တန်းနှင့် တူသော။ ဝနံ၊ တောတည်း....ဟု အနက်ပေး။

† ပဝတ္တောတိ ဟိ ပဗ္ဗတဿ သမာနဘူမိ၊ ယော သာနုတိပိ ဝုစ္စတိ။ (သိ-ဋီ-သစ်)

င-ဝါကျ၌ ဘတ္တဿ ပစ္ဆာ ဘတ္တော-ဖြင့် ပစ္ဆာဘတ္တံ-ပုဒ်ကို "ဘတ္တဿ ပစ္ဆာ ပစ္ဆာဘတ္တံ" ဟု အဗျယီဘာဝသမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ)

င-ဝါကျ၌ ပိဏ္ဍပါတပရိယေသနတော ပဋိက္ကန္တော-ဖြင့် ပိဏ္ဍပါတ-ပုဒ်ကို "ပိဏ္ဍပါတဿ ပရိယေသနံ ပိဏ္ဍပါတော" ဟု ဥတ္တရပဒလောပ ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ "ပိဏ္ဍပါတတော ပဋိက္ကန္တော ပိဏ္ဍပါတပဋိက္ကန္တော" ဟု ပဉ္စမီ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

---

(က) ပလ္လင်္ကံ သမန္တတော ဦရုဗဒ္ဓါသနံ။ အာဘုဇိတွာတိ ဗန္ဓိတွာ။ (ဋ္ဌ-၁၇၇)

(ခ) ဥဇုံ ကာယံ ပဏိဓာယာတိ ဥပရိမံ သရီရံ ဥဇုံ ထပေတွာ၊ အဋ္ဌာရသပိဋ္ဌိကဏ္ဍကေ ကောဋိယာကောဋိံ ပဋိပါဒေတွာ

http://www.dhammadownload.com



## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ သပန္တတော ဦရုဗဒ္ဓါသန်-ဖြင့် ပလ္လင်္က-၌ပရိ-သဒ္ဒါသည်ပရိစ္ဆိန္ဒနတ္ထကိုမဟော၊ သမန္တတ္ထကို ဟောသည်၏ အဖြစ်ကိုရင်း[၁], "အက်နံ့ အာသနံ အကော်" ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း[၂], အ-ပစ္စည်း၏ဘာဝသာဓန၌ သက်သည်၏အဖြစ်ကိုရင်း[၃], အက်-ဓာတ်သည်လက္ခဏတ္ထကိုမဟော။ အာသနတ္ထကို ဟောသည်၏အဖြစ်ကိုရင်း[၄], ပလ္လင်္က-ပုဒ်ကို "ပရိသမန္တတော အကော် ပလ္လင်္ကော" (တံ)ဟု ပဋ္ဌမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၅], ပလ္လင်္က-ဟူသည် ထက်ဝန်းကျင်မှ ပေါင်တို့ကိုဖွဲ၍ နေခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုရင်း[၆]သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။ (၄) ဒုတိယဓာတွတ္ထ။ (၅) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၆) ဘာဝတ္ထ။

မှတ်ချက်။ ။ပလ္လင်္က-ကား ပရိ-ပုဗ္ဗ အက်-ဓာတ်၊ရိ၌ ဣ-ကိုချေ ရ-ကိုလ-ပြုခြင်း ဝဏ္ဏဝိကာရ၊ လ-ဒွေဘော်လာခြင်း ဝဏ္ဏာဂမ၊ လ္လ-ကို အ-သို့ကပ်၍ ပလ္လင်္က-ပြီးသည်။

ထက်ဝယ်ဖွဲ့ခွေနေခြင်း ပလ္လင်္က, သားရေရုပ်တို့ဖြင့် ပြီးသောနေရာ ပလ္လင်္က-နှစ်မျိုးတို့တွင် ဤအရာ၌ ပထမအမျိုးကိုယူ။

က-ဝါကျ၌ ဗန္ဓိတွာ-ဖြင့် ဘုဇ-ဓာတ်သည် တာဏ, ဘက္ခဏ အနက်တို့ကိုမဟော၊ ကောဋိလ္လ-အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဒုတိယဓာတွတ္ထ)

တနည်း။ ။ခွေ၍(အာဘုဇိတွာ)ဟူသည် ပလ္လင်္က၏ အစွမ်းဖြင့် နေခြင်းကြိယာပြီးစေရန် နှစ်ချောင်းသော ခြေတို့ကိုဖွဲ့ထားခြင်းပင်တည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ပထမအာဘော် ဓာတ်ကျမ်း အလို, ဒုတိယ အာဘော် သီသက္ခန်ဋီကာသစ်အလိုပေတည်း။

ခ-ဝါကျ၌ ဥပရိမံသရီရံ-ဖြင့် ကာယ-သဒ္ဒါသည် သမူဟအနက်ကို မဟော၊သရီရအနက်ကိုဟောသည်၏ အဖြစ်ကိုရင်း[၁], ကာယ-အရ ဟော၌မ

http://www.dhammadownload.com



ကာယ,မဏ္ဍိမကာယကိုမယူရ၊ ဥပရိမကာယကို ယူရမည်၏ အဖြစ်ကိုင်း၂ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိဓေယျတ္ထ။

ခ-ဝါကျ၌ထပေတွာ-ဖြင့် ပဏိဓာယ-၌ ပ-ဥပသာရ၏ ဓာတွတ္ထာ နုဝတ္တက၏အဖြစ်ကိုင်း၁, နိ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကို ငိုင်း၂, ဓာ-ဓာတ်သည် ဓာရဏတ္ထကိုမဟော၊ ထပနတ္ထကိုဟောသည်၏ အဖြစ်ကိုင်း၃, ယ-သဒ္ဒါသည် နာဝိဘတ်၏ကာရိယမဟုတ်၊ တွာ-ပစ္စည်း ၏ ကာရိယ၏အဖြစ်ကိုင်း၄ သိစေပါသည်။

(၁) (၂) ဥပသဂ္ဂလိင်္ဂတ္ထ။ (၃) ဒုတိယဓာတွတ္ထ (၄) ဒုတိယ ပစ္စယပဒ။

ခ-ဝါကျ၌ အင္ဂုာရသ"လ"ပဋိပါဒေတွာ-ဖြင့် ကိုယ်ကိုဖြောင့်စွာ ထား၏ဟူသည် တဆယ့် ရှစ်ချောင်းကုန်သော ကျောက်ကုန်းရိုးတို့ကို အစွန်းတခုဖြင့် အစွန်းတခုကို ထိမိစေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

† ပဋိပါဒနမေဝ တထာ ထပနန္တိ အဓိပ္ပါယော။ (သိ-ဋီ-သစ်)

---

(က) အဘိဏှံလောကေတိ တွေ လုဇ္ဇနပလုဇ္ဇနဋ္ဌေန ပဋ္ဌုပါဒါ-နက္ခန္ဓာ လောကော။

(ခ) ဗျာပဇ္ဇတိ ဣမိနာ စိတ္တံ ပူတိကုမ္မာသာဒယော ဝိယ ပုရိမပကတိ ဝိဇဟတီတိ ဗျာပါဒေါ။

(ဂ) ဝိကာရပတ္တိယာ ပဒုဿတိ, ပရံဝါ ပဒူသေတိ ဝိနာ သေတီတိ ပဒေါသော။

(ဃ) ဥဘာယမ္ပေတံ ကောဓဿေဝါဓိဝစနံ။ (ဋ္ဌ-၁၇၉)

## အာဘောဘ်သံဝဏ္ဏနာများ

က-ဝါကျ၌ လုဇ္ဇနပလုဇ္ဇနဋ္ဌေန- ဖြင့်လောကော-ပုဒ်ကို"လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော"ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကို

F.76 R

http://www.dhammadownload.com



ရင်း°, ဏ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း၊, လော ကော-သဒ္ဒါ၏ လုဇ-ဓာတ်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဒုတိယဓာတုပဒ။

က-ဝါကျ၌ ပဋ္ဋပါဒါနက္ခန္ဓာ-ဖြင့် လောက-အရ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

မှတ်ချက်။ ။ဝိက္ခမ္ဘနဝသေန ပဟီနတ္တာ-၌ ပဟီနတ္တာ-ဟိတ်၏ သမ္ဗန်ကား အဘိဇ္ဈာယ-တည်း၊ ကမ္မတ္ထ၊ ကံ, သမ္ဗန်စပ်ပါ။

ခ-ဝါကျ၌ ဗျာပဇ္ဇတိ ဣမိနာ-ဖြင့် ဗျာပါဒေါ-ပုဒ်ကို "ဗျာပဇ္ဇတိ ဧတေနာတိ ဗျာပါဒေါ"ဟု ကရဏသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကို ရင်း°,ဏ-ပစ္စည်း၏ ကရဏသာဓန၌ သက်သည်၏အဖြစ်ကိုရင်း၊, (ဝိ+ အာ+ပဒ=ဗျာပဇ္ဇ)ပဒ ဓာတ်၏ ဒိဝါဒိဂိုဏ်း၏အဖြစ်ကိုရင်း၊ သိစေပါ သည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

ခ-ဝါကျ၌ စိတ္တံ-ဖြင့် ဗျာပဇ္ဇတိ-ကြိယာ၏ ကတ္တားသည်၊ ဝါ- ဖောက်ပြန်ခြင်းသို့ ရောက်၏ဟူသည် ယင်းစိတ်တရားပင်တည်းဟု သိစေ ပါသည်။

ခ-ဝါကျ၌ ပူတိကုမ္မာသာဒယောဝိယ ပုရိမပကတိံ ဝိဇဟတိ-ဖြင့် ဖောက်ပြန်ခြင်းသို့ရောက်၏ဟူသည် ပုတ်သောမုယောမုံ့ အစရှိသည်တို့သည် ရှေးပကတိသဘောကို စွန့်ကုန်သကဲ့သို့ စွန့်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ပဒုဿတိ-ဖြင့် ပဒေါသော-ကို "ပဒုဿတီတိ ပဒေါ သော"ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°,ပဒေါသော-၌ ဏ-ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏ အဖြစ်ကိုရင်း၊,ဝိကာရာ ပတ္တိယာ ဖြင့် ပျက်စီး၏ (ပဒုဿတိ) ဟူသည် ဖောက်ပြန်ခြင်းသို့ ရောက်သော အားဖြင့် ပျက်စီးသတည်းဟူသောအဓိပ္ပါယ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

မှတ်ချက်။ ။နိဿယဟောင်း၌ ပဒုဿတိ၊ ဖျက်ဆီးအပ်၏၊ ဖျက် ဆီးတတ်၏-ဟု ကတ္တု, ကမ္မနှစ်ချက်ကြံသည်။

http://www.dhammadownload.com



ဂ-ဝါကျ၌ ပဒူသေတိ-ဖြင့် ပဒေါသော-ပုဒ်ကို "ပဒူသေတီတိ ပဒေါသော"ဟု ဟေတုကတ္တုသာဓနဖြင့် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း[၁], ဏ-ပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရှင်း[၂], ငရဲ-ဟူသော ကာရိုက်ကံကိုရှင်း, ဝါ-ပျက်စီးစေ၏ (ပဒူသေတိ) ဟူသည် သူတပါးကို ပျက်စီးစေသတည်းဟူသော အဓိပ္ပါယ်ကိုရှင်း[၃] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

**မှတ်ချက်။** ။ဝါ-သဒ္ဒါ ဝိကပ်တပါးကိုပြ၊ ဂုတိသဒ္ဒါ ဝစနဟေတု ဇောတက-ဟု ဖော်ပါ၊ ဝိကပ်, ဝါ-သဒ္ဒါ ဂုတိ-သဒ္ဒါ တွေ့တိုင်း ဤနည်းချည်းသာ ဖော်ပါ၊ ရှေး၌ရေးပြီးဖြစ်သည်။

ဃ-ဝါကျဖြင့် ဗျာပါဒ, ပဒေါသ-နှစ်ပါးစုံအရ ကောဓ-ကိုယူရမည်၏ အဖြစ်ကိုရှင်း[၁], ယင်းသို့ဗျာပါဒနှင့် ပဒေါသ အရတူကြသဖြင့် "ဗျာပါဒေါစ သော ပဒေါသောစာတိ ဗျာပါဒပဒေါသော" (တံ)ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း[၂] သိစေပါသည်။

(၁) အဘိဓေယျတ္ထ (၂) အဘိဓာနတ္ထ, ၁.အဘိဓာနလိင်္ဂပဒတ္ထ။

† ဥဘယန္တိ အာဒိနာ တုလျတ္ထသမာသဘာဝ မာဟ။

(သိ ဋီ-သစ်)

---

(က) တိဏ္ဏဝိစိကိစ္ဆာတိ ဝိစိကိစ္ဆံ တရိတွာ အတိက္ကမိတွာ ဌိတော။

(ခ) "ကထမိဒံ ကထမိဒ"န္တိ ဧဝံ န ပဝတ္တတီတိ အကထံကထီ။

(ဂ) ကုသလံ အနဝဇ္ဇယတိ ဝဓိယာ ဓနံ ဂဟေတွာ။

(ဃ) ဗျန္တိံ ကရေယျာတိ ဝိဂဟေန္တိ ကရေယျ။

(င) ဟတောနိဒါနန္တိ အာဏာကျနုဒါနံ။ (ဋ္ဌ-၁၇၉-၁၈၀)

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျဖြင့် တိဏ္ဏဝိစိကိစ္ဆော-၌ တိဏ္ဏ-သဒ္ဒါ၏ ဂမ-ဓာတ်၏ အဖြစ်ကိုရှင်း[၁], တိဏ္ဏ-ပုဒ်ကို "အဘရိတွာတိ တိဏ္ဏာ"ဟု အတိဘကာလိက ဝိဂ္ဂဟပြုရမည်၏ အဖြစ်ကိုရှင်း[၂], တ-ပစ္စည်း၏ အတီတကာလိက၏ အဖြစ်ကိုရှင်း[၃] သိစေပါသည်။

http://www.dhammadownload.com



(၁) ဒုတိယခါတုပဒ။ (၂) အဘိခေနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ။"တိဏ္ဏာ ဝိစိကိစ္ဆာ ယဿာတိ တိဏ္ဏဝိစိကိစ္ဆော" (ပုဂ္ဂလော)ဟုပြု။

ခ-ဝါကျဖြင့် ကထံကထိ-ပုဒ်ကို "ကထံ ကထံ အဿ အတ္ထီတိ ကထံကထီ"ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ ဤ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုရင်း၊ "န ကထံကထီ အကထံကထီ"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိခေနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) အဘိခေနတ္ထ,သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ။ခ ဝါကျအားဘော်ကား နိဿယဟောင်းအာဘော်မျှသာ။ ။ဋီကာသစ်ကား အတ္ထမတ္တ(အနက်မျှကိုသာ)ပြသည်။ ဝစနတ္ထပြုမဟုတ်ဟုဆို၏။ ဋီကာသစ်ဝိဂ္ဂဟကို အောက်ပါအတိုင်းမှတ်ပါ။

ဝိဂ္ဂဟ။ ။ကကမိဒံ ကထမိဒံ ပဝတ္တတီတိ ကထံကထာ (ဝိစိကိစ္ဆာ) ကထံကထာ အဿ အတ္ထိကို ကထံကထီ န ကထံကထီ အကထံကထီ၊ (နိဗ္ဗိစိကိစ္ဆော)။

ဂ-ဝါကျ၌ ဇေဝိုယာခန့်-ပြင့်ဣဏ-ဟူသည် အတိုးအပွားဖြင့်ယူအပ်သောဥစ္စာဘည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

† ဣဂ ဂတိယံ ယု၊ တေ ဝုစ္စိ ဂစ္ဆတီတိ ဣဏံ၊ ဏတ္တံ။ (အဘိ-ဋီ)

ဂ-ဝါကျ၌ ဂဟေတွာ-ဖြင့် အာ-ပုဗ္ဗ ဒါ-ဓာတ်၏ ဂဟဏတ္ထ၏ အဖြစ်ကိုရင်း၊ အာ-ဥပသာရ၏ ဓာတွတ္ထဗာဓကအဖြစ်ကိုရင်း၊ အာဒါယ-၌ ယ-သဒ္ဒါသည် နာ-ဝိဘတ်၏ ကာရိယမဟုတ်၊ တွာ-ပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။ (၃) ဒုတိယပစ္စယပဒ။

ဃ-ဝါကျ၌ ဝိဂကန္တ-ဖြင့် ဗျန္တီ-ပုဒ်ကို "ဝိဂတော အန္တော ဗျန္တော၊ ဗျန္တော အဿ အတ္ထီတိ ဗျန္တီ"ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရ

http://www.dhammadownload.com



မည်၏အဖြစ်ကိုရင်း၌ ကျ—ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

မှတ်ချက်။ ။ဗျုတ္တိ—ဟူသော တဒ္ဓိတ်ပုဒ်ကို ဝိဂ္ဂဟတန္တံ—ဟူသော ဗဟုဗ္ဗီဟိနှင့်ဖွင့်သဖြင့် အဿတ္ထိတဒ္ဓိတ်—ကြံရသည်။

* သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဗဟုဗ္ဗီဟိနှင့်ဖွင့်၍ပြ၊ အဿတ္ထိဟု-ကြံစရာ။ (သံဝဏ္ဏနာနိယံ)

င—ဝါကျ၌ အာဏာဏျနိဒ္ဒါန်-ဖြင့် တတော၌ တ-သဒ္ဒါသည် ကြွေးမြီမရှိခြင်း (အာဏာဏျ)ကိုစွဲသတည်းဟု သိစေပါသည်။

(သဗ္ဗနာမလိင်္ဂတ္ထ)

မှတ်ချက်။ ။"နတ္ထိ ဣဏ ဏံ အဿာတိ အဏဏော၊ အဏဏဿ ဘာဝေါ အာဏဏျံ" ဟု ဝိဂ္ဂဟပြု၊ ရုပ်ပြီးပုံကား....(န+ဣဏ) န-ကို အန်-ပြု၊ န်-ကို ဏ်-ပြု၊ဣ—ကို အ-ပြု၊ ဏ်-ကို အ-သို့ကပ်၍ အဏဏ-ဟုပြီးသည်။ အဏဏ-သဒ္ဒါနောက်၌ ဘာဝတဒ္ဓိတ် ဏျ—ပစ္စည်းသက် ဝုဒ္ဓိပြုခြင်းစသည်ဖြင့် အာဏဏျ—ဟုပြီးသည်။

---

(က) အဓိမတ္တဂိလာနောတိ ဗာဠ္ဍဂိလာနော။

(ခ) နစ္ဆာဒေယျာတိ အဓိမတ္တဗျာဓိပရေတတာယ န ရုစ္စေယျ။

(ဂ) ဗလမတ္တာတိ ဗလမေဝ။

(ဃ) အနတ္ထာ ဓိနောတိ န အတ္တနိ အဓီနော။ ဒါသဗျာတိ ဒါသဘာဝေါ။

(င) ဘုဇိဿောတိ အတ္တနော သန္တကော။ (ဋ္ဌ—၁၉၀)

## အာဘောဒ်သံဝဏ္ဏနာများ

က—ဝါကျ၌ ဗာဠ္ဍဂိလာနော-ဖြင့် အဓိမတ္တ—သဒ္ဒါကို "အဓိကံ မတ္တံ ပမာဏံ အဓိမတ္တံ"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု၍ အဓိမတ္တ-အရ ပြင်းထန်ခြင်း (ဗာဠ္ဍ)ကိုယူရမည်၊ ဝါ-အဓိမတ္တ—သဒ္ဒါ၊ ဗာဠ္ဍ အနက်ဟောသည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ၊ ဝါ—နာမလိင်္ဂတ္ထ)

http://www.dhammadownload.com .



ခ-ဝါကျ၌ နရုစ္စေယျ-ဖြင့်ဆဒ-ဓာတ်သည်ဖုံးလွှမ်းခြင်း(ဆာဒန) အနက်ဟောသော်သည်း ဤ၌ မနှစ်သက်ခြင်းကိုပင် ဆိုသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ အဓိမတ္တ ဗျာဓိပရေဘ-ဖြင့် မနှစ်သက်ဟူသည် ပြင်းထန်သော အနာသည် နိပ်စက်အပ်သည်၏အဖြစ်ကြောင့် မနှစ်သက်ဟု အကြောင်းကိုသိစေပါသည်။ (ဘာဝတ္ထ)

**မှတ်ချက်**။ ။ယင်းဟိပ်သမွန်ကို ဘဟ္ဗုဒ္ဓသာ နစ္ဆာဒေယျ-ဟူသော ပါဠိတော်ကိုရှု၍ အဿပုရိသသ-ဟုခံ ပါ ကံသမ္ဗန်းပ်၊ ပစ္စယတ္ထ ကား ကမ္မတ္ထတည်း။

ဂ-ဝါကျ၌ ဗလမေဝဖြင့် ဗလမတ္တံ-၌ မတ္တ-သဒ္ဒါသည် အနက်ထူးမရှိသော အနတ္ထက-သဒ္ဒါတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

**တနည်း**။ ။ဗလမတ္တံ-၌ မတ္တ သဒ္ဒါသည် အပ္ပမတ္တကအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဃ-ဝါကျ၌ န အတ္တနိ အဝိနော-ဖြင့် "အတ္တနိ အဓိနော အတ္တာဓိနော" ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း၁, န-နှင့် အတ္တာဓိနောကို "န အတ္တာဓိနော အနတ္တာဓိနော" ဟု မိဿကတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

ဃ-ဝါကျ၌ဒါသဘာဝါဖြင့် ဒါသဗျ-ပုဒ်ကို"ဒါသဿ ဘာဝေါ ဒါသဗျံ" (တဿ)ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၁,ဗျ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

င-ဝါကျ၌ အတ္တနော သန္တကော-ဖြင့် ဘုဇိဿ-ဟူသည်သူတပါး ပိုင်မဟုတ်၊ မိမိပိုင်, မိမိဥစ္စာဟူသော အနက်မျှကို သိစေပါသည်။

(နာမလိင်္ဂတ္ထ)

† အတ္တမတ္တံ ပန ဒဿေတွာ အတ္တနော သန္တကောတိ အာဟ။

(သီ-ဋီ-သစ်)

http://www.dhammadownload.com



(က) ပါမောဇ္ဇံ ဇာယတီတိ တုဋ္ဌာကာရော ဇာယတိ။
(ခ) ပီတိမနဿ ကာယော ပဿမ္ဘတီတိ ပီတိသမ္ပယုတ္တစိတ္တဿ ပုဂ္ဂလဿ နာမကာယော ပဿမ္ဘတိ၊ ဝိဂတ-ဒရထော ဟောတိ။ (ဋ္ဌ—၁၉၄)
(ဂ) သုခံ ဝေဒေတီတိ ကာယိကမ္ပိစေတသိကမ္ပိသုခံဝေဒယတိ။

အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ တုဋ္ဌာကာရော-ဖြင့် ပါမောဇ္ဇ-အရ နှစ်သက်သော အခြင်းအရာဟူသော နုသောပီတိ(တရုဏပီတိ)ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

† တုဋ္ဌာကာရောတိ ဣမိနာ ပါမောဇ္ဇံနာမ တရုဏပီတိ ဒဿေတိ။ (သီ-ဋီ-သစ်)

ခ-ဝါကျ၌ ပီတိသမ္ပယုတ္တစိတ္တဿ-ဖြင့် ပီတိ-ပုဒ်ကို "ပီတိယာ သဟိတံ ပီတိ" ဟု ဥတ္တရပဒလောပတတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁, မန-သဒ္ဒါ၏ စိတ်အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း၂, ပီတိနှင့် မနောကို "ပီတိ မနော ဧတဿာတိ ပီတိမနော၊ ဝါ-ပီတိယာ သမ္ပယုတ္တံ မနော ယဿာတိ ပီတိမနော" ဟု ဝစနတ္ထပြု၍ ပီတိနှင့် ယှဉ်သောစိတ်ရှိသော ပုဂ္ဂိုလ်ကို ယူရမည်၏အဖြစ်ကိုရင်း၃ သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) နာမလိင်္ဂတ္ထ။ (၃) အဘိဓေယျတ္ထ။

ခ-ဝါကျ၌ ကာယော-ကို နာမကာယော-ဟု ဖွင့်သဖြင့် ကာယ-အရ ကာယလဟုတာ-စသည်တို့၌ကဲ့သို့ ဝေဒနာစသော ခန္ဓာသုံးပါးကို မယူရ၊ ကာယာယတန-စသည်တို့၌ကဲ့သို့ ရူပကာယ-ကိုလည်းမယူရ၊ အလုံးစုံသော အရူပကလာပ (နာမကာယ)ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျ၌ ပဿမ္ဘတိ-ကို ဝိဂတဒရထော ဟောတိ-ဟု ဖွင့်သဖြင့် ငြိမ်း၏ဟူသည် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ၏အစွမ်းဖြင့် ငြိမ်းသည် မဟုတ် ကိလေသာဟူသော ပူပန်ခြင်းမှ ငြိမ်းခြင်း, ကင်းခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ဂ-၀ါကျ၌ကာယိကမှိစေတသိကမှိသုခံ-ဖြင့် သုခ-အရကာယိက သုခ, စေတသိကသုခကို ဟူရမည်၏အဖြစ်ကိုရင်း^၁, ဝေဒယတိ-ဖြင့် ဝေဒေတိ ကြိယာ၏ စုရာဒိဂိုဏ်း ကြိယာ၏ အဖြစ်ကိုရင်း^၂ သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) ဘာဝတ္ထ။

---

## ပဋ္ဌမဈာနကထာအဖွင့်

(က) စိတ္တံ သမာဓိယတီတိ ဣမိနာ နေက္ခမ္မသုခေန သုခိတဿ ဥပစာရဝသေနပိ အပ္ပနာဝသေနပိ စိတ္တံ သမာဓိယတိ။

(ခ) သော ဝိဝိစ္စေဝ ကာမေဟိ"လ" ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတီတိ အာဒိ ပန ဥပစာရသမာဓိနာ သမာဟိတေ စိတ္တေ ဥပရိ ဝိသေသဒဿနတ္ထံ အပ္ပနာသမာဓိနာ သမာဟိတေ စိတ္တေ တဿ သမာဓိနော ပဘေဒဒဿနတ္ထံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

(ဂ) ဣမမေဝ ကာယန္တိ ဣမံ ကရဇကာယံ။ (ဋီ-၁၉၄)

● (၂) ခ-ဝါကျကို လီနတ္ထပ္ပကာသနာတက်၍ ယင်းဝါကျ၌ သမာဟိတေ-နှစ်ပုဒ်ကို အဘာယ်ပုဒ်တို့၌ စပ်သင့် ပါသနည်း၊ အကျဉ်းမျှသာရေးသားခဲ့ပါ။

ဖြေ။ ။ **လီနတ္ထပ္ပကာသနာတက်**

ဆရာ၊မြတ်စွာဘုရားသည် သော ဝိဝိစ္စေဝ "လ"ဝိဟရတိ-စသော စကားကို ဟောတော်မူ၏။ သုခိနော စိတ္တံ သမာဓိယတိ-ဟူသောစကား ဖြင့်ပင်လျှင် ဥပစာရ,အပ္ပနာတို့၏ အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်းကို ဟောအပ်ပြီးသည်မဟုတ်ပါလော။ယင်းသို့ဟောအပ်ပြီးပါလျက် အဘယ် အကျိုးငှာ သော ဝိဝိစ္စေဝ"လ"ဝိဟရတိ-စသောစကားကို ဘုရားဟော တော်မူပါသနည်း။အကယ်၍မဟောသင့်ဘဲလျက် တဖန်ထပ်၍ဟောတော် မူချေသော် မြတ်စွာဘုရားအား ပုနရုတ္တိ, နိရတ္ထကဒေါသရောက်ရာ၏.... ကြောင့် ခ-ဝါကျကိုမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား။** ။ခ—ဝါကျဖြင့် သော ဝိဝိစ္စေဝ "လ" ဝိဟ ရတိ-စသော စကားကို ဥပစာရသမာဓိဖြင့် စိတ်တည်ကြည်လတ်သော် အထက်၌ဖြစ်သော ဈာန်တရားကိုပြခြင်းငှာ အပ္ပနာသမာဓိဖြင့် စိတ်တည် ကြည်လတ်သော် ထိုသမာဓိ၏အပြားကိုပြခြင်းငှာ ဟောတော်မူအပ်၏ဟု ငါပြဆိုရကား သင်တင်တိုင်းသော ပုနရုတ္တိ၊ နိရတ္ထကဒေါသ မြတ်စွာ ဘုရားအားမရောက် ဟောတော်မူသင့်၏ ဟူလိုသောဝ်။

(ဋီကာသစ်ကျမ်းတက်)

## စာစပ်အကျဉ်း

သမာဟိတေ-ကို ဒသာနတ္ထံ ဝုတ္တံ သို့ စပ်ရပါမည်၊ယင်းသို့စပ်သော် သမာဟိတေ-ကို သမာဟိတတ္တာ-ဟု ဟိတ်ကြံ၍စပ်ရပါသည်။

† သမာဟိတေတိ ပဒဒွယံ ဒဿနတ္ထံ ဝုတ္တန္တိ ဣမေဟိ သမ္ဗန္ဓိတွာ။

(သီ-ဋီ-သစ်)

---

● (၃) က-ဝါကျ၌ ပဌမ-သမာဟိတေ နှင့် ဒဿနတ္ထံ-ကို ရှု၍ရင်း၊ ဒုတိယသမာဟိတေနှင့် ဒဿနတ္ထံ-ကိုရှု၍ရင်း၊ စောဒ ကာဘော ဂါဒိစတုက္ကထုတ်ပါ။

**ဖြေ။** ။ **ပဌမ သမာဟိတေ-ကို ရှု၍ထုတ်ပုံ**

နနု ဥပစာရသမာဓိနာ သမာဟိတံ စိတ္တံ။ (စော+ဘော)

အထ ကိမတ္ထံ သော ဝိဝိစ္စေဝ "လ" ဝိဟရတီတိ အာဒိ ဝုတ္တံ။

(စော)

နနု ဥပရိဝိသေသ ဒဿနတ္ထံ။ (ပရိ+ဘော)

(တသ္မာ) သော ဝိဝိစ္စေဝ "လ" ဝိဟရတီတိ အာဒိ ဝုတ္တံ။ (ပရိ)

**ဒုတိယ သမာဟိတေ-ကို ရှု၍ထုတ်ပုံ**

နနု အပ္ပနာသမာဓိနာ သမာဟိတံ စိတ္တံ။ (စော+ဘော)

အထ ကိမတ္ထံ သော ဝိဝိစ္စေဝ "လ" ဝိဟရတီတိ အာဒိဝုတ္တံ။

(စော)

E.77 B

http://www.dhammadownload.com



နန္နံ သမာဓိနော ပဘေဒဒဿနတ္ထံ။ (ပရိ+ဘော)
(တသ္မာ)သော ဝိဝိစ္စေဝ"လ"ဝိဟရတီတိ အာဒိ ဝုတ္တံ။(ပရိ)

---

● (၄) ကရဇကာယံ-၌ကရဇ-ပုဒ်ကိုအစိတ်, အပေါင်းဝစနတ္ထ ပြု၍ အပေါင်းဝစနတ္ထကို ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဂဗ္ဘာသယေ ကရိယတိ ပက္ခိပိယတီတိ ကရော"(အစိတ်ဝိဂ္ဂဟ-အမိ၏ဥတု,အဖ၏သုက်သွေးရ၏။)

"ကရတော ဇာတော ကရဇော" (အပေါင်းဝိဂ္ဂဟ–စာတု မဟာဘူတိက-ကာယရ၏။)

ဝစနာဒိဆက္က။ ။အမိ၏ဥတု အဖ၏သုက်သွေးတို့၏ စာတု မဟာဘူတိက-ကာယနှင့် အကြောင်း,အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည်ဝစနဟေတုမည်၏။ စာတုမဟာ၏တိက ကာယ–ဒြဗ်သည် ဝစနီယ မည်၏။ သုက္ကသောဏိတသမ္ဘူတော–စသောပရိယာယ်သည် ဝစနီယတ္ထ မည်၏။

မှတ်ချက်။ ။ဝဒန္တိဆရာတို့ကား "ကရောတိ ပုတ္တေ နိဗ္ဗတ္တေ· တီတိ ကရော" (သုက္ကသောဏိတ-ရ၏)"ကရေန ဇာတော ကရဇော" ဟုဝစနတ္ထပြုသေး၏၊ မထူးခြားပေ။

---

● (၅) သမာဟိတေ-ပုဒ်ကို ဟိတ်ပြင်၍သမ္ဗန်ကို·ဖော်ပြပါ။

ဖြေ။ ။သမာဟိတေ-ပုဒ်ကို သမာဟိတတ္တာ-ဟု ဟိတ်ပြင်ရပါ သည်။ ယင်းဟိတ်၏သမ္ဗန်ကား စိတ္တဿ-တည်း။

မှတ်ချက်။ ။စိတ္တေ၊ စိတ်သည်။ သမာဟိတေ၊ တည်ကြည် သော်။ ဝါ-စိတ္တေ၊စိတ်ကို။ သမာဟိတေ, ကောင်းစွာအာရုံ၌ ထားအပ် ပြီးသည်ရှိသော်။ ဟူသောနိဿျတို့သို့လိုက်၍ စိတ္တေ-ကိုပြင်သော စိတ္တဿ- ပုဒ်ကို ကတ္တား,ကံ, သမ္ဗန်-သုံးမျိုး စပ်နိုင်သည်၊ ပစ္စယတ္ထ-ကိုလည်း ကတ္တုတ္ထ,ကမ္မတ္ထနှစ်မျိုးဖြေပါ။ သို့သော်....ဒုတိယအနက်သာ သဒ္ဒတ္တကျ သည်ဟုမှတ်။ လက္ခဏပုဒ်, ဟိတ်နှင့်ပတ်သက်သော အကျယ်မှတ်ဘွယ်တို့ ကိုရှေး၌ရေးခဲ့ပြီ။

---

http://www.dhammadownload.com



● (၆) ဂ-ဝါကျ၌ အာဘော်သံဝဏ္ဏနာကိုဖော်ပြပါ။

ဖြေ။ ။ဂ-ဝါကျ၌ ကရဇကာယံ-ဖြင့် ကာယ-အရ ဤအရာ၌ နာမကာယ-ကိုမယူရ၊ အဘိသန္ဓေတိ-ဟူသော သဒ္ဒန္တရိုက်ကိုထောက်ဆ၍ ကရဇကာယကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္တ)

● (၇) သမာဟိတ, ကရဇသဒ္ဒါတို့၏နိရုတ္တိနည်းကို ဖော်ပြပါ။

ဖြေ။ ။**သမာဟိတကား**- သံ, အာ,ပုဗ္ဗ ဓာ-ဓာတ် တ-ပစ္စည်း (သံ+အာ+ဓာ+တ) သ-ထက်၌ နိဂ္ဂဟိတ်ကို မ-ပြု အာ-သို့ကပ်၊ ဓာ-၌ ဓ-ကို ဟ-ပြုခြင်း ဝဏ္ဏဝိကာရ၊ အာကို ဣ-ပြုခြင်း ဝဏ္ဏဝိကာရတို့ဖြင့် သမာဟိတ-ဟုပြီးပါသည်။

**ကရဇကား** ကရဇာတ-ဟူလိုလျက် တကိုချေခြင်း ဝဏ္ဏလောပ နိရုတ္တိဖြင့် ကရဇ-ဟုပြီးပါသည်။

● (၀) က-ဝါကျ၌ နေက္ခမ္မသုခနေ-၌ နေက္ခမ္မသုခ-အရ ဥပစာရသုခ, အပ္ပနာသုခ နှစ်ပါးတို့တွင် အဘယ်ကို ယူရမည်ဟု အကြောင်းနှင့်တကွပြဆို၍ ဂ-ဝ ါကျ၌ **ကာယံ**-အရ အဘယ့် ကြောင့် ကရဇကာယကိုယူရပါသနည်း ဖြေဆိုပါ။

ဖြေ။ ။နေက္ခမ္မသုခ-အရ ဥပစာရသုခ, အပ္ပနာသုခနှစ်ပါးလုံးကို ယူရပါသည်။ အကြောင်းကား ကိလေသာနီဝရဏပက္ခမှ ထွက်သော ကြောင့်ရင်း, ပဌမဈာန်ပက္ခ၌ ယှဉ်သောကြောင့်ရင်း ယင်းနှစ်ပါးစုံကို ယူရပါသည်။ (သီ-ဋီ-သစ်)

ဤ ဣမမေဝ ကာယံ-ပုဒ်၏ အဘိသန္ဓေတိ-ကြိယာနှင့်စပ်သော ကြောင့်ရူပကာယ-ကိုသာ ဤအရာ၌ယူသင့်ပါသည်။ (သီ-ဋီ-သစ်)

(က) ကိံသထာလေတိ ယေနကေနစိ လောတေန ကတ-ဘာဇနေ။

(ခ) မတ္တိကဘာဇနံ ပန ထိရံ နှောတိ၊ သန္ဓေန္တဿ ဘိဇ္ဇတိ၊ တသ္မာ တံ န ဒဿေတိ။

http://www.dhammadownload.com



(ဂ) ပရိပုဲပါသကံ ပရိပုဲပါသကန္တိ သိဉ္စိတွာ သိဉ္စိတွာ။
(ဃ) သန္နေယျာတိ ဝါမဟတ္ထေန "လ" ပိဏ္ဍံ ကရေယျ။
(ဋ္ဌ-၁၉၅)

● (၂) ကံသထာလေ-ဟူသော ပါဠိတော်ကို ရှု၍ ခ-ဝါကျကို သာဘောဂါယုတ္တပုစ္ဆာတက်, သန္နေန္တဿ-ကို သဒ္ဒါနည်း စာ စပ်ပါ။

ဖြေ။ ။သာဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊မြတ်စွာဘုရားသည် ကံသထာလေ-ဟု ဟောတော်မူ၏။ ဤ ကံသထာလေ-ဟူသော စကားသည် ဥပမာပြုကာမျှသာ ဖြစ်သည်မဟုတ် လော။ ယင်းသို့ ဥပမာပြုကာမျှဖြစ်လျက် အဘယ့်ကြောင့် ကြေးခွက်ဖြင့် ကံသထာလေ-ဟု ဥပမာပြုတော်မူပါသနည်း။ (အန္ဝယပုစ္ဆာ) မြေခွက် ဖြင့်မတ္တိကထာလေ-ဟုဥပမာပြုတော်မမူပါသနည်း။ (ဗျတိရေကပုစ္ဆာ)ဟု သူမေးဘွယ်ရှိသောကြောင့်....ခ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ခ-ဝါကျဖြင့် မြေခွက်သည် မြဲမြံခိုင်ခံ့ သည်မဖြစ်၊ စွတ်စိုစဉ်၊ ဝါ-လုံးစဉ် ကွဲတတ်သောကြောင့် ထိုမြေခွက်ကို မပြု၊ ဝါ-ဥပမာပြုတော်မမူဟု ငါပြဆို၏ ဟူလိုသောဝ်။

သဒ္ဒနယစာစပ်ပုံ

သန္နေန္တဿ-ကား စဉ်-ဟု အနက်ပေးသောကြောင့် ဘိဇ္ဇတိ-၌ အနာဒရ၊ ဘိဇ္ဇတိ-ကား အနာဒရိယ-တည်း။

† အနာဒရက္ခဏေ စေတံ သာမိဝစနံ။ (သီ-ဋီ-သစ်)

● (၃) ကံသထာလေ-၌ ကံသ-သဒ္ဒါ၏ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဓေ သကိုဖော်ပြ၍ ခ-ဝါကျ၌ ပန-သဒ္ဒါထားရခြင်း၏ အကြောင်းနှင့် ရသင့်သော စောဒကာဘောဂါဒီစတုက္ကကိုလည်း ဖြေဆိုပါ။

ဖြေ။ ။ကာသ-သဒ္ဒါသည် သုဝဏ္ဏ, ကိတ္တိမလောဟ, ကံသမင်း ဟူသောနာမပညတ်, အမှတ်မရှိသော ကြေး-ဟူသော အနက်တို့၌ ဖြစ် ပါသည်။ (အတ္ထုဒ္ဓါရ)

http://www.dhammadownload.com



ဤ၌ ကံသ–သဒ္ဒါသည် အမှတ်မရှိသော ကြေး-ဟူသောအနက်၌ ဖြစ်ပါသည်။ (အတ္ထုဒ္ဒေသ)

**မှတ်ချက်**။ ။ဤအတ္ထုဒ္ဒေါရကား ဋီကာသစ်-အလိုတည်း။

အဘိဓာန်၌ကား "ပဏ္ဏေစ လောဟဘေဒသ္မိံ၊ ကံသော စတု ကဟာပဏေ"ဟု သုံးနက်သာလာသည်။

## ပန-သဒ္ဒါထားရခြင်းအကြောင်း

ခ–ဝါကျ၌ ပန-သဒ္ဒါကို ကြေးခွက်ဖြင့် ကံသထာလေ-ဟု ဥပမာပြုသော ပါဠိတော်သဒ္ဒါကို မနှစ်သက်သောကြောင့် ထားရပါသည်။

## စတုက္ကထုတ်ပုံ

နနု ဥပမာကရဏမတ္တ မေဝိဒံ။ (စော+ဘော)
အထ ကသ္မာ ကံသထာလမေဝ ဒဿေတိ။ (နွ+စော)
မတ္တိကဘာဇနံ န ဒဿေတိ။ (ဗျ+စော)
နနု မတ္တိကဘာဇနံ ထိရံ နဟောတိ သန္ဓေန္တဿ ဘိဇ္ဇတိ။ (ပရိ+ဘော)
တသ္မာ ကံသထာလမေဝ ဒဿေတိ။ (နွ+ပရိ)
မတ္တိကဘာဇနံ န ဒဿေတိ။ (ဗျ+ပရိ)

**မှတ်ချက်**။ ။စော+ဘော-ကား ဋီကာသစ်လာဖြစ်၍ ခက်သည်၊ လေးချက်သာရေးလိုမူ နွ+စော,နွ+ပရိ-တို့ကို ပယ်၍ရေးပါ။

---

● (၄) မတ္တိကဘာဇနံ-၌ ဘာဇနံ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိ ဆက္ကထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။"ဘဇန္တိ ပတိဋ္ဌဟန္တိ ဘောဇနာဒီနိ ဧတ္ထာတိ ဘာဇနံ" (ဘဇ ပတိဋ္ဌာယံ ယု)

**ဝစနာဒိဆက္က**။ ။ဘောဇဉ် စသည်တို့၏ တည်ခြင်း ကြိယာ သကတ်သည် **ဝစနဟေတု** မည်၏။ ခွက်ဒြဗ်သည် **ဝစနိယ** မည်၏။ အမက္ကံ, ပတ္တံ-စသောပရိယာယ်သဒ္ဒါသည် **ဝစနီယဟ္ထ** မည်၏။

---

http://www.dhammadownload.com



● (၆) က-ဂ-ဃ-ဝ ါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကိုဖော်ပြပါ။

ဖြေ။ ။က-ဝါကျဖြင့် ကံသ-သဒ္ဒါသည် ဤ၌ သုဝဏ္ဏ,ကိတ္တိလောမ, နာမပညတ်အနက်တို့ကိုမဟော၊ အမှတ်မရှိသောလောဟအနက်ကိုဟောသည်၏အဖြစ်ကိုရင်း[၁], ထာလ-သဒ္ဒါ၏ ခွက် (ဘာဇန) ဟောသည်၏အဖြစ်ကိုရင်း[၂], ကံသနှင့်ထာလကို "ကံသေန ကတော ထာလော ကံသထာလော" (တသ္မိ)ဟု မဇ္ဈေလောပ တတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၃]သိစေပါသည်။

(၁) (၂) နာမလိင်္ဂတ္ထ။ (၃) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

ဂ-ဝါကျဖြင့် ပရိပ္ပေါသကံ ပရိပ္ပေါသကံ-ပုဒ်၏ ဘာဝနပုံ၏အဖြစ်ကို၊ဝါ-ယင်းပုဒ်တို့၌ ပဌမာဝိဘတ်သည် လိင်္ဂတ္ထ၌မသက်၊ ကြိယာဝိသေသနဌ်သက်သည်၏အဖြစ်ကိုရင်း[၁], ယင်းပရိပ္ပေါသကံ-ပုဒ်တို့၌ ဖုသ-ဓာတ်၏ ပရိသိဥ္စနတ္ထကိုဟောသည်၏ အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) ဘာဝတ္ထ၊ ဝါ—ဝိဘာတျတ္ထ။ (၂) ဒုတိယဓာတွတ္ထ။

ဃ-ဝါကျ၌ ပိဏ္ဍံ ကရေယျ-ဖြင့် သန္ဒ-ဓာတ်သည် သန္ဒကရဏအနက်ကိုဟောသတည်းဟုသိစေပါသည်။ (ဓာတွတ္ထ)

မှတ်ချက်။ ။ဃ-ဝါကျ၌ ကြွင်းပါဌ်ဖြင့် ဘာဝတ္ထဖော်ပါ။

† ပရိပ္ပေါသကံ ပရိပ္ပေါသကန္တိ ဣဒံ ဘာဝနပုံသကန္တိ ဒဿေတိ။

သိဥ္စိတွာ သိဥ္စိတွာ တိ ဣမိနာ ဖုသသဒ္ဒေါစေတ္ထ ပရိသိဥ္စနေ။ (သီ-ဋီ-သစ်)

† သန္ဒေယျာတိ ဧတ္ထ သန္ဒသဒ္ဒေါ ပိဏ္ဍကရဏေတိ ဝုတ္တံ ပိဏ္ဍံ ကရေယျာတိ။ (သီ-ဋီ-သစ်)

● (၇) ကံသ-သဒ္ဒါ၏ နိရုတ္တိနည်းကိုဖော်ပြပါ။

ဖြေ။ ။ကံသ-ကား ကန-ဓာတ်+သ-ပစ္စည်း၊ ဓာတွန် န-ကို နိဂ္ဂဟိတ်ပြုခြင်း ဝဏ္ဏဝိကာရဖြင့် ကံသ-ဟု ပြီးပါသည်။

† ကန ဒိတ္တိ ကန္တိသု၊ သော။ (အဘိ-ဋီ)

http://www.dhammadownload.com



(က) သ္ဘေဟာပရေတာတိ ဥဒကာသိနေဟေန ပရိဂ္ဂဟိတာ။
(ခ) သန္တရဗာဟိရာတိ သဒ္ဓိံ အန္တောပဒေသေနစေဝ ဗဟိပဒေသေနစ သမ္ဗုတ္တက္ကမေဝ ဥဒကာသိနေတေန ဖုဋ္ဌာတိ အတ္ထော။
(ဂ) ဥဒ္ဓိတောဒကောတိ ဥဒ္ဓိန္နဥဒကော၊န ဟေဋ္ဌာ ဥဒ္ဓိဇ္ဇိတွာ ဥဂ္ဂစ္ဆနကဉဒကော၊ အန္တောယေဝ ဥဒ္ဓိဇ္ဇနကဥဒကောတိ အတ္ထော။ (ဋ္ဌ-၃၉၅)

**အာဘောဉ်သံဝဏ္ဏနာများ**

က-ဝါကျ၌ ဥဒကာသိနေဟေန ပရိဟိတာ-ဖြင့် သ္ဘေဟ-အရ ဆီစေး (တေလသ္ဘေဟ) ကိုမယူရ၊ ရေစေး (ဥဒကသ္ဘေဟ) ကိုယူရမည်၏ အဖြစ်ကိုရှင်း°, သ္ဘေဟနှင့်ပရေတာ-ကို "သ္ဘေဟေန ပရေတာ သ္ဘေဟပရေတာ" ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း၊, ပရေတာ-၌(ပရိ+ဣ)ဣ-ဓာတ်၏ ဂဟဏတ္ထကိုဟောသည်၏အဖြစ်ကိုရှင်း၃ သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။
(၃) ဒု့ဓာတွတ္ထ။

ခ-ဝါကျ၌ သဒ္ဓိံ အန္တော ပဒေသေနစေဝ ဗဟိပဒေသေနစ- ဖြင့် (သဟ+အန္တရဗာဟိရာ) သဟ-သဒ္ဒါ၏ သမဝါယတ္ထ-ကိုဟောသည် ၏အဖြစ်ကိုရှင်း°, အန္တရနှင့်ဗာဟိရ-ကို "အန္တရောစ ဗာဟိရောစ အန္တရ ဗာဟိရာ" ဟု ဒွန္ဒသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရှင်း၊, အန္တရ-အရ အတွင်းအရပ်, ဗာဟိရ-အရ အပအရပ်ကို ယူရမည်၏ အဖြစ်ကိုရှင်း၃, သန္တရဗာဟိရာ-ပုဒ်ကို "အန္တရဗာဟိရေဟိ သဟ ဝတ္တန္တီတိ သန္တရဗာဟိရာ" ဟု သဟ-ပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း၄ သိစေပါသည်။

(၁) နိပ္ပါတလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။
(၃) အဘိဓေယျတ္ထ။ (၄) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ။ခ-ဝါကျ ကြွင်းပါဠိဖြင့် ဘာဝတ္ထဖော်ပါ။

http://www.dhammadownload.com



ဂ-ဝါကျ၌ ဥပ္ပိန္နဥဒကော—ဖြင့် ဥဗ္ဘိဒ-သဒ္ဒါကို "တာဟိ တာဟိ ဥဒကရာသိဟိ ဥဗ္ဘိဇ္ဇတိ ဥဒ္ဓံ နိက္ခမတီတိ ဥဗ္ဘိဒ" ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၊ ဥဗ္ဘိဒ–၌ အ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရင်း၊ ဥဗ္ဘိဒနှင့်ဥဒကကို "ဥဗ္ဘိဒံ ဥဒကံ ယဿာတိ ဥဗ္ဘိဒေါဒကော" ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဥဗ္ဘိဒေါဒကော-ဟူသိုလျက် ဒ–ကို တပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဥဗ္ဘိတောဒကော-ဟု ရုပ်ပြီးသည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။ (၃)အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၄) ဘာဝတ္ထ။

ဂ-ဝါကျ၌ နဖေဟုဒ္ဓ"လ" အတ္ထောဖြင့် ထွက်သောရေ ရှိ၏ဟူသည် အောက်မှ အထက်သို့ ပေါ်ထွက်၍ တက်သောရေရှိသည်မဟုတ် အတွင်း၌သာလျှင် စိမ့်သောရေရှိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

---

## ဒုတိယဈာနကထာအဖွင့်

(က) အာယမုခန္တိ အာဂမနမဂ္ဂေါ။ ဒေဝေါတိ မေဃော။

(ခ) ကာလေန ကာလန္တိ ကာလေ ကာလေ၊ အန္ဝဒ္ဓမာသံဝါ အနုဒသာဟံဝါတိ အတ္ထော။

(ဂ) ဓာရန္တိ ဝုဋ္ဌိံ။ န အနုပ္ပဝစ္ဆေယျာတိ နပ္ပဝေသေယျ၊ နဝဿေယျာတိ အတ္ထော။ (ဋီ-၁၉၅)

## အာသော်သံဝဏ္ဏနာများ

က-ဝါကျ၌ အာဂမနမဂ္ဂေါ–ဖြင့် အာ–ပုဗ္ဗ ယာ–ဓာတ်၏ဂတိအနက်ကိုဟောသည်၏အဖြစ်ကိုရင်း၊ မုခ–သဒ္ဒါသည် မုချ,ဥပါယ–စသောအနက်ကိုမဟော၊ မဂ္ဂ–အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) နာမလိင်္ဂတ္ထ။

http://www.dhammadownload.com



က-ဝါကျ၌ မေဃော-ဖြင့် ဒေဝ-သဒ္ဒါသည် ဝိသုဒ္ဓိအနက်, မစ္စု-စသောအနက်တို့ကိုမဟော၊ မိုဃ်း(မေဃ) အနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

† ဒေဝေါ ဝိသုဒ္ဓိဒေဝါဒေါ၊ မေဃမစ္စု နဘောသုစ။
(အဘိဓာန်)

ခ-ဝါကျ၌ ကာလေ ကာလေ-ဖြင့် ကာလေန ကာလံ-ပုဒ်၏ ဩကာသောကာဿ-ကဲ့သို့ ရှုဋ္ဌီပုဒ်၏အဖြစ်ကိုရင်း၁, ကာလေန-၌နာဝိဘတ်၏ သတ္တမျတ္ထ၌သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) နာမလိင်္ဂပဒ။ (၂) ဝိဘတျတ္ထ။

ခ-ဝါကျ၌ ကြွင်းပါ၌ဖြင့် လခွဲတိုင်းသော်ရင်း, ဆယ်ရက်တကြိမ်သော်ရင်း ရှာခြင်းသည် ကာလေနကာလံ-မည်သုတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ဝုဋ္ဌိဖြင့်ဓာရာ-သဒ္ဒါသည် သန်လျက်သွား (ခဂ္ဂဂ်) အနက်ကိုမဟော၊ မိုဃ်းရေအယဉ် (သန္တတိ) အနက်ကိုဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

† ဓာရာ သန္တတိ ခဂ္ဂဂေ။ (အဘိဓာန်)

ဂ-ဝါကျ၌ နပ္ပဝေသေယျ-ဖြင့်အနုပ္ပဝစ္ဆေယျ-ကို န ဥပဝစ္ဆေယျ ဟုပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုရင်း၁, အနုပ္ပဝစ္ဆေယျ-ပုဒ်၏ ရေမဝင်စေခြင်း,ရေမသွင်းခြင်းဟူသောအဓိပ္ပါယ်ကိုရင်း၂သိစေပါသည်။

(၁) သန္ဓိလိင်္ဂပဒ။ (၂) ဘာဝတ္ထ။

ဂ-ဝါကျ၌ နဝသေယျ-ဖြင့် အနုပ္ပဝစ္ဆေယျ-၌ ဥပ-သဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုရင်း၁, ဝစ္ဆ-သဒ္ဒါ၏ ဝဿ-ဓာတ်၏ကာရိယ၏အဖြစ်ကိုရင်း၂သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) ဓာတုပဒ။

† ဝဿသဒ္ဒတော စဿ သိဒ္ဓိတိ ဒဿေတိ န ဝဿေယျာတိ ဣမိနာ။ (သီ-ဋီ-သစ်)

E.78

http://www.dhammadownload.com



## တတိယဈာနကထာအဖွင့်

(က) ဥဒကာနုဂ္ဂတာနီတိ ဥဒကတော န ဥဂ္ဂတာနိ။

(ခ) အန္တော နိမုဂ္ဂပေါသီနီတိ ဥဒကတလဿ အန္တော နိမုဂ္ဂါနိယေဝ ဟုတွာ ပေါသိနီ၊ ဝဍ္ဎိနီတိ အတ္ထော။ (ဋ္ဌ–၁၉၆)

(ဂ) ဩဒနကုမ္မာသူပစယောတိ ဩဒနေန စေဝ ကုမ္မာသေန စ ဥပစိတော ဝဍ္ဎိတော။ (ဋ္ဌ–၁၉၇)

### အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ ဥဒကတော နဥဂ္ဂတာနိ-ဖြင့် အနုဂ္ဂတာနိ–ပုဒ်ကို "န ဥဂ္ဂတာနိ အနုဂ္ဂတာနိ"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°,ဥဒကနှင့် အနုဂ္ဂတာနိ-ပုဒ်ကို "ဥဒကတော အနုဂ္ဂတာနိ ဥဒကာနုဂ္ဂတာနိ"ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ပစနတ္ထပြုရမည်၏ အဖြစ်ကို ရင်း၂ သိစေပါသည်။

(၁) (၂) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ ဥဒကတလဿ အန္တော-ဖြင့် အန္တော–ဟူသော သမ္ဗန္ဓီ၏ သမ္ဗန်ကား ဥဒကတလဿ-တည်း၊ ဝါ-အဒ္ဓ္တော၊ အတွင်း–ဟူသည် ရေအပြင်၏ အတွင်းတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ နိမုဂ္ဂါနိ ယေဝ ဟုတွာ ပေါသိနီ-ဖြင့် နိမုဂ္ဂပေါသိနီ-ပုဒ်ကို "နိမုဂ္ဂါနိ ဟုတွာ ပေါသိနီ နိမုဂ္ဂပေါသိနီ"ဟု သမ္ဘာဝနာ ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။

(အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ)

ခ-ဝါကျ၌ ဝဍ္ဎိနီ-ဖြင့် ပုသ–ဓာတ်သည် မွေးမြူခြင်း (ပေါသန) အနက်ကိုမဟော၊ ဝဍ္ဎန-အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဒုတိယဓာတွတ္ထ)

ဂ–ဝါကျဖြင့် ဩဒနနှင့် ကုမ္မာသ–ကို "ဩဒနော စ ကုမ္မာသော စ ဩဒနကုမ္မာသာ"ဟု ဒွန်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°, ဥပစယော–ပုဒ်ကို "ဥပစီယတီတိ ဥပစယော"ဟု ဟောတုကတ္တု သာဓနေ၊

http://www.dhammadownload.com



ဝါ–"ဥပစယတီတိ ဥပစယော"ဟု သုဒ္ဓကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း၊၂ ,ဏ–ပစ္စည်း၏ ဟေတုကတ္တုသာဓန၊ ဝါ–သုဒ္ဓကတ္တုသာဓန၌သက်သည်၏ အဖြစ်ကိုရှင်း၊၃ ဩဒနကုမ္မာသနှင့် ဥပစယ-ကို"ဩဒနကုမ္မာသေဟိ ဥပစယော ဩဒနကုမ္မာသူပစယော"ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း၄ သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂) အဘိဓာနတ္ထ။
(၃)ဒုတိယပစ္စယတ္ထ။ (၄)အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

---

## ဝိပဿနာဉာဏကထာအဖွင့်

● (၃) အောက်ပါဝါကျတို့၌ရသင့်သောစတုက္ကကိုဖော်ပြပါ။

(က) ဣဒဥ္စ ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ။

(ခ) ဝေ သန္တေပိ ယသ္မာ အဘိညာဝါရေ အာရုဒ္ဓေ တေသံ အန္တရာဝါရော နတ္ထိ၊ တသ္မာ ဣဓေဝ ဒဿိတံ။(ဋ္ဌ–၁၉၈)

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ဣဒံ ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ။ (စော+သော)

အထ ကသ္မာ ဣဓေဝ ဒဿိတံ။ (စော)

နနု အဘိညာဝါရေ အာရဒ္ဓေ တေသံ အန္တရာဝါရော နတ္ထိ။ (ပရိ+သော)

(တသ္မာ) ဣဓေဝ ဒဿိတံ။ (ပရိ)

---

## မနောမယိဒ္ဓိဉာဏကထာအဖွင့်

(က) မနောမယန္တိ မနေန နိဗ္ဗတ္တိတံ။

(ခ) သဗ္ဗင်္ဂပစ္စင်္ဂိန္တိ သဗ္ဗေဟိ အင်္ဂေဟိ စ ပစ္စင်္ဂေဟိ စ သမန္နာဂတံ။

(ဂ) အဟီနိန္ဒြိယန္တိ သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ။ (ဋ္ဌ-၁၉၈)

http://www.dhammadownload.com



## အာဘော်သံဝဏ္ဏနာများ

က–ဝါကျ၌ မနေန နိဗ္ဗတ္တိတံ–ဖြင့် မနောမယံ–ပုဒ်ကို "မနေန နိဗ္ဗတ္တံ မနောမယံ"ဟု နိဗ္ဗတ္တတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း[၁]၊ မယ-ပစ္စည်း၏ နိဗ္ဗတ္တတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုင်း[၂] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ခ-ဝါကျဖြင့် အင်္ဂနှင့်ပစ္စင်္ဂ–ကို "မှာင်္ဂါနိစ ပစ္စင်္ဂါနိစ အင်္ဂပစ္စင်္ဂါနိ" ဟု ဒွန်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း[၁]၊ သဗ္ဗနှင့် အင်္ဂပစ္စင်္ဂ–ကို "သဗ္ဗာနိ အင်္ဂပစ္စင်္ဂါနိ သဗ္ဗင်္ဂပစ္စင်္ဂါနိ"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုင်း[၂]၊ သဗ္ဗင်္ဂပစ္စင်္ဂီ–ပုဒ်ကို "သဗ္ဗင်္ဂပစ္စင်္ဂါနိ အဿ သန္တီတိ သဗ္ဗင်္ဂပစ္စင်္ဂီ"(တံ)ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုင်း[၃] ဤ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုင်း[၄] သိစေပါသည်။

(၁)(၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၃) အဘိဓာနတ္ထ။ (၄) ပစ္စယတ္ထ။

ဂ–ပါဝါကျဖြင့် အဟီနိန္ဒြိယံ–၌အဟီန သဒ္ဒါ၏ အဝိကလ–(ဝါ)ပရိပုဏ္ဏအနက်ကိုဟောသည်၏အဖြစ်ကိုင်း[၁]၊ ပြည့်စုံသောဣန္ဒြေရှိ၏ဟူသည် အသွင်,သဏ္ဌာန်၏ အစွမ်းဖြင့်သာပြည့်စုံသည် နိမ္မိတရုပ်၌ ပသာဒရုပ်မည်သည် မရှိသောကြောင့် ပသာဒရုပ်၏ အစွမ်းဖြင့်ပြည့်စုံသည်မဟုတ်...ဟူသော အဓိပ္ပါယ်ကိုင်း[၂] သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) ဘာဝတ္ထ။

† မယသဒ္ဒေါ အပရပဉ္စတ္တိ ဝိကာရ ပဒပူရဏ နိဗ္ဗတ္တိ အာဒီသု အနေကေသွတ္ထေသု အာဂတော။

† နိမ္မိတရူပေ ဟိ ပသာဒေါနာမ နတ္ထိ။ (သီ–ဋီ–သစ်)

* ပကတိ,နိဗ္ဗတ္တ၊ သကာဘ်,နိပ္ဖန်၊ ဤဝေးတန်၊ သက်ရန်–မယပစ္စည်း။

http://www.dhammadownload.com



### အစိုးရပါဠိ တက္ကသိုလ်ဌာနမှထုတ်ဝေသော အစိုးရစံပြမေးခွန်းနှင့်အဖြေ

(က) ကရဏ္ဍာတိ ဍဒမ္ပိ အဟိကာဋ္ဌကာဿ နာမံ၊ န ဝိလီဝ ကရဏ္ဍကဿ။

(ခ) အဟိကာဋ္ဌကော ဟိ အဟိနာ သဒိသော ဝ ဟောတိ။

(ဂ) တတ္ထ ကိဥ္စာပိ "ပုရိသော အဟိံ ကရဏ္ဍာ ဥဒ္ဓရေယျာ"တိ ဟတ္ထေန ဥဒ္ဓရမာနော ဝိယ ဒဿိတော၊ အထခေါ စိတ္တေ- နေဝဿ ဥဒ္ဓရဏံ ဝေဒိတဗ္ဗံ။

(ဃ) အယဉ္ဟိ အဟိနာမ "လ"တသ္မာ စိတ္တေန ဥဒ္ဓရဏံ သန္ဓာယ ဣဒံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (၄–၁၉၈)

● (၂) ဃ–ဝါကျရှိ နိဒဿိတဗ္ဗဝါကျ၌ လိုရင်းကောက်၍ သိသာရုံမျှ ပညတ်နည်းဖြင့်ရင်း၊ ပဓာနကြိယာ၏ကံပုဒ်ကို သဒ္ဒါ၊ ပညတ်၊ ပရမတ်–သုံးနည်းဖြင့်ရင်း အသီးသီးထွက်ပြပါ။

ဖြေ။ ။ဤနိဒဿိတဗ္ဗဝါကျ၌ လိုရင်းကား သန္ဓာယ ဝုတ္တံ–တည်း။ အဓိပ္ပါယ်ကား....ရည်၍ဟောတော်မူအပ်၏ဟူလိုသောဝ်။

### သိသာရုံစာထွက်ပုံ

ဆရာ၊ရည်၏ဟုဆိုတော်မူ၏။ အဘယ်သို့ရည်ပါသနည်း။ ဤသို့ သူမေးဘွယ်ရှိ၍ ဥဒ္ဓရဏံ–ဟူသောပါဌ်ကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဆွဲထုတ်ခြင်းကို ရည်၏ဟူလိုသောဝ်။

ဆရာ၊ဆွဲထုတ်၏ဟု ဆရာဆိုတော်မူ၏။ အဘယ်ဖြင့် ဆွဲထုတ်ပါ သနည်း။ ဤသို့ သူမေးဘွယ်ရှိ၍ စိတ္တေန–ဟူသောပါဌ်ကိုမိန့်။

**အဓိပ္ပါယ်ကား။** ။စိတ်ဖြင့် ဆွဲထုတ်၏ဟူလိုသောဝ်။

ဆရာ၊စိတ်ဖြင့် ဆွဲထုတ်၏ဟု ဆရာဆိုတော်မူ၏။ အဘယ့်ကြောင့် စိတ်ဖြင့် ဆွဲထုတ်၏ဟုဆိုပါသနည်း။ ဤသို့ မေးဘွယ်ရှိ၍ အယဉ္ဟိ "လ" တသ္မာ–ဟူသောပါဌ်ကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား။ ။ဤမြေမည်သည် "လ" ကိုယ်တိုင်သာ အရေကိုစွန့်၍ သူတပါးသည် မြေရေမှဆွဲထုတ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် စိတ်ဖြင့် ဆွဲထုတ်၏ဟူလိုသော်ဝ်။

## ကံ–ပုဒ် သဒ္ဒါထွက်

အရှင် အဋ္ဌကထာဆရာ၊ ဝုတ္တံ-ဟူသောပုဒ်၌ ဝစ – ဓာတ်သည် သကမ္မကဓာတ်ဖြစ်၍ ကံနှင့်မကင်းကောင်း၊ ထိုဓာတ်၏ ကံ-ကား အဘယ်ပါနည်း-ဟု သူမေးဘွယ်ရှိ၍, ဣဒံ-မိန့်။

အဓိပ္ပါယ်ကား။ ။ဝစ-ဓာတ်၏ကံကား ဣဒံ-ဟူလိုသတ်။

တနည်း။ ။ဆရာ-ဝုတ္တံ-ဟူသော သကမ္မကကြိယာကို ဆိုတော်မူ၏။ ထို၏ကံကား အဘယ်နည်းဟု သူမေးဘွယ်ရှိ၍ ဣဒံ-မိန့်။

(အဓိပ္ပါယ်ပြန်)

## ပညတ်ထွက်

သရာ၊ ဟောအပ်၏ဟု ဆိုတော်မူ၏။ အဘယ်ကို ဟောအပ်ပါသနည်း။ ဤသို့ သူမေးဘွယ်ရှိ၍ ဣဒံ-မိန့်။

အဓိပ္ပါယ်ကား။ ။ဤ ပုရိသော အဟိံ ကရဏ္ဍာ ဥဒ္ဒရေယျ ဟူသော ဥပမာနကို ဟောအပ်၏ဟူလိုသော်ဝ်။

## ပရမတ်ထွက်

ဆရာ၊ ဆရာသည် ဝုတ္တံ-ဟု ဆိုတော်မူ၏။ ဝုတ္တံ-၌ ဝစ-ဓာတ်အရကား ဒေသနာဉာဏ်တော် ပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ် အာရမ္မဏိက ပစ္စယုပ္ပန် တရားဖြစ်၍ အာရုံပစ္စည်းတရားနှင့် မကင်းကောင်း၊ ထို၏ အာရုံပစ္စည်းတရားကား အဘယ်နည်း။ ဤသို့မေးဘွယ်ရှိ၍ ဣဒံ-မိန့်။

အဓိပ္ပါယ်ကား။ ။ဝုတ္တံ-ဟူသော အာရမ္မဏိကပစ္စယုပ္ပန်တရား၏ အာရုံပစ္စည်းတရားကား ဣဒံ-ဟူလိုသော်ဝ်။

မှတ်ချက်။ ။ဤအ[illegible]ရ၏ စံပြအမေးနှင့် အဖြေထား ပညာရှိတို့ သင့်မသင့် စဉ်းစားစရာပင်၊ [illegible]မသေချာ, ဖြေပုံလည်း ထွက်နည်း စည်းကမ်းမထား စာသင်သားတို့အတွက် အခက်ကြုံစရာပင်။

http://www.dhammadownload.com



ဤဝါကျတို့၏ အဖြေတို့၌ မှတ်ချက်, မှတ်ဘွယ်တို့ကို မိမိဖြည့်စွက် ရေးသား၍ ကျန်အဖြေတို့ကား အစိုးရထုတ် စံပြုအတိုင်းဟုမှတ်ပါ။

---

● (၃) ဂ-ဝါကျ၌ ကိဥ္စာပိ-ထားရခြင်း အကြောင်းကိုပြ၍ စောဒကာဘောဂ, စောဒနာ, ပရိဟာရဘောဂ, ပရိဟာရတို့ကို ထုတ်ပြပါ။

ဖြေ။ ။ကိဥ္စာပိ-ထားရခြင်း အကြောင်းကား ... ကရဏ္ဍာ- ဟူသော သံဝဏ္ဏေတဗ္ဗ၏ အတ္ထဖြစ်သော အဟိကဥ္စုကဿ နာမံ-ဟူသော သံဝဏ္ဏနာကို မနှစ်သက်သော်ကြောင့် ကိဥ္စာပိ-ထားပါသည်။

စတုက္ကထုတ်ပုံ

(၁) ပုရိသော အဟိ ကရဏ္ဍာ ဥဒ္ဓရေယျာတိ ဟတ္ထေန ဥဒ္ဓရမာနော ဝိယ ဒဿိတတ္တာ။ (စောဒကာဘောဂ)

(၂) ကရဏ္ဍာတိ ဣဓမ္ပိ ဝိလီဝကရဏ္ဍဿ နာမံ၊ န အဟိကဥ္စုကဿ။ (စောဒနာ)

(၃) စိတ္တေနေဝ ဥဒ္ဓရဏံ ဝေဒိတဗ္ဗံ။ (ပရိဟာရဘောဂ)

(၄) တသ္မာ ကရဏ္ဍာတိ ဣဓမ္ပိ အဟိကဥ္စုကဿ နာမံ နဝိလီဝကရဏ္ဍဿ။ (ပရိဟာရ)

မှတ်ချက်။ ။ဤစံပြု အဖြေကား နန္ဒ-စသည်ဖြင့် မဒရးမူ၍ အဋ္ဌကထာဝါကျကို ပိုင်းရုံမျှ ပိုင်းပြသည်၊ မိမိတို့ စတုက္ကထုတ်နည်းကို ရှေးရေးသားအပ်ပြီးသော ဝါကျတို့ကိုမှီး၍ သိပါလေ။

---

● (၄) နံပါတ် ၆- ပါဠိပါဌ်ရှိသာတိ-၌ သာတိ-ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ကောက်ပြပါ။

ဖြေ။ ။ဝိဂ္ဂဟ။ ။"သမာနော ဣဝ ဒိဿတေတိ သာတိ။ (ကမ္မသာဓန)သမာနမိဝ ဝါ နံ ပဿတီတိ သာတိ"(အဝုတ္တကမ္မသာဓန)

ဝစနာဒိဆက္က။ ။သာတိ-သည် ဝစန။ သမာနော ဣဝ ဒိဿတေ-သည် ဝစနတ္ထ။ ဝိဂ္ဂဟ်၏ အကြောင်းဖြစ်၍ ဗျုပ္ပတ္တိနိမိတ်လည်း

http://www.dhammadownload.com



မည်သော, နိပ္ဖန္နပုဒ်၏ အကြောင်းဖြစ်၍ ပဝတ္တိ နိမိတ်လည်းမည်သော ရှုခြင်းကြိယာ၊ဆကတ်သည် **ဝစနဟေတု၊** ဣတိ-သဒ္ဒါသည် **ဝစနဟေတု ဇောတက**။ ပေါက္ခရသာတိပုဏ္ဏားဒြပ်သည် **ဝစနီယ**။သဒိသ-စသော ပရိယာယ်သဒ္ဒါများသည် **ဝစနီယတ္ထ**။

**မှတ်ချက်**။ ။စံပြအဖြေ၌ ဝေးစွာသော အမ္ဗဋ္ဌသုတ်လာပုဒ်ကို ဝိဂ္ဂဟပြု၍ ထုတ်ပြပေသည်။ ဤဝါကျဝယ် ဋီကာသစ်လာ အောက်ပါ ဝိဂ္ဂဟတို့ကို ထုတ်သင့်သည်မဟုတ်လော။

**ကရဏ္ဍော**။ ။"ကရဒိတဗ္ဗောဘာဇေတဗ္ဗောတိ ကရဏ္ဍော"
(ပေဋ္ဌာ-ပချြတ်ရ၏)

**တနည်း**။ ။"ကရဒိတဗ္ဗော ဇိဂုစ္ဆိတဗ္ဗောတိ ကရဏ္ဍော"
(နိမ္မောက်–မြွေရေလဲရ၏)

---

● (၅) ခ-ဝါကျကို ဥဇုကအားဖြင့်ဟိတ်ပြင်ပြီးလျှင် ဘာဝ သမ္ဗန်ပုဒ်နှင့်၎င်း၏ပစ္စယတ္ထ၊ တ္တ-သမ္ဗန်ပုဒ်နှင့် ၎င်း၏စာစပ်တို့ကို အသီးအသီးဖော်ပြပါ။

**ဖြေ**။ ။ဥဇုကအားဖြင့်ဟိတ်ပြင်ပုံ....အဟိကဉ္စုကဿ အဟိနာ သဒိသတ္တာ။ ၎င်းဟိတ်ပါဌ်၌ သဒိသ-သည်ဘာဝသမ္ဗန်။ ၎င်း၏ပစ္စယတ္ထ ကား ကမ္မတ္ထ။ အဟိကဉ္စုကဿ-သည် တ္တ-သမ္ဗန်။

**စာစပ်**။ ။အဟိကဉ္စုကဿ-ကား မြွေရေကို-ဟု အနက်ပေး သောကြောင့်သဒိသတ္တာ—ဝယ် သဒိသ-၌ ဝုတ္တ-ကံ၊ သဒိသ-ကား ဝုတ္တ-ကံ၏ကြိယာအဖြစ်ဖြင့်စပ်အပ်၏။(ဝစ္စ,ဝါစက၊တုလျ,လိင်္ဂတ် ဟု အကျဉ်း လည်းစပ်ကောင်းသေး၏။)

**တနည်း**၊ ။အဟိကဉ္စုကဿ-ကား မြွေရေ၏-ဟု အနက်ပေး သောကြောင့် တ္တ–ပစ္စည်း၌ သတ္တိမန္တ၊ တ္တ-ပစ္စည်းကား သတ္တိအဖြစ်ဖြင့် စပ်အပ်၏။

**မှတ်ချက်**။ ။ဤကား စံပြအဖြေလာတိုင်း ဖော်ပြလိုက်သည်။ မိမိတို့၏ အယူအဆကို ရှေး၌ရေးခဲ့ပြီ။ နံပါတ် ၆– အဖြေထူးခြားမှုမရှိ၍ မဖော်ပြပြီ။

---

http://www.dhammadownload.com



● (၇) ပေါက္ခရသာတိ-ဝယ် သာတိ-၌ နိရုတ္တိနယဖြင့်ရုပ်ပြီး ပုံကိုရေး၍ ဖြစ်သင့်သော ဝိပလ္လာသနယကိုလည်း ညွှန်ပြပါ။

ဖြေ။ ။သမာန-သဒ္ဒူပပဒ ဒိသ-ဓာတ် ကို-ပစ္စည်းဖြင့်ပြီးသော သာဒိ-ဟူသောပုဒ်၌ ဒ-၏မှီရာ ဣ-ကို ဤ-ရဿပြု၊ ဒ-ကို တ-ပြု၍ သာတိ-ဟု ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့်ပြီးသည်။

ဝိပလ္လာသနယကား.... အက္ခရာဝိပလ္လာသနယ ဖြစ်ပါသည်။

---

● (၈) က-ဝါကျ၌ အဟိကဉ္စုက-ကိုသာယူ၍ ဝိလီဝကရဏ္ဍ ကိုမယူရခြင်း၏အကြောင်းရင်းကို ယုတ္တိသွင်း၍ ဖြေရှင်းခဲ့ပါ။

ဖြေ။ ။ဝိလီဝကရဏ္ဍ-သည် အဟိနှင့် မတူသောကြောင့်ရင်း၊ ဤ ဣဒ္ဓိဝိဓကထာ-၌ သဒိသဘောကိုပြခြင်းငှာ ဥပမာသုံးရပ်ကို ဟော တော်မူသောကြောင့်ရင်း ဝိလီဝကရဏ္ဍ-ကို မယူရပါ။

မှတ်ချက်။ ။မြွေ၏ မိမိဇာတိရုပ်ကိုမစွန့်ရာ ငါးပါးကား.... ပဋိသန္ဓေနေသောအခါ^၁, သေသောအခါ^၂, လွတ်လွတ် အိပ်ပျော်သော အခါ^၃, ဇာတ်တူသူနှင့်မေထုန်မှီဝဲသောအခါ, အရေလဲသောအခါ^၅, ဤငါးပါးတို့၌ မိမိဇာတိရုပ်ကိုမစွန့်နိုင်ပေ၊ တန်ခိုးရှိသော နဂါးတို့ပင် သော်လည်းဇာတိရုပ်ကို မစွန့်နိုင်ဟူလို။ (သီ-ဋီ-သစ်)

---

● (၉) ဂ-ဃ-ဝါကျလာ စုဏ္ဏိယ ဝါကျများကို တိုတိုကျဉ်း ကျဉ်းနှင့် လိုရင်းကျအောင် ပထျာဝတ္တ ဂါထာ စီကုံး၍အနက် သမ္ဗန်ခဲ့ပါ။

ဖြေ။ ။ဟတ္ထေနုဒ္ဒရမာနောဝ၊ဒဿိတောပိစ သတ္တုနာ။
အဟိနာမ သယံဝေ၊ ဇဟာတေ ဇိဏ္ဏကဉ္စုကံ။
ယသ္မာ ဥဒ္ဒရဏံ တသ္မာ၊ စိတ္တေနေဝဿ ဝေဒိယံ။

အနက်ပေး။ ။ဟတ္ထေန၊ လက်ဖြင့်။ ဥဒ္ဒရမာနောဝ၊ ဆွဲထုတ် ဘိသကဲ့သို့။ သတ္တုနာ၊ မြတ်စွာဘုရားသည်။ ဒဿိတောပိစ၊ ပုရိသော အဟိ ကရဏ္ဍာ ဥဒ္ဒရေယျ-ဟူ၍မိန့်ဆိုခွန်းဟ ပြဘတော်မူအပ်သော်လည်း။ အဟိနာမ၊ မြွေမည်သည်။ သယံဝေ၊ ကိုယ်တိုင်သာလျှင်။ ဇိဏ္ဏကဉ္စုကံ၊

http://www.dhammadownload.com



ဆွေးမြေ့ဟောင်းနွမ်းသောအရေကို။ ယသ္မာ၊ အကြင့်ကြောင့်။ ဇဟတော၊ စွန့်၏။ တသ္မာ၊ ထို့ကြောင့်။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ အဿ၊ ထိုမြွေကို။ ဥဒ္ဓရဏံ၊ ဆွဲထုတ်ခြင်းကို။ ဝေဒိယံ၊ သိသင့်၏။

---

(၁၀) စိတ္တေန ဥဒ္ဓရဏံ သန္ဓာယ ဋီကံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ… ဟူသော ပါဠိဝယ် ဝုတ္တံ-၌ အန္တတ္ထ-ကို ကိုယ်ပြု၍ ဘာဝ-စသည် စုံလင်စွာ ထုတ်ပြပါ။

ဖြေ။ ။ဝုတ္တံ-၌ အန္တတ္ထ-အရဖြစ်သော မနောသနာဉာဏ်ပြခြင်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် "ဥဿာဟဋ္ဌာယီဘာဝ, ဝီရိယသ၊ ဓမ္မဝုတ္တိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂ ရုံးရသ"။

ဒေသေတဗ္ဗဓမ္မ-သည် "အာသမ္ဘန ဝိဘာဝ"။

ဓမ္မပဋိဂ္ဂါဟက-ပုဂ္ဂိုလ်များသည် 'ဥဒ္ဒိဗန ဝိဘာဝ"။

ဒေသနာ သဒ္ဒ ဗုဒ္ဓနှင့် အဇာတသတ်မင်း စသော ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့၏ ဥပမာနှင့်တကွသော ဥပမေယျ၊ ဋီကာဝိဘာသာ၏ အနက် အဓိပ္ပါယ်ကိုသိခြင်းအစရှိသော အကျိုးများသည် "အနုဘာဝ"။

**မှတ်ချက်**။ ။နံပါတ်(၁-၆)တို့ကို ချန်လှပ်၍ အစိုးရစံပြ မေးခွန်းအဖြေကို မူရင်းအတိုင်းဖော်ပြလိုက်ပေသည်။

---

## ဋီကာဝိဥာဏကထာအဖွင့်

(က) ဒဟရေတိ တရုဏော။ ယုဝါတိ ယောဗ္ဗနေန သမန္နာဂတော။

(ခ) သ-ကဏိကန္တိ ကာဠတိလက ဝင်္ကမုခ ခရပိဋကာဒီနံ အညတရေန သ-ဒေါသံ။ (ဋ-၁၉၉)

## အာဘောင်သံ ဋီကာနာမျာ

က-ဝါကျ၌တရုဏော-ဖြင့် ဒဟရ-သဒ္ဒါသည် တရုဏ၏ပရိယာယ် တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**တနည်း**။ ။ဒဟရ-သဒ္ဒါသည် တရုဏအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



က–ဝါကျ၌ ယောဗ္ဗနေန သမန္နာဂတော-ဖြင့် ယုဝ ါ-ပုဒ်ကို''ယဝတိ မိဿီ ကရောတီတိ ယုဝ ါ''ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကို ၎င်း°, အ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကို၎င်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

တနည်း။ ။ယောဗ္ဗနေန သမန္နာဂတော-ဖြင့် ယုဝ-သဒ္ဒါသည် အရွယ်နှင့် ပြည့်စုံခြင်းအနက်ကို ဟောသတည်းဟု သိစေပါသည်။

**မှတ်ချက်။** ။ပထမနည်း(ဒနာမတိ)ဒုတိယနည်း (သီ-ဒွိ-သစ်)

ခ-ဝါကျ၌ သဒေ ါသံ-ဖြင့် ကဏိက-သဒ္ဒါ၏ ဒေါသပရိယာယ်၏ အဖြစ်ကို၎င်း°, ကြွင်းပါဌ်တို့ဖြင့် သဒေါသ(အပြစ်ရှိ၏)ဟူသည် မှည့်မဲ ဝက်ခြံ–ရှိသည်၏ အဖြစ်, ရွဲ့သောနှုတ်ခမ်းရှိသည်၏အဖြစ်, ကြမ်းသော အိုင်းအမာရှိသည်၏ အဖြစ်တို့တွင် တပါးပါးသော အပြစ်ရှိသတည်း ဟူသော အဓိပ္ပါယ်ကို၎င်း၊ သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) ဘာဝတ္ထ။

**မှတ်ချက်။** ။ယောဗ္ဗန-ကား ယုဝ-ပုဒ် ဘာဝတဒ္ဓိတ်၌ နဏ-ပစ္စည်း (ယုဝ+နဏ) ယု+၌ ဉ-ကို ဩ-ဝုဒ္ဓိပြု ယောဝန-ဖြစ်၏။ ဝ-ကို ဗ-ပြုခြင်း ဝဏ္ဏဝိကာရ, ဗ-ဒွေဘော်လာခြင်း ဝဏ္ဏာဂမ နိရုတ္တိနည်းတို့ဖြင့် ယောဗ္ဗန-ဟု ပြီးသည်။ (မုခဒူသိပိဠကာ-ဟုရှိလျှင် မျက်နှာကို ဖျက်ဆီးသော အိုင်းအမာ–ဟုပေး)

† ယုဝဿ ဘာဝေါ ယောဗ္ဗနံ။ (သူစိ)

---

(က) ပါသာဒတလေ ဌိတပုရိသဿ တေသံ မနုဿာနံ အာဝိဘူတကာလော ဝိယ ဒိဗ္ဗစက္ခုညာဏာယ စိတ္တံ အဘိနီဟရိတွာ နိသိန္နဿ ဘိက္ခုနော တိသု ဘဝေသု နိဗ္ဗတ္တသတ္တာနံ အာဝိဘူတကာလော ဒဋ္ဌဗ္ဗော။

(ခ) ဣဒ္ဓ ဒေသနာသုခတ္ထမေဝ ဝုတ္တံ။

(ဂ) အာရုပ္ပေ ပန ဒိဗ္ဗစက္ခုဿ ဂေါစရော နတ္ထိတိ။

(ဃ) သော ဧဝံ သမာဟိတေ စိတ္တေတိ ဣဓ ဝိပဿနာ ပါဒကံ စတုတ္ထဇ္ဈာနစိတ္တံ ဝေဒိတဗ္ဗံ။ (၄-၂၀၀)

http://www.dhammadownload.com



● (၂) ခ-ဝါကျကို ရသင့်သမျှ ထပနာတိက ကျမ်းတက်၍ ဂ-ဝါကျကို အယုတ္တာဘောဂ ပုစ္ဆာတက်ပါ။

ဖြေ။ ။ထပနာတိကကျမ်းတက်ပုံ

ဆရာ၊ဆရာသည် က-ဝါကျ၌ တီသု ဘဝေသု နိဗ္ဗတ္တ သတ္တာနံ-ဟု ဖွင့်ဆိုတော်မူ၏။ ဤကထာသည် ဒိဗ္ဗစက္ခုကထာဖြစ်သည် မဟုတ်ပါလော။ (အန္ဒယအာဘော်) ဤ ဒိဗ္ဗစက္ခုအဘိညာဏ်သည် အရူပဓမ္မကို အာရုံမပြုသည်မဟုတ်လော။ (ဗျတိရေက အာဘော်) ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် တီသု ဘဝေသု-ဟု စတုဝေါကာရဘဝကိုလည်း ရေတွက်ခြင်းကို ပြုအပ်ပါသနည်း....ကြောင့် ခ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား။ ။ဤ တီသု ဘဝေသု-စသောစကားကို ဒေသနာသုခအကျိုးငှာ ဆိုအပ်၏ဟူလိုသောဝ်။

မှတ်ချက်။ ။ဤအတက်ကို "ဣဒန္တိ တီသု ဘဝေသု နိဗ္ဗတ္တ သတ္တာနန္တိ ဝစနံ" ဟူသော ဋီကာသစ်-ပထမနည်းနှင့်အညီ တက်သည်။

## တနည်းတက်ပုံ

ဆရာ၊ဖြစ်ရွှာဘုရားသည် သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ-စသောစကားကိုဟောတော်မူ၏။ ဤကထာသည် ဒိဗ္ဗစက္ခုကထာဖြစ်သည်မဟုတ်လော။ (အန္ဒယအာဘော်) ဤဒိဗ္ဗစက္ခု အဘိညာဏ်သည် အရူပဓမ္မကို အာရုံမပြုသည်မဟုတ်လော။ (ဗျတိရေကအာဘော်)ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် သတ္တေ ပဿတိ-ဟသည်ဖြင့် စတုဝေါကာရဘဝကိုလည်း ရေတွက်ခြင်းကို ပြုအပ်ပါသနည်း ...ကြောင့် ခ-ဝါကျကိုမိန့်။

မှတ်ချက်။ ။ဤအတက်ကို "ဣဒန္တိ သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေတိ အာဒိဝစနံ" ဟူသောဋီကာသစ် ဒုတိယနည်းနှင့် အညီ တက်သည်။

## အယုတ္တာဘောဂ ပုစ္ဆာတက်

ဆရာ၊ဆရာသည် ခ-ဝါကျဖြင့် ဤ တီသု ဘဝေသု-စသောစကားကို၊ဝါ၊သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ-စသောစကားကို ဒေသနာသုခအကျိုးငှာ ဟောတော်မူအပ်၏ဟု ဆိုတော်မူ၏။ အဘယ့်ကြောင့်

http://www.dhammadownload.com



ဟောတော်မူအပ်ပါသနည်း။ ယင်းသို့ဟောတော်မူရခြင်း၏ အကြောင်းကို မပြပြီလော....ကြောင့် ဂ-ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား ။အရူပဘုံ၌ ဒိဗ္ဗစက္ခု၏ ကျက်စားရာ အာရုံ မရှိသောကြောင့်ဒေသနာသုခဖြာကျိုးငှာဟောတော်မူအပ်၏ဟူလိုသောဝ်။

† ကသ္မာတိ အာဟ အာရုပ္ပေ ပန"လ"နတ္ထိတိ။ (သီ-ဋီ-သစ်)

---

● (၄) ဂေါစရေ-ပုဒ်ကိုအစိတ်အပေါင်းဝစနတ္ထပြု၍အပေါင်း ဝစနတ္ထကို ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။ဂါဝေါ ရေန္တိ ဧတ္ထာတိ ဂေါစရော(အစိတ်) ဂေါစရော ဝိယာတိ ဂေါစရော (အပေါင်း)

ဝစနာဒိဆက္က။ ။အတူဖြစ်သောနွားစားကျက်၏ အတူရှိသော အာရုံနှင့် သဒိသ, သဒိသီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ဒိဗ္ဗစက္ခု ကျက်စားရာ ရူပါရုံဒြပ်သည်ဝစနီယမည်၏။အာလမ္ဗော, ဝိသယော,အာရမ္မဏံ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။

---

●(၆) ဃ-ဝါကျဖြင့် သိစေအပ်သော ဗျတိရေကအာဘော်, အန္တယအာဘော်တို့ကို ဖော်ပြ၍ အကြောင်းနှင့်တကွ သံဝဏ္ဏနာ အမည်ကိုလည်းရေးသားပါ။

ဖြေ။ ။ဃ-ဝါကျဖြင့်သော ဇဝံ သမာဟိတေ စိတ္တေ-၌ စိတ္တ အရ လောကီအဘိညာဏ်တို့ကဲ့သို့ အဘိညာပါဒက စတုတ္ထဈာန်စိတ်ကို မယူရ၊ (ဗျတိရေကာဘောဂ) ဝိပဿနာ၏အခြေဖြစ်သော စတုတ္ထဈာန် စိတ်ကိုယူရမည် (အန္တယာဘောဂ)ဟု သိစေပါသည်။

သံဝဏ္ဏနာအမည်။ ။သရုပ်ကြွအနက်ကို ဘွင့်ပြသောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာမည်၏။

---

● (ဂ) ခ-ဝါကျ၌ ဒေသနာသုခတ္ထ၏အဓိပ္ပါယ်ကိုဖော်ပြပါ။

ဖြေ။ ။ဒေသနာသုခတ္ထ- ဟူသည် ဟောခြင်းငှာရင်း, သိစေခြင်းငှာရင်း လွယ်ကူသောအကျိုးသည် ဒေသနာသုခတ္ထမည်ပါသည်။

† ဒေသေတုံ အဝဗောဓေတုံစ သုကရတာ ပယောဇနဉ္စ "ဒေသနာသုခတ္ထ"န္တိ ဝုတ္တံ။ (သီ-ဋီ-သစ်)

---

http://www.dhammadownload.com



## အာသဝက္ခယဉာဏကထာအဖွင့်

(က) အာသဝါနံ ခယဉာဏာယာတိ အာသဝါနံခယဉာဏနိဗ္ဗတ္တနတ္ထာယ။

(ခ) တွေ စ အာသဝါနံ ခယောနာမ မဂ္ဂေါပိ ဖလမ္ပိ နိဗ္ဗာနမ္ပိ ဘင်္ဂေါပိ ဝုစ္စတိ။  (၄-၂၀၀)

(ဂ) ဣဓ ပန နိဗ္ဗာနံ အဓိပ္ပေတံ၊ အရဟတ္တမဂ္ဂေါပိ ဝဋ္ဋတိ ယေဝ။  (၄-၂၀၁)

## အာဘော်သံဇဏ္ဍနာများ

က-ဝါကျဖြင့် ဉာဏာယ-၌ အာယ- အပုဒ်သည် နာ-ဝိဘတ်၏ ကာရိယမဟုတ်၊ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုရင်း၊ ယင်း စတုတ္ထီ သ-ဝိဘတ်၏ တုမတ္ထစသည့်၌မသက်၊ တဒတ္ထသမ္ပဒါန်၌ သက်သည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဝိဘတ္တိပဒ။ (၂) ဝိဘတျတ္ထ။

ခ-ဝါကျဖြင့် အာသဝါနံ ခယ ၌ခယ-သဒ္ဒါသည် မဂ်, ဖိုလ်, နိဗ္ဗာန်, ဘင်-ဟူသောအနက်ကိုဟောသတည်း၊ ဝါ-ခယ-အရ မဂ်,ဖိုလ်, နိဗ္ဗာန်, ဘင်-တို့ကိုယူရမည်၊ ...ဟု သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိဓေယျတ္ထ။

## ခယ-သဒ္ဒါ၏ ဝိဂ္ဂဟနှင့်အရကောက်

(၁) ခေပေတိ ပါပဓမ္မေ သမုစ္ဆိန္ဒတီတိ ခယော။ (မဂ္ဂေါ)

(၂) ခီယိံသု အာသဝါ ဧတ္ထာတိ ခယော။ (ဖလံ)

(၃) ခီယန္တိ အာသဝါ ဧတ္ထာတိ ခယော။ (နိဗ္ဗာနံ)

(၄) ခယနံ ခယော။ (အာသဝါနံ ဓဏနိရောဓော)

ဂ-ဝါကျဖြင့် ခယ-သဒ္ဒါသည် မဂ်, ဖိုလ်, နိဗ္ဗာန်, ဘင်-တို့ကို ဟောသော်လည်း ဤ၌ ခယ-အရ နိဗ္ဗာန်ကိုရင်း, အရဟတ္တမဂ်ကိုရင်း, အလိုရှိအပ်၏ဟု သိစေပါသည်။ (အဘိဓေယျတ္ထ၊ ဝါ-အဓိပ္ပေတတ္ထ)

http://www.dhammadownload.com



## မဂ်, နိဗ္ဗာန်နှစ်ပါးကို ယူရခြင်းကား

အရဟတ္တမဂ်နှင့် နိဗ္ဗာန်တို့မကွေကွင်းကောင်းသောကြောင့်, နိဗ္ဗာန်ကိုယူက အရဟတ္တမဂ်ကိုလည်းရနိုင်သဖြင့် ဤအရာ၌ ယင်းနှစ်ပါးလုံးကို ယူရသည်။ မှန်၏- နိဗ္ဗာန်ကိုအာရုံမပြုမူ၍ မဂ်ဖြင့် အာသဝေါတရားတို့ကို ပယ်သတ်ခြင်းမည်သည် မရှိနိုင်ပေ။

† ဣဓ ပန နိဗ္ဗာနမ္ပိ မဂ္ဂေါပိ အဝိနာဘာဝတော။

(သီ-ဋီ-သစ်)

---

(က) ဝုသိတန္တိ ဝုတ္ထံ ပရိဝုတ္ထံ။ ဗြဟ္မစရိယန္တိ မဂ္ဂဗြဟ္မစရိယံ။

(ခ) နာပရံ ဣတ္ထတ္တာယာတိ ဣဒါနိ ပုန ဣတ္ထဘာဝ ဿ ဧဝံ သောဠသကိစ္စဘာဝါယ ကိလေသက္ခယဘာဝါယ ဝါ။

(ဂ) အထဝါ ဣတ္ထတ္တာယာတိ ဣတ္ထဘာဝတော ဣမသ္မာ ဧဝံ ပကာရာ။

(ဃ) ပဗ္ဗတသင်္ခေပေတိ ပဗ္ဗတမတ္ထကေ။ (ဋ-၂၀၁-၂၀၂)

(င) အဘိက္ကန္တန္တိ အဘိကန္တံ အတိက္ကန္တံ အတိမနာပံ အတိသုန္ဒရန္တိ ဝုတ္တံ ဟောတိ။ (ဋ-၂၀၄)

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ ဝုတ္ထံ-ဖြင့် ဝုသိတံ-၏ ဝုတ္ထ-ပရိယာယ်၏အဖြစ်ကိုရင်း[၁], ပရိဝုတ္ထံ-ဖြင့် မြဲဟ်သောအကျင့်ကိုသုံးခြင်း (ဗြဟ္မစရိယဝါသ) မည်သည် အလွန်ဆုံးအမြတ်ဆုံးအားဖြင့် မဂ္ဂဗြဟ္မစရိယ၏ဖြစ်ခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကိုရင်း၂ သိစေပါသည်။ (၁) (၂) အဘိဓေယျတ္ထ။

က-ဝါကျ၌ မဂ္ဂဗြဟ္မစရိယံ-ဖြင့် ဗြဟ္မဝရိယ-အရ ဥက္ကဋ္ဌနည်းအားဖြင့် မဂ္ဂဗြဟ္မစရိယကို ယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျ၌ ပုန-သဒ္ဒါဖြင့် အပရံ-ပုဒ်၏ တဖန်ဟူသော(ပုန)အနက်ကိုဟောသည်၏ အဖြစ်ကိုရင်း[၁], ဣတ္ထဘာဝ ါယ-ဖြင့် ဣတ္ထတ္တံ-ပုဒ်ကို "ဣတ္ထံ ဘာဝေါ ဣတ္ထတ္တံ" ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၂, တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုရင်း၃ သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ။ (၃) ပစ္စယတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ ဇေံဖြင့် ဣတ္ထံ-၌ ဣမ-သဒ္ဒါ၏ နိဒဿန အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း[၁], သောဠသကိစ္စဘာဝ ါယ-ဖြင့် ဣတ္ထံ-ပုဒ်ကို "ဣမေ ပကာရော ဣတ္ထံ" ဟု ဝစနတ္ထပြု၍ ဣတ္ထံ-အရ အရိယာမဂ်၏ ဗျာပါရဖြစ်သော ပရိညာသုံးပါးကို ယူရမည်၏ အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) သဗ္ဗနာမလိင်္ဂတ္ထ။ (၂) အဘိဓေယျတ္ထ။

ခ-ဝါကျ၌ ကိလေသက္ခယ ဘာဝ ါယဝံ ါ-ဖြင့် ဣတ္ထံ-ပုဒ်ကို "အယံ ပကာရော ဣတ္ထံ" ဟု ဝစနတ္ထပြု၍ ဣတ္ထံ-အရပရိညာသုံးပါးတို့တွင်ပဟာန ပရိညာသာလျှင် ပြခန်းသောကြောင့် ယင်း ပဟာနပရိညာကို ယူရမည်၏ အဖြစ်ကိုရင်း[၁], တနည်း-ပဟီနကိလေသ ပစ္စဝေက္ခနာ-သာလျှင် ပြခန်းသောကြောင့် ဣတ္ထံ-အရ ပဟီနကိလေသပစ္စဝေက္ခနာကို ယူရမည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) (၂) အဘိဓေယျတ္ထ။

ဂ-ဝါကျ၌ ဣတ္ထဘာဝံတော ဣမသ္မာ ဇေံ ပကာရာ-ဖြင့် ဣတ္ထတ္တာယ-၌ သ-ဝိဘတ်၏ နိဿက္ကတ္ထ (ပဉ္စမျတ္ထ)၌ သက်သည်၏အဖြစ်ကိုရင်း[၁], ဣတ္ထံ-ပုဒ်ကို "အယံ ပကာရော ဣတ္ထံ" ဟု ဝစနတ္ထပြု၍ ဣတ္ထံ-အရ ပကာရကို ရသင့်သော်သည်း ပကာရနှင့် ပကာရဝန္တဖြစ် အထူးမရှိသောကြောင့် ပကာရဝန္တကိုယူရမည်၏အဖြစ်ကိုရင်း[၂], ဣတ္ထတ္တံ-ပုဒ်ကို "ဣတ္ထံ ဘာဝေါ ဣတ္ထတ္တံ" ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၃], တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း[၄], ဣတ္ထတ္တံ-အရ ပကာရ-ကို ယူရမည်၏အဖြစ်ကိုရင်း[၅], ဣတ္ထတ္တံ-၌ ဣ-သဒ္ဒါ၏ ဣမ-၏ ကာရိယ၏အဖြစ်ကိုရင်း[၆], ဣမ-သဒ္ဒါ၏ နိဒဿနအနက်ကိုဟောသည်၏အဖြစ်ကိုရင်း[၇] သိစေပါသည်။

(၁) ဝိဘတျတ္ထ။ (၂) အဘိဓေယျတ္ထ။ (၃) အဘိဓာနတ္ထ။ (၄) ပစ္စယတ္ထ။ (၅) အဘိဓေယျတ္ထ။ (၆) သဗ္ဗနာမလိင်္ဂပဒ။ (၇) သဗ္ဗနာမလိင်္ဂတ္ထ။

မှတ်ချက်။ ။သဒ္ဒဝိဒူဆရာတို့ကား အယံ ပကာရော အဿာ ‌တိ ဣတ္ထံ၊ ပကာရဝန္တော။ ဣတ္ထံ ဘာဝေါ ဣတ္ထတ္တံ၊ ပကာရော-ဟု

http://www.dhammadownload.com



ပြလို၍ ဣတ္ထိဘာဝတော ဣမသ္မာ ဝေဝ ပကာရာ– မိန့်သည်ဟု အာဘော်ကို ပြကုန်၏။

ဃ–ဝါကျ၌ ပဗ္ဗတမတ္တကော-ဖြင့် သင်္ခေပ-ပုဒ်ကို "ယောဘုယျေန သံခိပတိ သင်္ကေတော ဘဝတီတိ သင်္ခေပေါ"ဟု ဝစနတ္ထပြု၍ တောင်ထိပ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

င–ဝါကျ၌ အဘိကန္တံ-ဖြင့် အဘိက္ကန္တ-ပုဒ်၏ ဒွေဘာဝသန္ဓိ၏ အဖြစ်ကိုင်း၊ အတိက္ကန္တ-ဖြင့်အလွန်အလိုရှိအပ်သောကြောင့်အဘိက္ကန္တမည်သည်၏အဖြစ်ကိုင်း၊ ဝါ–အဘိ–သဒ္ဒါ၏ အတိရေကအနက်ကိုဟောသည်၏အဖြစ်ကိုင်း၊ ကမု-ဓာတ်သည် ပဒဝိက္ခေပအနက်ကိုမဟော၊ ဣစ္ဆာ အနက်ကိုဟောသည်၏အဖြစ်ကိုင်း၊ အတိမနာပံ အတိသုန္ဒရံ-ဖြင့် အတိက္ကန္တ၏ ပရိယာယ်၏အဖြစ်ကိုင်း သိစေပါသည်။

(၁) သန္ဓိလိင်္ဂပဒ။ (၂) ဘာဝတ္ထ။ (၃) ဥပသဂ္ဂလိင်္ဂတ္ထ။
(၄) ဒုတိယဓာတွတ္ထ။ (၅) အဘိဓေယျတ္ထ။

† အဘိက္ကန္တန္တိ အဘိက္ကမနီယံ၊ တဗ္ဘာဝေ ါစ အတိက္ကန္တတာယာ တိဝုတ္တံ "အတိက္ကန္တ"န္တိ အာဒိ၊ ပဒတ္တယမ္ပေတံ ပရိယာယဝစနံ။ (သီ–ဋီ-သစ်)

---

### ဥပါလိကတ္ထပဋိဝေဒနာဂါထာ အဖွင့်

(က) တတ္ထ နိက္ကုဇ္ဇိတန္တိ အဓောမုခဌပိတံ။
(ခ) ဟေဋ္ဌာမုခဇာတံ ဝါ။
(ဂ) ဥက္ကုဇ္ဇေယျာတိ ဥပရိ မုခံ ကရေယျ။
(ဃ) ပဋိစ္ဆန္နန္တိ တိဏပဏ္ဏာဒိဆာဒိတံ။
(င) ဝိဝရေယျာတိ ဥဃ္ဃာဋေယျ။ (ဋ္ဌ–၂၀၄)

### အာဘော်သံဝဏ္ဏနာများ

က–ဝါကျ၌ အဓောမုခဌပိတံ-ဖြင့် နိက္ကုဇ္ဇိတံ-၌ ကုဇ္ဇ-ဓာတ်၏ အဓောမုခီကရဏ-အနက်ကို ဟောသည်၏ အဖြစ်ကိုင်း၊ နိ–သဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုင်း သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

http://www.dhammadownload.com



မှတ်ချက်။   ။ဤသံဝဏ္ဏနာဖြင့် ပရပယောဂအားဖြင့် မှောက်သည်ကိုရည်သည်။

ခ-ဝါကျဖြင့် ကုဇ္ဇ-ဓာတ်၏ အဓောမုခီကရဏအနက်ကိုဟောသည်၏အဖြစ်ကိုရင်း[၁], နိ-သဒ္ဒါ၏ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုရင်း[၂], သဘာဝအားဖြင့် မှောက်သည်၏အဖြစ်ကိုရင်း[၃]သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။ (၃) ဘာဝတ္ထ။

မှတ်ချက်။   ။ဤသံဝဏ္ဏနာဖြင့် သဘာဝအားဖြင့်မှောက်သည်ကို၊ ဝါ-အလိုလိုမှောက်သည်ကိုရည်သည်။

ဂ-ဝါကျ၌ ဥပရိ မုခံ ကရေယျ-ဖြင့် ဥ-ပုဗ္ဗ ကုဇ္ဇ ဓာတ်၏ ဥပရိမုခကရဏ-အနက်ကိုဟောသည်၏ အဖြစ်ကိုရင်း[၁],ဥ-သဒ္ဒါ၏ ဓာတွတ္ထဗာဓကဧ၏အဖြစ်ကိုရင်း[၂]သိစေပါသည်။

(၁)ဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

ဃ-ဝါကျ၌ တိဏပဏ္ဏာဒိဆာဒိတံ-ဖြင့် ပဋိစ္ဆန္နံ-၌ ပဋိ-ပုဗ္ဗ ဆဒ-ဓာတ်၏အဖြစ်ကိုရင်း[၁], အန္တသဒ္ဒါ၏ တ-ပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုရင်း[၂],ပဋိ-သဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုရင်း[၃], မြက်သစ်ရွက်စသည်တို့ဖြင့် ဖုံးလွှမ်း၏ဟူသောအဓိပ္ပါယ်ကိုရင်း[၄] သိစေပါသည်။

(၁) ဒုတိယဓာတုပဒ။ (၂) ဒုတိယပစ္စယပဒ။
(၃) ဥပသဂ္ဂလိင်္ဂတ္ထ။ (၄) ဘာဝတ္ထ။

င-ဝါကျ၌ ဥဃာဋေယျ-ဖြင့်ဝိဝရေယျ-၌ဝိ-ပုဗ္ဗ ဝရ-ဓာတ်သည် ပိတ်ပင်ခြင်း(အာဝရဏ)အနက်ကိုမဟော၊ဖွင့်လှစ်ခြင်းဥဃာဋန(ဝိဝရဏ) အနက်ကိုဟောသည်၏ အဖြစ်ကိုရင်း[၁], ဝိ-သဒ္ဒါ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကိုရင်း[၂]သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

---

(က) မူဠှဿဝါတိ ဒိသာမူဠှဿ။
(ခ) မဂ္ဂံ အာစိက္ခေယျာတိ ဟတ္ထေ ဂဟေတွာ"သေမဂ္ဂေါ"တိ ဝဒေယျ။
(ဂ) အန္ဓကာရေတိ ကာဠပက္ခစာတုဒ္ဒသီ အဍ္ဎရတ္တိ ဃနဝန-သဏ္ဍ မေဃပဋလေဟိစတုရင်္ဂေ တမေ။ (ဋ္ဌ-၂၀၄)

http://www.dhammadownload.com



## အာဘောဘ်သံဏ္ဌာနများ

က–ဝါကျ၌ ဒိသွာမူဋ္ဌသာ-ဖြင့် မူဋ္ဌ-အရ အရပ်မျက်နှာအားဖြင့် တွေ့ဝေသောသူကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ခ–ဝါကျ၌ဝဒေယျ-ဖြင့် အာ-ပုဗ္ဗ စိက္ခ–ဓာတ်၏ ဝဒန (ဗျတ္တဝါစာ)အနက်ကိုဟောသည်၏အဖြစ်ကိုရင်း°, အာ–ဥပသဂ္ဂ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

ခ-ဝါကျ၌ ဟတ္ထေ ဂဟေတွာ သေ မဂ္ဂေါ်တိ-ဖြင့် လက်၌ကိုင်၍၊ ဝါ–သက်တို့ကိုကိုင်၍ ဤကားလမ်းတည်းဟု ကောင်းစွာ လမ်းညွှန်ပုံအခြင်းအရာ(ဝဒနာကာရ) ကို သိစေပါသည်။ (ဘာဝတ္ထ)

ဂ–ဝါကျဖြင့် အန္ဓကာရ-သဒ္ဒါ၏ အမိုက်တိုက် (တမ) အနက်ကိုဟောသည်၏အဖြစ်ကိုရင်း°,ယင်းအမိုက်တိုက်(အန္ဓကာရ)၏ လက္ခယ်ပက္ခတဆယ့်လေးရက်နေ့, ညဥ့်သန်းခေါင်, တခဲနက်သောတောအုပ်, မိုးတိမ်အုပ်ခြင်း အင်္ဂါလေးပါးရှိသော အမိုက်တိုက်၏အဖြစ်ကိုရင်း၂, သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) ဘာဝတ္ထ။

---

(က) ဘဂ်ဝန္တံ့ သရဏံ ဂစ္ဆာမီတိ ဘဂဝါ မေ သရဏံ ပရာ– ယနံ အဃဿ တာတာ, ဟိတဿစ ဝိဓာတာတိ ဣမိနာ အဓိပ္ပါယေန ဘဂဝန္တံ ဂစ္ဆာမိ။

(ခ) ဘဇာမိ သေဝါမိ ပယိရုပါသာမိ။

(ဂ) ဇံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ။ (ဌ-၂၀၅)

## အာဘောဘ်သံဏ္ဌာနများ

က–ဝါကျ၌ ပရာယနံ–ဖြင့် သရဏ-သဒ္ဒါ ဖျောက်မေ့ခြင်း (သတ္တတ္ထ) ကိုမဟော၊ ကိုးကွယ်ဆည်းကပ်ခြင်း (ပဋိသရဏ) အနက်ကိုဟောသတည်းဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



က-ဝါကျ၌ အဃာယ ဟာတာ ဟိတာယ ၈ ဝိဓာတာ-ဖြင့် ကိုးကွယ်ရာ၏အဖြစ် (ပရာယန) မည်သည် အကျိုးမဲ့မှ တားမြစ်ခြင်း, (အနတ္ထနိသေဓနေ) အကျိုးစီးပွားကို ပြီးစေခြင်း (အတ္ထသမ္ပဒါနေ) ပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

က-ဝါကျ၌ ဣတိဣမိနာ အဓိပ္ပါယေန-ဖြင့် သဏ္ဍာ- ပုဒ်နောင် ဣတိ-သဒ္ဒါ ကျေသည်၏ အဖြစ်ကိုရင်း¹, ယင်းလုတ္တနိဒ္ဒိဋ္ဌ ဣတိသဒ္ဒါ၏ အာကာရအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း², သိစေပါသည်။

(၁) နိပါတလိင်္ဂဒ။ (၂) နိပါတလိင်္ဂတ္ထ။

က-ဝါကျ၌ ဣတိ ဣမိနာ အဓိပ္ပါယေန ဘာဂဝန္တံ ဂစ္ဆာမိ-ဖြင့် အကျိုးမဲ့မှ တားမြစ်စေလိုခြင်း, အကျိုးစီးပွားကို ပြီးစေလိုခြင်းဖြင့် မြတ်စွာဘုရားကို ဆည်းကပ်ခြင်းသည် သရဏဂမနမည်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ဘဇာမိ-ဖြင့် ဂစ္ဆာမိ-၌ ဂမု-ဓာတ်၏ ဘဇနတ္ထကို ဟောသည်၏ အဖြစ်ကိုရင်း¹, သေဝါမိ-ဖြင့် ဘဇ-ဓာတ်၏ သေဝနတ္ထကို ဟောသည်၏ အဖြစ်ကိုရင်း², ပယိရုပါသာမိ-ဖြင့် သိ-ဓာတ်၏ သေဝနတ္ထကို ဟောသည်၏ အဖြစ်ကိုရင်း³ သိစေပါသည်။ (ဘာဝတ္ထလည်း ဖော်နိုင်သည်)

(၁) ဓာတွတ္ထ။ (၂) ဓာတွတ္ထ။ (၃) ဓာတွတ္ထ။

† ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ အတ္ထဝစနံ။ (သီ-ဋီ-သစ်)

**တနည်း။** ။ဘဇာမိ သေဝါမိ ပယိရုပါသာမိ-ဖြင့် ကိုးကွယ်လိုသော သရဏာဓိပ္ပါယ်ဖြင့် ဆည်းကပ်ခြင်းသည် ဘဇနေ။ အထံတော်၌ ဝါ-အနီး၌ ကျင်လည်ခြင်း သန္တိကာဝစရဘာဝသည် သေဝနေ။ ဝတ်ကြီး ဝတ်ငယ်ပြုခြင်းဖြင့် လုပ်ကျွေးခြင်း ဥပဋ္ဌာနသည် ပယိရုပါသနံ မည်၏ဟု ဆည်းကပ်ပုံ သုံးမျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ဝေ-ဖြင့် မြတ်စွာဘုရားသည် ငါ၏ ကိုးကွယ်ရာပေတည်းဟု သိပုံအခြင်းအရာကို သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ဇာနာမိ-ဖြင့် ဂစ္ဆာမိ-၌ ဂမု-ဓာတ်၏ ဉာဏအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း¹, ဗုဇ္ဈာမိ-ဖြင့် ဉာ-ဓာတ်သည် တောသန

http://www.dhammadownload.com



အနက်ကိုမဟော၊ အ၀ဟောနေ အနက်ကိုဟောသည်၏ အဖြစ်ကိုရှင်း၊ သိစေပါသည်။

(၁) ဓာတ္ထတ္ထ။ (၂) ဓာတွတ္ထ။

မှတ်ချက်။ ။ဤ က-စသော ၀ါကျတို့၌ အာဘော်သံ၀ဏ္ဏနာ တို့ကား သုတ္တန်အဆုဖြစ်၍ သုတ်ဋီကာ, ဂဏ္ဌိတို့နှင့်အညီဖော်သည်၊ ပါရာဇိကဏ်ဂဏ္ဌိ, သာရတ္ထ စသည်တို့၌ လာသော အာဘော်သံ၀ဏ္ဏနာ, ပါဠိ အဆုံးအဖြတ်, ဉာသ်ကောက်စသည်ကို ဤ၌မရေးသာပြီ။ ပါရာဇိကဏ် အဖြေ၌ တွေ့ရလတ့်။

---

● (ဂ) „မဇ္ဈိမ ဘိက္ခုသံဃဥ္ဆ-၌ မဂ္ဂ-အရ မုချမဂ္ဂ,ဥပစာမဂ္ဂတို့ကို ဖော်ပြ၍ "ရာဂဝိရာဂ မနေဇ" ဂါထာ၌ ရာဂနှင့်ဧဇ နှစ်ပါး တို့၏ ခြားနားပုံကိုဖော်ပြပါ။

ဖြေ။ ။မဂ္ဂအရကား။ ။အရိယာ့မဂ်နှင့် နိဗ္ဗာန်သည် မုချ မဂ္ဂမည်ပါသည်၊ ပရိယတ္တိ မဂ္ဂသည် ဖလူပစာမဂ္ဂ၊ အရိယာ ဖိုလ်သည် ကာရဏူပစာ မဂ္ဂ မည်ပါသည်။

ရာဂနှင့်ဧဇ။ ။အရဟတ္တမဂ်သည် သမုစ္ဆေဒ ပဟာနသတ္တိ ဖြင့် ပယ်သတ်အပ်သော တဏှာသည် ရာဂ မည်၍, အရဟတ္တဖိုလ်သည် ပဋိပဿဒ္ဓိ ပဟာန သတ္တိဖြင့် ငြိမ်းစေအပ်ပြီးသော တဏှာသည် ဧဇ မည်ပါသည်၊ ဤသို့ ပဟာယက-အားဖြင့် ခြားနားကြပါသည်။

---

**သရဏဂမနကထာအဖွင့်**

---

(က) ဝိဝရိ ဘဂဝါ ဒွါရန္တိ န ဘဂဝါ ဥဋ္ဌာယ ဒွါရံ ဝိဝရိ။
(ခ) ဝိဝရိယတူတိ ပန ဟတ္ထံ ပသာရေတိ။

http://www.dhammadownload.com



(ဂ) တတော "ဘဂဝါ တုမှေဟိ အနေကာသု ကပ္ပကောဋီသု ဒါနံ ဒဒမာနေဟိ န သဟတ္ထာ ဒွါရဝိဝရဏကမ္မံ ကတ" န္တိ သယမေဝ ဒွါရံ ဝိဝဋံ။

(ဃ) တံ ပန ယသ္မာ ဘဂဝတော မနေန ဝိဝဋံ၊ တသ္မာ ဝိဝရိ ဘဂဝါ ဒွါရန္တိ ဝတ္တုံဝဋ္ဋတိ။ (ဋ-၂၂၅)

● (၂) ဃ-ဝါကျကိုသာ အန္ဝယာဘော၈, ဗျတိရေကာဘော၈ တို့ဖြင့် တန်ဆာဆင်၍ ထပနာတိကကျမ်း တက်ခဲ့ပါ။

ဖြေ။ ။ **ထပနာတိကကျမ်းတက်**

ဆရာ၊ ဆရာသည် ဂ-ဝါကျ၌ သယမေဝ ဒွါရံ ဝိဝဋံ-ဖြင့် မိမိအလို လိုသာလျှင် တံခါးဖွင့်သောဟု ဆိုတော်မူ၏။ ယင်းသို့ဖြစ်သော် ဝိဝရိ သယမေဝ ဒွါရံ-ဟု ဟောသင့်သည်မဟုတ်ပါလော။ (အန္ဝယာဘော၈) ဝိဝရိ ဘဂဝါ ဒွါရံ-ဟု မဟောသင့်သည်မဟုတ်ပါလော။ (ဗျတိရေကာဘော၈) ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် ဝိဝရိ ဘဂဝါ ဒွါရံ-ဟု ဟောတော်မူ ပါသနည်း....ကြောင့် တံပန-စသော ဃ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ဃ-ဝါကျဖြင့် ထိုတံခါး၏ မြတ်စွာဘုရား ၏ စိတ်တော်ကြောင့် ပွင့်သောကြောင့်၊ ဝါ-ပွင့်ရကား ဝိဝရိ ဘဂဝါ ဒွါရံဟု ဟောသင့်၏ ဟူလိုသတည်း။

---

● (၃) က-ခ-ဝါကျတို့ကိုရှု၍၎င်း၊ ဂ-ဃ-ဝါကျတို့ကို ရှု၍၎င်း စောဒကာဘော၈ဒိ စတုက္ကထုတ်ပါ။

ဖြေ။ ။ **က-ခ-ကိုရှု၍ စတုက္ကထုတ်ပုံ**

နနု န ဘဂဝါ ဥဋ္ဌာယ ဒွါရံ ဝိဝရိ။ (စော+ဘော)
အထ ကသ္မာ ဝိဝရိ ဘဂဝါ ဒွါရန္တိ ဝုတ္တံ။ (စော)
နနု ဝိဝရိယတူတိ, ဟတ္ထံ ပသာရေတိ။ (ပရိ+ဘော)
(တသ္မာ) ဝိဝရိ ဘဂဝါ ဒွါရန္တိ ဝုတ္တံ။ (ပရိ)

**ဂ-ဃ-ကိုရှု၍ စတုက္ကထုတ်ပုံ**

နနု တတော ဘဂဝါ "လ" ကတန္တိ သယမေဝ ဒွါရံ ဝိဝဋံ။
(စော+ဘော)

http://www.dhammadownload.com



အထ ကသ္မာ "ဝိဝရိ ဘဂဝါ ဒွါရ"န္တိ ဝုတ္တံ၊ ဝိဝရိ သယမေဝ ဒွါရန္တိ န ဝုတ္တံ။ (ခေါ)

နနု တံ ဘဂဝတော မနေန ဝိဝဋံ။ (ပရိ+ဘော)

(တသ္မာ) ဝိဝရိ ဘဂဝါ ဒွါရန္တိ ဝုတ္တံ၊ ဝိဝရိ သယမေဝ ဒွါရန္တိ န ဝုတ္တံ။ (ပရိ)

---

● (၄) ခ-ဝါကျ၌ ဟတ္ထံ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ခဲ့ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဟရန္တိ အနေနာတိ ဟတ္ထော" ဟရ-ဓာတ်+ထ-ပစ္စည်း။ (ဟံဟတ္ထံ)။

ဝစနာဒိဆက္က။ ။ဆောင်ခြင်းကြိယာသာကတ်သည် ဝစနဟေတု မည်၏။ လက်ဒြပ်သည် ဝစနီယ မည်၏။ ကရံ, ပါထိ စသောပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။

---

● (၆) ဂ-ဝါကျ၌ ဒါနံ ဒဒမာနေဟိ-ဖြင့်ပြသော အာဘော်ကို ကျနစွာဖော်ပြပါ။

ဖြေ။ ။ဒါနံ ဒဒမာနေဟိ-ဖြင့် ပါရမိတာနုဘာဝကြောင့် အလိုလိုသာလျှင် တံခါးပွင့်သတည်းဟု သိစေပါသည်။ (သီ-ဋီ-သစ်)

---

(က) ဘဂဝတာ သဒ္ဓိံ သမ္မောဒိ သူတိ ယထာ ခမနီယာဒီနိ ပုစ္ဆာန္တော ဘဂဝါ တေဟိ ဝံ တေပိ ဘဂဝတာ သဒ္ဓိံ သမပ္ပဝတ္တမောဒါ အဟေသုံ။

(ခ) သီတောဒကံ ဝိယ ဥဏှောဒကေန သမ္မောဒိတံ ဧကီဘာဝံ အဂမံသု။

(ဂ) ယာယစ "ကစ္စိ ဘောဂေါတမ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ဘောဂေါတမ သာဝကာနဉ္စ အပ္ပါဗာဓံ အပ္ပါတင်္ကံ လဟုဋ္ဌာနံ ဗလံ ဖာသု ဝိဟာရော"တိ အာဒိကာယ ကထာယ သမ္မောဒိံသု၊ တံ ပီတိပါမောဇ္ဇသင်္ခါတ သမ္မောဒဇနနတော သမ္မောဒိတုံ ယုတ္တဘာဝတော စ သမ္မောဒနီယံ။ (ဋ္ဌ-၂၂၇)

http://www.dhammadownload.com



● (၂) ခ-ဝါကျကို အဘိယာစကတက်၊ ဂ-ဝါကျကိုအနုသန္ဓေ တက် တက်ခဲ့ပါ။

ဖြေ။ ။ **အဘိယာစကတက်ပုံ**

ဆရာ၊ဆရာသည် က-ဝါကျဖြင့် ခမနီယ-စသည်တို့ကို မေးတော်မူသောမြတ်စွာဘုရားသည် ထိုလုင်တို့နှင့်တကွ ဝမ်းမြောက်သကဲ့သို့ ထိုလုင်တို့သည်သည်း မြတ်စွာဘုရားနှင့်တကွ ဖြစ်သော ဝမ်းမြောက်ခြင်းရှိကုန်သောဟု ဆိုတော်မူ၏။

အမျှဖြစ်သောဝမ်းမြောက်ခြင်းရှိပုံကို ဆရာသည် ဥပမာဖြင့် ထင်စွာမပြက သောတုဇနတို့မသိနိုင်ပါ၊ ဥပမာဖြင့် ထင်စွာပြတော်မူပါဦးလော-ဟု သောတုဇနတို့ လျှောက်ထား တောင်းပန် ဘွယ်ရာ ရှိသောကြောင့်....ခ-ဝါကျကိုမိန့်။ (အဓိပ္ပါယ်မပြန်ရ)

**အနုသန္ဓေတက်ပုံ**

ဤသို့ က-ခ-ဝါကျတို့ဖြင့် ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသု-ဟူသော ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကို ပြတော်မူပြီး၍ ယခုအခါ၌ သမ္မောဒနီယံ-ပုဒ်၏ အဖွင့်ကိုပြခြင်းငှာ....ဂ-ဝါကျကိုမိန့်။

မှတ်ချက်။ ။ခ-ဝါကျကားတပ္ပါကဋ္ဌိကရဏဝါကျ, ဂ-ဝါကျကား ပက္ခန္တရဝါကျအားလျော်စွာတက်သည်။

---

● (၄) သမပ္ပဝတ္တမောဒါ-ပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကို ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။"မောဒိယတေ မောဒေါ၊ သမံ ပဝတ္တော သမပ္ပဝတ္တော" (အစိတ်)။ "သမပ္ပဝတ္တော မောဒေါ ဧတေသန္တိ သမပ္ပဝတ္တမောဒါ" (အပေါင်း)

**ဝစနာဒိဆက္က**။ ။အမျှဖြစ်သော ဝမ်းမြောက်ခြင်း၏ လုင်တို့နှင့် အာကာရ,အာကာရဝန္တ ဌာနီ, ဌာန-အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် **ဝစနဟေတု** မည်၏။ လုင်တို့ဖြစ်သည့် **ဝစနီယ**မည်၏။ သမပ္ပဝတ္တ သံ သန္ဒနာ-စသော ပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ** မည်၏။

http://www.dhammadownload.com



● (၅) သမ္မောဒိတုံ ယုတ္တံဘာဝတော– ဟူသော ဟိတ်ပုဒ်၏ လာ....သမ္ဗန်ကို ဖော်ပြပါ။

ဖြေ။ ။ယုတ္တဘာဝတော–ဟူသောဟိတ်၏ လာ – သမ္ဗန်ကား ကထာယ–တည်း။ (ပါဠိတော်၌ သမ္မောဒနီယံ ကထံ–ကိုရှု၍ ကထံ–ကို သမ္ဗန်ခံ၊ ကတ္တား, သမ္ဗန်–နှစ်ချက်စပ်ပါ)

---

● (၆) ဂ–ဝ ါကျ၌ တံ ပီတိပါမောဇ္ဇဇနကတ္တာ “လ” သမ္မောဒနီယံ–ဟူသောနိယတ်ဝါကျဖြင့် သိစေအပ်သော အာဘော်ကို သံဝဏ္ဏနာနှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ပီတိပါမောဇ္ဇသင်္ခါတ–ဖြင့် သမ္မောဒန–ပုဒ်ကို “သမ္မောဒီယတေ သမ္မောဒနံ”ဟု ဝစနတ္ထပြု၍ သမ္မောဒန–အရ ပီတိပါမောဇ္ဇကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

သမ္မောဒဇနနတော–ဖြင့် သမ္မောဒနီယံ – ပုဒ်ကို “သမ္မောဒနံ ဇနေတီတိ သမ္မောဒနီယံ”ဟု ဇနေတိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၁], ဤက–ပစ္စည်း၏ ဇနေတိတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း[၂], သမ္မောဒနီက–ဟု ဆိုလိုလျက် ဤ–ကို ဤ–ဒီဃပြု၊ က–ကို ယ–ပြု၍ သမ္မောဒနီယံ–ဟု ပြီးသည်၏အဖြစ်ကိုရင်း[၃] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

မှတ်ချက်။ ။သမ္မောဒနီယံ–အဖွင့် သာမညဖလသုတ် ဤဋီကာ သစ်၌ကား ဟေတုကတ္တုသာဓန–ဟု လည်းဖွင့်ခဲ့သည်။ ဤ၌ကား ဇနေတိ တဒ္ဓိတ်သာဖွင့်သည်၊ဖွင့်ရာကိုသာ ရေးလိုက်ပေသည်၊ သမ္မောဒနီယ နိရုတ္တိ မေးလျှင် အာဘော်ကိုရှု၍ဖြေပါ။

သမ္မောဒိတုံ ယုတ္တဘာဝတော–ဖြင့် သမ္မောဒနီယံ–ပုဒ်ကို“သမ္မော ဒေတဗ္ဗာတိ သမ္မောဒနီယာ” (တံ သမ္မောဒနီယံ)ဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း[၁], အနီယ–ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



● (ဂ) ခ—ဝါကျ၌ အဘယ်ပုဂ္ဂိုလ်သည် သီတောဒကနှင့် တူ၍ အဘယ်ပုဂ္ဂိုလ်သည် ဥဏှောဒကနှင့် တူပါသနည်း အကြောင်းနှင့်တကွဖော်ပြ၍ အပ္ပါဗာဓ-၌ အာဗာဓ၊ အပ္ပါတင်္က-၌ အာတင်္က သဒ္ဒါတို့၏ အထူးကိုလည်း ဖော်ပြပါ။

ဖြေ။ ။ငြိမ်းသော ကိလေသာရှိသောကြောင့် မြတ်စွာဘုရားသည် သီတောဒကနှင့်တူပါသည်၊ မငြိမ်းသေးသော ကိလေသာရှိသောကြောင့် လုင်တို့သည် ဥဏှောဒကနှင့်တူပါသည်။

**အာဗာဓနှင့် အာတင်္က** အထူးကား .... ဦးခေါင်းခဲနာစသော အနာသည် **အာဗာဓ** မည်၍ ဆင်းရဲငြိုငြင်စွာ အသက်မွေးရ ခြင်းသည် **အာတင်္က** မည်ပါသည်။

† သီသရောဂါဒိ အာဗာဓာဘာဝေန ကစ္စိ အပ္ပါဗာဓံ၊
ဒုက္ခဇီဝိကာဘာဝေန ကစ္စိ အပ္ပါတင်္ကံ။ (သီ-ဋီ-သစ်)

---

(က) အတ္ထဗျဉ္ဇနမဓုရတာယ သုစိရမ္ပိ ကာလံ သာရေတုံ နိရန္တရံ ပဝတ္တေတုံ အရဟာဘာဝတော သရိတဗ္ဗဘာဝတော စ သာရဏီယံ။ (ဋ္ဌ-၂၂၅)

(ခ) အာစရိယပါစရိယေဟီတိ အာစရိယေဟိ စ တေသံ အာစရိယေဟိ စ။ (ဋ္ဌ-၂၂၆)

**အာတော်သံဝဏ္ဏနာများ**

က — ဝါကျ၌ အတ္ထဗျဉ္ဇနမဓုရတာယ — ဖြင့် အောက်မေ့ထိုက် အောက်မေ့အပ်၏ဟူသည် အနက်သဒ္ဒါတို့ဖြင့် ချိုမြိန်ကောင်းမြတ်သည်၏ အဖြစ်ကြောင့်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

က—ဝါကျ၌ သာရေတုံ-အရဟာဘာဝတော-ဖြင့် သာရဏီယံ-ပုဒ်ကို "သာရေတုံ အရဟာတီတိ သာရဏီယာ" (တံသာရဏီယံ) ဟု အရဟတိ တဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း°, ဏှက-ပစ္စည်း၏ အရဟတိဘဒ္ဒိတ်၌ သက်သည်၏အဖြစ်ကိုရှင်း၂, သ—၌ အ-ကို အာဒီဃပြု ဏီ-၌ ဏ-ကို ဉ္ဉမိယ ပြု က-ကို ယ-ပြုခြင်းတို့ဖြင့် ရုပ်ပြီးသည်၏ အဖြစ်ကိုရှင်း၃ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) ဘာဝတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ တေသံ-ဖြင့်ပါစရိယေတိ-ဟူသောသမ္ဗန္ဓိ၏ သမ္ဗန္ဓကို၊ ငှင်း°, အာစရိယေဟိစ ပါစရိယေဟိစ-ဖြင့် အာစရိယပါစရိယ—ပုဒ်ကို "အာစရိယာစ ပါစရိယာ:စ အာစရိယပါစရိယာ" (တေဟိ) ဟု ဒွန္ဒသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုငှင်း၊ သိစေပါသည်။

(၁)ဘာဝတ္ထ။(၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

---

ဠူဋ္ဌဝါဒအဖွင့်

(က) ဂစ္ဆန္တော၀ါတိ ဧတ္ထ ကာမံ တိသု ဠူရိယာပထေသု ဗြာဟ္မဏော အာစရိယဗြာဟ္မဏေန သဒ္ဓိံ သလ္လပိတုံ မရဟတိ။

(ခ) အယံ ပန မာဏဝေါ မာနထဒ္ဓတာယ ကထာသလ္လာပံ ကရောန္တော စင်္ကမရောပိ ဠူရိယာပထေ ယောဇေသာမိတိ "သယာနော၀ါ ဟိ ဘော ဂေါတမသယာနေနော"တိ အာဟ။ (၄-၂၂၆)

● (၃) က-ခ-ဝါကျတို့၌ ရသင့်သော စောဒကာဘောဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု တိသု ဠူရိယာပထေသု ဗြာဟ္မဏော အာစရိယ ဗြာဟ္မဏေန သဒ္ဓိံ သလ္လပိတုံ မရဟတိ။ (စော+ဘော)

အထ ကသ္မာ သယာနော ဝါ ဟိ ဘောဂေါတမသယာနေနော တိ အာဟ။ (စော)

နနု အယံ မာဏဝေါ မာနထဒ္ဓတာယ ကထာသလ္လာပံ ကရောန္တော စင်္ကမရောပိ ဠူရိယာပထေ ယောဇေသာမိတိ မနသိ ကရောတိ။ (ပရိ+ဘော)

(တသ္မာ) သယာနော ဝါ ဟိ ဘောဂေါတမ သယာနေနောတိ အာဟ။ (ပရိ)

---

http://www.dhammadownload.com



● (၅) မာနထဒ္ဓတာယ-ဟိတ်၏ သမ္ဗန်ကိုဖော်ပြပါ။

ဖြေ။ ။မာနထဒ္ဓတာယ - ဟိတ်၏သမ္ဗန်ကား ဣမသ္သ မာဏ ဝသ္သတည်း။ (အယံမာဏဝေါ-ကိုသမ္ဗန်ပြင်၊ကတ္တား၊သမ္ဗန်နှစ်ချက်စပ်)

---

(က) သော ကုဇ္ဈိတွာ" ယေ စ ခေါ တေ ဘောဂေါတမ မုဏ္ဍကာ" တိ အာဒိမာဟ။

(ခ) တတ္ထ မုဏ္ဍေ မုဏ္ဍာတိ သမဏေစ သမဏာတိ ဝတ္တုံ ဝဋ္ဋေယျ။

(ဂ) အယံ ပန ဟီဠေန္တော မုဏ္ဍကာ သမဏကာတိ အာဟ။

(ဃ) ဣဗ္ဘာတိ ဂဟပတိကာ။ ကဏှာတိ ကဏှာ ၊ကာဠကာတိ အတ္ထော။ (ဒီ-၂၂၇)

● (၃) ခ-ဂ-ဝါကျတို့၌ ရသင့်သော စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ **စတုက္ကထုတ်ပုံ**

နနု မုဏ္ဍေ မုဏ္ဍာတိ သမဏေစ သမဏာတိ ဝတ္တုံ ဝဋ္ဋေယျ။ (စော+ဘော)

အထ ကသ္မာ မုဏ္ဍကာ သမဏကာတိ အာဟ။ (စော)

နနု အယံ ဟီဠေန္တော ဟောတိ။ (ပရိ+ဘော)

တသ္မာ(ဂရဟတ္ထေန က-သဒ္ဒေန ပဒံ ဝဍ္ဎေတွာ)မုဏ္ဍကာ သမဏကာတိ အာဟ။ (ပရိ)

**မှတ်ချက်**။ (....) ဤအတွင်းပါစကားရပ်တို့ကိုပြည့်စုံပေါ်လွင်စေရန် ထည့်လိုက်ပေသည်။

---

● (၄) မုဏ္ဍေ မုဏ္ဍာ-၌ မုဏ္ဍ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။**ဝစနတ္ထ**။ ။"မနန္တိ ဟီတာဟိတန္တိ မုဏ္ဍာ"။

**ဝစနာဒိဆက္က**။ ။အကျိုးစီးပွား ဟုတ်သည် မဟုတ်သည်ကို သိခြင်းကြိယာသကတ်သည် **ဝစနဟေတု** မည်၏။ ဦးပြည်းသူတို့ဖြစ်သည်

http://www.dhammadownload.com



ဝစနီယ မည်၏။ ဘဏ္ဍူ, မုဏ္ဍကာ, ကေသစ္ဆိန္နာ-စသော ပရိယာယသဒ္ဒါ သည် ဝစနီယတ္ထမည်၏။

မှတ်ချက်။ ။မုဏ္ဍကာ-ပုဒ်ကို "ကုစ္ဆိတာ မုဏ္ဍာ မုဏ္ဍကာ"ဟု ကုစ္ဆိတ တဒ္ဓိတ်ဝစနတ္ထပြု၊ ဝစနဟေတုကား စက်ဆုပ်အပ်သည်၏ အဖြစ် ဟူသော ကုစ္ဆိတဘာဝ၏ ဦးပြည်းခြင်းနှင့် ဂုဏ်, ဂုဏော စပ်ခြင်း သမ္မန် သည် ဝစနဟေတုမည်၏ ဟု အဋ္ဌကထာဝါကျကိုရှု၍ထုတ်ပါ။

● (၆) ဃ-ဝါကျ၌အာဘောဉ်သံဝဏ္ဏနာကို ဖော်ပြပါ။

ဖြေ။ ။ဃ-ဝါကျ၌ ဂဟပတိကာ-ဖြင့် ဣဗ္ဘာ-သဒ္ဒါသည် ဂဟ ပတိက(အိမ်ရှင်)အနက်ကိုဟောသတည်းဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ)

တနည်း။ ။ဂဟပတိကာ-ဖြင့် ဣဗ္ဘာ-ပုဒ်ကို"ဣဘဿ ပယော ဂေါ ဣဘော၊ ဣဘံ အရဟန္တီတိ ဣဗ္ဘာ"ဟု အရဟန္တိ တဒ္ဓိတ်ဝစနတ္ထ ပြု၍ ဣဗ္ဘာ-အရ ဃရဝါသီ,ဃရသာမိက(အိမ်ရှင်)ကိုယူရမည်ဟု သိစေ ပါသည်။ (အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ကဏှာတိ ကဏှာ-ဖြင့် သံဝဏ္ဏတဗ္ဗ-၌ ကဏှာ သဒ္ဒါသည် ဂုဏသဒ္ဒါမဟုတ်၊ ဇာတိသဒ္ဒါတည်းဟု သိစေပါသည်။

(နာမလိင်္ဂပဒ)

ဃ-ဝါကျ၌ ကာဠကာတိ အတ္တော-ဖြင့် ပုဏ္ဏားမျိုးတို့သည်သာ လျှင် စင်ကြယ်သောအမျိုး(သုဒ္ဓဇာတိ)၌ဖြစ်ကုန်၏၊ တပါးသောအမျိုး တို့ကား မည်းညစ်ကုန်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

တနည်း။ ။ကာဠကာတိ အတ္တော-ဖြင့် ကဏှ-သဒ္ဒါသည် ကာဠကအနက်ကို ဟောသတည်းဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ)

● (၇) မုဏ္ဍ,ဣဗ္ဘ-သဒ္ဒါတို့၏ ရုပ်ပြီးပုံကိုဖော်ပြပါ။

ဖြေ။ ။မုဏ္ဍကား၊ ။မန-ခာတ် + ဍ-ပစ္စည်း၊ မ-အစိတ် အ-ကို ဉ-ပြု၊ခာတ္ဝန်န-ကိုနိဂ္ဂဟိတ်ပြု၊နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ,ဏ-ပြု၊မုဏ္ဍပြီး၏။

ဣဗ္ဘကား။ ။ဣဘ-ပုဒ် အရဟန္တိ တဒ္ဓိတ်၌ ဏျ-ပစ္စည်း၊ အနု ဗန်ချေ ဘ-ကို ယ-သို့ကပ်၊ ဣဘျ-ဟူလိုသျှက် ယ-နှင့်တကွသော ဘ- ဗျည်းကို အသဒိသဒွေဘောဉ်နှင့်တကွ ဗ္ဘ-ပြု၍ပြီး၏။

http://www.dhammadownload.com



(က) ကုပိတောတိ ကုဒ္ဓေါ။ အနတ္တမနောတိ အသကမနော။
(ခ) ခုံသေန္တောတိ ဃဋ္ဋေန္တော။ ဝမ္ဘေန္တောတိ ဟီဠေန္တော။
(ဂ) လဠုကိကာတိ ခေတ္တ လေဍ္ဍုနံ အန္တရေ နိဝါသိနီ ခုဒ္ဒက သကုဏိကာ။ (ဋ္ဌ-၂၂၈-၂၂၉)

**အာဘော်သံဝဏ္ဏနာများ**

က-ဝါကျ၌ ကုဒ္ဓေါ-ဖြင့် ကုပိတော-၌ ကုပဓာတ်သည် ထွန်းပခြင်း (ဇုတိ) အားနည်းခြင်း (ဒုဗ္ဗလ)အနက်ကို မဟော၊ ဒိဝါဒိဂဏိက ဓာတ်ဖြစ်၍ အမျက်ထွက်ခြင်း(ကောပ)အနက်ကိုဟောသတည်းဟု သိစေပါသည်။ (ဒုတိယဓာတွတ္ထ)

က-ဝါကျ၌ အ-သကမနောဖြင့် အနတ္တမနော-၌ အတ္တ-သဒ္ဒါသည် စိတ္တ, ကာယ စသောအနက်တို့ကိုမဟော၊ မိမိ (သက) အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ခ-ဝါကျ၌ ခုံသေန္တော-၌ ခုံသ-ဓာတ်သည် ထိပါးပုတ်ချတ်ခြင်း (ဃဋ္ဋန)အနက်ကိုဟောသတည်းဟု သိစေပါသည်။ (ဒုတိယဓာတွတ္ထ)

ခ-ဝါကျ၌ ဟီဠေန္တော-ဖြင့် ဝမ္ဘေန္တော-၌ ဝဘိ ဓာတ်သည် ကဲ့ရဲ့ခြင်း (နိန္ဒာ) အနက်ကိုဟောသတည်းဟု သိစေပါသည်။

(ဒုတိယဓာတွတ္ထ)

ဂ-ဝါကျဖြင့် လဋုကိကာ-ပုဒ်ကို "လဋုဝိယ အကတီတိ လဋုကိကာ"ဟု ဝစနတ္ထပြု၍ လဋုကိကာ-အရ ငှက်ငယ်ကိုယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

**နာနည်း**။ ။ဂ-ဝါကျ၌ ခေတ္တလေဍ္ဍုနံ အန္တရေ နိဝါသိနီ-ဖြင့် လေဍ္ဍုကိကာ-ပုဒ်ကို"လေဍ္ဍုကာနံ အန္တရေ နိဝါသီ လေဍ္ဍုကိကာ"ဟု နိဝါသတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၁, ဣက-ပစ္စည်း၏ နိဝါသတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း၂, ခုဒ္ဒကသကုဏိကာ-ဖြင့် လေဍ္ဍုကိကာ-အရ ငှက်ငယ်ကိုယူရမည်၏အဖြစ်ကိုရင်း၃သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) အဘိဓေယျတ္ထ။

**မှတ်ချက်**။ ။ပဌမအာဘော်ကား ဂဏ္ဍိဝါဒ၊ ယင်းအလို....လဋုကိကာ-ဟု သံဝဏ္ဏေတဗ္ဗရှိသင့်၏။ ဒုတိယအာဘော်ကား ဋီကာသစ်ဝါဒ၊ ယင်းအလို....လေဍ္ဍုကိကာ-ဟု သံဝဏ္ဏေတဗ္ဗပါဠိရှိသင့်၏။

http://www.dhammadownload.com



## ဒါသိပုတ္တဝါဒအဖွင့်

(က) အမ္ဗဋ္ဌော တိက္ခတ္တုံ မဟာသဒ္ဒေန အဝေါစ။
(ခ) ကသ္မာ အဿဝေါစ ကိံ အသုဒ္ဓဘာဝံ န ဇာနာတိတိ၊ အာမ ဇာနာတိ။ ဇာနန္တောပိ ဘဝပဋိစ္ဆန္နမေတံ ကာရဏံ၊ တံ အနေန နုဒိဋ္ဌံ။ အပဿန္တော မဟာသမဏော ကိံ ဝက္ခတိတိ မညမာနော မာနထဒ္ဓဘာဝေ အဝေါစ။
(ဂ) မာတာပေတ္တိကဒ္ဓိ မာတာပိတူနံ သန္တကံ။
(ဃ) နာမဂေါတ္တန္တိ ပဏ္ဏတ္တိဝသေန နာမံ၊ ပဝေဏိဝသေန ဂေါတ္တံ။ (၄-၂၂၉-၂၃၀)

● (၃) က-ခ-ဝါကျတို့ကိုရှု၍ ဇောဒကာဘောဂါဒိ စတုက္က ထုတ်ပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု အသုဒ္ဓဘာဝံ ဇာနာတိ၊ (စော+ဘော)
အထ ကသ္မာ အမ္ဗဋ္ဌော တိက္ခတ္တုံ မဟာသဒ္ဒေန အဝေါစ။ (စော)

နနု ဇာနန္တောပိ ဘဝပဋိစ္ဆန္နမေတံ ကာရဏံ၊ တံ အနေန န ဒိဋ္ဌံ၊ အပဿန္တော မဟာသမဏော ကိံ ဝက္ခတိတိ မညမာနော မာန ထဒ္ဓေါ ဟောတိ။ (ပရိ+ဘော)
တသ္မာ အမ္ဗဋ္ဌော တိက္ခတ္တုံ မဟာသဒ္ဒေန အဝေါစ။ (ပရိ)

---

● (၄) ဃ-ဝါကျ၌ နာမဂေါတ္တ-ပုဒ်ကို ဓေနတ္ထပြု၍ ဝစနာဒိ ဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။"ဂေါတ္တဘူတံ နာမံ နာမဂေါတ္တံ" (ဝိသေသန ပရနိပါတ ကမ္မဓာရယ်သမာသ်။)

ဝစနာဒိဆက္က။ ။အနွယ်၏ ကဏှာယနအမည်ဖြစ်နှင့် ဂုဏ်, ဂုဏအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဝစနဟေတု မည်၏။ အနွယ်ဖြစ်သော ကဏှာယနအမည်ဖြစ်သည် ဝစနီယ မည်၏။ နာဂကုလံ, သညာကုလံ စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

---

http://www.dhammadownload.com



● (၅) မာနထဒ္ဓတာ-ဃ-ဟိတ်၏ သမ္ဗန်ကိုဖော်ပြပါ။

ဖြေ။ ။မာနထဒ္ဓတာဃ-ဟိတ်၏သမ္ဗန်ကား အမ္ဗဋ္ဌဿ-တည်း။ (အမ္ဗဋ္ဌော...ကို သမ္ဗန်ခံ ကတ္တား, သမ္ဗန်နှစ်ချက်စပ်၊ ပစ္စယတ္ထကား ကတ္တုတ္ထ)

● (၆) ဂ-ဃ-ဝ ါကျတို့၌ ရသင့်သော အာဘော်သံဝဏ္ဏနာကို ရေးပါ။

ဖြေ။ ။ဂ-ဝါကျ၌ မာတာပိတူနံ သန္တကံ-ဖြင့် မာတာပေတ္တိကံ-၌ ဏိက-ပစ္စည်းသည် အဿတ္ထိတဒ္ဓိတ်၌ မသက်၊ သန္တကတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း°, မာတာပေတ္တိကံ-ပုဒ်ကို "မာတာပိတူနံ သန္တကံ မာတာပေတ္တိကံ" ဟု သန္တကတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ပစ္စယတ္ထ။ (၂) အဘိဓာနတ္ထ။

ဃံ-ဝါကျ၌ ပဏ္ဏတ္တိဝသေန-ဖြင့် ကဏှာယန-ဟူသောအမည်သည် အန္ဝတ္ထအမည်မဟုတ်၊ ရုဠှီအမည်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ပဝေဏိဝသေန-ဖြင့် ကဏှာယန-ဟူသောအမည်သည် ယခုအခါ၌သာ ထင်သည်မဟုတ်၊ ကဏှရသေ့မှစ၍ အမျိုးအဆက်ဆက်၏ အစွမ်းဖြင့် လာသောအမည်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ နာမနှင့်ဂေါတ္တကို နာမံ ဂေါတ္တံ-ဟု ဝိဘတ်တူဖွင့်သဖြင့် နာမနှင့်ဂေါတ္တံ-ပုဒ်ကို "နာမဉ္စ တံ ဂေါတ္တဉ္စာတိ နာမဂေါတ္တံ၊ ဝါ-ဂေါတ္တဘူတံ နာမံ နာမဂေါတ္တံ" ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ)

● (၇) မာတာပေတ္တိကံ-ရုပ်ပြီးခြင်း၌ ဆိုင်ရာ နိရုတ္တိနည်းတို့ကို ထင်ရှားအောင်ဖော်ပြပါ။

ဖြေ။ ။မာတာပိတု-ပုဒ် ဏိက-ပစ္စည်းရှိရာဝယ် တု-၌ ဥ-သရကို ချေခြင်း ဝဏ္ဏလောပ၊တ-သဒ္ဒိသဒွေဘော်လာခြင်း ဝဏ္ဏာဂမ၊ ပ-အစိတ်ဣ-ကို ဧ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် မာတာပေတ္တိကံဟု ပြီးပါသည်။

F.87 R

http://www.dhammadownload.com



● (ဂ) အမ္ဗဋ္ဌလုလင်သည်မိမိ၏ကဏှာယန-မည်ကြောင်းကိုဆိုရာ၌ တဦးတည်းပိုင်အမည်ဖြစ်၍ ဆိုပါသလော၊အသို့ဖြစ်၍ ဆိုပါသနည်း ဝိနိစ္ဆယ ချပါ။

ဖြေ။ ။တဦးတည်းပိုင်ဖြစ်၍ ဆိုသည်မဟုတ်၊ ကဏှရသေ့မှစ၍ အမျိုးအဆက်ဆက်မှဆင်းသက်၍လာသော အများဆိုင်အမည်ကို ရင်းအပေါ်၌တင်စား၍ဆိုသည်။

---

● (၁၀) က-မှာပါဝါကျ၌ ဖြစ်သင့်သော ဘာဝပါသက်ရကို စုံအောင်ထုတ်ပြပါ။

ဖြေ။ ။အမ္ဗဋ္ဌ၏ ဝိရိယပြဓာန်းသောစိတ္တုပ္ပါဒ်သည် "ဥဿာဟဋ္ဌာယီဘာဝ,ဝီရိယသ"တည်း။ အမ္ဗဋ္ဌ၏ဒေါသပြဓာန်းသောစိတ္တုပ္ပါဒ်သည် "ကောဓဋ္ဌာယီဘာဝ,ရုဿရသ"မည်၏။ မြတ်စွာဘုရားဖြစ်သည် "အာရမ္မဏဝိဘာဝ"မည်၏။ အမျိုးအဆက်ဆက်မှလာသော ကဏှာယနအမည်သည် "ဥဒ္ဒီပနဝိဘာဝ"မည်၏။ သည်းစွာသောအသံဖြင့် သုံးကြိမ်ဆိုခြင်းသည် "အနုဘာဝ"မည်၏။

မှတ်ချက်။ ။ဤပါဝါကျဟိုက်ကို(၁၃၂၁)ခုနှစ်အစိုးရ၌မေးဘူးပြီ။

---

(က) ဟတ္ထ သမ္ပတ္တိတိ ဝသန္တိ။
(ခ) သကျာဝတ ဘောတိ ရဋ္ဌဿာပဗ္ဗာဇိတာ အရညေဝသန္တာ ပိတာတိ သ-မ္ဗဒ္ဓဗကဘူ ကုလဝံသံ အနုရက္ခိတုံ သက္ကာ သမဗ္ဗာ၊ ပဗ္ဗိဝသာတိ အဗ္ဗော။
(ဂ) တဒဂ္ဂေတိ တံ အဂ္ဂံ ကတွာ၊ တတော ပဋ္ဌာယာတိ အတ္ထော (ဠ-၂၃၄)

● (၂) က-ဝါကျကို လျဉ်းပါး၍ သာဓကပုစ္ဆာတက်ပါ။

ဖြေ။ ။ လျဉ်းပါး၍ကျမ်းတက်ပုံ

ဆရာ၊ မြတ်စွာဘုရားသည် သမ္ပတ္တိ-ဟုဟောတော်မူ၏။ သမ္ပတ္တိ-၌ သမ-ဓာတ်သည် ဥပသမနတ္ထ (ငြိမ်းခြင်း) အနက်ကို ဟောပါသလော၊ အဘယ်အနက်ကိုဟောပါသနည်း.... ကြောင့် ဝသန္တိ-မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား။ ။ဝသန္တိ-ဖြင့် သမ္ပတ္တိ-၌ သမ-ဓာတ်သည် ဤ၌နိဝါသနတ္ထကိုဟောသတည်းဟု ငါပြဆိုဟူလိုသောဝ်။

---

● (၃) ခ-ဝါကျ၌ရသင့်သောစောဒကာဘောဂါဒီစတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ရဋ္ဌသ္မာ ပဗ္ဗာဇိတာ အရညေ ဝသန္တိ။ (စော+ဘော)

အထ ကသ္မာ သြက္ကာကရာဇာ "သက္យာဝတ ဘော"တိ အာဟ။ (စော)

နနု ဇာတိသမ္ဘေဒမကတွာ ကုလဝံသံ အနုရက္ခိတုံ သက္ကာ။ (ပရိ+ဘော)

(တသ္မာ) သြက္ကာကရာဇာ "သက္យာဝတ ဘော"တိ အာဟ။(ပရိ)

တနည်းထုတ်ပုံ

နနု ရဋ္ဌသ္မာ ပဗ္ဗာဇိတာ အရညေ ဝသန္တိ။ (စော+ဘော)

အထ ကသ္မာ ဇာတိသမ္ဘေဒမကတွာ ကုလဝံသံ အနုရက္ခိတုံ သက္ကာ။ (စော)

နနု ဇာတိသမ္ဘေဒါ ဘာယန္တိ။ (ပရိ+ဘော)

(တသ္မာ) ဇာတိသမ္ဘေဒ"လ"သက္ကာ။ (ပရိ)

မှတ်ချက်။ ။ဤနောက်ပုဒ်နည်းထားပါဠိတော်လာ "ဇာတိသမ္ဘေဒဘာယာ" ပါဌ်ကို ပရိ+ဘော-ပြု၍ထုတ်သည်။

---

● (၄) သက္យာဝတ ဘော-၌ သက္យာ-ပုဒ်ကို သာဘာဝိကနိဗ္ဗစန၊ အသာဘာဝိကနိဗ္ဗစန ဝစနတ္ထပြု၍ သာဘာဝိကနိဗ္ဗစန-အရ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။သာဘာဝိကနိဗ္ဗစန "သကာဟိ ဘဂိနီဟိပိ သဒ္ဓိံ သံဝါသဝသေန ဇာတိသမ္ဘေဒမကတွာ ကုလဝံသံအနုရက္ခိတုံ သက္ကုဏန္တိ သမတ္ထေန္တီတိသက္យာ"

http://www.dhammadownload.com



**ဝစနာဒိဆက္က**။ ။မိမိ နှစ်မတို့နှင့်တကွ ပေါင်းဖော်ခြင်း၏ အစွမ်းဖြင့် ဇာတ်ရောယှက်ခြင်းကိုမပြုမူ၍ အမျိုးအနွယ်ကို စောင့်ရှောက်ခြင်းငှာစွမ်းနိုင်ခြင်း ကြံယာသကတ်သည် **ဝစနဟေတု** မည်၏။ မင်းသားတို့ဖြစ်သည့် **ဝစနီယ** မည်၏။ သက္ကာ, သမတ္ထာ, ပဋိဗလာစသော ပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ** မည်၏။

**အသာဘာဝိကနိဗ္ဗစန**။ ။"သာကေ ကပိလမုနိနော ဝသနဋ္ဌာနေ သာကဝနေ ဝသန္တီတိ သကျာ"

**မှတ်ချက်**။ ။နိဗ္ဗစန-ဟူသည် ဝိဂ္ဂဟ-ပင်တည်း။ ဒုတိယဝိကပ်ကား သာက-ပုဒ်+ဏျ-ပစ္စည်း၊ ဝသန္တိ-တဒ္ဓိတ်။

* သကျာဝတ၊ ဇာမာရဟု၊ သြဇသာကြည်၊နွတ်မွန်ရည်ကြောင့်၊ ပင်စည်ညွှန့်ညွှာ‌က်၊ ပင်ရိုးပေါက်၏။ (ဘုံခန်းပျို့)

---

● (၆) က-ခ-ဂ-ဝါကျတို့၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဝသန္တိ-ဖြင့် သမ္ဘန္တိ-၌ သမု-ဓာတ်သည် ငြိမ်းခြင်း (ဥပသမန) အနက်ကိုမဟော၊ နေခြင်း (နိဝါသန) အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ)

ခ-ဝါကျ၌ ဇာတိသမ္ဘေဒမကတွာ ကုလဝံသံ အနုရက္ခိတုံ သက္ကာဖြင့် သကျာ-ပုဒ်ကို "ဇာတိသမ္ဘေဒမကတွာ ကုလဝံသံ အနုရက္ခိတုံ သက္ကုဏန္တီတိ သကျာ" ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း၊ ဏျ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ၊ (၂) ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ သမတ္ထာ-ဖြင့် သကျာ-၌ သက-ဓာတ်၏ သမတ္ထအနက်ကိုဟောသည်၏ အဖြစ်ကိုရင်း၊ ပဋိဗလာ-ဖြင့် သမတ္ထ-သဒ္ဒါ၏ ပဋိဗလ အနက်ကိုဟောသည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ၊ (၂) နာမလိင်္ဂတ္ထ။

ဂ-ဝါကျ၌ တံ အင်္ဂ ကတွာ-ဖြင့် တဒင်္ဂေ-၌ သို-ဝိဘတ်သည် ဘူမတ္ထ၌မသက်၊ ဥပယောဂတ္ထ၊ ဝါ-ကြိယာဝိသေသနတ္ထ၌ သက်သည်၏

http://www.dhammadownload.com



အဖြစ်ကိုရင်း°, တဒဂ္ဂေ-ပုဒ်ကို ပညာယန္တ်-ကြိယာ၌ ကြိယာဝိသေသန အဖြစ်ဖြင့်စပ်ရမည်၏ အဖြစ်ကိုရင်း², တ ထက်၌ နိဂ္ဂဟိတ်ကို ဒ-ပြုထားသည်၏ အဖြစ်ကိုရင်း³ သိရေပါသည်။

(၁) ဝိဘတျတ္တ။ (၂) သမ္ဗန္ဓ ဝါ-ဘာဝတ္ထ။ (၃) သန္ဓိလိင်္ဂပဒ။

ဂ-ဝါကျ၌ တဘော ဖဋ္ဌာယာတိ အတ္ထော-မြင့် ထိုနေ့ကို အစပြု၍ဟူသည် ထိုနေ့မှ အစပြုသည်၏ အဖြစ်ကိုရင်း°, တဒဂ္ဂ-၌ အဂ္ဂ-သဒ္ဒါသည် ကောဋ္ဌိ,ကောဋ္ဌာသအနက်တို့ကိုမဟော၊ အာဒိအနက်ကိုဟောသည်၏အဖြစ်ကိုရင်း² သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) နာမလိင်္ဂတ္ထ။

† ဓာတုသဒ္ဒါန မနေကတ္ထတ္တာ သမုသဒ္ဒေါ နိဝါသပ္ပေါတိ ဝုတ္တံ ဝသန္တိတို့။ (သီ-ဋီ-သစ်)

† အာဒိကောဋ္ဌာသကောဋ္ဌိသု ပုရဂ္ဂတာဂ္ဂံ ဝရေ တိသု။ (အဘိဓာန်)

---

● (ဂ) အညမညံ အာဝါဟဝိဝါဟံ ကရောန္တာနံ-၌ အာဝါဟနှင့် ဝိဝါဟတို့၏ အဓိပ္ပာယ်ကိုဖော်ပြပါ။

ဖြေ။ ။သတို့သမီးကို ဆောင်ခြင်းသည် အာဝါဟ သတို့သမီးကို ပေးခြင်းသည် ဝိဝါဟ ဟူ၍ ထူးပါသည်။

† အာဝါဟော ဒါရိကာဟရဏံ၊ ဝိဝါဟော ဒါရိကာဒါနံ။ (ဋီ-သီ-သစ်)

---

(က) တေ မာဏဝကာ ဘဂဝန္တံ ဧတဒဝေါစုန္တိ အတ္ထနော ဥပါရမ္ဘမောစနတ္ထာယ "ဧတံ မာ ဿဝ" တိ အာဒိဝစနံ အဝေါစုံ။

(ခ) တေသံ ကိရ တေဒဟောသိ "လ" ဥပါရမ္ဘမောစနတ္ထံ ဝေံ အဝေါစုံ။

(ဂ) စိတ္တေန ပနဿ နိမ္မဒဘာဝံ အာကာခ်န္တိ။

(ဃ) အယံ ကိရ မာနနိဿိတကတ္တာ တေသမ္ပိ အပ္ပိယော ဝ။

(ဋ-၂၃၅)

http://www.dhammadownload.com



● (၃) က-ဂ-ဃ-ဝါကျတို့ကိုရှု၍ စောဒကာဘောဂ ါဒီစတုက္က ထုတ်ပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု စိတ္တေနသာ နိမ္မဒဘာဝံ အာကခ်န္တိ။ (စော+ဘော)

တနည်း။ နနု အယံ မာနနိဿိတတ္တာ တေသမ္ပိ အပ္ပိယော ဟောတိ။ (စော+ဘော)

အထ ကသ္မာ "မာ ဘဝ" န္တိ အာဒိဝစနံ အဝေါစုံ။ (စော)

အတ္တာနော ဥပါရမ္ဘမေးစနတ္တာယ။ (ပရိ+ဘော)

"မာ ဘဝ" န္တိ အာဒိဝစနံ အဝေါစုံ။ (ပရိ)

---

● (၄) အမ္ဗဋ္ဌ-သဒ္ဒါကို အတတ်ပညာ, အမျိုး, အမ္ဗဋ္ဌလုင် ရအောင် အသီးသီး ဝစနတ္ထပြု၍ နောက်ဆုံး ဝိကပ်အရကိုသာ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။" သတ္တာနံ သရီရေ အမ္ဗဋ္ဌံ ထပေတိတိ အမ္ဗဋ္ဌော"။ (ယာဝိဇ္ဇာ၊သည်။သတ္တာနံ၊တို့၏။ သရီရေ၊ ၌။ အမ္ဗဋ္ဌံ၊ ခြေနှယ်ဆီသုတ်သကဲ့သို့ဖြစ်သော မတုံးလှုပ်းသာကိုယ်အင်္ဂါကို။ ထပေတိ၊ထားတတ်၏။ ဣတိ သာဝိဇ္ဇာ အမ္ဗဋ္ဌော-ဟုပေး။ အတတ်ပညာရ၏။)

အမျိုးဟောအမ္ဗဋ္ဌ။ ။"အမ္ဗဋ္ဌော တသ္မိံ အတ္ထီတိ အမ္ဗဋ္ဌော" (ကဏှာယနသီ) အမျိုးရ၏။

လုင်ဟောအမ္ဗဋ္ဌ။ ။"အမ္ဗဋ္ဌေ အမ္ဗဋ္ဌဝံသေ ဇာတော အမ္ဗဋ္ဌော" ဝစနာဒိဆက္က။ ။အမ္ဗဋ္ဌအမျိုး၏ လုင်နှင့် ဌာန, ဌာနီ ဝံသ-ဝံသဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဝစနဟေတု မည်၏။ အမ္ဗဋ္ဌလုင်ဖြဒ်သည် ဝစနီယ မည်၏။ အမ္ဗဋ္ဌဝံသိကော,စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

---

● (၅) မာနနိဿိတတ္တာ-ဟူသောဟိတ်၏ သမ္ဗန်ကိုဖော်ပြပါ။

ဖြေ။ ။မာနနိဿိတတ္တာ-ဟူသောဟိတ်၏ သမ္ဗန်ကား ဣမဿာ မာဏဝဿ-တည်း။ (အယံ-ကိုသမ္ဗန်ခံ၊ ကတ္တား သမ္ဗန် နှစ်ချက်စပ်၊ ပစ္စယတ္ထတာ ကံတွတ္ထ)

---

http://www.dhammadownload.com



● (၆) ပဗျူဟာသီတိ ယက္ခော ဇာတောတိ ဘယေန ပလာယိတွာ ဒွါရံ ပိဓာယ ဌိတသု ဃရမာနုံသကေသု ကွဲးတာစိတောစ ဝိစရန္တော ဓောဝထ မံတို အာဗိနိ ဝဒန္တော ဥစ္စာသဒ္ဒမကာသိ....ဟူသော ဝါကျ၌ အာဘော်နှင့် သံဝဏ္ဏနာအမည်တို့ကို ဖော်ပြပါ။ (၃-၂၃၄)

ဖြေ။ ။အထက်ပါ ဝါကျ၌ ဥစ္စာသဒ္ဒမကာသိ-အား ပဗျူဟာသီ-ကို ဖွင့်လိုရင်းတည်း။ ယင်းဥစ္စာသဒ္ဒမကာသိ-ဖြင့် (ပ+ဝိ+အာ+ဟရ) ပဗျာဟာသီ-၌ ဟရ-ဓာတ်သည် ဟရဏတ္ထကိုမဟော၊ "န သကာ ဗဋ္ဋေန မုခေန ဗျာဟရိဿာမိ"၌ကဲ့သို့ အာ-ဟူသော ဥပသာရ၏ အစွမ်းကြောင့် သဒ္ဒကရဏ (အသံပြုခြင်း) အနက် ဝိ-ဟူသော ဥပသာရ၏ အစွမ်းကြောင့် ဥစ္စာသဒ္ဒကရဏအနက်ကိုဟောသည်၏ အဖြစ်ကိုရင်း³ ဝိ-အာ ဟူသော ဥပသာရတို့၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကိုရင်း²,ပ -ဥပသာရ၏ အနုတ္တက၏အဖြစ်ကိုရင်း¹သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) (၃) ဥပသဂ္ဂလိင်္ဂတ္ထ။

ယက္ခောဇာတော "လ" ဝဒန္တော-ဖြင့် မြင့်သောအသံကို ပြု၍ဟူသည် ဘီလူးဖွားသည်ဖြစ်၍ "လ" ဆိုလျက် မြင့်သော အသံကို ပြုသတည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

မှတ်ချက်။ ။ယက္ခောဇာတော "လ" ဝဒန္တော-ကို ပါဠိလျှောက်အနက်အတိုင်း ဘာဝတ္ထဖော်ပါ။ ဤဝါကျကို သကျသီဟ, စာချတန်း၌ အာဘော်မေးဘူးပြီ။

---

● (၇) အမ္ဗဋ္ဌ-သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

ဖြေ။ ။အဗ္ဗဂ်ထ-ဟု ဆိုလိုလျက် ဗ-သံယုဂ်နှင့်တကွသော ဘ-ကိုမ-သံယုဂ်နှင့်တကွ ဗ-ပြုခြင်း ဝဏ္ဏဝိကာရ၊ ဂ်-ကိုချေခြင်း ဝဏ္ဏလောပ၊ ထ-ကို ဌ-ပြုခြင်း ဝဏ္ဏဝိကာရ၊ ဌ-၌ အသဒိသဒွေဘော်လာခြင်း ဝဏ္ဏာဂမဖြင့် အမ္ဗဋ္ဌ-ဟုပြီးပါသည်။

---

(က) ကလျာဏဝါက္ကရဏောတိ မဓုရဝစနော။
(ခ) သဟာမ္ဗိကောတိ သယောတုကော သကာရဏော။

http://www.dhammadownload.com



(ဂ) အညေန ဝါ အညံ ပဋိစရိဿာသီတိ အညေန ဝစနေန အညံ ဝစနံ ပဋိစရိဿာသိ၊ အဇ္ဈောတ္ထရိဿာသိ၊ ပဋိစ္ဆာဒေဿာသီတိ အတ္ထော။

(ဃ) ပက္ကမိဿာသိ ဝါတိ ပုစ္ဆိတံ ပဉှံ ဇာနန္တောဝ အကထေတုကာမတာယ ဥဋ္ဌာယာသနာ ပက္ကမိဿာသိ ဝါ။ (ဋ္ဌ-၂၃၅)

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌မဓုရဇစနေ-ဖြင့်ကလျာဏ-သဒ္ဒါ၏ မဓုရ-အနက်ကို ဟောသည်၏အဖြစ်ကိုရင်း°, "ဝါစာဝေ ကရဏံ ဝါက္ကရဏံ၊ကလျာဏံ ဝါက္ကရဏံ အဿာတိ ကလျာဏဝါက္ကရဏော"ဟု ဝစနတ္ထပြု၍ ကလျာဏ ဝါက္ကရဏ-အရ ချိုမြိန်သောစကား ရှိသူကိုယူရမည်၏ အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိဓေယျတ္ထ။

## နိရုတ္တိနည်းမှတ်ဘွယ်

ဝါက္ကရဏ-ကား ဝါစာကရဏ-ဟုဆိုလိုလျက် စာ-၌ အာ-ကို ချေခြင်း ဝဏ္ဏလောပ၊ စ-ကို က-ပြုခြင်း ဝဏ္ဏဝိကာရ၊ က-ကို နောက် က-သို့ကပ်၍ ဝါက္ကရဏ-ဟုပြီးသည်။

ခ-ဝါကျ၌ သဟေတုကော-ဖြင့် သဟာဓမ္မိကော-ပုဒ်ကို "ဓမ္မေန သဟ ဝတ္တတီတိ သဟဓမ္မော၊ သဟဓမ္မော ဝေ သဟဓမ္မိကော" ဟု ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း°, ဣက-ပစ္စည်း၏ သွတ္တတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း၊ ,ဓမ္မ-သဒ္ဒါသည် သဘာဝစသောအနက်ကိုမဟော၊ ဟေတုအနက်ကိုဟောသည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) နာမလိင်္ဂတ္ထ။

ခ-ဝါကျ၌ သကာရဏော-ဖြင့် ဟေတု-သဒ္ဒါသည် ကာရဏ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ဂ-ဝါကျ၌ဝစနေန-ဖြင့်အညေန-၌ အည-သဒ္ဒါ၏ ဝစန(စကား)ကိုစွဲသည်၏အဖြစ်ကိုရင်း°, ဝစနံ-ဖြင့်အညံ-၌ အည-သဒ္ဒါ၏ ဝစနကိုပင်စွဲသည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) (၂) သမ္ဗန္ဓနာမလိင်္ဂတ္ထ။

http://www.dhammadownload.com



ဂ-ဝါကျ၌ အဇ္ဈောတ္ထရိယသိ-ဖြင့် ပဋိစရိယသိ-၌ စရ-ဓာတ်သည် ဂတိအနက်ကိုမဟော၊ အဇ္ဈောတ္ထရဏအနက်ကိုဟောသည်၏ အဖြစ်ကိုငှင်း, ပဋိ-ဥပသာရ၏ ဓာတွတ္ထဗာဓကေ၏ အဖြစ်ကိုရင်း၂သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ-ဝါကျ၌ ပဋိစ္ဆာဒေသာသိ-ဖြင့် အဇ္ဈောတ္ထရိယသိ-၌ ထရ-ဓာတ်သည်ဝိတ္ထာရအနက်ကိုမဟော၊ ပဋိစ္ဆာဒန (ဖုံးလွှမ်းခြင်း)အနက်ကို ဟောသတည်းဟုသိစေပါသည်။ (ဓာတွတ္ထ)

### ဃ-ဝါကျ၌ စတုက္ကထုတ်ပုံ

နနု ပုစ္ဆိတံ ပဥှံ ဇာနန္တောဝ ဟောတိ။ (စော+ဘော)

အထ ကသ္မာ ဥဋ္ဌာယာသနာ ပက္ကမိဿသိ။ (စော)

နနု အကထေတုကာမော ဟောတိ။ (ပရိ+ဘော)

(တသ္မာ)ဥဋ္ဌာယာသနာ ပက္ကမိဿသိ။ (ပရိ)

မှတ်ချက်။ ။ဃ-ဝါကျ၌ အာဘော်ကို ပါဠိလျော်ကျက်အနက် အတိုင်း ဘာဝတ္ထဖော်ပါ။

---

### အမ္ဗဋ္ဌဝံသကထာအဖွင့်

(က) ဥဋ္ဌိယိဿတီတိ ဘိင်္ဂိဿတိ။

(ခ) သဒ္ဒေတိ မတကေ ဥဒ္ဒိသ ကတဘတ္တေ။

(ဂ) အာဝင်္ဂဝါ အသ အနာဝင်္ဂဝါတိ ပြာဟဏကညာသု နိဝါရဏံ ဘဝေယျဝါ နော ဝါ။

(ဃ) ဣတ္ထိယာဝါ ဣတ္ထိံ ကရိတွာတိ ဣတ္ထိယာဝါ ဣတ္ထိံ ပရိယေသိတွာ။ (၄-၂၃၈-၂၃၉)

### အာဓဆော်သံဝဏ္ဏနာများ

က-ဝါကျ၌ ဘိင်္ဂိဿတိ-ဖြင့် ဥဋ္ဌိယိဿတိ-၌ ဥဒိ-ဓာတ်သည် စွတ်စိုခြင်း(တိန္တ)ယိုစီးခြင်း(ပသဝ) အနက်တို့ကိုမဟော၊ ဘိဇ္ဇန၊ ဝါ-

http://www.dhammadownload.com



ဒွိဓာကရဏအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း[၁], ဥန္နိယိဿတိ-ပုဒ်သည် ကမ္မရုပ်ပင် ဖြစ်သော်သည်း ပဿတိ-ဟူသော ကမ္မကတ္တားကိုထောက်၍ ကံကိုမဟော၊ ကုသုလော ဘိဇ္ဇတိ-ကဲ့သို့ ကတ္တားကိုဟောသည်၏ အဖြစ် ကိုရင်း[၂] သိစေပါသည်။

(၁) ဓာတွတ္ထ။ (၂) ဒုတိယဝိဘတျတ္ထ။

ခ-ဝါကျ၌ မတကေ ဥဒ္ဒိဿ ကတဘတ္တေ-ဖြင့် သဒ္ဓေ- ပုဒ်ကို "ဝေဒသတ္တာနုံ့ဗုံ ပံရလောကဂတေ သဒ္ဓါယဝေ ကာဘာဗ္ဗန္တိ သဒ္ဓံ"(တသ္မိံ သဒ္ဓေ)ဟု ကာဘာဗ္ဗဘဒ္ဒိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း[၁], ဏ-ပစ္စည်း၏ ကာတဗ္ဗတဒ္ဒိတ်၌ သက်သည်၏အဖြစ်ကိုရင်း[၂], သဒ္ဓေ-အရ သေကုန်သော သူတို့ကိုရည်၍ ပြုစီရင်အပ်သော ထမင်းတို့ကို ယူရမည်၏ အဖြစ်ကိုရင်း[၃] သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။ (၃) အဘိဓေယျတ္ထ။

ဂ-ဝါကျ၌ နိဝါရဏံ-ဖြင့် အာဝဋ္ဋံ-သဒ္ဒါ၏ ဝရ-ဓာတ်၏ အဖြစ် ကိုရင်း[၁], အာဝဋ္ဋံ-ပုဒ်ကို "အာဝရဏံ အာဝဋ္ဋံ"ဟု ဘာဝသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း[၂], တ-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏အဖြစ် ကိုရင်း[၃] သိစေပါသည်။

(၁) ဒုတိယဓာတုပဒ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ။အာဝဋ္ဋံ-ကား အာ-ပုဗ္ဗ ဝရ-ဓာတ်+တ-ပစ္စည်း၊ အာဝတ-ဟူလိုလျက် ဒုက္ကဋ္ဋံ-ကဲ့သို့ တ-ကို ဋ္ဋ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် အာဝဋ္ဋံ-ဟု ပြီးသည်။

ဃ-ဝါကျ၌ ကရိတွာ-ကို ပရိယောသိတွာ-ဟု ဖွင့်သဖြင့် ကရဓာတ် ဘူ-ဓာတ်တို့၏ အနက်၏ အစွမ်းဖြင့် အလုံးစုံသော ဓာတ်တို့၌ အတွင်းဝင် သောကြောင့် ကရိတွာ-၌ ကရ-ဓာတ်သည် ပရိယောသန (ရှာမှီးခြင်း) အနက်ကိုဟောသည်ဟု သိစေပါသည်။ (ဒုတိယဓာတွတ္ထ)

† ကရ, ဘူဓာတူနံ အတ္တဝသေန သဗ္ဗဓာတွန္တောဂဓတ္တာတိ အာဟ ပရိယောသိတွာတိ။ (သီ-ဋီ-သစ်)

http://www.dhammadownload.com



စတုအပါယမုခကထာအဖွင့်

(က) ဇနေတသ္မိံ တိ ဇနိတသ္မိံ၊ ပဇာယာတိ အတ္ထော။

(ဋ္ဌ-၂၄၉)

(ခ) အပါယမုခါနီတိ ဝိနာသမုခါနိ။

(ဂ) အနဘိသမ္ဘုဏာမာနောတိ အသမ္ပာပုဏန္တော၊ အဝိသဟမာနော ဝါ။

(ဋ္ဌ ၂၄၀)

အံ့ဓိဘာသံဝဏ္ဏနာများ

က-ဝါကျ၌ ဇနိတသ္မိံ-ဖြင့် ဇနေတသ္မိံ-ပုဒ်ကား ဇနိတသ္မိံ-ဟု လိုလျက် နိ-၌ ဣ-ကို ဧ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် ဇနေတသ္မိံ-ဟု ပြီးသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

က-ဝါကျ၌ ပဇာယ-ဖြင့်"ကမ္မကိလေသေဟိ ဇနေတဗ္ဗောတိ ဇနိတော၊ ကမ္မကိလေသေဟိ ဇာယတီတိ ဝါ ဇနိတော၊ ဇနိတော ဧဝ ဇနေတော"ဟု ဝစနတ္ထပြု၍ ဇနေတ-အရ သတ္တဝါ(ပဇာ)ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ခ-ဝါကျ၌ ဝိနာသမုခါနိ-ဖြင့် အပါယ-သဒ္ဒါသည် အပါယ်ဘုံ အနက်ကိုမဟော၊ ပျက်စီးခြင်း (ဝိနာသ) အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဂ-ဝါကျ၌ အသမ္ပာပုဏန္တော-ဖြင့် အနဘိသမ္ဘုဏ မာနော-၌ အဘိ-သံ, ပုဗ္ဗ ဘူ-ဓာတ်သည် ထင်ရှားဖြစ်ခြင်း(သတ္တာ) အနက်၊ ခံစားခြင်း (အနုဘဝန)အနက်တို့ကိုမဟော၊ ရောက်ခြင်း (ပါပုဏန)အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း[၁], ဘူ-ဓာတ်သည် ဤအရာ၌ ဘူဝါဒိဂဏိက မဟုတ်၊ သွာဒိဂဏိက၏ အဖြစ်ကိုရင်း[၂], မာန-ပစ္စည်းသည် ဤအရာ၌ ဘော့ကံ အနက်၌မသက်၊ ကတ္တာ အနက်၌ သက်သည်၏ အဖြစ်ကိုရင်း[၃] သိစေပါသည်။

(၁) ဒုတိယဓာတွတ္ထ။ (၂) ဘာဝတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။

ဂ-ဝါကျ၌ အဝိသဟမာနော-ဖြင့် ဘူ-ဓာတ်သည် စွမ်းနိုင်ခြင်း (ဝိသဟ)အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဒုတိယဓာတွတ္ထ)

မှတ်ချက်။ ။ဝါ-သဒ္ဒါဖြင့် အတ္ထန္တရ(အနက်တမျိုး)ကိုပြသည်ဟု ဖော်၊ သံဝဏ္ဏနာကား ဘာဝတ္ထသာတည်း။

http://www.dhammadownload.com



(က) ပရိစာရကောတိ၊ ကပ္ပိယကရဏ "လ" ပရိစာရကော။
(ခ) ကာမဉ္စ ဂုဏာဓိကောပိ ခီဏာသဝသာမဏေရော ပုထုဇ္ဇန ဘိက္ခုနော ဝတ္တန္တယေန ပရိစာရကော ဟောတိ။
(ဂ) အလံ ပန န တာဒိသော ဂုဏဝသေနပိ ဝေယျာဝစ္စကရဏဝသေနပိ လာမကောယေဝ။ (ဋ္ဌ-၂၄၀)

● (၂) ခ-ဂ-ဝ ါကျတို့ကို လီနတ္ထရစောဒနာတက်၍ ခ-ဂ-ဝ ါကျတို့၏ဆိုလိုရင်း ပိဏ္ဍတ္ထကိုဖော်ပြပါ။

ဖြေ။ ။ လီနတ္ထရစောဒနာတက်

ဆရာ၊ မြတ်စွာဘုရားသည် သော အညဒတ္ထု ဝိဇ္ဇာစရဏသေဝ ပရိစာရကော သမ္ပဇ္ဇတိ-ဖြင့် ရသေ့သည် ဝိဇ္ဇာစရဏဖြင့် ပြည့်စုံသော ရဟန်း၏သာလျှင် အလုပ်အကျွေးဖြစ်၏ ဟု ဟောတော်မူ၏။

ဂုဏ်တို့ဖြင့်လွန်ကဲသော ရဟန္တာသာမဏေပင်သော်လည်း ပုထုဇန် ရဟန်း၏ ဆိုအပ်ပြီးသော အပ်အောင်ပြုခြင်း စသောနည်းဖြင့် အလုပ် အကျွေးဖြစ်ရသည်မဟုတ်လော။(ကာမဉ္စဝ ါကျကို အာဘော်ပြုသည်)

သာသနာပရသေ့ဝယ် ရဟန်း၏အလုပ်အကျွေးအဖြစ်ကို ဆိုဘွယ် ပင်မရှိပေ။)ကိမင်္ဂ ပန ဗာဟိရကပဗ္ဗဇိတော-ဋီသစ်)

ယင်းသို့ ဆိုဘွယ်မရှိပါဘဲလျက် "သော အညဒတ္ထု ဝိဇ္ဇာစရ ဏသေဝ ပရိစာရကော သမ္ပဇ္ဇတိ"ဟုအဘယ့်ကြောင့် ဘုရားဟောတော် မူပါသနည်း။

အကယ်၍ မဟောသင့်ဘဲလျက် ဟောတော်မူချေသော် မြတ်စွာ ဘုရားအား နိရတ္ထကဒေါသရောက်ရာ၏-ဟု လီနတ္ထရစောဒနာဖြင့် စော ဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသောဆရာ သည် ကာမဉ္စစသော ခ-ဂ-ဝ ါကျတို့ကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဂ-ဝ ါကျတို့ဖြင့် ဂုဏ်တို့ဖြင့် လွန်ကဲသော ရဟန္တာသာမဏေပင်သော်လည်း ပုထုဇန်ရဟန်း၏ ဆိုအပ်ပြီးသောအပ် အောင်ပြုခြင်းစသောနည်းဖြင့် အလုပ်အကျွေးဖြစ်ပါသော်လည်း ဤ ရသေ့သည် ရဟန္တာသာမဏေကဲ့သို့မဟုတ် ဂုဏ်၏အစွမ်းဖြင့်ရင်း, ဝေယျာ ဝစ္စကိုပြုခြင်း၏အစွမ်းဖြင့်ရင်း, ယုတ်ညံ့အောက်ကျသည်သာတည်းဟု သိ

http://www.dhammadownload.com



စေလိုသောကြောင့်“သော အညဒတ္ထု” စသောစကားကို ဘုရားဟော တော်မူ၏ဟု ငါပြဆိုရကား သင်တင်တိုင်းသော နိရုတ္တကဒေါသ ဘုရား အားမရောက် ဟူလိုသောဝ်။

---

● (၃) ခ-ဝ ါကျ၌ အပိ-သဒ္ဒါကိုရှု၍ရှင်း, ခ-ဂ-ဝ ါကျတို့ကိုရှု၍ရှင်း စောဒကာသောဂါဒိစတုက္ကထုတ်ပါ။

ဖြေ။ ။ **အပိသဒ္ဒါကိုရှု၍စတုက္ကထုတ်ပုံ**

နနု ဂုဏာဝိကော ခီဏာသဝသာမဏေရော ဟောတိ။

(စော+ဘော)

အထ ကသ္မာ ပုထုဇ္ဇနဘိက္ခုနော ဝုတ္တနယေန ပရိစာရကော ဟော တီတိ ဝုတ္တံ။ (စော)

နနု အနေက သတသဟဿ သံဝရဝိနယသမာဒါနဝသေန ဥပ-သမ္ပန္နဘာဝေါ ဝိသိဋ္ဌော ဟောတိ။ (ပရိ+ဘော)

(တသ္မာ)ပုထုဇ္ဇနဘိက္ခုနော ဝုတ္တနယေနစရိစာရကော ဟောတီတိ ဝုတ္တံ။ (ပရိ)

မှတ်ချက်။ ။ဋီကာသစ်လာ ပရိဟာရဘောဂကို ဆောင်၍ ထုတ်သည်။

**ခ-ဂ-ဝ ါကျတို့ကိုရှု၍ထုတ်ပုံ**

နနု ဂုဏာဝိကောပိ“လ”ပရိစာရကောဟောတိ။ (စော+ဘော)

အထ ကသ္မာ သော အညဒတ္ထု “လ” သမ္ပဇ္ဇတီတိ ဘဂဝတာ ဝုတ္တံ။ (စော)

နနု အယံ နတာဒိသော ဂုဏဝသေနပိ ဝေယျာဝစ္စကရဏဝသေ နပိ လာမကောယေဝ ဟောတိ။(ပရိ+ဘော)

(တသ္မာ) သော အညဒတ္ထု“လ” သမ္ပဇ္ဇတီတိ ဘဂဝတာ ဝုတ္တံ။

(ပရိ)

မှတ်ချက်။ ။ဤကား ကာမဋ္ဌဝ ါကျကို နနုဝ ါကျသို့ပြောင်း၍ ပါဠိတော်ကို စောဒနာ ပရိဟာရပြု၍ထုတ်သည်။ (ပါဠိတော်ရှုပါ)

---

http://www.dhammadownload.com



● (၇) ပလ္လောမော-သဒ္ဒါ၏နိရုတ္တိနည်းကိုဖော်ပြ၍ တာပသ ပုဒ်၏ ရုပ်ပြီးပုံကိုလည်း ရေးပါ။

ဖြေ။ ။ပလ္လောမော-ကား ပန္နလောမော-ဟု ဆိုလိုလျက် န္န-ကို ချေခြင်း ဝဏ္ဏလောပ၊ လ-ဒွေဘော်လာခြင်း ဝဏ္ဏာဂမဖြင့် ပလ္လောမော-ဟုပြီးပါသည်။

တာပသ-ကား တပ-ပုဒ် အဿတ္ထိတဒ္ဓိတ်အနက်၌သ-ပစ္စည်းသက်၊ တပသ-ဟူလိုလျက် တ-၌ အ-ကို အာပြု၍ တာပသ-ဟုပြီးပါသည်။

† ပလ္လောမောတိ ပန္နလောမော။ (အဋ္ဌကထာ)
† တပေါ ဧတေသမတ္ထီတိ တာပသာ။ (သီ-ဋီ-သစ်)

---

## ပုဗ္ဗကပ္ပသိဘာဝ ါနုယောဂအဖွင့်

(က) ဝေဿက နတ ပဿာ ဟီတိ ဒုဿပန္န ဒုဿဝေဏိအာဒီဟိ ဝေဿကေဟိ နမိတဖာ သုကာဟိ။

(ခ) ကုတ္တဝါလေဟီတိ သောဘာကရဏတ္ထံ ကပ္ပေတုံ ယုတ္တ ဋ္ဌာနေသု ကပ္ပိတဝါလေဟိ။

(ဂ) ဓွေ့ စ ဝဋ္ဋဝါနံ ယေဝ ဝါလာ ကပ္ပိတာ၊ န ရထာနံ။

(ဃ) ဝဋ္ဋဝပယုတ္တတ္တာ ပန ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ။

(ဋ္ဌ-၂၄၅)

● (၃) ဂ-ဃ-ဝါကျတို့၌ ရသင့်သော စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ဝဋ္ဋဝါနံ ယေဝ ဝါလာ ကပ္ပိတာ န ရထာနံ။ (စော+ဘော)
အထ ကသ္မာ ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ။ (စော)
နနု ဝဋ္ဋဝပယုတ္တာ ဟောန္တိ။ (ပရိ+ဘော)
(တသ္မာ) ရထာပိ ကုတ္တဝါလာတိ ဝုတ္တာ။ (ပရိ)

---

● (၅) ဝဋ္ဋဝပယုတ္တတ္တာ-ဟိတ်၏ သမ္ဗန်ကို ဖော်ပြပါ။

ဖြေ။ ။ဝဋ္ဋဝပယုတ္တတ္တာ-ဟိတ်၏ သမ္ဗန်ကား ရထာနံ-တည်း။ (ရထာ-ပုဒ်ကို သမ္ဗန်ခံသည်၊ ကံ့သမ္ဗန်နှစ်ချက်စပ်၊ ပစ္စယတ္တကား ကမ္မတ္တ)

http://www.dhammadownload.com



● (၆) က-ဝါကျ၌ ရသင့်သော အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။က-ဝါကျ၌ ဒုဿပဋ္ဌ ဒုဿဝေဏိအာဒီဟိဖြင့် ဝေဌက-အရ ရစ်ပတ်ကြောင်းဖြစ်ကုန်သော ပုဆိုးပြား၊ ပုဆိုးစည်း— စသည်တို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

က-ဝါကျ၌ ဝေဌကေဟိ နမိဘဗဘာသုကာဘဟိ-ဖြင့် နတ- သဒ္ဒါ၏ နမု-ဓာတ်၏အဖြစ်ကိုရင်း¹, ဝေဌကနှင့် နတပဿာကို "ဝေဌကေဟိ နတပဿာ ဝေဌကနတပဿာ" ဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း², ပဿ-သဒ္ဒါ၏ ဖာသုက-အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း³ သိစေပါသည်။

(၁) ဒုတိယဓာတုပဒ။ (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၃) နာမလိင်္ဂတ္ထ။

---

● (၇) ဝဋ္ဋဝပယုတ္တတ္ထာ-၌ ဝဋ္ဋဝါ-သဒ္ဒါ၊ သြက္ကိဏ္ဏပလိဿာသု-၌ ပလိဿ-သဒ္ဒါတို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ။ဝဋ္ဋ-ကား ဝလ-ဓာတ်+ဝ-ပစ္စည်း၊ ဣတ္ထိလိင် အာ-ပစ္စည်း၊ ဝလဝါ-ဟူလိုလျက် လ-ကို ဋ္ဋ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် ဝဋ္ဋဝါ-ဟု ပြီးပါသည်။

ပဿိဿ။ ။ကား ပရိ-ပုဗ္ဗ ဟန-ဓာတ်+ဏ-ပစ္စည်း၊ ခုတ္တန်ချေ အနုဗန်ချေ ကပ်၍ ပရိဟ-ဟုဖြစ်၏၊ ပရိဟ-ဟုဆိုလိုလျက် ရိ-၌ ရ-ကို လ-ပြုခြင်း ဝဏ္ဏဝိကာရ၊ ဟ-ကို ဿ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိဖြင့် ပလိဿ-ဟု ပြီးပါသည်။

† ဝလ သံဝရဏေ ဝေါ၊ ဋ္ဋတ္တံ၊ အာ၊ ဝလတိ ဝလ္လတီတိ ဝါ-ဝဋ္ဋဝါ။ (သူစိ)

---

ဒွေလက္ခဏာဒဿနအဖွင့်

(က) ကောသောဟိတေတိ ဝတ္ထိကောသေန ပဋိစ္ဆန္နေ။

(ခ) ထထဝ ရူပန္တိ တံရူပံ။နိန္နာဓမေတ္တာတိ နိဟာရိတ္တာ။ (ဋ္ဌ-၂၄၆)

(ဂ) အင်္ဂထနာယာတိ ယံ မေ တုမှေသု ကာရံ ကဒရာဘော အင်္ဂ ဘဝိဿတိ ပုညဥ္စ ပီတိပါမောဇ္ဇဥ္စ တဒတ္တာယ။ (ဋ္ဌ-၂၄၇)

http://www.dhammadownload.com



## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ ဝတ္ထိကောသေန ပဋိစ္ဆန္နေ-ဖြင့် ကောသ-သဒ္ဒါသည် တကောသ-စသော ပမာဏအနက်ကိုမဟော၊ သိုအိမ်၊ ဝါ-လိင်အိမ်အနက်ကိုဟောသည်၏အဖြစ်ကိုငှင်း*,(ကောသ+ဩဟိတ)ဩဟိတ-၌ ဓာ-ဓာတ်သည် ဓာရဏအနက်ကိုမဟော၊ ဖုံးလွှမ်းခြင်း (ပဋိစ္ဆန္န) အနက်ကိုဟောသည်၏အဖြစ်ကိုငှင်း၂, အဝ-ဥပသာရ၏ ဓာတွတ္ထဗာဓကဏ် အဖြစ်ကိုငှင်း၃, ကောသနှင့် ဩဟိတ-ပုဒ်ကို "ကောသေန ဩဟိတံ ကောသော ဟိတံ"ဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း၄ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) ဒုတိယဓာတွတ္ထ။ (၃)ဥပသဂ္ဂလိင်္ဂတ္ထ။
(၄) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ တံ့ရှုပ်-ဖြင့် တထာ-ရှုပ်-၌ တထာ-နိပါတ်ပုဒ်သည် ပဋိဘာဂ, သဒိသ-စသောအနက်ကိုမဟော၊ နိယမတ္ထ(တံသဒ္ဒတ္ထ)ကိုဟောသည်၏အဖြစ်ကိုငှင်း*, တထာနှင့်ရှုပ်ကို "တထာ ရှုပန္တိ တထာရှုပံ"ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း၂ သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ နိဟာရိတ္ဗာ-ဖြင့် ညွတ်စေခြင်း (နိန္နာမန) ဟူသည် ထုတ်ဆောင်ခြင်း(နိဟရဏ) ပင်တည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

† အဓိပ္ပါယမေဝ ဒဿေတုံ နီဟရိတ္ဗာတိ ဝုတ္တံ။(သီ-ဋီ-သစ်)

ဂ-ဝါကျ၌ တုမှေသု ကာရံ ကရောတော-ဖြင့် မေ-သဒ္ဒါ၏ အမှ-သဒ္ဒါနှင့်တကွသော သ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုငှင်း*, အရှင်ဘုရားတို့၌ ပူဇော်သကာကို ပြုသော အကျွန်ုပ်ဟူသော မေ-သဒ္ဒါ၏ အနက်ကိုငှင်း၂ သိစေပါသည်။

(၁) ဝိဘတ္တိပဒ။ (၂) ဝိဘတျတ္ထ။

ဂ-ဝါကျ၌ အဇ္ဇ ဘဝိဿတိ-ဖြင့် အဇ္ဇတနာယ-ပုဒ်ကို "အဇ္ဇ ဘဝိဿတီတိ အဇ္ဇတနံ၊ ဝါ-အဇ္ဇ ပဝတ္တမာနံ အဇ္ဇတနံ"ဟု ဘဝိဿတိ တဒ္ဓိတ်၊ ဝါ-ပဝတ္တမာန တဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း၁, တန-

http://www.dhammadownload.com



ပစ္စည်း၏ ဘဝိဿတိ တဒ္ဓိတ်၊ ဝါ-ပဝတ္တမာန တဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုငင်း[၂]သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ဂ-ဝါကျ၌ ပုညဥ္စ ပီတိ ပါမောဇ္ဇဥ္စ-ဖြင့် အဇ္ဈတ္တ-အရ ပုညနှင့် ပီတိပါမောဇ္ဇကိုယူရမည်ဟုသိစေပါသည်။ (အဘိဓေယျတ္ထ)

ဂ-ဝါကျ၌ တဒတ္တာယ-ဖြင့် အဇ္ဈတနာယ-၌ အာယ-သဒ္ဒါသည် နာ-ဝိဘတ်၏ ကာရိယမဟုတ်၊ သ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုငင်း[၁]သ-ဝိဘတ်သည် တုမတ္ထ၌မသက်၊ တဒတ္ထသမ္ပဒါန်၌ သက်သည်၏ အဖြစ်ကိုငင်း[၂] သိစေပါသည်။

(၁) ဝိဘတ္တိပဒ။ (၂) ဝိဘတျတ္ထ။

---

မူဒ္ဓါပြသက်မနအဖွင့်

(က) ဩနီတပတ္တပါဏိန္တိ ပတ္တတော ဩနီတပါဏိ॰။

(ခ) အပနီတဟတ္ထန္တိ ဝုတ္တံ ဟောတိ။

(ဂ) ဩနီတ္တပတ္တပါဏိန္တိပိ ပါဌော။ တဿတ္ထော၊ ဩနီတ္တံ နာနာဘူတံ ဝိနာဘူတံ ပတ္တံ ပါဏိတော အဿာတိ ဩနီတ္တပတ္တပါဏိ။ (ဋ္ဌ-၂၄၇)

အာဓော်သံဝဏ္ဏနာများ

က-ဝါကျ၌ ပတ္တတော ဩနီတပါဏိ॰-ဖြင့် ဩနီတပတ္တပါဏိ॰-ပုဒ်ကို "ဩနီတာ ပတ္တတော ပါဏိ အဿာတိ ဩနီတပတ္တပါဏိ"ဟု ဘိန္နာဓိကရဏ တိပဒဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငင်း[၁], ပတ္တနှင့်ဩနီတပုဒ် ရှေ့နောက်ပြန်သည်၏ အဖြစ်ကိုငင်း[၂] သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) ဘာဝတ္ထ။

ခ-ဝါကျဖြင့် ဩနီတ-၌ ဩ-သဒ္ဒါ၏ အဝ-ဥပသာရ၏ ကာရိယ၏အဖြစ်ကိုငင်း[၁], ဩနီတ-သဒ္ဒါ၏ ပယ်ခြင်း (အပနယန) အနက်ကိုဟောသည်၏အဖြစ်ကိုငင်း[၂], ပါဏိ-သဒ္ဒါ၏ လက် (ဟတ္ထ) ဟူသော အနက်ကို ဟောသည်၏ အဖြစ်ကိုငင်း[၃], ဩနီတပတ္တပါဏိ-ဟူသည် သပိတ်မှ ပယ်

http://www.dhammadownload.com



**အပ်သော** လက်ရှိတော်မူသော ဘုရား-ပင်တည်းဟူသော အစိပ္ပါယ်ကို ရှင်း[၁] သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂပဒ။ (၂) နာမလိင်္ဂတ္ထ။ (၃) နာမလိင်္ဂတ္ထ။ (၄) ဘာဝတ္ထ။

ဂ–ဝါကျ၌ သြနိတ္တပတ္တပါဏိန္တိပိ ပါဌော-ဖြင့် သြနိတ္တပတ္တပါဏိ–ဟု ပါဌ်တမျိုးရှိသေးသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ–ဝါကျ၌ သြနိတ္တံ ပတ္တံ ပါဏိတော အဿ-ဖြင့် ယင်းဒုတိယ ပါဌ်ကို "သြနိတ္တံ ပတ္တံ ပါဏိတော အဿာတိ သြနိတ္တပတ္တပါဏိ" ဟု ဘိန္နာဓိကရဏ တိပဒ ဗဟုဗ္ဗိဟိ သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ)

ဂ–ဝါကျ၌ နာနာဘူတံ-ဖြင့် သြနိတ္တ-သဒ္ဒါ၏ အသီးဖြစ်ခြင်း (နာနာဘူတ) အနက်ကိုဟောသည်၏ အဖြစ်ကိုရှင်း[၁], ဝိနာဘူတံ-ဖြင့် နာနာ–ပုဒ်၏အသီးဟူသော အနက်ကိုဟောသည်၏ အဖြစ်ကိုရှင်း[၂] သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) နိပါတလိင်္ဂတ္ထ။

---

(က) သာမုက္ကံသိကာတိ သာမံ ဥက္ကံသိကာ။

(ခ) အတ္တနာယေဝ,ဥဒ္ဓရိတွာဂဟိတာ၊သယမ္ဘုဉာဏေနဒိဋ္ဌာ။

(ဂ) အသာဓာရဏာ အညေသန္တိအတ္ထော။ (ဋ္ဌ-၂၄၈)

(ဃ) ဓမ္မစက္ခုန္တိ ဧတ္ထ သောတာပတ္တိမဂ္ဂေါ အဓိပ္ပေတော။

### အာဘော်သံဝဏ္ဏနာများ

က–ဝါကျ၌ သာမံ ဥက္ကံသိကာ-ဖြင့် သာမုက္ကံသိကာ-ပုဒ်ကို သာမံ ဥက္ကံသိကာ-ဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုရှင်း[၁], 'သာမံ ဥက္ကံသိကာ သာမုက္ကံသိကာ" ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရှင်း[၂] သိစေပါသည်။

(၁) သန္ဓိလိင်္ဂပဒ။ (၂) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌အတ္တနာယေဝ- ဖြင့်သာမံ-သဒ္ဒါ၏ သယမတ္ထ၏ အဖြစ်ကိုရင်း°,သာမံ-သဒ္ဒါနောက်၌ နာ-ဝိဘတ်, ဧဝသဒ္ဒါ ကျေသည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) နိပါတလိင်္ဂတ္ထ။ (၂) ဝိဘတ္တိပဒ,ဘာဝတ္ထ။

ခ-ဝါကျ၌ ဥဒ္ဒရိတွာ ဂဟိတာ သယမ္ဘုဉာဏေန ဒိဋ္ဌာ-ဖြင့် ဥက္ကံသိကာ-၌ ဥ-သဒ္ဒါ၏ ဥဒ္ဒါရဏအနက် ဟောသည်၏ အဖြစ်ကိုရင်း°, ကသ-ဓာတ်၏ ဉာဏဂဟဏ(ဉာဏ်ဖြင့်ယူခြင်း) အနက်ကို ဟောသည်၏ အဖြစ်ကိုရင်း၂, ဥက္ကံသိကာပုဒ်ကို "ဥဒ္ဒရိတွာ ဂဟိယတေတိ ဥက္ကံသိကာ" ဟု ဝစနတ္ထပြု၍ သယမ္ဘုဉာဏ်ဖြင့် မြင်အပ်သော အရိယသစ္စဒေသနာကို ယူရမည်၏အဖြစ်ကိုရင်း၃ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂)ဒုတိယဓာတွတ္ထ။ (၃)အဘိဓေယျတ္ထ။

ဂ-ဝါကျဖြင့် ပစ္စကဗုဒ္ဓါ, သာဝကတို့နှင့် မဆက်ဆံဟု သာမံ-သဒ္ဒါ၊ ဝါ-အတ္တနာယေဝ-၌ ဧဝသဒ္ဒါ၏နိဝတ္တေတဗ္ဗကို သိစေပါသည်။
(ဘာဝတ္ထ)

ဃ-ဝါကျဖြင့် ဓမ္မစက္က-အရ ဗြဟ္မာယု-သုတ်၌ကဲ့သို့ အောက်မဂ် သုံးပါး,စူဠဟတ္ထိပဒေါပမ-သုတ်၌ကဲ့သို့ အာသဝက္ခယဉာဏ်ကို မယူရ၊ (ဗျတိရေက)သော်တာပတ္တိမဂ်ဉာဏ်ကိုယူရမည်ဟုသိစေပါသည်။ ။
(အဘိဓေယျတ္ထ, အဓိပ္ပေတတ္ထ)

အမွှဋ္ဌသုတ် အဖွင့်ပြီး၏။

http://www.dhammadownload.com

# သောဏဒဏ္ဍသုတ် အဖွင့်

●

(က) အင်္ဂေသူတိ အင်္ဂနာမ အင်္ဂပါသာဒိကတာယ ဇဝံ လဒ္ဓဝေါဟာရာ ဇာနပဒိနော ရာဇကုမာရာ၊ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠှီသဒ္ဒေန အင်္ဂါတိ ဝုစ္စတိ။

(ခ) ဝိမ္ဗိတိ သုဝဏ္ဏံ၊ တသ္မာ သာရသုဝဏ္ဏသဒိသ ဝဏ္ဏတာယ ဝိမ္ဗိသာရောတိ ဝုစ္စတိ။ ဗဟူ ဟုတွာ သံဟတာတိ သံဃာ။

(ဂ) ခတ္တာ ဝုစ္စတိ ပုစ္ဆိတပဥှေ ဗျာကရဏသမတ္ထော မဟာ မတ္တော။ (ဋ-၂၄၉)

(ဃ) ဣမိနာ ပင်္ဂနာတိ ဣမိနာပိ ကာရဏေန။ (ဋ-၂၅၀)

**အာဘော်သံဝဏ္ဏနာများ**

က-ဝါကျ၌ အင်္ဂနာမ"လ"ရာဇကုမာရာ-ဖြင့် အင်္ဂါ-အရ ဇန ပုဒ်၌ နေကုန်သော ဌာနီ-မင်းသားတို့ကို ယူရမည်၏ အဖြစ်ကိုရင်း°, ယင်း မင်းသားတို့သည် ကြည်ညိုခြင်းကို ဖြစ်စေတတ်ကုန်သော ကိုယ်အင်္ဂါ ရှိကုန်သည်၏ အဖြစ်ကြောင့် အင်္ဂါမည်ကုန်သည်၏ အဖြစ်ကိုရင်း၂ သိစေ ပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) ဘာဝတ္ထ။

က-ဝါကျ၌ တေသံ နိဝါသော-ဖြင့် အင်္ဂါ-ပုဒ်ကို "အင်္ဂါနံ နိဝါသာ အင်္ဂါ"ဟု နိဝါသတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း°, ဏ-ပစ္စည်း၏ နိဝါသတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ဏ-ဝါကျ၌ ဧကောပိ ဇနပဒေါ ရုဠှီသဒ္ဒေန အင်္ဂါတိ ဝုစ္စတိ-ဖြင့် ဇနပုဒ်သည် တခုပင်ဖြစ်သော်လည်း ဌာနီဖြစ်သော ဇနပုဒ်၌ နေသောသူ များသောကြောင့် ဌာနီ၏အမည်ကို ဌာန၌တင်၍ ဌာနျူပစာအားဖြင့် အင်္ဂါဟု ဗဟုဝုစ်ဖြင့် ဆိုသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



မှတ်ချက်။ ။ဤ က-ဝါကျကား အမ္ဗဋ္ဌသုတ်—ကောသလေသု-ဝါကျနှင့်တူ၍ အကျယ်မရေးပြီ၊ အမ္ဗဋ္ဌသုတ်အဖွင့်ရှုလေ၊ အင်္ဂပါသာဒိကတာယ-ဟိတ်၏ သမ္ဗန်ကား "ဇာနပဒိနံ ရာဇကုမာရာနံ"တည်း။

ခ-ဝါကျ၌ ဗိမ္ဗိတိ သုဝဏ္ဏံ-ဖြင့် ဗိမ္ဗိ-သဒ္ဒါသည် ရွှေအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ခ-ဝါကျ၌ သာရသုဝဏ္ဏသဒိသဝဏ္ဏတာယဖြင့် ဗိမ္ဗိနှင့်သာရ-ကို "သာရော ဗိမ္ဗိ ဗိမ္ဗိသာရော"ဟုကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရှင်း[၁], ဗိမ္ဗိသာရောဝိယ ဗိမ္ဗိသာရော"ဟု ဥပမာတဒ္ဓိတ်ဆင့်ရမည်၏အဖြစ်ကိုရှင်း[၂], ယ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုရှင်း[၃], မင်းရအောင် "ဗိမ္ဗိသာရော အဿ အတ္ထိတိ ဗိမ္ဗိသာရော"ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း[၄], ဏ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရှင်း[၅] သိစေပါသည်။

(၁) အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ။ (၂)(၄) အဘိဓာနတ္ထ။
(၃) (၅) ပစ္စယတ္ထ။

မှတ်ချက်။ ။ခ-ဝါကျဟိတ်၏ သမ္ဗန်ကား မာဂခရညော-တည်း။

ခ-ဝါကျ၌ ဗဟူ ဟုတွာ သံဟတာ-ဖြင့် သံဃာ-ပုဒ်၏ သံ-ပုဗ္ဗ ဟန-ဓာတ်၏ အဖြစ်ကိုရှင်း[၁], သံဃာ-ကို "သံဟနိယန္တေ ဗဟူ ဟုတွာ သံဃဋ္ဋိယန္တေတိ သံဃာ"ဟု ကမ္မသာဓနဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရှင်း[၂], ရ-ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်၏ အဖြစ်ကိုရှင်း[၃] သိစေပါသည်။

(၁) ဒုတိယဓာတုပဒ။ (၂) အဘိဓာနတ္ထ။ (၃) ဒုတိယပစ္စယတ္ထ။

ဂ-ဝါကျဖြင့် ခတ္တာ-ပုဒ်ကို "ခတ္တိယေ အဟိတတော တာယတိ ရက္ခတီတိ ခတ္တာ"ဟု ဝစနတ္ထပြု၍ ခတ္တာ-အရ မေးအပ်သော ပြဿနာတို့ကို ဖြေခြင်းငှာ စွမ်းနိုင်သော အမတ်ကြီးကို ယူရမည်ဟု သိစေပါသည်။

(အဘိဓေယျတ္ထ)

### ခတ္တ-သဒ္ဒါ၏ နိရုတ္တိနည်း

ခတ္တာ-ကား ခတ္တိယတာ-ဟု ဆိုလိုလျက် တိ-ကို ချေခြင်း ဝဏ္ဏလောပ၊ ယ-ကို ချေခြင်း ဝဏ္ဏလောပ၊ တ-ကို တာ-သို့ကပ်၍ ခတ္တာ-ဟု ပြီးသည်။

http://www.dhammadownload.com



ဃ-ဝါကျ၌ ဣမိနာပိ ကာရဏေန-ဖြင့် ဣမိနာ ပင်္ဂေန-ကို ဣမိနာပိ အင်္ဂေန-ဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုရင်း*, အင်္ဂ-ပုဒ်ကို "အင်္ဂေတိ ဂမေတိ အတ္တနော ဖလံ ဉာပေတီတိ အင်္ဂံ*၊ တနည်း- သယံ အင်္ဂီယတိ ဂမီယတိ ဉာယတီတိ အင်္ဂံ" ဟု ဝစနတ္ထပြု၍ အင်္ဂ-အရ အကြောင်း (ဟေတု)ကို ယူရမည်၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(ဋီကာသစ်အာဘော်)

(၁) သန္ဓိလိင်္ဂပဒ။ (၂) အဘိဓေယျတ္ထ။

မှတ်ချက်။ ။အင်္ဂ-သဒ္ဒါ အင်္ဂတိုင်း, ကိုယ်အင်္ဂါစသော အနက်ကိုမဟော၊ ကာရဏ-အနက်ကိုဟောသတည်းဟု သိစေသည်....ဟု တနည်း ဖော်ဦး။ ယင်းအလို နာမလိင်္ဂတ္ထသံဝဏ္ဏနာ။

---

## သောဏဒဏ္ဍဂုဏကထာအဖွင့်

● (၃) တဒါစ တသ္မိံ နဂရေ ယဉ္ဉော နတ္ထိ။ သောဏဒဏ္ဍဿ ပန သန္တိကေ မန္တသဇ္ဈာယနတ္ထံ ဧတေ သန္နိပတိတာ။ ဝါကျ၌ ရသင့်သော စောဒကာဘောဂါဒိစတုက္ကကိုဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု တဒါ တသ္မိံ နဂရေ ယဉ္ဉော နတ္ထိ။ (စော+ဘော)

အထ ကသ္မာ ဧတေ သန္နိပတိတာ။ (စော)

နနု သောဏဒဏ္ဍဿ သန္တိကေ မန္တသဇ္ဈာယနံ အတ္ထိ။

(ပရိ+ဘော)

(တသ္မာ)ဧတေ သန္နိပတိတာ။ (ပရိ)

မှတ်ချက်။ ။"ယဇနံ ယဉ္ဉော၊ယဇန္တိ အနေနာတိ ဝါ ယဉ္ဉော" ယဇ-ဓာတ်+ဉ-ပစ္စည်း၊ ဇ-ကို ဉ-ပြု၊ ဉ-သို့ကပ် ယည-ပြီး၏။

---

## ဗုဒ္ဓဂုဏကထာအဖွင့်

(က) ခီဏကာမရာဂေါတိ ဧတ္ထ ကာမံ ဘဂဝတော သဗ္ဗေပိ ကိလေသာ ခီဏာ။

http://www.dhammadownload.com



(ခ) ဗြာဟ္မဏော ပန တေ န ဇာနာတိ။အတ္တနော ဇာနနဋ္ဌာနေယေဝ ဂုဏံ ကထေတိ။

(ဂ) ဝိဂတစာပလ္လောတိ ပတ္တမဏ္ဍနာ စီဝရမဏ္ဍနာ သေနာသနမဏ္ဍနာ ဣမဿစ ပူတိကာယဿ(လ)ကေလာယနာပဋ္ဌိ ကေလာယနာတိ ဧဝံ ဝုတ္တစာပလ္လာ ဝိဂတော။

(ဠ-၂၅၅)

● (၂) က-ခ-ဂ ါကျတို့ကို နည်းထုံးကျကျ ထပနာတိက ပုစ္ဆာ တက်ပါ။

ဖြေ။ ။ နည်းထုံးကျကျတက်ပုံ

ဆရာ၊သောဏဒဏ္ဍပုဏ္ဏားသည် "ခီဏကာမရာဂေါ" ဟုဆို၏။ မြတ်စွာဘုရားအား အလုံးစုံသော ကိလေသာတို့ ကုန်ပြီးသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် "ခီဏကာမရာဂေါ" ဟု ဆိုပါသနည်း....ကြောင့် က-ခ-ဂ ါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။မြတ်စွာဘုရားအား အလုံးစုံသော ကိလေသာတို့ ကုန်ပြီးသော်လည်း သောဏဒဏ္ဍပုဏ္ဏားသည် ထိုကိလေသာတို့ကို မသိ၊ မိမိသိသောအရာ၌သာလျှင် ဂုဏ်ကိုဆိုသည်၏ အဖြစ်ကြောင့် ခီဏ ကာမရာဂေါ-ဟု ဆို၏ဟူလိုသောဝ်။

---

● (၃) က-ခ-ဂ ါကျတို့၌ စောဒကာဘောဂ ါဒိစတုက္ကကို ဖော် ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ဘဂဝတော သဗ္ဗေပိ ကိလေသာ ခီဏာ။ (စော+ဘော)

အထ ကသ္မာ ခီဏကာမရာဂေါတိ အာဟ။ (စော)

နနု ဗြာဟ္မဏော တေ နဇာနာတိ၊အတ္တနော ဇာနနဋ္ဌာနေယေဝ ဂုဏံ ကထေတိ။ (ပရိ+ဘော)

(တသ္မာ) ခီဏကာမရာဂေါတိ အာဟ။ (ပရိ)

http://www.dhammadownload.com



● (၄) ဝိဂတစာပလ္လော-၌ စာပလ္လ-ပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍,အပေါင်းဝစနတ္ထကိုသာ ဝစနာဒိဆက္ကထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ "စုပတိ ကေတ္ထ နတိဋ္ဌတီတိ စပလော(အစိတ်) "စပလဿ ဘာဝေါ စာပလ္လံ" (အပေါင်း)

**ဝစနာဒိဆက္က**။ ။လျှပ်ပေါ်သောပုဂ္ဂိုလ်၏ လျှပ်ပေါ်ခြင်းနှင့် ဂုဏ,ဂုဏ်-အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် **ဝစနဟေတု** မည်၏။ သပိတ်ကို တန်ဆာဆင်ခြင်းစသော အမူအရာ ကြိယာဒြဗ်သည် **ဝစနီယ** မည်၏။ စာပလ်ျ-စသောပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ** မည်၏။

† စပလဿ ဘာဝေါ စာပလျံ,စာပလ္လံ ဝါ။ (သီ-ဋီ-သစ်)

---

● (၆) ဂ-ဝါကျ၌'အာဘောဂ သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။ဂ-ဝါကျ၌ ပတ္တမဏ္ဍနာ"လ" ပဋိကေလာယနာ-ဖြင့် လျှပ်ပေါ်ခြင်းဟူသည်သပိတ်ကို တန်ဆာဆင်ခြင်း, သင်္ကန်းကိုတန်ဆာ ဆင်ခြင်း, ကျောင်းကိုတန်ဆာဆင်ခြင်း, ဤကိုယ်ကောင်ပုတ်ကို မြတ်နိုး ခြင်း,အဖန်ဖန်မြတ်နိုးခြင်းတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဂ-ဝါကျ၌ ဝုတ္တစာပလ္လာ ဝိရဟိတောဖြင့်- ဝိဂတစာပလ္လော၌ ဝိဂတ-သဒ္ဒါ၏ ဝိရဟိတ(ကင်းခြင်း) အနက်ကိုဟောသည်၏ အဖြစ်ကို ၎င်း,ဝိဂတနှင့် စာပလ္လ-ပုဒ်ကို"စာပလ္လာ ဝိဂတော ဝိဂတစာပလ္လော" ဟု ပရနိပါတ ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို၎င်း၊ သိစေပါသည်။

(၁) နာမလိင်္ဂတ္ထ။ (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

---

● (၇) ဝိဂတစာပလ္လော-၌စပလ-သဒ္ဒါ၏ နိရုတ္တိနည်းဖြင့်ရုပ် ပြီးပုံကိုဖော်ပြပါ။

ဖြေ။ ။စပလ-ကား စုပိဓာတ်+အလ-ပစ္စည်း၊ စုပလ-ဟူလို လျက်"စု-၌ ဥ-ကိုအ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် စပလ-ဟုပြီးပါသည်။

† စုပတိ ကေတ္ထ နတိဋ္ဌတီတိ စပလော၊ စုပိဿ ဥဿ အတ္တံ။ (မောဂ္ဂလာန်)

---

http://www.dhammadownload.com



● (ဂ) မြတ်စွာဘုရားလောင်း ဖွားတော်မူသောအခါ ပေါ်ပေါက်လာသော ရွှေအိုးလေးလုံးတို့၏ အမည်, ပမာဏ,သတ္တိထူးကိုဖော်ပြပါ။

ဖြေ။ ။အမည်နှင့်ပမာဏ။ ။(၁) သခ်-မည်သောရွှေအိုး-တဂါဝုတ်ရှိသည်။ (၂) လေ-မည်သော ရွှေအိုး-ယူဇနာဝက် ရှိသည်။ (၃)ဥပ္ပလ-မည်သောရွှေအိုး-သုံးဂါဝုတ်ရှိသည်။ (၄)ပုဏ္ဍရိက-မည်သောရွှေအိုး-တယူဇနာရှိသည်။

ရွှေအိုးတို့၏သတ္တိထူး။ ။ထိုရွှေအိုးတို့၌ ယူတိုင်းယူတိုင်းသောအရပ်သည် ဥစ္စာဖြင့် ပကတိအတိုင်းပြန်ပြည့်သည်။

† တေသုပိ ဂဟိတံ ဂဟိတံ ပူရတိယေဝ။ (အဋ္ဌကထာ)

---

(က) အပါပပုရေက္ခာရောတိ အပါပေ နဝလောကုတ္တရဓမ္မေ ပုရတော ကတွာ ဝိစရတိ။

(ခ) ဗြဟ္မညာယ ပဇာယာတိ သာရိပုတ္တ မောဂ္ဂလာန မဟာကဿပါဒိဘေဒါယ ဗြာဟ္မဏပဇာယ။

(ဂ) အပိစ အပါပပုရေက္ခာရောတိ န ပါပံ ပုရေက္ခာရော န ပါပံ ပုရတော ကတွာ စရတိ၊ န ပါပံ ဣစ္ဆတီတိ အတ္ထော။ (ဠ-၂၅၅)

## အာသော်သံဝဏ္ဏနာများ

က-ဝါကျ၌ အပါပေ "လ" ဝိစရတိ-ဖြင့် အပါပေ-ပုဒ်ကို"န ပါပါ အပါပါ"(တေအပါပေ)ဟုဝစနတ္ထပြု၍ အပါပ-အရ နဝလောကုတ္တရဓမ္မကိုယူရမည်၏အဖြစ်ကိုရင်း၊ ပုရေက္ခာရော-ပုဒ်ကို"ပုရေ ကရောတီတိ ပုရေက္ခာရော"ဟု ကတ္တုသာဓနကိတန္တတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၂,ဏ-ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏အဖြစ်ကိုရင်း၃, အပါပနှင့် ပုရေက္ခာရကို" အပါပေ ပုရေက္ခာရော အပါပပုရေက္ခာရော"ဟု ဒုတိယာတပ္ပုရိသ်၊ ဝါ-ယုတ္တသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း၄သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။
(၃) ဒုတိယပစ္စယတ္ထ။ (၄)အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ သာရိပုတ္တ"လ" ဗြာဟ္မဏပဗ္ဗဇ္ဇာ-ဖြင့် ဖြဟ္မည-အရ သာရိပုတ္တစသော အရိယာသာဝကကိုယူရမည်၏အဖြစ်ကိုရင်း[၁], ဖြဟ္မည- သဒ္ဒါ၏ ဗြာဟ္မဏအနက်ကိုဟောသည်၏အဖြစ်ကိုရင်း[၂] သိစေပါသည်။

(၁) အဘိဓေယျတ္ထ။ (၂) နာမလိင်္ဂတ္ထ။

**ဖြဟ္မည သဒ္ဒါ၏ ဝိဂ္ဂဟများ**

(၁) ဗြဟ္မနိ သေဋ္ဌေ ဘဂဝတိ ဇာတာတိ ဖြဟ္မညာ။
(၂) ဗြဟ္မုနော ဘဂဝတော ဓာပစ္စံ ဖြဟ္မညာ။
(၃) ဗြဟ္မံ သေဋ္ဌံ အရိယမဂ္ဂံ ဇာနာတီတိ ဖြဟ္မညာ။

ဂ-ဝါကျ၌ န ပါပံ ပုရေက္ခာရော န ပါပံ ပုရတော ကတွာ စရတိ ဖြင့် ပုရေက္ခာရော-ပုဒ်ကို"ပုရေ ကရောတီတိ ပုရေက္ခာရော"ဟု ကတ္တုသာဓန ကိတန္တတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၁], ဏ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း[၂], ပါပနှင့် ပုရေက္ခာရောကို"ပါပံ ပုရေက္ခာရော ပါပပုရေက္ခာရော" ဟု ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၃], န-နှင့် ပါပပုရေက္ခာရ-ကို"န ပါပပုရေက္ခာရော အပါပပုရေက္ခာရော"ဟု အယုတ္တသမာသ်၊ ဝါ-မိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း[၄] သိစေပါသည်။

(၁) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ။ (၂) ဒုတိယပစ္စယတ္ထ။
(၃) (၄) အဘိဓာနတ္ထ,သမာသလိင်္ဂပဒတ္ထ ။

---

**ဥပါသကတ္တပဋိဝေဓနကထာ**

(က) ဗြာဟ္မဏော ပန အတ္တနော ကုဟာကတာယ ဝေမှိ ဘဂဝတိ ဓမ္မဝသံ ဝသိတော ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ။

(ခ) ကေဝလာမယာ အာယတိံ နိဗ္ဗာနတ္ထာယ စ ဝါသနာဘာဂိယာယ စ သဗ္ဗာ ပုရိမပစ္ဆိမကထာ အဟောသိ။

(၄-၂၆၂)

● (၂) ခ-ဝါကျကို စောဒနာတက်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ။ စောဒနာတက်ပုံ

ဆရာ၊ဆရာသည် က-ဝါကျဖြင့် သောဏဒဏ္ဍပုဏ္ဏားသည် မိမိ၏ အံ့ဘွယ်ကို ဖြစ်စေတတ်သည်၏အဖြစ်ကြောင့် မြတ်စွာဘုရားသည် တရားမိုးကိုရွာသွန်းအပ်ပါသော်လည်း တရားထူးကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်ဟု ဆိုတော်မူ၏။ ယင်းသို့တရားထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ပါဘဲလျက် အဘယ့်ကြောင့်၊ ဝါ-အဘယ်အကျိုးငှာ မြတ်စွာဘုရားသည် တရားမိုးကို ရွာသွန်းအပ်ပါသနည်း။ အကျိုးထူးမရှိပါက မြတ်စွာဘုရား တရားမဟောသင့်သည်မဟုတ်ပါလော။ အကယ်၍ အကျိုးမရှိဘဲ တရားဟောတော်မူသော် နိရတ္ထက-ဒေါသရောက်ရာ၏။ ဝါ-ရောက်ရာသည် မဟုတ်လော....ကြောင့် ခ-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ခ-ဝါကျဖြင့် နိဗ္ဗေဓဘာဂိယ, အသေက္ခဘာဂိယ-တို့နှင့် မရောမယှက်သက်သက် အလုံးစုံသော ရှေ့စကား နောက်စကားသည် နောင်အခါ၌ နိဗ္ဗာန်ကိုရခြင်းငှာရင်း, ဝါ-ပရိနိဗ္ဗာန်အကျိုးငှာရင်း, ဝါသနာဟူသောအဘို့၌ ဖြစ်ခြင်းငှာရင်း ဖြစ်ပြီ ဟုငါပြဆိုရကား သင်တင်တိုင်းသော နိရတ္ထကဒေါသမြတ်စွာဘုရားအား မရောက်ဟူလိုသောဝ်။

---

● (၃) က-ဝါကျ၌ စောဒကာ ဘောဂါဒိ စတုက္ကကို ဖော်ပြပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု ဘဂဝတာ ဓမ္မဝဿံ ဝဿိတံ။ (စော+ဘော)
အထ ကသ္မာ ပြဟ္မဏော ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ။(စော)
နနု အတ္တနော ကုဟာကတာ ဟောတိ။ (ပရိ+ဘော)
(တသ္မာ) ဗြာဟ္မဏော ဝိသေသံ နိဗ္ဗတေတုံ နာသက္ခိ။ (ပရိ)

---

● (၄) ခ-ဝါကျ၌ ဝါသနာဘာဂိယာယ-ပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြ၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိဆက္က ထုတ်ပါ။

http://www.dhammadownload.com



ဖြေ။ ။ဝစနတ္ထ။ ။"ဝါသနာ ဝေ ဘာဂေါ ဝါသနာဘာဂေါ"။ (အစိတ်) "ဝါသနာ ဘာဂေ ပဝတ္တာ ဝါသနာဘာဂိယာ"။ (အပေါင်း) တာယ-ဟု ဝိဘတ်ချန်ခဲ့။

ဝစနာဒိဆက္က။ ။နောင်အခါ၌ တရားထူးကို ရခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော ပုညကြိယာတို့၌ လေ့ကျက်ခြင်းဟု ဆိုအပ်သော ဝါသနာအဘို့၌ ဖြစ်သော အလုံးစုံ ရှေ့နောက်ဖြစ်သော စကားဒြပ်နှင့် အကျိုးအကြောင်း-ဌ ဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတု မည်၏။ အလုံးစုံ ရှေ့နောက်ဖြစ်သော စကားဒြပ်သည် ဝစနီယ မည်၏။ ဝါသနာ ဘာဂပဝတ္တော-စသော ပရိယာယ်သည် ဝစနီယတ္ထ မည်၏။

† အာယတိံ ဝိသေသာဓိဂမနူပါယ ဘူတာ ပုည ကြိယာသု ပရိစယသင်္ခါတာ ဝါသနာ ဝေ ဘာဂေါ၊ တသ္မိံ ဥပါယ ဘာဝေန ပဝတ္တာတိ ဝါသနာဘာဂိယာ။ (သီ-ဋီ-သစ်)

---

● (၅) ကုဟကတာယ-ဟိတ်၏ သမ္ဗန်ကို ဖော်ပြပါ။

ဖြေ။ ။ကုဟကတာယ-ဟိတ်၏ သမ္ဗန်ကား ဗြာဟ္မဏာ-တည်း။ (ဗြာဟ္မဏော-ကိုသမ္ဗန်ခံ၊ ကတ္တား, သမ္ဗန်နှစ်ချက်စပ်၊ ပစ္စယတ္တကား ကတ္တုတ္တ)

---

● (၆) ကုဟကတာယ-ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးသားပါ။

ဖြေ။ ။ဤ ကုဟကတာယ-ဖြင့် သောဏဒဏ္ဍပုဏ္ဏား၏ပယောဂ သမ္ပတ္တိ-မရှိခြင်း, ချို့ယွင်းခြင်းကို ပြပါသည်။

† ဣမိနာ ပယောဂသမ္ပတ္တိယာ အဘာဝံ ဒဿေတိ။
(သီ-ဋီ-သစ်)

---

● (၇) ခ-ဝါကျ၌ သမ္ဗာပုရိမပစ္ဆိမကထာ-၌ အာဘယ်စကားသည် ပုရိမကထာ, အဘယ်စကားသည် ပစ္ဆိမကထာ မည်ပါ သနည်း ကျနစွာ ဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ ။ပုရိမကထာ။ ။အစမှစ၍ သောဏဒဏ္ဍပုဏ္ဏားအ၏ အဖြေဆုံးသည်တိုင်အောင်သောစကားသည် ပုရိမကထာ—မည်ပါသည်။

ပစ္ဆိမကထာ။ ။မြတ်စွာဘုရား၏ သီလ, ပညာကို ဖြေဆိုသော စကားသည် ပစ္ဆိမကထာ-မည်ပါသည်။

† အာဒိတော ပဋ္ဌာယ ယာဝ ဗြာဟ္မဏဿ ဝိဿဇ္ဇနာ ပရိယောသာနာ တာဝ ပုရိမကထာ၊ ဘဂဝတော ပန သီလ ပညာဝိဿဇ္ဇနာ ပစ္ဆိမကထာ။ (သီ-ဋီ-သစ်)

သောဏဒဏ္ဍသုတ် အဖွင့်ပြီး၏။

http://www.dhammadownload.com

# ကူဋဒန္တသုတ် အဖွင့်

(က) မဂဓေသူတိ မဂဓာနာမ ဇာနပဒိနော ရာဇကုမာရာ။
(ခ) ဉပက္ခဋ္ဌောတိ သင်္ခတော၊ ဝစ္ဆတရသတာနိတိ ဝစ္ဆသတာနိ။
(ဂ) ဉရဗ္ဘာတိ ထရုဏမေဏ္ဍကာ ဝုစ္စန္တိ။ (ဋ္ဌ-၂၆၃)
(ဃ) ဒဿုခိလန္တိ စောရခိလံ။ ဇာနိယာတိ ဟာနိယာ။
(ဋ္ဌ-၂၆၅)

**အာဓောဘ်သံဝဏ္ဏနာများ**

က-ဝါကျဖြင့် မဂဓ-အရ ဌာနီဖြစ်သောမဂဓဇနပုဒ်၌နေကုန်သော် မင်းသားတို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**မှတ်ချက်။** ။မံသေသု ဂိဇ္ဈန္တိ-ဟူသော ဝစနတ္ထအလို.... မံသ ဂိဓ-ဟူလိုလျက် မံသ-ကို မ-ပြု၊ ဂိ-၌ ဓ-ကို အ-ပြု၍ မဂဓ-ဟု ပြီး၏။

† မဂဓေန သဒ္ဓိံ ခာဝန္တီတိ မဂဓာ၊ ရာဇကုမာရာ၊ မံသေသု ဝါ ဂိဇ္ဈန္တီတိ မဂဓာ နိရုတ္တိနယေန။ (သီ-ဋီ-သစ်)

ခ-ဝါကျ၌ သင်္ခတော-ဖြင့် ဆောင်ရွက်ပြုခြင်း (ဉပက္ခဋ္ဌ) ဟူသည် စီရင်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** ။ဉပက္ခဋ္ဌ-ကား ဉပ+ကရ+တ=ဉပက္ခတ — ဟူလိုလျက် ဒုက္ကဋ္ဌ-ကဲ့သို့ တ-ကို ဋ္ဌ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့်ပြီးသည်။

† ဉပသံဟရိတ္ဗာ ကာတဗ္ဗော ထပေတဗ္ဗောတိ ဉပက္ခဋ္ဌော။ (ဂဏ္ဌိ)

ခ-ဝါကျ၌ ဝစ္ဆသတာနိဖြင့် ဝစ္ဆတရ-ပုဒ်ကို "ဝစ္ဆာနံ ဝိသေသာ ဝစ္ဆတရာ"ဟု ဝစနတ္ထပြု၍ ဝစ္ဆတရ-အရ နွားငယ်တို့ကိုသာလျှင် ယူရမည်၊ ဆုံးမအပ်သော နွား(ဒမ္မ)နွားလား (ဗလိဗဒ္ဒ) တို့ကိုမယူရ-ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

**တနည်း။** ။ဝစ္ဆသတာနိ-ဖြင့် ဝစ္ဆတရ-ပုဒ်ကို "ဝစ္ဆာ ဧဝ ဝစ္ဆတရာ"ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း°, တရ-ပစ္စည်း၏-သွတ္ထတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုငှင်း၊၂ သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

http://www.dhammadownload.com



ဂ-ဝါကျဖြင့် ဥရဗ္ဗ-သဒ္ဒါသည် တရုဏမေဏ္ဍက-ပရိယာယ်တည်း၊ ဝါ- တရုဏမေဏ္ဍကအနက်ကို ဟောသတည်းဟု သိစေပါသည်။

(အဘိဓေယျတ္ထ၊ ဝါ-နာမလိင်္ဂတ္ထ)

မှတ်ချက်။ ။ဥရဗ္ဘကား။ ။ဥ-ပုဗ္ဗ ရ-ဓာတ်+ဘ-ပစ္စည်း၊ ရ-၌ ဥ-ကို ဩ-ပြု၊ ဩ-ကို အဝ-ပြု၊ (ဥရဝ+ဘ) ဝ-ကို ဗပြု၊ ဗ-ကို ဘ-သို့ကပ်၍ ဥရဗ္ဘ-ဟုပြီးသည်။ ဥ-သဒ္ဒါ ပဋိသေဓ-ဟော။

✝ ဗာဓိယမာနောပိ န ရဝတီတိ ဥရဗ္ဘော။ (သူစိ)

ဃ-ဝါကျ၌ စောရဓိလံ-ဖြင့် ဒဿု-ပုဒ်ကို "ဒံသတိ ဝိဒ္ဓံသေတီတိ ဒဿု"ဟု ဝစနတ္ထပြု၍ မစောရ-(ခိုးသူ)ကိုယူရမည်ဟု သိစေပါသည်။

(အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ ဟာနိယာ-ဖြင့် ဇာနိယာ-၌ ဇာနိ-သဒ္ဒါသည် ဟာ-ဓာတ်၏ ကာရိယတည်းဟု သိစေပါသည်။ (ဒုတိယဓာတုပဒ)

---

စတုပရိက္ခာရ အဖွင့်

(က) တေနဟိ ဘဝံ ရဇာတိ ဗြာဟ္မဏော ကိရ စိန္တေသိ။

(ခ) အယံ ရဇာ မဟာဒါနံ ဒါတုံ အတိဝိယ ဥဿာဟဇာတော။

(ဂ) ယဓေ ပန အတ္တနော အနုယန္တာ ခတ္တိယာဒယော အနာမန္တေတွာ ဒဿတိ။ နာဿ တေ အတ္တမနာ ဘဝိဿန္တိ၊ ယထာဒါနံ တေ အတ္တမနာ ဟောန္တိ၊ တထာ ကရိဿာမိ။

(ဃ) တသ္မာ တေနဟိ ဘဝန္တိ အာဒိ မာဟ။ (၄-၂၆၅)

● (၃) ခ-ဂ-ဃ-ဝါကျတို့ကိုရှု၍ စောဒကာဘောဂါဒိ စတုက္က ထုတ်ပါ။

ဖြေ။ ။ စတုက္ကထုတ်ပုံ

နနု အယံ ရဇာ မဟာဒါနံ ဒါတုံ အတိဝိယ ဥဿာဟဇာတော။

(စော+ဘော)

အထ ကသ္မာ "တေနဟိ ဘဝ"န္တိ အာဒိ မာဟ။ (စော)

http://www.dhammadownload.com



နနု အတ္တာနော အနုယန္တာ “လ” တထာ ကရိယာမိတိ စိန္တေသိ။ (ပရိ+ဘော)

တသ္မာ တေန ဟိ ဘဝန္တ် အာဒိ မာဟ။ (ပရိ)

မှတ်ချက်။ ။ပရိ+ဘော-၌ နနု-ကို စိန္တေသိ-ကြိယာ၌ စပ်၍ အနက်ပေး။

---

● (၄)က-ဝါကျ၌အနုယန္တာ-ပုဒ်ကိုဝစနတ္ထပြု၍ဝစနာဒိဆက္က ထုတ်ပါ။

ဖြေ။ ။ဝစနတ္ထ။ ။“တသ္မိံ တသ္မိံ ကိစ္စေ အနုယန္တိ အနု ပဝတ္တန္တီတိ အနုယန္တာ”။

ဝစနာဒိဆက္က။ ။ထိုထိုကိစ္စ၌ အစဉ်လိုက်ခြင်း ကြိယာသကတ် သည် ဝစနဟေတု မည်၏။ ထိုထိုကိစ္စ၌ အစဉ်လိုက်တတ်ကုန်သော လက် အောက်ခံမင်းတို့ဖြစ်သည် ဝစနီယ မည်၏။ အနုယုတ္တာ, အနုဝတ္တကာ- စသောပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

---

● (၆) နေဂမာတိ နိဂမဝါသိနော။ ဇာနပဒါတိ ဇနပဒ ဝါသိနော။အာမန္တယတန္တိ အာမန္တေတု ဇာနာပေတု-၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

ဖြေ။ ။နိဂမဝါသိနော-ဖြင့်နေဂမာ-ပုဒ်ကို“နိဂမေ ဝသန္တီတိ နေဂမာ”ဟု ဝသန္တိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း°,ဏ-ပစ္စည်း၏ ဝသန္တိတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း၂သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ဇနပဒဝါသိနော-ဖြင့် ဇာနပဒါ-ပုဒ်ကို “ဇနပဒေ ဝသန္တီတိ ဇာနပဒါ”ဟု ဝသန္တိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း°, ဏ-ပစ္စည်း၏ ဝသန္တိတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုရင်း၂သိစေပါသည်။

(၁) အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

http://www.dhammadownload.com



အာမန္တေတု-ဖြင့် အာမန္တယတံ-၌ မန္တ-ဓာတ်၏ စုရာဒိဂဏိက ဓာတ်၏အဖြစ်ကိုရင်း၁ ပဉ္စမီ-အတ္တနောပုဒ် တံ-ဝိဘတ်၏ ကတ္တားအနက်၌ သက်သည်၏အဖြစ်ကိုရင်း၂ သိစေပါသည်။

(၁) ဘာဝတ္ထ။ (၂) ဒုတိယဝိဘတျတ္ထ။

ဇာနာပေတု-ဖြင့် တိုင်ပင်ခြင်းဟူသည် သိစေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

---

● (၇) နိဂမဝါသိနော-၌နိဂမ-သဒ္ဒါ၏နိရုတ္တိကိုဖော်ပြပါ။

ဖြေ။ ။နိဂမ-ကား နိဂါမ-ဟုဆိုလိုလျက် နီ-ဥဩ-ကို ဠ-ရဿ ပြုခြင်း ဝဏ္ဏဝိကာရ၊ ဂါ-၌ အာ-ကိုအ-ရဿပြုခြင်း ဝဏ္ဏဝိကာရဖြင့် နိဂမ-ဟုပြီးပါသည်။

မှတ်ချက်။ ။အတိရေကော ဂါမော နိဂမော-၌နိ-သဒ္ဒါကား အတိရေကတ္ထ၊ ဝါ-ဘူသတ္ထ၊ သညာသဒ္ဒါ ဖြစ်သောကြောင့် ရဿပြု၍ နိဂမ-ဟုပြီးသည်။ ဂါမော-ပုဒ်ကို သီ-ဋီ-၌ ဂသ-ဓာတ် မ-ပစ္စည်းဖြင့် "ဂသန္တိ မဒန္တိ ဧတ္ထာတိ ဂါမော" ဟု ဝစနတ္ထပြုသည်။

---

(က) အမစ္စာတိ ပိယသဟာယကာ။ ပါရိသဇ္ဇာတိ သေသာ အာဏတ္တိကာရကာ။ သုတဇာတဿာတိ ဧတ္ထ သုတမေဝ သုတဇာတံ။ (ဋ္ဌ-၂၆၆-၂၆၇)

(ခ) ပဟူတံ သာပတေယျံ အာဒါယာတိ ပဟူတံ ဓနံ ဂဟေတွာ။ (ဋ္ဌ-၂၆၉)

အာဘော်သံဝဏ္ဏနာများ

(၄) အရပ်လေးမျက်နှာကို အပိတ်အပင်မရှိ သွားလာနိုင်ခြင်း, ဘေးရန်တို့ကိုသည်းခံနိုင်ခြင်း, ကိုယ်ခက်ထရော်၏ မရှိခြင်းသည် အနုဘာ၀။

မှတ်ချက်။ ။သန္တုဿမာနော - ကို့ရှ၍ ဓမ္မရတိဋ္ဌာယီဘာ၀ စသည်ထုတ်ပါ။

---

ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။
အာသ၀ါ တဿ ၀ဍ္ဎန္တိ၊ အာရာ သော အာသ၀က္ခယာ။ (ဌ-၂၀၀)
(ပထျာ၀တ္တဂါထာ-အနုဋ္ဌုဘာဆန်း)

(၁) သူတပါးအပြစ်ကို့ရှ၍ အမြဲကဲ့ရဲ့သောသူ၏ အတ္တုက္ကံသန, ပရ၀မ္ဘနသဘောရှိသော မာနပြခန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာ၀, ကာမသိင်္ဂါရရသ၊ ၀ါ·ဒေါသပြခန်းသောစိတ္တုပ္ပါဒ်သည် ကောဓဋ္ဌာယီဘာ၀, ရုဒ္ဒရသ။

(၂) သူတပါးဖြစ်သည် အာလမ္ဗဏဝိဘာ၀။

(၃) သူတပါး၏အပြစ်သည် ဥဒ္ဒီပနဝိဘာ၀။

(၄) အာသဝေါတရားတို့၏ တိုးပွားခြင်း, နိဗ္ဗာန်မှ ဝေးခြင်းသည် အနုဘာ၀။

---

ကော မေ ၀န္ဒတိ ပါဒါနိ၊ ဤဒ္ဒိယာ ယသသာ ဇလံ။
အာဘိက္ကန္တေန ၀ဏ္ဏေန၊ သဗ္ဗာ သြဘာသယံ ဒိသာ။ (ဌ-၂၀၃)
(ပထျာ၀တ္တဂါထာ-အနုဋ္ဌုဘာဆန်း)

E.97 B

http://www.dhammadownload.com



### ဝန္ဒတိ-၌အနက္တတ္ထကို-ကိုယ်ပြု၍

(၁) ဘားနတ်သား၏ ပဏာမ စေတနာသည် ဓမ္မရတိဌာယိဘာဝ,ဓမ္မသိင်္ဂါရ ရသ။

(၂) မြတ်စွာဘုရား၏ ခြေတော်တို့သည် အာလမ္ဗဏဝိဘာဝ။

(၃) ခြေတော်တို့၏ လက္ခဏာသမ္ပတ္တိသည် ဥဒ္ဒီပနဝိဘာဝ။

(၄) မျက်မှောက် တမလွန်၌ ရအပ်သော အကျိုးသည် အနုဘာဝ။

### တနည်းထုတ်ပုံ

(၁) တန်ခိုး, အရောင်အဆင်းကိုမြင်၍ အံ့ဩခြင်းသည် ဝိမှယဌာယိဘာဝ,အဗ္ဘုတရသ။

(၂) ရှိခိုးသောဘားနတ်သားသည်အာလမ္ဗဏဝိဘာဝ။

(၃) အရောင်အဆင်း,တန်ခိုးအခြံအရံသည်ဥဒ္ဒီပနဝိဘာဝ။

(၄) ကော မေဝန္ဒတိ-စသောအမေးဂါထာသည် အနုဘာဝ။

---

ဘယေ ကောဓေ ပသံသာယံ၊ "တုရိ"တေ ကောတူဟလစ္စရေ။
ဟာသေ သောကေ ပသာဒေစ၊ ကရေ အာမေဍိတံ ဗုဓော။
(ဌ-၂၀၃)
(တု+ရိ-ပေါင်း၍ ပထျာဝတ္တ-အနုဋ္ဌုဘာဆန်း)

---

ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မ မသင်္ခတ မပ္ပဋိကူလံ။
"မဓု"ရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟိ။ (ဌ-၂၀၅)
(မ+ဓု-ပေါင်း၍ ဒေါဓကဂါထာ-တုဋ္ဌုဘာဆန်း)

### ဥပေဟိ-၌အနက္တတ္ထကိုရှု၍

(၁) တရားရတနာသို့ ဆည်းကပ်သောသူ၏ သဒ္ဓါ,သတိစသည်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယိဘာဝ,ဓမ္မသိင်္ဂါရ-ရသ။

(၂) မဂ်,ဖိုလ်,နိဗ္ဗာန်,ပရိယတ်, ဆယ်ပါးသောတရားတော်မြတ်သည် အာလမ္ဗဏဝိဘာဝ။

http://www.dhammadownload.com



(၃) ဆယ်ပါးသော တရားတော်မြတ်၏ ရာဂဝိရာဂစသောဂုဏ်တော်သည် ဥဒ္ဒိပန ဝိဘာဝ။

(၄) ဒိဋ္ဌဓမ္မ,သမ္ပရာယိက ဣဋ္ဌဖလသည် အနုဘာဝ။

ဥပေဟိ–၌ ဟေတုကတ္တုဋ္ဌကို ကိုယ်ပြု၍

(၁) ဆည်းကပ်လော့–ဟု တိုက်တွန်းသောသူ၏ မေတ္တာစသည် ပြဓာန်းသောစိတ္တုပ္ပါဒ်သည်ဓမ္မရတိဋ္ဌာယီဘာဝ, မွေ့သိဂ်ါရ ရသ ဝါ–ဝီရိယပြဓာန်းသောစိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ,ဝီရ–ရသ။

(၂) ဆတ္တမာဏဝကလုလင်ဖြစ်သည် အာလမ္ဗဏဝိဘာဝ။

(၃) ယောနိသောမနသိကာရသည် ဥဒ္ဒိပန ဝိဘာဝ။

(၄) ရာဂဝိရာဂစသောဂုဏ်နှင့်ပြည့်စုံသောဆယ်ပါးသောတရားကိုဆည်းကပ်ခြင်းသည် အနုဘာဝ။

---

ယတ္ထစ ဒိန္နမဟပ္ဖလမာဟု၊ "စတူ" သု သုစိသု ပုရိသယုဂေသု။ အဋ္ဌစ ပုဂ္ဂလဓမ္မဒသာ တေ၊သံဃမိမံ သရဏတ္ထမုပေဟိ။ (၄-၂၀၇)

(စ+တူ–ပေါင်း၍၊ ဝါ–စ–ကိုပယ်၍ ဒေါဓကဂါထာ၊ပ,တ,စ တုဋ္ဌဘာဆန်း၊ ဒု–ဇဂတီဆန်း)

အာဟု–၌ အန္တတ္ထကို ရှု၍

(၁) မြတ်စွာဘုရားတို့၏ ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, မွေ့သိဂ်ါရ-ရသ၊ ဝါ–ဝီရိယပြဓာန်းသောစိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရ-ရသ။

(၂) ပုရိသယုဂသည်ရင်း, ဒါနသည်ရင်း, အာလမ္ဗဏဝိဘာဝ။

(၃) ပုရိသယုဂ၏ သုစိဘာဝသည်ရင်း,ဒါန၏မဟပ္ဖလ၏အဖြစ်သည်ရင်း ဥဒ္ဒိပနဝိဘာဝ။

(၄) ဒါနာနိသံသကို သိသဖြင့် ပေးလှူခြင်း စသည်သည် အနုဘာဝ။

မှတ်ချက်။ ။ဥပေဟိ–ကိုရှု၍ထုတ်ပုံကိုရာဂဝိရာဂ ဂါထာကိုမှီ၍ သိပါ

http://www.dhammadownload.com



သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။ (ဠ-၂၀၇)
(တတိယ မ-ကာရဝိပုလာဂါထာ-အနုဋ္ဌုဘာဆန်း။)

**ဝိစရိဿာမိ–၌ အနုဋ္ဌုဘာကိုရှု၍**

(၁) အာဠဝကစသောသူတို့၏ လှည့်လည်ခြင်းဟု ဆိုအပ်သော ဝီရိယပြဓာန်းသောစိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရ-ရသ။

(၂) ပြည်ရွာဖြစ်သည် အာလမ္ဗဏ ဝိဘာဝ။

(၃) ပြည့်ရွာတို့၏ လှည့်လည်သင့်သော အဖြစ်သည် ဥဒ္ဒီပန ဝိဘာဝ။

(၄) ဘေးရန်မရှိ ပြည်-ရွာတို့သို့ ရောက်ခြင်းစသောအကျိုးသည် အနုဘာဝ။

**နမဿမာနော–၌ အနုဋ္ဌုဘာကိုရှု၍**

(၁) အာဠဝကစသောသူတို့၏ ရှိခိုးခြင်းပဏာမစေတနာပြဓာန်းသော စိတ္တုပ္ပါဒ်သည်ဓမ္မရတိဋ္ဌာယီဘာဝ,ဓမ္မသိဂ်ါရ-ရသ။

(၂) မြတ်စွာဘုရားသည်ရင်း,တရားတော်သည်ရင်း အာလမ္ဗဏ ဝိဘာဝ။

(၃) မြတ်စွာဘုရား၏ အရဟံစသောဂုဏ် တရားတော်၏ သွာက္ခာတတာ စသောဂုဏ်တော်သည် ဥဒ္ဒီပနဝိဘာဝ။

(၄) အနုတ္တရာယဝိဟာတနစသောအကျိုးသည် အနုဘာဝ။

---

စတုခော ဝိဘဇေ ဘောဂေ၊ပဏ္ဍိတော ယရမာဝသံ။
တေန တောဂံ ဘုဥ္ဇေယျ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဥ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။ (ဠ-၂၀၇)

(ရှေးဦးစွာသောလေးပါဒ-ကား တတိယ မ-ကာရဝိပုလာဂါထာ၊ ယင်းလေးပါဒ၌ တ-စတုပါဒကို ပ-ဒု-ပြု၍ စတုတ္ထဥ္စ "လ" ဘဝိဿတိ-ကို အပရဒ္ဓပြု၍ ပထမ မ-ကာရဝိပုလာဂါထာ-အနုဋ္ဌုဘာဆန်းချည်းသာ)

http://www.dhammadownload.com



### တဂါထာလုံးကိုရှု၍

(၁) ပစ္စည်းဥစ္စာကိုမပျက်စီးစေရန် ထိန်းသိမ်းသောသူ၏ လောဘပြခန်းသောစိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ,ကာမသိင်္ဂါရ-ရသ။

(၂) ဥစ္စာပစ္စည်းသည် အာလမ္ဗဏဝိဘာဝ။

(၃) အိမ်ထောင်သည်၏အဖြစ်သည် ဥဒ္ဒီပန ဝိဘာဝ။

(၄) ပစ္စည်းဥစ္စာ၏မပျက်စီးခြင်းသည် အနုဘာဝ။

**မှတ်ချက်။** ။ဝိဘာဇေ-ကိုရှု၍....ပညာ-ကို ဓမ္မရတိဋ္ဌာယီဘာဝ-ထုတ်၊ဘုဥ္စေယျ-ကိုရှု၍....ကာမရတိထုတ်၊ ပယောဇယေ-ကိုရှု၍....ဥဿာဟထုတ်၊ နိဓာပယေ-ကိုရှု၍....ကာမရတိထုတ်၊ အာလမ္ဗဏ-စသည် သင့်လျော်သလိုထုတ်လေ။

---

ယောစ ဗုဒ္ဓဥ္စ ဓမ္မဥ္စ၊ သံဃဥ္စ သရဏံ ဂတော။
စတ္တာရိ "အရိ" ယသစ္စာနိ၊ သမ္ပပ္ပညာယ ပဿတိ။ (ဋ္ဌ-၂၀၇)
(အ+ရိ-ကိုပေါင်း၍ ပထျာဝတ္တဂါထာ-အနုဋ္ဌုဘာဆန်း).

### ဂတော-၌ အနက်ထက်ကို ကိုယ်ပြု၍

(၁) ဆည်းကပ်သော ပုဂ္ဂိုလ်၏ သတိစသည့် ပြခန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရ-ရသ။

(၂) ရတနာသုံးပါးသည် အာလမ္ဗဏဝိဘာဝ။

(၃) ရတနာသုံးပါး၏ ဆည်းကပ်ထိုက်သောဂုဏ်တော်သည် ဥဒ္ဒီပနဝိဘာဝ။

(၄) သစ္စာလေးပါးကိုသိရခြင်းသည် အနုဘာဝ။

### ပဿတိ-၌ အနက်ထက်ကို ကိုယ်ပြု၍

(၁) သစ္စာလေးပါးကိုရှုသောသူ၏ပညာပြခန်းသောစိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ,ဓမ္မသိင်္ဂါရ-ရသ။

(၂) သစ္စာလေးပါးတရားသည် အာလမ္ဗဏဝိဘာဝ။

http://www.dhammadownload.com



(၃) ရတနာသုံးပါးသို့ ဆည်းကပ်ခြင်း ဟုဆိုအပ်သော သပ္ပုရိသူပနိဿယသည် ဥဒ္ဒိပနဝိဘာဝ။

(၄) နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်း စသောအကျိုးသည် အနုဘာဝ။

---

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
"အရိ" ယဉ္စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
(၄-၂၀၈)
(အ+ရိ-ပေါင်း၍ ပဏ္ဏာဝတ္ထု-အနုဋ္ဌုဘာဆန်း)

---

တေ ခေါ သရဏံ ခေမံ၊ တေ သရဏမုတ္တမံ။
တေ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ (၄-၂၀၈)
(ပဏ္ဏာဝတ္ထုဂါထာ-အနုဋ္ဌုဘာဆန်း)

အာဂမ္မ-၌ အနက္ထုတ္ထကို ကိုယ်ပြု၍

(၁) ဆည်းကပ်သော ပုဂ္ဂိုလ်၏ သတိ-စသည် ပြခန်းသော စိတ္တုပ္ပါဒ်သည် "ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရ-ရသ။

(၂) ရတနာသုံးပါးသည် အာလမ္ဗဏဝိဘာဝ။

(၃) ရတနာသုံးပါး၏ ဆည်းကပ်ထိုက်သော ဂုဏ်တော်သည် ဥဒ္ဒိပနဝိဘာဝ။

(၄) အလုံးစုံသောဆင်းရဲမှလွတ်ခြင်းသည် အနုဘာဝ။

---

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။ (၄-၂၀၈)

(ပ-ဣန္ဒဝဇိရာ-တုဋ္ဌုဘာဆန်း၊ဒု-ဥပေန္ဒဝဇိရာ-တုဋ္ဌုဘာဆန်း၊တ-စ-ဝတ္တဂါထာ-အနုဋ္ဌုဘာဆန်း၊စ-သာမညဂါထာ-ပင်္တိဆန်း လက္ခဏာ ရောယှက်ရကား....ဥပဇာတိဂါထာ)

http://www.dhammadownload.com



### ဂတာသေ-၌ အနက္ထတ္ထကိုရှု၍

(၁) ဆည်းကပ်သော ပုဂ္ဂိုလ်၏ သတိ-စသည် ပြခန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိင္ဆာယီဘာဝ, ဓမ္မသိင်္ဂါရ-ရသ။
(၂) မြတ်စွာဘုရားဒြဗ်သည် အာလမ္ဗဏဝိဘာဝ။
(၃) အရဟံစသော ဂုဏ်တော်သည် ဥဒ္ဒီပနဝိဘာဝ။
(၄) အပါယ်သို့ မရောက်ခြင်း, လူ့ကိုယ်ကိုစွန့်၍ နတ်ကိုယ်ကို ရခြင်းစသော အကျိုးသည် အနုဘာဝ။

**သမညဖလသုတ်အဖွင့်လာ ဂါထာတို့၌ ဆန်းအလင်္ကာထုတ်မှုပြီး၏။**

●

---

### သောဏဒဏ္ဍသုတ်

ဇတ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ။ (ဌ-၂၅၄)
(ဘုမ္မဝေယာသော သင်္ကိဏ္ဏဝိပုလာဂါထာ-အနုဋ္ဌုဘာဆန်း)

### ပူဇယတော-၌ အနက္ထတ္ထကို ကိုယ်ပြု၍

(၁) ပရိနိဗ္ဗာန် ပြုကုန်သော ဘုရားရှင်အား ပူဇော်သောသူ၏ ဝီရိယ ပြခန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဌာယီဘာဝ, ဝီရရသ၊ဝါ-သတိ စသည် ပြခန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရ-ရသ။
(၂) ပရိနိဗ္ဗာန် ပြုကုန်သော ဘုရားရှင်တို့သည် အာလမ္ဗဏဝိဘာဝ။
(၃) ဘုရားရှင်တို့၏ ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။
(၄) မရေမတွက်နိုင်သောကုသိုလ်ကိုရခြင်းသည် အနုဘာဝ။

---

http://www.dhammadownload.com



ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိ စေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃမန္တ “ရေ”၊
ဝဏ္ဏော န ခီယေထ တထာဂတဿ။ (၄-၂၅၇)

(ပထမ,ဒုတိယ,စတုတ္ထပါဒ, ဇုန္ဒဝဇီရာဂါထာ-တုဋ္ဌုဘာဆန်း၊ တတိယပါဒ၌ ပါဒန္တ-ရေ-အက္ခရာကိုပယ်၍ ဇုန္ဒဝဇီရာဂါထာ-တုဋ္ဌုဘာဆန်း။

တနည်း။ ။တတိယပါဒ-၌ ရေ-အက္ခရာကို မပယ်မူ၍ ဇုန္ဒဝံသဂါထာ-ဇဂတိဆန်း-လက္ခဏာရောရကား ဥပဇာတိဂါထာ)

## ဘဏေယျ-၌ အနက္ထကိုရှု၍

(၁) ခြီးမွမ်းသော မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရ-ရသ။

(၂) ခြီးမွမ်းအပ်သော မြတ်စွာဘုရားဖြစ်သည့် အာလမ္ဗဏ ဝိဘာဝ။

(၃) ခြီးမွမ်းအပ်သောမြတ်စွာဘုရား၏ ဂုဏ်တော်သည် ဥဒ္ဒီပန ဝိဘာဝ။

(၄) မြတ်စွာဘုရား၏ ဂုဏ်မည်သည်ကို မြတ်စွာဘုရားတပါးပင် သော်သည်း ခြီးမွမ်းမကုန်နိုင်ဟု ဝေနေယျတို့သိရခြင်း အကျိုးသည် အနုဘာဝ။

## တဂါထာလုံးကိုရှု၍

(၁) ဗုဒ္ဓေါပိ-စသောဒေသနာကို ကြားနာရသူတို့၏ အံ့သြခြင်း ဆန္ဒ-စသည်ပြဓာန်းသောစိတ္တုပ္ပါဒ်သည်ဝိမှယဋ္ဌာယီဘာဝ, အဗ္ဘုတရသ။

(၂) ဗုဒ္ဓေါပိ-စသော ဝစီဘေဒသဒ္ဒပညတ်ဖြစ်သည် အာလမ္ဗဏ ဝိဘာဝ။

http://www.dhammadownload.com



(၃) ဒေသနာတော်၏ ကောင်းသည့်၏အဖြစ်သည် ဥဒ္ဒိပန ဝိဘာဝ။
(၄) ကောင်းခြီးပေးခြင်းစသောအကျိုးသည် အနုဘာဝ။

မှတ်ချက်။ ။ဂါထာ၌ - တတိယပါဒ ဆန်းစစ်ရာဝယ် ပထမနည်းကား ဠိကာသစ်နည်း၊နောက်နည်းကား ရသင့်၍စစ်သောနည်းတည်း။

သောဏဒဏ္ဍသုတ် အဖွင့်ထာဂါထာတို့၌
ဆန်းအလင်္ကာထုတ်ပုံပြီး၏။

●

---

ကူဋဒန္တသုတ်

အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံအဂ္ဂိံ ဝ သန္ဓမံ။ (၄-၂၆၅)
(ပထျာဝတ္တဂါထာ-အနုဋ္ဌုဘာဆန်း)

သမုဋ္ဌာပန-ကြိယာကို၍

(၁) အနည်းငယ်မျှသော အရင်းဥစ္စာဖြင့် တိုးပွားအောင်, ကြီးပွားအောင်ပြုနိုင်သော ပညာရှိ၏ ဝီရိယ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရ-ရသ။
(၂) အရင်းအနှီးဥစ္စာသည် အာလမ္ဗဏဝိဘာဝ။
(၃) ပစ္စည်းဥစ္စာတိုးပွားစေနိုင်သော ရောင်းဝယ်ရာ၌ လိမ္မာခြင်း (ဝေါဟာရ-ကုသလ)သည် ဥဒ္ဒီပနဝိဘာဝ။
(၄) အဏုံ အဂ္ဂိံ ဝသန္ဓမံ- ဟူသော ဥပမာနဝက်ဝုစ်အားဖြင့် ပြအပ်သော စည်းစိမ်ဥစ္စာ၏ တိုးပွားခြင်းသည် အနုဘာဝ။

ကူဋဒန္တသုတ်အဖွင့်လာ ဂါထာ၌
ဆန်းအလင်္ကာထုတ်ပုံပြီး၏။

●

---

http://www.dhammadownload.com



## ပေါဋ္ဌပါဒသုတ်

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္မုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။ (ဠ-၃၁၆)
(ပထျာဝတ္တဂါထာ-အနုဋ္ဌုဘာဆန်း)

### အက္ခာသိ–၌ အန္တတ္ထကို ကိုယ်ပြု၍

(၁) မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြခန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရာဇ်ဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရ ရသ၊ ဝါ-ဝီရိယ ပြခန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရ ရသ။

(၂) သစ္စာနှစ်ပါးသည် အာလမ္ဗဏဝိဘာဝ။

(၃) သစ္စာနှစ်ပါး၏ မှန်ကန်သောဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ။

(၄) ဝေနေယျတို့၏ သစ္စာနှစ်ပါးကိုသိရခြင်းသည် အနုဘာဝ။

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
"ပရ"မတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏံ။ (ဠ-၃၁၆)
(ပ+ရ-ပေါင်း၍ ပထျာဝတ္တ-အနုဋ္ဌုဘာဆန်း)

ပေါဋ္ဌပါဒသုတ် အဖွင့်လင်္ကာဂါထာတို့၌
ဆန်းအလင်္ကာထုတ်ပုံပြီး၏။

http://www.dhammadownload.com



### သုတသုတ်

အဇ္ဈနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။ (၄-၃၁၇)

(ပထျာဝတ္တဂါထာ-အနုဋ္ဌုဘဆန်း)

### အာဝသေ–ကိုရှု၍

(၁) အိမ်ရာထောင်သောသူ၏ လောဘပြခန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ, ကာမသိင်္ဂါရရသ၊ ဝါ-ဝီရိယပြခန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရရသ။

(၂) အိမ်သူအိမ်သားအပေါင်းနှင့်စည်းစိမ်ဥစ္စာသည် အာလမ္ဗဏဝိဘာဝ။

(၃) မျက်စဉ်းတို့၏ ကုန်ခြင်း, ခြ-တောင်ပို့တို့၏ တိုးပွားခြင်း, ပျားတို့၏ စုဆောင်းခြင်းကို ကြည့်ရှုနည်းယူခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

(၄) စည်းစိမ်ဥစ္စာတိုးပွားခြင်း စသည်သည် အနုဘာဝ။

သုဘာသုတ် အဖွင့်လာ ဂါထာ၃၁
ဆန်းအလင်္ကာထုတ်ပုံပြီး၏။

---

## မှာထားချက်

ပဒနိက္ခန္တာဒိဝိစိတိကဏ္ဍ (ထွက်နည်း)ကို ကျမ်းစာ၌ပင်ပြည့်စုံလောက်ပြီ ဖြစ်၍ရင်း, စာဖောင် အလွန်များနေ၍ရင်း ချန်လှပ်ခဲ့ရပေသည်။

http://www.dhammadownload.com

# နိရုတ္တိနည်းအညွှန်း

## အက္ခရာစဉ်


| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| **အ** | | **ဣ** | |
| အဒ္ဓါန | ၁၁၂ | ဣန္ဒြိယ | ၂၄၉ |
| အပ္ပ | ၁၁၉ | ဣရိယာ | ၄၆၄ |
| အစ္ဆရိယ | ၁၇၁ | ဣဓ | ၆၆၆ |
| အဗ္ဘုတ | ၁၇၁ | ဣဗ္ဘာ | ၆၈၇ |
| အရဟတာ | ၁၇၇ | **ဥ** | |
| အဋ္ဌုပ္ပတ္တိ | ၁၉၃ | ဥတု | ၉၂ |
| အရိယ | ၂၄၄ | ဥဇု | ၁၄၂ |
| အပရဏ္ဏက | ၃၂၂ | ဥပ္ပိလာဝိတ | ၂၁၄ |
| အတ္ထိတွေဝ | ၄၀၅ | ဥဒ္ဓစ္စံ | ၂၁၄ |
| အဗ္ဘာ | ၄၈၁ | ဥယျောဓိက | ၃၃၂ |
| အရဟံ | ၄၉၇ | ဥဒ္ဓလောမိ | ၃၄၀ |
| အဟု | ၅၁၀ | ဥပ္ပါတော | ၃၅၅ |
| အဂါရ | ၅၇၇ | ဥပေါသထ | ၄၇၅ |
| အဿောသိ | ၆၆၃ | ဥဗ္ဗိတောဒကော | ၆၁၇ |
| အဘိညာတကောလည | ၆၇၉ | ဥက္ကဋ္ဌာ | ၆၅၇ |
| အမ္ဗဋ္ဌ | ၆၉၆ | ဥပက္ခဋ္ဌော | ၇၁၉ |
| | | ဥရုဋ္ဌ | ၇၂၀ |
| **အာ** | | **ဧ** | |
| အာစရိယ | ၁၄၀ | ဧတဒဂ္ဂံ | ၁၉၈ |
| အာဝုဋ္ဌာ | ၂၃၅ | **အံ** | |
| အာသီဝိသ | ၄၃၀ | အံသ | ၇၃၀ |
| အာဝုဓ | ၅၅၄ | **က** | |
| အာဏာကျ | ၆၀၆ | ကရုဏာ | ၁၅ |
| အာဝဋ္ဋ | ၆၉၉ | ကရဏီယ | ၂၅ |

| ပုဒ် | မျက်နှာ |
|---|---|
| ကရေဏု | ၅၀၂ |
| ကရဇ | ၆၁၂ |
| ကုဒြူသက | ၃၂၀ |
| ကုဋ္ဌတ | ၃၄၂ |
| ကုန္တရ | ၅၄၁ |
| ကုမာရ | ၆၄၇ |
| ကုတူဟလ | ၇၄၁ |
| ကောမာရဘစ္စ | ၄၆၇ |
| ကဏ္ဍိကာ | ၁၆၅ |
| ကံသ | ၆၁၅ |
| ခ | |
| ခတ္တ | ၇၁၀ |
| ဂ | |
| ဂရု | ၁၀၀ |
| ဂတော | ၂၄၇ |
| ဂမ္ဘိရ | ၃၉၀ |
| ဂါမော | ၇၂၂ |
| စ | |
| စက္ကဝါဠ | ၅၆၆ |
| စပလ | ၇၁၃ |
| စုလ္လာသီတိ | ၅၄၂ |
| ဆ | |
| ဆမ္ဘိတ | ၅၁၁ |
| ဆဠာဘိဇာတိယော | ၅၄၁ |
| ဆာတက | ၇၃၂ |
| တ | |
| တပေါဒါ | ၁၀၇ |
| တထာဂတ | ၂၄၀ |
| တဏ္ဍုလ | ၃၅၈ |
| ထဒဟ | ၃၇၄ |
| တာပသ | ၇၀၃ |
| တိန္ဒုက | ၇၃၉ |
| တိတ္ထိယာ | ၇၄၁ |
| တေဠသ | ၄၆၈ |
| ထ | |
| ထမ္ဘ | ၁၆၅ |
| ထာမ | ၅၃၉ |
| ထိရော | ၂၈၆ |
| ထေရော | ၃၃ |
| ထေတော | ၂၈၆ |
| ဒ | |
| ဒဏ္ဍော | ၂၆၅ |
| ဒဗ္ဗ | ၃၅၇ |
| ဒဠှ | ၄၃၀ |
| ဒုဋ္ဌိပဋ္ဌိပဒါ | ၅၄၁ |
| ဒုဒ္ဒသာ | ၃၈၇ |
| ဒေါသိနဘ | ၄၈၃ |
| ဓ | |
| ဓမ္မော | ၇၀ |
| န | |
| နဂရ | ၆၅၅ |
| နိကာယ | ၇၆ |
| နိယျာနိက | ၁၃၃ |
| နိဗ္ဗေဓဝေဒတဗ္ဗ | ၂၀၅ |
| နိဝုဋ္ဌာ | ၂၃၅ |
| နိဟိတ | ၂၆၅ |
| နိဂဏ္ဌ | ၄၉၁ |
| နိဂမ | ၇၂၂ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| ပ | | ပိသာစ | ၅၁၄ |
| ပစ္စက္ခံ | ၂၅ | ပိဏ္ဍပါတိက | ၅၂၃ |
| ပလိတ | ၃၃ | ပုဂ္ဂလ | ၈၅ |
| ပဏိဟိတ | ၈၇ | ပုည | ၈၇ |
| ပက္ခ | ၉၂ | ပုဏ္ဏာဝသိကော | ၁၉၃ |
| ပရိဗ္ဗာဇကော | ၁၂၅ | ပုရေက္ခာရော | ၂၈၀ |
| ပစ္စနိက | ၁၄၂ | ပုဗ္ဗဏှ | ၃၂၁ |
| ပဿ | ၁၅၇ | ပုထုအာရမ္မဏ | ၃၈၇ |
| ပရိတ္တ | ၂၁၉ | ပေမနီယာ | ၂၉၃ |
| ပရိဠာဟ | ၂၃၃ | ဖ | |
| ပလိဗုဒ္ဓ | ၂၃၄ | ဖရုသ | ၂၈၉ |
| ပဋ္ဌ | ၃၇၅ | ဖုဿ | ၄၄၆ |
| ပဏီတ | ၃၈၇ | ဖေဂ္ဂု | ၄၇၅ |
| ပဏ္ဏတ္တိ | ၄၅၂ | ဗ | |
| ပယိရုပါသတော | ၄၈၅ | ဗြဟ္မဒတ္တ | ၁၂၉ |
| ပလိဗုဒ္ဓန | ၄၉၁ | ဗဓိရ | ၇၃၀ |
| ပလောတိ | ၅၄၃ | ဗြာဟ္မဏ' | ၆၅၃ |
| ပလိဗောဓ | ၅၇၂ | ဗီဇ | ၃၀၉ |
| ပလ္လင်္က | ၆၀၁ | ဗေဒါနံ | ၆၆၆ |
| ပသေနဒိ | ၆၆၃ | ဘ | |
| ပလ္လောမော | ၇၀၃ | ဘဂဝါ | ၁၀၀ |
| ပလိဿ | ၇၀၄ | ဘောဇနေယျံ | ၈၃ |
| ပါလိဖုလ္လ | ၁၄၇ | မ | |
| ပါဏ | ၂၅၁ | မဥ္ဇူသာ | ၁၅၃ |
| ပါတရာသ | ၃၁၁ | မဏ္ဍန | ၃၁၂ |
| ပါရိဇုည | ၆၆၆ | မဟာစ္ဆာ | ၅၀၇ |
| ပိဟိတာ | ၂၃၅ | မဂဓ | ၇၁၉ |
| ပိပ္ပလိက | ၂၆၅ | မသာဏာနိ | ၇၃၆ |
| ပိသုဏ | ၂၇၇ | | |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ |
|---|---|
| မာတာပေတ္တိကံ | ၆၉၀ |
| မုဋ္ဌာ | ၆၈၇ |
| **ယ** | |
| ယထာဘုစ္စံ | ၃၈၇ |
| ယညော | ၇၂၇ |
| ယောဗ္ဗန | ၆၂၈ |
| **ရ** | |
| ရဇ္ဇု | ၄၅၀ |
| ရတ္တညူ | ၄၀၉ |
| ရတန | ၆၇၇ |
| ရုက္ခ | ၅၈၂ |
| **လ** | |
| လက္ခဏာ | ၄၀၄ |
| လိစ္ဆဝိ | ၇၂၉ |
| **ဝ** | |
| ဝဝတ္ထာန | ၃၉၀ |
| ဝဋ္ဋာ | ၄၀၁ |
| ဝဋ္ဋဝါ | ၆၇၉ |
| ဝလာဟက | ၇၃၈ |
| ဝါက္ကရဏ | ၆၉၇ |
| ဝိမ္ဗယ | ၁၇၂ |
| ဝေရမဏီ | ၇၂၄ |
| ဝေါသာ | ၃၇၈ |
| **သ** | |
| သဏ္ဍရဏီယော | ၂၅ |
| သဘာဂ | ၅၂ |
| **သ** | |
| သမောဓာန | ၁၆၇ |
| သကုဏာ | ၃၆၅ |
| သဿတိ | ၄၀၄ |
| သမာဟိတ | ၆၁၂ |
| သကျ | ၆၉၃ |
| သာပဒေသ | ၃၁၂ |
| သာရဏီယံ | ၅၂၉ |
| သာတိ | ၆၂၆ |
| သီထိလ | ၄၆ |
| သီလံ | ၅၀၄ |
| သုတ္တံ | ၅၂ |
| သုည | ၄၅၈ |
| သေက္ခော | ၂၅ |
| သောမနဿံ | ၂၁၁ |
| သောဝဂ္ဂိက | ၅၂၅ |
| သံဝစ္ဆရ | ၉၂ |
| သမ္ဗဟုလ | ၁၆၂ |
| သံဝဋ္ဋတိ | ၄၁၀ |
| သမ္ဘာဝယေယျံ | ၄၃၃ |
| သံဝိဓဟာန | ၅၀၈ |
| သမ္ဗဇည | ၅၀၇ |
| သမ္မောဒနီယံ | ၆၀၃ |
| **ဟ** | |
| ဟဒယ | ၁၅ |
| ဟလာဟလ | ၁၃၃ |

http://www.dhammadownload.com

# နိဂုံးနှင့်ပတ္ထနာ

(၁) ဇုတိမံ ထုတိမံ ဓီရံ၊
ယံ ယံ နိဿာယ သာသနေ။
ဝဍ္ဎိတံ သုသမ္ဘတ္တေန၊
ဉ့ံ ကောဝိဒေန ဓီမတာ။

(၂) ကုသိမရာဇဓာနိယာ၊
ဇာတေန ဇာတိယာ မယာ။
အာရဒ္ဓေ သာ သုနိဋ္ဌိတာ၊
နိဿောကာရာမဝ ါသိနာ။

(၃) ဣတိ တံ သင်္ဂရေန္တေန၊
ယံ ပုညံ ပသုတံ သဒါ။
အညမ္ပိဿာနုဘာဝေန၊
ပိဝေယျံ အမတောသဓံ။ ။

(၁) ဇုတိမံ၊နေရောင်–လရောင် နေလရောင်တို့ထက် ဝေပြောင်တောက်ဝင်း သီလတည်းဟူသော အရောင်အလင်းလည်း ရှိတော်မူပေထသော။ ထုတိမံ၊ တည်ကြည်မှုဂုဏ်အရာမှာ ပုံပမာကျောက်တိုင်တမျှ ကဲ့သို့ မဖောက်–မငိုင် မရှိင်–မယွင်းသည့် သမာဓိတည်းဟူသော ကျော်စောခြင်းလည်း ရှိတော်မူပေထသော။ ဓီရံ၊ လောကီအရာမှာလည်း မပြိုင်သာ လောကုတ္တရာမှာလည်း အခေါင်ထိသမို့ ပညာရှိကဝိတဆူ ပဏ္ဍိဝိဒူလည်း ဖြစ်တော်မူပေထသော။ ယံ ယံ အာစေရံ၊ ငါးသိုင်းချောင်းမြို့ ငါးပိဆိပ်ရွာ **အောက်ကျောင်းဆရာတော်** ဒေါင့်ကြီးရွာ ရွှေကျောင်းဆရာတော် **အဘိဓဇမဟာရဋ္ဌဂုရု** **မစိုးရိမ်ဆရာတော်** **ဝိနယကျောင်းနာယကဆရာတော်** **"အဂ္ဂမဟာပဏ္ဍိတ"** **စံဝတီဆရာတော်** စသော အနန္တဂိုဏ်းဝင် အကြင်အကြင်ဆရာမြတ်အပေါင်းကို။နိဿာယ၊အမှီပြု၍။ ဝဍ္ဎိတံ သုသမ္ဘတ္တေန၊ နာယကအဆင့် စာချတင့်သမို့ ဌာနအမြင့်သို့ ရောက်သော။ ဉ့ံ ကောဝိဒေန ဓီမတာ၊ ဆရာ့ထံမှ နည်းနာရသည့် စာချ ပညာ ကိုယ်၌ပါသဖြင့် သညာနွတ္တ နာမဆင့်ကျော် ကောဝိဒ–ဟု ခေါ်ဝေါ်အပ်သော။ (မယာ–၌စပ်)

http://www.dhammadownload.com



(၂) ကုသိမရာဇဓာနယာ၊ သောနှင့်တြိန် ပဋ္ဌမိန်ဟု သုဒ္ဒိန်ကြုံ
ကြိုက် ခါအခိုက်မှ သမိုက်ဝေါဟာ ရွှေ့လျှောလာသည့် ရာဇာ့သေနင်း
သမိန်မင်းတို့ ပျော်ခင်းစံရာ ဆပဒါမှတ် ရဟန်းမြတ်တို့ ထွန်းလတ်
ဂုဏ်ရှိန် မြို့ပုသိန်၌။ ဇာတိယာ- ဇာတေန၊ ပဋိသန္ဓေ အားဖြင့်
ဖြစ်သော။ နိဿောကာရာမဝါသိနာ၊ မြန်မာတွင်မက ကမ္ဘာပင် ကျော်
ကြားလှပေသော နိဿောကာရာမ မန္တလာဘူမိ မစိုးရိမ်ကျောင်းတိုက်
အတွင်း၌ ယာပိုထ်မွေ့မွေ့ သီတင်းသုံး နေလေ့ရှိသော။ မယာ၊
ငါသည်။အာရဒ္ဓါ၊ စာချဂုဏ်ထူး ထွဋ်အဖူးကို ဆွတ်ခူးလွယ်ရန် စိတ်ရည်
သန်၍ ဝေဘန်နိုင်းရှု ရေးသားပြုစုအပ်သော။ သော၊ ယခုခေတ်
တွင် ခေတ်အမြင်ဖြင့် မပေါ်လွင်ငြား အဋ္ဌကထာစာသားကို ထင်ရှား
ဆင့်ဆင့် ပေါ်အောင်ဖွင့်ပေ သီလက္ခန်ကျမ်းအဖြေသည်။ ဝါ၊ ဋ္ဌကထာ
စ,ဆုံး သိမ်းကျုံးမိမိ ကျမ်းကုန်ညို၍ ပြည့်ပြည့်စုံစုံ ကုံကုံငင ဖော်ပြပါ
သော မြန်မာ့ဝေါဟာ "သီလက္ခန်ကျမ်းအဖြေစာ" သည်။ သုနိဋ္ဌိတာ၊
၁၃၂၄-ခု ဥတုပေါမန် တောင်ယုဂန်၌ စန်းကြိုက်မိဂသီ တလီဟာသ် ယှဉ်
ဇာပေါ်ထွန်း သဇင်မွှန်းသား နှင်းသွန်းခိုက်ကြုံ သဥ္ဇာဘုံဝယ် မလုံအေး
ခါတ် လွှမ်းရစ်ပတ်သော် လနတ္တော်၏ ခေါ်ဝေါ်ဇုဏ္ဍ ဆန်းပက္ခတွင်
ဒိနဒသာ ဓနုဇိဝါ၌ ရွှေစာနိဂုံး ကမ္ပတ်ဖုံး၍ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပေပြီ။

(၃) ဣတိ၊ ဤသို့။ တံ သခ်ရောန္တေန၊ ထိုမစိုးရိမ် သီလက္ခန်
အဖြေကျမ်းကိုကြိုးပမ်းတီထွင် ပြုစီရင်သောငါသည်။ ယံ ပုညမ္ပိ၊ အကြင်
ကျမ်းပြု ကုသိုလ်စုကိုရင်း။ အညံ ပုညမ္ပိ၊ ထိုမှတပါး များစွာကောင်းမှု
ကုသိုလ်စုကိုရင်း။ သဒါပသုတံ၊ အာစိဏ္ဏကံ ခါကြိမ်ဖန်၍ စိတ်သန်ထပ်
ထပ်ပွားစေအပ်ပြီ။ အသာ၊ ပွားများစေအပ် ယင်းကုသိုလ် မြတ်၏။
အာနုဘာဝေန၊ နာနာက္ခဏိက စသည်ထွေပြား စွမ်းပကားကြောင့်။အမ
တောသမံ၊ နိဗ္ဗာန်ဟူသည့် မြိုက်ဆေးရည်ကို။ ပိဝေယျံ၊ ခုဘဝမှာလည်း
မကောင်း နောင်သံသရာမှာလည်း-ချမ်းသာမဖက်သဖြင့်လွှမ်းစရာတကွက်
မျှ မရှိသည့် အကုသလ အာသဝညစ်ကြေး အနာဆွေးကို ငြိမ်းအေး
မဖောက် ချုပ်ကွယ်ပျောက်အောင် အရဟတ္တဖိုလ် မြတ်ယောက်ချီဖြင့်
သောက်မျိုရပါလို၏။

မစိုးရိမ်သီလက္ခန်အဖြေကျမ်း အလုံးစုံပြီးပြီ။

F.99 B

http://www.dhammadownload.com

ဒုတိယအကြိမ်

# ထပ်မံဖြည့်စွက်ချက်

●

၁၃၃၇-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ ဒုတိယ မေးခွန်းအဖြေ

(က) တယိဒံ မဟာသိဝတ္ထေရေန ဝုတ္တံ အသမ္ဘောဟစုံ မဟာသတိ ပဋ္ဌာနသုတ္တေ အဓိပ္ပေတံ။

(ခ) ဣမသ္မိံ ပန သာမညဖလေ သဗ္ဗမ္ပိ စတုဗ္ဗိဓံ သမ္ပဇညံ လဗ္ဘတိ။

(ဂ) တသ္မာ ဝုတ္တနယေနေဝ စေတ္ထ စတုန္နံ သမ္ပဇညာနံ ဝသေန သမ္ပဇာနကာရိတာ ဝေဒိတဗ္ဗာ။ (ဋ္ဌ-၁၈၂)

● (၁) အထက်ပါဝါကျတို့ကို အနက်ယောဇနာခဲ့ပါ။
ဖြေ။ ။သျှ-သစ်၊ ၂-၂၀၁။

---

● (၂) က—မှတ်ပြဝါကျ၌ လိုရင်းကောက်၍တယိဒံပုဒ်ကိုသာ သဒ္ဒါနည်းအားဖြင့် အဘိဿယာစကထွက်ခဲ့ပါ။

ဖြေ။ ။ လိုရင်းပဓာနကောက်ပုံ

က-ဝါကျ၌ ပဓာနကား အဓိပ္ပေတံ—ဟူသည်တည်း။ အဓိပ္ပါယ်ကား အလိုရှိအပ်၏-ဟူလိုသောဝ်။

သဒ္ဒါနည်းအဘိယာစကထွက်ပုံ

ဆရာ၊ ဆရာသည် အဓိပ္ပေတံ-ဟူသောပါဠ်ဖြင့် ကမ္မဝါစကကြိယာ (ဝါ)ကမ္မိကို ဆိုတော်မူ၏။ (ထပနာ) ယင်းကမ္မဝါစက ကိတ်ကြိယာ၊ ဝါ-ကမ္မိ၏ကံကို ဆရာမပြက သောတုဇနတို့ မသိနိုင်ပါ။ (အဘိယာစကာ ဘောဂ)။ ယင်းကမ္မဝါစကကိတ် ကြိယာ၊ ဝါ-ကမ္မိ၏ကံကို ပြတော်မူပါဦးဟု သောတုဇနတို့ လျှောက်ထားတောင်းပန်ဘွယ် ရှိသောကြောင့် တယိဒံ-ဟု ကံကိုမိန့်၏။ (နှာ ၂၁-၇၉ ကြည့်)

http://www.dhammadownload.com



● (၃) ခ-မှတ်ပြ ပါကျ၌ အရှစျတ္တ ပန- သဒ္ဒါထားရခြင်း၏ အကြောင်းကိုပြပြီးလျှင် စောဒကာဘောဂ, စောဒနာ, ပရိဟာရဘောဂ, ပရိဟာရ စတုက္က ထုတ်ခဲ့ပါ။

ဖြေ။ ။ ပန-သဒ္ဒါထားရခြင်းအကြောင်း

သမ္ပဇညလေးပါးကို ဤသာမညဖလသုတ်၌ သိအပ်အလိုရှိအပ် ဟူသောအနက်ကို မနှစ်သက်သောကြောင့် ပန-သဒ္ဒါထားရသည်။

ရှင်းလင်းချက်။ ။မဟာသိဝထေရ်အလို မဟာသတိ ပဋ္ဌာန သုတ်မှာ အသမ္မောဟစုရ (အသမ္မောဟသမ္ပဇည)တပါးတည်းကို အလို ရှိအပ်သကဲ့သို့ သာမညဖလသုတ်၌လည်း ယင်းအသမ္မောဟစုရကိုသာ လိုအပ်သည်၊ သမ္ပဇညလေးပါးလုံးမလိုအပ်ဟု စောဒကပုဂ္ဂိုလ်က ယူဆ သည်။ ပရိဟာရပုဂ္ဂိုလ်ကမူ- ဤသာမညဖလသုတ်၌ သမ္ပဇညလေးပါး လုံးကို အလိုရှိအပ်၏ဟု ယူဆသည်။ သမ္ပဇညလေးပါးလုံးကို အလိုရှိအပ်၏ ဟူသော ပရိဟာရ ဆရာ၏ အယူအဆ အနက်အဓိပ္ပါယ်ကို စောဒက ပုဂ္ဂိုလ်မနှစ်သက်ဟု ပြလို သိစေလိုသဖြင့် ပန-သဒ္ဒါထားရသည်။

စတုက္ကထုတ်ပုံ

နနု တယိဒံ မဟာသိဝတ္ထေရေန ဝုတ္တံ အသမ္မောဟစုရံ မဟာသတိ ပဋ္ဌာနသုတ္တေ အဓိပ္ပေတံ။ (စော+ဘော)
အထ ကသ္မာ ဝုတ္တနယေနေဝ စေတ္ထ စတုန္နံ သမ္ပဇညာနံ ဝသေန သမ္ပဇာနကာရိတာ ဝေဒိတဗ္ဗာ။ (စော)
နနု ဣမသ္မိံ သာမညဖလေ သဗ္ဗမ္ပိ စတုဗ္ဗိဓံ သမ္ပဇညံ လဗ္ဘတိ။ (ပရိ+ဘော)
(တသ္မာ) ဝုတ္တနယေနေဝ "လ" ဝေဒိတဗ္ဗာ။ (ပရိ)

---

● (၄) အဓိပ္ပေတံ-ကို ဝိဂ္ဂြိုဟ်ဆို၍ ဝစနဆက်ကွဲပြပါ။

ဖြေ။ ။ဝိဂ္ဂဟ။ ။အဓိပ္ပိယတေ အာကင်္ခိယတေတိ အဓိပ္ပေတံ။ (ယံဝစနံ၊အကြင်မဟာသိဝမထေရ်သည်ဆိုအပ်သော အသမ္မောဟ လျှင် အကြီးအမှူးရှိသောစကားကို။အဓိပ္ပိယတေ အာကင်္ခိယတေ၊ အလိုရှိအပ်၏။)

http://www.dhammadownload.com



## ဝနာဒိဆက္က

အလိုရှိခြင်း ကြံယာသကတ်သည် **ဝနဟေတု**။ မဟာသိဝထေရ် ဆိုအပ်သော အသမ္ဘောဟဟုဆိုအပ်သော အကြီးအမှူးရှိသော **စကား** ဖြစ်သည် **ဝစနီယ**။ အာကင်္ခိတံ အဘိပတ္ထိတံ, အဘိစ္ဆိတံ, ရုစ္စိတံ- သော ပရိယာယ်သဒ္ဒါများသည် **ဝစနီယတ္ထ**။

† ယံ အာကင်္ခိတံ၊ ယံ အဓိပ္ပေတံ၊ ယံ အဘိပတ္ထိတံ။

(ဒီ၊ ၂-၁၉၀)

ဝိဂ္ဂဟမှတ်ဘွယ်။ ။အသမ္ဘောဟသင်္ခါတံ ခုရံ ဇေဋ္ဌကံ ယဿ ဝစနဿာတိ အသမ္ဘောဟခုရံ။ (သီ-ဋီ-သစ်၊ ၂-၁၀၈)

---

(၅) အသမ္ဘောဟခုရံ-ကို ဟေတုမန္တဝိသေသနကြံ၍ ယင်း ဟိတ်၏ သမ္ဗန်ကိုခံပြီးလျှင် ၎င်း သမ္ဗန်ပုဒ်ကို ဖြစ်သင့်သော အနက်အားလျော်စွာ စာစပ်ခဲ့ပါ။

ဖြေ။ ။ဟိတ်သမ္ဗန်။ အသမ္ဘောဟခုရတ္တာဟု ဟိတ်ပြင်၍ ယင်း ဟိတ်၏သမ္ဗန်ကား တဿကမ္မဿဝစနဿ-တည်း။ (တယိဒံကို သမ္ဗန်ခံ။ တဿ ကမ္မဿ ဖြစ်၍ ဝစနဿကား သမ္ဗန္ဓာမ်အစစ်တည်း။

အတ္ထာနုရူပစာစပ်။ ။တဿ ကမ္မဿ ဝစနဿကား ၏ဟူ၍ အနက်ပေးသောကြောင့် အသမ္ဘောဟခုရတ္တာဝယ် တ္တပစ္စည်း၌သမ္ဗန်၊ တ္တ ပစ္စည်းကား သမ္ဗန္ဓီ တည်း။

တနည်း။ ။တဿ ကမ္မဿ ဝစနဿကား သည်ဟူ၍အနက်ပေး သောကြောင့် အသမ္ဘောဟခုရတ္တာဝယ် အသမ္ဘောဟခုရဟူသော ဘာဝ ယောဂပုဒ်၌ကတ္တား၊အသမ္ဘောဟခုရဟူသော ဘာဝယောဂပုဒ်ကား ကတ္တိ တည်း။

**မှတ်ချက်**။ ။ဟေတုမန္တဝိသေသန ဟိတ်အကြောင်းကို ဤကျမ်း စာ၊နှာ-၃၀၅-ကြည့်။ ၆-နံပါတ်အဖြေကို နှာ-၅၉၆၊ ကြောင်းရေ ၁၉-၌ကြည့်ပါ။

http://www.dhammadownload.com



● (၇) သန္တုဋ္ဌောပုဒ်၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

ဖြေ။ ။သန္တုဋ္ဌော။ ။သံပုဗ္ဗ+တုသဓာတ်+တပစ္စည်း+သိဝိဘတ်။ သံ တုသတောဟုဆိုလိုလျက် တပစ္စည်းကို ဓာတွန် သ-နှင့်တကွ ဋ္ဌ-ပြုခြင်း ဝဏ္ဏဝိကာရနိဂ္ဂဟိတ်ကို န-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် သန္တုဋ္ဌောဟုပြီးပါသည်။ ရူ-၆၂၅-ကြည့်။ တနည်း-ရုပ်ပြီးပုံကို မောဂ် ၅၊၁၄၀ ကြည့်။

---

● (၈) ဤသာမညဖလသုတ်၌ သမ္ပဇည် ၄-ပါးလုံး ရခြင်း၏ အကြောင်းကိုရေးခဲ့ပါ။

ဖြေ။ ။ဤသာမညဖလသုတ်ဒေသနာ၏ သာမညဖလ တရားထူးကိုပြခြင်းလျှင် ပြဓာန်းခြင်းရှိသောကြောင့်၊ဝါ-သာမည ဖလတရားထူးကို ပဓာနအားဖြင့် ပြသောသုတ်ဖြစ်သောကြောင့် ဤသုတ်၌ သမ္ပဇညလေးပါးလုံးကို ရခြင်းဖြစ်ပါသည်။

† ယာဝဒေဝ သာမညဖလ ဝိသေသ ဒဿန ပဓာနတ္တာ ဣမိဿာ ဒေသနာယ။ (သီ-ဋီ-သစ်-၂၊၁၀၉)

---

● (၉) အောက်ပါ ဂါထာကို ဂါထာအမည် ဆန်းအမည် မှည့်ခဲ့ပါ။

စာတုဒ္ဒိသော "လ" ခဂ္ဂဝိသာဏကပ္ပေါ။

ဖြေ။ ။ဤကျမ်းစာ(နှာ-၇၆၉-ကြည့်)

---

● (၁၀) သန္တုဿမာနော၌ အနုတ္တကို ယူ၍ ဘာဝ, ဝိဘာဝ, အနုဘာဝ-ထုတ်ခဲ့ပါ။

ဖြေ။ ။ရောင့်ရဲသောရဟန်း၏ အလောဘစသည်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ။ ရရသမျှသော ပစ္စည်းလေးပါးသည် အာရမ္မဏဝိဘာဝ။ ယောနိသောမနသိကာရ, သပ္ပုရိသူပနိဿယစသည်သည် ဥဒ္ဒီပနဝိဘာဝ။ ငှက်ရပ်လေးမျက်နှာသို့ အပိတ်အပင်မရှိ သွားလာနိုင်ခြင်း,ဘေးရန်တို့ကို သည်းခံနိုင်ခြင်း, ကိုယ်ခက်ထရော်မရှိခြင်း စသည်သည် အနုဘာဝ။

---

http://www.dhammadownload.com



## ၁၃၃၁-ခုနှစ် ဓမ္မာစရိယတန်း
## သီလက္ခန္ဓဝဂ္ဂ ပါဠိအဋ္ဌကထာ ဒုတိယမေးခွန်းအဖြေ

(က) ဣမသ္မိံ စပန ဝေယျာကရဏသ္မိံတိ ဣမသ္မိံ နိဂ္ဂါထက-သုတ္တေ။

(ခ) နိဂ္ဂါထကုတ္တာ ဟိ ဣဒံ ဝေယျာကရဏန္တိ ဝုတ္တံ။

(ဂ) ဒသသဟဿီလောက ဓာတူတိ ဒသသဟဿစက္ကဝါဠ-ပရိမာဏာ လောကဓာတု။

(ဃ) အကမ္ပိတ္ထာတိ န သုတ္တပရိယောသာနေယေဝ အကမ္ပိတ္ထာတိ ဝေဒိတဗ္ဗာ။

(င) ဘညမာနေတိ ဟိ ဝုတ္တံ။ (ဠ-၁၁၉)

● (၁) ခ-ဃ-င- အမှတ်ပြဝါကျတို့ကို ဝါကျအပြန်အလှန် အနက်ယောဇနာခဲ့ပါ။

ဖြေ။ ။အကမ္ပိတ္ထာတိ၊ကား။ သုတ္တပရိယောသာနေ ယေဝ၊ သုတ်၏ အဆုံး၌သာလျှင်။အကမ္ပိတ္ထ၊ တုန်လှုပ်ပြီ။ ဣတိ၊ ဤသို့။ နဝေဒိတဗ္ဗာ၊ သိအပ်သည်မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်။ သုတ္တပရိယောသာနေယေဝ၊ ၌သာလျှင်။ အကမ္ပိတ္ထ၊ တုန်လှုပ်ပြီ။ ဣတိ၊ ဤသို့။ နဝေဒိတဗ္ဗာ၊ မသိအပ်သနည်း။ ဣတိအယံ၊ ကား။ ပုစ္ဆာ၊ တည်း။

ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဘညမာနေတိ၊ ဘညမာနေဟူ၍။ ဝတ္တမာနကာလဝသေန၊ ပစ္စုပ္ပန်ဖြစ်သောကာလ၏ အစွမ်းဖြင့်။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ တသ္မာ၊ ကြောင့်။ သုတ္တပရိယောသာနေ ယေဝ။ အကမ္ပိတ္ထာတိ။ နဝေဒိတဗ္ဗာ။ ဣတိအယံ။ ဝိသဇ္ဇနာ။

မှတ်ချက်။ ။င-ဝါကျကား ကာရဏဝါကျ။ ဝါ-အန္ဒယအာဂမဒဋ္ဌိ တရဏဝါကျ။ ဝါ-ကသ္မာဟူသော စောဒနာကို သောဓနာဝါကျ ဖြစ်၍ ဖလ၊ ဝါ-ဗျတိရေကအာဂမဒဋ္ဌိယ၊ ဝါ-သောဓေတဗ္ဗ ဖြစ်သော ဃ-ဝါကျသို့ အပြန်အလှန်စပ်၍ အနက်ယောဇနာရသည်။ ဤသည်ကို

http://www.dhammadownload.com



ရည်၍ ပုစ္ဆာ၌ အပြန်အလှန်အနက်ယောဇနာပါဟု မေးခဲ့သည်။ ဤ၀ါကျ မျိုး ဤသို့ဖြေ ဤသို့ဖြေရသည်ကို သတိပြု။ အောက်ပါ ဋီကာသင် စကားကိုလည်း မှတ်သားပါလေ။

†. ကသ္မာတိ စောဒနံ သောဓေတိ။ ဘညမာနေတိ ဟိ ဝုတ္တန္တိ ဣမိနာ။

ဥဘယာလမ္ဗနပဒဋ္ဌေတံ ဟေဋ္ဌာ ဥပ္ပရိစ သမ္ဗဇ္ဈနတော။

(သီ-ဋီ-သစ်၊ ၁၊၄၇၃)

---

● (၂) ဂ-မှတ်ပြ၀ါကျကို အစိပ္ပါယ်ပြန်နှင့်တကွ စောဒနာ တက်ခဲ့ပါ။

ဖြေ။ ။ **သာစိပ္ပါယစောဒနာတက်ပုံ**

ဆရာ၊ဆရာသည် က-ခ-၀ါကျတို့ဖြင့် ဣမသ္မိံ စပန ဝေယျာကရဏသ္မိံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ဖွင့်ဆိုတော်မူ၏။ (ထပနာ) ဒသသဟဿီ လောကဓာတု-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်နည်း။ (စောဒနာ)။ ယင်းသံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကို မပြပြီလော။ (အာဘော်)။ အကယ်၍ ဣမသ္မိံ စပန ဝေယျာကရဏသ္မိံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုသာ ပြ၍ ဒသသဟဿီ လောကဓာတု-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့် သံဝဏ္ဏနာကို မပြချေသော် ဆရာ့အား စကားမပြန့်နှံ့ခြင်း အဗျာပိတဒေါသ, မပြည့်စုံခြင်းအပရိပုဏ္ဏဒေါသ ရောက်ရာ၏။ (ဒေါသာရောပန)။ ဤသို့သူစောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာ လိုသော အဋ္ဌကထာဆရာသည် ဂ-၀ါကျကိုမိန့်။

**အစိပ္ပါယ်ကား**။ ။ဂ-၀ါကျဖြင့် ဒသသဟဿီ လောကဓာတု-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော အဗျာပိတ, အပရိပုဏ္ဏဒေါသ ငါ့အားမရောက် ဆိုသင့်ဆိုတန်၏ဟူလိုသောဝ်။

မှတ်ချက်။ ။ဝ-၀ါကျကား ပက္ခန္တရ၊ ထိုကိုထောက်၍ က-ခ-၀ါကျကား ပက္ခ၀ါကျ။ "ပက္ခန္တရ၊ ဟူလက၊ အဗျာပိတတင်"။

http://www.dhammadownload.com



● (၃) ဃ-င-အမှတ်ပြ ဝါကျများ၌ စောဒကာဘောဂါဒိ စတုက္ကထုတ်ပြခဲ့ပါ။

ဖြေ။ ။ စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ

(၁) ပါဠိ။ ။နနု ဒွါသဋ္ဌိယာ ဌာနေသု အကမ္မိတ္တာတိ ပါဠိယံ န ဝုတ္တံ။ (စော+ဘော)

မြန်မာ။ ။ခြောက်ဆယ့်နှစ်ပါးသော အရာဌာနတို့၌ တုန်လှုပ်ပြီဟု ပါဠိ၌ မဟောအပ်သည်မဟုတ်သလော၊ ဝါ-ဟော၊ထားသည်မဟုတ်လော။

(၂) ပါဠိ။ ။အထ ကသ္မာ န သုတ္တပရိယောသာနေယေဝ အကမ္မိတ္ထာတိ ဝေဒိတဗ္ဗာ။ (ဗျတိရေကစောဒနာ)

ဒွါသဋ္ဌိယာ ဌာနေသု အကမ္မိတ္ထာတိ ဝေဒိတဗ္ဗာ။ (အန္ဝယစောဒနာ)

(ဌ-၁၂၀၊ ရှု)

မြန်မာ။ ။ဒွါသဋ္ဌိယာ ဌာနေသု အကမ္မိတ္ထဟု ပါဠိ၌မဟောဘဲ လျက် အဘယ့်ကြောင့် (အတကသ္မာ) သုတ်၏ အဆုံး၌သာလျှင် တုန်လှုပ် ပြီဟု မသိအပ်ပါသနည်း။ (ဗျတိရေကစောဒနာ)

ခြောက်ဆယ့်နှစ်ပါးသော အရာဌာနတို့၌ တုန်လှုပ်ပြီဟု သိအပ် ပါသနည်း။ (အန္ဝယစောဒနာ)

(၃) ပါဠိ။ ။နနု ဘညမာနေတိ ဝတ္တမာန ကာလဝသေန ဝုတ္တံ။ (ပရိ+ဘော)

မြန်မာ။ ။ဘညမာနေ-ဟု ပစ္စုပ္ပန်ဖြစ်သော ကာလ၏ အစွမ်း ဖြင့် အရှင်အာနန္ဒာ ဟောအပ်သည်မဟုတ်လော။

(၄) ပါဠိ။ ။(တသ္မာ) န သုတ္တပရိယောသာနေယေဝ အကမ္မိတ္ထာတိ ဝေဒိတဗ္ဗာ။ (ဗျတိရေကပရိဟာရ)

ဒွါသဋ္ဌိယာ ဌာနေသု အကမ္မိတ္ထာတိ ဝေဒိတဗ္ဗာ။ (အန္ဝယပရိဟာရ)

မြန်မာ။ ။ထိုသို့ ဘညမာနေ-ဟု ပစ္စုပ္ပန်ကာလ၏ အစွမ်းဖြင့် ဟောသောကြောင့် ဗြဟ္မဇာလသုတ်၏ အဆုံး၌သာလျှင်(တသောင်းသော စကြဝဠာလောကဓာတ်) တုန်လှုပ်သည်ဟုမသိအပ်။(ဗျတိရေကပရိဟာရ)

http://www.dhammadownload.com



ခြောက်ဆယ်နှစ်ပါးသောအရာဌာနတို့၌ (တသောင်းသော စကြာဝဠာ လောကဓာတ်) တုန်လှုပ်ပြီဟု သိအပ်၏။ (အန္တယပရိဟာရ)

**မှတ်ချက်။** ။ခြောက်ဆယ့်နှစ်ပါးသော အရာဌာနတို့၌ တုန်လှုပ်၏ ဟူသည် ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးကို ဖြေရှင်း၍ ဟောကြားရာတွင် ဒိဋ္ဌိတပါးတပါး ဖြေရှင်းပြီးတိုင်းပြီးတိုင်း (ခြောက်ဆယ့်နှစ်ကြိမ်) လောကဓာတ်တုန်လှုပ်သည်ဟု ဆိုလိုသည်(ဋ္ဌ-၁၁၉-၁၂၀၊ကြည့်။ သီ-ဋီ-သစ်၊ ၁၊ ၄၇၃-လည်းကြည့်) သဘောပေါက်လွယ်စေရန် ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုလိုက်သည်။ စာဖြေရာ၌ ပုစ္ဆာအလိုက်ဘာချိုး(သို့မဟုတ်) နှစ်မျိုးဖြေဆိုရာ၏။

---

● (၄) ဂ-အမှတ်ပြဝါကျ၌ ပါသောဝုတ္တံ-ကို ဝိဂ္ဂဟပြုပြီးလျှင် ၎င်း၌ ဝစနာဒိဆက္ကကို ထုတ်ပြခဲ့ပါ။

**ဖြေ။** ။ **ဝစနာဒိဆက္ကထုတ်ပုံ**

**ဝိဂ္ဂဟ။** ။အဝစီယိတ္ထာတိဝုတ္တံ။ (အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ယံဘညမာနေတိ ဝစနံ၊ ကို။ အဝစီယိတ္ထ၊ ဟောအပ်ပြီ။ တံဝုတ္တံ။)

**ဝစနာဒိဆက္က။** ။ဝုတ္တံ-ဟူသောနိပ္ဖန္နသည် **ဝစန** မည်၏။ အဝစီယိတ္ထဟူသော ဝိဂ္ဂိုဟ်ဝါကျသည် **ဝစနတ္ထ**မည်၏၊ ဟောခြင်းကြိယာသကတ်သည် **ဝစနဟေတု** မည်၏။ ဣတိသဒ္ဒါသည် **ဝစနဟေတုဇောတက** မည်၏။ ဟောအပ်သော ဘညမာနေ-ဟူသော သဝိညတ္တိက ဝစီဘေဒသဒ္ဒဖြစ်သည် **ဝစနီယ** မည်၏။

---

ဘာသိတံ, လပိတံ, ဂဒိတံ, အဘိဟိတံ, အာချာတံ, ဇပ္ပိတံ, ဥဒီရိတံ, ကထိတံ, ဘဏိတံ, ဥဒိတံ-ဟူသော ပရိယာယ်သဒ္ဒါများသည် **ဝစနီယတ္ထ**မည်၏။

† ဝစ-ဝိယတ္တိယံဝါစာယံ၊ အဝစီယိတ္ထာတိအတ္ထေ တပ္ပစ္စယော။ (ရူ-၆၂၇)

ဘာသိတံ လပိတံဝုတ္တာ၊ ဘိဟိတာချာတ ဇပ္ပိတာ။
ဥဒီရိတဥ္စကထိတံ၊ ဂဒိတံ ဘဏိတောဒိတာ။ (ဓာန်-၇၅၅)

F.100 B

http://www.dhammadownload.com



● (၅) ခ-အမှတ်ပြဝါကျ၌ပါသော နိဂ္ဂါထကတ္တာ-ဟူသော ဟိတ်၏ သမ္ဗန်ကိုခလျက် စာစပ်ပြီး ဘာဝသမ္ဗန်ပုဒ်၏ ဝါစ္စတ္ထ ကိုလည်း ထုတ်ပြခဲ့ပါ။

ဖြေ။ ။နိဂ္ဂါထကတ္တာ-ဟူသောဟိတ်၏သမ္ဗန်ကား ဣမဿ ဖြဟ္မဇာလသုတ္တဿတည်း။

စာစပ်ပုံ။ ။ဣမဿ ဖြဟ္မဇာလသုတ္တဿကား ဧဟူ၍အနက်ပေး သောကြောင့် နိဂ္ဂါထကတ္တာဝယ် တ္တပစ္စည်း၌သမ္ဗန်။ တ္တပစ္စည်းကား သမ္ဗန္ဓိ-တည်း။ ဣမဿဖြဟ္မဇာလသုတ္တဿကား သည်ဟူ၍ အနက်ပေး သောကြောင့် နိဂ္ဂါထကတ္တာဝယ် နိဂ္ဂါထကဟူသော ဘာဝယောဂပုဒ်၌ ကတ္တား၊ နိဂ္ဂါထကဟူသောဘာဝယောဂပုဒ်ကား ကတ္တိ တည်း။ ဘာဝ သမ္ဗန်၏ ဝါစ္စတ္ထကား ကတ္တုတ္ထတည်း။

## ဝါစ္စတ္ထနှင့် ပစ္စယတ္ထ

ဗဟုဗ္ဗိဟိ သမာသ်ပုဒ် ဝါစကတပ်ခိုက် ယင်းသမာသ်မှာ ပစ္စည်း မပါသဖြင့်ယင်းသမာသ်သည် ဟောအပ်သောအနက်ကို ပစ္စယတ္ထ(ပစ္စည်း ၏ကနက်) ဟု မဆိုနိုင်။ ဝါစ္စတ္ထ (ဟောအပ်သောအနက်)ဟုသာ သုံး နိုင်သည်။ နိဂ္ဂါထကတ္တာတွင် နိဂ္ဂါထကပုဒ်ကို "နတ္ထိ ဂါထာ ဣမဿ သုတ္တဿာတိ နိဂ္ဂါထကံ"ဟု ဗဟုဗ္ဗိဟိ ဝိဂ္ဂဟပြု (နိ+ဂါထာ+က) "ဗဟုဗ္ဗိဟိ၊ အညတ္ထိ၊ တုဘိကတ္တုနေ"နိယံအရ ဗဟုဗ္ဗိဟိနှင့် အညတ္ထိတို့ ကား ကတ္တုသာခနေနှင့်အတူ ဇတ္တားဟော= ဥတ္တုဝါစ္စတ္ထ ပုဒ်များ ဖြစ်ကြသဖြင့် ယင်းတို့၏ ဝါစ္စတ္ထကား ကတ္တုတ္ထတည်းဟု သိရာ၏။ ပစ္စယတ္ထနှင့်သဘောသွား အတူတူပင်တည်း။

(နှာ-၇၂-လည်းကြည့်)

---

● (၆) ဏ-အမှတ်ပြဝါကျကို အဋ္ဌကထာဘောဂ ဖော်ပြ လျက် သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

ဖြေ။ ။ဣမသ္မိံ နိဂ္ဂါထကသုတ္တေ-ဖြင့် ဝေယျာကရဏဟူသည် ဂါထာမဖက် အမေးအဖြေသက်သက်မျှသာ ဖြစ်သောသုတ်တည်းဟူသော အဓိပ္ပါယ်ကိုရင်း°၊ တနည်း-ယင်းဖြင့် ဝေယျာကရဏအရ ဂါထာမဖက်

http://www.dhammadownload.com



အမေးအဖြေသက်သက်မျှသာ ဖြစ်သောသုတ်ကို ယူရမည်၏အဖြစ်ကိုရင်း, ဣမသ္မိံ စပန-၌ စ-နိပါတ်ပုဒ်, ပန-နိပါတ်ပုဒ်တို့၏ ပဒပူရဏ၏အဖြစ်ကိုရင်း၊ သိစေပါသည်။

(၁) ဘာဝတ္ထ။ တနည်း (၂) အဘိဓေယျတ္ထ။
(၃) နိပါတလိင်္ဂတ္ထ, နိပါတလိင်္ဂတ္ထ။

မှတ်ချက်။ ။သံဝဏ္ဏနာ၌ စ မန-နိပါတ်ပုဒ်တို့ကို ချန်လှပ်၍ ဖွင့်သည်ကို သတိပြု။ ။"ရှိတာမပြ၊အနုတ္တ"။

---

● (၇) ဂ-မှတ်ပြဝါကျ၌ ပါသော လောကပုဒ်၏နိရုတ္တိနည်း ဖြင့်ရှစ်ပြီးပုံကိုဖြေခဲ့ပါ။

ဖြေ။ ။လောကကား လုဇဓာတ်, ဏာစ္စည်း၊ ဥ-ကိုဩ-ပြု၍ လောဇဟု ဆိုလိုလျက် ဇ-ကို ဂ-ပြုခြင်းဝဏ္ဏဝိကာရ၊ ဂ-ကို က-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် လောကဟုပြီးပါသည်။

တနည်း။ ။လောဇဟုဆိုလိုလျက် ဇ-ကို က-ပြုခြင်းဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် လောကဟုပြီးပါသည်။

† လုဇ အဒဿနေ။လုဇ္ဇတီတိ လောကော၊ဂဿကောဇဿဝါ။
(ဘိ-ဋီ-၁၈၆။သူစိ။)

---

● (၈) ဗြဟ္မဇာလသုတ်ကို ဟောတော်မူရာ၌ မြေလှုပ်ရာ အခါနှင့် မြေလှုပ်သောအကြိမ်ကို ဖြေဆိုခဲ့ပါ။

ဖြေ။ ။ခြောက်ဆယ်နှစ်ပါးသော ဒိဋ္ဌိအယူတို့ကို ဖြေရှင်း၍ ဟောကြားတော်မူရာတွင် ဒိဋ္ဌိအယူဘပါး ပြီးဆုံးတိုင်းပြီးဆုံးတိုင်းသော အခါသည် ယင်းသုတ်ကို ဟောတော်မူရာ၌ မြေတုန်လှုပ်ရာအခါ ဖြစ်ပါသည်။ မြေတုန်လှုပ်သော အကြိမ်မှာ ခြောက်ဆယ့်နှစ်ကြိမ်ဖြစ်ပါသည်။
(၄-၁၁၉-၁၂၀)

---

http://www.dhammadownload.com



(၉) ဧဝံ ယထာနုဘာဝေန၊ အကမ္ပိတ္ထ အနေကသော။
မေဒနီသုတ္တသေဋ္ဌာ၊ ဒေသိတဿ သယမ္ဘုနာ။
ဟူသောဂါထာကိုဂါထာအမည်ဆန်းအမည်ပေးခဲ့ပါ။

ဖြေ။ ။ဂါထာအမည် ပထျာဝတ္တဂါထာ။
ဆန်းအမည် အနုဋ္ဌုဘာဆန်း။

---

(၁၀) ၉-နံပါတ်ပုစ္ဆာ၌ ဒေသိတဿဝယ် ဒိသဓာတ်၏ အရကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာထုတ်ပြပါ။

ဖြေ။ ။ဒိသဓာတ်၏အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရဝရသ။ တနည်း– ဗြဟ္မဇာလသုတ်ကို ဟောကြားတော်မူသော မြတ်စွာဘုရား၏ ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရရသ။ သုတ္တသေဋ္ဌသအရ ဗြဟ္မဇာလသုတ်ဖြစ်သည် အာရမ္မဏဝိဘာဝ။ ယင်းသုတ်၏ သေဋ္ဌဘော့ဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ။ ယထာနုဘာဝေန အကမ္ပိတ္ထ အနေကသောအရ အကြိမ်များစွာ မြေကုန်လှုပ်ခြင်း အကျိုးတရားသည် အနုဘာဝ။

---

### ၁၃၃၄-ခုနှစ် ဓမ္မာစရိယတန်း
### သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာဒုတိယ မေးခွန်းအဖြေ

(က) ဝတ္ထုဂုယှေတိ အင်္ဂဇာတေ။

(ခ) ဘဂဝတော ဟိ ဝရဝါရဏဿေဝ ကောသောဟိတံ ဝတ္ထုဂုယှံ သုဝဏ္ဏဝဏ္ဏံ ပဒုမဂဗ္ဘသမာနံ။

(ဂ) တံ သော ဝတ္ထပဋိစ္ဆန္နတ္တာ အပဿန္တော, အန္တောမုခဂတာယစ ဇိဝှါယ ပဟူတဘာဝံ အသလ္လက္ခေန္တော တေသု ဒွီသု လက္ခဏေသု ကင်္ခီ အဟောသိ ဝိစိကိစ္ဆီ။

(ဃ) တထာရူပန္တိ တံ ရူပံ။ (၁၅-၂၄၆)

http://www.dhammadownload.com



● (၁) ခ-မှတ်ဝါကျကို မှန်ကန်စွာအနက်ယောဇနာပါ။

ဖြေ။ ။ဋ္ဌ-သျှ၊ ၂၊၃၄၂။ဋ္ဌ-သျှ-သဝ်၊ ၂၊၄၁၉။

---

● (၂) ဂ-မှတ်ဝါကျ၌ အပဿန္ဒော မှ ကံနှင့် ဟိတ်တို့ သင့်သောဘောဂပုစ္ဆာနည်းဖြင့် ထွက်ပြပါ။

ဖြေ။ ကံပုဒ်သို့သဒ္ဒသာဘောဂ ပုစ္ဆာထွက်

ဆရာ၊ဆရာသည်အပဿန္ဒောဖြင့် ကမ္မိကိုဆိုတော်မူ၏ (ထပနာ)။ ကမ္မိမည်သည် ကံနှင့်မကင်းကောင်းသည်မဟုတ်မါလော (အာဓေဘ်)။ ယင်းကမ္မိ၏ကံကား အဘယ်နည်း (ပုစ္ဆာ)–ကြောင့်—တံဟူသောပါဒ်ကို မိန့်။

အဓိပ္ပါယ်ကား–တံဟူသောပါဒ်ဖြင့် အပဿန္ဒောဟူသော ကမ္မိ၏ ကံကိုငါပြဆို၏ဟူလိုသောဝ်။

ဟိတ်ပုဒ်သို့ သဒ္ဒသာဘောဂပုစ္ဆာထွက်

ဆရာ၊ဆရာသည် အပဿန္ဒောဖြင့် ဟိတ်ဖိုလ်ကိုဆိုတော်မူ၏။ ဟိတ်ဖိုလ်မည်သည် ဟိတ်နှင့်မကင်းကောင်းသည်မဟုတ်ပါလော။ ယင်းအပဿန္ဒောဟူသော ဟိတ်ဖိုလ်၏ဟိတ်ကား အဘယ်နည်း-ကြောင့်-ဝတ္ထုပဋိစ္ဆန္နတ္တာဟူသောပါဒ်ကိုမိန့်။

အဓိပ္ပါယ်ကား–ယင်းဝတ္ထုပဋိစ္ဆန္နတ္တာဖြင့် အပဿန္ဒော ဟူသော ဟိတ်ဖိုလ်၏ ဟိတ်ကို ငါပြဆို၏ဟူလိုသောဝ်။

---

● (၃) ဂ-မှတ်ဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိ စတုက္ကကို ထုတ်ပြပါ။

ဖြေ။ ။ စောဒကာဘောဂါဒိစတုက္က

နနု ဘဂဝတော ကာယေ ကောသောဟိတဝတ္ထဂုယှပဟူတဇိဝှတာ သန်ါတာနိ ဒွေမဟာပုရိသလက္ခဏာနိ သန္တိ။ (စော+ဘော) အုထကသ္မာ (သောအမ္ဘဋ္ဌော) တေသု ဒွီသု လက္ခဏေသု ကင်္ခီ အဟောသိ ဝိစိကိစ္ဆီ။ (စော)

http://www.dhammadownload.com



.နနု တံ သော ဝတ္ထပဋိစ္ဆန္နတ္တာ အပယာန္တော အန္တောမုခဂတာယံစ ဇိဝှါယ ပဟူတဘာဝံ အသလ္လက္ခေန္တော ပေဟတိ။ (ပရိ+ဘော) (တသ္မာ) တေသု ဠိသုလက္ခဏေသု ကခိအပေဟာသိ ဝိစိကိစ္ဆိ။ (ပရိ)

---

(၄) ဝတ္ထဂုယှံပုဒ်ကို ဝိဂ္ဂဟပြု၍ဝစနာဒိဆက္ကကောက်ပြပါ။

ဖြေ။ ။ဝိဂ္ဂဟ။ ။ဝတ္ထေန ဂုဟိတဗ္ဗန္တိ ဝတ္ထဂုယှံ။

(လဟုကနည်းဝိဂ္ဂဟ)

**ဝစနာဒိဆက္က**။ ။အာဝတ်ဖြစ်၏ ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ် ဖြစ်နှင့် သာဝက သာချအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း၊ ဖုံးလွှမ်းခြင်း ကြိယာသည်ငှင်း **ဝစနဟေတု**၊ အင်္ဂါဇာတ်ဖြစ်သည် **ဝစနီယ**၊ အင်္ဂဇာတ်, ရဟဿင်္ဂ, မေဟနံ, နိမိတ္တံ, ဝရင်္ဂ, ဗီဇံ, ဖလံ, လိင်္ဂ-ဟူသော ပရိယာယ်သဒ္ဒါ သည် **ဝစနီယတ္ထ**။ (ခါန်-၂၇၃-ကြည့်)

**မှတ်ချက်**။ ။"ဂုဟိတဗ္ဗန္တိ ဂုယှံ၊ ဝတ္ထေန ဂုယှံ ဝတ္ထဂုယှံ"ဟု ဂရု ကနည်းဝိဂ္ဂဟပြုလျှင် သမာသ်ဝိဂ္ဂဟဖြစ်၍ သမ္ဗန်ကိုသာ ဝစနဟေတုအရ ကောက်။ ဖုံးလွှမ်းခြင်းကြိယာကိုချန်ထားရမည်။ ဤမျှသာထူး၍ ကြွင်း အတူတူပင်ဟုမှတ်။

† ဝတ္ထေန ဂုဟိတဗ္ဗတ္တာ ဝတ္ထဂုယှံ။

(သီ-ဋီ-သစ်၊၁၊၂၇၆။ခါန်-ဋီ-၂၇၃။)

---

(၅) ဂ-မှတ်ဝါကျပါ ဟိတ်၏သမ္ဗန်ကိုခံပြ၍ ဖြစ်သင့်သမျှ စားစပ်ပြီးလျှင် ဘာဝသမ္ဗန်၏ ယစ္စယတ္ထကိုလည်း ညွှန်ပြပါ။

ဖြေ။ **။ဟိတ်၏သမ္ဗန်**။ ။ဝတ္ထပဋိစ္ဆန္နတ္တာ—ဟူသောဟိတ်၏ သမ္ဗန်ကား တဿ ဝတ္ထဂုယှဿ-တည်း။ (တံကို-သမ္ဗန်ခံ)

**ဖြစ်သင့်သမျှစားစပ်**။ ။တဿ ဝတ္ထဂုယှဿ-ကား ၏ဟု အနက် ပေးသောကြောင့် ဝတ္ထပဋိစ္ဆန္နတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန်၊ တ္တပစ္စည်းကား သမ္ဗန္ဓိတည်း။

**တနည်း**။ ။တဿ ဝတ္ထဂုယှဿကား ကို ဟုအနက် ပေးသော ကြောင့် ဝတ္ထပဋိစ္ဆန္နတ္တာဝယ် ဝတ္ထပဋိစ္ဆန္နဟူသော ဘာဝယောဂပုဒ်၌ ကမ္မ။ ဝတ္ထပဋိစ္ဆန္နဟူသော ဘာဝယောဂပုဒ်ကား ကမ္မိတည်း။ ပစ္စယတ္ထ ကား ကမ္မတ္ထတည်း။ (ပဋိစ္ဆန္န=ပဋိ+ဆဒ+တ။ တပစ္စည်းကံဟောတည်း)

http://www.dhammadownload.com



မှတ်ချက်။ ။ဝတ္ထုပဋိစ္ဆန္နတ္တာ- ဟိတ်၏စပ်ရာ အပယာန္တော ကြိယာ၏ ကတ္တား။ သော-ကို သမ္ဗန်မခံရ၊ ဝတ္ထုပဋိစ္ဆ န္န နှင့် အရတူသော တ်ကို သမ္ဗန်ခံရသည်ကို သတိပြု။ အန္တောမုခဂတာယ-ကို ဇိဝှာယဋ္ဌ ဝိသေသန အဖြစ်ဖြင့်၎င်း, အသလ္လက္ခေန္တော ဌ ဟိတ်အဖြစ်ဖြင့်၎င်း ၂-ချက် စပ်၍ ယောဇနာနိုင်သည်ကို သတိပြုရာ၏။ ဟိတ်ကြံခိုက် ယင်း၏သမ္ဗန် ကား ဇိဝှာယပင်တည်း။ အခြားသမ္ဗန်တခုရှာဘွယ်မလို။ ကတ္တားသမ္ဗန် ၂-ချက်စပ်။ ပစ္စယတ္တလည်း ကတ္တုတ္တ ဖြစ်ကြောင်း ထင်ရှားလှပါ၏။

---

● (၆) က-မှတ်ဝါကျ၌ သံဝဏ္ဏနာ (ဃ)မှတ်ဝါကျ၌ အဌ ကထာဆရာ၏ အာဘော်ကိုဖော်ပြပါ။

ဖြေ။ ။က-မှတ်ဝါကျ၌သံဝဏ္ဏနာ။ (ဝတ္ထုဂုယှဟူသောသံဝဏ္ဏော တဗ္ဗပုဒ်၏ ဝေဝုစ် စကားလှယ်ပရိယာယ်အနက်ကို ဖွင့်ပြသောကြောင့်) အင်္ဂဇာတေ-ဟူသောသံဝဏ္ဏနာကား ပရိယာယ်ပြ အဘိဓေယျတ္ထသံဝဏ္ဏ နာတည်း။

မှတ်ချက်။ ။ယင်းအင်္ဂဇာတေ-ဖြင့် ဝတ္ထုဂုယှသဒ္ဒါကား အင်္ဂါ ဇာတ်၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေသည်ဟု အာဘော် ဖော်။

ဃ-ဝါကျအာဘောဂ။ ။ဤကျမ်းစာ နှာ-၇၀၅ ကြည့်။

---

● (၇) ဝတ္ထုဂုယှံ-၌ ဂုယှပုဒ်၏ရှုပ်ပြီးပုံကို ဓာတုပစ္စယ-စသည် နှင့်တကွ အစုံအလင်ဖော်ပြပါ။

ဖြေ။ ။ဂုယှံပုဒ်ရုပ်ပြီးပုံ။ ။ဂုယှံကား ဂုဟဓာတ်(ရှု-၆၂၀)

တနည်း။ ။ဂုဟုဓာတ်(နီတိဓာတု-၁၉၇)ဏျပစ္စည်း။ဓာတွန်ချေ ဝဒမဒဂမု(လ) ဂါရောဝါသုတ်ဖြင့် ဏျပစ္စည်းကို ဓာတွန်ဟာနှင့်တကွ ယှုပြု နာမ်င့ သိသက် အံပြု၊ချေကပ်၊ဂုယှံဟုပြီး၏။ (ရှု-၅၅၅)

တနည်း။ ။ဂုယှံကား ဂုဟာဓာတ် ယက်ပစ္စည်း၊ ဓာတွန်သရချေ။ ဟယာဝိပလ္လာသော ဖြင့် ဟာနှင့်ယ ရှေ့နောက်ပြန်၊ နာမ်င့ သိသက် အံပြု။ ချေကပ်၍ ဂုယှံပြီး၏။ (မောဂ်၊ ၁၊၅။ မောဂ်၊ ၅-၃၂)

http://www.dhammadownload.com



● (၈) ကင်္ခတိ ဝိစိကိစ္ဆတိ နာဓိမုစ္စတိ-ပါဠိတို့ဖြင့် ပြအပ်သော ကင်္ခါ, ဝိစိကိစ္ဆာ, အနဓိမုစ္စနတာတို့၏ အထူးကို ရေးပြီးလျှင် လူအများအရှက်ကို ပြုအပ်မှု ဝတ္ထုကို အမ္ဗဋ္ဌလုလင်အား မြတ်စွာဘုရားပြုတော်မူရာ၌ အဆုံးအဖြတ်ကို ပြဆိုခဲ့ပါ။

ဖြေ။ ။၃-ပါဒ်အထူး။ ။အားနည်းသော တွေးတောယုံမှားမှုသည် ကင်္ခါ။ အလယ်အလတ်ဖြစ်သော တွေးတောယုံမှားမှုသည် ဝိစိကိစ္ဆာ၊ အားကြီးအားရှိသော တွေးတောယုံမှားမှုသည် အနဓိမုစ္စနတာမည်၏။ (ဋ္ဌ-၂၄၆)

**အင်္ဂါဇာတ်ကိုပြရာတွင်**

အင်္ဂါဇာတ်အစစ်ကို ပြသည်မဟုတ် အင်္ဂါဇာတ်၏ အရိပ်အတု အရောင်ကလေးမျှကိုသာ တန်ခိုးဖြင့် ဖန်ဆင်း၍ ပြခြင်းဖြစ်ပါသည်။

(ဋ္ဌ-၂၄၆)

† ဆာယာရူပကမတ္တံ ဣဒ္ဓိယာ အဘိသင်္ခရိတွာ ဒဿေတီတိ သမ္ဗန္ဓော။ (သီ-ဋီ-သစ်၊ ၁၊ ၂၇၆)

---

● (၉) ဟဒယရုပ်ံ ဒိသွာ ဗုဇ္ဈနကသတ္တာ ဘဝေယျုံ၊ ဟဒယမံသံ နီဟရိတွာ ဒဿေယျ သမ္မာသမ္ဗုဒ္ဓေါ-ဟူသော အဋ္ဌကထာလာ ပါဠိကို အဓိပ္ပါယ်မပျက် စေဘဲ ဝတ္တမျိုးလာ ဂါထာစီ၍ ၎င်းဂါထာကို အမည်မှည့်ခဲ့ပါ၊

ဖြေ။ ။ဒိသွာန ဟဒယရူပံ၊ ဘဝေ ဗုဇ္ဈနပုဂ္ဂလော။
နီဟရိတွာ ဟဒယမံသံ၊ ဒဿေယျာဝ နရုတ္တမော။
ဂါထာအမည်။ ။ဥဘယ သ-ကာရဝိပုလာဂါထာ။

---

● (၁၀) ဘော တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊
ဣမေတ္တမပိ ကေနစိ။

၎င်း ပူဇယတောဝယ် ဓာတ်အရကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ ထုတ်ပြပါ။

ဖြေ။ ။ဤကျမ်းစာ(နှာ-၇၇၆-ကြည့်)

---



F.101 A

http://www.dhammadownload.com



### ၁၃၄၇-ခုနှစ် ဓမ္မာစရိယတန်း
### သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ ဒုတိယမေးခွန်းအဖြေ

(က)- အဂရူတိ အဘာရိကော။

(ခ) ယော ဟိ အမ္ဗဋ္ဌံ ဉာပေတုံ နသက္ကုဏေယျ၊ တဿ ဝစနေ သံဒိဋ္ဌိ ကထာသလ္လာပေါ ဂရု ဘာဝေယျ။

(ဂ) အဂရဝတော ပန တာဒိသာနံ မာဏဝါနံ သတေနာပိ သဟဿေနာပိ ပဉ္စံ ပုဋ္ဌဿ ဝိဿဇ္ဇနေ ဒန္ဓာယိတတ္တံ နတ္ထီတိ မညမာနာ အဂရုခေါ ပနာတိ စိန္တယိံသု။ (ဋ္ဌ-၂၂၄-၅)

(ဃ) ဗြဟ္မမန္တေတိ အာနုဘာဝသမ္ပန္နတာယ သေဋ္ဌမန္တေ။ (ဋ္ဌ-၂၄၇)

● (၁) ဂ-မှတ်ပြပါဠိကိုတာဒိသာနံ ပဉ္စံ-တို့၌ သဒ္ဒတ္ထ, ဝေါဟာရတ္ထ ထင်စေ၍ စိန္တယိံသု၏ ကတ္တားထည့်စွက်ကာ အနက်ယောဇနာပါ။

ဖြေ။ ။ သဒ္ဒတ္ထ-ဝေါဟာရတ္ထ အနက်ယောဇနာ

တာဒိသာနံ၊ ထိုကဲ့သို့ရှုအပ်ကုန်သော။ ဝါ-ထိုကဲ့သို့ထင်ကုန်သော။ (သဒ္ဒတ္ထ၊ ရှု-နှာ-၃၀၀) တနည်း—ထိုသို့သဘောရှိကုန်သော။ (ဝေါဟာရတ္ထ)တောဘိက္ခု၊ထိုရဟန်းတို့သည်။ (ကတ္တားထည့်)စိန္တယိံသု၊ ကြံစည်ကြကုန်ပြီ။ (ပါဠိတော်—ဂ၄)၌ တေသံ ဘိက္ခူနံကို တောဘိက္ခူဟု ပြင်ပါ။

† ယေန တေ ဘိက္ခူ စိန္တယိံသု။ (သီ-ဋီ-သစ်-၂၊ ၂၄၇)

---

● (၂) ဂ- မှတ်ပြပါဠိကို ထပနာချက်မှန်စေ၍ သာဘောဂဒေါသာရောပန စောဒနာတက်ပြကာ နတ္ထိတိ၌ ဣတိ ကိုလည်း သဒ္ဒါနည်း အနံ့သန္ဓေထွက်ပြခဲ့ပါ။

ဖြေ။ ။ သာဘောဂဒေါသာရောပနစောဒနာတက်

ဆရာ၊ ဆရာသည် ရဟန်းတို့သည် အဂရုခေါပန-ဟု ကြံစည်ကုန်သောဟု ဆိုတော်မူ၏။ အမ္ဗဋ္ဌကို သိစေခြင်းငှာ မစွမ်းနိုင်သောသူအား အမ္ဗဋ္ဌနှင့် အတူတကွ စကား ပြောဟောခြင်းသည် ဝန်လေးရာသည် မဟုတ်လော။ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် အဂရုခေါပန-ဟုကြံ

http://www.dhammadownload.com



စည့်ကြကုန်သောဟု ဆိုပါသနည်း။ အကယ်၍မဆိုသင့်ဘဲလျက် ဆိုချေသော် ဆရာ့အား သဒ္ဒ,အတ္ထဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာ၏— ဟု သူစောဒနာဘွယ်ရှိ၍ ဂ-ဝါကျကိုမိန့်။ (အဓိပ္ပါယ်ပြန်လိုလျှင် စတုက္ကထုတ်ပုံကိုရှု၍ပြန်လေ)

ဤသို့မည္မာနာ-ဟူသောပါဌ်ဖြင့် နိဒဿနဝတ္ထုကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ နိဒဿနကို ဒိုရကား ဣတိ-မိန့်။

---

**(၃)** ဂ-မှတ်ပြဝါကျပါ အရှစျတ္ထ ပန-သဒ္ဒါကိုရှု၍ ရထိုက်သော စောဒကာဘောခဂါဒိစတုက္ကထုတ်ပြပြီး အရှစျတ္ထ ပန-သဒ္ဒါ ထားရခြင်းအကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ။**စောဒကာဘောဂါဒိစတုက္က**

နနု ယော အမ္ဘင္ဃိ "လ" ဂရု ဘဝေယျ။ (စော+ဘော)

အထ ကသ္မာ အဂရုခေါပနာတိ စိန္တယိံသု။ (စော)

နနု ဘဂဝတော တာဒိသာနံ မာဏဝါနံ "လ" မည္မာနာ ဟောန္တိ။ (ပရိ+ဘော)

(တသ္မာ) အဂရုခေါပနာတိ စိန္တယိံသု။ (ပရိ)

**ပန-သဒ္ဒါထားရခြင်းအကြောင်း**

အဂရုခေါပန-စသောသဒ္ဒါကို မနှစ်သက်သောကြောင့် ပန-သဒ္ဒါ ထားရပါသည်။

---

**(၄)** ဗြဟ္မမန္တေကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်း၌ ဝစနာဒိဆက္ကထုတ်ပြပါ။

ဖြေ။ ။**အစိတ်ဝစနတ္ထ**။ ။မုနန္တိ သုယျန္တိစ ဝေဒေဟီတိ မန္တာ။ (သီ-ဋီ-သစ်၊ ၂၊၂၂၁)

**အပေါင်းဝစနတ္ထ**။ ။ဗြဟ္မဘူတာ မန္တာ ဗြဟ္မမန္တာ။

(ဗြဟ္မဘူတာ၊ မြတ်သည်ဖြစ်၍ဖြစ်ကုန်သော။မန္တာ၊ဗေဒင်တို့တည်း။)ဗြဟ္မ အရ သေဋ္ဌဘောဂုဏ်နှင့်ဗေဒင်တို့ ဂုဏ်,ဂုဏေးအဖြစ်ဖြင့်စပ်ခြင်းသမ္မန်သည် **ဝစနဗောတ္ထ**။ မြတ်ကုန်သောဝေဒမန္တန်တို့ဖြစ်သည် **ဝစနီယ**။ ဗြဟ္မဝေဒေ,ဗြဟ္မသုတိ, သေဋ္ဌမန္တေ, သေဋ္ဌဝေဒေ, သေဋ္ဌသုတိ စသော ပရိယာယ် သဒ္ဒါသည် **ဝစနီယတ္ထ**။

† ဝေဒေါ မန္တော သုတိတ္ထိယံ။ (ဓာန်–၁၀၈)

---

http://www.dhammadownload.com



● (၅) အာနုဘာဝသမ္ဗန္ဓတာယဒ္ဒ ဖြစ်သင့်သော ဟေတုသမ္ဗန်, ဘာဝသမ္ဗန်ပုဒ်တို့ကိုထုတ်ပြ၍ ဟေတုသမ္ဗန်ကိုလည်း ဖြစ်သင့်ရာ အနက်အားလျော်စွာ စာစပ်ပြပါ။

အဖြေ။　။ဟေတုသမ္ဗန်　မန္တာဒိနံတည်း။
ဘာဝသမ္ဗန်　အာနုဘာဝသမ္ဗန္ဓာနံတည်း။
အတ္ထာနုရူပစာစပ်။　။အာနုဘာဝသမ္ဗန္ဓဟူသော ဘာဝယောဂ၌ ကတ္တား။ တာပစ္စည်း၌ သမ္ဗန် ၂-ချက်စပ်နှင့်။

● (၆) က-ဃ-မှတ်ပြသံဝဏ္ဏနာတို့၌ ဖြစ်ထိုက်သော ဗျတိရေက, အန္ဝယ အဌကထာ ဘောဂနှင့် သံဝဏ္ဏနာများကိုလည်း ဖော်ပြပါ။

ဖြေ။　။အဘာဝရိကောဖြင့် အဂရု၌ ဂရုသဒ္ဒါ မဟန္တ, ဒုဇ္ဇရ အနက်တို့ကိုမဟော (ဗျ)။ အလဟုကအနက်ကိုဟောသတည်း (န္ဝ) ဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

† . ဂရု တီသု မဟန္တေစ၊ ဒုဇ္ဇရေ လဟုကေသုစ။ (ခန်-၈၄၁)

ဃ-ဝါကျ၌ သေဋ္ဌမန္တေဖြင့် ဗြဟ္မမန္တေ၌ဗြဟ္မသဒ္ဒါသည် ပိတာမဟစသောအနက်ကိုမဟော (ဗျ)။ သေဋ္ဌအနက်ကိုဟောသတည်း (န္ဝ)ဟုသိစေသည်။ (နာမလိင်္ဂတ္ထ)

ဃ-ဝါကျ၌ အာနုဘာဝသမ္ဗန္ဓတာယဖြင့် ဗေဒင်ကျမ်းဟူသော ဝေဒမန္တတို့ သေဋ္ဌ (မြတ်ခြင်း)ကား မြတ်နိုးပူဇော် အပ်သောကြောင့် ဖြစ်သည်မဟုတ်(ဗျ)။အစွမ်းအာနုဘော်နှင့်ပြည့်စုံသောကြောင့် သေဋ္ဌဖြစ်သတည်း (န္ဝ) ဟုသိစေသည်။ (ဘာဝတ္ထ)

● (၇) က-ပဋ္ဌ။ ခ+ဓနေအဂမနိယံ ဝိဇ္ဇံ အဒါသိ၌ အမ္ဗဋ္ဌပုဒ်တို့၏ ပုဒ်ပြီးပုံနှင့် နိရုတ္တိနည်းကိုလည်း ဖော်ပြပါ။

ဖြေ။　။ပဋ္ဌသဒ္ဒါပုဒ်ပြီးပုံနှင့် နိရုတ္တိနည်း။　။ပုစ္ဆဓာတ်+အ ပစ္စည်း။ စ္ဆ၌စကို ဥ ၊ဆကိုဟ၊ပုဌ်၌ဥ-ကိုအပြု။ဝဏ္ဏဝိကာရနိရုတ္တိနည်းတည်း။

† ပုစ္ဆ ပုစ္ဆနေဝါ၊ စဿ ပဋ္ဌမော(ငါးခုံမြောက်ဥ -ပြု)ဆဿ ဟော။ ဥဿ အ။ (သူစိ)

အမ္ဗဋ္ဌပုဒ်ပြီးပုံနှင့် နိရုတ္တိနည်း။　။ဤကျမ်းစာ (နှာ-၆၉၅-၆-ကြည့်)၊

http://www.dhammadownload.com



● (၈) ဝိဇ္ဇာစရဏသမ္ပဒါယ စက္ကာရိအပါယမုခါနိ ဘာဝန္တိ-ဌ္ဌ အပါယမုခလေးပါးကိုသိသာရုံမျှထုတ်ပြ၍ တသာ ရာဇာ ပသေနဒိ ကောသလော သမ္ဗုဒ္ဓိဘာဝမ္ပိ နဒဒါတိ·အရ ပေါက္ခရသာတိပုဏ္ဏား အား ပသေနဒိကောသလမင်း၏ မျက်မှောက်တွေ့ခွင့်မပေးခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

ဖြေ။ ။အခါယမုခလေးပါး။ ။ပဝတ္တဖလဘောဇန ရသေ့အဖြစ်, ကန္ဒမူလဖလဘောဇနရသေ့အဖြစ်, အဂျာဂါရိက ရသေ့အဖြစ်, အာဂါရိကရသေ့အဖြစ်။ (ပါဠိတော်၊ စာပိုဒ်-၂၈၀-ကြည့်)

† ပဝတ္တဖလဘောဇနိကာ ကန္ဒမူလဖလဘောဇနိကာ အဂျာဂါရိကာ အာဂါရိကာစေတိ စတူဟိဝေ တာပသပဗ္ဗဇ္ဇာဟိ။ (သီ-ဋ္ဌ-သစ်၊ ၂၊၂၇၀)

တွေ့ခွင့်မပေးခြင်းအကြောင်း။ ။အကြောင်း နှစ်မျိုး ကြောင့်တွေ့ခွင့် မပေးခြင်း ဖြစ်သည်။ (၁) ပေါက္ခရသာတိ ပုဏ္ဏားသည် သမ္ဗုဒ္ဓါဝဋ္ဋနိမာယာ အတတ်ကို တတ်၏၊ ယင်းအတတ်ဖြင့် အလိုရှိသောပစ္စည်းကို ပိုင်ရှင်ထံမှတောင်းယူတတ်သောကြောင့်ရင်း၊ (၂) မင်းကြီးနှင့် ပေါက္ခရသာတိပုဏ္ဏား ရင်·နှီးသည်ကို မနာလိုသူများက ပုဏ္ဏားမှာ ခရုသင်းဖြူနူနာရှိသည်,ကိုယ်လက်တွေ့ထိနှီးနှောခြင်းဖြင့် ရောဂါကူးစက်တတ်သည်ဟု ကုန်းတိုက်ထားသော ကြောင့်ရင်း တွေ့ခွင့်မပေးခြင်း ဖြစ်ပါသည်။ (ဋ္ဌ-၂၆၃)

---

● (၉) ဂ-မှတ်ပြဝါကျပါ ဂွတိ၏ နီဒဿေတဗ္ဗစကားကို ပဿျာဝတ္တသီကုံးခဲ့ပါ။

ဖြေ။ ။ပဥ္စ ပုဋ္ဌသာ ဏာဒီနံ၊ မာဏာဝါနံ သတေနပိ။
သဟာဿေနာပိ ဗုဒ္ဓဿ၊ နတ္ထိ ဒန္တော ဝိသဇ္ဇနေ။ ၈

မှတ်ချက်။ ။ဂါထာစီရမည့် ပါဠိစာလုံးကို ရေတွက်ကြည့်ပါ။ ၃၉-လုံးရှိသည်။ ၃၂-လုံးရှိဂါထာဖြစ်ရန် ၇-လုံးကို အဓိပ္ပါယ်မပျက်အောင် ပယ်ဖြုတ်လိုက်၍ အချိန်မှီဂါထာစီပါလေ။

---

http://www.dhammadownload.com



● (၁၀) အထခေါ်အမ္ဗဋ္ဌော မဒကာဝေါ ဘဂဝတာ အဝုသ် တဝါဒေန ဝုတ္တမာနော ကုပိတော"လ"ဘဂဝန္တံယေဝ ဥပဝဒမာနော တော်(စဏ္ဍာ ဘောဂေ ါတမ သကျဇာတိတိ အာဒိဝစနံ)အ ဝေါစ-၌ အန္တတ္ထတရားကို ကိုယ်ပြု၍ ၌ာယီဘာဝစသော အလင်္ကာနည်းထုတ်ပြပါ။

ဖြေ။ ။စဏ္ဍာဘောဂေါတမ စသည့် စွပ်စွဲဆဲရေးသော အမ္ဗဋ္ဌလုင်၏ ဒေါသပြခန်းသောစိတ္တုပ္ပါဒ်သည် ကောဝဠ္ဌာယီဘာဝ, ရုဒ္ဒရသ။ မြတ်စွာဘုရားဒြဗ်သည့် အာရမ္မဏဝိဘာဝ။မြတ်စွာဘုရား၏ အဝုသိတဝါဒဖြင့် ပြောဆိုတော်မူခြင်းသည် ဥဒ္ဒီပနဝိဘာဝ။ စဏ္ဍာဘောဂေါတမစသည် အမ္ဗဋ္ဌ၏ စွပ်စွဲဆဲရေးသောစကားသည် အနုဘာဝ။

---

### ၁၃၃၉-ခုနှစ် မမ္မာရိယထန်း
### သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ မေးခွန်းအဖြေ

(က) ဇဝံ ဒေသနံ ထောမေတ္ဝာ ဣမာယ ဒေသနာယ ရတနတ္တယေ ပသန္နစိတ္တော ပသန္နာကာရံ ကရောန္တော သောဟန္တိ အာဒိ မာဟ။
( ခ ) ဘဂဝန္တံ သရဏံ ဂစ္ဆာမီတိ "လ" ပယိရုပါသာမိ။
( ဂ ) ဇဝံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ။
(ဃ) ယေသည္ဟိ ခါတူနံ ဂတိအတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော။
( င ) တသ္မာ ဂစ္ဆာမီတိ ဣမဿ ဇာနာမိ ဗုဇ္ဈာမီတိ အယမ္ပိ အတ္ထော ဝုတ္တော။ (၄-၂၀၄)

● (၁) ခ-မှတ်ဝါကျကို အနက်ပေးပါ။

ဖြေ။ ။သျှ-အတိုင်းမှတ်။

---

● (၂) င-မှတ်ဝါကျကို ထပနာပုစ္ဆာ အာဘော်တို့ဖြင့် တက်ပြပါ။

ဖြေ။ ။ င-မှတ်ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် လားခြင်း(ဂတိ)အနက်ရှိသော ဓာတ်တို့အား သိခြင်း(ဗုဒ္ဓိ)အနက်ရှိ၏(ရနိုင်၏)ဟု ဆိုတော်မူ၏(ထပနာ)

http://www.dhammadownload.com



လားခြင်း(ဂတိ)အနက်ရှိသော ဓာတ်တို့အား သိခြင်း (ဗုဒ္ဓိ) အနက်ရှိ၏ (ရနိုင်၏)ဟု ဆိုသဖြင့် အဘယ်ဂုဏ်ရှိပါသနည်း၊ ဝါ-အဘယ်အကျိုးရှိပါသနည်း။ (ပုစ္ဆာ) ရအပ်သော အကျိုးကို မပြပြီလော-ကြောင့်.... ၔ-ဝါကျမိန့်။

မှတ်ချက်။ ။ ပါရာဇိကဏ်အဖြေ။ (၂၀-၂၁-ကြည့်)

---

(၃) ဂ-ဿ-ဝါကျတို့၌ စောဒကာဘော၈ါဒိ စတုက္ကထုတ်ပြပါ။

ဖြေ။ ။ **စောဒကာဘောဂါဒိ စတုက္က**

နနု **ဂစ္ဆာမီတိပဒံ ဂတိအတ္ထံ ဟောတိ**။

(ဂစ္ဆာမိဟူသောပုဒ်သည် ဂတိအနက် ရှိသည် မဟုတ်လော)

(စော+ဘော)

အထ ကသ္မာ ဇဝံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ ဝုတ္တံ။

(ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် ဇဝံ ဇာနာမိ ဗုဇ္ဈာမိဟူ၍ ဆိုအပ်ပါသနည်း။) (စော)

နနု ယေသံ ဓာတူနံ ဂတိအတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော။

(ဂတိအနက်ရှိသောဓာတ်တို့အား သိခြင်းဗုဒ္ဓိအနက်ရှိသည်မဟုတ်လော) (ပရိ+ဘော)

(တသ္မာ)ဇဝံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ ဝုတ္တံ။

(ထို့ကြောင့် ဇဝံ ဝါ ဇာနာမိ ဗုဇ္ဈာမိ ဟုဆိုအပ်၏ (ပရိ)

**မှတ်ချက်**။ ။သီ-ဋီ-သစ်၊ ၂၊ ၁၇၁-၌ ဇဝံ ဂစ္ဆာမီတိပဒဿ ဂတိအတ္ထံ ဒဿေတွာ ဗုဒ္ဓိအတ္ထမ္ပိ ဒဿေတုံ- ဟူသောကျမ်းတက်ရှု၍ စတုက္ကထုတ်သည်။

---

(၄) တာတာကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

ဖြေ။ ။**ဝိဂ္ဂဟ**။ ။**တာယတိ အဝဿယံ ကရောတီတိ တာတာ**။

(သီ-ဋီ၊သစ်-၂၊၁၇၀)

**ဝစနာဒိဆက္က**။ ။(မကောင်းမှုမှ) စောင့်ရှောက်ခြင်း၊ ဝါ-မှီရာတိုပြုခြင်း ကြိယာသည် **ဝစနဟေတု**။ မြတ်စွာဘုရားဖြစ်သည် **ဝစနီယ**။ ရက္ခိတ,ဂေါပိတ, ဂုတ္တ-စသော ပရိယာယ်သဒ္ဒါသည် **ဝစနီယတ္ထ**။

http://www.dhammadownload.com



မှတ်ချက်။ ။တာ ပါလနေ-ဟူသော ဓာတ်ကျမ်း အရ တာယ တိကို ရက္ခတိ-စောင့်ရှောက်တတ်၏ ဟုသဒ္ဒတ္ထအနက်ပေးရမည်။ အ၀ သာ ယံ၊ မှီရာကို။ ကရောတိ၊ ပြုတတ်၏-ဟူရှိကာဖွင့်သည်ကား အဓိပ္ပါယတ္ထ။ (ဓာန်-၇၅၄) ၌ ရက္ခိတံ-စသည်တွင် တပစ္စည်းလာမှုရှိ၏။ ဤ၌ တပစ္စည်း ကို ကတ္တုရုပ်ကြံ၍ ပရိယာယ်ထုတ်သည်။

---

● (၅) က-ဝါကျ ပသန္နစိတ္တောကို ဖော်ပြပြီးကာ ယင်း၏ ဘာဝသမ္ဗန်, တ္တသမ္ဗန်ထုတ်လျက် စာစပ်ပြီး လျှင် ဘာဝယောဂ၏ ဝါစ္စတ္ထကိုလည်း ဖော်ပြပါ။

| | | |
|---|---|---|
| ဖြေ။ | ။ဟိတ်ပြင်ပုံ | ပသန္နစိတ္တတ္တာ။ |
| | ဘာဝသမ္ဗန် | ပသန္နစိတ္တဿ။ |
| | တ္တသမ္ဗန် | အဇာတသတ္တုနော ရညော။ |
| | စာစပ် | ကတ္တား၊ သမ္ဗန် ၂-ချက်စပ်။ |
| | ဝါစ္စတ္ထ | ကတ္တုတ္ထ။ |

---

● (၆) ဓမ္မစက္ခုန္တိ ဓမ္မေသုဝါ စက္ခုံ၊ ဓမ္မမယံဝါ စက္ခုံ-၌ အဋ္ဌကထာ ဘောဂနှင့် သံဝဏ္ဏနာအမည် များကို ဖော်ပြပါ။

ဖြေ။ ။ဤကျမ်းစာ (နှာ-၆၄၀-ကြည့်)

---

● (၇) ပယိရုပါသာသိကို ဆန္ဒိရုပ်စီရင်၍ ပါဝင်သော နိရုတ္တိ နည်းအမည်ကိုလည်း ပြပါ။

ဖြေ။ ။ပယိရုပါသာမိကို ပရိ+ဥပါသာမိဟု ပုဒ်ဖြတ်။ ယဝမ ဒနသုတ်ဖြင့် ယ-လာ ဥသို့ကပ် ပရိယုပါသာမိဖြစ်၏။ ရနှင့်ယရှေ့နောက် ပြန်၍ ပယိရုပါသာမိဟုပြီးသည်။

ယလာခြင်းဝဏ္ဏာဂမ၊ ရနှင့်ယ ရှေ့နောက်ပြန်ခြင်း ဝဏ္ဏဝိပရိယာယ နိရုတ္တိနည်းဖြင့် ပြီးသည်။ (ရှု-၅၉-ကြည့်)

---

● (၈) ၆-နိပါတ် အဋ္ဌကထာ၌ ဓမ္မ အရ, စက္ခုအရတို့ကို အသီးသီးကောက်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ဓမ္မသု စက္ခုံ-၌ ဓမ္မအရကား သစ္စာလေးပါး။ စက္ခု အရကား သောတာပတ္တိမဂ်။

တနည်း။ ။ဓမ္မအရကား သောတာပတ္တိမဂ်, သကဒါဂါမိမဂ် အနာဂါမိမဂ်ဟူသောမဂ်သုံးပါး။

စက္ခုအရကား-သောတာပတ္တိမဂ်။
ဓမ္မမယံဝါစက္ခုံ-၌ ဓမ္မအရကား သမထဝိပဿနာတရား။
စက္ခုအရ-သောတာပတ္တိမဂ်။

မှတ်ချက်။ ။သီ-ဋီ-သစ်၊ ၂-၁၉၅-ကြည့်၊ယင်း၌ အပိစ ဓမ္မမယ န္တိ—စသည်ဖြင့် အဋ္ဌကထာနည်းမှတပါး မိမိဓါဝါဒ်ကိုပြသည်။

---

● (၉) ရာဂဝိရာဂမနေဇမသောကံ "လ" သရဏတ္ထမုပေဟိ-ဟူသော ဂါထာကို အနက်ယောဇနာ၍ ဆန်းစစ်ပြီးလျှင် ဆန်းအမည်,ဂါထာအမည်ကိုလည်း ဖော်ပြပါ။

ဖြေ။ ။ဤကျမ်းစာ(နှာ-၇၇၁)

---

● (၁၀) ပသန္နစိတ္တော-၌ သမာသတ္ထကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ,အနုဘာဝတို့ကို ထုတ်ပြပါ။

ဖြေ။ ။အဇာတသတ်မင်း၏ကြည်ညိုသောစိတ်သည် ဓမ္မရတိဋ္ဌာယိဘာဝ,ဓမ္မသိဂ်ါရ ရသ။ သာမညဖလသုတ်ဒေသနာတော်သည် အာရမ္မဏ ဝိဘာဝ။ ယင်းသုတ်ဒေသနာတော်၏ အာဒိကလျာဏ စသောဂုဏ်သည် ဥဒ္ဒီပန ဝိဘာဝ။ သရဏဂုံတည်ခြင်း, ချမ်းသာစွာအိပ်ရခြင်း, နောင်အခါ ဝိဇိတာဝီအမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်ရခြင်းအကျိုးသည် အနုဘာဝ။

(ပါဠိ-ဂ၀နှင့် ဌ-၂၁၂-ကြည့်)

http://www.dhammadownload.com

# ဦးကောဝိဒါဘိဝံသ

၏

- ★ မစိုးရိမ်သီလက္ခန်အဖြေ
- ★ မစိုးရိမ်ပါရာဇိကဏ်အဖြေ (ပဌမ၊ရိုက်ပြီး)
- ★ မစိုးရိမ်ပါရာဇိကဏ်အဖြေ (ဒုတိယ၊ စိစဉ်ပြီး)
- ★ မစိုးရိမ်အင္ဂုသာလိနီအဖြေ (စိစဉ်ပြီး)
- ★ မစိုးရိမ်သင်္ဂဟနည်းညွှန်
- ★ မစိုးရိမ်ကစ္စာယနနည်းညွှန်
- ★ မစိုးရိမ်ဓမ္မပဒေသာ
- ★ ကိလေသာနှင့်ပယ်သတ်နည်းများ

ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ပေါပေါလွှင်လွှင်
ရေးသားထားသော
ပိဋကနည်းညွှန်(ပိဋကနယူပဒေသ)ကျမ်းစာများ
ဆက်တိုက်ထွက်ပေါ်လာမည်။

● မြွေ၃် ●

http://www.dhammadownload.com

http://www.dhammadownload.com